www.burmeseclassic.com

# ကိုယ်ရံတော်

ရွှေဥဒေါင်း



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာကျော် "ရတနာသိုက်"နှင့် "သူရဲကောင်းသုံးယောက်" ဝတ္ထုရှည်ကြီးများကို ရေးသားခဲ့သည့် ပြင်သစ်စာရေးဆရာကြီး အလက်ဇန်းဒါး ဒူးမား(၁၈၀၂–၁၈၇၀)၏ ယောကျ်ားပီသစွာ စွန့်စားခြင်းနှင့် ပတ်သက်၍ အသည်းနှလုံး တုန်လှုပ်လန့်ထိတ်ဖွယ်ရာမှုမက၊ သမီးရည်းစားချစ်ခြင်းထက် သူငယ်ချင်းတို့၏ သစ္စာရှိခြင်းကို အမွန်အမြတ်ထား၍ အသားပေး ရေးဖွဲ့ထားသည် ဖြစ်ပေရာ စာဖတ်သူတို့ အဖို့မှာ အံ့သြသင့်၍ နှက်လုံးပြူးသွားရမတတ် ဖြစ်ကြမီပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

# ရွှေဥဒေါင်း(၁၈၈၉–၁၉၇၃)

မန္တလေးမြို့ ဝါးတန်းရပ်ကွက်တွင် အဖ ဦးရော၊ အမိ ဒေါ်ရွှေတို့မှ ၁၈၈၉ ခုနှစ် အောက်တိုဘာလ ၂၄ ရက် ကြာသပတေးနေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးထယ်သိန်း ဖြစ်သည်။

လေးနှစ်သားအရွယ်တွင် မန္တလေးမြို့ ဗုဒ္ဓဘာသာ သီလရှင်ကျောင်း၌ ပညာသင်ကြားသည်။ ထို့နောက် လူကျောင်း၊ ဘုန်းကြီးကျောင်း၊ အေဘီအမ်ကျောင်းတို့သို့ အဆင့်ဆင့် ပြောင်းရွှေ့ ပညာသင်သည်။ ၁၉၀၈ ခုနှစ်တွင် ကာလကတ္တားတက္ကသိုလ် အသိအမှတ်ပြု အင်းထရင့်စာမေးပွဲကို အောင်မြင်သည်။

မန္တလေး ဗုဒ္ဓဘာသာကျောင်း၊ အေဘီအမ်ကျောင်းနှင့် ကန္နီရွာ အင်္ဂလိပ်ကျောင်းတို့တွင် ကျောင်းဆရာ၊ ရွှေဘိုအရေးပိုင်ရုံး သစ်တောစာရေး၊ မန္တလေး လယ်ယာစိုက်ပျိုးခြင်းနှင့် သမဝါယမ မင်းကြီးရုံး၌ တောလိုက်စာရေး၊ 'သူရိယမဂ္ဂဇင်း' အယ်ဒီတာ၊ 'မြန်မာ့ဗျူဟာ ဂျာနယ်' တွဲဖက် ထုတ်ဝေသူ၊ 'နယူးဘားမား သတင်းစာ' တိုက် စက္ကရီတေရီ (၁၉၂၆)၊ ပဲခူးမြို့ ခရစ်ယာန်စာပေအသင်း ဘာသာပြန်ဆရာ(၁၉၃၀)၊ 'သူရိယ သတင်းစာ' အယ်ဒီတာ(၁၉၃၆)၊ 'လူထု သတင်းစာ' အယ်ဒီတာချုပ်၊ 'လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ' အယ်ဒီတာချုပ် (၁၉၆၄–၆၈) စသည်ဖြင့် ဆောင်ရွက်ခဲ့သည်။ ကမ္ဘာ့ ငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ) ကိုယ်စားလှယ်အဖြစ် တရုတ်နိုင်ငံ၊ ဆိုဗီယက်နိုင်ငံများသို့ ရောက်ရှိခဲ့သည်။

၁၉၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်နေ့ညတွင် ရန်ကြီးအောင် ဝတ္ထုကို ပထမဆုံး ရေးသည်။ ဝတ္ထုရှည် (၅၀)ကျော်၊ ဝတ္ထုတို(၃၀၀)ကျော်ကို ဆီလျော်အောင် မှီငြမ်းပြု၍ လည်းကောင်း၊ တိုက်ရိုက်မြန်မာပြန်၍ လည်းကောင်း ရေးသားခဲ့သည်။ စုံထောက်မောင်စံရှား၊ ဂျူမဒါ ကိုကိုကြီး၊ ရှုပ်နန္ဒီ၊ ရှုကလျှာထီး၊ ပထမ ဆရာသိန်း၊ ဇော်ဟိတ်၊ သူတော်စိန် စသည်တို့မှာ ထင်ရှားသော အမှီးဝတ္ထုများ ဖြစ်သည်။ ရတနာသိုက်၊ မျှော်တလင့်လင့်၊ သူ့ရဲကောင်း သုံးယောက်၊ သွေးစုပ်မြေ စသည်တို့မှာ တိုက်ရိုက် ဘာသာပြန်ဝတ္ထုများ ဖြစ်သည်။ ခင်ကိုရေး ဝတ္ထုရှည်များတွင် ရန်ကြီးအောင်မှာ ထင်ရှား၏။ ဘာသာရေး၊ အထွေထွေ ဗဟုသုတ၊ ခရီးသွားမှတ်တမ်း၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ၊ ကျန်းမာရေးနှင့် ကြီးပွားရေး စာအုပ်များကိုလည်း ပြုစုခဲ့သည်။ မျှော်တလင့်လင့် ဖြင့် ၁၉၅၂ ခု စာပေဗိမာန် ဘာသာပြန်ဆု၊ သွေးစုပ်မြေဖြင့် ၁၉၅၅ ခု စာပေဗိမာန် ဘာသာပြန်ဆု၊ တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များဖြင့် ၁၉၆၁ ခုနှစ် စာပေဗိမာန် သုတပဒေသာဆု ရရှိခဲ့သည်။

၁၀ ဩဂုတ် ၁၉၇၃ တွင် မန္တလေးမြို့၌ ကွယ်လွန်သည်။

www.burmeseclassic.com

www.burmeseclassic.com

**၂၀၀၁ ထုတ်**
**ရာပြည့်စာအုပ်များ**

၁၃၄။ ရွှေဥဒေါင်း၏ သူရဲကောင်းသုံးယောက်
၁၃၅။ စာရေးဆရာများ၏ စိတ်နယ်လွန်ပညာနှင့် စိတ်ပညာပဒေသာ
၁၃၆။ ဦးရွှေအောင်၏ ကုသိုလ်နှင့် အကုသိုလ်
၁၃၇။ ဇော်ဂျီ၏ မဟာဆန်ချင်သူ
၁၃၈။ ဗိုလ်အေးမောင်၏ လူလော နာနာဘာဝလော (Invisible Man by H.G. Wells)
၁၃၉။ တင်မောင်မြင့်၏ မဒမ်ကျူရီ (Madame Curie by Eve Curie)
၁၄၀။ ဒေါက်တာခင်လေးမြင့်၏ မင်းသားလေး
၁၄၁။ ရွှေဥဒေါင်း၏ ဝသုံးလုံး
၁၄၂။ မြတ်ငြိမ်း၏ တီထွင်တွေး (Creative Thinking by Michael Le Boeuf)
၁၄၃။ မောင်ပေါ်ထွန်း၏ ယက်ဗိတ္တရှင်ကို [ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ]
၁၄၄။ ရွှေဥဒေါင်း၏ ရုပ်ခွဲနာမ်ခွဲ နှင့် အခြားဝတ္ထုတိုများ
၁၄၅။ ခင်မျိုးချစ်၏ မိုင်ကယ်အိန်ဂျယ်လို
၁၄၆။ ကျော်အောင်၏ ဆမ်းမားဆက်မွမ်၏ ဝတ္ထုတိုများ
၁၄၇။ တင်မောင်မြင့်၏ လက်ထပ်ထိမ်းမြားခြင်း အနုပညာ
၁၄၈။ ဦးရွှေအောင်၏ ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း
၁၄၉။ မြင့်သန်း၏ ဖရန့်(ဇ) ကာ(ဖ)ကာ၏ စာ [ ဘဝ၊ ဝတ္ထုတိုနှင့် အပိုင်းအစများ ]
၁၅၀။ ကြယ်နီ၏ ဝတ္ထုတိုပေါင်းချုပ်
၁၅၁။ မြသန်းတင့်၏ လွမ်းမောဖွယ် ကမ္ဘာ
၁၅၂။ မောင်သိန်းအောင်(နိုင်ငံခြားရေး)၏ ဟာစ်တလာ၏ အမာခံလက်ရုံး
ဒေါက်တာ ဂိုးဘဲလ်
၁၅၃။ မောင်ရဲခိုင်၏ ဆည်းဆာ (The Age of Discretion by Simone de Beauvoir)
၁၅၄။ ဂျာနယ်ကျော်မမလေး၏ ရင်နှင့်အောင်မွေး
၁၅၅။ မောင်သန်းဆွေ(ထားဝယ်)၏ ကုန်းဘောင်ရှင်းတမ်း
၁၅၆။ မောင်ထင်၏ ဂါလီဗာ၏ ခရီးစဉ်

**၂၀၀၂ ခုနှစ် ဇန်နဝါရီတွင် ထုတ်ဝေမည့် စာအုပ်များ**

၁၅၉။ စာရေးဆရာများ၏ ဂေဘရီယယ် ဂါစီယာ မားကွက်စ်၏ လက်ရွေးစင် ဝတ္ထုတိုများ
၁၆၀။ သခင်ဘသောင်း၏ တစ်ထောင့်တစ်ည ပုံပြင်များ
၁၆၁။ မောင်သုတ၏ စာဆိုတော်များ အတ္ထုပ္ပတ္တိ (မောင်ခင်မင်-တည်းဖြတ်)
၁၆၂။ ရဲမြလွင်၏ ကြိုးကြာတစ်ထောင်
၁၆၃။ ကမ္ဘာ့အကြီးကျယ်ဆုံး သိပ္ပံပညာရှင်များနှင့် တီထွင်သူများ
၁၆၄။ လင်းယုန်မောင်မောင်၏ ထောင်ပြေးစပိုင်

ရာပြည့်စာအုပ် ၁၅၇

ရွှေဥဒေါင်း (မြန်မာပြန်)

# ကိုယ်ရံတော်

**COMPANIONS OF JEHU**
by Alexandre Dumas

**ရာပြည့်စာအုပ်တိုက်**
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၂၉၆၆၇၁(အိမ်)၊ ၂၅၂၇၉၈(ဆိုင်)

[ ၁၊ ဒီဇင်ဘာ၊ ၂၀၀၁ ]

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၃၅၁/၂၀၀၁ (၄) ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၇၉၂/၂၀၀၁ (၁၀) ]

❑

ပုံနှိပ်ခြင်း

ပထမအကြိမ် -(၁၉၅၀) ပြည်သူ့အလင်းစာပေ
ဒုတိယအကြိမ် -(၁၉၆၉) နီဒါန်းစာပေ
တတိယအကြိမ် -(၂၀၀၁) ရာပြည့်စာအုပ်တိုက်

အုပ်ရေ [၁၀၀၀]

❑

မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ

ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊ ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

ထုတ်ဝေသူ

ဦးလှကြိုင် [၀၂၃၃]၊ လောကစာပေ
အမှတ် ၃၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

❑

စာအုပ်ချုပ်

ကိုမြင့်နှင့် ညီဝင်းမြင့်

❑

မျက်နှာဖုံး ပန်းချီ

The Battle of Waterloo (June 18, 1815) ပန်းချီကားကို ဒီဇိုင်းဖွဲ့စည်းသည်။

❑

အတွင်းပလင်

အောင်

❑

တန်ဖိုး

# နိဒါန်း

ဘာသာပြန်ဝတ္ထုများ ခေတ်စားသည်မှ စ၍ အနောက်တိုင်းမှ ဝတ္ထုများကို မြန်မာလို ပြန်ဆိုကြသည့် အနက်တွင် "အလက်ဇန္ဒားဒူးမား"နှင့် "ဆာ ရိုက်ဒါ ဟက်ဂတ်" တို့၏ ဝတ္ထုများမှာ အများဆုံး ဖြစ်သည်ဟု ဆိုရပေမည်။ ဤသို့ ဖြစ်ရခြင်းမှာ ၎င်း စာရေးဆရာကြီး နှစ်ဦးသည် စွန့်စားခြင်းနှင့် ဖတ်သက်၍ အသည်းနှလုံး တုန်လှုပ်ဖွယ်ဖြစ်အောင် ရေးတတ်သူများ ဖြစ်၍၊ မြန်မာစာဖတ် ပရိသတ်ကလည်း ချစ်ခန်း ကြိုက်ခန်းမျှလောက်ကိုသာ အရသာ ခံ၍ ဖတ်ရှုတတ်သော အဆင့်အတန်းမှ တစ်ထစ် မြင့်တက်လာ၍၊ ယောကျ်ား ပီသစွာ စွန့်စားသော အကြောင်းအရာများကို စိတ်ဝင်စားတတ်သော အဆင့်သို့ ရောက်လာခိုက်နှင့် ကြုံကြိုက်လျက် ရှိသောကြောင့်ဟု၍ ထင်မြင်မိပေသည်။

စာဖတ်ဝါနသော ပရိသတ်သည် ဝတ္ထုအဆုံးတွင် ဇာတ်လိုက် (ဟီးရိုး) နှင့် ဇာတ်လိုက်မ (ဟီးရိုးဝင်း) တို့ အကြောင်းဆက်၍ ပေါင်းဖက်ဘက်ထပ်သည် ဆိုမှ သာလျှင် ကျေနပ်ချင်တတ်လေသည်။ မြန်မာဝတ္ထုများသည်လည်း (Happy ending) ခေါ် ဇာတ်လိုက်များ အကြောင်းဆုံသည့် ဇာတ်ကွက်ဇာတ်လမ်းမျိုးထက် မြင့်တက်ခြင်း မရှိလှသေးဘဲ၊ ဝါနသော ပရိသတ်၏ အလိုသို့ လိုက်ကာ ရေးသားဆဲပင် ရှိနေကြ၏။ ဘာသာပြန် ဝတ္ထုများကို အရသာ ခံတတ်သော စာဖတ်ပရိသတ်တို့မှုကား ဤမျှထက်

www.burmeseclassic.com



အဆင့်အတန်း မြင့်လာကြပြီဖြစ်၍ "ကိုယ်ရံတော်" ဝတ္ထု၌ ပါရှိသော ဓာတ်လိုက်စစ် (ဟီးရီး) နှင့် ဗီလိန်ဟီးရီးတို့ ဓာတ်သိမ်းကြပုံများကို အရသာခံနိုင်ကြလိမ့်မည်ဟု မျှော်လင့်ရပေသည်။ ဤဝတ္ထု၌ ဟီးရီးနှင့် ဗီလိန်ဟီးရီးတို့၏ အရည်အချင်းများကို အံ့သြဖွယ် ဖြစ်လောက်အောင် ပေါ်လွင်စွာ နှိုင်းယှဉ် ဖော်ပြထားသည် ဖြစ်ရကား၊ ဖတ်ရှုသော သူသည် ဤလူနှစ်ယောက် အနက် မည်သူကို ပိုမို နှစ်သက်ရမည်ဟု မဆုံးဖြတ်နိုင်အောင် ဖြစ်ရပေတော့သည်။ "ကိုယ်ရံတော်"ဝတ္ထု၏ ထူးကဲသော အချက်တစ်ခုမှာ အခြားသော ဝတ္ထုများ၌ အမွှန်အမြတ် ထား၍ ဖွဲ့နွဲ့ရေးသားကြသည့် သမီးရည်းစား ချစ်ခြင်းထက် သူငယ်ချင်းတို့၏ သစ္စာရှိခြင်းကို ပိုမို အသားပေးထားခြင်းပင် ဖြစ်ပေရာ၊ အတော်အတန် ဝါနုသေးသော စာဖတ်သူတို့အဖို့မှာ အံ့အားသင့်၍ မျက်လုံး ပြူးသွားရမတတ် ဖြစ်ကြမိပေလိမ့် သတည်း။

ရွှေဒေါင်း

BURMESE CLASSIC .com

## အခန်း ၁

သက္ကရာဇ် ၁၇၉၉ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် မြင်းသုံးကောင်တပ်သည့် "ပိုရှေး" ခေါ် ခရီးသွား ရထားကြီး တစ်စီးသည် ဒူရန်မြစ်ကို ဖြတ်ကျော် ဆောက်လုပ်ထားသော တံတားကြီးပေါ်သို့ ခွာစုံစိုင်းကာ ဖြတ်သန်း မောင်းနှင်ခဲ့ပြီးလျှင်၊ အဗီနံမြို့ထဲသို့ အေးတံခါးကြီးမှ ဝင်၍ အရှိန်မလျှော့ဘဲ အဟုန်ပြင်းစွာဖြင့် မြို့ကြီးတစ်လျှောက် ဆက်လက် မောင်းနှင်ခဲ့ပြီးမှ "ပဲလေ့စ်ရွိုင်ယယ်" ဟိုတယ်ကြီးရှေ့၌ ရပ်လေ၏။

မြင်းရထားကြီးပေါ်မှ ဆင်းလာကြသော ခရီးသည် နှစ်ယောက်တို့အနက် အကြီးလူမှာ အသက် ၃၀ ခန့် ရှိ၍ ကိစ္စအဝဝတို့ကို ရှေ့ဆောင်ပြီးလျှက် ပြောဆို စီမံလေရာ၊ ထိုသူသည် အဝတွင် ဆီးကြိုလျက်ရှိသော ဟိုတယ်ရှင်အား ညစာ ချက်ချင်း ပြင်ဆင်ရန် အမိန့်ပေးသည်တွင်၊ ဟိုတယ်ရှင်က မိမိတို့၏ အခန်းတွင်း၌ တသီးတခြား စားသောက်နိုင်ပါသော်လည်း အခြားသော ခရီးသည်များနှင့် စုပေါင်း၍ အခန်းမကြီးအတွင်း ဘုံစားပွဲကြီးဖြင့် သုံးဆောင် စားသောက်ပါလျှင် သာလွန် ကောင်းမွန်မည် ဖြစ်ကြောင်း [illegible]ကြားပေးလေ၏။ ထိုခဏ၌ ဟိုတယ်ရှေ့တွင် မြင်းနှစ်ကောင်တပ် ရထားကြီး ရပ်လျက်ရှိရာ၊ ဟိုတယ်ရှင်က ၎င်းရထားကို ညွှန်ပြလျက် ထိုရထားပေါ်မှ ခရီးသည်များမှာလည်း ခန်းမကြီးထဲတွင် ညစာ သုံးဆောင်ကြမည် ဖြစ်ကြောင်း ပြောပြ၏။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com



ထိုအခါ ရှေ့ဆောင်ဖြစ်သော ခရီးသည်သည် ဟိုတယ်ရှင်၏ အကြိုပေးချက်ကို ငြင်းပယ်မည် ပြုပြီးမှ ရုတ်တရက် အကြံရသည့် လက္ခဏာနှင့် မိမိ၏ အဖော်အား လှမ်းကြည့်လိုက်ရာ၊ လူငယ်ဖြစ်သော အဖော်က 'ခင်ဗျားသဘောအတိုင်းသာ စီမံပါ' ဟု ပြန်ပြောသည်နှင့်၊ အကြီးလူက ခန်းမကြီးထဲ၌ အခြား ခရီးသည်များနှင့်အတူ စားသောက်ရန် သဘောတူညီ လိုက်လေ၏။ ထို့နောက် အကြီးလူသည် မြင်းရထားသမားဘက်သို့ လှည့်၍ နာရီဝက်အတွင်း မြင်းသစ်များ လဲလှယ် တပ်ဆင်ရခြင်း ကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ထားနိုင်ရန် အမိန့်ပေးပြီးနောက်၊ ခရီးသည် နှစ်ယောက်တို့ကို ခန်းမကြီးဆီသို့ ဟိုတယ်ရှင်နှင့်အတူ လိုက်သွားကြလေ၏။

ခန်းမကြီးထဲ၌ စားသောက်လျက် ရှိကြသော ခရီးသည်များသည် ခရီးသည် အသစ်နှစ်ယောက် ဝင်လာသည်ကို မြင်ကြသည်နှင့် တစ်ပြိုင်နက်၊ မိမိတို့ ပြောဆိုလျက်ရှိသော စကားလက်စကို ရုတ်တရက် ဖြတ်ကာ လူသစ်များကို မော့ကြည့်လိုက်ကြလေ၏။ လူသစ် နှစ်ယောက်တို့ကမူ ကုလားထိုင်အလွတ် သုံးလေးလုံး ခြားလျက်ရှိသော စားပွဲကြီး အစွန်း၌ ထိုင်ကြလေရာ၊ ဤကဲ့သို့ မရောမယှက်ဘဲ ခပ်ခွဲခွဲ ထိုင်လိုကြသော အမူအရာ အတွက်ကြောင့် အခြားသော ခရီးသည်များသည် လူသစ်နှစ်ယောက်တို့ အပေါ်တွင် စိတ်ဝင်စားလျက် ရှိကြလေ၏။ လူသစ်နှစ်ယောက်တို့၏ အဝတ်အစားများမှာ ခပ်ရိုးရိုးပင် ရှိနေသော်လည်း ၎င်းတို့၏ ကိုယ်ဟန် အမူအရာ စသည်တို့မှာ လူသာမန်များနှင့် မတူ ဟူ၍ အကဲခတ်မိကြသည့် အတွက်ကြောင့်လည်း အခြား ခရီးသည်များက စိတ်ဝင်စားလျက် ရှိကြ၏။ လူသစ် နှစ်ယောက်တို့၏ ထူးခြားချက် တစ်ခုမှာ ဆံပင်ကို အရှည်ထား၍ နောက်သို့ လှန်ဖြီးပြီးလျှင် ကျောပေါ်တွင် စု၍ စည်းထားကြလေသည်။

အသက် ၃၀ ခန့် ရှိသော အကြီးလူမှာ ၎င်း၏ အသံထားကို အကဲခတ်ခြင်းအားဖြင့် သူတစ်ပါးတို့ကို အခါခပ်သိမ်း အမိန့်ပေးရသော အလုပ်မျိုး၌ ဆောင်ရွက်လာခဲ့ရသူ တစ်ယောက် ဖြစ်သည်ဟု ဆိုနိုင်၏။ ၎င်း၏





ဆံပင်မှာ နဖူးအထက်တွင် အလယ်၌ ခွဲလျက် နားထင် တစ်ဖက်တစ်ချက်တို့မှ ပခုံးပေါ်သို့ ကျလျက် ရှိ၏။ ထိုသူ၏ အသားအရေမှာ အနှံ့အပြား ခရီးသွားခဲ့ဖူးသူတို့၏ ထုံးစံအတိုင်း ခပ်မှိုင်းမှိုင်း ရှိ၍ ပါးသော နှုတ်ခမ်းများ၊ ဖြောင့်စင်းသော နှာတံ၊ ဖြူစင်သော သွားများနှင့် သိန်းငှက်ကဲ့သို့ စူးစိုက်သော မျက်လုံးများ ရှိ၏။ အရပ်အမောင်း ခပ်ပျပ်ပျပ်နှင့် သေးသွယ်နုးညံ့သော ခြေလက်အင်္ဂါများလည်း ရှိ၏။ ထိုသူသည် ဝတ်နေကျ မဟုတ်သော အဝတ်များကို ဝတ်ဆင်ထားရသည့် အမူအရာမျိုးလည်း ထင်ရှား၍၊ စကားပြောဆိုပုံမှာ အီတာလျံ လူမျိုးတို့၏ ဝဲပုံမျိုးဖြင့် ခပ်ဝဲဝဲ ပြောတတ်လေသည်။

အငယ်လူမှာ အသက် သုံးလေးနှစ်ခန့် ငယ်ဟန်ရှိ၍ လူချောလူလှ တစ်ယောက် ဖြစ်၏။ ပါးအိုနီနီ၊ ဆံပင် ဖျော့တော့တော့၊ မျက်လုံး ပြာလဲ့လဲ့၊ နှာတံ ဖြောင့်ဖြောင့်နှင့် မေး ခပ်ချွန်းချွန်း ရှိ၍ အကြီးလူထက် နှစ်လက်မခန့် မြင့်၏။ ထိုသူ၏ ကိုယ်လုံးကိုယ်ပေါက်မှာ လွန်စွာ အချိုးအစား ကျ၍ ဖျတ်လတ် သွက်လက်သော ကိုယ်ဟန် အမူအရာနှင့် လူသာမန်တို့ထက် ကြီးသော ကာယဗလလည်း ရှိ၏။ ထိုသူ နှစ်ယောက်တို့သည် ဝတ်စားဆင်ပြင်ထားပုံမှာ ခြားနားခြင်း မရှိသော်လည်း အငယ်လူသည် အကြီးလူအား အထိုက်အလျောက် အရိုအသေ ပြုသည်ကို ထောက်ခြင်းအားဖြင့် ဌာန်အဆင့်အတန်း အနည်းငယ် နိမ့်ကျသည့် လက္ခဏာ ရှိ၏။ အကြီးလူသည် အငယ်လူအား "ရိုလင်" ဟု ခေါ်၍ အငယ်လူကမူ အကြီးလူအား "ဆီတီဇင်း (မြို့တော်သား)" ဟူ၍ ရိုသေသမှု ခေါ်ဝေါ်ခြင်း ပြုလေသည်။

ဘုံစားပွဲကြီး၌ ထိုင်လျက်ရှိကြသော ဧည့်သည်များသည် စိတ်ဝင်စားသော အမူအရာဖြင့် လူသစ် နှစ်ယောက်တို့ကို လှမ်းကြည့်လိုက်ကြပြီးနောက် မိမိတို့ ပြောဆိုလျက် ရှိကြသော စကားစပ်ကို တစ်ဖန် ပြန်ကောက်ကြလေ၏။ ထိုသူတို့ ပြောဆိုလျက် ရှိကြသော အကြောင်းအရာမှာ ယမန်နေ့က ဗာဆေးမြို့မှ အဇီနံမြို့သို့ မောင်းနှင်လာသော မြင်းရထားကြီးပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



တင်ဆောင်လာသော အစိုးရဘဏ္ဍာတော်ငွေ ခြောက်သောင်းကို ဓားပြများ တိုက်ခိုက် လုယက် ယူလိုက်သော အခြင်းအရာပင် ဖြစ်၍၊ ဧည့်သည်များ လည်း အလွန်တရာ စိတ်ဝင်စားလျက် ရှိကြ၏။

လူသစ် နှစ်ယောက်တို့လည်း ဤအကြောင်းအရာကို ကြားကြရ သည်နှင့် တစ်ပြိုင်နက် မိမိတို့ ယခု ဖြတ်လာခဲ့သော လမ်း၌ပင် ဖြစ်သည် နှင့် စိတ်ဝင်စားစွာဖြင့် နားထောင်ကြလေ၏။ ပြောပြလျက်ရှိသော လူမှာ ထိုနေ့က မိမိကိုယ်တိုင် မြင်းရထားကြီး ပေါ်၌ ဓားပြတိုက် ခံခဲ့ရသည့် အရက် ကုန်သည် တစ်ယောက် ဖြစ်လေရာ၊ ထိုလမ်းသို့ ယခု လောလောဆယ် သွားရမည့် ခရီးသည်များသည်လည်း အထူး စိတ်ဝင်စားစွာဖြင့် နားထောင် လျက် ရှိ၏။ အချို့ ဧည့်သည်များမှာမူ ၎င်းနယ်သားဖြစ်၍ ဤသတင်းမျိုး ကို ကြားခဲ့ရဖူးလှပြီ ဖြစ်သောကြောင့် အထူးတလည် စိတ်မဝင်စားကြတော့ ဘဲ အခြားဧည့်သည်များ သိလိုသော သတင်းကို ဖြည့်စွက် ပြောပြလျက် ရှိကြ၏။

ဧည့်သည်များ ပြောဆိုလျက်ရှိသော အဖြစ်အပျက် အကြောင်းအရာ များမှာ မာဆေးမြို့နှင့် အဗီနံမြို့ အကြားရှိ လမ်းကြီးပေါ်တွင် ယမန်နေ့ နံနက် ၁၀ နာရီ အချိန်ခန့်၌ ခရီးသည်များ တင်ဆောင်လာသော "ဒီလီဂျင်" တပို့ မြင်းရထားကြီးကို မြင်းစီးဓားပြ လေးယောက်တို့က တိုက်ခိုက်၍ အစိုးရ ဘဏ္ဍာတော်ငွေ ခြောက်သောင်းမျှ ပါသွားကြောင်း၊ ဓားပြများမှာ သာမန်လူများ မဟုတ်ဘဲ လက်ရှိ သမ္မတ အစိုးရကို ဖြုတ်ချ၍ အော်ဘွန် မင်းဆက်ဟောင်းကို ပြင်သစ် ထီးနန်းပေါ်သို့ ပြန်လည် တင်မြှောက်ရန် ရည်ရွယ်ချက် ရှိသူများ ဖြစ်ကြောင်း၊ ၎င်းတို့သည် ဤအရပ်၊ ထိုအရပ် စသည်တို့၌ တိုက်ခိုက်ကြရာတွင် ဆင်းရဲသားများ၏ ငွေကို မယူဘဲ အစိုးရ ၏ ဘဏ္ဍာတော်ကို သာလျှင် လုယူကြကြောင်း၊ ထိုသူတို့သည် "ဂျေဟူး၏ ရဲဘော်များ" ဟူသော အမည်ကို ခံယူ၍ မိမိ တိုက်ခိုက် ရရှိသော ငွေများကို လက်ရှိအစိုးရ ပြုတ်ကျအောင် တော်လှန် ပုန်ကန်ကြသူများသို့ စစ်စရိတ်





အဖြစ်နှင့် ထောက်ပံ့ကြောင်း၊ "ဂျေဟူး" ဟူသော ...၏ အကျိုးစကို ဆွဲလိုက် နှစ်ပေါင်း ၂၈၀၀ ခန့် အချိန်က ဣသရေလပြည်၌ ဘုရင်အဖြစ်နှင့် တင် မြှောက်ခြင်း ခံရသူ ဖြစ်၍ မသမာသော ပုရောဟိတ်များကို အပြစ်ပေး ဆုံးမ ဖူးသည်ဟု သမ္မာကျမ်းစာ၌ ဖော်ပြ ပါရှိရာ ယခု လက်ထက်၌ ရှိနေသော အင်္ဂလိပ်သမြှောက် လွှီဘုရင်ကို အဆိုပါ ဂျေဟူးဘုရင်နှင့် ပမာပြုလျက် သမ္မတ အစိုးရ လက်အောက်ရှိ မသမာသော လူတစ်စုကို သုတ်သင် ရှင်းလင်းရမည့် အရေးတွင် ကူညီ ဆောင်ရွက်ကြရမည့် ရဲဘော်များဟူ၍ အဓိပ္ပာယ် ရရှိကြောင်း။ ဆိုလိုရင်းမှာ ဤ လူတစ်စုသည် ဂျေဟူး၏ ရဲဘော် များ ဟူသော အမည်ကို ခံယူလျက် သမ္မတ အစိုးရ လက်ထက်၌ ပေါ်ရှမ်း သော့သိမ်းသော မင်းမှုထမ်းများကို သုတ်သင် ရှင်းလင်းပြီးလျှင် အော်ဘွန် မင်းဆက်ဟောင်းကို ပြန်လည် နန်းတင်ရန်အတွက် ကူညီ ဆောင်ရွက်ကြ ခြင်း ဖြစ်လေသည်။

ဧည့်သည်များသည် အထက်ပါ အကြောင်းအရာများကို ညစာ စားပွဲ ကြီး၌ တစ်ယောက် တစ်ခွန်း မေးသူက မေး၍ ဖြေသူက ဖြေဆိုလျက် ရှိကြ၊ ကျွန်ုပ်တို့ ဖော်ပြခဲ့သော ဧည့်သည်သစ် နှစ်ယောက်တို့သည် စိတ်ဝင် စားသော အမူအရာနှင့် နားထောင်ကြ၍ မရှင်းလင်းသော အကြောင်းအရာ များကို မေးမြန်း စုံစမ်းလျက် ရှိကြလေ၏။ ဧည့်သည့်များအနက် ယမန်နေ့ နံနက်က ဓားပြတိုက်ရာ၌ ကိုယ်တိုင် တိုက်ခိုက်ခြင်း ခံရ၍ ငွေနှစ်ထောင် ဆုံးသွားသည့် အရက်ကုန်သည်ကမူ အခြား ဧည့်သည်များက "ဂျေဟူး၏ ရဲဘော်များ" ခေါ် ဓားပြများသည် ဆင်းရဲသားများ၏ ငွေကို မယူဘဲ အစိုးရ ၏ ဘဏ္ဍာတော်ကိုသာ လုယူတတ်ကြောင်း ပြောကြသည်တွင်၊ အရက် ကုန်သည်က မိမိကိုယ်တိုင် ငွေနှစ်ထောင် ဆုံးရှုံးခံရသဖြင့် ထိုသတင်း မှားကြောင်း ငြင်းဆိုလေ၏။ ထိုအခါ ၎င်းစားပွဲ၌ရှိသော ဧည့်သည် တစ်ယောက်က ဤကဲ့သို့ ဖြစ်ရခြင်းမှာ မှားယွင်းသဖြင့် ဖြစ်ရသည့်လက္ခဏာ ဖြစ်ကြောင်း၊ အရက်ကုန်သည် ပြောသည့်အတိုင်း ဟုတ်မှန်ခဲ့လျှင် ၎င်း ငွေ



www.burmeseclassic.com

www.burmeseclassic.com



တင်ဆောင်လာသော ဘွင် ဓာကန်မှုချ ပြန်လည် ရရှိလိမ့်မည် ဖြစ်ကြောင်း ပြောပြသဖြင့်၊ အရက်ကုန်သည်က မယုံကြည်နိုင်သော သဘောနှင့် ဦးခေါင်းယမ်းခါလျက်ရှိစဉ် ဟိုတယ်ရှေ့တွင် မြင်းစီးခရီးသည်တစ်ယောက် ဆိုက်ရောက်လာ၍ လက်နက်အပြည့်အစုံ ကိုင်ဆောင်လျက် မျက်နှာကို အဝတ်နက်ကြီး စည်းထား၍ ဧည့်သည်များ စုရုံး စားသောက် နေကြသော အခန်းမကြီးထဲသို့ ဝင်လာလေ၏။ ထိုသူသည် အခန်းဝတွင် ရပ်လျက်...

'မနေ့က မာဆေး လမ်းကြီးပေါ်မှာ ဓားပြတိုက်ခံရတဲ့ အထဲမှာ ပါတယ်ဆိုတဲ့ "ပီကော့"ဆိုတဲ့ လူတစ်ယောက် ဒီမှာ ရှိသလား'

'ရှိပါတယ် ခင်ဗျား'

'ဘာပစ္စည်းများ ပါသွားပါသလဲ'

'ဒရိုင်ဘာ လက်ထဲမှာ အပ်ထားတဲ့ ငွေနှစ်ထောင် ပါသွားပါတယ်'

'ရော့ ခင်ဗျားငွေ၊ ကျုပ်တို့က ဆင်းရဲသားကို မတိုက်ဘူး၊ ဘဏ္ဍာတော်ကိုမှ တိုက်တဲ့ လူတွေ။ နောက်နောင် ဒီလို ဖြစ်လျှင် "မော်ဂင်"ဆိုတဲ့ နာမည်ကို ပြောပြီး ပြန်တောင်းယူပါ၊ တစ်ပြားမကျန် ပြန်ရပါစေ့မယ်။ ရော့ ယူလိုက်'

ယင်းသို့ ပြောပြီးသည်နှင့် တစ်ပြိုင်နက် မျက်နှာဖုံး စွပ်ထားသော လူသည် အခန်းမကြီးထဲမှ လှည့်ထွက်သွားလေရာ၊ ဧည့်သည်အပေါင်းတို့မှာ အကြောင်သား ငေးလျက် ကျန်ရစ်ခဲ့ကြလေ၏။

## အခန်း ၂

ဧည့်သည်များသည် မျက်နှာဖုံး စွပ်ထားသော ဓားပြ ထွက်သွားသောအခါ၌ ကြောက်သူက ကြောက်၊ အံ့သြသူက အံ့သြလျက် ကျန်ရစ်ကြလေရာ၊ ကျွန်ုပ်တို့ ဖော်ပြခဲ့သော ဧည့်သည် နှစ်ယောက်အနက် အငယ်လူကမူ အခန်းထဲသို့ ဓားပြ ဝင်လာစဉ်က ထိုင်ရာမှ ရုတ်တရက် ထ၍ လက်နက်ထည့်ထားလေ့ရှိသော ခါးဆီသို့ လက်လှမ်းမည် ပြုလိုက်သေး၏။ သို့ရာတွင်







လက်နက် မပါသည် တစ်ကြောင်း၊ အကြီးလူက ၎င်း၏ အင်္ကျီစကို ဆွဲလိုက်သည် တစ်ကြောင်းကြောင့် မိမိ၏နေရာ၌ ပြန်၍ ထိုင်လိုက်၏။

ဧည့်သည်များအနက် အသက် ၃၃ နှစ်ခန့် ရှိ၍ အရပ် မြင့်မြင့်၊ ရုပ်ရည် ချောချော၊ မျက်လုံး ပြာပြာ၊ မုတ်ဆိတ်နီနီနှင့် အလွန် အသားဖြူသော လူတစ်ယောက် ပါရှိလေရာ ထိုသူသည် ပြင်သစ် ဘာသာစကားကို ရည်မွန်စွာ ပြောနိုင်သော်လည်း၊ ခပ်ဝဲဝဲ ပြောတတ်သည်ကို ထောက်ခြင်းအားဖြင့် တိုင်းရင်းသားတစ်ယောက် မဟုတ်ကြောင်း သိနိုင်၏။ သို့ရာတွင် နိုင်ငံခြားသားတိုင်း ဝဲကြစေကာမူ လူမျိုးအလျောက် တစ်နည်းတစ်ဖုံစီ ဝဲတတ်ကြလေရကား၊ ထိုသူ၏ ဝဲပုံမှာ အင်္ဂလိပ်လူမျိုး တစ်ယောက်၏ ဝဲပုံဝဲနည်းမျိုး ဖြစ်သည်ဟူ၍ နားထောင်တတ်သူများ အဖို့၌ အကဲခတ်နိုင်လောက်ပေသည်။ ထိုသူသည် မှတ်စုစာအုပ် တစ်အုပ်ကို ထုတ်၍ မျက်နှာဖုံးနှင့်လူ ပြောသွားသော စကားများကို ရေးမှတ်လျက်ရှိရာ၊ အငယ်လူ ရိုလင်က ထိုသူကို နှုတ်ဆက်၍ အင်္ဂလိပ်လူမျိုးတစ်ယောက် ဟုတ်ပါ၏လောဟု မေးသော် ဟုတ်ကြောင်း ပြန်ပြောလေ၏။ ထိုအခါ ရိုလင်က ပြင်သစ်ပြည်သည် အလွန် ဆန်းသည်ဟူ၍ အင်္ဂလိပ်လူမျိုး ပြောသော စကားကို ထောက်၍ ပြီးလျှင် နေ့ခင်းကြောင်တောင်ကြီး၌ လူဦးရေ သုံးသောင်းကျော် ရှိသော မြို့တွင်းသို့ ဝင်၍ လူပေါင်း ၂၀ ကျော် ထိုင်လျက်ရှိသော စားပွဲတွင် တစ်ယောက်တည်းသော ဓားပြက လက်နက်အားကိုးနှင့် ထင်သလို ပြုလုပ်သွားနိုင်ခြင်းမှာ၊ ပြင်သစ်ပြည် သမ္မတ အစိုးရ လက်ထက်၌သာ ဖြစ်နိုင်သည်။ အခြားလူများကို ပြောပြ၍မူ ယုံကြည်နိုင်ဖွယ်ရာ မရှိကြောင်း ပြောပြီးလျှင် အားရပါးရ ရယ်မောလေ၏။

စားပွဲကြီး၌ ထိုင်လျက်ရှိကြသော ဧည့်သည်များအနက် "ဘာရှီး" အမည်ရှိ အထက်တန်းစား လူကုံထံတစ်ယောက် ပါရှိလေရာ ဘာရှီးသည် ရိုလင်၏ လှောင်ပြောင် ရယ်မောလိုက်သော အသံကို ကြားသည်နှင့် မျက်နှာ ပျက်လျက်–

www.burmeseclassic.com



ဂျိုး ။ ။ 'ခုနင်က ဝင်လာတဲ့ လူဟာက သာမန် လူဆိုး
ဓားပြတစ်ယောက် မဟုတ်ပေဘူး ခင်ဗျ'

လင် ။ ။ 'ဒါဖြင့် သူက ဘာလဲ'

'ဒီလူက ခင်ဗျားတို့၊ ကျွန်တော်တို့လို အထက်တန်းစားထဲက ဖြစ်နိုင်တာပဲ'

'တလောက ရာဇဝတ် သင့်တဲ့ "ကောင့်ဟွန်း"ဆိုတဲ့ လူဟာလည်း အထက်တန်းစားထဲက ပါပဲ'

'ကောင့်ဟွန်းဆိုတဲ့လူက သူ ချေးယူတဲ့ အကြွေးကို သူ မဆပ်နိုင်လို့ ကြွေးရှင် ရဟူဒီကို သတ်ပြီး စာချုပ်ကို ရအောင် ခိုးယူတဲ့ လူပါ၊ တစ်ယောက်ဗျ။ မော်ဂင်တို့ ရဲဘော် အဖွဲ့ဝင်များက နို့စို့ကလေး တစ်ယောက်ကို မတရား ပြုကျင့်တယ်လို့ ဘယ်သူက စွပ်စွဲနိုင်ပါသလဲ ခင်ဗျာ'

'ဟုတ်ပါတယ်လေ၊ ခင်ဗျားတို့ ရေပုဟူးရဲဘော်အဖွဲ့က အလွန် မြင့်မြတ်တဲ့ ရည်ရွယ်ချက်ကြီး ထားပြီး၊ လောကကြီးရဲ့ မတရားမှုတွေကို သုတ်သင် ရှင်းလင်းရအောင်လို့ ဖွဲ့စည်းထားတယ် ဆိုပါတော့။ ဒါပေမဲ့ ဘယ်သူက ဘာခေါ်ခေါ်၊ ခင်ဗျား မိတ်ဆွေ မော်ဂင်တို့ လူစုဟာ ဓားပြပါပဲဗျ'

'ကျွန်တော့် မိတ်ဆွေ မဟုတ်ရပေါင်ဗျာ၊ တကယ်လို့ မိတ်ဆွေ ဖြစ်ခဲ့ရလျှင်လည်း ကျွန်တော်က ဂုဏ်ယူဖို့ပါပဲ'

လင် ။ ။ 'ဟုတ်ပေမှာပေါ့လေ၊ လူ အဖိုးတန် တစ်ယောက်နဲ့
မိတ်ဆွေ ဖြစ်ရခြင်းသည် ကြီးမားသော လာဘ်ကြီး

မည်၏ ဆိုတဲ့ စကားလိုပေါ့'

ထိုအခါ အကြီးလူက စကားလွှန်မည် စိုးဟန်နှင့် 'ရှိလင်၊ ရှိလင်' ဟု ဆိုကာ သတိပေးလိုက်သည်တွင် ရှိလင်သည် အကြီးလူဘက်သို့ လှည့်လျက်—

လင် ။ ။ 'နေစမ်းပါ ဂျင်နရယ်၊ ကျွန်တော် ပြောချင်တာ
ကလေး ဆုံးအောင် ပြောစမ်းပါရစေ'





ရှိလင်သည် အကြီးလူ၏ ရာထူးကို အမှတ်မဲ့ ဖော်ထုတ်လိုက်မိသည်၊ သို့မဟုတ် တမင် ဖော်ထုတ်လိုက်သည် ဟူ၍ကား မသိနိုင်ပေ။ အခြားလူများကမူ "ဂျင်နရယ်" (စစ်ဗိုလ်ကြီး) ဟု ခေါ်လိုက်သည်ကို ကြားကြရသဖြင့် သတိပြု၍ ကြည့်နေကြ၏။ အကြီးလူကမူ တားဆီး၍ မရသဖြင့် လက်လျှော့ဟန်နှင့် ကြည့်နေလေ၏။

လင် ။ ။ 'ကျွန်တော်တို့ကတော့ ကိုယ့်ပြည် ကိုယ် မရောက်
တာ နှစ် နှစ်လောက် ရှိသွားပြီဗျ။ ဒီအတောအတွင်း

ှာ အယူဝါဒတွေ၊ စကား အသုံးအနှုန်းတွေ ပြောင်းချင်တိုင်း ပြောင်းလဲနေလို့ ခတ်နောက်ကျချင် ကျနေပေလိမ့်မယ်။ သို့သော် လမ်းပေါ်မှာ မြင်းရထား ှို ရပ်ပြီး ငွေလုယူတဲ့ အလုပ်ကို အခုခေတ် စကားအရ ဘယ်လို ခေါ်ပါ သလဲဗျ'

ဂျိုး ။ ။ 'အဲဒါကို စစ်ကြေညာတယ်လို့ ခေါ်တယ်ဗျ။ ခင်ဗျာ
ဂျင်နရယ်ကို မေးကြည့်စမ်းပါဦး။ ဂျင်နရယ်စစ်ဗိုလ်

ကြီးတဲ့ လူတွေဟာ ဘာတွေ လုပ်နေကြသလဲ။ မော်ဂင်တို့ လူစု လုပ်နေတဲ့ လုပ်မျိုးကိုပဲ လုပ်နေကြတယ် မဟုတ်လား။ လူသတ်တာတောင် သူတို့ က ပိုသေးရဲ့'

ထိုအခါ ရှိလင်သည် ဒေါသတကြီး ပြန်ပြောမည် ပြုသည်တွင်၊ ဂျင်နရယ်ခေါ်သော အကြီးလူက 'သူ့ စကား ဆုံးအောင် နားထောင်ပါဦး ရှိလင်' ဟု ပြောလိုက်၏။

လင် ။ ။ 'ကိုင်း ပြောပါဦးတဲ့ဗျာ၊ ဂျင်နရယ်ကလည်း နား
ထောင်နေပါတယ်'

'ဂျင်နရယ် ကိုယ်တိုင်က ခွင့်ပြုလျှင်တော့ ပြောရတာပေါ့ ခင်ဗျာ။ စာဝင်မှာ ပါတဲ့ အလီဇဗ္ဗာ ဘိုင်ရိုတ် ဆိုတဲ့ ကမ္ဘာကျော် စစ်သူကြီးဟာ ယပြည်ကို စစ်တပ်ကြီးနဲ့ ချီတက်သွားတော့ ငွေများ ဘယ်လောက် သွားတဲ့လဲ၊ ရွှေ ၂၀ သားလောက်နဲ့ သူ့ စစ်တပ်ကြီးကို ကျွေးမွေးထားပြီး



www.burmeseclassic.com

www.burmeseclassic.com



အိဂျစ်ပြည်၊ အေရှာမိုင်းနားပြည် နှိမ်နင်းပြီး အလိစန္ဒရီးယားမြို့ကြီးကို တည်ထောင်လို့ ဖြစ်နိုင်သတဲ့လား။ နောက်ပိတ်ဆုံးမှာ သူ့စစ်သားတွေက မလိုက်ချင်တော့ဘူးဆိုလို့ ဘေဘီလုံးမြို့ကို လှည့်ပြန်ပြီး နတ်စည်းစိမ်တမျှ စိမ်ခံနေနိုင်ခြင်းဟာ ဘယ်က ပိုက်ဆံနဲ့ လုပ်နိုင်တာလဲ။ အလိဇန္ဒာဟာ တခြားနည်းနဲ့ ပိုက်ဆံရှာခြင်း မဟုတ်။ ယခု မော်ဂင်တို့ လူစု လုပ်နေကြသလို လုပ်ကြတာပါပဲ။ ခြားနားချက် တစ်ခုကတော့ မော်ဂင်တို့ လူစုက လမ်းပေါ်ထ ရထားတွေကို ရပ်ပြီး ပိုက်ဆံ တောင်းယူတယ်။ အလိဇန္ဒာကတော့ မြို့ကြီးတွေကို မွှေ၊ ရှင်ဘုရင်တွေကိုဖမ်း၊ ပိုက်ဆံနဲ့ အရွှေးခံ၊ လက်အောက်နိုင်ငံတွေကို အခွန်ဘဏ္ဍာ ခွဲယူ၊ အဲဒါလောက် ခြားနားတာပဲ။ ဟယ်နီဘောလ်ကို ကြည့်လိုက်ပါဦး။ ရွှေ ၂၀ သားတောင် မပါဘူး။ ငွေ လိုချင်တော့ မြို့ကြီးတွေ သိမ်းပြီး သူ လိုချင်တဲ့ ပစ္စည်းတွေကို မွေယူတယ် မဟုတ်ဘူးလား။ ဒီငွေနဲ့ အရင်းပြုပြီး တိုင်းပြည် သုံးလေးပြည်ကို တိုက်၊ ဘဏ္ဍာတွေကို ယူ၊ စည်းစိမ် ခံ။ ဘယ်က ပိုက်ဆံနဲ့ သူ လုပ်သလဲ၊ စစ်နဲ့ ရင်းပြီး စစ်တိုက်တာပဲ မဟုတ်ဘူးလား။ မော်ဂင်တို့ လူစု ယခု လုပ်နေကြတဲ့ နည်းလမ်းအတိုင်း ပါပဲဗျ။ ဒီနောက် ဂျူလီယာဆီဇာကို ကြည့်လိုက်ပါဦး၊ ထိုနည်းလည်းကောင်းပါပဲ။ ခြားနားခြင်း တစ်ခုကတော့ ခင်ဗျားတို့ ရာဇဝင် ဟီးရိုးတွေကတော့ စိမ်ခံဖို့ ရည်ရွယ်ချက်နဲ့ အလုပ် လုပ်တယ်။ မော်ဂင်ရဲ့ အစီအစဉ်မှာ ကိုယ်ကျိုးရှာဖို့ စိမ်ခံဖို့ မပါသေဘူး။ နောက်ပိတ်ဆုံး ယခု လက်ထက် ဂျင်နရယ် နပိုလီယန် ဘိုနပတ်ကို ကြည့်လိုက်ပါဦး၊ သူကကော ဘာထူး'

ဤနေရာ၌ ရီလင်သည် မခံမရပ်နိုင်သော အမူအရာနှင့် ထိုင်ရာမှ ထမည် ပြုလေရာ ဂျင်နရယ်က 'ပြောပါစေ ရီလင်၊ နပိုလီယန်ကိုတော့ သူခိုး ဓားပြ တစ်ယောက်လို့ စွပ်စွဲဝံ့မယ် မထင်ပါဘူး' ဟု ပြော၏။

ဂျိုး ။ ။ 'ကျွန်တော် ကိုယ်တိုင်က မပြောပါဘူး၊ အီတလီ စကားပုံ တစ်ခု အရ ပြောမှာပါ'

ဂျင် ။ ။ 'ဆိုစမ်းပါဦးခင်ဗျာ စကားပုံက'





ဂျိုး ။ ။ 'စကားပုံ အဆိုကတော့ ပြင်သစ် အားလုံး သူခိုး မဟုတ်။ သို့သော်...'

လင် ။ ။ 'အများအားဖြင့် ဟုတ်တယ်တဲ့လား'

ဂျိုး ။ ။ 'ဟုတ်ကဲ့၊ နပိုလီယန်တော့ ဟုတ်တယ်တဲ့'

ဘာဂျိုး၏စကား ဆုံးသည်နှင့် တစ်ပြိုင်နက် ရီလင် ကိုင်၍ ကစားသော ပန်းကန်ပြား တစ်ချပ်သည် လက်မှ ထွက်လာ၍ ဘာဂျိုး၏ မျက်နှာဘို တည့်တည့်ကြီး ထိမှန်လေ၏။ ရီလင်သည် ကုလားထိုင်ကို မှီထိုင်လျက် ယ်မောကာ ကြည့်နေလေရာ ဘာဂျိုးကားမူ မိမိ၏ နှာထင်မှ ပါးပြင်သို့ ကျလာသော သွေးများကို လက်ကိုင်ပဝါနှင့် သုတ်နေလေ၏။

ထိုခဏ၌ မြင်းရထားကြီး မောင်းသော ဒရိုင်ဘာသည် အခန်းထဲသို့ ဝင်လာ၍ ခရီးသည်များအား မိမိတို့ နေရာသို့ အသီးသီး တက်ကြရန် ပြောလေရာ စကားပွဲကြီး၌ ထိုင်လျက် ရှိသော ဧည့်သည်များသည် ရန်ပွဲမှ ရှောင်ထွက်လိုကြသည် ဖြစ်၍ သူ့ထက်ငါ တိုးဝှေ့ ထွက်လာကြလေ၏။ ထိုအခါ ဘာဂျိုးက ရီလင်အား...

'နေပါဦးဗျို့၊ ခင်ဗျားက မြင်းရထားကြီးနဲ့ မလိုက်ဘူး ဟုတ်လား'

'ကျွန်တော်က ပိုရှေးနဲ့ သွားမှာပါ။ စိတ်သာချပါ၊ ကျွန်တော် မသွားသေးပါဘူး'

ထိုအခါ ကျွန်ုပ်တို့ ဖော်ပြခဲ့ပြီးသည့် အင်္ဂလိပ်လူမျိုးကလည်း မိမိအတွက် အသင့် ပြင်ထားသော မြင်းနှစ်ကောင်တပ် ရထားမှ မြင်းများကို ဖြုတ်ရန် အမိန့်ပေး၍ 'ကျွန်တော်လည်း မသွားသေးဘူးဗျ' ဟု ပြောသော်၏။ ရီလင်၏ အဖော် ဖြစ်သော ဂျင်နရယ်ကမူ မိမိမှာ ရီလင် သိသည့်အတိုင်း အလွန် အရေးကြီးသော ကိစ္စ ရှိနေသည် အတွက်ကြောင့် မသွားဘဲ မနေနိုင်သဖြင့် သွားရတော့မည် ဖြစ်ကြောင်း ပြောရာတွင် ရီလင်က ပါရစ်မြို့ ဆော်တွင် ဆုံကြဖို့ ချိန်းဆို၍ မိတ်ဆွေကောင်းတစ်ယောက် လိုသည့်အခါ မိမိအား မမေ့ဖို့ မှာထားပြီးလျှင် ဂျင်နရယ် သွားဖို့ ခွင့်ပြုလိုက်လေ



www.burmeseclassic.com

www.burmeseclassic.com



၏။ ခွဲခါနီးမှ ဂျင်နရယ်သည် ဘာဂျီးနှင့် ရိုလင်တို့ကို ကြည့်လျက် 'သူလည်း သတ္တိကောင်း တစ်ယောက်နဲ့ တူပါတယ်ကွယ်၊ သူလည်း မသေပါစေနဲ့၊ မောင်လည်း အသေ မခံပါနဲ့။ အရေးအကြောင်းရှိတော့ သတ္တိကောင်း အင်မတန် ရှားတယ်ကွယ့်' ဟု ပြော၍ ရိုလင်က 'မစိုးရိမ်ပါနဲ့' ဟု ပြန်ပြောလေ၏။

ထိုခဏ၌ ဟိုတယ်ရှင် ဝင်လာ၍ ပိုရှေး ပြင်ပြီးကြောင်း ပြောသည်နှင့် ဂျင်နရယ်သည် ရိုလင်ကိုနှုတ်ဆက်လေရာ ရိုလင်လည်း ဂျင်နရယ်ကို ဟိုတယ်ရှေ့သို့ ရောက်အောင် လိုက်ပို့လိုက်၏။ ဘာဂျီးကမူ အခန်းပြင်ဘက်သို့ ရိုလင် ထွက်သွားသော်လည်း ပြန်လာလိမ့်မည်ဟု ယုံကြည် စိတ်ချလျက်ရှိသောကြောင့် စိုးရိမ်ခြင်း မရှိဘဲ စောင့်ဆိုင်းနေလေသည်။

ခွဲခါနီး၌ ဂျင်နရယ်က ရိုလင်အား ဘာဂျီး ကိစ္စနှင့် ပတ်သက်၍ မိမိထံ စာရေးနိုင်ခွင့် ရှိပါက အမြန်ဆုံး စာရေးရန် မှာထားလေရာ၊ ရိုလင်က စိတ်ချပါဟု ပြန်ပြောလေ၏။ နောက်ဆုံး၌ ဂျင်နရယ်က အင်္ဂလန်နှင့်ပြင်သစ် ပြည် စစ်ဖြစ်လျက် ရှိသော ဤအချိန်တွင် အင်္ဂလိပ်လူမျိုးတစ်ယောက် လွတ်လပ်စွာ သွားလာ နေနိုင်ခြင်းမှာ အလွန်တရာ ထူးဆန်းသောကြောင့် ဤအင်္ဂလိပ်လူမျိုး အကြောင်းကို မိမိ သိလိုကြောင်း ပြောရာ ရိုလင်က ဤအကြောင်းကို မိမိ စုံစမ်း၍ သတင်း ပေးပို့ပါမည်ဟု တာဝန်ယူလေ၏။

'ပါရစ်မြို့တော်မှာ ဘာများ မှာလိုက်စရာ ရှိသေးလဲ'

'မှာစရာ သုံးခု ရှိပါတယ်။ တစ်အချက်က "ဘိုရီယန်"ကို သတိရပါတယ်လို့ ပြောလိုက်ပါ။ နှစ်အချက်က ဂျင်နရယ်ရဲ့ ညီ "လူစီယန်"ကို ပြောလိုက်ပါ။ သုံးအချက်က "မဒမ်ဘိုနပတ်"ကို အလေးပြုလိုက်ပါတယ်လို့ ပြောလိုက်စေချင်ပါတယ်'

'စိတ်ချပါ'

'ပါရစ်ရောက်တော့ ဘယ်မှာ ဆုံကြမလဲ'

'ဗိုတ္တိုင်လမ်းက ငါ့အိမ်မှာ ဆုံကြတာပေါ့'





'ဆုံနိုင်ကောင်းပါလား ဂျင်နရယ်'

'ဘာကြောင့် ဆုံနိုင်ကောင်းလဲ ရိုလင်'

'မပြောတတ်ဘူးလေ၊ မရေရာတဲ့ ကိစ္စကြောင့် ပြောရတာပေါ့'

ရိုလင်သည် ဂျင်နရယ်၏ ခွင့်ပြုချက်အရ ဂျင်နရယ်ကို မွေ့ဖက်နှုတ်ဆက်၍ ဒရိုင်ဘာအား အချက်ပေးလိုက်ရာ ပိုရှေးလည်း ဟိုတယ်ရှေ့မှ ထွက်ခွာသွားလေ၏။

## အခန်း ၃

ဂျင်နရယ် ထွက်သွားပြီးသည့်နောက် ရိုလင်သည် ဟိုတယ်ထဲသို့ ပြန်ဝင်၍ ဟိုတယ်ရှင်အား အခန်းတစ်ခန်း ရလိုကြောင်း ပြောပြသဖြင့် အခန်းနံပါတ် ၃ ရနိုင်ကြောင်း ပြောရာတွင် မိမိနှင့် ရန်ဖြစ်သော ဘာဂျီးက မိမိအား တွေ့လိုသည်ဆိုလျှင် မိမိထံသို့ စေလွှတ်ရန် မှာထား၍ အစေခံမိန်းကလေးနှင့်အတူ အခန်းနံပါတ် ၃ သို့ တက်သွားလေ၏။ မိမိ၏ အခန်းသို့ ရောက်သောအခါ စာရေးရန်အတွက် မင်အိုး၊ ကလောင်တံနှင့် စာရွက်များ ယူခဲ့ရန် မိန်းကလေးအား မှာထားလိုက်၍၊ မိန်းကလေးက အလိုရှိသော ပစ္စည်းများကို ယူလာခဲ့သည်တွင် ရိုလင်သည် စားပွဲ၌ ထိုင်၍ စာရေးရန် ပြင်ဆင်လေ၏။

ကလောင်တံကို ကိုင်လိုက်သည်နှင့် တစ်ပြိုင်နက် တံခါးကို ခေါက်သံ ကြားလိုက်သဖြင့် ရိုလင်က 'ဝင်ခဲ့' ဟု ပြောလိုက်ရာတွင်၊ ခန်းမကြီးထဲ၌ တွေ့ခဲ့ဖူးသော အင်္ဂလိပ်လူမျိုးသည် အခန်းထဲသို့ ဝင်လာလေ၏။ အင်္ဂလိပ်သည် ရိုလင် ညွှန်ပြသော ကုလားထိုင်တွင် ထိုင်လျက် ရိုလင်ကို အကူအညီ တောင်းလိုသော ဆန္ဒနှင့် လာရောက်ခြင်း ဖြစ်ကြောင်း ပြော၍၊ စာတစ်စောင်ကို ထုတ်ပြရာ ရိုလင်လည်း အောက်ပါအတိုင်း ရေးသားထားသော စာကို ဖတ်ရှုရလေ၏။

ပြင်သစ်နိုင်ငံတော် သမ္မတ အစိုးရ၏ နာမည်ဖြင့်–



www.burmeseclassic.com

www.burmeseclassic.com



ဤစာ လက်ကိုင်ရှိသူ ဆာဗ္ဗနီတနီလေးအား ပြင်သစ်ပြည်ကြီး အတွင်း လွတ်လပ်စွာ သွားလာခွင့် ရှိစေရန် အာဏာပိုင်အဖွဲ့က အမိန့် ထုတ်ဆင့်လိုက်သည်။ ဤ ပုဂ္ဂိုလ်အား လိုအပ်သော အကူအညီကိုလည်း ပေးရမည်။

(ပုံ) စိုးချိ

သက်ဆိုင်သူတို့သို့…

ဆာဗ္ဗနီတနီလေးမှာ လူ သတ္တဝါ အပေါင်းတို့၏ ကောင်းကျိုးကို လိုလားသူ တစ်ယောက်ဖြစ်၍ လွတ်လပ်ရေး၏ မိတ်ဆွေကြီး တစ်ယောက် ဖြစ်သည်။

(ပုံ) ဘာရတ်စ်

'ဖတ်ပြီးပြီလား'

'ဖတ်ပြီးပါပြီ၊ ဒါ ဘာဖြစ်သလဲ'

'ကျွန်တော့်အဖေက ဘာရတ်စ်ကို ကျေးဇူး ပြုခဲ့ဖူးတယ်။ ဒါကြောင့် သူ့သား ဖြစ်တဲ့ ကျွန်တော့်ကို ပြင်သစ်ပြည်မှာ လှည့်လည်ကြည့်ဖို့ အခွင့်ပြု ထားတယ်။ ကျွန်တော်က လှည့်လည်ကြည့်ရတော့ ပြင်သစ်လူမျိုးကို သိပ် သဘောကျနေပြီ'

'ဝမ်းသာပါတယ် ဗျာ'

'အထူးသဖြင့် ဂျင်နရယ် ဘိုနပတ်ကို သိပ်သဘောကျတယ်ဗျာ'

'ဟုတ်ပါ့မလား ခင်ဗျာ'

'အမှန်စင်စစ် ကြီးကျယ်တဲ့ လူတစ်ယောက်ပါပေပဲ၊ ကျွန်တော်က ချီးကျူးပါတယ်'

'ခင်ဗျား ဒီလို ပြောတာကို ဂျင်နရယ် ဘိုနပတ် ကြားစေချင်တယ် ဗျာ'

'သူ ရှိလျှင် ကျွန်တော် ဒီလို ပြောမယ် မဟုတ်ဘူးဗျ'

'ဘာကြောင့်လဲဗျ'





'သူ့ကို မြှောက်တယ် ထင်မှာ စိုးလို့ပေါ့ဗျ'

'သြော် …'

'ခင်ဗျားက ဂျင်နရယ် ဘိုနပတ်အတွက် ခုခံ ပြောခြင်းကိုလည်း ကျွန်တော်က သိပ် သဘောကျတယ်'

'ကောင်းပါလေ့ဗျာ'

'သို့သော် ဟိုလူကို ပန်းကန်ပြားနဲ့ ပေါက်တာ တွေ့ရတော့ ဝမ်းနည်းတယ်ဗျာ'

'ဘာကြောင့်လဲဗျ'

'ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ အင်္ဂလန်မှာ လူကုံထံ တစ်ဦး တစ်ယောက်က အခြား လူကုံထံ တစ်ယောက်ကို ပန်းကန်ပြားနဲ့ ပေါက်တဲ့ ထုံးစံ မရှိဘူးဗျ'

'ခင်ဗျားက ကျွန်တော့်ကို ဩဝါဒ ပေးချင်လို့ လာခဲ့တာလား'

'ဒါကြောင့် လာခြင်း မဟုတ်ပါဘူး။ ဘာဂျိုးနဲ့ တစ်ယောက်ချင်း ဘိုက်ရမည့် အရေးမှာ "စက်ကင်း"တစ်ယောက် လိုနေတယ် ထင်လို့ လာခဲ့ခြင်း ဖြစ်ပါတယ်'

'နေရာ ကျလိုက်လေဗျာ၊ ကျွန်တော်က ခုနင်ကလေးတွင် ဒီအကြောင်း သတိရလို့ စဉ်းစားမိသေးတယ်'

'စဉ်းစားမနေပါနဲ့တော့၊ ကျွန်တော့်ကို သဘောကျလျှင် စက်ကင်းအဖြစ်နဲ့ လက်ခံနိုင်ပါတယ်'

'ဒီလိုဆိုလျှင် ဝမ်းမြောက်ဝမ်းသာ လက်ခံတာပေါ့ ဆာဗ္ဗနီ'

'ကိုင်း ဒါဖြင့် ဒီကိစ္စ ပြီးပြတ်ပြီ ထားလိုက်ကြပါစို့'

'သို့သော် ဆာဗ္ဗနီက ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ ပြောပြပြီးလို့ ကျွန်တော့်ဘက်က ဝတ္တရား ကျန်ပေသေးတယ်'

'ပြောချင်လည်း ပြောပြတာပေါ့ဗျာ'

'ကျွန်တော့် နာမည်က "မွန်ထရီဘဲ" ပါတဲ့။ ဂျင်နရယ်ဘိုနပတ်ရဲ့ ကိုယ်ရုံတော်ပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဝမ်းသာတယ်ဗျာ'

'ဒါကြောင့်မို့လို့ သူ့ကို ထိခိုက်တဲ့ စကားကို ကျွန်တော် မခံမရပ်နိုင်အောင် ဖြစ်တာပေါ့ ခင်ဗျ'

'မခံမရပ်နိုင်တာက ကိစ္စ မရှိပါဘူး။ ပန်းကန်ပြားကသာ ဆိုးပါတယ်'

'အမှန်ကတော့ လက်ထဲမှာ ပန်းကန်ပြား ကိုင်ထားတာနဲ့ ဘိုနပတ်ကို ပုတ်ခတ်တဲ့စကား ကြားရတာနဲ့ တစ်ချိန်တည်း ဖြစ်နေလို့ ပြုမိပြုရာ ပြုလိုက်မိခြင်း ဖြစ်ပါတယ်။ စိတ်ပါလှလို့တော့ မဟုတ်ပါဘူး'

'ဒါဖြင့် ဟိုလူကို ဒီအတိုင်း ဖွင့်ပြောပြီး ဝန်ခံမယ်လား'

'ဟာ ဒီလိုတော့ ဝန်ခံနိုင်ရိုးလား ခင်ဗျာ၊ ခင်ဗျား ကျေနပ်အောင် ပြောပြခြင်း ဖြစ်ပါတယ်'

'ဒါဖြင့် တစ်ယောက်ချင်း တိုက်ကြတော့မယ်ပေါ့'

'ဒါကြောင့် ကျွန်တော် တမင် ချန်နေရစ်ခဲ့တာပဲ'

'လက်နက်ကကောဗျာ'

'ဒါက ကျွန်တော့်ကိစ္စ မဟုတ်ပါဘူး'

'ဘာကြောင့်လဲဗျာ'

'ထုံးစံက စော်ကားခံရတဲ့ လူက လက်နက်ရွေးချယ်ဖို့ အခွင့် ရှိတယ်။ ဘာဂျိုးရဲ့ တာဝန်ပဲ'

'သူက သေနတ်နဲ့ တိုက်ကြဖို့ ဆုံးဖြတ်လျှင် အကွာအဝေး ဘယ်လောက် ထားမလဲ'

'ဒီဟာက စက်ကင်း လုပ်မည့်သူရဲ့ တာဝန်ဖြစ်လို့ ခင်ဗျား စီစဉ်ရလိမ့်မယ်။ ခင်ဗျားတို့ အင်္ဂလန်မှာ ဘယ်လို ထုံးစံရှိတယ် မဆိုနိုင်ဘူး။ ကျွန်တော်တို့ ပြင်သစ်ပြည်မှာတော့ ကာယကံရှင်များ ကိုယ်တိုင် မစီစဉ်ဘဲ ဒီကိစ္စတွေကို စက်ကင်း လုပ်မည့် လူတွေက စီစဉ်ရတယ်'

'ဒါဖြင့် ကျွန်တော် စီမံတဲ့အတိုင်း ခင်ဗျား ကျေနပ်တယ်ပေါ့'





'မှန်ပါတယ်'

'ဘယ်နေ့ ဘယ်အချိန်လဲ'

'တတ်နိုင်သမျှ မြန်မြန် စီမံပါ၊ ကျွန်တော့် အိမ်သားများနဲ့ မတွေ့ရတာ နှစ်နှစ်လောက် ရှိပါပြီ။ မြန်မြန်ပြီးလေ ကောင်းလေပါပဲ'

ရိုလင်သည် ဤတိုက်ပွဲ၌ မိမိ ကျဆုံးရန် မဖြစ်နိုင်သကဲ့သို့ စိတ်ချလက်ချ ပြောဆိုလျက် ရှိသည်နှင့် ဆာဂျွန်လည်း အံ့အားသင့်လျက် မော့ကြည့်မိ၏။ ထိုခဏ၌ တံခါးကို ခေါက်သံ ကြားသဖြင့် ရိုလင်က 'ဝင်ခဲ့' ဟု ပြောလိုက်ရာတွင်၊ ဟိုတယ်ရှင်သည် စက္ကူကတ်ကလေး တစ်ခုနှင့် ဝင်လာ၍ ရိုလင်အား ကတ်ကို ပေးလိုက်သဖြင့် ဖတ်ကြည့်ရာ "ဗလင်းဆိုးလ်" ဟူသော အမည်ကို တွေ့ရလေ၏။ ရိုလင်သည် စက္ကူကတ်ကို ဆာဂျွန်လက်သို့ ပေးအပ်၍ ဗလင်းဆိုးလ် ဆိုသည်မှာ ဂျိုး၏ စက်ကင်းဖြစ်ကြောင်း၊ စက်ကင်း အချင်းချင်း စကားပြောကြရန် ပြောလေ၏။ နောက်ဆုံး၌ ဆာဂျွန်က ဤကိစ္စကို ကျွန်တော် ပြီးပြတ်အောင် စီမံပေးပါမည်ဟု တာဝန်ခံ၍၊ ကိစ္စ ပြီးစီးသည်နှင့် တစ်ပြိုင်နက် ဤနေရာသို့ ပြန်လာခဲ့မည်ဟု ပြောပြီးလျှင် ဟိုတယ်ရှင်နှင့်အတူ အခန်းမှ ထွက်လာခဲ့လေ၏။

ဆာဂျွန် ထွက်သွားပြီးနောက် ရိုလင်သည် ကလောင်တံကို ကောက်၍ စာများ ရေးသားလေ၏။

ဆာဂျွန် ပြန်ရောက်လာသော အခါ၌ ရိုလင်မှာ စာနှစ်စောင် ရေးပြီး၍ ဘတိယ စာတစ်စောင်ကို အစ ပြုလျက်ရှိရာ ဆာဂျွန်အား 'ခေတ္တစောင့်ပါဦး' ဟု ပြော၍ ၎င်းစာကို လက်စသတ်ပြီးမှ ဆာဂျွန်ဘက်သို့ လှည့်လေ၏။

'ကိစ္စ ပြီးခဲ့ပြီလား'

'လွယ်လွယ်နဲ့ ပြီးခဲ့ပါတယ်၊ ခင်ဗျား တိုက်ရမည့် လူက ရှေ့တော်စစ်ယောက်ပေပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် သာကောင်းတာပေါ့ ခင်ဗျာ'

'တိုက်ရမည့် အချိန်က နောက် ၂ နာရီ၊ နေရာက "ဇော်ကလူးဖောင်တိန်" နားမှာ၊ သေနတ် တစ်လက်စီနဲ့ မျက်နှာချင်းဆိုင် ရပ်ပြီး တစ်ယောက်ဆီ တစ်ယောက် လှမ်းလာရမယ်။ ပစ်တာကတော့ ကိုယ်ပစ်ချင်တဲ့ အချိန်မှာပစ်နိုင်တယ်။ တစ်ယောက်က ပစ်ပြီးရင် ကျန်တစ်ယောက်က ရှေ့ဆက်ပြီးလှမ်းနိုင်တယ်'

'နေရာကျလိုက်လေ ဆာဂျွန်၊ လက်နက်ကကော ဘယ်လိုလဲ'

'ကျွန်တော့် ပစ္စတိုကို သုံးဖို့ သဘောတူကြတယ်။ သိပ်ကောင်းတဲ့သေနတ်တွေပါ။ ကျွန်တော် ကိုယ်တိုင်တော့ ခြေလှမ်း နှစ်ဆယ်ကနေပြီးမောင်းချွားအသွားကို ထိအောင် ပစ်နိုင်တယ်'

'ခင်ဗျား သိပ် လက်ဖြောင့်ပါကလား'

'အင်္ဂလန်မှာတော့ လက်အဖြောင့်ဆုံး တစ်ယောက်လို့ ဆိုကြတာပဲ'

'နေရာ ကျလိုက်လေ ခင်ဗျာ၊ သေချင်စိတ် ရှိလာတဲ့ အခါမှာခင်ဗျားကို ရန်စလိုက်ရင် ကိစ္စ ပြီးနိုင်တယ်ဗျို့'

'ကျွန်တော့်ကိုတော့ ရန်မစပါနဲ့ဗျာ၊ တောင်းပန်ပါရစေ။ ခင်ဗျားနဲ့ကျွန်တော် မတိုက်လိုပါဘူး'

'ကျွန်တော် ကြိုးစားပြီး ရှောင်ပါမယ် ခင်ဗျာ၊ ဇော်ကလူးဖောင်တိန်ဆိုတာ ဘယ်လောက် ဝေးသလဲ'

'၁၂ မိုင်လောက် ဝေးတယ်'

'ဒါဖြင့် တစ်နာရီခွဲ ခရီးလောက်ပေါ့။ ဒီလိုဆိုရင် အချိန် များများမရှိတော့ဘူး။ ရှေ့လျှောက် ပျော်စရာတွေချည်း ကျန်နေအောင် စိတ်ရှုပ်စရာကိစ္စတွေ ရှင်းလင်းပစ်လိုက်ကြဦးစို့'

ဆာဂျွန်လည်း အံ့သြသော မျက်နှာနှင့် ရိုလင်ကို လှမ်းကြည့်လိုက်ရာ၊ ရိုလင်ကမူ ဂရုမစိုက်ဘဲ ဆက်လက်၍ ပြောလေ၏။

'ဟောဒီမှာ စာသုံးစောင် ရှိတယ်။ တစ်စောင်က ကျွန်တော့် အဖေ





ဖို့၊ ဒုတိယ စာက ကျွန်တော့် နှမဖို့၊ တတိယ စာက ကျွန်တော့်ဆရာ ဂျင်နရယ် ဘိုနပတ်ဖို့။ ကျွန်တော် မတော်တဆ သေလို့ရှိရင် ဒီစာတွေကို စာတိုက်မှ ထည့်ပေးပါ'

'မတော်တဆ ဖြစ်သွားရင် ကျွန်တော်ကိုယ်တိုင် သွားပေးပါ့မယ်။ အမေနဲ့ နှမက ဘယ်မှာ နေကြသလဲ'

'ဘိုဂ်မြို့မှာ နေပါတယ်'

'ဒါဖြင့် အနီးကလေးပဲ၊ ဂျင်နရယ် ဘိုနပတ်ရဲ့ စာကိုလည်း အီဂျစ်ကို ကျွန်တော်ကိုယ်တိုင် သွားပေးပါ့မယ်။ ဘိုနပတ်ကို ကျွန်တော် တွေ့ချင်ပါတယ်'

'အီဂျစ်ကိုတောင် သွားဖို့ မလိုပါဘူး၊ ၃ ရက်အတွင်း ပါရစ်မြို့ကို ဘိုနပတ် ရောက်လာပါလိမ့်မယ်'

'ဩော် ... ဟုတ်ကဲ့လား၊ ခင်ဗျားဆရာ ဂျင်နရယ် ဘိုနပတ်က လူထူး တစ်ယောက်ပဲဗျ။ ဒီပြင်ကော ဘာများ မှာထားစရာ ရှိသေးသလဲ'

'တစ်ခုတည်း မှာချင်ပါတယ်။ မတော်တဆ ကျွန်တော် ကျခဲ့လို့ရှိရင် ကျွန်တော့်အလောင်းကို မွေးသမိခင်ထံ ပို့ပေးစေချင်ပါတယ်'

'ဒါလည်း မခက်ပါဘူး၊ စာပေးရင်း ခေါင်းထဲ ထည့်ယူသွားရုံပေါ့'

'နေရာကျသဗျာ၊ ခင်ဗျားနဲ့ တွေ့ရတာ ဘုရားသခင် ဆုံစည်းပေးခြင်းနဲ့ တူတယ်။ ကိုင်း သွားကြစို့ ဆာဂျွန်'

ရိုလင်နှင့် ဆာဂျွန်တို့သည် ရိုလင်၏ အခန်းမှ ထွက်လာကြ၍ ဆာဂျွန်၏ အခန်းသို့ ရောက်သောအခါတွင် ဆာဂျွန်သည် အခန်းထဲသို့ ဝင်၍ ပစ္စတိုသေနတ်များ ထည့်ထားသော သေတ္တာတစ်လုံးကို ယူခဲ့လေ၏။ ထို့နောက် မိတ်ဆွေနှစ်ယောက်တို့သည် ဟိုတယ်မှ ထွက်လာကြ၍ အသင့်ရှိနေသော ဆာဂျွန်၏ ပိုရှေးပေါ်သို့ တက်ပြီးလျှင် ဇော်ကလူးဖောင်တိန်တောင်းဆီသို့ မောင်းနှင်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၄

ရိုလင်နှင့် ဆာဗျွန်တို့သည် မြင်းရထားကို ရွာကလေး တစ်ရွာ၌ ထားခဲ့၍ ဇော်ကလူးဖောင်တိန်သို့ ခြေကျင် လျှောက်လာခဲ့ကြရာ၊ ရောက်လာသော အခါ၌ ဘာကျိုးတို့လူစု မရောက်သေးသည်နှင့် စောင့်ဆိုင်းနေကြရလေ၏။ ထိုအတောအတွင်း၌ ရိုလင်သည် တေးချင်းတစ်ပုဒ်ကို အသံကုန် ဟစ်၍ သီဆိုလေရာ၊ ပျော်ရွှင်၍ သီဆိုခြင်း မဟုတ်ဘဲ တစ်စုံတစ်ခု ပြုမိပြုရာ ပြုလုပ်ပါမှ ရင်ချောင်တတ်သော သဘာဝကြောင့် သီဆိုခြင်း ဖြစ်သည်ဟု ဆာဗျွန် ရိပ်မိလေ၏။

အနည်းငယ် ကြာလတ်သော် ဘာကျိုးနှင့် စက်ကင်း တစ်ယောက် အပြင် လူတစ်ယောက်လည်း လိုက်ပါလာလေရာ၊ တတိယလူမှာ ဆရာဝန် တစ်ယောက် ဖြစ်ကြောင်းကို ဆာဗျွန်က ပြောပြသည်နှင့် တစ်ပြိုင်နက် ရိုလင်က မိမိတို့ တိုက်ရမည့် အရေးမှာ ဒဏ်ရာရရုံနှင့် မပြီးဘဲ အသက်သေ သည်တိုင်အောင် တိုက်ကြရမည် ဖြစ်သောကြောင့် ဆရာဝန်တစ်ယောက် ခေါ်ဆောင်ခဲ့ခြင်းမှာ အပိုသက်သက် ဖြစ်နေကြောင်း ပြောပြလေ၏။

ဘာကျိုးတို့လူစု ချဉ်းကပ်လာကြ၍ ထုံးစံအတိုင်း ဦးညွှတ်ကာ နှုတ်ဆက်ကြပြီးနောက် ဆာဗျွန်က ရိုလင်အား ဖောင်တိန်ဆီသို့ သွား၍ စောင့်နေရန် မှာထားပြီးလျှင် ဘာကျိုးတို့ လူစုနှင့် စီစဉ်လေ၏။ ဆာဗျွန် သည် သေတ္တာကို ဖွင့်၍ သေနတ် နှစ်လက်ကို ထုတ်ပြီးလျှင် ဘာကျိုး၏ စက်ကင်းအား ပြသလေရာ၊ စက်ကင်းသည် သေနတ်များကို ကိုင်၍ သေချာ စွာ စစ်ဆေး ကြည့်ရှုလေ၏။ ဘာကျိုးကမူ လုံးဝ ကိုင်တွယ် ကြည့်ရှုခြင်း မပြုချေ။ ၎င်းနောက် စက်ကင်းက ဆာဗျွန်အား ရိုလင်သည် ဤ သေနတ် များကို ကိုင်တွယ် ကြည့်ရှုဖူးပါသလောဟု မေးရာ မြင်ရုံမျှပင် မမြင်ဖူးဘူး ကြောင်းဖြင့် ကျိန်တွယ် ပြောပြသည်တွင်၊ စက်ကင်းက ကျိန်တွယ်ဖို့ မလို မမြင်ဖူးပါဟု ပြောလျှင် လုံလောက်ပါပြီဟု ပြောလေ၏။

ထို့နောက် အစီပွာယ် အယူအဆ လွဲမှားခြင်း မဖြစ်ရန်အတွက်





တိုက်ခိုက်ကြမည့် စည်းကမ်းချက်များကို ထပ်လောင်း ရှင်းလင်း ပြောပြ ပြီးလျှင်၊ သေနတ်များကို ယမ်းတောင့် ထိုး၍ သေတ္တာထဲသို့ ထည့်ပြီးမှ သေတ္တာကို ဆရာဝန်၏ လက်၌ အပ်ထားကြ၏။ ၎င်းနောက် ဆာဗျွန်သည် သေတ္တာကို သော့ခတ်၍ သော့ကို အိတ်ထဲ၌ ထည့်ပြီးလျှင် ရိုလင် ရှိရာသို့ သွား၍ ခေါ်လာခဲ့၏။

တိုက်ခိုက်ရန် ရွေးချယ်ထားသော နေရာမှာ တောင်ကြီး တစ်လုံး၏ ကျောက်စွန်းပေါ်၌ တည်ရှိ၍၊ အနီးအပါးတွင် ရဲတိုက်ပျက်ကြီး တစ်ဆောင် ရှိ၏။ ကျောက်စွန်းပေါ်၌ အလျား ပေ ၁၅၀၊ အနံ ပေ ၆၀ ခန့် ရှိသည့် ပြန့်ပြူး ညီညာသော မြေပြင်ကြီး ရှိရာ၊ ထိုနေရာ၌ တိုက်ခိုက်ကြရမည် ဖြစ်လေသည်။ ၎င်းနောက် ဘာကျိုး၏ စက်ကင်း ဖြစ်သော ဗလင်းဆိုးလ်က စည်းကမ်းချက်များကို ထပ်လောင်း ပြောပြသည်မှာ တစ်ယောက်ကို တစ် ယောက် မျက်နှာချင်းဆိုင်လျက် ခြေလှမ်း ၄၀ ကွာလှမ်းသော နေရာတွင် အသီးသီး ရပ်နေကြရမည့် အကြောင်း၊ အချက်ပေးလိုက်သည်နှင့် တစ်ပြိုင် နက် တစ်ယောက်ရှိသော နေရာသို့ တစ်ယောက် လျှောက်လာရမည့် အကြောင်း၊ မည်သူကမဆို ပစ်လိုသော အချိန်၌ ပစ်နိုင်ကြောင်း၊ ထိုကဲ့သို့ နေလိုက်သဖြင့် ဒဏ်ရာ ရသည် ဖြစ်စေ၊ မရသည် ဖြစ်စေ မပစ်ရသော လူသည် ဆက်လက် လျှောက်နိုင်ခဲ့လျှင် လျှောက်လာ၍ မိမိ သဘောကျ သော နေရာမှ ပစ်နိုင်ကြောင်း၊ ပထမ ပစ်ပြီးသော လူကမူ ထွက်ပြေး ပုန်းရှောင်ခြင်း မပြုဘဲ မိမိ ရောက်သော နေရာ၌ ရပ်နေရမည့် အကြောင်း များပင် ဖြစ်လေသည်။

ထိုကဲ့သို့ ရှင်းလင်း ပြောပြပြီးသောအခါ ဆာဗျွန်သည် သော့ကို ဖော်၍ သေတ္တာကို ဖွင့်ပြီးလျှင် ဘာကျိုးအား ကြိုက်ရာ သေနတ်ကို ရွေးချယ် စေ၏။ ဘာကျိုးက ရိုလင်အား ရှေးဦးစွာ ရွေးချယ်ခွင့်ပြုဖို့ ပြောသော်လည်း ရိုလင်က ငြင်းပယ်သည်နှင့် ဘာကျိုးပင် သေနတ်တစ်လက်ကို အရမ်း နှိုက်ယူ ခိုင်းလေ၏။ ထို့နောက် ဆာဗျွန်သည် ကျန်သော သေနတ်ကို ရိုလင်သို့



www.burmeseclassic.com

www.burmeseclassic.com



ကမ်းပေးလိုက်ရာ ရိုလင်သည် သေနတ်ကို ယူ၍ သေချာစွာပင် ကြည့်မနေဘဲ မောင်းတင်ပြီးလျှင် လက်ကို အောက်သို့ ချကာ ကိုင်ထားလေ၏။ ထိုအတောအတွင်း၌ ဗလင်းဆိုးလ်သည် ခြေလှမ်း ၄၀ တိုင်းထွာ၍ ကြိမ်လုံး စိုက်ထူကာ မှတ်ထားလေ၏။

ဘာဂျိုးသည် ဦးထုပ်နှင့် အင်္ကျီတို့ကို ချွတ်၍ ပထမ နေရာ၌ ရပ်နေလေရာ၊ ဆရာဝန်နှင့် စက်ကင်း နှစ်ယောက်တို့သည် နံဘေးမှ ရှောင်နေကြ၏။ ရိုလင်သည် ဦးထုပ်နှင့် အင်္ကျီကို ချွတ်ချ၍ ဒုတိယနေရာသို့ သွားပြီးလျှင် ဘာဂျိုးနှင့် မျက်နှာချင်းဆိုင်ကာ ရပ်နေလေ၏။ ထို့နောက် စက်ကင်း တစ်ယောက်က အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ရိုလင်သည် ညနေခင်း အချိန်တွင် အညောင်းပြေ လမ်းလျှောက်သော အမူအရာမျိုးဖြင့် ခပ်အေးအေး လျှောက်လာလေရာ၊ ဘာဂျိုးမှုကား သေရေး ရှင်ရေး ကိစ္စတစ်ခု ဖြစ်သည့် အားလျော်စွာ သတိနှင့် လျှောက်လာလေ၏။ လူနှစ်ယောက်တို့သည် သေနတ်ကို အဆင်သင့် ကိုင်လျက် မျက်နှာချင်းဆိုင် လျှောက်လာကြသဖြင့် တစ်ယောက်နှင့်တစ်ယောက် နီးကပ်သည်ထက် နီးကပ်လာလေရာ၊ ဘာဂျိုးသည် ရှေးဦးစွာ ရပ်တန့်၍ သေနတ်ဖြင့် ချိန်ပြီးလျှင် ၁၀ လှမ်းခန့် ဝေးကွာသော နေရာ၌ ရှိသည့် ရိုလင်ကို ပစ်လိုက်၏။ ကျည်ဆန်သည် ရိုလင်ကို မထိမှန်ဘဲ ဆံပင် တစ်ခွေကိုသာလျှင် ပြတ်ကျသွားစေရာ၊ ဘာဂျိုးသည် စက်ကင်းများ ရှိရာသို့ လှည့်ကြည့်လိုက်သဖြင့် စက်ကင်းများက 'ပစ်ပါတော့ မော်ဇယာ၊ ပစ်ပါတော့' ဟု အော်၍ ပြောလိုက်ကြ၏။

ဘာဂျိုးမှာမူ သေနတ်နှင့် ပစ်ပြီးသည်နောက် မိမိ၏ နေရာတွင် မလှုပ်မရှားဘဲ ရပ်နေလေ၏။

ထိုအခါ ရိုလင်က 'ကျွန်တော် ပစ်ချင်တဲ့ အချိန်ကျတော့မှ ပစ်ချင်သလို ပစ်နိုင်ခွင့် ရှိတယ် မဟုတ်ပါလား ခင်ဗျာ။ မော်ဇယာ ဘာဂျိုးက ပစ်ပြီးပြီမို့ သူ့ကို ကျွန်တော် ပြောချင်တဲ့ စကားကလေး ပြောစမ်းပါရစေလား ခင်ဗျာ' ဟု ပြောပြီးလျှင်၊ ဘာဂျိုး ဘက်သို့ လှည့်လျက် 'ဒီကနေ့မနက် စကားပြောကြတုန်းက ကျွန်တော်က တစ်ဆိတ် အလျင်လိုလွန်းသွားတယ် ထင်ပါရဲ့ ခင်ဗျာ' ဟု စကားပြေ ပြောလိုက်၏။ ဘာဂျိုးကမူ ရိုလင်၏ စကားကို အရေးမလုပ်ဘဲ 'ပစ်ပါ ခင်ဗျာ' ဟူ၍သာ ပြန်ပြော၏။





လင် ။ ။ 'ကျွန်တော်ဟာ စစ်မှုထမ်း တစ်ယောက်လည်း ဖြစ်ပြန်၊ ဂျင်နရယ် ဘိုနပတ်ရဲ့ ကိုယ်ရံတော် တစ်ယောက်လည်း ဖြစ်ပြန်လေတော့ သူ့အကြောင်းကို ကြားရတဲ့ အခါမှာ မခံချင်တဲ့ စိတ်အလျောက် ပြုမိပြုရာ ပြုမိပေလိမ့်မယ် ဆိုတာကို ခင်ဗျား သဘောပေါက်တယ် မဟုတ်ပါလား ခင်ဗျာ'

'ပစ်ပါ ခင်ဗျာ၊ ပစ်ပါ'

'ခင်ဗျား ပြောတဲ့ အဲဒီတာလျံ စကားပုံဟာ ဂျင်နရယ် ဘိုနပတ်ကို စစ်ရှုံးလို့မို့ မလိုမုန်းတီးတဲ့ လူတွေက စတင်ပြီး တီထွင်ခဲ့ခြင်း ဖြစ်လို့ ဘိုနပတ်ရဲ့ ဂုဏ်အသရေကို မထိခိုက်နိုင်ပါဘူးလို့ တစ်ခွန်းတည်း ပြောလိုက်ပါ ခင်ဗျာ။ ဒီသေနတ်ကို ပစ်ချပြီး ခင်ဗျား လက်ကို ကျွန်တော် ဆွဲပါ့မယ်။ ခင်ဗျားလည်း သတ္တိကောင်းတစ်ယောက် ဖြစ်ကြောင်း ကျွန်တော် သိပါတယ်'

'ခင်ဗျား ဂျင်နရယ်က ပြင်သစ်ရိုးရာမင်းဆက် တစ်ယောက်ယောက်ကို နန်းပေါ် ပြန်မတင်ပေးသမျှ ကာလပတ်လုံး ခင်ဗျား ပြောစေလိုတဲ့ စကားကို ကျွန်တော် မပြောနိုင်ပါဘူး ခင်ဗျာ'

'သမ္မတအစိုးရ စစ်ဗိုလ်တစ်ယောက်က ခင်ဗျား ပြောသလို ဘယ်နည်းလုပ် ပေးနိုင်ပါ့မလဲ ခင်ဗျာ'

'ဒီလိုဆိုရင်တော့ ကျွန်တော် ပြောခဲ့တဲ့ စကားကို မရုပ်သိမ်းနိုင်ပါဘူး။ ပစ်ပါ ခင်ဗျာ၊ ပစ်သာ ပစ်ပါတော့'

ရိုလင်လည်း သေနတ်နှင့် မပစ်သေးဘဲ အေးအေးဆေးဆေး လုပ်နေတွင် ဘာဂျိုးသည် မြေကြီးကို ခြေနှင့် ဆောင့်လျက် 'ပစ်ပါတော့ဗျး ပစ်ပါ ပစ်ပါ' ဟု ဟစ်အော် ပြောဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ရိုလင်သည် သေနတ်ကို အထက်သို့ ထောင်၍ လေထဲသို့ ပစ်တော့မည် ပြုလေရာ၊ ဘာဂျိုးက 'မလုပ်ပါနဲ့ဗျာ၊ အပေါ်တော့ ထောင် မပစ်ပါနဲ့၊ အပေါ် ထောင်ပစ်ရင်တော့ ကျွန်တော်က အသစ် ပြန်စပြီး ခင်ဗျား ပထမ ပစ်ဖို့ တိုက်တွန်းရလိမ့်မယ်'

'တယ်ခက်တဲ့ လူပါလား၊ မသေစေချင်လို့ ရှောင်ပေမဲ့ ရှောင် မဖြစ် အောင် အကျပ်ကိုင်နေတော့တာကိုးဗျ။ ကိုင်း ဒါလောက်တောင် ရှိမှ သွား ရှာလေရော့ကွာ' ဟု ပြောလျက် ရိုလင်သည် သေနတ်ကို ချိန်မနေဘဲ ပစ် လိုက်လေ၏။ ဘာဂျိုးသည် ရင်ဘတ်ပေါ်သို့ လက်နှင့် ရုတ်တရက် ဖုံးအုပ် ကာ ယိမ်းယိုင်နေပြီးမှ မြေကြီးပေါ်သို့ မျက်နှာနှင့် ကျသွားလေ၏။ ရိုလင် ပစ်လိုက်သော ကျည်ဆန်သည် ဘာဂျိုး၏ နှလုံးသားကို ဖောက်သွားလေပြီ။

ဆာဂျွန်သည် ဘာဂျိုး လဲကျသွားသည်ကို မြင်၍ ရိုလင်ထံသို့ ပြေး သွားပြီးလျှင် ဦးထုပ်နှင့်အင်္ကျီ ချွတ်ထားသော နေရာသို့ ဆွဲခေါ်သွားရာ ရိုလင်က 'ဒီလူပါ သုံးယောက်ရှိပြီ ခင်ဗျာ၊ သူ့ ကိုတော့ မသေပါစေနဲ့လို့ ကျွန်တော် ကြိုးစားတာ ခင်ဗျား မြင်တဲ့ အတိုင်းပါပဲ'

ဆရာဝန်သည် ဘာဂျိုးကို စမ်းသပ်ကြည့်ရှု၍ အသက်ကုန်နေ ကြောင်း တွေ့ရလေရာ၊ ရိုလင်လည်း မိမိ သေနတ်ကို ဆာဂျွန်သို့ ပြန်အပ် ၍ ဗလင်းဆိုးလ်လည်း မြေပေါ်၌ ကျနေသော ဘာဂျိုး၏ သေနတ်ကို ကောက်ယူ ပေးအပ်လေ၏။ ဗလင်းဆိုးကမူ ရိုလင်ကို ကြည့်လျက် 'ခင်ဗျား လူသတ်တဲ့ဓာတ်ာ ပါတယ်ဗျို့' ဟု ပြောလေ၏။

## အခန်း ၅

ဟိုတယ်သို့ ပြန်ရောက်ကြသောအခါ ဆာဂျွန်သည် မိမိ အခန်းသို့ တက် သွား၍ သေနတ်များကို သိမ်းထားခဲ့ပြီးလျှင်၊ ရိုလင် အပ်ထားသော စာ သုံးစောင်ကို ယူလာ၍ ရိုလင်အား ပေးအပ်လေ၏။ ရိုလင်သည် စာသုံးစောင် အနက် မိခင်ထံသို့ ရေးထားသောစာကို ဖွင့်ဖတ်ရင်း မျက်ရည်များ စီးကျ





သာလေရာ ဆာဂျွန်လည်း အံ့သြစွာနှင့် ငေးကြည့်နေလေ၏။ စာဖတ်၍ ဆုံးသောအခါ၌ ရိုလင်က 'ဪ ... အေးအေးဆေးဆေး သေများသွားလျှင် တော့ ဒီစာကလေး ဖတ်ပြီး ဘယ်လောက်များ ငိုရှာမယ်လို့' ဟု ပြောလျက် စာ သုံးစောင်လုံးကို ဆုတ်၍ မီးရှို့ပစ်လိုက်လေ၏။ ၎င်းနောက် ရိုလင်သည် ဒုင်နရယ် ဘိုနပတ်ထံသို့ အောက်ပါ စာတစ်စောင်ကို ရေးလေ၏။

ကျွန်တော် ပြောသည့်အတိုင်း ဖြစ်နေပါသည်။ ကျွန်တော် ရှင်၍ သူ သေပါသည်။ ကျွန်တော် ပြောသည့်အတိုင်း မှန်သည်ဟု ဝန်ခံထိုက်ပါသည်။

ရိုလင်

ရိုလင်သည် စာကို စာတိုက်သို့ ထည့်ရန် အစေခံအား ပေးအပ် ပြီးနောက်၊ ဆာဂျွန်ဘက်သို့ လှည့်လျက်...

လင် ။ ။ 'ကျွန်တော့်အတွက် အလွန် အရေးကြီးတဲ့ ကိစ္စကြီး ကို ဆောင်ရွက်ပေးပြီးလို့မို့ ကျွန်တော်ကဖြင့် ဆာဂျွန်ကို မိတ်ဆွေစစ်ကြီး တစ်ယောက်ရယ်လို့ အသိအမှတ် ပြုပြီးပါ ပြီ။ ဆာဂျွန်က ကျွန်တော့်ကို ဤနည်းအတူ သဘောထားနိုင်ပါသလား ခင်ဗျာ'

ဆာဂျွန်သည် နှုတ်ဖြင့် အဖြေ မပေးဘဲ ရိုလင်အား လက်ကို ဆန့် တန်းပေးရာ ရိုလင်လည်း ဝမ်းမြောက်စွာ ကိုင်လှုပ်လေ၏။ ထိုနောက် ရိုလင်က မိမိ သေခဲ့လျှင် မိမိ အလောင်းကို မိခင်ထံသို့ ဆာဂျွန်ကိုယ်တိုင် ပို့ပေးရမည် ဖြစ်သောကြောင့် ယခု မသေဘဲ ရှိရာတွင် မိမိနှင့်အတူ မိခင်ထံသို့ လိုက်ခဲ့စေလိုကြောင်း ပြောလေရာ၊ ဆာဂျွန်က မိမိမှာ အတိအကျ သတ်မှတ် ထားသော ခရီးစဉ် မရှိဘဲ ခြေဦးတည့်ရာ သွားမည်ဟု ကြံရွယ်ထားသော ကြောင့် ရိုလင်နှင့် အတူလိုက်ရန် မခဲယဉ်းကြောင်း ပြန်ပြောလေ၏။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com



ရိုလင်က မိခင် ရှိနေသော ဘို့ဂ်မြို့၌ ရက်သတ္တ နှစ်ပတ်ခန့် နေပြီးလျှင် မိမိနှင့်အတူ ပါရစ်မြို့သို့ လိုက်ပါခဲ့ပါက ဂျင်နရယ် ဘိုနပတ်နှင့် မိတ်ဆက်ပေးနိုင်ကြောင်း ပြောရာ ဆာဗျူန်လည်း ၎င်းအကြံကို သဘောတူလေ၏။ ထိုနောက် ထွက်ခွာမည့် နေ့ရက်ကို ရွေးချယ်ကြရာ ဆာဗျူန်၏ ပိုရှေးမှာ အဆင်သင့် ရှိနေသည် ဖြစ်သောကြောင့် ၎င်းညဉ့်ပင် ထွက်ခွာကြဖို့ စီစဉ်ကြလေ၏။

မိတ်ဆွေ နှစ်ယောက်တို့သည် ဟိုတယ်၌ ညစာ စားကြ၍ ကိုးနာရီထိုးသည်နှင့် တစ်ပြိုင်နက် ပိုရှေးနှင့် ထွက်လာခဲ့ကြရာ၊ မကြာမီအတွင်း အိပ်ပျော်ခြင်းသို့ ရောက်ကြသည် ဖြစ်၍ ကျွန်ုပ်တို့သည် ဤအခိုက်အတန့်တွင် ရိုလင်၏ အိမ်သူအိမ်သားများ အကြောင်းကို ဖော်ပြရပေမည်။

"ရိုလင် မွန်ထရီဘဲလ်"မှာ ၁၇၇၃ ခုနှစ် ဇူလိုင်လ ၁ ရက် နေ့တွင် မွေးဖွား၍ နပိုလီယန် ဘိုနပတ်ထက် လေးနှစ်ကျော်ကလေးမျှ ငယ်လေသည်။ ဖခင်မှာ စစ်မှုထမ်း ကာနယ်ချာလ်စ် မွန်ထရီဘဲလ် ဖြစ်၍ မိခင်မှာ ကရိယိုလ်ပြည်သူ "ကလိုတီလ်ဒီ" ဖြစ်ရာ၊ ၁၈ နှစ် အရွယ် နှမတစ်ယောက်နှင့် ၁၂ နှစ် အရွယ် ညီတစ်ယောက် ရှိလေသည်။ နှမ အမည်မှာ "အမီလီ" ဖြစ်၍ ညီကလေးမှာ "အက်ဒွပ်"ဟု ခေါ်လေသည်။ ၉ နှစ်သား အရွယ်တွင် ရိုလင်မှာ ပါရစ်မြို့ စစ်ကျောင်းသို့ ပို့ထား၍ ကျောင်းဆရာကြီး၏ ကောင်းမွန်သော အစီရင်ခံချက်အရ နပိုလီယန်က သာမန်စစ်သား ပညာသင်ကျောင်းမှ အရာရှိ ပညာသင်ကျောင်းသို့ ကူးပြောင်းသင်ကြားခွင့် ပြုခဲ့လေသည်။ ငယ်ရွယ်စဉ် အခါမှ စ၍ ရိုလင်မှာ ကျွန်ုပ်တို့ ကြုံခဲ့ရသည့်အတိုင်း ရန်ဖြစ်ဖို့ရာ ဦးမလေးသော သူငယ်တစ်ယောက်အဖြစ်နှင့် ထင်ရှားခဲ့လေသည်။ နပိုလီယန်မှာ ရိုလင်ကဲ့သို့ ရန်ဖြစ်တတ်သော ဝါသနာ မရှိဘဲ ခိုင်မြဲသော စိတ် ရှိခြင်းနှင့် အရှုံးမပေးတတ်သော ဇွဲရှိခြင်းတို့တွင် ရိုလင်နှင့် တူညီလေသည်။ နပိုလီယန်သည် ရိုလင်၌ မိမိနှင့် တူညီသော ဝါသနာတို့ကို သိမြင်သည် ဖြစ်၍ သူငယ်၏ ချွတ်ယွင်းချက်များကို ဇွဲမယူဘဲ ချစ်ခင်မြတ်နိုး





ခြင်း ရှိခဲ့ရာ၊ ရိုလင်ကလည်း နပိုလီယန်ကို ဆရာကောင်းတစ်ယောက် ဟူ၍ သိမြင်သည့်အလျောက် ဆည်းကပ်ခဲ့လေသည်။

နှစ်ပေါင်းများစွာ ကျော်လွန်၍ နပိုလီယန်သည် အီတလီပြည် စစ်ဦးချုပ်ကြီး ဖြစ်လာသည့်အခါ၊ ရိုလင်အား ကိုယ်ရံတော် အရာ၌ ခန့်ထားပြီးလျှင် ထိုခေတ်က နိမိတ် မကောင်းဟု ယူဆကြသော "လူဝီ" အမည်မှ "ရိုလင်" ဟူသော အမည်သို့ ပြောင်းလဲ မှည့်ခေါ်လေ၏။ ရိုလင်သည် အီတလီပြည်၌ စစ်ပွဲပြီးသည့်နောက် ပါရစ်မြို့တော်သို့ နပိုလီယန်နှင့်အတူ ပြန်လာခဲ့၏။

## အခန်း ၆

ကျွန်ုပ်တို့သည် ရိုလင်နှင့် ဆာဗျူန်တို့ကို ထားခဲ့၍ ဤဝတ္ထုတွင် အရေးကြီးသော ပုဂ္ဂိုလ်တစ်ဦး အဖြစ်နှင့် ပါဝင်သည့် မော်ဂင် အကြောင်းကို ဆက်လက် ပြောပြရပေဦးအံ့။ ထိုသူကား အခြား မဟုတ်။ အဝီနုံမြို့ ဟိုတယ်တွင်မှ လက်နက်အပြည့်အစုံ ကိုင်ဆွဲကာ နေ့ခင်းကြောင်တောင် လာ၍ အရက်ဆိုင်ရှင်သည် ပိကော့၏ ငွေ ၂၀၀၀ ပြန်ပေးခဲ့သော လူပင် ဖြစ်လေသည်။

မော်ဂင်သည် ဟိုတယ် အပြင်သို့ ရောက်သောအခါ မိမိ ချိတ်ထားခဲ့သော မြင်းပေါ်သို့ ခုန်တက်၍ မြို့ပြင်သို့ စိုင်းသွားပြီးလျှင် ခြောက်ဖာလုံခန့် ရောက်သောအခါမှ မျက်နှာဖုံးကို ဖြုတ်၍ ဆက်လက် စိုင်းသွားလေ၏။ ဓားပြဆိုးခေါင်းဆောင် အဖြစ်နှင့် နာမည် ကြီးလှသဖြင့် ကြောက်မက်ဖွယ်သော ရုပ်အဆင်း ရှိလိမ့်မည်ဟု ခန့်မှန်းကြသော လူများသည် မြင်းစိုင်းသွားသော မော်ဂင်ကို မြင်ကြရပါက မိမိတို့ ထင်ခြေ မကိုက်သဖြင့် မော်ဂင် ဖြစ်နိုင်မည် မဟုတ်ဟု ဆိုကြပေလိမ့်မည်။ စင်စစ်မှာ မျက်နှာဖုံး ဖြုတ်လိုက်သော အခါ၌ မော်ဂင်၏ မျက်နှာသည် အလွန်တရာ အဆင်ပြေ၍ သိမ်မွေ့သော မျက်နှာထားလည်း ရှိလျက် ဖြစ်သောကြောင့် မိန်းမလျာတစ်ယောက် ဟူ၍ပင် မှတ်ထင်ကြရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



မော်ဂင်သည် မျက်နှာကို အနည်းငယ် ဖုံးအုပ်မိသည့် တိုင်အောင် ဦးထုပ်ကို အောက်သို့ ဆွဲချကာ ဆောင်းထားလျက် အော်ရိန်းမြို့ထဲသို့ ဝင်သွား၍၊ အိမ်ကြီးတစ်ဆောင်၏ ဝင်းထဲသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် ဝင်းတံခါး ပိတ်သွားပြီးလျှင် အစေခံတစ်ယောက်က မြင်းကုပ်ကို ကိုင်ထားစဉ် မြင်းပေါ်မှ ခုန်ဆင်းလေ၏။

'မင်း သခင် ရှိသလား ဟေ့'

'မရှိဘူး ကိုယ်တော်၊ မနေ့ညက ထွက်သွားပါတယ်။ သို့သော် ကိုယ်တော် လာရင် အဖွဲ့ကိစ္စအတွက် သွားတယ်လို့ ပြောဖို့ မှာသွားပါတယ်'

'ကောင်းပြီ၊ မြင်းကို ရှာလကာရည် လိမ်းပေးပြီး မြင်းစာ မကျွေးဘဲ လူစားတဲ့ ပြောင်းဆန် အကောင်း ကျွေးလိုက်စမ်းဟေ့။ တစ်နေ့အတွင်း မိုင် ၁၀၀ ကျော် စီးလာခဲ့ရတယ်ကွယ့်'

'နေရာ ကျခဲ့ရဲ့လား ကိုယ်တော်'

'နေရာကျပါတယ်၊ မြင်းရထားကော ပြင်ပြီးပြီလား'

'အသင့် ပြင်ထားပါတယ် ကိုယ်တော်၊ ဒရိုင်ဘာလည်း ရောက်နေပါပြီ။ သခင်က သူ ရောက်တာကို ဒရိုင်ဘာ မြင်စေချင်လို့ ဒရိုင်ဘာကို အိမ်ပြင်မှာ ထားဖို့ မှာသွားတယ် ကိုယ်တော်'

'ဒရိုင်ဘာက မင့်သခင်ကို မောင်းပို့ရလိမ့်မယ်လို့ ထင်နေသလား'

'ဟုတ်တယ် ကိုယ်တော်၊ သခင့် နယ်ကူးလက်မှတ်ကို ကိုယ်တော့်ဖို့ ထားခဲ့ပြီး ကိုယ်တော့်လက်မှတ်နဲ့ ထွက်သွားလေရဲ့။ ပုလိပ်တွေ ဘယ်လို ပါးပေမဲ့ ကျွန်တော်တို့ ဝှက်တဲ့ ခြေရာကို မဖော်နိုင်ပါဘူး ကိုယ်တော်'

'ကုန်းနှီးမှာ ချိတ်ထားတဲ့ အိတ်ကို ဖြုတ်ခဲ့စမ်းဟေ့'

အစေခံသည် ကုန်းနှီး၌ ချိတ်ထားသော အိတ်ကို ဖြုတ်၍ မော်ဂင်ထံသို့ ယူလာခဲ့ရာတွင် လေးလံလှသဖြင့် လက်မှ လွတ်ကျသွားသည်နှင့် ငွေများ ပါလာခဲ့သည်ဟု ရိပ်မိလေ၏။ ၎င်းနောက် မော်ဂင်အတွက် ညစာ ပြင်ဆင် ကျွေးမွေးသဖြင့် မော်ဂင်လည်း ညစာ စားသောက်ဆဲတွင် အစေခံ





အား မြင်းရထားကို အိမ်ပေါက်တွင် ကပ်လျက် ရပ်ထား၍ တံခါးကို အသင့် ဖွင့်ထားရန် စေခိုင်းလိုက်၏။ ဒရိုင်ဘာအား ပထမ ခရီးစဉ်အတွက် ပေးရမည့် မြင်းရထားခကိုလည်း ပေးထားရန် အပ်နှင်းလိုက်၏။

ညစာ စားပြီးသောအခါ အစေခံ ဝင်လာ၍ မြင်းရထား အသင့် ပြင်ပြီးကြောင်း ပြောလေရာ၊ မော်ဂင်သည် ငွေအိတ်ကို ယူ၍ အိမ်ပေါက်မှ မြင်းရထားပေါ်သို့ လှမ်းတက်ပြီးသည်နှင့် တစ်ပြိုင်နက် အစေခံက ဒရိုင်ဘာအား လမ်းခရီး၌ မိမိ သခင်ကို မနှိုးရန် မှာထားရင်း ရထား တံခါးကို ပိတ်လိုက်လေ၏။

ဒရိုင်ဘာသည် မြင်းများကို ကြာပွတ်နှင့် ရိုက်၍ မြင်းရထား ထွက်ခွာသည်တွင်၊ မော်ဂင်သည် ပြတင်းပေါက်များကို ပိတ်၍ ငွေအိတ်ကို ထိုင်ခုံအောက်တွင် ဝှက်ထားပြီးနောက် အိပ်စက်ရန် ပြင်ဆင်လေ၏။ စင်စစ်မှာ ဂျာဟူး ရဲဘော်အဖွဲ့ ခေါင်းဆောင် ဖြစ်သော မော်ဂင်သည် အိမ်ရှင် ဖြစ်သည့် ဘိုဟိယာနယ်စားကြီး အသွင်ဖြင့် ခရီးသွားနေခြင်းပင် ဖြစ်လေသည်။

မော်ဂင်သည် ည ၁၁ နာရီ အချိန်တွင် ဗလင်းရွာသို့ ဆိုက်ရောက်လာလေရာ ရထားကို ရပ်တန့်၍ မြင်းများ လဲလှယ်လျက်ရှိစဉ်၊ ဒရိုင်ဘာဟောင်းက ဒရိုင်ဘာသစ်အား ခရီးသည်၏ ရက်ရောစွာ "တစ်" ပေးတတ်သော ဝါသနာအကြောင်းကို ပြောပြ၍ ၎င်းအား မနှောင့်ယှက်ဖို့ သတိပေးလေ၏။ မော်ဂင်လည်း မိမိ အကြောင်းကို ဖွင့်၍ ဒရိုင်ဘာဟောင်းအား ၁၀၁ တန် စက္ကူတစ်ချပ် ပေးပြီးလျှင် ဒရိုင်ဘာသစ်လည်း သူကဲ့သို့ သွက်သွက် မောင်းနှင်ပါက သူ ရသလို ဆုရစေမည်ဟု ကတိ ထားလေ၏။ ဒရိုင်ဘာသစ်လည်း စိတ်ချပါ ဆို၍ ရထားပေါ်သို့ တက်ပြီးလျှင် မြင်းများကို နှင်လေရာ မြင်းရထားလည်း လိုင်းယွန်းမြို့ဘက်သို့ တစ်ဟုန်တည်း ထွက်လာခဲ့လေ၏။

လိုင်းယွန်းမြို့သို့ ရောက်၍ မြင်းသစ်များ လဲလှယ် တပ်ဆင်လျက် ရှိသည့် ကျောက်တိုင်ပေါ်၌ ထိုင်လျက် ရှိသော လူတစ်ယောက်သည် မြင်းရထား



www.burmeseclassic.com

www.burmeseclassic.com



အနီးသို့ ချဉ်းကပ်၍ စကား တိုးတိုး ပြောလိုက်သည်တွင် မော်ဂင်မှာ အံ့ဩသွား၏။

'ဟုတ်ကဲ့လား ကိုယ့်လူရယ်'

'ကျွန်တော့် မျက်စိနဲ့ မြင်လိုက်ရပါတယ်'

'သူတို့ကို ဒီအတိုင်း ပြောပြလိုက်ရမလား'

'ပြောပြလိုက်ပါ၊ မြန်မြန်ရောက်အောင် သွားပါတော့'

'ဆာဗတ်က လူစုတွေကော သိပြီးကြပြီလား'

'သိပြီးကြပါပြီ၊ ဆာဗတ်နဲ့ ဆူးအကြားမှာ မြင်းတစ်စီး အဆင်သင့်တွေ့ရပါလိမ့်မယ်'

ထိုခဏ၌ ဒရိုင်ဘာ ရောက်လာသည်နှင့် စကားပြောနေသော လူသည် မြင်းရထား အနီးမှ ထွက်ခွာသွားလေ၏။ ဒရိုင်ဘာက မော်ဂင်အား မည်သည့်လမ်းကို မောင်းရမည်နည်းဟု မေးသဖြင့် ဘိုဂ်လမ်းမှ မောင်းရမည်ဟု ပြန်ပြောလေ၏။

'ည ၉ နာရီ ရောက်ချင်တယ်ဟေ့၊ ရောက်နိုင်လျှင် ဆိုးဒင်္ဂါး ၃၀ ပေးမယ်'

'၅ နာရီအတွင်း ၄၂ မိုင်တောင် ရောက်ချင်တာလား၊ ကြိုးစားရမှာပေါ့ ခင်ဗျာ'

ဒရိုင်ဘာလည်း ခရီးပြင်း နှင်လာခဲ့၍ နာရီများမှာ ၉ နာရီ ထိုးဆဲ၌ပင် မြင်းရထားလည်း ဆာဗတ်မြို့ထဲသို့ မောင်းဝင်လာခဲ့လေ၏။

'ဒီစခန်းမှာ မြင်းသစ် မလဲဘဲ ဆူးမြို့ လမ်းတစ်ဝက် ရောက်အောင် တောက်လျှောက် မောင်းပို့နိုင်လျှင် ဆုငွေ ခြောက်ဒင်္ဂါး အပို ထပ်ပေးမယ်ဟေ့' ဟု မော်ဂင်က အော်ပြောလိုက်သဖြင့်၊ ဒရိုင်ဘာက 'စိန်လိုက်ဗျာ' ဟု ပြန်ပြောပြီးလျှင် မရပ်မနားဘဲ ဆက်လက် မောင်းနှင်သွားပြန်လေ၏။ ဆာဗတ်မြို့ အပြင်ဘက် မိုင်ဝက်ခန့် ရောက်လာကြသောအခါ မော်ဂင်သည် မြင်းရထားသို့ ရပ်စေ၍ ဓိးကွက်မြည်သော အသံမျိုးဖြင့် အချက်ပေးလိုက်





သည်တွင် မနီးမဝေးမှ ထိုနည်းအတူ ဓိးကွက်မြည်သံ ကြားရလေ၏။ ထိုအခါ မော်ဂင်သည် ငွေအိတ်ကို ယူ၍ မြင်းရထားပေါ်မှ ဆင်းလာပြီးလျှင် ဒရိုင်ဘာအား ကတိထားသည့်အတိုင်း ဆုပေးလိုက်ရာတွင်၊ ဒရိုင်ဘာသည် မျက်စိ တစ်ဖက်ကို ဒင်္ဂါးဖြင့် ပိတ်ကာ ရှေ့သို့ မျှော်လျက် ကြည့်နေလေ၏။ မော်ဂင်သည် ဒရိုင်ဘာ၏ အပြုအမူကို မြင်၍ အဓိပ္ပာယ် တစ်စုံတစ်ခု ရှိကြောင်း ရိပ်မိသည်နှင့်...

'ဘာ အဓိပ္ပာယ်လဲ ကိုယ့်လူရဲ့'

'အဓိပ္ပာယ်ကတော့ မျက်စိ တစ်ဖက်ကို ပိတ်ထားပေမဲ့ ကျန်တဲ့ တစ်ဖက်က မြင်ရသေးတာပဲလို့ ပြောချင်တာပဲ'

'ဟား ဟား ဟား ဟုတ်ပါပေ့ကွယ်၊ ကျန်တဲ့ တစ်ဖက်ကိုပါ ပိတ်ပေးခင်ကော'

'ဒီလိုဆိုလျှင်တော့ မမြင်တော့ဘူးပေါ့ ခင်ဗျာ'

'တကယ် လာတဲ့ လူပါတကားကွယ်၊ ရော့'

မော်ဂင်သည် အိတ်ထဲမှ ရွှေဒင်္ဂါး တစ်ပြားကို ထုတ်၍ ဒရိုင်ဘာအား ပေးလိုက်သည်တွင် ဒရိုင်ဘာသည် ရွှေဒင်္ဂါးကို မျက်စိတစ်လုံး ရှေ့၌ ကွယ်ပြီး မြင်းရထားကို ပြန်လှည့်ပြီးလျှင် ဆာဗတ်မြို့ဘက်သို့ ပြန် မောင်းသွားလေ၏။

မြင်းရထား ကွယ်ပျောက်သွားသည့်နောက်၌ မော်ဂင်သည် သော့ကလေး တစ်ချောင်းကို ထုတ်၍ အပေါက်တွင် လေမှုတ်သွင်းကာ ဆူးရှသော အသံ ဖြစ်ပေါ်စေရာတွင်၊ မနီးမဝေး အရပ်မှ အလားတူ အသံတစ်ခု ပေါ်ထွက်လာ၍ မြင်းစီးသော လူတစ်ယောက် ရောက်လာလေ၏။ မော်ဂင်သည် ထိုသူကို မျက်နှာဖုံးစွပ်လျက် ရှိရာ မြင်းစီးသမားက စတင်၍–

'ဘယ်သူ၏ နာမအရ ရောက်လာသလဲ'

'ပရောဖက် အယ်လီရှာ၏ နာမအရ လာခဲ့ခြင်း ဖြစ်တယ်'

'ဒါဖြင့် ကျွန်ုပ် မျှော်နေတဲ့လူ မှန်တယ်'



www.burmeseclassic.com

www.burmeseclassic.com



မြင်းစီးသမားလည်း မြင်းပေါ်မှ ဆင်းလေ၏။ ထိုအခါ မော်ဂင်က–

'သင်က ဆရာလား၊ တပည့်လား'

'တပည့် ဖြစ်ပါတယ်'

'သင့် ဆရာ ဘယ်မှာလဲ'

'ဆီးလုံးမှာ ရှိတယ်'

'ဒီကနေ့ အဖွဲ့သား ဘယ်နှယောက် ရောက်နေသလဲ'

'၁၂ ယောက်ပါ'

'ကောင်းပြီ၊ နောက်လူများ လာလျှင် ဆီးလုံးကို ညွှန်လိုက်'

ငင်းနောက် တပည့်ဆိုသော လူသည် မော်ဂင်၏ လက်မှ အိတ်ကို ကုန်းနီးတွင် ချိတ်ပေး၍ မော်ဂင်အား မြင်းပေါ်သို့ တက်စေရန် မြင်းဇက်ကို ကိုင်ပေးသဖြင့်၊ မော်ဂင်လည်း မြင်းပေါ်သို့ လွှားတက်ပြီးလျှင် မှောင်မိုက်ထဲ၌ မြင်းစိုင်း ထွက်သွားလေ၏။ လက်ယာဘက်၌ ဆီးလုံးတောကြီး ရှိလေရာ မော်ဂင်သည် ၁၀ မိနစ်ခန့် မြင်းစိုင်း၍ တောကို ကျော်လွန်လာသည်တွင် ကွင်းပြင်ကြီး အလယ်၌ အဆောက်အအုံကြီးတစ်ခု ပေါ်ထွက်လာလေ၏။ မော်ဂင်သည် အဆောက်အအုံကြီးရှေ့၌ မြင်းကို ဇက်သတ်၍ ရပ်တန့်လေရာ ငင်း အဆောက်အအုံကြီးမှာ ချာတရ ဆီးလုံးခေါ် ဘုရင်ကျိ ခရစ်ယာန်ကျောင်း ကြီး ဖြစ်လေသည်။

ထိုနောက် မြင်းပေါ်မှ မဆင်းဘဲ မော်ဂင်လည်း ဝင်းတံခါးကို သေနတ်နှင့် သုံးချက် ခေါက်လိုက်ရာ၊ မကြာမီ လူတစ်ယောက် ချဉ်းကပ် လာ၍ စစ်ဆေး မေးမြန်းလေ၏။

'ဘယ်သူ ခေါ်သလဲ'

'အယ်လီရှာ ထံက လာတဲ့ လူပဲ'

'ဘယ် ရှင်ဘုရင်ရဲ့ ကျေးကျွန် ဖြစ်သလဲ'

'ဂျေဟူး ဘုရင်ပါ'

'ဘယ်သူ့ကို သုတ်သင်ဖို့လဲ'





'အာဟာတ်ကို သုတ်သင်ဖို့ပါ'

'သင်က ဆရာလား၊ တပည့်လား'

'ဆရာပဲ'

'ကောင်းပြီ၊ ဝင်နိုင်ပါတယ်'

စစ်ဆေးသော လူသည် ဝတ်လုံဖြူကြီးဖြင့် ဝတ်ဆင်လျက် ရှိရာ ခေါ်ကျုနပ်သော အခါမှ တံခါးကို တစ်ဖက်တည်း ဖွင့်ပေး၍၊ မော်ဂင် ဝင်ပြီး သည်နှင့် တစ်ပြိုင်နက် ချက်ချင်း ပိတ်လိုက်လေ၏။

## အခန်း ၇

မော်ဂင်သည် ကုန်းနှီး၌ ချိတ်ထားသော ငွေအိတ်ကို ဖြုတ်ယူ၍ မြင်းကို တံခါးစောင့် လက်သို့ ပေးထားခဲ့ပြီးလျှင် မည်သည့် အခန်း၌ အစည်းအဝေး ကျင်းပကြသည်ကိုလည်း မေးမြန်းလေ၏။ တံခါးစောင့်က စည်းဝေးသော အခန်း အမည်ကို ပြောပြ၍ ယခုတလောတွင် အဆောက်အအုံကြီး ပတ်ဝန်း ကျင်၌ မသင်္ကာသော လူများကို မကြာခဏ တွေ့မြင်ရသောကြောင့် သတိ ဝီရိယနှင့် စောင့်ကြည့်နေရကြောင်း ပြော၏။ ထိုနောက် မော်ဂင်က မြင်းကို မြင်းဇောင်းသို့ တစ်ယောက်ယောက်အား ပို့စေပြီးလျှင် မိမိအား စည်းဝေး သော အခန်းသို့ လိုက်ပို့ရန် ပြောလေရာ၊ တံခါးစောင့်သည် အခြား လူတစ် ယောက်ကို ခေါ်၍ မြင်းကို အပ်ပြီးနောက် မီးရှူးတိုင် တစ်တိုင်ကို ထွန်းညှိ ပေး၏။ မော်ဂင်သည် တံခါးစောင့် နောက်မှ လိုက်ပါ သွားလေရာ တံခါး စောင့်သည် မီးရှူးတိုင်ကို ကိုင်ကာ ရှေ့မှ လျှောက်သွား၍ ဥယျာဉ်ကလေးကို ဖြတ်ကျော်ပြီးမှ တံခါးကလေး တစ်ခုကို ဖွင့်လေ၏။ အတွင်းသို့ ရောက်ကြ သောအခါ တံခါးစောင့်သည် တံခါးကလေးကို သေချာစွာ ပိတ်ထား၍ ကြမ်းပေါ်၌ ရှိသော ကျောက်တုံးတစ်တုံးကို ခြေထောက်နှင့် ဖိနှိပ်လိုက်သည် တွင် သံကွင်းနှင့် ကျောက်ပြားတစ်ချပ် ပေါ်လာလေ၏။ သံကွင်းကိုဆွဲ၍ ကျောက်ပြားကြီး ကြွတက်လာသည်တွင် မြေအောက်သို့ ဆင်းသော



www.burmeseclassic.com

www.burmeseclassic.com



လှေကားထစ်များ ပေါ်လာလေ၏။ မော်ဂင်နှင့် တံခါးစောင့်တို့သည် လှေကားထစ်များ တစ်လျှောက် ဆင်းသွား၍ ငါးမိနစ်ခန့် လျှောက်မိကြသောအခါ သံတံခါး တစ်ခုသို့ ရောက်လာကြ၍ တံခါးစောင့်က ခါးမှသော့ဖြင့် ဖွင့်လေ၏။ အထဲသို့ ဝင်၍ သံတံခါးကို သော့နှင့် ပိတ်ပြီးမှ တံခါးစောင့်က...

'နာမည် ဘယ်လို ပြောလိုက်ရမလဲ'

'မော်ဂင်လို့ ပြောလိုက်'

'ဒီမှာ ခဏ စောင့်နေပါဦး'

တံခါးစောင့်သည် မော်ဂင်ကို ခဏ ထားခဲ့၍ တစ်ယောက်တည်း ထွက်သွားပြီးလျှင် မကြာမီ ပြန်လာ၍ မော်ဂင်ကို ခေါ်သွားရင်း 'ခင်ဗျား ပြန်ရောက်လာတာ သူတို့က သိပ်ဝမ်းသာနေကြတယ်။ တစ်ခုခု ဖြစ်နေပြီလို့ ထင်နေကြတယ်' ဟု ပြောလေ၏။ ၎င်းနောက် တံခါးစောင့်သည် မော်ဂင်ကို အစည်းအဝေးခန်းထဲသို့ သွင်းလိုက်လေ၏။

အခန်းကြီး အတွင်း၌ ဘုရင်ဂျီ ခင်ကြီး ၁၂ ယောက်တို့သည် ခေါင်းစွပ်များကို မျက်နှာသို့ ရောက်အောင် ဖုံးကာ ထိုင်လျက် ရှိကြလေရာ၊ တံခါးစောင့် ထွက်သွားသော အခါတွင်မှ မော်ဂင်က မျက်နှာဖုံးကို ဖွင့်၍ ခင်ကြီးများကလည်း ခေါင်းစွပ်များကို လှပ်ကာ မျက်နှာကို ဖော်ပြကြလေ၏။ ပေါ်ထွက်လာသော မျက်နှာများမှာ လူချောလူလှများ ဖြစ်၍ ငယ်ရွယ်နုနယ်ကြသည်သာ ဖြစ်လေရာ အသက် ၄၀ ပြည့်သူ ဆို၍ နှစ်ယောက်တည်းသာ ပါဝင်လေသည်။ အဖွဲ့ဝင်များသည် မော်ဂင်ကို လက်ဆွဲ နှုတ်ဆက်ကြ၍ ပါးကို "ကစ်စ်" ပေးသူများကလည်း ပေးကြ၏။ တစ်ယောက်သော လူက 'သေပဲ သေသလား၊ ဖမ်းလို့ပဲ ထားသလားလို့ စိတ်ပူလိုက်ကြရတာဗျာ၊ ယခုမှပဲ စိတ်အေး သွားပေတော့တယ်' ဟု ပြောလိုက်သည်တွင်၊ မော်ဂင်က 'သေချင်သေမယ် ဆရာ၊ ဖမ်းတယ် ဆိုတာတော့ ဘယ်နည်းနဲ့မှ မဖြစ်စေရဘူး မှတ်ထားလိုက်ပါ' ဟု ပြန်ပြော၏။





၎င်းနောက် မော်ဂင်သည် ဒိလီဂျင် မြင်းရထားကြီးကို ရပ်စေ၍ အစိုးရပိုင်သော ဘဏ္ဍာတော်ငွေများကို တိုက်ယူခဲ့သည့် အကြောင်း၊ ထိုကဲ့သို့ တိုက်ယူရာ၌ ဘိုဒိုမြို့နေ အရက်ကုန်သည် တစ်ယောက်၏ ငွေနှစ်ထောင်ပါသော သားရေအိတ်တစ်လုံးလည်း ပါလာကြောင်း၊ သို့သော် သားရေအိတ်ပေါ်၌ "ပီကော့ အရက်ကုန်သည်၊ ဘိုဒိုမြို့" ဟူသော စာလုံးများ ရေးထားသည်ကို တွေ့ရ၍ ထိုလူ တည်းခိုသော ဟိုတယ်သို့ မိမိကိုယ်တိုင် သွား၍ သားရေအိတ်နှင့် တကွ ငွေနှစ်ထောင်ကို ပြန်ပေးခဲ့သည့် အကြောင်းများကို ပြောပြလေ၏။ ထိုအခါ တစ်ယောက်သော အဖွဲ့သားက အစိုးရပိုင်းမှ လူတစ်စုသည် မိမိတို့ အဖွဲ့အမည်ကို ခံယူလျက် ခရီးသည်များကို လုယက်တိုက်ခိုက်ခြင်းအားဖြင့် မိမိတို့ အဖွဲ့ကို နာမည်ပျက်အောင် ပြုလုပ်လျက်ရှိသောကြောင့် ပီကော့၏ ငွေကို ကိုယ်တိုင်လက်ရောက် ပြန်ပို့ခဲ့ခြင်းမှာ အလွန်တရာ သင့်လျော်ကြောင်း ပြောပြလေ၏။ ထိုနောက် မော်ဂင်သည် ကြမ်းပေါ်၌ ပစ်ချထားသော ငွေအိတ်ကို ခြေထောက်နှင့် ကန်လျက် 'ဟောဒီမှာ ကျွန်ုပ် တိုက်ယူလာခဲ့တဲ့ အစိုးရ ဘဏ္ဍာငွေ ခြောက်သောင်းပါပဲ' ဟု ပြောလေ၏။

ထိုအခါ အဖွဲ့သား တစ်ယောက်က 'ကျွန်တော်တို့က ရိုးရာ မပျက်စေရအောင် သဘောထားပြီး မင်းညီမင်းသားများအတွက် ဘဏ္ဍာတွေရအောင် ရှာ။ အသက်ကို စွန့်ပြီး အလုပ် လုပ်နေကြတဲ့ အရေးမှာ မင်းညီမင်းသားများက ငွေကြေး ပို့ပြီး အားပေးထိုက်ပါတယ်ဗျာ။ အခုတော့ သူတို့ရှေ့က ဘာမှ ကူညီဖော် မရတဲ့ပြင် ကျေးဇူးများမှ တင်ကြပါလေရဲ့လားပြောတတ်ပါဘူး' ဟု ပြောလိုက်ရာတွင်၊ မော်ဂင်က 'နေပါစေဗျာ၊ ကျေးဇူးတင်လေလေ ကျွန်တော်တို့ ဆောင်ရွက်တဲ့ အလုပ်ဟာ တန်ဖိုး ရှိလေလေပါဘဲ၊ ကျေးဇူးတင်တယ်ဆိုလျှင် ကျေးဇူးကို မျှော်ပြီး ဆောင်ရွက်ပေးတဲ့ ပုံဘယ်မျိုး ရောက်နေဦးမယ်။ ကျေးဇူးတင်ဖို့ သတိမရဘူးဆိုမှ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ ဆောင်ရွက်ခြင်းဟာ သာပြီး မြင့်မြတ်တာပေါ့။ အဲဒီတော့မှ ကျွန်တော်တို့ဟာ ရာဇဝင် ပြောင်မယ် မဟုတ်ဘူးလား' ဟု ပြောလေ၏။

ထိုအခါ၌ တံခါးကို အပြင်မှ ခေါက်သံ ကြား၍ တစ်ယောက်က ဖွင့်ပေးမည် ပြုရာတွင်၊ အဖွဲ့သားများသည် ခေါင်းစွပ်များနှင့် မျက်နှာဖုံးများကို စွပ်လိုက်ကြလေ၏။

## အခန်း ၈

တံခါး ဖွင့်ပေးလိုက်သောအခါတွင် မော်ဂင်ကို သွင်းပေးခဲ့သော တံခါးစောင့်သည် အခန်းတွင်းသို့ ဝင်လာ၍ ဂျင်နရယ်ကအေါက်ဒဲလ်ထံမှ လူတစ်ယောက် ရောက်လာကြောင်း ပြောသဖြင့် ခေါ်သွင်းခဲ့ရန် အမိန့်ပေးလိုက်၏။

မကြာမီ တံခါးစောင့်သည် တောသားတစ်ယောက်အသွင် ဝတ်ဆင်ထားသော လူတစ်ယောက်ကို ခေါ်သွင်းလာခဲ့ရာ၊ ထိုသူသည် အဖွဲ့သား ၁၂ ယောက်တို့ ဝိုင်းဖွဲ့ကာ ထိုင်လျက် ရှိသော အခန်း၏ အလယ်သို့ ရဲဝံ့စွာ ဝင်လာ၍ အဖွဲ့သားများကို တစ်ယောက်စီ လှမ်းကြည့်ပြီးနောက် ရပ်နေလေ၏။ ထိုအခါ ဥက္ကဋ္ဌက–

'မောင်မင်း ဘယ်သူ့ဆီက လာသလဲ'

'ကျွန်တော့်ကို လွှတ်လိုက်တဲ့ လူက ဒီလို မေးရင် ဂျေဟူးက လွှတ်လိုက်တယ်လို့ ပြောဖို့ မှာထားလိုက်ပါတယ်'

'စာ ပါသလား၊ နှုတ်နဲ့ မှာလိုက်တဲ့ စကား ပါသလား'

'ငွေနဲ့ လဲယူဖို့ စာရွက်တစ်ခု ပါ ပါတယ်'

'ကောင်းပြီ၊ ဗင်ဒီမှာ ကျွန်ုပ်တို့ အဖွဲ့တွေ ဘာလုပ် နေကြသလဲ'

'လက်နက်ချပြီး စောင့်နေကြပါတယ်၊ ဒီက စကားရလျှင် ရချင်း လက်နက် ပြန်ကိုင်ကြပါလိမ့်မယ်'

'ဘာကြောင့် လက်နက် ချကြရသလဲ'

'၁၈ မြောက် လွိုဘုရင် အမိန့်တော်အရ ချကြရပါတယ်'





'ဘုရင့်လက်ရေးနဲ့ ကြေညာချက်တစ်ခု ထုတ်လိမ့်မယ် ပြောတယ်၊ အဲဒါ ရကြသလား'

'ကော်ပီ ပါ ပါတယ်'

တောသားသည် စာရွက်ကို ဥက္ကဋ္ဌအား ပေးရာ အောက်ပါတိုင်း ဖတ်ရှုရလေ၏။

စစ်တိုက်ခြင်းသည် ဘုရင်ကို မုန်းတီးစေခြင်းမှ တစ်ပါး အခြား အကျိုး မရှိနိုင်။ စစ်တိုက်သော နည်းဖြင့် ထီးနန်းကို ပြန်ရအောင် လုယူသော ဘုရင်ကို တိုင်းသူ ပြည်သားတို့က ချစ်မြတ်နိုးဖူးသည် မရှိပါ။ ထို့ကြောင့် သွေးထွက်သံယို အလုပ်မျိုးကို စွန့်လွှတ်ကြရမည်။ တိုင်းသူပြည်သားတို့၏ ဆန္ဒကိုသာ ယုံကြည် အားကိုးပါလေ။ ပြင်သစ်ပြည်သား အားလုံးတို့က မကြာမီအတွင်း 'ဘုရားသခင်နှင့် ဘုရင်မင်းမြတ်' ဟူသော အသံဖြင့် ကြွေးကြော်ကြပါလိမ့်မည်။ ကွဲပြားလျက် ရှိသော မင်းဆွေမင်းမျိုးများကို တပေါင်းတစည်းတည်း စု၍ စည်းရမည်။ စစ်တိုက်လိုသော ဗင်ဒီ နယ်သားများကို ၎င်းတို့၏ ကံကြမ္မာအတိုင်း စွန့်ထား၍ ငြိမ်းချမ်းသော လမ်းစဉ်သို့ ပါအောင် သွေးဆောင်ရမည်။ အနောက်ပိုင်းမှ မင်းဆွေမင်းမျိုးများသည် ဝတ္တရားအတိုင်း ဆောင်ရွက်ပြီးကြပြီ။ နီးကပ်လျက် ရှိသော နန်းတင်ပွဲအတွက် အလုံးစုံ ပြင်ဆင်ပြီး ဖြစ်သော ပါရစ်မြို့သားများအား ယခုအချိန်တွင် အားကိုးအားထား ပြုကြရမည်။

ဤနေရာတွင် ဥက္ကဋ္ဌသည် ဦးခေါင်း ထောင်၍ ကြည့်လိုက်ရာ ...ိက်စွာ ကြည့်လျက်ရှိသော မော်ဂင်နှင့် မျက်လုံးချင်း တိုက်ဆိုင်မိကြ...ည်နှင့် 'ကိုင်း ရဲဘော်၊ ခုနင်က ခင်ဗျား ပြောလိုက်တဲ့ စကားအတိုင်း ...ောင်း ပြည့်နေပြီကော။ ဗင်ဒီနယ်နှင့် မိဒီနယ်က မင်းဆွေမင်းမျိုးများ ...ိမှာတော့ ကျေးဇူး မျှော်ကိုးစရာ မရှိဘဲ မေတ္တာသက်သက်နဲ့ ဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com



ကြဖို့ ရှိတော့တာပေါ့' ဟု ပြောပြီးလျှင် ကြေညာချက်ကို အောက်ပါအတိုင်း ဆက်လက် ဖတ်ရှုလေ၏။

ရဟူဒီများသည် ၎င်းတို့၏ အရှင်သခင်ကို လက်ဝါးကပ်တိုင်၌ တင်သတ်ကြသည့် အချိန်မှ စ၍ ရပ်တည်ရာ မရဘဲ ကမ္ဘာပေါ်၌ ကစဉ့်ကလျား ကွဲပြားကြ၏။ ပြင်သစ်လူမျိုးများသည် ၎င်းတို့ အရှင်သခင်၏ ဦးခေါင်းကို ဖြတ် သတ်ကြ။ တိုင်းပြည်အတွင်း ကစဉ့်ကလျား လွင့်စဉ် ကွဲကြလတ္တံ့။

ဘလင်ကင်ဘော့မြို့ ၁၇၉၉ ခုနှစ် ဩဂုတ်လ ၂၅ ရက်

(ပုံ) လို

အဖွဲ့သားများသည် တစ်ယောက်၏ မျက်နှာကို တစ်ယောက် ကြည့်နေကြ၏။ ဥက္ကဋ္ဌသည် တောသားဘက်သို့ လှည့်လျက် 'ဒီကြေညာချက်ကို ပို့လိုက်တဲ့ လူကတော့ ဘယ်လို အဖြေ ပေးသလဲ'

'ဘုရင်ကိုယ်တိုင် အလိုတူသည် ဖြစ်စေ၊ မတူသည် ဖြစ်စေ ဆောင်ရွက်ဖို့ ပြင်ဆင်ပြီးအတိုင်း ဆောင်ရွက်ပါလိမ့်မယ်။ ဒီလူစုက သူနဲ့ သဘောတူ မတူ သိလိုပါတယ် တဲ့'

ထိုအခါ မော်ဂင်က 'ဆောင်ရွက်ကြမယ်' ဟု ပြောလိုက်ရာ၊ ဥက္ကဋ္ဌကလည်း 'ဆောင်ရွက်မယ်' ဟု ပြောလိုက်၏။ တောသားကလည်း 'ဒီလိုဆိုရင် ကောင်းပါတယ်၊ ခေါင်းဆောင်သစ်များရဲ့ စာရင်း ပါပါတယ်။ နာမည် မှန်ရော၊ နာမည် တုရော ရေးထားပါတယ်။ စာပေးစာယူ ပြုလုပ်တဲ့ အခါမှာ နာမည်တုများကိုသာ အသုံးပြုဖို့ ဂျင်နရယ်က မှာလိုက်ပါတယ်။ သူကိုယ်တိုင်လည်း ဒီအတိုင်း လိုက်နာပါမယ် တဲ့'

'စာရင်း ဘယ်မှာလဲ'

'လမ်းမှာ မတော်တဆ ဖမ်းဆီးမည့် အရေးကြောင့် စာနဲ့ မရေးခဲ့ပါ နှုတ်ငုံ ကျက်ထားပါတယ်။ ကျွန်တော် ရွတ်ပြပါမယ်၊ ရေးမှတ်လိုက်ကြပါတော့'





ထို့နောက် ဥက္ကဋ္ဌသည် ထိုသူ ရွတ်ဆိုပြသော နာမည်စစ်များနှင့် အတုများကို ရေးယူ မှတ်သားထားလေ၏။ ၎င်းတို့အနက် အကြီးအမှူးမှာ ကျေးဟူး အမည်ခံသူ ဂျော့ကဒေါက်ဒဲလ် ဖြစ်လေသည်။

'သူပုန် ထဖို့ သဘောတူညီကြောင်း ခင်ဗျားတို့ဆီက စကားပြန်ရသည်နှင့် တစ်ပြိုင်နက် ကျွန်တော်တို့ ဗိုလ်ကြီးက လက်နက် ပြန်ကိုင်ဖို့ ဆုံးဖြတ်ထားပါတယ်'

'ကျွန်တော်တို့က သဘောမတူဘူး ဆိုလျှင်ကော...'

'သဘောမတူလျှင် ခင်ဗျားတို့ ထိုက်နဲ့ ခင်ဗျားတို့ ကံ အတိုင်းပေါ့၊ သူကတော့ အောက်တိုဘာ ၂၀ ရက်နေ့မှာ သူပုန်ထဖို့ ရက်ချိန်းပြီးသားပဲ'

'ကောင်းပြီ၊ လုပ်ပေစေတော့။ ပထမ အရစ်အတွက် ငွေ ပေးလိုက်မယ်။ ငွေရကြောင်း လက်မှတ် ဘယ်မှာလဲ'

ထိုအခါ တောသားသည် စာတစ်ရွက်ကို ထုတ်ပြလေရာ ၎င်းတွင် သက်မှတ်ရေးထိုးလျက် ရေးသားထားသည်မှာကား...

မီဒီနယ်နှင့် အရှေ့ပိုင်းရှိ အဖွဲ့သားများထံမှ မွန်မြတ်သော ကိစ္စကြီးအတွက် သုံးစွဲရန် ဖရင့်ဒင်္ဂါး ... ... ရရှိပါသည်။

ဂျော့ကဒေါက်ဒဲလ်

ဘရစ်တနီ နယ်ဘက်ရှိ ဘုရင့်တပ်မတော်ကို အုပ်ချုပ်သော ဂျင်နရယ် စစ်ဗိုလ်ကြီး

၎င်းနောက် ကွက်လပ် ချန်ထားသော နေရာတွင် တစ်သိန်း ဟူသော စကားလုံးကို ဖြည့်စွက် ရေးသား၍ တောသားသည် ဥက္ကဋ္ဌအား စာရွက်ကို ကမ်းပေးလိုက်ရာ၊ ဥက္ကဋ္ဌသည် ကြမ်းပေါ်၌ ဖရင့်ဒင်္ဂါး ခြောက်သောင်း ပါသော ငွေအိတ်ကို ညွှန်ပြ၍၊ အဖွဲ့ဝင် တစ်ယောက်အား ကျန်သော ငွေလေးသောင်းကို ဗီရိုတစ်လုံးမှ ထုတ်ခဲ့စေပြီးနောက် တောသား ဘက်သို့ ထိုးအပ်လေ၏။ တောသားသည် ငွေအိတ်များကို ယူပြီးနောက် တစ်ညမျှ



www.burmeseclassic.com

www.burmeseclassic.com



နားနေရန် ဥက္ကဋ္ဌက ပြောသည်ကို မနာယူဘဲ အရေးကြီးသည် ဆို၍ ထွက်သွားမည် ပြုလေ၏။ ထိုအခါ မောင်ဂင်က တောသားအား ခေတ္တ စောင့်ဖို့ တားပြီးလျှင် ဂျင်နရယ်ဘိုနပတ်သည် စစ်တပ်ကို အီဂျစ်ပြည်၌ ထားခဲ့၍ တစ်မြန်နေ့က ဖရီဂျူးဆိပ်ကမ်းသို့ ရောက်လာကြောင်း၊ ပါရစ်မြို့သို့ သုံးရက်အတွင်း ဆိုက်ရောက်လာလိမ့်မည့် အကြောင်းများကို ပြောပြ၍၊ ဂျင်နရယ်ကဒေါက်ဒဲလ်အား ဤအကြောင်းကို ပြောပြရန် မှာထားလေ၏။ အဖွဲ့ဝင်များသည် မောင်ဂင် ပြောပြသော သတင်းကို အံ့သြစွာနှင့် ကြားနာကြလေရာ၊ ဥက္ကဋ္ဌက တောသားအား ဤသတင်းကို ဂျင်နယ်ကဒေါက်ဒဲလ် သိဖို့ အရေးကြီးသောကြောင့် လျင်မြန်စွာ ပြန်သွား၍ ပြောပြရန် ထပ်လောင်း တိုက်တွန်းလိုက်၏။

တောသား ထွက်သွားသည်။ နောက် ဥက္ကဋ္ဌက...

'ရဲဘော် မောင်ဂင် ပြောတဲ့ သတင်းဟာ အင်မတန် အရေးကြီးတဲ့အတွက် ကျွန်ုပ် တစ်ခု စီမံချင်တယ်'

'ဘယ်လိုပါလဲ ခင်ဗျာ'

'ကျွန်ုပ်တို့ အထဲက လူတစ်ယောက်ယောက်ကို မဲချ ရွေးပြီး ပါရစ်မြို့သွားနေပြီး မြင်ရ ကြားရသမျှ သတင်းကို ကျွန်ုပ်တို့ထံ ပို့စေချင်တယ်'

'ကောင်းသားပဲ ခင်ဗျာ'

ထိုအခါ ဥက္ကဋ္ဌသည် အခန်းထဲ၌ ရှိသော အဖွဲ့သား ၁၃ ယောက်တို့၏ နာမည်များကို စာရွက်ကလေးများ ပေါ်၌ ရေး၍ အလိပ်ကလေးဖြစ်အောင် လိပ်ပြီးလျှင် ဦးထုပ်တစ်လုံးထဲ၌ ထည့်လေ၏။ ထိုနောက် အသက် အငယ်ဆုံးသော အဖွဲ့သား တစ်ယောက်သည် မဲလိပ် တစ်လိပ်ကို နှိုက်ယူ၍ ဥက္ကဋ္ဌအား ပေးသဖြင့် ဥက္ကဋ္ဌလည်း ဖြန့်ကြည့်လိုက်သည်တွင် "မောင်ဂင်" ဟူသော အမည် ထွက်ပေါ်လာလေ၏။ မောင်ဂင်လည်း ရှေ့သို့ ထွက်လာ၍ ဥက္ကဋ္ဌ၏ ညွှန်ကြားချက်ကို တောင်းခံလေရာ၊ ဥက္ကဋ္ဌက 'မှတ်ထားနော်၊ ခင်ဗျား နာမည်ဟာ စိန်ဟာမိန်တဲ့။ မွေးသဖခင်ဟာ ရီဘော်





ထူးရှင်း ဆိုတဲ့ နေရာမှာ ခေါင်းဖြတ်ပြီး သတ်ခံခဲ့ရတယ်။ အစ်ကိုတစ်ယောက်ဟာလည်း ကွန်ဒီရဲ့ စစ်တပ်ထဲမှာ ကျဆုံးခဲ့ရတယ်။ အဲဒါတွေတို့ မမေ့ပါစေနဲ့၊ ကိုင်း သွားပေတော့'

## အခန်း ၉

မောင်ဂင် စီးလာသော မြင်းမှာ ရေချိုးခြင်း၊ ပွတ်တိုက်ပေးခြင်း၊ အစာကောင်းဈေးခြင်းတို့၏ ကျေးဇူးကြောင့် ထိုအချိန်၌ လတ်ဆတ်စွာ ရှိနေပြီ ဖြစ်ရာ၊ မောင်ဂင်က ကုန်းပေါ် လွှားတက်၍ သတိပေးလိုက်သည်နှင့် တစ်ပြိုင်နက် သျက် ထွက်လာခဲ့လေ၏။

မောင်ဂင်သည် ဝင်းတံခါးဝသို့ ရောက်သောအခါ လက်ယာဘက်သို့ ၍ ဘိုဂ်မှ ဆီးလုံးသို့ သွားသော လမ်းအတိုင်း လိုက်သွားပြီးလျှင်၊ လက် ဘက်သို့ တစ်ဖန် ချိုးပြန်၍ တောထဲမှ ဖြတ်သန်းပြီးနောက် ပွန်ဒီအိန်သို့ သော လမ်းအတိုင်း တစ်မိုင်ခွဲခန့် လိုက်မိသည်၌ မဆင်ဒီဂတ်ခေါ်သော စုကလေးသို့ ရောက်လာလေ၏။ မောင်ဂင်သည် ဆိုင်းဘုတ်တစ်ခု ချိတ် သော အိမ်ကလေးရှေ့၌ ရပ်တန့်၍ တံခါးကို သေနတ်ဒင်နှင့် ဆောင့်က်သည်၌ လူတစ်ယောက်သည် တံခါးကို ဖွင့်ကြည့်၍ သေနတ် ကိုင်ထား မောင်ဂင်ကို မြင်သည်နှင့် တံခါးကို ပြန်၍ ပိတ်မည် ပြုလေ၏။

မောင်ဂင်က 'မကြောက်ပါနဲ့ ပါတိုးရဲ့၊ ကျုပ်ပါ' ဟု ပြောလိုက်သည် မှ ထိုသူက 'ကြောက်လို့ မဟုတ်ပါဘူး၊ သတိထားရမည့် ခေတ်အခါကြီး' ဟု ပြော၍ တံခါးကို ဖွင့်ပေးလေ၏။ ၎င်းနောက် မောင်ဂင်သည် နှင့် ဒင်္ဂါးတစ်ပြားကို ပါတိုး လက်သို့ အပ်လိုက်ရာ ပါတိုးလည်း မြင်း မြင်းဇောင်းသို့ ဆွဲသွား၏။

ပါတိုး ထွက်သွားသည့်နောက် မောင်ဂင်သည် ဥယျာဉ်အစွန်း၌ ရှိ စည်းရိုးအနီးမှ ကပ်၍ သစ်ပင်အုပ်ကြီးဆီသို့ ပြေးသွားပြီးလျှင် နံရံ ခဲ့ အနီးသို့ ချဉ်းကပ်လိုက်သည်တွင် ပေါင်တနက်ရှာ ခေါင်းလောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးမှ ၁၁ ချက် ထိုးသံ ကြားရလေ၏။ မော်ဂင်သည် အုတ်နံရံ၌ အခါတိုင်း ခြေချနေကျ ဖြစ်သော နေရာကို ရှာ၍ ခြေထောက်သွင်းပြီးလျှင် နံရံ အထက် ပိုင်းသို့ ခုန်လှမ်းလိုက်သဖြင့် လက်နှင့် ကိုင်တွယ်စရာ တွေ့ရလေ၏ နောက်တစ်ချက် လွှားလိုက်သော အခါ၌မူကား နံရံပေါ်သို့ ခွလျက်သာ ရောက်နေလေရာ၊ အခြားဘက်သို့ ကျော်ဆင်းရန်မှာ လွယ်ကူသောကို ဖြစ်လေသည်။

နံရံ၏ အခြားဘက်သို့ ရောက်သောအခါ မော်ဂင်သည် မှောင်မည် လျက် ရှိသော သစ်ပင်အုပ်များ အကြား၌ စူးစိုက်၍ ကြည့်ရာတွင် မည်သ မည်ဝါကိုမျှ မမြင်ရဘဲ တိတ်ဆိတ်စွာ ရှိနေလေ၏။ ၎င်းနောက် မော်ဂင်သည် လမ်းကလေးတစ်လျှောက် သတိနှင့် လျှောက်သွား၍ အိမ်ကလေး တ ဆောင်သို့ ချဉ်းကပ်လာရာတွင်၊ အထပ် သုံးထပ်၌ ပြတင်း ၁၂ ပေါ ရှိသည့်အနက် အလယ်ထပ်မှ ထောင့်ခန်း ပြတင်းပေါက် တစ်ခုတည် သာလျှင် မီးရောင်လင်းလျက် ရှိသည်ကို တွေ့ရလေ၏။ ၎င်း ပြတင်းပေါ အနီးရှိ ဝရန်တာသို့ နွယ်ပင်များ နွယ်တက်လျက်ရှိရာ ပြတင်းပေါ တစ်ဖက်တစ်ချက်၌မူ အရှက် ထူထပ်သော သစ်ပင်အုပ်စုကလေး ရှိ၏

လမ်းကလေး အဆုံးသို့ ရောက်သောအခါ မော်ဂင်သည် မှောင်ရိပ် ခိုလျက် အိမ်ပေါ်သို့ မော့ကြည့်ပြီးနောက် လက်ခုပ် သုံးချက် တီးလိုက်သ တွင် ပြတင်းပေါက် ခန်းဆီးပေါ်၌ လူရိပ်တစ်ခု ပေါ်လာ၍၊ ပြတင်းပေါက် ချောင်းကြည့်သည့် လက္ခဏာနှင့် ငြိမ်လျက်ရှိရာ၊ မော်ဂင်က နောက်တစ်ကြိ အလားတူ အချက်ပေးလိုက်သည်တွင်မှ ပြတင်းပေါက် ပွင့်လာ၍ အလှ ချောမောလှပသော သူငယ်မတစ်ယောက် ပေါ်လာလေ၏။

ထိုခဏ၌ မိန်းကလေးက လက်များကို ဆန့်တန်းလျက် 'ချားလ် ဟု ခေါ်လိုက်ရာ မော်ဂင်က 'အမီလီ' ဟု ပြန်၍ ခေါ်လိုက်၏။ နော တစ်ခဏ၌ မိန်းကလေးသည် ခန်းဆီးကြီးကို လျှောချ၍ ပြတင်းပေါက် ပိတ်လိုက်ရာ မီးရောင်လည်း ကွယ်ပျောက်သွား၍ အိမ်ရှေ့၌ မှောင်မ





လျက် ရှိလေ၏။ ထိုအတောအတွင်း လမ်းမကြီးပေါ်မှ မြင်းရထားတစ်စီး မောင်းလာသော အသံကို ကြားရ၍ ဝင်းတံခါး အနီး၌ ရပ်တန့်လေ၏။

## အခန်း ၁၀

မြင်းရထားပေါ်၌ကား ဆာဂျွန်နှင့် ရိုလင်တို့ လိုက်ပါလာကြလေရာ အိမ်သူ အိမ်သားတို့မှာ ရိုလင် လာမည်ကို မသိကြသောကြောင့်၊ ကျွန်ုပ်တို့ တွေ့မြင် သည့်အတိုင်း မီးအိမ်များ ငြိမ်း၍ အိပ်နေကြခြင်း ဖြစ်လေသည်။

ရိုလင်သည် မြင်းရထားပေါ်မှ ဆင်း၍ အိမ်ရှေ့၌ ရှိသော ခေါင်း လောင်းကြိုး ဆွဲလျက် နှိုးလေရာ ၅ မိနစ်ခန့် ကြာသောအခါမှ ပြတင်းပေါက် တစ်ပေါက် ပွင့်လာ၍ 'ဘယ်သူလဲ' ဟု မေးလိုက်သဖြင့်၊ ရိုလင်က 'အက်ဒွပ် သားဟေ့၊ တံခါး မြန်မြန်ဖွင့်ကွယ်' ဟု ပြောလိုက်၏။ ထိုအခါ အက်ဒွပ် သည်း ဝမ်းမြောက်ဝမ်းသာနှင့် 'မာမီတို့ မမတို့ ထကြလေ၊ ကိုကိုကြီး ရောက်လာပြီ' ဟု ဟစ်အော်ကာ နှိုးလေ၏။ ၎င်းနောက် အက်ဒွပ်သည် ရိုလင်ဆီသို့ ပြေးသွား၍ လည်ပင်းကို ခုန်ဖက်လေရာ အဝတ်ဖြူနှင့် မိန်းမ တစ်ယောက်လည်း ပြေးလာလေ၏။

အက်ဒွပ်က မိခင်ရော မမပါ ကျန်းမာစွာ ရှိကြောင်း ပြောလျက် မှာလိုက်သော လက်ဆောင်များ ပါ ပါ၏လောဟု မေးရင်း အစ်ကိုကြီး အား ကြိမ်ဖန်များစွာ နမ်းရှုပ်လေ၏။ ဆာဂျွန်မှာမူ မြင်းရထားပေါ်မှ မဆင်း သဲ ညီအစ်ကို နှစ်ယောက်တို့၏ ကြင်နာယုယသော အမူအရာကို ရွှင်သော မျက်နှာနှင့် ကြည့်နေလေ၏။ ထိုခဏ၌ မိခင်ဖြစ်သူက 'ရိုလင် ယ်မှာလဲဟေ့၊ လူကလေးရေ ... မသေမပျောက် ပြန်ရောက်လာလို့ သာလိုက်တာကွယ်' ဟု ဆိုကာ ပြေးလာလေရာ၊ အက်ဒွပ်သည် မိခင်၏ သံကို ကြားသည်နှင့် ရိုလင် လက်မှ ရုန်းထွက်လာ၍ မိခင်ထံသို့ ပြေးလာ သွင် 'ဒီမှာ မာမီ၊ ရိုလင် ဒီမှာ မာမီရေ့' ဟု ဆိုကာ ဆွဲခေါ်သွားလေ၏။

ရိုလင်သည် မိခင်ကို မြင်သောအခါ မိမိစိတ်ကို မချုပ်တည်းနိုင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



မိခင်၏ လည်ပင်းကို ဖက်ကာ ရှိုက်ကြီးတငင် ငိုကြွေးလေရာ၊ ဆာဂျွန်မှာလည်း သားအမိ နှစ်ယောက်တို့၏ ကြင်နာသော အမူအရာကို တွေ့မြင်ရသဖြင့် မျက်ရည် မဆည်နိုင်အောင် ရှိလေတော့၏။ သားငယ်ကလေး အက်ဒွပ်လည်း အစ်ကိုနှင့် မိခင်တို့ မေတ္တာ ဖော်ပြကြသည့် အထဲတွင် ရောနှောပါဝင်ရာမှ၊ အစ်မကြီးကို သတိရသည်နှင့် အိမ်ဘက်သို့ ပြေးသွား၍ 'မမရေ၊ ကိုကိုကြီး ရောက်လာပြီ၊ ထပါတော့လေ ... အိပ်တုန်းလားဗျ' ဟု ဟစ်အော်ကာ တံခါးကို ခေါက်လေ၏။ နောက်တစ်ခဏ၌ အက်ဒွပ်က 'လာကြပါဦး မာမီတို့ ကိုကိုကြီးတို့ရေ၊ မမ နေမကောင်းဘူးဗျ' ဟု ဟစ်အော်လိုက်သဖြင့် ရိုလင်နှင့် မိခင်တို့လည်း အိမ်ဘက်သို့ ပြေးလာကြရာ သွေးထုတ်သော ကိရိယာနှင့် နှာဘူး အသင့် ဆောင်လှ ရှိသော ဆာဂျွန်လည်း အိမ်ပေါ်သို့ ပြေးတက်သွားလေ၏။ သို့ရာတွင် ဆင်ဝင်ဝသို့ ရောက်သောအခါ ဆာဂျွန်သည် တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက်ပေးခြင်း မရှိဘဲ အသိ မလုပ်ကောင်းသော အင်္ဂလိပ် ထုံးစံကို သတိရသည်နှင့် ရပ်နေလေ၏။

ထိုခဏ၌ မူးမေ့နေသော အမီလီသည် ဆာဂျွန်ရှိရာသို့ လျှောက်လာလေ၏။ ဖြစ်ရပုံမှာ အမီလီသည် အက်ဒွပ်၏ အသံကို ကြားသည်နှင့် ဆင်းလာ၍ ရိုလင် ပြန်ရောက်လာသည့်အတွက် ဝမ်းသာလှသောကြောင့် လှေကားထစ်ပေါ်၌ မူးမေ့ လဲကျသွားခြင်း ဖြစ်လေသည်။ အက်ဒွပ်သည် ထိုအခြင်းအရာကို မြင်သည်နှင့် ဟစ်အော်လိုက်ခြင်း ဖြစ်လေသည်။ ထိုကဲ့သို့ အက်ဒွပ်က အလန့်တကြား ဟစ်အော်လိုက်သော အသံကြောင့်ပင် အမီလီ သတိရလာ၍ လဲရာမှ ထပြီးလျှင် 'တိတ်တိတ်နေပါ မောင်ကလေး၊ မမ ဘာမှ မဖြစ်ပါဘူး' ဟု ဆိုလျက် လှေကား လက်ရန်းကို လက်တစ်ဖက်နှင့် ကိုင်၍ အခြားလက်တစ်ဖက်ဖြင့် မောင်ကလေး၏ ပခုံးကို အားပြုကာ ဆင်းလာဆဲတွင် အောက်ဆုံး လှေကားထစ်ပေါ်၌ မိခင်နှင့် ရိုလင်တို့ကို တွေ့ရသည်နှင့် ရိုလင်၏ လည်ပင်းကို ဖက်ကာ 'ကိုကိုကြီး' ဟု ဟစ်အော်လိုက်၏။





ရိုလင်သည် အမီလီကို ပွေ့ထားရာမှ တဖြည်းဖြည်း လေးသထက် လေးလံလာသည်ကို တွေ့ရသည်နှင့် 'အမီလီ မူးသွားပြန်ပြီ၊ လေရအောင် ရပ်ကြပါဦး' ဟုဆိုကာ တွဲထုတ်လေရာ၊ ထိုအချိန်တွင် ဆာဂျွန် ရောက်လာခဲ့ခြင်း ဖြစ်လေသည်။ အမီလီသည် သတိရလာ၍ ဦးခေါင်း ထောင်ကြည့်လိုက်ရာတွင် လမင်းသည် တိမ်ပုပ်များ အကြားမှ ရုတ်တရက် ပြူထွက်လာသဖြင့် အမီလီ၏ မျက်နှာပေါ်သို့ ကြည်လင်သော လရောင် ကျရောက်လေသော်၊ ၎င်း၏ မျက်နှာကလေးကို မြင်လိုက်ရသော ဆာဂျွန်၏ စိတ်ထဲ၌ ဤမျှလောက် ချောမောလှပသော မျက်နှာကို တစ်ချိန်တစ်ခါမှ မတွေ့မြင်ဖူးချေပြီ တကားဟု စဉ်းစားမိ၏။

စင်စစ်သော်ကား အမီလီ၏ မျက်နှာမှာ ထိုအချိန်အခါ၌ အံ့သြလောက်အောင် ချောမော လှပပါပေသည်။ ဆွတ်ဆွတ်ဖြူသော ဂါဝန်ရှည်ကြီးကို ဝတ်လျက် ဖျော့တော့သော မျက်နှာကလေးကို ရိုလင်၏ ပခုံးပေါ်၌ မှီကာ ရွှေရောင်ရှိသော ဆံပင်များသည် ပခုံးပေါ်၌ ဝဲလျက်၊ မိခင်၏ လည်ပင်းကို လက်တစ်ဖက်နှင့် ဖက်ထား၍ ပန်းနုရောင်ရှိသော အခြားလက်တစ်ဖက်သည် မိခင် ခြုံထားသော ရှာစောင်နီပေါ်တွင် တင်လျက်ရှိ၏။ ဤသို့သော ကိုယ်ဟန် အနေအထားအတိုင်း ဆာဂျွန် တွေ့မြင်ရခြင်း ဖြစ်လေသည်။

ဆာဂျွန်သည် အမီလီ၏ ချောမော လှပခြင်းကို မြင်သည်နှင့် အံ့သြတကြီးသော အနေဖြင့် လွှတ်ခနဲ အသံ ထွက်လိုက်မိရာ၊ ရိုလင်နှင့် မိခင်တို့သည် ထိုအခါမှ ဆာဂျွန်ကို သတိပြုမိကြလေတော့သည်။ အက်ဒွပ်ကမူ မိမိတို့ ကျေးလက်တောင်းသို့ သူစိမ်းတစ်ယောက် ရောက်နေရချေသလောဟု ဆာဂျွန် အနီး ချဉ်းကပ်ကာ စုံစမ်း မေးမြန်းလေ၏။

'ခင်ဗျား ဘယ်သူလဲ၊ ဘာကိစ္စ လာတာလဲ'

'မင်း ကိုကိုကြီးရဲ့ မိတ်ဆွေပါ လူကလေးရယ်၊ မင်း ကိုကိုကြီးက



www.burmeseclassic.com

www.burmeseclassic.com



ပေးမယ်လို့ ကတိ ထားဖူးတဲ့ ငွေကွပ်တဲ့ ပစ္စတိုသေနတ်နဲ့ ဒမတ်စကတ် ဓားများလည်း မင်းဖို့ ယူလာခဲ့ပါတယ်'

'ဘယ်မှာလဲ ခင်ဗျာ'

'အင်္ဂလန်မှာ ရောက်နေတယ် လူကလေးရဲ့၊ သွားယူဖို့က တစ်ဆိတ် တော့ ကြာလိမ့်မယ်။ သို့သော် ငါ ဘယ်လောက် စကားတည်တယ်ဆိုတာ ကို မင်း ကိုကိုကြီး သိပါတယ်'

ထိုအခါ ရိုလင်က 'စိတ်သာချ အက်ဒွပ်ရေ၊ ဆာဂျွန်က ကတိထား ရင် ရအောင် ယူပေးတဲ့ လူတစ်ယောက်ကွယ့်' ဟု ပြော၍ မိခင်နှင့် နှမတို့ ဘက် လှည့်ပြီးလျှင်...

'ကျွန်တော် သတိမေ့နေလိုက်တာ ခင်ဗျာ၊ ဆာဂျွန်ကိုတောင် မာမီ တို့နဲ့ မိတ်ဆက် မပေးရသေးပါပဲကလား' ဟု ဆိုလျက် ဆာဂျွန်အား အိမ်သားများနှင့် မိတ်ဆက်ပေးပြီးနောက်၊ မိမိအဖို့ အရေးတကြီး ကျေးဇူးပြု ဖူးသဖြင့် အကောင်းဆုံး မိတ်ဆွေတစ်ယောက် ဖြစ်ကြောင်း၊ မာမီတို့နှင့်အတူ ရက်သတ္တ နှစ်ပတ်ခန့်မျှ တည်းခိုနေထိုင်မည့် အကြောင်းများကို ပြောပြ လေ၏။

'ကျွန်တော်တို့ အိမ်မှာ ခံနေရတာ ပျင်းစရာကြီးတော့ ဖြစ်နေမှာပဲ ဆာဂျွန်'

'မပျင်းပါဘူးဗျာ၊ ရက်သတ္တ နှစ်ပတ်တွင်မက တစ်သက်လုံး နေရ ရင်လည်း မပျင်းပါဘူးဗျာ'

ထိုအတောအတွင်း၌ မော်ဂင်သည် မြင်းပေါ်သို့ ပြန်တက်၍ ချာထရ ဘုရင်ဂျီ ခင်ကြီးကျောင်းသို့ စိုင်းသွားလေ၏။ ဝင်းတံခါးသို့ ရောက်သော အခါ မြင်းကို ဇက်သတ်၍ မှတ်စုစာအုပ်ကလေးကို ထုတ်ပြီးလျှင် စာ တစ်ရွက်ပေါ်တွင် အနည်းငယ် ရေးခြစ်လေ၏။ ထို့နောက် စာရွက်ကို ဆုတ်ယူ၍ လိပ်ပြီး သော့ပေါက်မှ လျှိုထည့်ခဲ့ပြီးလျှင် တောထဲသို့ စိုင်း သွားလေ၏။ ရေးသားခဲ့သော စာမှာ အောက်ပါအတိုင်း ဖြစ်လေသည်။





"ဂျင်နရယ်ဘိုနပတ်၏ သက်တော်စောင့် လွှိမွန် ထရီဘဲလ်× သည် ယနေ့ ညနေ နွင်းဖောင်တိန် နေအိမ်သို့ ပြန်ရောက်လာသည်။ သတိထားကြပေလော့ ဂျေဟူးရဲဘော် အပေါင်းတို့။"

မော်ဂင်သည် အထက်ပါ စာကို ရေးသားရာတွင် လွှိမွန်ထရီဘဲလ် သော နာမည် အထက်၌ ကြက်ခြေခတ် အမှတ်အသားတစ်ခု ထည့်ထား ၊ ၎င်း၏ အဓိပ္ပာယ်မှာ လွှိမွန်ထရီဘဲလ်သည် မိမိတို့ ဆောင်ရွက်ကြမည့် နှင့် ပတ်သက်၍ အရေးကြီးသော ပုဂ္ဂိုလ်တစ်ဦးဖြစ်၍ သတိနှင့် စောင့် ကြရမည် မှန်စေကာမူ ထိုသူ၏ အသက်ကို ရန်မရှာကြဖို့ တားမြစ် ခြင်း ဖြစ်လေသည်။

ဂျေဟူးရဲဘော် အဖွဲ့ဝင်များသည် မိမိတို့ ချစ်ခင်မြတ်နိုးသော ပုဂ္ဂိုလ် ဦးတစ်ယောက်ကို ဆင်ခြေမပေး၊ အကြောင်း မဖော်ပြဘဲ ကာကွယ် သော အခွင့်အရေး ရှိလေရာ၊ မော်ဂင်သည် မိမိ ရည်းစား၏ အစ်ကို သော မွန်ထရီဘဲလ်အား ၎င်း အခွင့်အရေးအရ ကာကွယ်လိုက်ခြင်း သောသည်။

## အခန်း ၁၁

က်တစ်နေ့၌ ရိုလင်သည် ဆာဂျွန်ကို ဖျော်ဖြေရန် ဝတ္ထုရား ရှိသည့်အတိုင်း တ်အခါက ကြည့်ရှုဖွယ် အကောင်းဆုံးသော အဆောက်အအုံ တစ်ခု ဖြင့် အသိအမှတ် ပြုကြရသော ဘရော အမည်ရှိ ဘုရားရှိခိုးကျောင်း ခေါ်သွားလေ၏။ ရိုလင်သည် ၎င်း အဆောက်အအုံသို့ မရောက်သည် အတော် ကြာခဲ့ပြီး ဖြစ်၍ ဧည့်သည် ဆာဂျွန်အား အဆောက်အအုံတွင်းရှိ သော ပန်းချီပန်းပု ပညာနှင့် ပတ်သက်သည့် လက်ရာများကို ပြသရင်း၊ လည်း အပျင်းပြေ ကြည့်ရှု ရလိမ့်မည်ဟု မျှော်လင့်ခဲ့၏။ သို့ရာတွင် ်းမှူးကို ခေါ်၍ ဘုရားရှိခိုးကျောင်းကို ဖွင့်စေသောအခါ မိမိ မျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com



သည့် အတိုင်း လှပသော ရုပ်လုံးများနှင့် ပန်းချီကားများကို မတွေ့ရဘဲ
အဆောက်အအုံ တစ်ခုလုံး ကောက်ရိုးများ ပြည့်နှက်လျက် ရှိသည်ကို တွေ့ရ
လေ၏။ ရိုလင်သည် အကြောင်းခြင်းရာကို တံခါးမှူးအား မေးမြန်းသော
အခါ သမ္မတ အစိုးရ လက်ထက်တွင် ဘာသာရေး အလိုမရှိသောကြောင့်
အစိုးရ အရာရှိများက ဘုရားရှိခိုးကျောင်းကို မြင်းစာ ကောက်ရိုးများ သို
လှောင်ရန် အတွက် ဂိုဒေါင်အဖြစ်နှင့် အသုံးပြုလျက် ရှိကြောင်း ပြောပြ
လေ၏။

ရိုလင်သည် စိတ်ပျက်စွာနှင့် ဆာဂျွန်ကို ခေါ်သွား၍ အနီးအပါး
အကျဉ်းထောင် အဆောက်အအုံသို့ ဝင်သွားကြလေရာ၊ ရိုလင်မှာ စစ်ဘက်
အရာရှိ တစ်ယောက် ဖြစ်သည့်အတွက် အစောင့်အကြပ်များက ဝင်ခွင့်ပြု
သာမက ကိုယ်တိုင် လိုက်၍ ပြသကြ၏။ ၎င်း အကျဉ်းထောင်မှာ အခြာ
မဟုတ်။ ရိုလင်၏မိခင် မဒမ်မွန်ထရီဘဲလ်နှင့် သမီး အမီလီတို့ကို နိုင်ငံရေး
အကျဉ်းသမား အဖြစ်နှင့် ချုပ်နှောင် ထားခဲ့ဖူးသည့် အကျဉ်းထောင်ပင်
ဖြစ်လေသည်။ ဖြစ်ပွားပုံမှာ သမ္မတ အစိုးရဘက်တွင် ခေါင်းဆောင်ပုဂ္ဂိုလ်
ကြီး တစ်ဦး ဖြစ်သော မာရက် ကျဆုံးပြီးသည့်နောက် ထိုသူကို အလေးပြု
သော အားဖြင့် တစ်နှစ်လျှင် တစ်ကြိမ်ကျ အခမ်းအနား ကျင်းပခဲ့ရာ
၎င်းအခမ်းအနားတွင် မျက်ရည်ခွက် ကိုင်ရသော အပျိုကလေးများအနက်
အမီလီအား ရွေးချယ်ထား၏။ ဆိုလိုရင်းမှာ မာရက် ကျဆုံးသည့်အတွက်
ပြင်သစ် ပြည်သူပြည်သားများ ဝမ်းနည်းပက်လက် ငိုကြွေးကြ၍၊ ၎င်းတို့
မျက်ရည်များ ထည့်ရန်အတွက် ရွှေခွက်များကို အပျိုကလေးများက အခမ်း
အနား လှည့်ရာ၌ တစ်ခွက်စီ ကိုင်ဆောင်ကြရလေသည်။ မဒမ်မွန်ထရီဘဲလ်
သည် သမ္မတ အစိုးရကို ကြည်ညိုသူတစ်ယောက် မဟုတ်လေရကား မာရက်
ကို ချီးကျူးသော အခမ်းအနား၌ မိမိ၏ သမီးကို ရွှေခွက်ကိုင် တစ်ယောက်
အဖြစ်နှင့် ပါဝင်ရန် သဘော မတူနိုင်ခဲ့ချေ။ ဤတွင် သားအမိ နှစ်ယောက်
လုံးကို ထိုအကျဉ်းထောင်၌ ချုပ်လှောင်ထားခဲ့ရာ ပြင်သစ်ပြည် ရာဇဝင်





အလွန်တရာ ထင်ရှားခဲ့သည့် ရိုဘဲ့စပီးယား ကွယ်လွန်သည်တွင် နိုင်ငံရေး
တစ်ခေတ်ပြောင်း၍ အကျဉ်းထောင်မှ လွတ်လာခဲ့ကြလေသည်။

ရိုလင်သည် မိခင်နှင့် နှမတို့ ချုပ်လှောင်ထားဖူးသည့် ထောင်ခန်း
ကို ဆာဂျွန်အား ပြသ၍ အဖြစ်အပျက်ကိုလည်း ပြောပြလေရာ၊ ဆာဂျွန်
သည်း အလွန် စိတ်ဝင်စားသော အမူအရာနှင့် ထောင်ခန်းကို ကြည့်ရှု
မှတ်သားခဲ့၏။ အိမ်သို့ ပြန်ရောက်၍ အမီလီ၏ သေးသွယ်သော လည်တိုင်
ကလေးကို မြင်ရသည်တွင် ဆာဂျွန်၏ စိတ်ထဲ၌ ကံကောင်း ထောက်မသော
ကြောင့် သာလျှင် ဤလည်တိုင်ကလေးမှာ ဂီလိုတင် စက်ဓားကြီး ခုတ်ပိုင်း
ခြင်းမှ လွတ်မြောက်လာချေသည် တကားဟု စဉ်းစားမိလေသည်။

ရိုလင်သည် ဧည့်သည် ဆာဂျွန်ကို ဖျော်ဖြေရန်အတွက် နက်ဖြန်တွင်
ခမဲလိုက် ခွေးများနှင့်တကွ တောကစားထွက်ကြဖို့ စီမံလေရာ၊ ညီကလေး
အက်ဒွပ်ကလည်း အတူ လိုက်ပါဖို့ ပူဆာ၏။ ပြင်သစ်ပြည်၌ တောကစား
ထွက်ခြင်း ဆိုသည်မှာ တောဝက်လိုက်ခြင်းကို ဆိုသည် ဖြစ်၍ ဘေး
အန္တရာယ် မကင်းသော အလုပ်မျိုး ဖြစ်သည့်အတွက် မိခင်က ငယ်ရွယ်သော
အက်ဒွပ် မလိုက်ဖို့ ကန့်ကွက်သော်လည်း ရိုလင်နှင့် ဆာဂျွန်တို့က တာဝန်
ယူ၍ ကာကွယ်စောင့်ရှောက်မည် ဆိုသောကြောင့် အက်ဒွပ်မှာ လိုက်ခွင့်
ရလေ၏။ ဆာဂျွန်ကလည်း မိမိ ကတိထားခဲ့သည့် ငွေကွပ်သော ပစ္စတို
သေနတ် မရသေးမီ အတွင်း ရိုင်ဖယ်သေနတ်ကလေး တစ်လက် ပေးထား
မည် ဆို၍ အက်ဒွပ်အား မိန်းမကိုင်ရိုင်ဖယ် သေနတ်တစ်လက် ထုတ်ပေးလေ
၏။ အလွန် လှပကောင်းမွန်သော သေနတ်တစ်လက် ဖြစ်သည်ဟု ရိုလင်
ကိုယ်တိုင်က ချီးမွမ်း ပြောပြသည်တွင် အက်ဒွပ်မှာ အူမြူးလျက် ရှိ၏။ ၁၃
နှစ်သား အရွယ်မျှသာ ရှိသေးသော်လည်း အက်ဒွပ်သည် မိခင် မသိအောင်
စိတ်တဆိတ် လေ့ကျင့်ထားသည် ဖြစ်သောကြောင့်၊ ဆာဂျွန် ပေးသော
ရိုင်ဖယ်ကလေးနှင့် ဦးထုပ်ခန့် ပမာဏရှိသော စက်ဝိုင်းတွင် ၁၂ ချက်
အနက် ၁၀ ချက် ထိအောင် ပစ်နိုင်ကြောင်း တွေ့ကြရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အမိလီမှာ ထိုအချိန်အခါ၌ အသက် ၁၇ နှစ် ရှိပြီ ဖြစ်ရာ၊ မွေးသဖခင် စစ်ပွဲ၌ ကျဆုံးစဉ်က မျက်နှာ ညှိုးနွမ်းသွားပြီးနောက် တဖြည်းဖြည်း ကြည်လင်လာခဲ့သဖြင့် မိခင်မှာ စိတ် သက်သာရာ ရခဲ့၏။ လွန်ခဲ့သော ခြောက်လခန့်ကမှ အမိလီ၏ မျက်နှာသည် နေသမ်းသော ကြာပန်းကဲ့သို့ နွမ်းနယ်စပြုခဲ့လေရာ၊ ထိုအခြင်းအရာကို သိမြင်သော မိခင်က မေးမြန်းသော်လည်း တစ်စုံတစ်ရာမျှ မဖြစ်ရကြောင်းနှင့်သာ ပြန်ပြောလေ၏။ မိခင်သည် ရည်းစားပူကြောင့် မိမိ၏သမီး စိတ်ညှိုးငယ်ခြင်း ဖြစ်ရလေသလားဟု တွေးတောကာ ဖြစ်သင့် ဖြစ်လောက်သော ယောကျ်ားကလေးမျိုးကို စဉ်းစားပါသော်လည်း ထိုအချိန်အခါတွင် ကာနယ်မွန်ထရီဘဲလ် ရှိစဉ်က ကဲ့သို့ လူပျိုလူရွယ်များ ဝင်ထွက်ခြင်း မရှိသည် ဖြစ်သောကြောင့် မည်သူနှင့် ချစ်ကြိုက်သည် ဟူ၍ မတွေးတတ်အောင် ရှိနေလေ၏။ အမိလီ ကိုယ်တိုင်မှာလည်း အခြားအိမ်များသို့ သွားရောက်လည်ပတ်ခြင်း မရှိချေ။ အစ်ကိုဖြစ်သူ ရီလင် ပြန်ရောက်လာစ အခါက အမိလီ ရွှင်ရွှင်ပျပျ ဖြစ်လာလိမ့်မည်ဟု မျှော်လင့်မိရာ၊ ၎င်းမျှော်လင့်ချက်လည်း အချည်းအနှီးဖြစ်ကြောင်း တွေ့ရလေပြီ။

မဒမ်မွန်ထရီဘဲလ်သည် ရီလင် ပြန်ရောက်လာ ကတည်းက သမီး အမိလီ၏ မျက်နှာကို စောင့်ကြပ် အကဲခတ်လျက် ရှိရာ၊ ရွှင်ပျခြင်း မရှိရုံမျှမက ထိတ်လန့်သော အမူအရာကိုပင် မြင်ရသဖြင့် အံ့သြမိ၏။ အမိလီသည် အစ်ကိုဖြစ်သူ ရီလင်ကို ယခင်က ကဲ့သို့ ယုယ ကြင်နာသော မျက်နှာထားမျိုးနှင့် မကြည့်ဘဲ ကြောက်ကြောက်လန့်လန့်နှင့် ကြည့်မိသည်ကိုပင် တွေ့မြင်ရ၏။

တောကစား ထွက်မည့်နေ့၌ တောချောက်သော လူများသည် နံနက် ၆ နာရီ ကတည်းက ရီလင်၏ အိမ်သို့ ရောက်လာကြလေရာ၊ တောကစားမည့် အလုပ်တွင် အကြီးအမှူး မုဆိုးအဖြစ်နှင့် ဆောင်ရွက်ရမည့် မိုက်ခဲက ခွေးများ၊ မြင်းများနှင့်အတူ ၁၁ နာရီ အချိန်တိုင်မှ တောသို့ လိုက်ကြရမည် ဖြစ်လေသည်။





နံနက်ပိုင်း၌ သမင်များနှင့် ယုန်များ လောက်သာ ပစ်ရန် ရှိ၍ ရီလင်သည် အက်ဒွပ်အား သေနတ်ကလေး တစ်လက် ပေးထားရာ၊ ဆာဂျွန်ပေးသော ရိုင်ဖယ်သေနတ်ကိုမူ ညနေခင်း တောဝက်ပစ်သောအခါမှ ကိုင်စေမည် ဆို၍ မိုက်ခဲ လက်သို့ အပ်ထားလေ၏။ ရီလင်တို့၏ နွှင်းဖောင်တိန်ခေါ် အိမ်ကြီးမှာ ဆီးလုံးတော အစွန်းတွင် တည်ရှိသည် ဖြစ်၍၊ ရီလင်တို့ လူစုမှာ အိမ်မှ ထွက်လျှင် ထွက်ချင်းလိုပင် သမင်နှင့်ယုန်များ ပစ်ခွင့် ရကြ၏။ နေ့လယ်စာ စားသည့်အချိန်တွင် သမင်မ နှစ်ကောင်၊ အထီး ရှစ်ကောင်၊ ယုန် နှစ်ကောင်နှင့် မြေခွေး နှစ်ကောင် ပစ်ပြီးကြလေပြီ။ ထိုအတောအတွင်း တောဝက် နှစ်ကောင် တွေ့ကြသော်လည်း ကျအောင် မပစ်နိုင်ကြချေ။

အက်ဒွပ်ကလေးမှာ သမင်တစ်ကောင် ရအောင် ပစ်နိုင်သည့်အတွက် ဝမ်းမြှုလျက် ရှိ၏။ ထိုအချိန်တွင် တောချောက်သမားများကို အမဲများနှင့်အတူ အိမ်သို့ ပြန်လွှတ်၍ ရီလင်သည် ခရာမှုတ်ကာ အချက်ပေးလိုက်ရာ မုဆိုး မိုက်ခဲသည် ခွေးများ၊ မြင်းများနှင့် ရောက်လာလေ၏။

မိုက်ခဲသည် တောဝက် တစ်ကောင်ကို တွေ့ခဲ့၍ ၎င်း၏ သားကို တောဝက်အား ဝိုက်ထားရန် စေလွှတ်လိုက်ပြီ ဖြစ်ရာ၊ ထိုအချိန်၌ ရီလင်တို့ လူစုနှင့် ခြေလှမ်း တစ်ရာခန့်မျှ ကွာလှမ်းလျက် ရှိ၏။ မိုက်ခဲ၏သား ရောက်သည် ခွေးအုပ်အနက်တွင် ခေါင်းဆောင်ဖြစ်သော ခွေးကြီး နှစ်ကောင်နှင့်အတူ တောဝက် နောက်သို့ လိုက်ကြရာ ၅ မိနစ် အတွင်း ဝက်အောင်းသော နေရာကို တွေ့ကြသော်လည်း ရုတ်တရက် ပစ်သတ်လိုက်ပါက ပျော်စရာ မရှိသောကြောင့် မပစ်ဘဲ ထားသေး၏။

လူအားလုံး ဆုံမိကြသောအခါ မုဆိုးသည် ခွေးအုပ်ကို တောဝက် ရှိရာဘက်သို့ လွှတ်လိုက်ရာ ဝက်သည် ရန်သူများ လာကြသည်ကို မြင်သော်လည်း ပုန်းအောင်းရာမှ ခပ်မှန်မှန်သာ ထွက်ပြေး၏။ ဝက်သည် လမ်းရိုးအတိုင်း ကျော်စဉ် ရီလင်က ခရာသံဖြင့် ချောက်လိုက်သည်နှင့် အိမ်ဘက်သို့ ပြေးသွားလေရာ လူများလည်း လမ်းအတိုင်း မြင်းစိုင်းလျက် လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝက်သည် တောထဲတွင် တုံ့ချည် ပြန်ချည်ဖြင့် ညနေ ၅ နာရီ တိုင်အောင် ပြေးလွှားလျက်ရှိရာ လူများလည်း မြင်းကိုယ်စီနှင့် နောက်မှ လိုက်ကြ၏။

နောက်ဆုံး၌ ဝက်ကို ခွေးများ ဝိုင်းမိသဖြင့် တဝုန်းဝုန်း ဟောင်လျက် ရှိသော အသံများ ကြားကြရလေရာ၊ ထိုနေရာ၌ ချုံများ ထူထပ်လှသဖြင့် မြင်းနှင့် လိုက်ရန် မဖြစ်နိုင်သောကြောင့် လူများသည် မြင်းပေါ်မှ ဆင်း၍ လိုက်ကြ၏။ ခွေးဟောင်သံကို နားထောင်ရင်း လိုက်သွားကြ၍ တစ်ချက် တစ်ချက်တွင် ခွေးတစ်ကောင်ကို ဝက်စွယ် ထိသဖြင့် "ဂိန်"ခနဲ မြည်သော အသံမျိုးလည်း ကြားကြရ၏။ အတန်ကြာသော် ခြေလှမ်း ၂၀ ခန့် ကွာလှမ်း သော နေရာ၌ ခွေးများ ဝိုင်းနေသော ဝက်ကို မြင်ကြလေရာ၊ ဝက်သည် ကျောက်ဆောင်ကို ကျောခိုင်းလျက် အစွယ် တကြိတ်ကြိတ်နှင့် မျက်လုံး မျက်ဆန် ပြူးကာ ခုခံလျက် ရှိ၏။

ခွေး ၂၀ ကျော်ခန့် အနက် လေးငါးကောင်တို့မှာ ဝက်စွယ် ထိသဖြင့် သွေးရဲရဲ ရှိနေကြသော်လည်း ချက်ကောင်းကို စောင့်ကာ ဝန်းရံလျက် ရှိကြ၏။ ရိုလင်တို့ လူစု ချဉ်းကပ် လာကြရာတွင် လူအသီးသီးသည် မိမိ အရွယ်နှင့် ဝါသနာအလျောက် ပြုမူကြ၏။ အက်ဒွပ်မှာ အငယ်ဆုံး၊ သတိ အနည်းဆုံး ဖြစ်၍ အခြား လူများ မတိုးနိုင်သော အကြိုအကြားမှ တိုးဖြတ်နိုင် သဖြင့် ရှေးဦးစွာ ရောက်သွား၏။ ဘေးအန္တရာယ်ကိုမှ မကြောက်တတ်ရုံ သာမက အန္တရာယ်များသော အလုပ်ကို လုပ်နိုင်တတ်သော ရိုလင်သည် ညီကလေး နောက်မှ ကပ်လျက် လိုက်ပါသွား၏။ နောက်ဆုံးတွင်မှ ဆာဂျွန် သည် အေးအေးဆေးဆေးနှင့် စိမ်ပြေနပြေ လိုက်လာခဲ့လေသည်။

တောဝက်သည် လူများကို မြင်သည်နှင့် တစ်ပြိုင်နက် ခွေးများကို ဂရုမစိုက်တော့ဘဲ ရဲရဲနီသော မျက်လုံးများနှင့် လှမ်းကြည့်လိုက်၏။ သို့ရာတွင် အထက်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်းတို့ ရိုက်ခတ်မိ၍ တဂွပ်ဂွပ် မြည်သော အသံ ဖြစ်ပေါ်သည်မှ တစ်ပါး မည်သို့မျှ မတတ်နိုင်ချေ။ ရိုလင်သည် ခါး ဓားမြှောင်ကို ဆွဲထုတ်၍ ဝက်ဆီသို့ အတင်း ပြေးဝင်ကာ လည်ပင်းကို





ထိုးမည် ပြုသည်တွင်၊ ဆာဂျွန်က လက်ကို ဆွဲထား၍ အက်ဒွပ်က 'ကျွန်တော် ထိုးပါရစေ ကိုကို' ဟု ပြောလိုက်၏။

သို့ဖြစ်၍ ရိုလင်သည် သေနတ်ကို သစ်ပင်၌ မှီကာ ထောင်ထား ပြီး လှံတံ ဓားကို ကိုင်လျက် စောင့်နေပြီး 'ကိုင်း ဒါဖြင့် ပစ်၊ သတိထားနော်' ဟု ပြောလိုက်၏။ အက်ဒွပ်သည် ဝက်၏ ဦးခေါင်းကို သေနတ်နှင့် ချိန်လျက် 'စိတ်ချပါ ကိုကို' ဟု ပြောဆဲတွင် ဆာဂျွန်က 'တစ်ချက်တည်းနဲ့ မလဲလျှင် ဒုက္ခတွေ့တတ်တယ်နော်' ဟု သတိပေးလိုက်၏။

နောက်တစ်ခဏ၌ ဒိုင်းခနဲ မြည်သော သေနတ်သံ ထွက်လာ၍ တောဝက်သည် အက်ဒွပ်ဆီသို့ တစ်ဟုန်ထိုး ခုန်လိုက်လေရာ၊ ဒုတိယ သေနတ်သံတစ်ချက် ထွက်လာသော်လည်း တောဝက်၏ ရဲရဲနီသော မျက်လုံး များသည် မီးခိုးများအတွင်း ဝင်းဝင်းပြောင်ပြောင် တောက်လျက် ရှိ၏။ ဝက်သည် ရှေ့သို့ ခုန်ထိုးရာတွင် ဓားကို ကိုင်ကာ မြေကြီးပေါ်၌ ဒူးထောက် လျက် ရှိသော ရိုလင်နှင့် ဆုံမိလေ၏။ နောက်တစ်ခဏ၌ကား လူနှင့် ဝက်တို့ သည် မြေကြီးပေါ်တွင် ထွေးလုံး ရစ်ပတ် ဖြစ်နေကြ၍ လူမှန်း မသိ၊ ဝက်မှန်း မသိ ရှိနေလေတော့သည်။ ထိုနောက်မှ တတိယ သေနတ်သံတစ်ချက် ထွက်လာပြန်၍ ရိုလင် ရယ်လိုက်သော အသံကိုလည်း ကြားကြရ၏။

'ဖြစ်ရလေ ဆာဂျွန်၊ အလကား ကျည်ဆန် အဆုံး ခံချင်တာကိုး၊ ကျွန်တော် ထိုးထားလို့ ဝက်မှာ ရင်ပွင့်နေတာ မတွေ့ဘူးလား ခင်ဗျာ' ဟု ရိုလင်က ပြော၍ မိမိ အပေါ်၌ ပိနေသော ဝက်ကိုယ်လုံးကြီးကို တွန်းဖယ် လိုက်၏။ ရိုလင်၏ ကိုယ်၌ ဝက်သွေးများ စွန်းပေလျက် ရှိသော်လည်း ထိခိုက်ရာဒဏ်ချက်မှုကား မတွေ့ရချေ။ အက်ဒွပ်ကလေးမှာ မိမိထံသို့ ဝက် ပြေးလိုက်စဉ်က ရိုလင်က ရှေ့မှ ဆီးကွယ်ထားသဖြင့် ထိခိုက်ခြင်းလည်း မရှိ၊ ထိတ်လန့်သော အမူအရာလည်း မဖော်ပြချေ။

ခွေးများသည် ထိုအခါ၌ ဝက်သေကောင်ကို ဝိုင်းတွယ်ကြရာ ရိုလင် သည် ခွေးများကို ဖယ်ရှား၍ ဝက်သေကောင်ကို သေချာစွာ ကြည့်ရှုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အက်ဒွပ် ပစ်လိုက်သော ပထမ ကျည်ဆန်သည် ဦးခေါင်းသို့ ထိမှန်သော် လည်း မစူးဝင်ဘဲ လျှံထွက်သွားသည်ကို တွေ့ရ၏။ ဒုတိယ သေနတ်သံ မှာ ဆာဂျွန်၏ နှစ်လုံးပြူးသေနတ်မှ ပထမအချက် ဖြစ်၍ ဝက်၏ ရင်ဘတ် ကို ပွတ်ထွက်သွား၏။ တတိယ သေနတ်သံမှာ ဆာဂျွန် သေနတ်မှ ဒုတိယ အချက် ဖြစ်၍ ဝက် ကိုယ်ကို ဖောက်သွားသည် မှန်သော်လည်း သေပြီးသော အလောင်းကို ဖောက်ထွင်းခြင်းမျှသာ ဖြစ်၏။ အဘယ့်ကြောင့် ဆိုသော် ရိုလင်၏ ဓားမြှောင်သည် ဝက်၏ နှလုံးအိမ်ထဲတွင် စူးဝင်လျက် လက်ဖျစ် တစ်တွက် အချိန်အတွင်း သေစေခဲ့ပြီ ဖြစ်ပေသောကြောင့်တည်း။

## အခန်း ၁၂

အမဲလိုက်ခြင်းကိစ္စ ပြီးစီးသောအခါ မှောင်စ ပြုလာပြီဖြစ်၍ ရိုလင်တို့ လူစုသည် မြင်းများ ချည်နှောင်ထားခဲ့သော နေရာသို့ လျှောက်လာကြပြီးလျှင် အိမ်သို့ ပြန်လာကြလေ၏။ အက်ဒွပ်ကမူ မိမိ ပစ်၍ ရသော တောဝက်ဆို၍ ဝက်ကောင်ကို မြင်းကုန်းနှီး၌ ချိတ်လျက် တစ်ပါတည်း ယူလာခဲ့လို၏ သို့ရာတွင် ဤနည်းထက် အစေခံ နှစ်ယောက်ကို လက်တွန်းလှည်းကလေး နှင့် လွှတ်လိုက်ခြင်းက သာ၍ ကောင်းသည်ဟု ရိုလင်က ပြောသဖြင့် အက်ဒွပ်မှာ မိမိ၏ တောဝက်နှင့် အောင့်အည်း ခွဲခွာရလေ၏။

နေအိမ်သို့ ချဉ်းကပ်လာသောအခါ အက်ဒွပ်သည် ဝင်းတံခါး အသင့် ကြိုဆိုလျက်ရှိသော မိခင်ထံသို့ ရှေ့ဆုံးမှ စိုင်းသွား၍ 'မာမီ မြည်းလောက်ကြီးတဲ့ တောဝက်ကြီးတစ်ကောင် ပစ်ယူခဲ့တယ်ဗျ။ ကျွန်တော် က ခေါင်းကို ပစ်တယ်။ ကိုကိုက ဝမ်းဗိုက်ကို ဓားနဲ့ ထိုးတယ်။ ဂျွန်က သေနတ်နဲ့ နှစ်ချက် ပစ်တယ်ဗျ။ ဝက်ကောင်ကြီး ယူရအောင် လူနှစ်ယောက် မြန်မြန် လွှတ်လိုက် မာမီ။ ကိုကို့မှာ သွေးတွေ လူးနေတာတွေ့ရင် မကြောက် နဲ့နော်၊ သူ့ သွေး မဟုတ်ဘူး၊ ဝက်ကြီးက သွေးတွေဗျ' ဟု ဝမ်းသာအား





ပြောနှင့်လေ၏။ ၎င်းနောက် အက်ဒွပ်သည် မြင်းပေါ်မှ ခုန်ဆင်း၍ မိခင်၏ လည်ပင်းကို ဖက်ကာ နှုတ်ဆက်လေရာ ထိုခဏတွင် ရိုလင်တို့ ရောက်လာ ၍ အမိလီလည်း ဆင်ဝင်မှ ထွက်ကြလေ၏။

အက်ဒွပ်သည် မိခင်ကို ရိုလင်နှင့် ထားခဲ့၍ အစ်မကြီး အမိလီ ရှိရာသို့ တက်ပြေးသွားပြီးလျှင် ဝက်ကြီး ပစ်ခဲ့ရပုံ အခြင်းအရာများကို အကျယ်တဝင့် ပြောပြသော်လည်း၊ အမိလီက စိတ်ဝင်စားသည့် လက္ခဏာ မရှိသည်နှင့် သူသည် စိတ်ပျက်လျက် အစေခံများ ရှိသော မီးဖိုချောင်သို့ ပြေးသွား၏။

အက်ဒွပ်သည် အကြီးအမှူးဖြစ်သော အစေခံအား တောဝက် အကြောင်းကို ပြောပြ၍ အသေကောင်မှာ ချာထရ ဘုန်းကြီးကျောင်းနှင့် ကိုက်ပေါင်း ၂၀ ခန့်မျှ ကွာကြောင်း၊ လူနှစ်ယောက်ကို ချက်ချင်း စေလွှတ် ၍ စီမံရမည့် အကြောင်းတို့ကို ပြောပြရာတွင် အစေခံက ညဥ့်အချိန်၌ ထို နေရာသို့ သွားဖို့ရန် ခဲယဉ်းကြောင်း ပြောပြလေ၏။ နောက်ဆုံး၌ ဘတ္တလာ သည် ဂျက်ကို ခေါ်၍ ရိုလင်ထံသို့ ပို့လိုက်ရာ ရိုလင်က တောဝက်ကို လက်တွန်းလှည်းနှင့် တင်ယူရန် လူနှစ်ယောက် ခေါ်ခဲ့ရန် စေလွှတ်လိုက် လေ၏။ ထို့နောက် ရိုလင်နှင့် အက်ဒွပ်တို့သည် အဝတ်များ လဲလှယ်၍ ညစာ စားသောက်သော အခန်းသို့ ဝင်သွားကြလေ၏။

ညစာ စားပွဲ၌ အက်ဒွပ်သည် တောဝက်ကို ပစ်ခဲ့ရသည့် အဖြစ် အပျက်ကို ပြောပြ၍ မဆုံးနိုင်အောင် ရှိနေလေရာ ဆာဂျွန်ကလည်း ရိုလင် ၏ ကျင်လည်ပုံ၊ သတ္တိကောင်းပုံနှင့် ကံကောင်းပုံများကို ဖြည့်စွက် ပြောပြ လေ၏။ မိခင် မဒမ်မွန်ထရီဘဲလ်မှာမူ သားငယ်၏ အသက်ကို သားကြီးက ကယ်ဆယ်လိုက်ပုံ အခြင်းအရာများကို နားထောင်၍ အားမရနိုင်အောင် ရှိနေလေတော့သည်။

'ဟဲ့ လူကလေးရေ၊ မင်းအသက်ကို ကယ်ဆယ်လိုက်တဲ့အကြောင်း ကိုကိုကို ကျေးဇူးတင်ကြောင်း ပြောပြီးပြီလား'



www.burmeseclassic.com

www.burmeseclassic.com



'ဘာ ကျေးဇူးတင်စရာ ရှိလို့လဲ မာမီ၊ ကျွန်တော်ကလည်း သူ့ကို ဒီလိုပဲ ကယ်ဆယ်မှာပေါ့'

ထိုအခါ ဆာဂျွန်က မဒမ် မွန်ထရီဘဲလ်အား ခြင်္သေ့ ညီအစ်ကိုကို မွေးထားသော သမင်မ ကဲ့သို့ ဖြစ်နေတော့သည်ဟု ပြောလေ၏။

အမီလီသည်လည်း ထိုအဖြစ်အပျက်ကို စိတ်ဝင်စားစွာနှင့် နားထောင်လျက် ရှိရာ တောဝက် ပစ်သော နေရာမှာ ချာထရ ဘုန်းကြီးကျောင်းနှင့် နီးသည်ဆိုသော အခြင်းအရာကို ကြားရသောအခါတွင် သာ၍ပင် စိတ်ဝင်စားဟန် တူလေသည်။ နောက်ဆုံး၌ ရိုလင်တို့ လူစုသည် ထိုနေရာမှ ထွက်ခွာခဲ့ကြသည်ဆိုသော အခါမှာ အမီလီမှာ စိတ်ချသွားလေတော့သည်။

ညစာ စားပြီးသောအခါ ဂျက်သည် တောဝက် ယူရန် ကိစ္စအတွက် တောသားနှစ်ယောက်ကို ခေါ်လာခဲ့လေ၏။ ၎င်းတို့က ဝက်သေကောင် ထားခဲ့သော နေရာကို သေချာစွာ ညွှန်ပြဖို့ ပြောသည်နှင့် ရိုလင်သည် ၎င်းတို့ထံသို့ ထ သွားမည် ပြုလေရာ၊ မဒမ်မွန်ထရီဘဲလ်က ရိုလင် သွားဖို့ မလိုဘဲ တောသားနှစ်ယောက်ကို အခန်းထဲသို့ ခေါ်သွင်းခဲ့ရန် ပြောလိုက်သောကြောင့် တောသား နှစ်ယောက်တို့လည်း ဝင်လာကြလေ၏။

'ကိုင်း ငါ့လူများ၊ ဆီးလုံး တောထဲမှာ တောဝက်တစ်ကောင် ပစ်ထားခဲ့တယ်။ သွားယူချေကြပေတော့'

'ဘယ်အနားဆီမှာလဲ ခင်ဗျာ'

'ရှာဖို့ မခက်ပါဘူးကွယ်၊ အလွယ်ကလေး တွေ့နိုင်ပါတယ်။ ချာထရ ဘုရင်ဂျီ ခရစ်ယာန်ဘုရားရှိခိုးကျောင်း သိတယ် ဟုတ်လား'

တောသား နှစ်ယောက်တို့လည်း တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြလေ၏။

'ကျောင်းရှေ့က ဝင်းတံခါးနဲ့ ကိုက်ပေါင်း ၂၀ လောက် ဝေးလိမ့်မယ်ကွယ့်'

လူနှစ်ယောက်တို့လည်း ထပ်လောင်း၍ ကြည့်နေကြပြန်၏။





'ဘာဖြစ်တာလဲကွယ့်၊ မင်းတို့က တစ်ယောက် တစ်ယောက် ကြည့်ပြီး ဘာလုပ်ကြတာလဲ'

'ဒီလိုပါ ခင်ဗျာ၊ ကျွန်တော်တို့က ဒီလိုပါ ခင်ဗျာ'

'ဒီလိုဆိုတာ ဘာလဲကွ၊ ပြောပြစမ်းပါဦး'

'ခရစ်ယာန်ဘုရားရှိခိုးကျောင်းနဲ့ ကပ်လွန်း လွန်းလို့ပါ ခင်ဗျာ'

'ကပ်နေတော့ ဘာဖြစ်တတ်သလဲကွယ့်'

'ဒီအနီးအနားမှာ မြေအောက်က လှိုဏ်ပြီး ဖောက်ထားတဲ့ ဥမင်လိုဏ် ...င်းကြီးတစ်ခု ရှိပါတယ် ခင်ဗျာ'

'ရှိတော့ကော ဘာဖြစ်သလဲကွာ'

မီခင်ဖြစ်သူမှာ ကုလားထိုင်ပေါ်တွင် ဖင်တကြွကြွ ဖြစ်နေ၍၊ အမီလီ ...ျက်နှာမှာလည်း သွေး မရှိသကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်နေလေ၏။

'ကျွန်တော်တို့က လူဆိုးတွေ မဟုတ်ဘူး ခင်ဗျ၊ လူကောင်း သူ...င်း တွေ ဖြစ်ပါတယ်'

'အလို ဘုရားရေ၊ ဘယ်သူကတော့ လူဆိုးလဲကွ၊ ကျုပ်က လူဆိုး ...'

'ကျွန်တော်တို့က မကောင်းဆိုးဝါးနဲ့ မဆက်ဆံလိုပါဘူး ခင်ဗျာ'

'အလို ဘယ်သူက ဆက်ဆံဖို့ ပြောလို့လဲ ကွယ်တို့၊ ခက်ရပလေ ...ယ်၊ လုပ်ကြစမ်းပါဦး မေမေတို့၊ အမီလီတို့ရေ။ ဒီလူတွေ ဘာတွေ ...ာက်ပြောနေကြတာလဲ ခင်ဗျာတို့'

'ဘာတွေ လျှောက်ပြောရမှာလဲဗျ၊ မာရေးဆိုတဲ့ လူတစ်ယောက် ...င်းပေါ်က လှမ်းကြည့်မိရုံကလေးနဲ့ လည်ပင်းကျိုးပြီး သေဖူးပါပြီကော ...'

'အလို'

'သေတော့တောင် လည်ပင်းကြီး နောက်ပြန်လိမ်နေလို့ ပြန်ပြည့် ...ဘဲ ဒီအတိုင်း သင်္ဂြိုဟ်လိုက်ရပါကောလား ခင်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ထိုခဏ၌ အက်ဒွပ်က 'မမကို ကြည့်လိုက်ပါဦး၊ ချွေးတွေ ပြန်လို့ ကြောက်သလား မမ' ဟု မေးလိုက်ရာ၊ အမီလီက 'ကြောက်လို့ မဟုတ်ပါ ဘူး၊ အိုက်လွန်းလို့ ချွေးထွက်တာပါ။ မအိုက်ဘူးလား မာမီ' ဟု မေးလိုက်၏။

'ငါတို့တော့ မအိုက်ပေါင် သမီးရယ်'

'ကျွန်မတော့ အိုက်လိုက်တာ၊ တံခါး ဖွင့်ရဦးမယ်'

အမီလီသည် ပြတင်းပေါက်ဆီသို့ ထသွား၍ ဥယျာဉ်ဘက်ဆီမှ တံခါးကို ဖွင့်ထားပြီးလျှင် ခန်းဆီးကွယ်လျက် ရပ်နေလေ၏။ ဆာဂျွန်လည်း နှာဘူးကို ထ၍ ပေးရာ အမီလီက ငြင်းပယ်လိုက်၏။ ထိုအခါ တောသား တစ်ယောက်က ...

'တောဝက်ကို နက်ဖြန်ကျတော့မှ ယူပေးပါရစေလား ခင်ဗျ'

'သူရဲဘောနည်းတဲ့ လူတွေကိုးကွ၊ ရှော်လိုက်တာကွာ'

'ကြောက်တိုင်း သူရဲဘော နည်းတယ် မခေါ်သင့်ပါဘူး ခင်ဗျာ'

'ဟုတ်ပါပေ့ကွယ်၊ ကြောက်တတ်တာနဲ့ သူရဲဘော နည်းတာနဲ့ တခြားစီ ဆိုပါကလား ကွယ်တို့'

'ကြောက်တယ်ဆိုတာ ဘာကို ကြောက်တာလဲ စစ်ဆေးဦးမှာပေါ့ ခင်ဗျာ၊ တုတ်တစ်ချောင်း မာမာရှိရင် ဝံပုလွေကို ကျွန်တော် မကြောက်ဘူးဗျ သေနတ်တစ်လက် ရှိရင် ဘယ်လို လူကိုမှ ကျွန်တော် မကြောက်ဘူးဗျာ'

ထိုအခါ အက်ဒွပ်က 'ဒါပေမဲ့ တစ္ဆေကိုတော့ ခင်ဗျား ကြောက်တယ် လို့ ဆိုချင်တာပေါ့လေ' ဟု ဝင်ပြောလိုက်၏။

'မှတ်ဆိတ်မွေး မပေါက်သေးခင် လူကြီးတွေထဲ ဝင်မပြောနဲ့ သူငယ် ကလေး'

'မှတ်ဆိတ်မွေးတော့ မပေါက်သေးဘူး၊ ဒါပေမဲ့ ကျွန်တော့်မှာ ခင်ဗျားတို့လို ဗလရှိရင် ဝက်သေကောင်ကို အချိန်မရွေး သွားယူဝံ့တယ်ဗျာ'

'ကျုပ်တို့တော့ မလုပ်နဲ့ မောင်ရေ့၊ ကြောက်တယ်။ ရွှေဒင်္ဂါး အပြ လိုက်ကြီး ပေးတောင် မလုပ်ဝံ့ဘူး'





'နှစ်ပြား ပေးရင်ကော'

'နှစ်ပြား မကလို့ ဆယ်ပြား ပေးလည်း မလုပ်ဝံ့ဘူးဗျာ၊ လည်ပင်း နောက်ပြန်ကြီးနဲ့ လိမ်သေတဲ့ လူတစ်ယောက်အဖို့ ရွှေဒင်္ဂါး ဆယ်ပြား ဘာလုပ်ရမှာလဲ'

'ချာထရ ခရစ်ယာန်ဘုရားရှိခိုးကျောင်းထဲမှာ တစ္ဆေ ခြောက်တတ် သို့လား'

'ခြောက်တတ်လှပေါ့ဗျား'

'မင်းတို့ တွေ့ဖူးလို့လား'

'ကျုပ်တော့ မတွေ့ဖူးဘူး၊ တွေ့ဖူးတဲ့လူ ရှိတယ်'

'မင်းကော'

'ကျုပ်က တစ္ဆေအကောင်လိုက်ကြီးတော့ မတွေ့ဖူးဘူး၊ မီးတောက် ကြီးတွေ မြင်ဖူးတယ်။ သူငယ်ချင်းတစ်ယောက်က သံကြိုးသံတွေ ကြားဖူး ဘယ်'

'ဒါဖြင့် မင်းတို့တော့ ဘယ်နည်းနဲ့မှ ဒီကနေ့ည မသွားဝံ့ကြဘူးပေါ့'

'မသွားဝံ့ဘူးဗျာ'

'ဒါဖြင့် တောင်းပြီ၊ သန်ဘက်ခါတော့မှ လာကြပေတော့'

'ဘာအတွက်လဲ'

'တစ္ဆေအကြောင်း မင်းတို့ ကြားရစေမယ်'

အမီလီလည်း 'အလိုလေး' ဟု တီးတိုး အော်လိုက်ရာ၊ မိခင် တစ်ဦး သည်းသာ ကြားလိုက်ရသဖြင့် အခြားသူတို့က ဂရုမစိုက်လှချေ။ ၎င်းနောက် တောသား နှစ်ယောက်တို့လည်း အိမ်ပေါ်မှ ဆင်းသွားကြလေ၏။

## အခန်း ၁၃

ညဉ့် ၁၀ နာရီ အချိန်တွင် နှင်းဖောင်တိန် နေအိမ်ကြီး အတွင်း၌ အိမ်သူ အိမ်သားများသည် အိပ်ခန်းသို့ ကိုယ်စီ ဝင်သွားကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခပ်စောစော၌ အမိလီသည် ရီလင် အနီးသို့ နှစ်ကြိမ်၊ သုံးကြိမ်မျှ ချဉ်းကပ်၍ စကားပြောမည် ပြုပြီးမှ မပြောဖြစ်ဘဲ ရှိခဲ့၏။ အိပ်ချိန်တိုင် ရောက်သောအခါ အမိလီသည် ရီလင်ကို ၎င်း၏ အိပ်ခန်းသို့ ရောက်အောင် လိုက်ပို့၍ အခန်းဝတွင်မှ ခွဲခွာခဲ့လေ၏။

ရီလင်သည် အဝတ်များ လဲလှယ်ခြင်း မပြုဘဲ အခန်းထဲတွင် အတန် ကြာ ထိုင်နေပြီးနောက် ပစ္စတို သေနတ်တစ်ခုကို ထုတ်၍ တံခါးကို ဖြည်း ညင်းစွာ ဖွင့်ပြီးမှ ဆာဂျွန်၏ အခန်းတံခါးသို့ သွား၍ ခေါက်လေ၏။ 'ဝင်ခဲ့လေ' ဟု ပြောလိုက်သဖြင့် ရီလင်သည် ဆာဂျွန်၏ အခန်းတွင်းသို့ ဝင်သွားရာတွင် အဝတ် မလဲသေးဘဲ စောင့်နေသော ဆာဂျွန်ကို တွေ့လေ၏။ ဆာဂျွန်က ရီလင်၏ မျက်နှာထားကို မြင်လိုက်ရ ကတည်းက မိမိထံသို့ လာလိမ့်မည် ထင်၍ စောင့်နေကြောင်း ပြော၏။

'ကျွန်တော် ခင်ဗျားနဲ့ တိုင်ပင်စရာ ကိစ္စလေးတစ်ခု ရှိတယ်'

'ခင်ဗျား ယခုလို ရှင်နေတာ တွေ့ရတော့ ကျုပ်ကလည်း ခုနင်က တောသားနှစ်ယောက်လို ခပ်ကြောက်ကြောက် ဖြစ်လာပြီဗျို့'

'သူတို့ ပြောသွားတာတွေ ခင်ဗျား ကြားလိုက်တယ် မဟုတ်လား'

'တစ္ဆေအကြောင်း ပြောသွားတာ ကြားလိုက်ပါရဲ့၊ ကျုပ်တို့ အင်္ဂလ မှာလည်း တစ္ဆေခြောက်တဲ့ အိမ်တစ်ဆောင် ရှိတယ်'

'ခင်ဗျား ကိုယ်တိုင် တစ္ဆေကို တွေ့ဖူးသလား'

'ငယ်ငယ်တုန်းက တွေ့ဖူးတယ်၊ ကြီးတော့ မတွေ့ရတော့ဘူး'

'တစ္ဆေ ခြောက်တယ်ဆိုရင် ဒီနည်းချည်းပါပဲ ခင်ဗျာ၊ ချာထ ခရော်ယာန်ဘုရားရှိခိုးကျောင်းမှာ တစ္ဆေခြောက်နေတဲ့ အခိုက် ကျွန်တော ပြန်ရောက် လာတာ သိပ်နေရာကျတယ်'

'တစ္ဆေ ခြောက်တယ်ဆိုတာ သေချာရဲ့လားဗျာ'

'သန်ဘက်ခါကျတော့ သေချာစေရမှာပေါ့ ခင်ဗျာ'

'ဘယ်နည်းနဲ့ သေချာစေမှာလဲ'





'နက်ဖြန်ညမှာ ကျွန်တော်ကိုယ်တိုင် စောင့်အိပ်မယ်လို့ပေါ့ ခင်ဗျာ'

'ကျုပ်ကော လိုက်ခဲ့စေချင်သလား'

'လိုက်တော့ လိုက်စေချင်တယ်၊ သို့သော်လည်း မဖြစ်နိုင်ဘူး ခင်ဗျ'

'ဘာကြောင့်လဲဗျာ'

'တစ္ဆေများရဲ့ ဓလေ့ထုံးစံတွေကို နားလည်သလား ဆာဂျွန်'

'နားမလည်ဘူး'

'ကျွန်တော် နားလည်တယ်၊ လူနှစ်ယောက်ကို တစ်ပြိုင်နက်တည်း ခြောက်တဲ့ တစ္ဆေရယ်လို့ မရှိဘူး ခင်ဗျ'

'မကြားဘူးပေါင် ဗျာ'

'ဒီလိုခင်ဗျ၊ လူနှစ်ယောက် ဆိုတော့ မကြောက်ဘူး၊ တစ္ဆေ ခြောက် ယ်ဆိုတာ ကြောက်မှ ဖြစ်တယ်။ တစ်ယောက်တည်း မှောင်မိုက်ကြီးထဲ ဘိတ်တိတ်ဆိတ်ဆိတ်မှ ဖြစ်နိုင်တယ်။ နှစ်ယောက် ဆိုကတည်းက ၎္ဆေက ကြောက်သွားပြီး မခြောက်ဝံ့တော့ဘူး။ ဒါ့ကြောင့် ကျွန်တော် ၎စ်ယောက်တည်း တစ်ည သွားကြည့်လို့ တစ်ခုခု တွေ့ရရင် နောက်တစ်ည ော့ ခင်ဗျား သွားကြည့်တာပေါ့။ ဘယ့်နှယ်လဲ'

'ကောင်းပါရဲ့၊ သို့သော် ပထမညမှာ ကျုပ် မသွားရဘူးလား'

'ကျွန်တော် ပထမ ရတဲ့ စိတ်ကူး ဖြစ်လေတော့ ကျွန်တော်သာ ထမ သွားထိုက်တယ်။ ပြီးတော့လည်း ကျွန်တော်က ကိုယ့်နေရပ် ဖြစ်လေ ော့ မတော်တဆ ကြောက်လို့ ထွက်ပြေးလာရတောင် လမ်းသိတယ် ဗျ၊ မဟုတ်ပေဘူးလား'

'ဟုတ်ပါပေတယ်၊ သို့သော် ဘာပဲဖြစ်ဖြစ် နောက်တစ်ညတော့ ျုပ် သွားမှာပဲဗျ'

'တစ်ည မကလို့ ညတိုင်းပဲ သွား သွားပေါ့ဗျာ၊ ပထမ ညကိုသာ ောဘာ့ အတွက် ထားလိုပါတယ်။ သို့သော် ဒီအကြောင်းကို ဘယ်သူမှ ြောနဲ့နော်'



www.burmeseclassic.com

www.burmeseclassic.com



'စိတ်သာချပါ၊ လက်နက် ယူသွားမလား'

'တစ္ဆေ အစစ်ဆိုလျှင်တော့ ဘာလက်နက်မှ မယူချင်ဘူး ခင်ဗျ။ သို့သော် အတုအပတွေက ရှိသေးတယ်၊ ဒါကြောင့် ပစ္စတိုတစ်ခု ယူသွားမယ်'

ထိုနောက် ရိုလင်သည် ဆာတွန်ကို နှုတ်ဆက်၍ မိမိ၏ အခန်းသို့ ပြန်လာခဲ့လေရာ အခန်းထဲသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် နှမ အမီလီကို တွေ့ရသဖြင့် အံ့အားသင့်လျက် ရှိ၏။ အမီလီသည် ရိုလင်အနီးသို့ ချဉ်းကပ်လျက်...

'မသွားပါလေနဲ့ ရိုလင်'

'ဘယ်ကိုလဲ'

'ချာထရကိုပေါ့'

'ဘာကြောင့် မသွားစေချင်တာလဲ'

'တစ်ခုခု ဖြစ်မှာ စိုးရိမ်လို့ပါ ရိုလင်'

'မင်းကလည်း တစ္ဆေဆိုတာ ယုံသလား အမီလီ'

အမီလီသည် တစ်စုံတစ်ရာမျှ ပြန်မပြောဘဲ မျက်နှာငုံ၍ နေလေ၏။

'ဘယ့်နှယ်လဲကွယ်၊ ဂျင်နုရယ် မွန်ထရီဘဲလ်ရဲ့ သမီးဆိုပြီး တစ္ဆေတွေ၊ မီးတောက်မီးလျှံတွေ၊ သံကြိုးတွေဆိုတဲ့ စကားတွေကို ယုံကြည်သလား နှမရဲ့'

'ဒါတွေကို ကျွန်မ ယုံလျှင် ကျွန်မ ဘယ်မှာ စိုးရိမ်ပါမလဲ။ တစ္ဆေဆိုတာ တကယ် ရှိလျှင် သူတို့မှာ ကိုယ်ရှိတာ မဟုတ်လို့ လူကို ရန်မူဖို့ မတတ်နိုင်ဘူးပေါ့။ ပြီးတော့ တစ္ဆေအစစ် ဆိုလျှင် ကိုကို့ကို ရန်မူမှာ မဟုတ်ပါဘူး'

'စစ်ပွဲမှာ ကိုကို သတ်ထားတဲ့ လူတွေက တစ္ဆေဖြစ်ပြီး ကိုကို့ကို ရန်မမူကြပေဘူးလား'

'ကျွန်မတော့ မကြောက်ပေါင်'





'ဒါဖြင့် မင်းက ဘာကို ကြောက်သလဲ'

အမီလီသည် မျက်ရည်ပြည့်သော မျက်လုံးများဖြင့် ရိုလင်ကို မော့ကြည့်လျက် 'မပြောတတ်ဘူး ကိုကို၊ ကျွန်မ စိုးရိမ်နေတာပဲ' ဟု ပြောပြီးလျှင် ရိုလင်၏ ရင်ခွင်ထဲသို့ ပစ်လှဲလိုက်၏။

'နက်ဖြန်မှာ တစ္ဆေတွေနဲ့ ကိုကို တွေ့ရလိမ့်မယ်လို့ မင်း မယုံဘူး ဟုတ်လား'

'ချာထရ ခရစ်ယာန်ဘုရားရှိခိုးကျောင်းကို မသွားပါလေနဲ့ ကိုကို'

'မေမေက ဒီလို ပြောခိုင်းတယ် မဟုတ်လား'

'မဟုတ်ပါဘူး ကိုကို၊ မေမေ မခိုင်းပါဘူး၊ ကျွန်မ ဘာသာ တွေးမိ...ပါ'

'ငါ သွားဖို့ ဆုံးဖြတ်ပြီးလျှင် မသွားဘဲ မနေဘူးဆိုတာ မင်း သိတယ် ...ဟုတ်လား'

'ကျွန်မ ဒူးထောက်ပြီး တောင်းပန်ပါတယ် ကိုကို၊ မသွားပါလေနဲ့ ...ကိုရယ်'

'သြော် မိန်းမ မိန်းမ၊ တယ် အသိရ ခက်တဲ့ သတ္တဝါမျိုးပါတကား၊ ...ား ရယ်လားနဲ့ လုပ်ပြီး ဝမ်းထဲမှာ ရှိတာကိုလည်း အားလုံး ထုတ်မပြော ... ဖွတ်သာ တောင်းပန် နေတော့တာပဲကိုး။ ဟော့ အမီလီ၊ တစ်ခုခု လုပ်ဖို့ ... ဆုံးဖြတ်ပြီးလျှင် ဘယ်သူ တားဆီးလို့မှ မပျက်ဘူးဆိုတာ မင်း သိတယ် ...တ်လား၊ ကိုင်း ကစ်စ်ပေးပြီး ပြန်ပေတော့။ မစိုးရိမ်ပါနဲ့ကွယ်'

အမီလီလည်း ရှိုက်ကြီးတငင်နှင့် အခန်းထဲမှ ထွက်လာခဲ့လေ၏။

## အခန်း ၁၄

...က်တစ်နေ့ညဉ့် အိမ်သူအိမ်သား အားလုံး အိပ်ရာသို့ ဝင်ကြသောအခါ ...င်သည် မိမိ၏ အခန်းမှ ဖြည်းညင်းစွာ ဆင်းလာခဲ့၍ ဝင်းပေါက်၌ ရှိ... သံတံခါးကြီးကို ဖွင့်ပြီးလျှင် ထွက်လာခဲ့လေ၏။ ဝင်းပေါက်မှ ...လျှောက်



www.burmeseclassic.com

www.burmeseclassic.com



လာ၍ ကိုက် ၁၀၀ ခန့် ရောက်သည်တွင် စိန့်ဂျက် ဘုရားရှိခိုးကျောင်းကြီးမှ နာရီသံ တစ်ချက် ထိုးလိုက်သဖြင့် ၁၀ နာရီခွဲ အချိန် ရှိနေကြောင်း သိရလေ၏။ ဤနှုန်းအတိုင်း တည့်တည့် လျှောက်သွားခဲ့ပါမူ ရိုလင်သည် ချာထ ဘုရားရှိခိုးကျောင်းသို့ မိနစ် ၂၀ အတွင်း ရောက်သွားပေတော့မည်။

ရိုလင်သည် ဆီးလုံး တောကြီးကို ကျော်ဖြတ်၍ အခြားဘက်၌ ရှိသော ကွင်းပြင်ကြီးမှ ဖြတ်သန်းခဲ့ပြီးနောက် တံတိုင်းကြီးသို့ ရောက်လာ လေ၏။ ဤနေရာတွင် ခေတ္တ ရပ်တန့်၍ အပေါ်ဝတ် အင်္ကျီကြီးကို ချွတ်ပြီး လျှင် တံတိုင်းပေါ်သို့ ကျော်၍ အတွင်းသို့ ပစ်သွင်းလိုက်ရာ ရိုလင်မှာ ကတ္တီပါ ကုတ်အင်္ကျီ၊ ဦးထုပ်ကြီး၊ သားရေ ဘောင်းဘီဖြူ၊ ဘွတ်ဖိနပ်နှင့် ခါးပတ်တို့ဖြင့်သာ ဝတ်လျက် ကျန်ရစ်၍ ခါးပတ်တွင် ပစ္စတို သေနတ် တစ်ခု ချိတ်လျက် ပါရှိ၏။

ထို့နောက် ရိုလင်သည် ကျောက်တံတိုင်းကြီးတွင် ကျောက်တုံး တစ်ခုနှင့်တစ်ခု မစေ့ဘဲ ဟ လျက် ကျန်နေသော အကြားတစ်ခုသို့ ခြေ တစ်ဖက် သွင်း၍၊ လက်တစ်ဖက်ဖြင့် တံတိုင်း အစွန်းကို လှမ်းကိုင်ပြီးလျှင် လွှားတက်လိုက်ရာ ပေါ့ပါး ဖျတ်လတ်သော လူတစ်ယောက် ဖြစ်သည့် အတိုင်း အခြားတစ်ဖက်သို့ မခဲမယဉ်း ရောက်သွားလေ၏။ ထိုအခါ အင်္ကျီကြီးကို ကောက်၍ ပခုံးထက်၌ ချိတ်ပြီးလျှင် ဥယျာဉ်ကလေးကို ဖြတ် ကျော်၍ တံတားကလေး တစ်ခုဆီသို့ လျှောက်သွားလေ၏။ ၎င်း တံတား ကလေးမှ အတွင်းသို့ ဝင်မိသောအခါ ယခင် နာရီကြီးမှ ၁၁ ချက် ထိုးလျက် ရှိရာ၊ ရိုလင်သည် နာရီထိုးသံကို ရပ်တန့်ရင်း ရေတွက်နေသေး၏။

နာရီသံ ရပ်စဲသည့်နောက် ရိုလင်သည် ဆက်လက် နားစွင့် နေသော် ရာ တစ်ကျောင်းလုံး တိတ်ဆိတ်၍ တံခါးများ အားလုံး ပွင့်လျက် ရှိသည်ကို တွေ့ရလေ၏။ စည်းဝေးသော ခန်းမကြီး အတွင်း၌ စားပွဲကြီးများ ခင်းကျင်း လျက် ရှိရာ လင်းနို့ လေး ငါး ကောင်တို့သည် ခန်းမကြီးထဲတွင် တဝဲလည် လည် ပျံသန်းနေကြ၍၊ ဇီးကွက်တစ်ကောင်သည် အလန့်တကြား ပျံထွက်





သွားပြီးနောက် အနီးရှိ သစ်ပင်ပေါ်၌ နားနေကာ 'ဇီးကွက် ဇီးကွက်' ဟု အော်မြည်လျက် ရှိ၏။

"ကောင်းပြီ၊ ဒီနေရာမှာ ငါ စတည်းချမယ်" ဟု ရိုလင်က အသံ ထုတ်၍ ပြောလိုက်သည်တွင် အလွန် တိတ်ဆိတ် ကျယ်ဝန်း၍ မှောင်မည်း လျက် ရှိသော အခန်းကြီး ဖြစ်သောကြောင့် တစ်ခွန်းတည်းသော လူသံ ပင်လျှင် ထိတ်လန့်တုန်လှုပ်ဖွယ် ကောင်းလှသဖြင့် ကြောက်တတ်သူ ဖြစ်ခဲ့လျှင် လန့်ပြေးလောက်ပေ၏။ သို့ရာတွင် ရိုလင်မှုကား "ကြောက်" ဟူသော စကား၏ အဓိပ္ပာယ်ကို နားမလည်သူတစ်ယောက် ဖြစ်သည့် အတွက် ထိတ်လန့်ခြင်း မရှိခဲ့ချေ။

ရိုလင်သည် သင့်လျော်သော နေရာကို ရှာဖွေရာတွင် စင်မြင့်ကလေး တစ်ခုပေါ်၌ ခင်းထားသော စားပွဲတစ်ခုကို မြင်သည်နှင့် ထိုနေရာမှ တစ်ခန်း လုံးကို မြင်နိုင်သည် ဆို၍ စတည်းချရန်အတွက် ရွေးချယ်လိုက်၏။ စင်မြင့်မှာ နံရံနှင့် ကပ်လျက် ရှိနေသဖြင့် တစ်ခန်းလုံးကို ထိုနေရာမှ မျှော်ကြည့်စဉ် နောက်ပိုင်းမှ ရန်သူ မဝင်နိုင်စေဖို့လည်း စိတ်ချရ၏။ စားပွဲအနီး၌ မှောက်လဲ နေသော ထိုင်ခုံကလေးတစ်ခု တွေ့ရလေရာ ရိုလင်သည် ထိုခုံကလေးကို စားပွဲအနီးသို့ ရွှေ့ကာ ထိုင်ပြီးနောက် အင်္ကျီကြီးကို ခပ်ချောင်ချောင် ပြင် ဝတ်၍ ခါးမှ သေနတ်များကို ဖြုတ်လေ၏။ ထို့နောက် သေနတ်တစ်လက် ကို စားပွဲပေါ်၌ တင်ထား၍ အခြားတစ်လက်ကို ကိုင်ကာ စားပွဲကို ဒင်နှင့် ဆောင့်လျက် "ကိုင်း အစည်းအဝေး အစပြုပါပြီ ခင်ဗျာ၊ တစ္ဆေ ပရိသတ် များ ကြွရောက်နိုင်ပါတယ်" ဟု ပြောလိုက်လေ၏။

ထိုအချိန်၌ အရှေ့ဘက်ကောင်းကင်မှ လ ထွက်လာပြီ ဖြစ်၍၊ ရောင်သည် ကွဲအက်နေသော ပြတင်းတံခါးများ အကြားမှ အခန်းကြီး သို့ ထိုးဝင်သည့်ပြင် ရိုလင်၏ မျက်စိသည်လည်း မှောင်မိုက်ထဲတွင် လေ့အကျင့် ရလာပြီ ဖြစ်သောကြောင့် ရိုလင်သည် အခန်းကြီး တစ်ခန်းလုံး ကို အစမှ အဆုံးတိုင် မြင်နိုင်လေ၏။ ရိုလင့်၌ ကြောက်စိတ် အလျှင်း



www.burmeseclassic.com

www.burmeseclassic.com



မရှိသော်လည်း မသက်သာသောစိတ် ရှိနေသည် ဖြစ်၍ နားစွင့်နေသဖြင့် အသေးငယ်ဆုံးသော အသံကိုပင် ကြားနိုင်ပေ၏။

"ဒေါင်"ခနဲ နာရီသံတစ်ချက် ထိုးလိုက်ရာတွင် ရီလင်မှာ ဆတ်ခနဲ လန့်သွား၏။ နာရီသံမှာ ဘုရားရှိခိုးကျောင်းထဲမှ ထိုးသောအသံ ဖြစ်သောကြောင့် အတော်ပြင်းစွာ မြည်သဖြင့် လန့်သွားခြင်း ဖြစ်၏။ လူသူ မရှိသော ဘုရားရှိခိုးကျောင်းပျက်ကြီး အတွင်း၌ မြည်သည့် နာရီသည် မရပ်ဘဲ အချိန်မှန် သွား၍ ထိုးလျက် ရှိရလေသနည်း။ အချိန်မှာကား ၁၁ နာရီခွဲပင် ဖြစ်လေသည်။

"နာရီထိုးတယ် ဆိုကတည်းက တစ်ခုခုတော့ ငါ မြင်ရ တွေ့ရတော့မယ် ကေန်ပဲ" ဟု ရီလင် ပြောလိုက်မိ၏။

ထိုနောက် အချိန်ကာလသည် တစ်မိနစ်ပြီး တစ်မိနစ် ကျော်လွန်သွားစဉ် အနည်းငယ် မှောင်သွားသည်ကို တွေ့ရသဖြင့် လကို တိမ်ဖုံးသွားသည်ဟု ရီလင် ထင်လိုက်မိ၏။ သန်းခေါင် နီးကပ်လတ်သော် မထင်ရှားမပီသလှသည့် ရာထောင် မကသော အသံများကို ကြားရ၍ သဲကန္တာရများ၌ ညဥ့်အချိန်များတွင် နေခဲ့ဖူးသော ရီလင်သည် အကာလ အချိန်၌ ဩကာသ လောကကြီး၏ ကျွက်ကျွက်ဆူသော အသံများ ဖြစ်သည်ဟု သိရှိသောကြောင့် ထိတ်လန့်တုန်လှုပ်ခြင်း မရှိချေ။ ၎င်းနောက် ထိုအသံများနှင့်အတူ ရောပြွန်းလျက် ခေါင်းလောင်းကြီးမှ ၁၂ နာရီ ထိုးသော အသံများ ပေါ်ထွက်လာရာ နောက်ဆုံးနာရီသံ တိတ်သွားသည်နှင့် တစ်ပြိုင်နက် ညည်းတွားသော အသံတစ်သံကို ကြားရလေ၏။ ရီလင်သည် အသံ ကြားသည်ထင်သော မျက်နှာဘက်သို့ လှည့်၍ နားစွင့်နေလေရာ ညည်းတွားသော အသံသည် တဖြည်းဖြည်း တရွေ့ရွေ့ ချဉ်းကပ်လာသည်ဟု မှတ်ထင်ရ၏။

ရီလင်သည် စားပွဲတွင် လက်ထောက်လျက် လက်ဖဝါး တစ်ဖက် အောက်၌ သေနတ်တစ်လက်စီ ထားကာ မတ်တတ်ရပ်လိုက်ရာ ၎င်းနှင့် ၁၀ လှမ်းခန့် ကွာဝေးသော နေရာ၌ မြက်ပေါ်တွင် အဝတ် တစ်ထည်





ဘိုက်သွားခြင်းနှင့် တူသော အသံကို ကြားရ၏။ ရီလင်လည်း ကိုယ်ကို မတ်မတ် ဆန့်လိုက်ရာတွင် အခန်းကြီး၏ အဝ၌ အရိပ်တစ်ခု ပေါ်ထွက်လာ၏။ ၎င်းအရိပ်မှာ သချိုင်းပေါ်၌ ထုလုပ်ထားသော ရုပ်လုံးနှင့် တူ၍၊ အဝတ်ကြီး တစ်ထည်ကို တစ်ကိုယ်လုံး ရစ်ပတ်လျက် မြေပေါ်တွင် တရွတ်တိုက် လာသော သဏ္ဍာန် ရှိ၏။

ပထမ၌ ရီလင်သည် မိမိ၏ မျက်စိကို မိမိ မယုံကြည်နိုင်ဘဲ မရှိသောအရာကို မြင်နေတော့သည်ဟု အောက်မေ့မိရာ ညည်းတွားသံတစ်ချက် ထွက် လာပြန်သော အခါမှ အကယ် ဖြစ်သည်ဟု သိရ၏။ ထိုအခါ ရီလင်က "ကိုင်း တစ်ချီ တစ်ပွဲ သတ်ကြဦးစို့ မောင်တစ္ဆေရေ့" ဟု ရယ်မော ပြောလိုက်ရာ တစ္ဆေသည် လက်တစ်ဖက်ကို ရီလင်ဆီသို့ လှမ်းလျက် လင်၊ မောင်မင်း သတ်လိုက်သော လူများနောက်သို့ မောင်မင်းကိုယ်တိုင် လိုက်ဖို့ ပြင်ဆင်လော့' ဟု ပြော၏။

ယင်းသို့ ပြောဆိုလျက် တစ္ဆေသည် ရီလင် ရှိရာသို့ တဖြည်းဖြည်း တိုးလာ၏။

ရီလင်သည် တစ်ခဏမျှ ငေးကြည့်နေပြီးနောက် စင်မြင့်ပေါ်မှ ဆင်း တစ္ဆေနောက်သို့ တည့်တည့်ကြီး လိုက်လေ၏။ တစ္ဆေ လျှောက်သော တွင် ထိုင်ခုံများ၊ စားပွဲများ ဖရိုဖရဲ ရှိနေကြသော်လည်း တစ္ဆေ လျှောက် အတွက် လမ်းရှင်းပေးထားသည့် လက္ခဏာနှင့် တစ္ဆေသည် ဖြောင့်တန်း လျှောက်နိုင်၏။ ပြတင်းပေါက် တစ်ခု တစ်ခု အနီး၌ ကပ်၍ လျှောက်ရ အခါ ပြတင်းပေါက်မှ ထိုးဝင်လာသော လရောင်သည် တစ္ဆေ၏ ကိုယ်၌ ပတ်ထားသော အဝတ်ကြီးပေါ်သို့ ကျရောက်သဖြင့် ဖွေးခနဲ ဖွေးခနဲ လိုက်ရ၏။ ထိုနောက် ပြတင်းပေါက်ကို ကျော်လွန်သွားသည့်အခါ ပျောက်သဖြင့် မည်းခနဲ ဖြစ်သွား၏။ သို့နှင့် ဖြူချည် တစ်ခါ သည် တစ်လှည့်ဖြင့် တစ်လျှောက်တည်း လျှောက်လျက် ရှိလေတော့ ရီလင်မှာ တစ္ဆေကိုသာ စိုက်ကြည့်နေမိသည် ဖြစ်သောကြောင့် လမ်း၌



www.burmeseclassic.com

www.burmeseclassic.com



ရှိသော စားပွဲများနှင့် ထိုင်ခုံများကို တစ်တိုက်တည်း တိုက်၍ မကြာခ
လဲမည် ပြုနေ၏။ တစ္ဆေက ရှေ့မှ လျှောက်၍ ရိုလင်က နောက်မှ လိုက်သွ
စဉ် တစ္ဆေသည် ရိုလင်နှင့် တဖြည်းဖြည်း ဝေးသည်ထက် ဝေးသွား၍ တံ
ပေါက်ကြီးမှ ထွက်သွားတော့မည် ပြုဆဲတွင် ရိုလင်က 'ဟေ့ လူ ဖြစ်ဖြ
တစ္ဆေ ဖြစ်ဖြစ် ရပ်လိုက်ဟေ့။ မရပ်လျှင် သေနတ်နဲ့ ပစ်လိုက်မယ်'
အော်ပြောလိုက်ရာတွင် တစ္ဆေက 'နှစ်ခါ သေတဲ့ မသာလို့ မရှိဘူး၊ ဝိညာ
လောကမှာ သေတယ်ဆိုတာ အဓိပ္ပာယ် မရှိဘူး' ဟု ပြန်ပြော၏။

'သင် ဘယ်သူလဲ'

'သင်က နှင်ထုတ်လို့ လူ့လောကမှ ထွက်သွားရတဲ့ သူပဲ'

ရိုလင်လည်း မရယ်ဘဲ မဖြစ်သည့် အဓိပ္ပာယ်နှင့် ရယ်မောလိုက်
ၚင်း၏ ရယ်သံသည် ထိုအချိန်၊ ထိုနေရာတွင် ကြောက်မက်ဖွယ်ကြီး
တော့၏။

'သင့် ကိုယ်သင် ဖော်မပြောလျှင် ကျွန်ုပ် ဘယ့်နှယ်လုပ် သိနိုင်မ

'ဖော်ကလူးဖောင်တိန်ကို မှတ်မိတယ် မဟုတ်လား'

ထိုအသံ ကြားရသောအခါ ရိုလင်မှာ ကြောက်သည်ဟု မဆိုနိုင်
လည်း နဖူးမှ ချွေးများ ပြန်လာလေ၏။ ထိုနောက်...

'လူဖြစ်စေ၊ တစ္ဆေဖြစ်စေ နောက်ဆုံး သတိပေးလိုက်မယ်၊ ရပ်
ရပ်၊ မရပ်လျှင် ပစ်လိုက်မယ်'

တစ္ဆေသည် ရိုလင်၏ သတိပေးချက်ကို ဂရုမစိုက်ဘဲ လျှော
တိုင်း လျှောက်သွားသည်တွင် ရိုလင်သည် သေနတ်နှင့် ပစ်လိုက်သ
မီးပွင့်ကာ တစ်ခန်းလုံး ဝင်းခနဲ ထိန်သွား၏။ ထိုအချိန်အတွင်း ရိုလင်
တစ္ဆေ၏ မြင့်မားဖြူဖွေးသော ကိုယ်ကာယကို မြင်လိုက်ရ၍ တစ်ဖန်
သွားသည်နှင့် တစ်ပြိုင်နက် တစ္ဆေ ကိုယ်မှာ မှောင်မိုက်ထဲ၌ ကွယ်ပျေ
သွားခဲ့လေ၏။ ရိုလင်သည် လက်ဝဲဘက်၌ ရှိသော သေနတ်ကို လက်
ဘက်သို့ ပြောင်းရွှေ့ကာ တစ္ဆေ နောက်သို့ လိုက်ပါသော်လည်း မမိနိ





တော့၏။ 'တစ္ဆေသော၊ လူသော နားမလည်ဘူး၊ မိအောင် လိုက်မကွ
င်' ဟု ဆိုကာ နောက်မှ လိုက်ရင်း ဒုတိယ သေနတ်ဖြင့် တစ်ချက်
လိုက်သေး၏။ မီးခိုးများဖြင့် ထပ်ဆင့် မှောင်သွား၍ ရှေ့သို့ အတင်း
ကာ လိုက်ပါသော်လည်း ရိုလင်သည် တစ္ဆေကို မမိလိုက်ဘဲ တစ်ယောက်
း ကျန်ရစ်လေတော့သည်။

မှောင်ကြီးထဲ၌ တစ္ဆေကို လိုက်၍ ရှာသော်လည်း အကျိုးမရှိသည့်
ဖြစ်ကို သိသည်နှင့် ရိုလင်သည် သေနတ်များကို တစ်ဖန် ယမ်းထိုး၍
' နေရာသို့ ပြန်သွားပြီးလျှင် ရှေးနည်းအတူ စောင့်နေပြန်၏။ သို့ရာတွင်
သူမျှ မပေါ်လာဘဲ မိုးသာလျှင် ထိန်ထိန် လင်းသွားသည်နှင့် 'ဒီကနေ့
ရလျှင် နက်ဖြန်ပေါ့ကွာ' ဟု ဆိုကာ ရိုလင်သည် ဘုရားရှိခိုးကျောင်းမှ
၍ ဖွင်းဖောင်တိန် နေအိမ်သို့ ပြန်လာခဲ့လေ၏။

## အခန်း ၁၅

ောင်တိန်အိမ်ကြီး၌ အမီလီနှင့် ဆာဂျွန်တို့သည် တစ်ညလုံး အိပ်မပျော်
ဲ ရိုလင်ကို စောင့်မျှော်လျက် ရှိကြ၏။ ရိုလင်သည် အိမ်ပေါ်သို့ တက်
၍ အမီလီ၏ အခန်းဝသို့ ရောက်သည်နှင့် တစ်ပြိုင်နက် အမီလီနှင့်
၍ 'ကိုကို ဘာမှ မဖြစ်ပါဘူး အမီလီ၊ ပြန်ရောက်လာပါပြီ' ဟု ပြော၏။
ီကမူ 'ဘယ်သူ ဘာဖြစ်သေးလဲ ကိုကို' ဟု မေးလိုက်သေး၏။ ဘယ်သူ
ာမှ မဖြစ်ကြောင်း ပြော၍ နံနက်စာ စားပြီးသောအခါမှ အဖြစ်အပျက်
းစုံကို ပြောပြမည်ဟု ကတိ ထားခဲ့ပြီးလျှင် ရိုလင်သည် ဆက်လက်
က်လာခဲ့ရာ အသင့် ကြိုဆိုလျက်ရှိသော ဆာဂျွန်နှင့် တွေ့လေ၏။
ွန်က အဖြစ်အပျက်ကို မေးရာတွင် ရိုလင်သည် ထိုညက ကြုံခဲ့သော
ကြောင်းခြင်းရာများကို ဆာဂျွန်အား ပြောပြလေ၏။ နောက်ဆုံး၌
ွန်က–



www.burmeseclassic.com

www.burmeseclassic.com



'နေရာကျလိုက်လေဗျာ၊ ဒါလိုဖြင့် ကျုပ်အဖို့ စုံစမ်းစရာအလုပ် ကျန်နေရစ်သေးတာပေါ့'

'ခင်ဗျားအဖို့ အလုပ်က သာပြီး ခက်သေးတယ် ထင်တယ်'

ဆာဂျွန်သည် ထိုညဌ် မိမိ ဆောင်ရွက်ရမည့် အလုပ်နှင့် ပတ်သက်၍ လွယ်ကူစေခြင်းငှာ ဘုရားရှိခိုးကျောင်းပျက်ကြီး၏ တည်နေပုံ အခြေအနေ အကြောင်းများကို ရိုလင်အား စုံစမ်း မေးမြန်းလေရာ၊ ရိုလင်က နှုတ်ဖြင့် ဖြေဆိုခြင်းထက် မျက်စိဖြင့် ကိုယ်တိုင် မြင်ရခြင်းက သာ၍ ကောင်းမည် ဖြစ်သောကြောင့် နံနက်စာ စားပြီးသော အခါတွင် ဘုရားရှိခိုးကျောင်းကြီးသို့ မိမိတို့ နှစ်ယောက် အတူတကွ သွားရောက် စုံစမ်းကြမည်ဟု ပြောရာတွင် ဆာဂျွန်လည်း စိတ်ကျေနပ်စွာ သဘောတူညီ လိုက်လေ၏။

နံနက်စာ စားပြီးကြသည်နှင့် တစ်ပြိုင်နက် ဆာဂျွန်နှင့် ရိုလင်တို့ သည် မြစ်ကမ်းတစ်လျှောက် လမ်းလျှောက် ထွက်ကြမည့်ဟန်နှင့် မြစ်ဘက် သို့ လျှောက်လာကြ၍ အိမ်မှ မမြင်လောက်သော နေရာသို့ ရောက်သောအခါ မှ ဆီးလုံး တောဘက်သို့ ချိုးပြီးလျှင် နောက်ဆုံးတွင် ယမန်ညဉ့်က ရိုလင် ကျော်တက်သော ကျောက်တံတိုင်းကြီးသို့ ရောက်လာကြလေ၏။

မိတ်ဆွေ နှစ်ယောက်တို့သည် တံတိုင်းကို ကျော်တက်၍ အတွင်း ဘက်သို့ ရောက်ကြသည့်တွင် ဘုရားရှိခိုးကျောင်းပျက်ကြီး အခြေအနေမှာ နေ့အချိန်တွင် ညအချိန်ထက် ထင်ရှားလျက် ရှိ၏။ မြေကွက်လပ်ကြီး ဒူးဆစ်တိုင်အောင် ရှည်လျားသော မြက်ပင်များ ပေါက်ရောက်၍ အဆောက် အအုံကြီး တစ်ခုလုံးတွင် နွယ်ပင်များ ဖုံးအုပ်ကာ တောဖြစ်၍ နေလေတော့ သည်။ သစ်တော်ပင်၊ မက်မွန်ပင် စသော သီးပင်များမှာလည်း တောထ အလေ့ပေါက်သော သစ်ပင်ကြီးများသဖွယ် တုတ်ခိုင်သော လုံးပတ်များနှင့် ကြီးချင်တိုင်း ကြီးလျက် ရှိကြ၏။

ရိုလင်သည် ဆာဂျွန်အား ခန်းမကြီးထဲသို့ ခေါ်သွား၍ ယမန်ညဉ့်က မိမိ စောင့်ခဲ့သော စားပွဲ၊ သေနတ်ဒင်နှင့် ဆောင့်မိသော နေရာ၊ တ





ရှေးဦးစွာ ပေါ်ထွက်လာသော တံခါးပေါက်၊ နောက်ဆုံး ကွယ်ပျောက်သွား သော အပေါက်မှ နေ၍ သေနတ် နှစ်ချက် ပစ်သော နေရာများကို ပြသ လေ၏။

ငင်းနောက် ရိုလင်သည် သေနတ်ပစ်သော နေရာ၌ ထိမှန်ထားသော အပိမ့်ကို တွေ့ရသဖြင့် ကျည်ဆန်ကို ရှာဖွေရာ ကျည်ဆန်ကိုလည်း မတွေ့ရ၊ သွေး အစအနကိုလည်း မမြင်ရချေ။ ထိုမျှလောက် အကွာအဝေးမှ ပစ်ရလျှင် လူကောင်ကြီးကို မဆိုထားဘိ၊ လူ့ကိုယ်လုံးထက် သေးငယ်သော အရာဝတ္ထု တစ်ခုကိုပင် မလွဲတမ်း ထိမှန်ရမည်ဟု ရိုလင် ယုံကြည်စိတ်ချသည် ဖြစ်သော ကြောင့် သွေး အစအန မတွေ့ရသည်အတွက် အံ့သြမိ၏။ နောက်ဆုံး၌ ရိုလင် စဉ်းစားမိ၍...

'သိပြီဗျို့၊ သံကိုယ်ကျပ် ဝတ်ထားတဲ့ လူတစ်ယောက် ဖြစ်ရမှာပဲ'

'ဒီလိုဆိုလျှင် ကျည်ဆန် တွေ့ဖို့ ကောင်းတာပေါ့'

'မနက် စောစော လာပြီး ရှာ ကောက် ယူသွားလျှင်ကော ခင်ဗျာ'

ဆာဂျွန်ကမူ တစ္ဆေ အစစ် ဖြစ်ရမည်ဟု ယုံကြည်လျက်ပင် ရှိသေး၍ ရိုလင်၏ ရှင်းလင်းချက်များကို မကျေနပ်သေးချေ။ တစ္ဆေ ပျောက်သွားသော နေရာ၌ကား နေ့အချိန်၌ပင် ခပ်မှောင်မှောင် ရှိနေသည် ဖြစ်၍ ရိုလင်သည် အသင့် ဆောင်ယူခဲ့သော မီးရှူးတိုင် နှစ်တိုင်ကို ထုတ်၍ မီးထွန်းညှိလေ၏။ ငင်းနောက် မီးရှူးတိုင် တစ်တိုင်စီ ကိုင်လျက် ရိုလင်နှင့် ဆာဂျွန်တို့သည် တစ္ဆေ ထွက်သွားသော အပေါက်ကို ရှာဖွေကြရာ၊ ကြမ်းမှာ ထိုနေရာ၌ ကျောက်ပြားကြီးများ ခင်းထား၍ တစ်ခုသော ကျောက်ပြားတွင် သံကွင်းကြီး တစ်ခု တပ်ထားသည်ကို တွေ့ရလေ၏။ ရိုလင်သည် သံကွင်းကို လက် ဆုပ်ကနှင့် ကိုင်ဆွဲလိုက်သည့်တွင် ကျောက်ပြားသည် တစ်ဖက်သို့ စောင်း ကာ လည်သွား၍ အပေါက်တစ်ခု ပွင့်လာလေ၏။

ထိုနောက် မီးရှူးတိုင် တစ်တိုင်စီနှင့် ရိုလင်က ရှေ့မှ ဆင်း၍ ဆာ ဂျွန်က နောက်မှ လိုက်သွားလေရာ၊ ဤလမ်းမှာ ကျွန်ုပ်တို့ ဖော်ပြခဲ့ဖူးသည့်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း အစည်းအဝေးခန်းသို့ ငွေအိတ်နှင့် မော်ဂင် ဆင်းသွားခဲ့သည့် လမ်းပင် ဖြစ်လေသည်။ မြေတိုက်လမ်း အဆုံး၌ သံတံခါးကြီး တစ်ခုကို တွေ့လေရာ ရိုလင်သည် တံခါးကို ကိုင်၍ လှုပ်သဖြင့် ပွင့်သွားလေ၏။ ထိုနေရာမှ ဝင်သွားကြသော် ဂူသွင်းထားသော အလောင်းများကို တွေ့ကြ၍ ၎င်းတို့ကို ကျော်လွန်သောအခါတွင် ဒုတိယ သံတံခါး တစ်ခုကို တွေ့ကြလေရာ ၎င်းမှာလည်း အလွယ်တကူ ဖွင့်နိုင်ပေ၏။ ထိုတံခါးမှ ဝင်၍ အနည်းငယ် လျှောက်သွားကြသော် မော်ဂင်နှင့် ဂျေဟူးရဲဘော်များ စည်းဝေးကြသည့် အခန်းသို့ ရောက်သွားကြ၏။ ရိုလင်ကမူ တစ္ဆေအတုသည် ဤနေရာသို့ လာခြင်း ဖြစ်သည်ဟု ယူဆ၍၊ ဆာဂျွန်ကမူကား တစ္ဆေ အစစ် ဖြစ်သည်ဟူ၍ပင် မှတ်ထင်လျက် ရှိ၏။

ဆာဂျွန်သည် အတန်ကြာ စဉ်းစားပြီးနောက် ယနေ့ညမှာ မိမိစောင့်ရန် အလှည့်ဖြစ်သောကြောင့် ဤနေရာ၌ စောင့်ဖို့ ဆုံးဖြတ်ကြောင်း ပြောရာ ရိုလင်က ၎င်းအကြံကို သဘောတူသော်လည်း ညအချိန်တွင် သံတံခါးများကို ပိတ်ထားမည် ဖြစ်၍ ဝင်ဖို့ ခဲယဉ်းမည် ဖြစ်သောကြောင့် ဤနေရာသို့ ရောက်အောင် အခြားလမ်းဖြင့် ဝင်ရန် ဖြစ်နိုင်ပါမည်လောဟု စုံစမ်းကြလေ၏။

၅ မိနစ်ခန့် စုံစမ်း ရှာဖွေကြရာတွင် စည်းဝေးသော အခန်းမကြီးမှ အခန်းကလေးသို့ ကူးသွားသော နေရာကို တွေ့၍ ၎င်းအခန်းကလေးထဲ၌ ကွဲအက်နေသော ပြတင်းပေါက်တစ်ခု ရှိရာ ၎င်းမှ ထွက်သည့်အခါ တောထဲသို့ ရောက်သွားသည်ကို တွေ့ကြရ၏။ ထိုနေရာမှာ တောဝက် ပစ်ထားသည့် နေရာနှင့် ပေ ၂၀ ခန့်မျှသာ ကွာလှမ်း၏။

'ကိုင်း ဝင်ပေါက်တော့ တွေ့ပြီ ဆာဂျွန်၊ သို့သော် ခင်ဗျား တစ်ယောက်တည်း လာလို့ ဒီနေရာကို ရောက်တတ်မှာ မဟုတ်ဘူး၊ ကျွန်တော် လိုက်မှ ဖြစ်မယ် ထင်တယ်'

'ခင်ဗျား လိုက်ပို့လေ၊ ရောက်တော့ ပြန်သွားပေါ့။ တစ္ဆေ ဆိုတာ





ား ပြောတဲ့အတိုင်း လူနှစ်ယောက် ဆိုလျှင် မလာဝံ့ဘဲ နေလိမ့်မယ်။ ား တွေ့ရ မြင်ရသလို ကျုပ်လည်း မြင်ရမှ ကျေနပ်နိုင်မယ် ဆရာ'

'ပို့ပြီးတော့ ပြန်ရတာပေါ့ဗျာ၊ သို့သော် ခင်ဗျားက လူမျိုးကွဲလည်း န်၊ ဘာသာကွဲလည်း ဖြစ်ပြန်လေတော့ တစ္ဆေက ခင်ဗျားကို ခြောက်ဝံ့သား မဆိုနိုင်ဘူး'

မိတ်ဆွေ နှစ်ယောက်တို့သည် ကြည့်စရာ ရှိသမျှကို ကြည့်ခဲ့ကြပြီး က် နေအိမ်သို့ ပြန်လာကြလေ၏။ အမိလီသည် မိတ်ဆွေနှစ်ယောက် ငမ်းလျှောက် သွားခဲ့ခြင်းမျှသာ ဖြစ်သည် ထင်မှတ်သဖြင့် တစ်စုံတစ်ရာ းမေးမြန်းခြင်း မပြုချေ။

သစာ ထမင်းစားပွဲ၌ ဒုတိယအကြိမ် အမဲပစ်ထွက်ရန် အကြံ ဖြစ်ပေါ် သည်နှင့် ၎င်းကိစ္စအတွက် စီမံရခြင်းဖြင့် အချိန်ကုန်ကြပြီးလျှင်၊ ၃၀ အချိန်တွင် အိပ်ရာသို့ အားလုံး ဝင်ကြလေ၏။ ရိုလင်မူကား ဆာဂျွန်၏ းသို့ ဝင်သွားလေ၏။

ရိုလင်နှင့် ဆာဂျွန်တို့မှာ သဘာဝချင်း မတူသည့်အလျောက် ထိုညဦး က် ပြင်ဆင်ရာ၌လည်း ကွဲလွဲကြ၏။ ရိုလင်သည် ပျော်ပွဲစား ထွက်ရမည့် ပျော်မြူးစွာနှင့် ပြင်ဆင်လေရာ၊ ဆာဂျွန်မူကား တစ်ယောက်ချင်း င်း) တိုက်ရမည့် အရေးကဲ့သို့ ဣန္ဒြေကြီးစွာနှင့် ပြင်ဆင်လေ၏။ ာရီခွဲသည်နှင့် တစ်ပြိုင်နက် မိတ်ဆွေ နှစ်ယောက်တို့သည် နေအိမ်မှ သာကြ၍ ၁၁ နာရီ အချိန်တွင် ရိုလင်နှင့် ဆာဂျွန်တို့ ခွဲခွာကြရမည့် ခန်းသို့ ရောက်ကြလေ၏။

'ခင်ဗျား ဒီနေရာက ပြန်သွားရမယ်နော်'

'ပြန်သွားပါ့မယ်ဗျာ၊ ကျွန်တော် ကတိ မဖျက်ပါဘူး၊ သို့သော် တော့ ကျွန်တော် အကြံ ပေးချင်တယ်'

'ဘာလဲဗျ'

'ပစ်လိုက်တဲ့ ကျည်ဆန်တွေကို ကျွန်တော်တို့ ပြန်မတွေ့အောင် ရှာပြီး ယူသွားခြင်းဟာ ဘာကြောင့် ထင်သလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာကြောင့်လဲ'

'ကျည်ဆန် ပိမ့်ဝင်သွားတာကို ကျွန်တော် မမြင်စေချင်လို့ပေါ့ ခင်ဗျာ'

'မြင်တော့ ဘာပြုလို့လဲ'

'ကျည်ဆန်မှာ သံကိုယ်ကျပ်နဲ့ ထိလို့ ပိမ့်ဝင်တဲ့ အရာကလေးတွေ ကို ကျွန်တော် မြင်ရလျှင် တစ္ဆေအစစ် မဟုတ်၊ သံကိုယ်ကျပ် ဝတ်ထားတဲ့ လူတစ်ယောက် ဖြစ်တယ်လို့ ကျွန်တော် တွေးယူမှာ စိုးလို့ပေါ့ ခင်ဗျာ'

'ဒီလိုဆိုလျှင် ခွကျတာပေါ့ဗျာ၊ ကျုပ်က တစ္ဆေ အစစ်တွေ့ဖို့ မျှော် လင့်နေတယ်ဗျ။ နေပါဦး၊ ခင်ဗျားက ဘယ်လို အကြံပေးချင်တာလဲ'

'သေနတ်နဲ့ ပစ်လျှင် မျက်နှာကို မှန်အောင် ပစ်ဗျာ'

ဆာဂျွန်လည်း ဦးခေါင်းကို ညိတ်၍ ရိုလင်ကို လက်ဆွဲ နှုတ်ဆက် ပြီးလျှင် ပြတင်းပေါက်မှ ဝင်သွားလေရာ စစ်သား ဖြစ်သည့်အလျောက် မိမိအတွက် လည်းကောင်း၊ သူတစ်ပါးအတွက် လည်းကောင်း ဘေး အန္တရာယ်မှ စိုးရိမ် ပူပန်ခြင်း မရှိတတ်သော ရိုလင်လည်း စိတ်ချလက်ချ ပြန်သွားလေ၏။

## အခန်း ၁၆

နောက်တစ်နေ့နံနက် ၇ နာရီ အချိန်ခန့်တွင် ရိုလင်သည် အိပ်ရာမှ နိုးလာ၍ ဆာဂျွန်၏ အခန်းတံခါးကို ခေါက်ရာ အဖြေ မရချေ။ ထိုနောက် ရိုလင်သည် အခန်းတံခါးကို တွန်းဖွင့်၍ ဆာဂျွန်အိပ်သော အိပ်ရာကို ကြည့်လိုက်ရာတွင် ဆာဂျွန်လည်း မရှိ၊ အိပ်ရာ၌ အိပ်သော အထိမ်းအမှတ်လည်း မတွေ့ရသဖြင့် ဆာဂျွန် ပြန်မလာကြောင်း သိရ၍ စိုးရိမ်မကင်း ဖြစ်မိ၏။

အရာခပ်သိမ်းကို လျင်မြန်စွာ ဆုံးဖြတ်လေ့ရှိသော ရိုလင်သည် မိမိ အခန်းသို့ ပြန်သွား၍ အဝတ်များ ဝတ်ဆင်ပြီးလျှင် ခါးပတ်တွင် မုဆိုးဓား ကို ချိတ်၍ ရိုင်ဖယ်ကို တမ်းလျက် အိမ်ပေါ်မှ ဆင်းလာလေ၏။ လှေကား





ဆါတွင် အစေခံ မိန်းကလေးနှင့် တွေ့၍ 'သေနတ်နဲ့ တောလည် သွားတယ် သို့ မေမေ့ကို ပြောလိုက်၊ ဆာဂျွန်တို့၊ ငါတို့ နံနက်စာ စားဖို့ ပြန်မရောက် သျှင်လည်း စိတ်မပူပါနဲ့လို့ မေမေ့ကို ပြောလိုက်' ဟု မှာထားခဲ့လေ၏။

ရိုလင်သည် လျင်မြန်စွာ လျှောက်သွား၍ ဆီးလုံး တောထဲ၌ ဆာဂျွန် နှင့် ခွဲခွာသော နေရာသို့ ရောက်သောအခါ ဆာဂျွန် ဝင်သွားသော ပြတင်း ပေါက်မှ နားထောင်သော်လည်း မည်သည့် အသံမျှ မကြားရဘဲ တိတ်ဆိတ် လျက် ရှိ၏။ ထိုအခါ ရိုလင်သည် ဆုတ်ဆိုင်းခြင်း မရှိဘဲ ပြတင်းပေါက်မှ ကျော်ဝင်၍ အခန်းကလေးထဲမှ အခန်းကြီးဘက်သို့ ကူးဝင်ပြီးလျှင် ထိုမှ ဤမှ ကြည့်ရှုသော်လည်း ဆာဂျွန်ကို မတွေ့ရ။ ဟစ်ခေါ်သော်လည်း မထူး ချေ။ ထို့နောက် အရိုးဂူများ ရှိသော မြေတိုက်ခန်းသို့ လည်းကောင်း၊ အစည်း အဝေး ခန်းမကြီးသို့ လည်းကောင်း ဝင်ရောက် ရှာဖွေရာ မည်သူ့ကိုမျှ မတွေ့ရချေ။ သံတံခါး နှစ်ထပ်မှာမူ ပွင့်လျက်ပင် ရှိ၍ လွတ်လပ်စွာ ဝင်ထွက် သွားလာနိုင်၏။ ရိုလင်သည် မြေတိုက်ထဲသို့ ဝင်သွားသောအခါ အလွန် မှောင်မိုက်သည်နှင့် လက်ဖြင့် စမ်းလျက် တဖြည်းဖြည်းမျှသာ လျှောက်သွား နိုင်သရာ နောက်ဆုံးတွင် လှေကားထစ်များသို့ ရောက်၍ အထက်သို့ တက် သွားပြီးနောက် ဦးခေါင်းနှင့် ကျောက်ပြားကြီး ဆောင့်မိသည်တွင်မှ ကျောက် ပြားကြီး ပိတ်ထားကြောင်း သိရလေ၏။ သို့ရာတွင် ရိုလင်သည် ကျောက်ပြား ကြီး ဦးခေါင်းနှင့် တိုး၍ ကြွလိုက်သော အခါ၌ကား ကျောက်ပြားကြီး လည် သွားလျက် အပေါက်ကြီး ပွင့်၍ အလင်းရောင် ဝင်လာလေ၏။

ရိုလင်သည် အပေါက်မှ တက်လာ၍ တစ္ဆေကို မိမိ သေနတ်နှင့် ပစ်ခဲ့ဖူးသော အခန်းကြီးသို့ တိုင်အောင် အနှံ့အပြား ရှာဖွေသော်လည်း မည်သူ့ကိုမျှ မတွေ့ရချေ။ သံကုန် ဟစ်၍ သုံး လေး ကြိမ် ခေါ်ပါသော်လည်း မည်သူ၏ ထူးသံမျှ မကြားရ။ နောက်ဆုံး၌ ရိုလင်သည် ဆာဂျွန် စောင့်မည် ဟု ပြောဖူးသော အခန်းသို့ ခြေရာလက်ရာများ စုံစမ်းမည့် အကြံနှင့် ဆင်း သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



၎င်း အခန်းသို့ ရောက်လျှင် ရှိလင်သည် ဆာဂျွန် ထိုင်၍ စောင့်မည် ဆိုသော စားပွဲကြီးအနီး ကြမ်းပေါ်၌ ကြည့်လိုက်သောအခါ သွေးကွက်ကြီး တစ်ကွက်ကို တွေ့ရသဖြင့် ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွား၏။ စားပွဲ၏ အခြား ဘက် ဆယ်ပေခန့် ကွာလှမ်းသော နေရာ၌လည်း ကြမ်းပေါ်တွင် အလားတူ သွေးကွက်ကြီးတစ်ကွက် တွေ့ရ၍၊ ဆာဂျွန် ထိုင်စောင့်မည် ဆိုသော နေရာ မှာလည်း သွေးများ စွန်းပေလျက် ရှိသည်ကို တွေ့ရလေ၏။

ရှိလင်မှာ စစ်သား ဖြစ်ရုံမျှမက ကျင်လည်သော မှဆိုးတစ်ယောက် လည်း ဖြစ်သည်နှင့် သွေးကွက်ကို ကြည့်ခြင်းအားဖြင့် သေလောက်သော ဒဏ်ရာမှ ယိုစီးခြင်း ဖြစ်သည်၊ သို့တည်းမဟုတ် သာမည ဒဏ်ရာမျှသာ ဖြစ်သည် စသည်ဖြင့် ခန့်မှန်းနိုင်ပေရာ လွန်ခဲ့သော ညဥ့်အတွင်း လူ သုံး ယောက် ဒဏ်ရာ အကြီးအကျယ်နှင့် လဲကျခြင်း ဖြစ်ရမည်ဟု တွေးဆနိုင်၏။ သို့ရာတွင် မည်သူမည်ဝါတို့ ဒဏ်ရာရခြင်း ဖြစ်လေသနည်း။

စင်မြင့်ကလေး၏ လက်ဝဲဘက်နှင့် လက်ယာဘက်တို့၌ ရှိသော သွေးကွက်များမှာ ဆာဂျွန်၏ ရန်သူများ လဲကျသော နေရာများ ဖြစ်တန် ရာ၏။ စင်မြင့်ပေါ်၌ စွန်းပေလျက်ရှိသော သွေးများမှာမူ ဆာဂျွန်၏ ဒဏ်ရာ မှ စီးကျခြင်း ဖြစ်နိုင်၏။ လက်ဝဲနှင့်လက်ယာ တစ်ပြိုင်တည်း ညှပ်၍ တိုက်ခိုက်ကြရာတွင် ဆာဂျွန်သည် သေနတ် နှစ်လက်ဖြင့် ရန်သူ နှစ်ယောက် လုံးကို ထိမှန်အောင် ပစ်ချဟန် တူ၏။ ဆာဂျွန်ကိုယ်တိုင်မှာ စင်မြင့်ကလေး ပေါ်၌ ဒဏ်ရာရသည့် လက္ခဏာ ရှိ၏။

ရှိလင်သည် သွေးကွက်များ၏ အခြေအနေကို ကြည့်၍ စဉ်းစား လေလေ၊ အထက်ပါ နည်းအတိုင်း ဖြစ်ရမည်ဟု ကျေနပ်လေလေ ဖြစ်လာ၍ နောက်ဆုံးတွင် ရန်သူများ၏ အလောင်းနှင့် ပတ်သက်၍ ပေယျာလကန် ထားပြီးလျှင် ဆာဂျွန်ကို မည်သည့်နေရာသို့ သယ်ယူ သွားကြလေသနည်း ဟု ဆက်လက် စုံစမ်းပြန်၏။

စင်မြင့်ကလေးမှသည် တံခါးသို့ တိုင်အောင် သွေးများ တစက်စက်





ကျသွားသည်ကို ရှိလင် တွေ့ရပေရာ ရှိလင်သည် တံခါးကို တွန်းဖွင့်လိုက် သော အခါ၌ သွေးစက်များ ဆက်လက် ကျသွားသည်ကို တွေ့ရပြန်၏။ ထို့နောက် သွေးစက်ခံလျက် ဆက်လက် လိုက်သွားပြန်သည်တွင် တောထဲမှ ဖြတ်သန်း၍ ပွန်တီအိမ်မှ ဘိုဂ်မြို့သို့ သွားသော လမ်းမကြီးပေါ်၌ ဆုံးသွား သည်ကို တွေ့ရလေ၏။ လမ်းနံဘေးရှိ မြောင်းကလေး ကမ်းပါးပေါ်တွင် သွေးများ အတော်အတန် စုဝေးလျက် ရှိသည်ကို တွေ့ရသဖြင့် ဆာဂျွန်ကို (သေသည်၊ ရှင်သည် မသိ) ဤနေရာ၌ ခေတ္တ ချ၍ ရပ်နားသေးကြောင်း သိနိုင်ပေသည်။

ထိုခဏ၌ လမ်းပေါ်တွင် လျှောက်လာသော လူတစ်ယောက်ကို တွေ့၍ ရှိလင်က–

‘လမ်းပေါ်မှာ ဘယ်သူ့ တွေ့ခဲ့သလဲ’

‘တောသားနှစ်ယောက်က ထမ်းစင်နဲ့ တင်ပြီး လူတစ်ယောက် ထမ်း သွားတာ တွေ့ခဲ့တယ်’

‘ထမ်းစင်ပေါ်က လူက ဘယ့်နှယ် နေသလဲ’

‘လှုပ်လည်း မလှုပ်ဘူး၊ ငြိမ်ငြိမ်ကလေး လိုက်သွားတယ်’

‘သွေးများ ထွက်သေးသလား’

‘တစ်စက် နှစ်စက် လမ်းပေါ် စီးကျတာ တွေ့ခဲ့တယ်’

‘ဒါဖြင့် မသေသေးဘူး၊ တော်သေးရဲ့။ ရော့ ကိုယ့်လူ၊ ရွှေဒင်္ဂါး တစ်ပြား ပေးပါမယ်။ ဘိုဂ်မြို့က ဒေါက်တာမစ်လက် ဆီ ဝင်သွားပြီး နွင်း အောင်တိန် ဆိုတဲ့ အိမ်ကို မြင်းနဲ့ ချက်ချင်း သွားပါလို့၊ လူနာတစ်ယောက် ရှိပါတယ်လို့ ပြောလိုက်ပါ’

ထိုသူသည် ရွှေဒင်္ဂါး ရသည်နှင့် စေခိုင်းသည့်အတိုင်း ထွက်သွား လေရာ၊ ရှိလင်လည်း နေအိမ်သို့ ပြန်လာခဲ့လေ၏။

ဤနေရာ၌ လွန်ခဲ့သော ညဥ့်က ဆာဂျွန် ကြုံတွေ့ရသော အဖြစ် အပျက်များကို ဖော်ပြရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ဆာဟွန်သည် ရိုလင်နှင့် နှုတ်ဆက်ပြီးနောက် တောထဲ၌ ဆောက်လုပ်ထားသော ဘုရားရှိခိုးကျောင်းကလေး၏ ပြတင်းပေါက်မှ ဝင်သွားလေရာ ၎င်း အဆောက်အအုံကလေးမှာ ချာထရ ဘုရားရှိခိုးကျောင်းနှင့် မြေအောက်မှ ဥမင် လိုဏ်ခေါင်းဖြင့် ဆက်သွယ်လျက် ရှိသည့် အဖြစ်ကို စာဖတ်သူတို့ ရိပ်မိလောက်ပေသည်။ ဘုရားရှိခိုးကျောင်းကလေး အတွင်း၌ မည်သူမျှ မရှိဘဲ တိတ်ဆိတ်လျက်ရှိရာ လရောင်သည် ရောင်စုံမှန်တပ်ထားသော ပြတင်းပေါက်များမှ အတွင်းသို့ ထိုးဝင်သဖြင့် တစ်နေရာတွင် အသွေးအရောင် တစ်မျိုးစီ ဖြစ်နေလေ၏။ ဆာဟွန်လည်း ဘုရားရှိခိုးကျောင်း၏ အလယ်သို့ သွား၍ တရားဟောပလ္လင် အနီး၌ ရပ်နေလေရာ၊ အနီးအနားရှိ ပီရွန်နက်ရှာ ဘုရားရှိခိုးကျောင်းကြီးမှ ထိုးသော နာရီသံများကို ကြားနိုင်ပေ၏။

ညဉ့်သန်းခေါင် အထိမှာ ဆာဟွန်သည် ရိုလင် ကြုံတွေ့သည့်အတိုင်း ကြုံတွေ့ရ၏။ နာရီကြီးမှ ၁၂ ချက် ထိုးပြီးသည်နှင့် တစ်ပြိုင်နက် ဆာဟွန်သည် တစ်စုံတစ်ခု ဖြစ်ပျက်တော့မည် အထင်နှင့် မျှော်လင့်နေဆဲတွင် မြေအောက်ဆီမှ ခြေသံများ ကြားရ၍ သံတံခါးကြီး၏ အခြားဘက်ရှိ အရိုးဂူများ ရှိသော နေရာသို့ သွားသော လမ်းဆီမှ အလင်းရောင်တစ်ခု ပေါ်ထွက်လာလေ၏။

ဆာဟွန်လည်း ထိုနေရာသို့ စိုက်ကြည့်နေစဉ် မျက်စိများကို ဖုံးအုပ်သည် အထိ ဆွဲချထားသော ခေါင်းစွပ်ကြီးတစ်ခု ဆောင်းထားသည့် ဘုရင်ဂျီ ခင်ကြီး တစ်ပါးသည် လက်တစ်ဖက်တွင် မီးရှူးတိုင်ကို ကိုင်လျက် ပေါ်လာလေ၏။ ထိုသူသည် ကာသူရှန် ခင်ကြီးများ ဝတ်သည့် အဝတ်အတိုင်း ဝတ်ထားလေရာ ထိုသူ့နောက်မှ အခြား ခင်ကြီး တစ်ပါး၊ ၎င်းနောက် အခြား တစ်ပါး၊ တစ်ပါးပြီး တစ်ပါး လိုက်ပါလာကြ၍ ၁၂ ပါး တိတိ ပေါ်လာကြ၏။ ခင်ကြီးများသည် ယစ်ပလ္လင် ရှေ့သို့ ရောက်သောအခါ နှစ်စု ခွဲ၍ သွားကြပြီးလျှင် ပလ္လင်ရှေ့တွင် လက်ဝဲဘက်၌ ၆ ပါး၊ လက်ယာ





ဘက်၌ ၆ ပါး ရပ်ကြ၏။ ထို့နောက် ခင်ကြီးများသည် မိမိတို့ ရှေ့၌ ရှိသော စားပွဲတွင် မီးရှူးတိုင်များကို စိုက်ထောင်၍ စောင့်ဆိုင်းနေကြ၏။

နောက်ဆုံး၌ ၁၃ နံပါတ် ခင်ကြီးတစ်ပါး ပေါ်လာပြန်၍ ပလ္လင်ရှေ့၌ ရပ်လေ၏။

ထိုသူတို့သည် တစ္ဆေတို့၏ အမူအရာမျိုး မရှိဘဲ လူသားစင်စစ်အမူအရာအတိုင်း ရှိကြ၏။

ဆာဟွန်မှာ ခင်ကြီး ၁၃ ပါးတို့၏ အလယ် ဗဟို၌ ရောက်နေ၍ ခြင်ကို မိုကာ လက်တစ်ဖက်တွင် သေနတ် တစ်လက်စီ ကိုင်လျက် စောင့်ကြည့်နေလေရာ ခင်ကြီးများသည်လည်း ဆာဟွန်နည်းတူ ရပ်လျက် စောင့်နေကြ၏။ ဤတွင် ပလ္လင်၌ ရှိသော ခင်ကြီးက 'ညီအစ်ကို တစ်စုတို့ ကော်တုံ့ပြန် အဖွဲ့သားများသည် ဘယ်အတွက် စုရုံးကြသနည်း' ဟု မေးမြန်းသောအခါ၊ အားလုံးသော ခင်ကြီးများက 'ယေရှုသခင်ကို စော်ကားသူ တစ်ယောက်အား စစ်ဆေးရန် စုရုံးကြပါသည်' ဟု ဖြေဆိုကြ၏။

'ဤသူသည် မည်သို့သော အပြစ်ကို ကျူးလွန်ပါသနည်း'

'ဂျေဟူးရဲဘော်များ၏ လျှို့ဝှက်သော ကိစ္စကို သိဖို့ ကြိုးစားပါသည်'

'အပြစ်ဒဏ် မည်သို့ ပေးထိုက်သနည်း'

'သေဒဏ် ပေးထိုက်ပါသည်'

ပလ္လင်၌ ရှိသော ခင်ကြီးသည် အတန်ကြာ စောင့်ဆိုင်းပြီးနောက် ကြည့်ရသကဲ့သို့ ငေးကြည့်လျက် ရှိသော ဆာဟွန်ဘက်သို့ လှည့်လျက်–

'ဆာဟွန်တင်လေး၊ သင်သည် အင်္ဂလိပ်လူမျိုး နိုင်ငံခြားသား တစ်ယောက် ဖြစ်ပါလျက် ဂျေဟူးရဲဘော်များသည် မိမိတို့ အစိုးရကို ဖြုတ်ချဖို့ ကြံပြီး ဖြစ်သည့်အတိုင်း ဆောင်ရွက်ကြသော ကိစ္စတွင် ဝင်ရောက်စွက်ဖက်ခြင်း ပြုသည့် သင်သည် ခြင်္သေ့၏ သားရဲတွင်းသို့ ဝင်မိသော တစ်ယောက်ပီပီ ခြင်္သေ့၏ ဆုတ်ဖြတ်ခြင်းကို ခံလေလော့'

ဆာဟွန်လည်း မည်သို့မျှ ပြန်မပြောဘဲ ဆိတ်ဆိတ် နေရာတွင်



www.burmeseclassic.com

www.burmeseclassic.com



ခင်ကြီးက ဆက်လက်၍ 'ဆာဂျွန်တင်လေး၊ သင့်အား သေဒဏ်ပေး စီရင်ချက် ချမှတ်လိုက်သည်၊ သေဖို့ ပြင်ပေတော့' ဟု ပြောလိုက်၏။

ထိုအခါမှ ဆာဂျွန်က 'လက်စသတ်တော့ သူခိုးသင်းကြီးထဲ ရော နေမင့်ကိုး၊ ငွေနဲ့ ရွေးယူရတော့မှာပေါ့။ ကိုင်း ကပ္ပိတန်ကြီး၊ ငွေ ဘယ်လော နဲ့ ရွေးနုတ်ရမှာလဲဗျ'

ခင်ကြီးများ၏ နှုတ်မှ ကြုံးဝါးသော အသံများ ပေါ်ထွက်လာ ရာ ပလ္လင်၌ ရှိသော ခင်ကြီးက လက်ကို ဆန့်တန်းလျက် 'ဆာဂျွန်တင်လေ သင်ကား ကျွန်ုပ်တို့ကို အထင် လွဲချေပြီ၊ ကျွန်ုပ်တို့ကား သူခိုးသင်း မဟုတ်ချေ။ မဟုတ်ကြောင်း ထင်ရှားအောင် ဖော်ပြရန်ကား သင့်ကိုယ် ရွှေ ငွေ လက်ဝတ် လက်စားများ ပါခဲ့လျှင် သင်၏ အမွေခံ အမွေစားမ ထံသို့ ကျွန်ုပ်တို့ ပို့လိုက်မည်။ စိတ်ချ သွားပေလော့' ဟု ပြော၏။

'သင် ပြောသည့်အတိုင်း ဖြစ်စေမည်ဟူ၍ အဘယ်နည်းနှင့် ကျွ စိတ်ချရမည်နည်း'

'ကျွန်ုပ် ပြောသော စကားများ ဖြစ်၍ စိတ်ချရမည်'

'လူသတ် အသင်းလူကြီး၏ စကားကို ကျွန်ုပ် မယုံနိုင်ပါ'

'သင် မှားသည် ဆာဂျွန်၊ ကျွန်ုပ်ကား လူသတ် အသင်းလူကြီးလ မဟုတ်၊ သူခိုးသင်း ကပ္ပိတန်လည်း မဟုတ်ရပါ'

'သို့ဖြစ်လျှင် သင် ဘယ်သူနည်း'

'ကျွန်ုပ်ကား လူယုတ်မာများကို သုတ်သင် ရှင်းလင်းရန်အတ စေလွှတ်တော်မူလိုက်သည့် ဂျေဟူးရဲဘော် ခေါင်းဆောင် ဖြစ်သည်'

'သင် ပြောသည့်အတိုင်း မှန်ခဲ့လျှင် မျက်နှာကို အဘယ်ကြေ ဖုံးထားရသနည်း။ ဝတ်လုံအောက်တွင် အဘယ်ကြောင့် သံကိုယ်ကျပ် ဝတ်ထားရသနည်း။ သူတစ်ပါးကို ဆုံးမဝံ့လျှင် ကိုယ်တိုင်လည်း အ ခံရဲ ရသည်။ သင့် မျက်နှာကို ဖွင့်၍ သင့် ရင်ဘတ်ကို လှပ်ပြမှသာ စကားကို ကျွန်ုပ် ယုံနိုင်မည်'





'ကြားကြရဲ့လား ညီနောင်များ'

ယင်းသို့ မေးပြီးနောက် ပလ္လင်၌ ရှိသော ခင်ကြီးလည်း ဝတ်လုံကြီး ကို ချွတ်၍ ရင်ဘတ်ကို လှပ်ပြလေရာ အခြားသော ခင်ကြီးများကလည်း ဤနည်းအတူ ပြုလုပ်ကြလေ၏။ အားလုံးသော သူတို့မှာ အရွယ်ကောင်း သည့် လူချောကလေးများ ဖြစ်ကြလေသည်။ ၎င်းတို့သည် တရားသူကြီး အလုပ်ကို ဆောင်ရွက်လျက် ရှိကြသဖြင့် လက်နက် ကိုင်ဆောင်ခြင်း မပြုချေ။

'ဆာဂျွန်တင်လေး၊ သေဖို့ ပြင်ဆင်လော့၊ ယေရှုသခင်ကို အောက်မေ့ ရန် အတွက် ၅ မိနစ် အချိန် ပေးမည်'

ဆာဂျွန်သည် ယေရှုသခင်ကို အောက်မေ့မည့်အစား မိမိ၏ သေနတ် င်လက်တွင် ခဲယမ်း အပြည့်အစုံ ထိုးပြီးလေပြီလောဟု သေချာစွာ ကြည့်ပြီး နောက် 'ကိုင်း ပြင်ပြီးပါပြီ၊ သဘောရှိပါပဲ' ဟု ပြောလိုက်၏။

ထိုသူတို့သည် တစ်ယောက်၏ မျက်နှာကို တစ်ယောက် ကြည့်နေ ကြစဉ် ပလ္လင်၌ ရှိသော လူက အချက်ပေးလိုက်သည်နှင့် ဆာဂျွန် အနီးသို့ ချဉ်းကပ်၍ ဝိုင်းကြလေ၏။ ဆာဂျွန်မှာ သေနတ် နှစ်လက်တည်းသာ ရှိသည် ဖြစ်၍ နှစ်ချက်တည်းသာ ပစ်နိုင်သဖြင့် လူနှစ်ယောက်ကို ရွေးပြီးလျှင် စင်ပြိုင်တည်းကဲ့သို့ ပစ်လိုက်ရာ၊ လူနှစ်ယောက်တို့မှာ ကြမ်းပေါ်၌ လဲကျ ကြလေ၏။ ကျန်သော လူများသည် ဆာဂျွန်ကို အတင်း ဝိုင်း၍ ဖမ်း ရာ ဆာဂျွန်က သေနတ်ဒင်ကို အသုံးပြုလျက် ခုခံပါသော်လည်း အချိန် ညည်ရုံမျှ လောက်သာ တတ်နိုင်၍၊ နောက်ဆုံးတွင် လူများသည် ဆာဂျွန် ခင်းတို့၏ ခါးပန်းကြိုးများနှင့် ချည်တုပ်လျက် ပလ္လင်ရှေ့တွင် ချထား လေ၏။

'ယေရှုသခင်ကို နှလုံး သွင်းပြီးပြီလား'

'ပြီးပါပြီ၊ သတ်သာ သတ်ပါတော့ လူသတ်သမားကြီးရဲ့'

ထိုအခါ ယစ်ပလ္လင်၌ ရှိသော ခင်ကြီးသည် ဓားမြှောင်ကို ထုတ်၍ ဂျွန် အနီးသို့ ချဉ်းကပ်ပြီးလျှင် ဆာဂျွန်၏ ရင်ဝကို ထိုးတော့အံ့ဟု



www.burmeseclassic.com

www.burmeseclassic.com



ချိန်ရွယ်လျက် 'ဆာဂျွန်တင်လေး၊ သင်ကား သတ္တိကောင်း၍ သစ္စာရှိသော ယောကျ်ားကောင်းတစ်ယောက် ဖြစ်သည်။ သင် မြင်ရ တွေ့ရသော အဖြစ်အပျက်များကို မည်သူ့အားမျှ မပြောပါဟု ကျိန်ဆိုလော့။ ကျွန်ုပ်တို့ကိုလည်း မည်သည့်နေရာ၌ တွေ့ရသည် ဖြစ်စေ မှတ်မိသည် ဟူ၍ မဖော်ပြောပါဟု သစ္စာပြုလော့။ သို့ဖြစ်လျှင် သင်၏အသက်ကို ကျွန်ုပ်တို့ ချမ်းသာပေးမည်'ဟု ပြော၏။

'ဒီနေရာက ထွက်ရလျှင် ထွက်ချင်း သင်တို့ မည်သူမည်ဝါ ဖြစ်သည်ကို ထောက်လှမ်းစုံစမ်းပြီး အားလုံး ဖော်ထုတ် ပြောမယ်'

'မပြောပါဘူးလို့ ကျိန်မလား၊ မကျိန်ဘူးလား'

'မကျိန်ဘူး'

'ကျိန်လိုက်ပါ'

'မကျိန်ဘူး'

'ကိုင်း ဒါဖြင့် သေပေတော့'

ဥက္ကဋ္ဌဖြစ်သော လူသည် ခြေလက်များပါ ချည်တုပ်ထားသော ဆာဂျွန်၏ ရင်ဝကို ဓားမြှောင်နှင့် ထိုးစိုက်လိုက်ရာ ဆာဂျွန်မှာ တစ်ခွန်းမျှ ညည်းတွားခြင်း မပြုချေ။ ဥက္ကဋ္ဌကမူ ဝတ္တရားအတိုင်း ဆောင်ရွက်၍ ကျေနပ်သည့် လက္ခဏာနှင့် 'ကောင်းပါလေစ' ဟု ဆိုသေး၏။

ထိုနောက် ဥက္ကဋ္ဌသည် အဖွဲ့သားများဘက်သို့ လှည့်လျက် 'ညီနောင် တစ်စုတို့၊ သောဥသမြောက် လွီဘုရင် နတ်ရွာစံလွန်တော်မူသည့် အထိမ်းအမှတ် ပွဲတော်ကို ပါရစ်မြို့ နံပါတ် ၃၅ ဂူဒွာဘတ် လမ်းတွင် ဇန်နဝါရီလ ၂၁ ရက်နေ့၌ ကျင်းပမည် ဖြစ်၍ သင်တို့ အားလုံး တက်ရောက်ကြဖို့ ဖိတ်ကြားလိုက်သည်' ဟု ပြောလေ၏။

၎င်းနောက် ဥက္ကဋ္ဌနှင့် အဖွဲ့သား ဆယ်ယောက်တို့သည် ဥမင်လိုဏ်ခေါင်း ထဲသို့ ဆင်းသွားကြ၍၊ ဆာဂျွန်နှင့် အဖွဲ့သား နှစ်ယောက်တို့၏ ခန္ဓာကိုယ်များမှာ မီးရှူးတိုင် နှစ်တိုင်နှင့် ကျန်ရစ်ခဲ့လေ၏။





ဂျေဟူးရဲဘော် အဖွဲ့ကြီး၏ လျှို့ဝှက်သော အခြင်းအရာများကို ...မ်းမိသည့် ရီလင်နှင့် ဆာဂျွန်တို့အနက် ရီလင်မှာ ချမ်းသာရာ ရ၍ ဆာဂျွန် ...လျှင် အပြစ်ဒဏ်ပေးခြင်း ခံရသည်မှာ အကြောင်း မည်သို့နည်းဟု ...သည် ရှိသော်၊ ရီလင်ကား အမိလီ၏ အစ်ကို ဖြစ်သည့်အတွက် မော်ဂင် ... အကာအကွယ်ကို ရရှိသောကြောင့် ဖြစ်ပေ၏။

## အခန်း ၁၇

...ဂျွန်၏ ခန္ဓာကိုယ်ကို ထမ်းစင်နှင့် တင်၍ နွှင်းဖောင်တိန် အိမ်ကြီးသို့ ...ောက်သဖြင့် ရီလင်က တောသားတစ်ယောက်အား ဘိုဂ်မြို့မှ ဒေါက်တာ ...လက်ကို ခေါ်ခဲ့ရန် စေလွှတ်သည့် အချိန်မှ ရက်သတ္တ သုံးပတ်ခန့် ...၍ ကျွန်ုပ်တို့သည် ပါရစ်မြို့ ဗစ်တိုင်လမ်း အိမ်နံပါတ် ၆၀ ၌ အဖြစ် ...ျက်များကို ရေးသားဖော်ပြ ရပေမည်။

အိမ်ရှေ့မှ ဝင်၍ လက်ယာဘက်သို့ ချိုးပြီးလျှင် အထစ် နှစ်ဆယ်မျှ ...သာ လှေကားမှ တက်သွားသည့်အခါ နံရံတွင် စက္ကူစိမ်းများ ကပ်ထား... အစိမ်းရောင် ခန်းဆီးများနှင့် ကုလားထိုင်များ ခင်းကျင်းထားသော ...န်းတစ်ခန်းကို တွေ့ရပေလိမ့်မည်။ နံရံ၌ ကပ်ထားသော စက္ကူများ ...တွင် မြို့ကြီးများ၏ မြေပုံများ ရေးဆွဲထား၍ စင်ပေါ်တွင် စာအုပ်များ ...န်းလျက် ရှိ၏။ စားပွဲများနှင့် ကုလားထိုင်များပေါ်၌လည်း စာအုပ်များ ...ထားသည်ဖြစ်၍ ထိုင်ဖို့ပင် နေရာမရှိဘဲ ပြည့်နှက်လျက် ရှိ၏။

စာအုပ်များနှင့်အတူ မှတ်တမ်းမှတ်ချက်များ၊ အစီရင်ခံစာများ၊ ...းစာယူ ဖိုင်တွဲများလည်း ရောပြွန်းလျက် ရှိရာ လူတစ်ယောက်သည် ...တွင် ထိုင်လျက် စာတစ်ရွက်ပေါ်တွင် ရေးခြစ်ထားသော လျှို့ဝှက်သည့် ...ရာများကို ရုတ်တရက် အဓိပ္ပာယ် မဖော်နိုင်သည့် လက္ခဏာနှင့် မိမိ၏ ...င်ကို မကြာခဏ ဆွဲဖွလျက် ရှိ၏။ ထိုခဏ၌ သက်တော်စောင့်၏ ...ောင်း ဝတ်ထားသော အရာရှိကလေး တစ်ယောက်သည် အခန်းထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသဖြင့် စားပွဲ၌ ရှိသော လူက မော့ကြည့်လိုက်ရာတွင် ကျေနပ် ရွှင်ပြုံးသော မျက်နှာထားနှင့် . . .

'အလို ရီလင် ရောက်လာမင့်ကိုး၊ ဝမ်းသာတယ်ကွယ်။ မောင် သဘောအတိုင်း ပြန်လာခဲ့တာလား၊ ခေါ်ယူတာလား'

'ဂျင်နရယ်က ပြန်ခေါ်လို့ လာရခြင်း ဖြစ်ပါတယ်'

ရီလင်နှင့် စကားပြောသူမှာ ဂျင်နရယ် ဘိုနပတ်၏ အတွင်းဝန် ဖြစ်လေရာ ရီလင်သည် အိတ်ထဲမှ စာတစ်စောင်ကို ထုတ်၍ ထိုသူအား ပြသဖြင့် ထိုသူသည် မိမိ ရှေ့၌ ရှိသော စာရွက်ပေါ်တွင် ရေးထားသည် လက်ရေးနှင့် နှိုင်းယှဉ်ကြည့်သည်တွင် အတူတူပင် ဖြစ်ကြောင်း တွေ့ရလေ ၏။ ရီလင် ပြသော စာရွက်ပေါ်၌ ရေးသားထားသည်မှာကား–

"ချက်ချင်း လာခဲ့ပါ။ ၁၆ ရက်နေ့မှာ ပါရစ်မြို့ကို ရောက် စေ။ သင့်ကို ကျွန်ုပ် အလို ရှိနေသည်။"

စာ၌ လက်မှတ် ရေးထိုးထားခြင်း မရှိချေ။ အတွင်းဝန်သည် စာ ဖတ်ရှုကြည့်ပြီးနောက်–

'၁၈ ရက်နေ့လောက်မှာ ဖြစ်ပါလိမ့်မယ် ထင်တယ်'

'ဘာဖြစ်မှာလဲ ခင်ဗျာ'

'တစ်ခုခု ဖြစ်မှပေါ့ မောင်ရဲ့'

'ခင်ဗျားက ဘယ်လို ထင်လို့လဲ'

'ဂျင်နရယ်က သူ့ကိုယ်သူ ဒါရိုက်တာ ခန့်မလား၊ ပြီစီဒင် ခန့်မလား မပြောတတ်ဘူး'

'ဒီလိုဆိုရင် ဥပဒေနဲ့ မညီပေဘူး မှတ်တယ်'

'ဥပဒေက ဘယ်လို ရှိလို့လဲ'

'ဒါရိုက်တာ ဖြစ်ဖို့ဟာ အသက် ၄၀ ရှိရမယ် ဆိုထားတယ် ဂျင်နရယ်က ဆယ်နှစ်တောင် ငယ်နေသေးတာပဲ'

'ဥပဒေကို သူက ဘာ ဂရုစိုက်မှာလဲမောင်၊ သူ ဖျက်ချင် ဖျက်မှာ





'ဖျက်တာတော့ ဟုတ်ပါရဲ့၊ ဂျင်နရယ်က အတိုင်ပင်ခံ လေးယောက် ထားရတဲ့ ဒါရိုက်တာ ရိုးရိုးတော့ မလုပ်ချင်ပေဘူး မှတ်တယ်'

'မပြောတတ်ပါဘူးမောင်၊ ဂျင်နရယ်က ဘယ်သူ့မှ ဘာမှ ဖွင့်ပြော တာ မဟုတ်ဘူး၊ တွေးယူကြရတာချည်းပဲ'

'ကျွန်တော်တော့ အတွေးသမား မဟုတ်လို့ မတွေးတတ်ပေါင်ဗျာ၊ ဖြစ်ရမှာဖြင့် ဖြစ်ရမှာပဲ။ ဒါထက် ဂျင်နရယ် ဘယ်မှာလဲဗျ'

'ခုနင်ကတင် မဒမ် ဘိုနပတ်ဆီ သွားလေရဲ့၊ မောင် ရောက်တာ သူ မသိသေးဘူးလား'

'မသိသေးဘူး၊ ခင်ဗျားနဲ့ ရှေးဦးစွာ တွေ့ချင်လို့ ဝင်လာခဲ့တယ်၊ သော သူ့ခြေသံနဲ့ တူတယ်'

ထိုခဏ၌ အခန်းတံခါး ပွင့်လာ၍ အဗီနံမြို့၌ ရီလင်၏ အဖော် ဖြစ်နှင့် ခရီးသွားခဲ့သော ပုဂ္ဂိုလ်သည် အခန်းထဲသို့ ဝင်လာလေ၏။ ဤ ခါ၌ကား ထိုသူသည် အိဂျစ်ပြည် စစ်ဗိုလ်ချုပ်ကြီး ယူနီဖောင်းဖြင့် ဝတ် င်လျက် ရှိ၍ မိမိ၏ နေအိမ် ဖြစ်သည့်အတွက် ဦးထုပ် မဆောင်းချေ။ ဂျင်နရယ် ဘိုနပတ်သည် ရီလင်ကို မြင်သည်နှင့် တစ်ပြိုင်နက် ဝမ်းမြောက် သော မျက်နှာထားနှင့် ရွှင်ပြုံးစွာ . . .

'သြော် ရီလင်လားဟေ့၊ စိတ်ချရပေ့ကွယ်၊ ခေါ်လိုက်တယ်ဆို ချက် ချင်း ရောက်လာပေတာပဲ။ ငါ့ အတွင်းဝန် ဘိုရီယန်နဲ့ ဘာတွေ ပြောနေကြ လဲ'

'ဗိုလ်ချုပ်ကြီး ရေးလိုက်တဲ့ စာကို ပြနေပါတယ်။ ဘိုရီယန်က ရက်နေ့မှာ တစ်ခုခု ဖြစ်လိမ့်မယ်လို့ တွေးနေပါတယ်'

'သြော် ဘိုရီယန်က ဒီလို တွေးသလား၊ ကိုင်း ဘိုရီယန်၊ ရီလင်ကို ည့်လိုက်စမ်း'

'ကျွန်တော် ကြည့်နေပါတယ် ဗိုလ်ချုပ်ကြီး'

'အဗီနံမြို့မှာ သူ ဘာလုပ်သလဲ သိလား၊ လူတစ်ယောက်ရဲ့ ခေါင်း န်းကန်ပြားနဲ့ ပေါက်ခဲ့တယ်'



www.burmeseclassic.com

www.burmeseclassic.com



'တယ်ပြီး စိတ်မြန်တဲ့ လူကိုး'

'ဒါတင် ဘယ်ကမလဲ၊ ဒီလူနဲ့ တစ်ယောက်ချင်း တိုက်ခဲ့သေးတယ်'

'တိုက်တော့ ဟိုလူ သေရော မဟုတ်လား'

'အေးလေ ထုံးစံအတိုင်းပေါ့၊ ဘာကြောင့် တိုက်ကြရတယ် ထင်လဲ'

'မသိဘူး ဗိုလ်ချုပ်ကြီး'

'ဟိုလူက ကျွန်ုပ်ကို သူခိုးလို့ စွပ်စွဲတယ်ဗျ၊ အဲဒါနဲ့ တိုက်ကြတော့ တာပဲ။ ဒါထက် ဟို အင်္ဂလိပ်ဟာကော ရှိလင်'

'ဒီလူက ပထမတန်းစား ပုဂ္ဂိုလ်တစ်ဦးပါပေ ဗိုလ်ချုပ်ကြီး ဒါကြောင့် သူ့အတွက် ဗိုလ်ချုပ်ကြီးထံမှာ ကျွန်တော် တစ်ခု တောင်း လိုပါတယ်'

'ငါက အင်္ဂလိပ်လူမျိုးကို မကြိုက်ဘူးကွယ့်'

'အင်္ဂလိပ်ဆေမဲ့ ဒီလူက ပထမတန်း လူတစ်ယောက်ပါ ဗိုလ်ချုပ်ကြီး'

'မင်း မိတ်ဆွေ ဘာဖြစ်လို့လဲကွ၊ ပြောစမ်းပါဦး'

'သူ့ကို စစ်ဆေးပြီး အပြစ်ရှိတယ်ဆိုပြီး သတ်ပစ်လိုက်ပြီ ဗိုလ်ချုပ် ကြီး'

'ဘာတွေ လျှောက်ပြောနေတာလဲကွ'

'တကယ် ပြောတာပါ ဗိုလ်ချုပ်ကြီး'

'စစ်ဆေးပြီး အပြစ်ပေးတယ်ဆိုတာ ဘာလဲကွ၊ ဘယ်ရုံးကလဲ'

'ဂျေဟူးရဲဘော် အဖွဲ့ရုံးကပါ ဗိုလ်ချုပ်ကြီး'

'ဂျေဟူးရဲဘော် အဖွဲ့ဆိုတာ ဘယ်သူတွေလဲ'

'အရက်ကုန်သည်ရဲ့ ရွှေဒင်္ဂါး ၂၀၀၀ ကို ပြန်ပို့လာတဲ့ မော်ဂင် မေ့ပြီလား ဗိုလ်ချုပ်ကြီး'

'မမေ့ပါဘူးကွ၊ နေပါဦး၊ မော်ဂင်က ဒီအင်္ဂလိပ်ကို သတ်ပစ်လို သလား'

'သူ ကိုယ်တိုင်တော့ မဟုတ်ပေဘူး၊ သူတို့အဖွဲ့က ဖြစ်မှာပဲ'





'မင်းပြောပုံက စစ်ဆေးတယ်၊ အပြစ်ရှိတယ်၊ အပြစ်ဒဏ် ပေးတယ် ဆိုတော့ ရုံးလိုလို ဘာလိုလိုကိုးကွ'

'ဒီလို ဗိုလ်ချုပ်ကြီးရဲ့၊ ဘိုဂ်မြို့နားမှာ ချာထရ ဘုရားရှိခိုးကျောင်း တစ်ကျောင်း ရှိတယ်'

'အေးလကွ၊ ငါ သိပါတယ်၊ ဒီကျောင်းမှာ ခင်ကြီး ရှိသေးလို့လား'

'ခင်ကြီးတော့ မရှိဘူး၊ တစ္ဆေတွေ ရှိတယ် ဗိုလ်ချုပ်ကြီး'

'မင်းက တစ္ဆေဝတ္ထု ပြောဦးမလို့လား၊ ဆိုစမ်းလကွာ၊ ငါ ကြားချင် ပါတယ်'

'ဒီဘုရားရှိခိုးကျောင်းမှာ တစ္ဆေ ခြောက်တယ်လို့ နာမည် ကြီးနေတာ နဲ့ ကျွန်တော်နဲ့ ဆာဂျွန် တစ်ညစီ စောင့်အိပ်ကြည့်ကြတယ်'

'ဒီတော့ တစ္ဆေ တွေ့ရောလား'

'တစ်ကောင် တွေ့ရတယ်၊ ကျွန်တော်က သေနတ်နဲ့ ပစ်လို့ ထွက် ပြေးသွားတယ်'

'ဒါနဲ့ လက်လျှော့လိုက်ရောလား'

'ကျွန်တော်က လိုက်ပစ်တာပဲ၊ ဒါပေမဲ့ ကျောင်းပျက်ကြီးထဲမှာ သမ်းမသိလို့ လွတ်သွားတယ်'

'ပြီးတော့ကော'

'နောက် တစ်ညတော့ အင်္ဂလိပ် ဆာဂျွန်က သွားစောင့်ကြည့်တယ်'

'တွေ့ခဲ့ရဲ့လား'

'သူကတော့ တစ္ဆေ တစ်ကောင် မကဘူး၊ ခင်ကြီး ၁၂ ပါး တွေ့ ဘယ်။ ခင်ကြီးတွေက သူ့ကိုဖမ်းပြီး သူတို့ရဲ့ လျှို့ဝှက်တဲ့ အကြောင်းအရာ ဘွေကို စုံစမ်းရမလားဆိုပြီး ဓားနဲ့ ထိုးသတ်ကြတယ်'

'မင်းလူက မခုခံဘူးလား'

'ခုခံပြီလား ဗိုလ်ချုပ်ကြီး၊ နှစ်ယောက်တောင် သေသွားသေးတယ်'

'သူကကော သေရှာရောလား'



www.burmeseclassic.com

www.burmeseclassic.com



'သေလုမတတ်ပဲ၊ သို့သော် ကုလို့ ရကောင်းပါသေးရဲ့။ ကြည့်စမ်းပါဦး ဗိုလ်ချုပ်ကြီးရယ်၊ ရင်ဘတ်မှာ ဓားဒဏ်ရာကြီးနဲ့ လမ်းနံဘေးမှာ တွေ့လို့ ကျွန်တော်တို့အိမ် ပို့လိုက်သတဲ့'

'တယ်ဟုတ်ပါကလား ဟော့'

'ပြီးတော့ ဘယ်သူ့ လက်ချက်လဲလို့ သိရအောင် သူ့ ရင်ဘတ်က ဓားမြှောင်အသွားမှာ "ဂျေဟူးရဲဘော်များ" ဆိုတဲ့ စာလုံးတွေ ထွင်းထားတယ်။ ဟောဒီ ဓားမြှောင်ပါပဲ ခင်ဗျာ'

ရိုလင်သည် ဓားမြှောင်တစ်လက်ကို ထုတ်၍ ပြလေရာ အရိုးရော အသွားပါ သံမဏိဖြင့် လုပ်ထား၍၊ လက်ကိုင်မှာ လက်ဝါးကပ် ပုံသဏ္ဌာန် ရှိသည့်ပြင် သံမဏိ အသွားတွင်လည်း "ဂျေဟူး ရဲဘော်များ" ဟူသော စာလုံးများ ပါရှိလေ၏။

ဂျင်နရယ် ဘိုနပတ်သည် ဓားမြှောင်ကို ကိုင်တွယ် ကြည့်ရှုပြီးနောက် 'ကောင်းပြီ၊ ငါ အရှင်သခင် ဖြစ်တဲ့ အခါကျတော့ ငါ့ကို သတိပေးကြစမ်း ဟော့။ ကိုင်း ရိုလင် မဒမ်ဘိုနပတ်ကို ဝင်ပြီး နှုတ်ဆက်ပါဦးကွယ့်၊ ဘိုရိယန်လည်း လိုက်ခဲ့၊ ညစာ၌မှာ စားကြတာပေါ့။ သို့သော် မိုရူး တစ်ယောက် လာလိမ့်မယ်နော်၊ စကားပြောရလျှင် သတိထား ပြောကြ၊ ဒီဓားမြှောင်တော့ ငါ သိမ်းထားမယ်ဟော့'

## အခန်း ၁၈

ဂျိုးဇက်ဖိုင်း ခေါ် မဒမ်ဘိုနပတ်မှာ အသက် ၃၄ နှစ် ရှိပြီ ဖြစ်၍ နုပျိုခြင်းမှ ရင့်ရော်ခြင်းသို့ ကူးပြောင်းစ အရွယ် ဖြစ်သော်လည်း၊ အလွန် ချောမောလှပသော ရုပ်အဆင်းတွင် ကျက်သရေ ဖြည့်စွက်လျက် ရှိ၏။

ဂျိုးဇက်ဖိုင်းသည် ရိုလင်ကို မြင်သောအခါ မိမိ၏ လင်ယောက်ျားအတွက် အသက်ကို ဆယ်ပြန် စွန့်ဖို့ အသင့်ရှိသော ရိုလင်၏ သူရသတ္တိကို သိပြီးဖြစ်၍၊ ဝမ်းမြောက်ဝမ်းသာ လက်ကို လှမ်းပေးလိုက်ရာ ရိုလင်လည်း





က်ကို ကိုင်၍ နှုတ်ခမ်းနှင့် ထိလေ၏။ ၎င်းနောက် ဂျိုးဇက်ဖိုင်းသည် သင်၏ မိခင် မဒမ်မွန်ထရီဘဲလ်နှင့် ရောက်ကတည်းက သိကျွမ်းခဲ့သည့် တိုင်း မိခင်နှင့် နှမကလေး၊ ညီကလေးတို့ အကြောင်းကို မေးမြန်း၍ င်က ကျန်းမာစွာ ရှိကြကြောင်း ပြန်ပြောရာတွင်၊ ဂျိုးဇက်ဖိုင်းက အခြား ည့်သည်များကိုလည်း ဧည့်ခံရန် ဝတ္တရား ရှိသေးကြောင်း ပြောပြီးလျှင် ပတ် အကြောင်းနှင့် ပတ်သက်၍ မေးမြန်းစရာ များစွာ ရှိသောကြောင့် ဖြန့်တွင် တစ်ယောက်တည်း တွေ့လိုကြောင်း ပြော၏။ ထို့နောက်–

'ဘယ်လို ကိစ္စ ကြုံရသည် ဖြစ်စေ၊ ဘိုနပတ်နဲ့ မခွဲပါဘူးလို့ ကတိ စမ်းပါ ရိုလင်'

'ဘာကြောင့်လဲ ခင်ဗျာ'

'ဘာကြောင့်လဲဆိုတော့ ဘိုနပတ်နဲ့ ၁၀ မိနစ် စကားပြောကြည့်လျှင် လိမ့်မယ်။ သို့သော် ဒီအတောအတွင်းမှာ သူ့ကို စောင့်ကြည့်ပြီး ဘာမှ ပြာနဲ့နော်'

ရိုလင်သည် ဦးညွှတ်၍ ခိုင်းသည့်အတိုင်း လုပ်ပါမည်ဟု ကတိထား ၏။

ထိုအခိုက်၌ အခန်းထဲတွင် လူသုံးစု ကွဲလျက် စကားပြောနေကြ၏။ လူစုမှာ ဂျိုးဇက်ဖိုင်းထံသို့ ဝင်ချည် ထွက်ချည်ပြု၍ စကားပြော ဆက်ကြခြင်း ဖြစ်သောကြောင့် လူများချည် တစ်ခါ၊ နည်းချည်တစ်လှည့် လေ၏။ ဒုတိယ လူအုပ်မှာ အရာရှိပိုင်းမှ ပုဂ္ဂိုလ်ကြီး လေးငါးဦးတို့က လ်များကို ခြံရံကာ စကားပြောနေကြခြင်း ဖြစ်၏။ တတိယ လူအုပ်တွင် နိုင်ငံရေးသမား လေးငါးယောက်နှင့် ကြည်းတပ် စစ်ဗိုလ်ချုပ်၊ ပ် စစ်ဗိုလ်ချုပ် လေးငါးယောက်တို့သည် ဂျင်နရယ် ဘိုနပတ်ကို ကာ စကားပြောလျက် ရှိကြ၏။

ပထမ လူအုပ်သည် နောက်ဆုံးပေါ် အဝတ်အစား ဖက်ရှင် ကြောင်း၊ ဂီတအကြောင်း၊ ဇာတ်ပွဲအကြောင်းများကို ဝေဖန် ပြောဆိုလျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိ၏။ ဒုတိယ လူအုပ်ကမူ စာပေလောကနှင့် လောကဓာတ်ပညာဆိုင်ရာ
ကို ဆွေးနွေးလျက် ရှိကြ၏။ တတိယ လူအုပ်ကမူကား မိမိတို့ စိတ်ထဲ
အရေးအကြီးဆုံး ထားသော အကြောင်းအရာကို ချန်လှပ်၍ တွေ့ကရ
ရှစ်သောင်း စကားများကို ပြောဆိုလျက် ရှိ၏။

ဂျင်နရယ် ဘိုနပတ်သည် ထိုသူတို့ ပြောသော စကားများ၌ စိတ်
စားခြင်း မရှိသည် ဖြစ်၍၊ သာသနာပိုင်းမှ ဘစ်ရှော့လူထွက် တေလီရင်
ဆိုသူ၏ လက်မောင်းကို ကိုင်လျက် ပြတင်းပေါက်တစ်ခု အနီးသို့ ခေါ်သွ
လေ၏။

ဘိုနပတ်နှင့် တေလီရင်းတို့သည် ပြင်သစ်ပြည်ကြီးကို ဘိုနပ
လက်အောက်သို့ ရောက်အောင် လုပ်ကြံရာတွင် တစ်ကိုတ်တည်း တစ်ဉာ
တည်း ဖြစ်ကြသည့်အတိုင်း ရေကြောင်း စစ်ဗိုလ်ချုပ်၊ ကြည်းတပ် စစ်ဗိုလ်ချ
စသည်တို့ကို မိမိတို့ဘက်သို့ ပါအောင် ဆွဲဆောင်ဖို့ အကြံအစည်များ
ပတ်သက်၍ တိုင်ပင် ဆွေးနွေးကြ၏။ နပိုလီယန်ဘိုနပတ်မှာ ထိုစဉ်အခါ
သာမန် လက်ဖတင်နင် စစ်ဗိုလ်ကလေးတစ်ယောက် အဖြစ်မှ အီဂျစ်ပြ
သို့ စေလွှတ်သည့် ပြင်သစ်စစ်တပ်တွင် စစ်ဗိုလ်ချုပ်ကြီး ရာထူးသို့ တိုး
ခန့်ထားခြင်း ခံခဲ့ရပြီးနောက် အီဂျစ်ပြည်၌ စစ်အောင်မြင်ခဲ့ရာမှ ပြန်ရော
လာစ ဖြစ်လေသည်။

ထိုနေ့၌ ဘိုနပတ်သည် နိုင်ငံရေးသမားများနှင့် စစ်ဗိုလ်ချုပ်
ကို တစ်ယောက် တစ်လှည့်စီ မိမိ အနီးသို့ ခေါ်၍ တီးခေါက် စုံစမ်းသ
ဖြစ်စေ၊ မက်မောလောက်အောင် စကားလက်ဆောင် ထိုးသည် ဖြစ်
အနည်းနည်း ဖန်တီးကာ ဖြားယောင်း သွေးဆောင်လျက် ရှိ၏။ တစ်ချိ
ဘိုနပတ် အနီးတွင် စစ်ဗိုလ်ချုပ်များ စုရုံးလျက် ရှိစဉ် မကြာမီက အီတ
ပြည်မှ စစ်ရှုံး၍ ပြန်လာသည့် ဂျင်နရယ် မိုရူး ဆိုသူက အီဂျစ်ပြ
ဘိုနပတ် အောင်မြင်ခဲ့ခြင်းကို ချီးကျူးလျက် မိမိမှာ အီတလီ၌ စစ်ရှုံးခဲ့ရ
အကြောင်းကို ညည်းတွား ပြောဆိုရာတွင် ဘိုနပတ်က–





'ဒါတော့ မပြောနဲ့ ဂျင်နရယ်၊ ရန်သူဘက်က လူဦးရေ များလွန်း
တော့ ဘယ်သူဖြစ်ဖြစ် ရှုံးရပေမှာပဲ ခင်ဗျာ'

'နို့ ခင်ဗျား ဂျင်နရယ် ဘိုနပတ်ကတော့ လူနည်းနည်းကလေးနဲ့
ရာမ စစ်တပ်ကြီးတွေကို အကြိမ်ကြိမ် နိုင်ခဲ့ဖူးတယ်ဆို မဟုတ်လား'

'ဘာပြောပြော လူများစုက လူနည်းစုကို နိုင်ရမှာပဲ ခင်ဗျ'

'ရှင်းစမ်းပါဦး ဂျင်နရယ်၊ ခင်ဗျား ကိုယ်တိုင် နိုင်ခဲ့ဖူးလှပြီ မဟုတ်
သား၊ လူနည်းနည်းကလေးနဲ့ နိုင်အောင် တိုက်နိုင်ပေတယ်ဆိုပြီး ခင်ဗျား
ာမည်ကြီးခဲ့တယ် မဟုတ်ဘူးလား'

'ကျွန်တော် နိုင်ခဲ့ပေမဲ့ ကျွန်တော့် စကားတော့ မပျက်ဘူး ဂျင်နရယ်၊
ျွန်တော် နိုင်ပုံက ဒီလို ခင်ဗျ။ ဥပမာ ကျွန်တော်က လူ ၅၀၀၀ တပ်ကလေး
နဲ့ ရန်သူ ၂၀၀၀၀ တပ်ကြီးကို သွားတိုက်တယ် ဆိုပါတော့၊ ဘယ်လို
တိုက်သလဲ ဆိုရင် ရန်သူ စစ်တပ်ကို တစ်ဖက်ဘက်က ရှေးဦးစွာ စဖြိုရ
တယ်။ ဥပမာ လက်ယာဘက် တပ်စွန်းကို စ တိုက်လိုက်၊ ရန်သူ ဖရိုဖရဲ
ဖြစ်သွားလိုက်။ နောက်ပြီး တစ်ခါ ကိုယ့်တပ်ကလေးကို အလျင်အမြန်
ပြီး လက်ဝဲဘက်ကို ပြေး တိုက်လိုက်၊ ရန်သူ ဖရိုဖရဲ ဖြစ်လိုက်။ ကျွန်တော်
တိုက်တိုင်း တိုက်တိုင်း တိုက်တဲ့ နေရာမှာ ကျွန်တော့်လူက များပြီး ရန်သူက
နည်းတာချည်းပဲ ဂျင်နရယ်။ ဒါကြောင့်မို့လို့ လူများစုက အောင်မြင်ရမယ်၊
လူနည်းစုက ရှုံးရမယ်လို့ ကျွန်တော် ပြောတယ် မဟုတ်ဘူးလား'

ဘိုနပတ် စကားအဆုံးတွင် အစေခံတစ်ယောက် ဝင်လာ၍ ညစာ
ပြင်ပြီးကြောင်း ပြောရာတွင် ဧည့်သည်များသည် ဧည့်ခန်းမှ စားပွဲခန်းသို့
ဝင်ကြလေ၏။ ဥရောပတိုက်သားများ၏ ထုံးစံတစ်ခုမှာ ဤကဲ့သို့ စားပွဲခန်း
သို့ ဝင်ရသော အခါတွင် ယောကျ်ားတစ်ယောက်သည် မိန်းမတစ်ယောက်
ကို တွဲ၍ ခေါ်ရလေရာ၊ အိမ်ရှင်၏ ဇနီးနှင့် တွဲရသော ဧည့်သည်မှာ ထိုနေ့အဖို့
ဂုဏ် အကြီးဆုံး ဖြစ်ရ၏။ ဘိုနပတ်သည် မိမိ၏ဇနီး ဂျိုးဇက်ဖိုင်းကို
ဂျင်နရယ် မိုရူးနှင့် တွဲစေခြင်းအားဖြင့် မိုရူးကို ချီးမြှောက်လိုက်၏။

www.burmeseclassic.com



ညစာ စားပြီးကြသောအခါ ဘိုနပတ်သည် အရေးကြီးသော ကိစ္စ တစ်ခု ရှိသည် ဆို၍ ဂျင်နရယ် မိုရူးကို စာကြည့်ခန်းသို့ ခေါ်သွားပြီးလျှင် အီဂျစ်ပြည်မှ ဆောင်ယူခဲ့သည့် ကျောက်စီဓားလွယ် တစ်စင်းကို လက် ဆောင် ပေးပြန်လေရကား၊ နိုင်ငံရေးဘက်၌ ကြီးပွားဖို့ ရည်ရွယ်ချက် မရှိဘဲ စစ်ဖက်၌ ပထမတန်း ဗိုလ်ချုပ် ဖြစ်ဖို့လောက်ကိုသာ ရည်မှန်းခဲ့သော မိုရူး မှာ စစ်ဗိုလ်ချုပ်ရာထူး ရမည်ဟု ကတိပေးခြင်းအားဖြင့် ဘိုနပတ်၏ နိုင်ငံရေး အကြံအစည်များတွင် လူယုံတော်တစ်ယောက် ဖြစ်သွားလေတော့ သတည်း။

## အခန်း ၁၉

နောက်တစ်နေ့၌ ဘိုနပတ်သည် ရိုလင်နှင့်အတူ မြင်းတစ်စီးစီနှင့် နန်းတော် သို့ သွားရာ ဝင်းကြီးထဲ၌ စီတန်းလျက် ရှိသော စစ်သားများသည် ဘိုနပတ်ကို မြင်သောအခါ၌ 'ဘိုနပတ် သက်တော်ရှည်ပါစေ' ဟူ၍ ကြွေးကြော်ကြ၏။ အဘယ်ကြောင့်ဆိုသော် ၎င်းစစ်တပ်ကို ဦးစီး အုပ်ချုပ်သော စစ်ဗိုလ်ကြီးအား ဘိုနပတ်သည် မိမိ၏ အကြံအစည်အတိုင်း လိုက်နာအောင် သွေးဆောင်ပြီး ဖြစ်သောကြောင့်ပေတည်း။ ဘိုနပတ်၏ အကြံအစည်ကား အခြား မဟုတ်၊ ပြင်သစ်ပြည်ကို အုပ်ချုပ်လျက် ရှိသော ဒါရိုက်တာ အဖွဲ့ကို ဖြုတ်ချ၍ မိမိကိုယ်တိုင် နိုင်ငံရေးကို ဇက်ကိုင်ရန် ဖြစ်လေသည်။

ဘိုနပတ်သည် စစ် အစီအစဉ်ဖြင့် ရပ်လျက် ရှိသော စစ်သားများ ဘက်သို့ လှည့်လျက် 'စစ်သည်တော် အပေါင်းတို့၊ အမတ် ၅၀၀ ပါဝင် သော ပြင်သစ်ပြည် ပါလီမန်ကြီးက ဥပဒေပြုအဖွဲ့ ကိစ္စကို စိန်ကလောက် သို့ လွှဲအပ်၍ ပါရစ် မြို့တော်ကြီးနှင့် စစ်တပ်ကို ကျွန်ုပ်၏ လက်သို့ လွှဲအပ် လိုက်သည်။ တိုင်းသူပြည်သား အပေါင်းတို့ ကောင်းကျိုးကို ဆောင်ရွက်ရန် အတွက် ကျွန်ုပ် လက်ခံလိုက်သည်။ သမ္မတ နိုင်ငံတော်ကြီးကို လူ မသမာ တို့က နှစ်နှစ်တိုင်တိုင် ညံ့ဖျင်းစွာ အုပ်ချုပ်ခဲ့ကြသည်။ ၎င်းတို့ လက်မှ





အာဏာကို လုယူ၍ ကောင်းမွန်စွာ အုပ်ချုပ်ရန်အတွက် ကျွန်ုပ်ကို သင်တို့ စောင့်မျှော်နေကြသည် မဟုတ်လော။ အုပ်ချုပ်ရေး ညံ့ဖျင်းခြင်းအတွက် ဥရောပတိုက်တွင် နာမည်ပျက်လျက် ရှိသော ပြင်သစ် သမ္မတနိုင်ငံတော်ကြီး ကို လွတ်လပ်ခြင်း၊ အောင်မြင်ခြင်း၊ ငြိမ်းချမ်းသာယာခြင်း တည်းဟူသော အကြောင်း သုံးချက်ဖြင့် ပြင်သစ်ပြည်ကြီး၏ အသရေကို ကျွန်ုပ် ဆောင်တော့ မည်' ဟု ပြောလိုက်ရာတွင် စစ်သားများသည် ဒါရိုက်တာ အဖွဲ့ကို တော်လှန် သော စကား ဖြစ်သည့်အလျောက် ဩဘာပေးကြ၏။

၎င်းနောက် ဂျင်နရယ် ဘိုနပတ်သည် ပြင်သစ်ဘုရင် အဆက်ဆက် စံနန်းထိုင်လာခဲ့သော နန်းတော်ကြီး အတွင်းသို့ ဝင်သွား၍ ၎င်းအား စောင့်မျှော် လျက်ရှိသော လူကြီးများ ရှေ့သို့ ရောက်သောအခါ ဥက္ကဋ္ဌသည် ဘိုနပတ် အား စစ်တပ်ကြီး တစ်ခုလုံးကို လွှဲအပ်သည့် ဒီကရီ အမိန့်ကို ဖတ်ပြ၍ ဘိုနပတ်က ကျမ်းသစ္စာ ကျိန်ဆိုလေ၏။ ဥက္ကဋ္ဌက 'စစ်ပွဲတိုင်း နိုင်အောင် တိုက်ပါမည်ဟု ကတိထား၍ ကတိအတိုင်း နိုင်အောင် တိုက်ခဲ့သော ဘိုနပတ် သည် တိုင်းပြည်ကို သစ္စာရှိစွာနှင့် အမှုထမ်းပါမည် ဟူ၍ ယခု ထားသော ကတိတွင်လည်း ကတိအတိုင်း တည်လိမ့်မည်ဟု ယုံကြည် စိတ်ချကြောင်း' ပြော၏။ ဘိုနပတ် သစ္စာ ပြုပြီးသည့်နောက် အခြားသော စစ်ဗိုလ်များသည် လည်း ထိုနည်းအတူ သစ္စာပြုကြ၏။

ထိုခဏ၌ ဒါရိုက်တာ အဖွဲ့ဝင် နှစ်ယောက်တို့ ဝင်လာကြလေရာ ၎င်းသူတို့သည် ဘိုနပတ်နှင့် လူကြီးများ၏ အပြုအမူကို မြင်၍ အံ့အားသင့် လျက် ရှိ၏။ ဘိုနပတ်က ၎င်းတို့အား ဒါရိုက်တာ ရာထူးမှ နုတ်ထွက်စာ တင်သွင်းရန် လာရောက်ခြင်း ဖြစ်သလောဟု မေးရာ၊ လူကြီး နှစ်ယောက် က ဆိုသို့ကား မဟုတ်၊ အလုပ်ဝတ္တရား ဆောင်ရွက်ရန် လာရောက်ခြင်း ဖြစ်သည်ဟု ပြော၏။ ဘိုနပတ်က–

'ခင်ဗျားတို့ ဆောင်ရွက်ချင်ပေမဲ့ ဒါရိုက်တာ အဖွဲ့ မရှိတော့ဘူး ဗျ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာကြောင့် မရှိရမှာလဲ၊ ကျွန်ုပ်တို့ ဒါရိုက်တာပဲ'

'ခင်ဗျားတို့ နှစ်ယောက်တည်းနဲ့ အလုပ် လုပ်လို့ ဖြစ်သလား'

'ဥပဒေအရ ဒါရိုက်တာ သုံးယောက်စေ့လျှင် ကိုယ်စုံပြည့်လို့ အလုပ် လုပ်နိုင်တယ် ဆိုတာပဲ'

'ဘယ်မှာလဲ ခင်ဗျားတို့ သုံးယောက်'

'ဘာရတ်စ် လာလိမ့်မယ်'

ထိုခဏ၌ အနီးရှိ လူတစ်ယောက်သည် ဘိုနပတ်၏ လက်ထဲသို့ စာတစ်ရွက်ကို ထည့်ပေးလိုက်ရာ၊ ဘိုနပတ်သည် စာရွက်ကို ဖြေကြည့်ပြီး နောက်–

'ခင်ဗျားတို့က ဘာရတ်စ် လာလိမ့်မယ် ထင်နေကြတယ်။ ဟောဒီမှာ ဘာရတ်စ် နုတ်ထွက်တဲ့စာ ခင်ဗျ၊ ခင်ဗျားတို့ နှစ်ယောက်တည်းနဲ့ အလုပ် မလုပ်နိုင်တော့ဘူး၊ ဒါရိုက်တာအဖွဲ့ ပြုတ်ပြီ'

ထိုအခါ လူကြီးနှစ်ယောက်တို့မှာ မည်သို့မျှ မတတ်နိုင်သဖြင့် တစ်ယောက်၏ မျက်နှာကို တစ်ယောက် ကြည့်နေကြလေ၏။

ငင်းနေ့ ညနေ ၅ နာရီ အချိန်၌ အစည်းအဝေးကြီး ကျင်းပရာတွင် ရေတပ်၊ ကြည်းတပ် စစ်ဗိုလ်များနှင့် အထက်တန်း အရာရှိများသည် ဘိုနပတ်၏ ဘုန်းရိပ်ကို ခိုလှုံရန် လာရောက်ကြလေရာ၊ စစ်သားများက လည်း အခေါက်အုံ့ အပြင်ဘက်မှ 'ဘိုနပတ် သက်တော်ရှည်ပါစေ' ဟူ၍ ဟစ်အော် ကြွေးကြော်ကြ၏။

ဘိုနပတ်သည် ကင်ဘေစီယာနှင့် လီဘရန်တို့ကို မိမိ၏ လက် ထောက် အဖြစ်နှင့် ခန့်ထား၍ မိမိ ဩဇာကို နာခံမည် မထင်သော ပုဂ္ဂိုလ် များအားလည်း ရှင်းလင်း သုတ်သင်လိုက်ရာ၊ ထိုအကြောင်းအရာများမှာ ရာဇဝင်၌ စုံလင်စွာ ဖော်ပြပါရှိသည် ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ဖြတ်ထားခဲ့သော စာတ်လမ်းကို တစ်ဖန် ပြန်၍ ဆက်ကြပေအံ့။ ထိုည၌





ပတ်သည် လူဇင်ဘတ် နန်းတော်ကြီးတွင် အိပ်စက်၍ ရိုလင်အားလည်း ဘော် အခေါက်အအုံတွင် ဂါဝါနာ (အုပ်ချုပ်သူ) အဖြစ်နှင့် ခန့်ထား ဘော်၏။

## အခန်း ၂၀

ဘသ တစ်တိုက်လုံး လှုပ်လှုပ်ရှားရှား ဖြစ်စေသည့် အထက်ပါ အဖြစ် ကြီး ပြီးသည့်နောက် အချိန်အနည်းငယ် ကြာလတ်သော် ၁၈၀၀ နှစ် ဇန်နဝါရီလ ၂၀ ရက်နေ့၌ လူဇင်ဘတ် ဂါဝါနာ ရိုလင်သည် ကိမှ ရောက်လာသော စာများအနက်တွင် အောက်ပါ စာတစ်စောင် တွေ့ရလေ၏။

သင်သည် စကားတည်သော ပုဂ္ဂိုလ် တစ်ဦးဖြစ်၍ သင်၏ စကားကို ကျွန်ုပ် ယုံကြည်ပါသည်။ သင့်ကို ကျွန်ုပ် ၅ မိနစ်ခန့် စကားပြောလို၍ ထိုချိန်အတွင်း ကျွန်ုပ်အား မျက်နှာဖုံး စွပ်ထားခွင့် ပြုစေလိုပါသည်။

သင့်ထံမှ ကျွန်ုပ် တောင်းခံလိုသော အချက်တစ်ခု ရှိ၍ သင်က ခွင့်ပြုလျှင်လည်း ပြု၊ ငြင်းလိုလျှင်လည်း ငြင်းပယ်နိုင်ပါ သည်။ ကျွန်ုပ်သည် ဘုရင်ဂိုဏ်းဝင် ပုဂ္ဂိုလ်တစ်ဦး ဖြစ်၍ ၎င်း ဂိုဏ်းကြီး၏ ကိုယ်စားလှယ် အဖြစ်နှင့် လူဇင်ဘတ် နန်းတော်ကြီး သို့ ဝင်လာခဲ့လျှင် ကျွန်ုပ်အား ကောင်းမွန် ထွက်သွားခွင့် ပြုပါမည် ဟူ၍ သင် ကတိထားစေလိုပါသည်။ နက်ဖြန်ညနေ ၇ နာရီ အချိန် တွင် နာရီကြီး အထက်၌ ရှိသော ပြတင်းပေါက်၌ မီးတစ်ခွက် ထွန်းညှိထားပါလျှင် ကျွန်ုပ် တောင်းသည့်အတိုင်း ကတိ ထားသည် ဟု ကျွန်ုပ် ယူဆ၍ နန်းတော် အနောက်ဘက်ရှိ ဥယျာဉ်ဘက်သို့ ထွက်သွားသော တံခါးဝမှ ကျွန်ုပ် စောင့်နေပါမည်။ ရောက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ ဖရီမေဆင် ဂိုဏ်းသားများ ထုံးစံအတိုင်း တံခါးကို သုံးချက် ခေါက်၍ အချက်ပေးလိုက်ပါမည်။

ကျွန်ုပ် မည်သူမည်ဝါ ဖြစ်သည်ကို သင် သိနိုင်စေရန် အောက်၌ လက်မှတ် ရေးထိုးလိုက်ပါသည်။

မော်ဂ

ဂျေဟားရဲဘော်အဖွဲ့ ဥက္က

ရီလင်သည် အထက်ပါ စာကို နှစ်ကြိမ်တိုင် ဖတ်ပြီးနောက် ဘိုနပ အခန်းသို့ ဝင်၍ စာကို ပြလေရာ၊ ဘိုနပတ်သည် အံ့ဩသော အမူအ မပြဘဲ စာကို ဖတ်ပြီးနောက် 'မီးထွန်းထားလိုက်' ဟု အမိန့်ပေးလိုက်လေ

နောက်တစ်နေ့ ည ၇ နာရီ အချိန်၌ နာရီကြီး အထက်တွင် ရှိသော ပြတင်းပေါက်မှ မီးရောက်ကလေး ပြူထွက်လျက် ရှိရာ၊ ရီလင်ကိုယ်တို ဥယျာဉ်သို့ ထွက်သော တံခါးကလေးမှ စောင့်နေလေ၏။ ၅ မိနစ်ခ ကြာလတ်သော် တံခါးကို နှစ်ချက်ဆင့် တစ်ကြိမ် ခေါက်၍၊ တတိ အချက်ကို တသီးတခြား ခေါက်သံ ကြားရသည်တွင် ရီလင်သည် တံခါး ဖွင့်ပေးလိုက်သဖြင့် အင်္ကျီရှည်ကြီး ဝတ်ထားသော လူတစ်ယောက် ဝင် လေ၏။

ထိုအခိုက်၌ ရီလင်သည် မော်ဂင်၏ ဆန္ဒကို ရိပ်မိသည်နှင့် အခ ကို မှောင်ချထားလေရာ၊ မိမိ၏ အခန်းသို့ ရောက်နိုင်စေရန် မိမိ၏ အင်္ကျီ ကို မော်ဂင် ကိုင်၍ လိုက်စေ၏။ ရီလင်၏ အခန်း၌ကား ပျားဖယောင်းတို နှစ်တိုင် ထွန်းညှိလျက်ရှိရာ မော်ဂင်သည် အင်္ကျီကြီးကို ချွတ်၍ ခါး၌ပါလာ သေနတ်များကို စားပွဲပေါ်တွင် တင်ထားလိုက်ပြီးနောက်–

'ကျွန်ုပ် လာခြင်းဟာ ဘိုနပတ်ကို တွေ့လို၍ လာခြင်း ဖြစ်ပါတ

'အလို ဘယ့်နှယ်ဟာလဲ'

'ကျွန်ုပ် စာကို ဖတ်ကြည့်ပါဦး၊ တောင်းခံစရာ တစ်ခု ရှိတယ် ဆိုထားတယ် မဟုတ်လား'





'ဟုတ်ကဲ့'

'တောင်းခံစရာဆိုတာ တခြား မဟုတ်၊ ဘိုနပတ်နဲ့ တွေ့လိုတာပါပဲ'

'ခင်ဗျား ဒီလို တွေ့ချင်လိမ့်မယ်လို့ ကျွန်ုပ် မထင်မိဘူး'

'စိတ်ချပါ ကာနယ်၊ ကျွန်တော့်ကို မယုံကြည်လျှင် တစ်ကိုယ်လုံး ရှာကြည့်ပါ။ ဒီသေနတ် နှစ်လက်က လွဲလို့ ဘာလက်နက်မှ မပါပါဘူး၊ ဘိုနပတ်နဲ့ စကားပြောတဲ့ အခါမှာလည်း ခင်ဗျားက အနားက စောင့်ကြည့် နေပြီး ကျွန်တော် ယီးတီးယားတား လုပ်တာ တွေ့ရလျှင် ကျွန်ုပ် ခေါင်းကို ခေါ်ခွဲလိုက်တာပေါ့'

'ခင်ဗျား ကိစ္စက တကယ် အရေးကြီးတဲ့ကိစ္စ မှန်ရဲ့လား'

'မှန်ပါတယ် ကာနယ်၊ ကျွန်တော် လာရခြင်းဟာ သရဖူဆောင်း င်းယောင်းတစ်ပါး၏ သံတမန်အဖြစ်နဲ့ လာရခြင်း ဖြစ်ပါတယ်။ ဘိုနပတ် နဲ့ ကြာကြာကြီး စကားပြောဖို့လည်း မလိုပါဘူး။ သူက ထွက်သွား ဆိုတဲ့ အချိန်မှာ ကျွန်တော် ထွက်သွားပါ့မယ်'

'သူနဲ့ ကိုယ်တိုင် တွေ့မှ ပြောလို့ ဖြစ်မည့် စကားမို့လား'

'မှန်ပါတယ်၊ သူကမှ အဖြေ ပေးနိုင်ပါလိမ့်မယ်'

'ကိုင်း ဒါဖြင့် လာ လိုက်ခဲ့'

မော်ဂင်သည် ရီလင် နောက်မှ လိုက်လာ၍ အခန်းတွင်းသို့ ရောက် ရှိသောအခါ ဘိုနပတ် တစ်ယောက်တည်း ရှိနေလေ၏။ ဘိုနပတ်သည် မော်ဂင်ကို လှမ်းကြည့်လိုက်သောအခါ အဇီနံ ဟိုတယ်၌ အရက်ကုန်သည်၏ ငွေနှစ်ထောင်ကို ပြန်ပို့ရန် လာသောလူ ဖြစ်နေ၍ ကျေနပ်နေ၏။ မော်ဂင် သည်း ခပ်လှမ်းလှမ်းမှ ရပ်လျက်ရှိရာ ဘိုနပတ်က–

'ရှေ့တိုးပါဦး' ဟု ပြောလိုက်သော အခါမှ အနီးသို့ ချဉ်းကပ်လေ ၏။

'ကျွန်ုပ်ကို ပြောစရာစကား ရှိတယ် ဆို'

'မှန်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'တစ်ယောက်ချင်း ပြောမှ ဖြစ်မည့် စကားလား'

'တတ်နိုင်လျှင် လူ အနည်းဆုံး'

'ကိုင်း ရိုလင်၊ အပြင် ခဏလောက် ထွက်နေလိုက်စမ်း'

ရိုလင်လည်း ကန့်ကွက်ဦးမည် ပြုပြီးမှ ဘိုနပတ်၏ မျက်နှာကို ကြည့်၍ ထွက်သွားလေ၏။

'ကိုင်း ပြောစရာ ရှိတာ ပြောနိုင်ပြီ'

မော်ဂင်သည် စာတစ်စောင်ကို ထုတ်၍ ဘိုနပတ်အား ပေးလေရာ စာတွင် ချိပ်တံဆိပ် ပိတ်ထား၍ ဘိုနပတ်၏ အမည်ဖြင့် လိပ်တပ်ထားလေ၏။ ဘိုနပတ်သည် စာကို ဖွင့်၍ လက်မှတ်ကို လှမ်းကြည့်လိုက်ရာ လှို ဟူသော အမည်ကို မြင်သည်နှင့်–

'ဘယ် လှိုလဲ'

'(၁၆) မြောက် လှိုဘုရင်ရဲ့ ညီတော် ကွန်မတီဒီပရောဖင့်ပါ ခင်ဗျာ။ (၁၇) မြောက် လှိုဟာ နတ်ရွာစံပြီမို့ (၁၈) မြောက် လှို ဖြစ်သင့်ပါတယ် ခင်ဗျာ'

ဘိုနပတ်သည် နာမည်ရင်း ဟုတ်သည့် လက္ခဏာ မရှိသော မော်ဂင် အား မော့ကြည့်ပြီးနောက် စာဖတ်ရှုရာ အောက်ပါအတိုင်း တွေ့ရှိရလေ၏။

၁၈၀၀ ပြည့်နှစ် ဇန်နဝါရီလ ၃ ရက်နေ့

သင်ကဲ့သို့သော ပုဂ္ဂိုလ်သည် မည်သည့် အလုပ်ကို လုပ် သည် ဖြစ်စေ၊ စိတ်မချဖွယ်ရာ အကြောင်း မရှိပါ။ ကြီးမြင့်သော ရာထူးကို သင် လက်ခံပြီး ဖြစ်သည့်အတွက် ကျွန်ုပ် ကျေးဇူး ဥပကာယ တင်ရှိပါသည်။ လူမျိုးကြီးတစ်မျိုး ဖြစ်နိုင်ရန်အတွက် ခွန်အားနှင့်တန်ခိုး လိုအပ်သည့် အဖြစ်ကို သူတစ်ပါးတို့ထက် သင် သာ၍ သိပါသည်။ ပြင်သစ်ပြည်ကြီးကို ရှုးသွပ်သော ရောဂါ ပျော် အောင် ကုပေးပါက ကျွန်ုပ် ကျေးဇူးတင်ပါမည်။ ဖြစ်ထိုက်သော





ဘုရင် အဆက်အနွယ်ကို နန်းတင်ပေးပါက နောင်လာနောက်သား အပေါင်းတို့၏ ကျေးဇူးတင်ခြင်း ခံရပါလိမ့်မည်။ သင်နှင့် ကျွန်ုပ် သည် ပြင်သစ်ပြည်ကြီး၏ ကျက်သရေကို ဆောင်ကြရပါလိမ့်မည်။ ကျွန်ုပ် မပါဘဲ သင် တစ်ကိုယ်တည်း ကိစ္စ မပြီးနိုင်ပါ။ ဥရောပ တစ်တိုက်လုံးသည် သင့်ကို စောင့်ကြည့်လျက် ရှိကြ၍ သင့်ဖို့ ဘုန်း ကျက်သရေ တိုးပါလိမ့်မည်။ ကျွန်ုပ်ကလည်း တိုင်းသူပြည်သား များကို စိတ်ချမ်းသာအောင် ပြုလုပ်ပေးဖို့ အသင့် စောင့်လျက် ရှိပါသည်။

လှို

'ဒီစာထဲမှာ ဘာရေးထားတယ်ဆိုတာ မောင်မင်း သိသလား'

'သိပါသည်'

'ချိပ်ပိတ်ထားလျက်နဲ့ သိသလား'

'ဒီစာကို ကျွန်တော့်ထံ လာပေးစဉ်က ဖွင့်လျက် ပို့လိုက်ပါတယ်။ စာပို့သူက ကျွန်တော် ဖတ်စေပြီးမှ ချိပ်ပိတ်လိုက်ပါသည်'

'စာပို့လာတဲ့ သူက ဘယ်သူလဲ'

'ကျွန်တော့် မိတ်ဆွေပါ'

'နာမည်ကော'

'ကဒေါက်ဒဲလ်ပါတဲ့'

'ကိုင်း ဒါဖြင့် ပို့ပြီးရင် ကိစ္စ ပြီးပြီပေါ့'

'မပြီးသေးပါ၊ ပြန်စာ လိုပါသေးသည်'

'ပြန်စာ မပေးဘူး ဆိုလျှင်ကော'

'မပေးရင် မပေးဘူးလို့ ပြန်ပြောလိုက်ရုံ ရှိပါသည်'

ဘိုနပတ်သည် အတန်ကြာ စဉ်းစား စိတ်ကူးနေပြီးနောက်–

'လူရိုးတွေပဲကိုး'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူလဲ ခင်ဗျာ'

'ဒီစာမျိုး ရေးတဲ့ လူတွေပေါ့၊ စစ်ပွဲတွေ တစ်နိုင်တည်း နိုင်ခဲ့လို အီတလီပြည် ဖောက်ထွက်ပြီး အီဂျစ်ကို ရောက်လာခဲ့တဲ့ လူတစ်ယောက် ဟာ (၁၈) မြောက် လှိုင်ဘုရင် လက်အောက်မှာ ကြည်းတပ် ရေတပ် ဗိုလ်ချုပ် လောက်နဲ့ ကျေနပ်ပါ့မလား'

'ဒါဖြင့် ဘယ်လို အရာကို အလိုရှိတယ် ဆိုတဲ့အကြောင်း စကားပြ လိုက်ဖို့ ကောင်းပါသည်'

ဘိုနပတ်သည် မော်ဂင်အား အဖြေ မပေးဘဲ တစ်ကိုယ်တည်း အသ ထုတ်၍ တွေးတော စိတ်ကူးသော အနေဖြင့် 'လူဖျင်းတွေ နန်းပေါ် တ လို့ ဘာအကျိုး ရှိမှာလဲ၊ ဆွေတော်မျိုးတော် အချင်းချင်း သွေးချင်းသားချ လက်ထပ်ခဲ့ကြလို့မို့ တစ်ဆက်ထက် တစ်ဆက် လူညံ့တွေ ပေါက်ဖွားပြ အသုံးမကျတဲ့ ဒီအဆက်အနွယ် ဘာလုပ်ဖို့လဲ' ဟု ပြောပြီးလျှင် မော်ဂ ၏ မျက်နှာကို မြင်လိုက်ရသည်နှင့် ရပ်တန့်လိုက်၏။

'အဖြေ တစ်ခွန်းတည်း လိုချင်ပါသည်။ ကောင်းပြီ၊ မကောင်းဘ တစ်ခွန်းတည်း အဖြေ ပေးနိုင်ပါသည်'

'ဘာကြောင့် ဒီအဖြေကို လိုချင်သလဲ'

'ခင်ဗျားကို ရန်သူအဖြစ်နဲ့ ဆက်တိုက်ရမလား၊ ကျေးဇူးရှင် အဖြ နဲ့ ဒူးထောက်ရမလား သိလိုသောကြောင့် ဖြစ်ပါသည်'

'ကျွန်ုပ်နဲ့ တိုက်ခဲ့တဲ့ လူတွေ သင်္ချိုင်းထဲ စောစော ရောက်ကုန်ပြ တာ သိတယ် မဟုတ်လား'

'သိပါသည်၊ ရောက်တော့မှ ရောက်ရစေ၊ တိုက်ဖို့လိုလျှင် တိုက် အသင့် ရှိသော လူငယ်တွေ ရှိနေပါသေးသည်'

'ရှိပေစေ၊ ကျွန်ုပ်ကိုယ်တိုင် တိုက်မည်'

'သစ္စာရှိသော လူငယ်တွေ အဖို့မှာတော့ သေလျှင် မြေကြီး၊ မ





ရှင် ရွှေထီးဆိုတဲ့ စကားအတိုင်း ဖြစ်လိုရာ ဖြစ်စေ၊ တိုက်ဖို့ အသင့် ရှိပါသည်'

'လူငယ်သော လူကြီးသော မရွေး၊ ကျွန်ုပ် ချေမှုန်းနိုင်သည်'

'လူငယ်များမှာ ဓားလက်နက်နှင့် ပြောင်ပြောင် တိုက်၍ မနိုင်လျှင် ဓားမြှောင်လက်နက် ရှိပါသေးသည်'

'မောင်မင်းတို့ရဲ့ ဓားမြှောင်ကို ကျွန်ုပ် သိသည်၊ ဒီဟာ မဟုတ်လား'

ဘိုနပတ်သည် ရိုလင်ထံမှ ယူထားသော ဓားမြှောင်ကို မော်ဂင်အား ထုတ်ပြရာ ဓားမြှောင်သွားတွင် "ဂျေဟူးရဲ့ဘော်များ" ဟူသော အက္ခရာများ ရေးထုထားသည်ကို စာဖတ်သူတို့ မှတ်မိကြပေလိမ့်မည်။

ဘိုနပတ်သည် မော်ဂင် လက်လှမ်း မီလောက်သော နေရာသို့ ဓားမြှောင်ကို ပစ်ချလျက် 'ကျွန်ုပ် ရင်ဘတ်ကို မောင်မင်းတို့ ဓားမြှောင်နဲ့ အောင် မစိုက်နိုင်ပါဘူး၊ စမ်းကြည့်ပါလား' ဟု ပြောရာ မော်ဂင်က–

'ကျွန်တော်က ခင်ဗျားကို သတ်ဖို့ လာခဲ့ခြင်း မဟုတ်ပါ။ နောက် ခင်အခါ ကျွန်တော်တို့ လုပ်ငန်းစဉ် အောင်မြင်ရေးအတွက် ခင်ဗျား ဖို့ လိုတယ် ဆိုလျှင်တော့ ကျွန်တော်ကိုယ်တိုင် ကြိုးစားပါမည်။ ယခု မှာ စာအတွက် အဖြေ ဘယ်လို ပေးမည်ကိုသာ သိလိုပါသည်'

'ကောင်းပြီ၊ ကဒေါက်ဒဲလ်ကို ပြောလိုက်၊ ပြင်သစ်ပြည်သား အချင်း င် မတိုက်ဘဲ ရန်သူကို တိုက်ချင်တယ် ဆိုလျှင် သူ့အဖို့ ကာနယ် ရာထူး ယ်လို့ ပြောလိုက်ပါ'

'ကဒေါက်ဒဲလ်က ဗိုလ်ချုပ် လုပ်လာခဲ့တဲ့ လူတစ်ယောက် ဖြစ်လို့ ယ်ရာထူးလောက်နဲ့ ကျေနပ်နိုင်ပါ့မလား ခင်ဗျာ၊ သို့သော် စာအတွက် လို အဖြေ ပေးလိုက်တယ် ဆိုတာ သိပါရစေ'

'ကောင်းပြီ၊ ကွန်မတီဒီပရောဖင့်ထံသို့ ကျွန်ုပ် အဖြေပို့ဖို့ နည်းလမ်း လား'

'ရှိပါတယ်၊ ရောက်အောင် ပို့ပေးပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကိုင်းလေ ဒါဖြင့် အဖြေ မပေးဘဲ နေလို့ တောင်တောင် အီအီ တွေးနေပါဦးမယ်။ နေဦး၊ ကျွန်ုပ် ပြန်စာ ရေးလိုက်မယ်'

၎င်းနောက် ဘိုနပတ်သည် အောက်ပါ စာကို စီကုံး ရေးသားလေ၏။

ပေးပို့လိုက်သော စာကို ရရှိ၍ ကျွန်ုပ်အပေါ်၌ စိတ်သဘောကောင်း ထားကြောင်း သိရသဖြင့် ကျေးဇူးတင်ပါသည်။ ပြင်သစ်ပြည်သို့ သင်ပြန်လာခဲ့လျှင် လူပေါင်း တစ်သိန်းတို့၏ အလောင်းများ ပေါ်မှ နင်းကျော် လာမှသာလျှင် ဖြစ်နိုင်ဖို့ ရှိသောကြောင့် ပြန်လာဖို့ အကြံအစည်ကို လက်လျှော့စေလိုပါသည်။ ပြင်သစ်ပြည်ကြီး၏ ငြိမ်းချမ်းရေးနှင့် ကောင်းစားရေးတို့ကို ငဲ့ညှာထောက်ထားခြင်းအားဖြင့် ကိုယ်ကျိုးကို စွန့်လွှတ်ပါလော့။ နောင်လာနောက်သားများက သင့်အား ချီးကျူးကြပါလိမ့်မည်။ သင်တို့ အနွယ်အဆက်များ၏ နစ်နာမှုများကို ကျွန်ုပ် သိနားလည်သည့်အလျောက် တစ်ရပ်တစ်ကျေး၌ ချမ်းမြေ့ ကြည်ရွှင်စွာ နေထိုင်လျက် ရှိသည့် အကြောင်းများကိုသာ ကျွန်ုပ် ကြားသိလိုပါကြောင်း။

ဘိုနပတ်

ဘိုနပတ်သည် အထက်ပါ စာကို ရေးသား၍ "ကွန်မတီဒီပရောဗင့်" ဟူသော အမည်ဖြင့် လိပ်တပ်ပြီးလျှင် မော်ဂင်လက်သို့ ပေးအပ်၍ ရိုလင်ကို ခေါ်လိုက်ရာ ရိုလင်လည်း ဝင်လာလေ၏။

'သူ့ကို လမ်းပေါ်ရောက်အောင် လိုက်ပို့လိုက်၊ မရောက်မချင်း မောင်မင်း တာဝန် ဖြစ်သည်'

မော်ဂင်သည် ရိုလင် နောက်မှ လိုက်လာ၍ ရိုလင်၏ အခန်းသို့ ရောက်သောအခါ ချွတ်ထားခဲ့သော အင်္ကျီကြီးနှင့် သေနတ်များကို ကောက်ယူ ဝတ်ဆင်လေ၏။ ထိုအတောအတွင်း ရိုလင်က–





'ဘိုနပတ်က ကျွန်တော် ပေးထားတဲ့ ဓားမြှောင်တစ်လက်ကို ထုတ်ပြလိုက်တယ် မှတ်တယ်'

'ဟုတ်ပါတယ်'

'ဓားမြှောင်ကို ခင်ဗျား မှတ်မိတယ် ဟုတ်လား'

'ကျွန်တော်တို့ အဖွဲ့က ဒီဓားမြှောင်မျိုးချည်း သုံးပါတယ်'

'ဒီဓားမြှောင်ကို ဘယ်က ရတယ်လို့ ကျွန်တော် ပြောပြမယ်။ ကျွန်တော့် မိတ်ဆွေ တစ်ယောက်ရဲ့ ရင်ဘတ်မှ နုတ်ယူထားတာပဲ၊ ခင်ဗျားပဲ ထိုးလေသလား မသိဘူး'

'ဟုတ်ချင်လည်း ဟုတ်လိမ့်မယ်၊ သို့သော် ခင်ဗျား မိတ်ဆွေမှာ အပြစ်ရှိလို့ ခံရတာ ဖြစ်မှာပေါ့'

'သူက ချာထရ ဘုရားရှိခိုးကျောင်းထဲမှာ ညဥ့်အချိန် ဘာလုပ်ကြသလဲလို့ သိချင်တာနဲ့ ဝင်ကြည့်တယ်'

'ဒါဖြင့် သူ မှားတာပေါ့'

'ကျွန်တော်လည်း ဒီအရင် တစ်ရက်က ဝင်ကြည့်သေးတယ်၊ ကျွန်တော် တော့ ဘာမှ မဖြစ်ပါကလား'

'ခင်ဗျားမှာတော့ အကာအကွယ် ရှိလို့ ဖြစ်မှာပေါ့'

'ဒါက ကိစ္စ မရှိဘူး၊ ကျွန်တော်က မိတ်ဆွေ ရင်ဘတ်မှ ဓားမြှောင်ကို ဆွဲနုတ် ယူစဉ်အခါမှာ ဒီဓားမြှောင်ကို စိုက်တဲ့လူနဲ့ ငါနဲ့ တစ်ယောက်ယောက် သေမှ ကိစ္စ ပြီးစေမယ်လို့ သစ္စာ ပြုလိုက်တယ်။ ဒီအကြောင်းကို ပြောချင်တဲ့အတွက် ဒီနန်းတော်ထဲကို ခင်ဗျား ဝင်ခွင့်ပြုခဲ့ခြင်း ဖြစ်တယ်'

'သစ္စာပြုထားပေမဲ့ ပြန်ဖျက်ပစ်လိုက်ပါ ကာနယ်မွန်ထရီဘဲလ်'

'မဖျက်နိုင်ဘူး မော်ဇယာမော်ဂင်၊ ကျွန်တော့် သစ္စာအတိုင်း တစ်ယောက်နဲ့ တစ်ယောက် တိုက်ဖြစ်အောင် စီမံပါတော့'

'ဘယ်လို စီမံစေချင်လို့လဲ'

'ဆာဂျွန်တင်လေးကို ဓားနဲ့ ထိုးသတ်တဲ့အတွက် ရန်ဖြစ်ကြတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ အကြောင်းပြဖို့ မလိုပါဘူး။ ရှေ့လမှာ နေကြတ်မည့် ကိစ္စနဲ့ ပတ်သက်လို့ အငြင်းအခုံ ဖြစ်တဲ့အတွက် တစ်ယောက်နဲ့တစ်ယောက် တိုက်ကြတယ်လို့ သတင်းလွှင့်လိုက်လျှင် ပြီးတာပဲ'

'တိုက်ဖို့ကတော့ အရေးမကြီးပါဘူးဗျာ၊ သို့သော် ကျွန်တော်တို့ ရေပဟူးရဲဘော် အဖွဲ့သားများဟာ ကျွန်တော်တို့ သစ္စာပြုထားတဲ့ ကိစ္စမှလွဲပြီး အသက်ကို မစွန့်ပါဘူးလို့ ကျမ်းကျိန်ထားကြရတယ် ခင်ဗျ'

'ဘာလဲ၊ ခင်ဗျာတို့ လူစုက လူတစ်ယောက်ကို ဓားနဲ့ ထိုးလို့တော့ သတ်တယ်။ တစ်ယောက်ချင်း တိုက်ဖို့ အလုပ်တော့ ရှောင်ကြတယ်လား'

'မရှောင်ပါဘူးဗျာ၊ ကျွန်တော်တို့ တိုက်တဲ့ အခါလည်း တိုက်ပါတယ်'

'ဘယ်လို အခါမှာ ခင်ဗျားတို့ တိုက်သလဲ'

'ဒီလောက်တောင် ခင်ဗျား တိုက်ချင်လျှင် မိတ်ဆွေ လေးငါးယောက်လောက်နဲ့ မြင်းရထားကြီးပေါ်မှာ အစိုးရငွေတွေ တင်ပြီး တောလမ်းကို မောင်းခဲ့ဗျာ၊ ဒီလိုဆိုလျှင် ကျွန်တော်တို့ တိုက်ရတော့မှာပဲ၊ သို့သော် မတိုက်ချင်ပါနဲ့ဗျာ'

'ခင်ဗျားက ခြိမ်းခြောက်နေတာလား'

'ခြိမ်းခြောက်တာ မဟုတ်ပါဘူး၊ တောင်းပန်တာပါ'

'ဘာကြောင့် တောင်းပန်တာလဲ'

'ညီလို အစ်ကိုလို သဘောထားလို့ပါဗျာ'

ထိုခဏ၌ အတွန်းဝန် ဘိုရီယန် ဝင်လာ၍ ဘိုနပတ်က ရိုလင်ကို အလိုရှိကြောင်း ပြောရာ၊ ရိုလင်သည် မော်ဂင်ကို လိုက်ပို့ပါရစေဦး ဆို၍ ဥယျာဉ်ဘက်သို့ သွားသော တံခါးသို့ ခေါ်မသွားဘဲ လမ်းသို့ရောက်သော တံခါးသို့ ခေါ်သွားပြီးလျှင် မော်ဂင်အား ကာကွယ်ပေးပါမည်ဟု ကတိထားခြင်းမှာ ထိုညဉ့်အတွက်မျှသာ ဖြစ်သောကြောင့် နောက်နောင်အခါတွင် မိမိ၌ တာဝန်မရှိကြောင်း ပြော၍ လွှတ်လိုက်လေ၏။

## အခန်း ၂၁

မော်ဂင်သည် ရိုလင်နှင့် ခွဲခွာ၍ အနည်းငယ် လျှောက်လာပြီးနောက် မျက်နှာဖုံးကို ချွတ်ပစ်လိုက်လေ၏။

လူအများ စုပေါင်းနေထိုင်ကြသည့် အိမ်တစ်ဆောင်သို့ ရောက်သောအခါ မော်ဂင်သည် တံခါးကို ခေါက်၍ အိမ်ထဲသို့ ဝင်ပြီးလျှင် စားပွဲပေါ်၌ ထွန်းထားသော ဖယောင်းတိုင် တစ်တိုင်နှင့် နံရံ၌ ချိတ်ထားသည့် သော့တစ်ချောင်းကို ယူ၍ မိမိ၏ အခန်းသို့ ဝင်သွားလေ၏။ ထိုခဏ၌ နာရီကြီးမှာ ဆယ်ချက် ထိုးလျက် ရှိလေပြီ။

မော်ဂင်သည် ဖယောင်းတိုင် လေးတိုင် ထွန်းညှိ၍ ထိုခေတ်က အထက်တန်းစား ကာလသားများ ဝတ်ဆင်သည့် အဝတ်အစားများ လဲလှယ်ဝတ်ဆင်ပြီးလျှင် အိမ်ရှေ့၌ စောင့်လျက်ရှိသော မြင်းရထား တစ်စီးပေါ်သို့ တက်၍ ဂူဒီဘတ်လမ်း နံပါတ် (၆၀) သို့ မောင်းနှင်ရန် အမိန့်ပေးလေ၏။

နံပါတ် (၆၀) အိမ်ကြီးမှာ မီးများ ထိန်ထိန်လင်းအောင် ထွန်းလျက်ရှိရာ မော်ဂင်သည် မြင်းရထားပေါ်မှ ဆင်း၍ အိမ်ကြီး အတွင်းသို့ ဝင်ပြီးလျှင် အသင့် စောင့်လျက်ရှိသော အစေခံအား အပေါ်ဝတ် အင်္ကျီကြီးကို အပ်ထားခဲ့၏။ ထို့နောက် အစေခံက နံပါတ် တစ်ခု ပါသော ကားချပ်ကလေးကို မော်ဂင်အား ပေး၍ မော်ဂင်သည် ကားချပ်ကို ဘောင်းဘီအိတ်ထဲသို့ ထည့်ပြီးလျှင် အခန်းကြီး တစ်ခန်းသို့ ဝင်သွားရာ ပစ္စတို သေနတ်ကလေး၊ သေနတ်ကြီး၊ ဓားမြှောင်၊ ဓားလွယ် အစရှိသော လက်နက်မျိုးစုံတို့ ဆွဲချိတ်လျက် ရှိသည်ကို တွေ့ရ၏။ ဤကပွဲသို့ ပုလိပ်များ လာရောက် နှောင့်ယှက်တတ်သည် ဖြစ်၍ အသင်းသားများသည် အကြောင်းရှိက ခုခံရန်အတွက် လက်နက်များ ဆောင်လာပြီးလျှင် ဤအခန်းကြီးတွင် အဆင်သင့် ထားကြခြင်း ဖြစ်လေသည်။ မော်ဂင်သည် မိမိ၏ လက်နက်များကို ၎င်း အခန်းတွင် ထားခဲ့ပြီးနောက် ကပွဲ ကျင်းပသော အခန်းကြီးသို့ ဝင်သွားလေ၏။

ဤကပွဲမှာကား အလွန် ထူးဆန်းသော ကပွဲကြီး ဖြစ်၏။ ၎င်းကပွဲ



www.burmeseclassic.com

www.burmeseclassic.com



သို့ မင်းပြစ်မင်းဒဏ် သင့်၍ အသက် ဆုံးရှုံးသူများ၊ ထောင်ကျသူများမှ စ၍ တစ်နည်းနည်းဖြင့် အပြစ်ဒဏ် ခံသူများ၏ ဆွေမျိုးဉာတိများသာလျှင် ဝင်ခွင့် ရှိပေရာ၊ ကပွဲသို့ လာကြသော သူတို့သည် ရာဇဝတ် သင့်သူများ သေခါနီး ဆဲဆဲ၌ ဝတ်ဆင်သော အဝတ်အစားများကို ဝတ်လျက် လာကြ ရလေသည်။

သို့ဖြစ်၍ ငယ်ရွယ် နုနယ်သော မိန်းကလေးများသည် မိမိတို့၏ မိခင် သို့မဟုတ် အဒေါ်ဖြစ်သူတို့ နောက်ဆုံး ဝတ်စားသည့် အဝတ်အစား များကို ဝတ်ဆင်ကြရသည် ဖြစ်သောကြောင့် အရွယ်နှင့် မလိုက်၊ ခေတ်နှင့် လည်း မလျော်သော အဝတ်အစားများ ဖြစ်နေလေတော့၏။ ၎င်းတို့သည် အများအားဖြင့် ဂါဝန် အဖြူနှင့် တဘက်နီကို ဝတ်ဆင်လျက် ရှိကြရာ အချို့မှာ လည်ပင်းကို ဓားနှင့် ပိုင်းသတ်ခြင်း ခံရဖူးသော မိခင်၏ အထိမ်း မှတ်ဖြင့် လည်ပင်းတွင် ရဲရဲနီသော ပိုးကြိုးကလေး ချည်ထားကြ၏။

ယောက်ျားများသည် အကျီကော်လာကို နောက်၌ လှန်ချထား၍ ရှပ်အကျီကို ရှေ့၌ ဖွင့်ထားပြီးလျှင် လည်ပင်းကို ဖော်ထားလျက် ဆံပင်ကို တိုအောင် ကိုက်ညှပ်ထားကြ၏။

အချို့မှာ ဆွေမျိုးဉာတိများအတွက် မဟုတ်ဘဲ မိမိတို့ ကိုယ်တိုင် ရာဇဝတ် သင့်ခဲ့ဖူးသူများ ဖြစ်သည့်အတွက်ကြောင့် ကပွဲသို့ ဝင်ခွင့် ရရှိကြ လေသည်။

လက်ချောင်း တစ်ချောင်းတွင် ဒဏ်ရာ ရဖူးသဖြင့် ကျပ်စည်းထား သော လူငယ်တစ်ယောက်သည် မော်ဂင် အနီးသို့ ချဉ်းကပ်၍ မိမိ၏ လက်ချောင်း၌ ဒဏ်ရာ ရခဲ့ပုံ အဖြစ်အပျက်ကို ပြောပြလေရာ၊ မော်ဂင်က ရျေဟူးရဲဘော် အဖွဲ့သား တစ်ယောက်ကို တွေ့လိုသဖြင့် ရှာဖွေလျက် ရှိ ကြောင်း ပြော၍ ရှောင်ထွက်လာခဲ့၏။ မကြာမီ မော်ဂင်သည် လူငယ် နှစ်ယောက်ကို တွေ့၍ တစ်ယောက်က 'အင်္ဂလိပ်ပါဗျာ' ဟု ပြောလျက် အခြားတစ်ယောက်က 'မဟုတ်ပါဘူးဗျ၊ ဂျာမန် လူမျိုးပါ' ဟု ငြင်းခုံလျက်





ရှိကြ၏။ ထိုသူ နှစ်ယောက်တို့သည် မော်ဂင်ကို မြင်သောအခါ 'ဟော သူ့ကို မေးကြည့်ရအောင်၊ သူ သိလိမ့်မယ်' ဟု ပြော၍ တစ်ယောက်က 'ဟောဒီ ဘုရားရှိခိုးကျောင်းထဲမှာ စီရင်လိုက်တဲ့ လူဟာ အင်္ဂလိပ် မဟုတ် ဘူး ခင်ဗျာ၊ သူက ဂျာမန်တဲ့၊ ငြင်းနေတယ်' ဟု ပြော၏။

'ကျုပ် မသိပါဘူးဗျာ၊ ဟက်ကတာကို မေးကြပါလား၊ ဟိုညက သူ ဥက္ကဋ္ဌ လုပ်တာပဲ၊ သူ သိမှာပေါ့၊ ကျုပ်မှ မပါဘဲ၊ မသိပါဘူး'

'ဟက်ကတာ ဘယ်မှာလဲဗျာ'

'တစ်ဖိုးဂျီး ဘယ်မှာလဲ၊ ကျုပ်ကို ပြောကြစမ်းပါဦး'

'ဟိုဘက်က လူစုထဲမှာဗျ'

မော်ဂင်သည် ညွှန်ပြသော နေရာသို့ ကြည့်လိုက်သောအခါ စိတ်ဝင် စားစွာနှင့် ကလျက် ရှိသော လူတစ်စုကို မြင်ရ၏။ မော်ဂင်လည်း အနီးသို့ ချဉ်းကပ်၍ တစ်ဖိုးဂျီးဆိုသူကို ဦးခေါင်းညိတ် ခေါ်လိုက်ရာ တစ်ဖိုးဂျီးသည် တွဲကလျက် ရှိသော မိန်းမကို ထိုင်ခုံတစ်ခုသို့ ပို့ထားခဲ့၍ မော်ဂင်အနီးသို့ လာပြီးလျှင်...

'တွေ့ခဲ့လားဗျို့'

'တွေ့ခဲ့ပါဗျာ'

'ဘုရင့် စာကော ပေးခဲ့ရလား'

'သူ့ လက်ထဲကို ပေးခဲ့တယ်'

'ဖတ်ကြည့်သလား'

'ချက်ချင်း ဖတ်ကြည့်တယ်'

'အဖြေကော ပါရဲ့လား'

'နှုတ်ကရော၊ စာနဲ့ရော ဖြေလိုက်တယ်'

'ဘယ်မှာလဲ၊ စာကော'

'ဒီမှာ'

'ဘာတဲ့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ငြင်းလိုက်တယ်'

'ငြင်းလျှင် ကျုပ်တို့က ရန်သူလို သဘောထားမယ်ဆိုတာ သူ သိ ရဲ့လား'

'ပြောပြခဲ့တယ်'

'သူ ဘာပြောသလဲ'

'ပါးစပ်က မပြောဘူး၊ အရေးမကြီးဘူးဆိုတဲ့ သဘောနဲ့ ပခုံး လှုပ်ပြ တယ်'

ထိုခဏ၌ တီးမှုတ်သံ ရပ်စဲသွားသဖြင့် တစ်ခန်းလုံး တိတ်ဆိတ် လျက် ရှိစဉ်၊ မြည်ဟိန်းသော အသံဖြင့် လူလေးယောက်တို့၏ နာမည်များ ကို ခေါ်လိုက်၏။

'မော်ဂင်၊ မွန်ဘား၊ အက်ဒလား၊ ဒီအားဆတ်'

ထိုအခါ မော်ဂင်သည် တစ်ဖိုးဂျီးအား နှုတ်ဆက်၍ ကပွဲခန်းကြီးကို ဖြတ်ကျော်ပြီးလျှင် အဝတ်လဲခန်း၏ အခြားဘက်၌ ရှိသော အခန်းကလေးသို့ ဝင်သွားလေ၏။ အခြားသူ သုံးယောက်တို့မှာမူ အခန်းထဲသို့ ရောက်နေနှ ကြလေပြီ။ ၎င်းတို့နှင့်အတူ အစိမ်းနှင့် ရွှေရောင် ရောစပ်ထားသော ယူ ဖောင်း အဝတ်ကို ဝတ်ဆင်ထားသည့် အစိုးရ စာပို့ကလေး တစ်ယောက် လည်း ရောက်နေလေ၏။

ဒီအားဆတ် ဆိုသူမှာ အသက် ၃၅ နှစ်ခန့် ရှိ၍ ဖြူစ ပြုနေသော ဆံပင်နှင့် နက်မှောင်သော နှုတ်ခမ်းမွေးများအပြင်၊ ကြံ့ခိုင်တောင့်တင်းသော ကိုယ်ကာယနှင့် တင်းမာသော မျက်နှာထားလည်း ရှိ၏။ ထိုသူသည် ခံ့ညား သော ကိုယ်ဟန် အမူအရာ ရှိသော်လည်း၊ ဟန်လုပ်ချင်သော လူတို့၏ သဘာဝအတိုင်း နှာဘူးစိမ်း တစ်လုံးကို အမြဲ ကိုင်ဆောင်လေ့ ရှိလေသည်

မွန်ဘားနှင့် အက်ဒလားတို့မှာ မော်ဂင်နှင့် ဒီအားဆတ်တို့ နည်းတူ နာမည်ရင်း မဟုတ်ဘဲ နာမည်တုများဖြင့် မှည့်ခေါ်ထားခြင်း ဖြစ်လေ ထိုသူ နှစ်ယောက်တို့မှာ အခါခပ်သိမ်း မကွဲမကွာဘဲ တစ်တွဲတည်း တွဲ





နေတတ်သော အလေ့အကျင့် ရှိသည့်အတွက်ကြောင့် သူငယ်ချင်းများက ကြိုးတွဲနှစ်ယောက် ဟူ၍ မှည့်ခေါ်ထားကြလေသည်။ ထိုသူ နှစ်ယောက်အနက် တစ်ယောက်မှာ အစဉ်အမြဲ ရွှင်ပျ ကြည်လင်စွာနှင့် ဟောင်ဖွာ ဟောင်ဖွာ စကားပြောတတ်၍၊ ကျန်တစ်ယောက်မှာ နှုတ်ဆိတ်စွာနှင့် စဉ်းစား စိတ်ကူး နေတတ်သဖြင့် ဝါသနာချင်း ဖီလာ ရှိနေသော်လည်း၊ မခွဲမခွာဘဲ တစ်တွဲ တည်း တွဲလျက် စွန့်စားရန် ရှိလျှင် အတူ စွန့်စားရုံသာမက ပိုက်ဆံ ကြေးငွေ ကိုလည်း တစ်အိတ်တည်း ထည့်၍ နိုက်ချင်သူက နိုက်ယူ သုံးလေ့ ရှိကြလေ သည်။

ထိုသူ သုံးယောက်တို့မှာ မော်ဂင်နည်းတူ ဂျေဟူးရဲဘော် အဖွဲ့သား များ ဖြစ်ကြ၍ အဖွဲ့ရေး ကိစ္စအတွက် ဤကဲ့သို့ ခေါ်ယူ စုရုံး နေကြခြင်း ဖြစ်လေသည်။ မော်ဂင်သည် အစိုးရ စာပို့ ယူနီဖောင်းဝတ်ထားသော လူငယ် အား အဘယ်ကြောင့် ဤအဝတ်ကို ဝတ်ထားပါသနည်းဟု မေးရာ၊ ထိုသူက ဗိုလ်ချုပ်ထံသို့ ဂျင်နရယ် မက်ဆီးနားက ဖရင့် ဒင်္ဂါး တစ်သိန်း ပို့မည်ဟု သတင်းရသဖြင့် မိမိတို့ ဂျေဟူးရဲဘော်များက ထုံးစံအတိုင်း လမ်းမှ ဖြတ်၍ လုယူရန် အလုပ် ရှိကြောင်း ပြောပြလေ၏။ ၎င်းနောက် စာပို့ ယူနီဖောင်း ဝတ်ထားသော လူက ငွေပို့မည့် ခရီးစဉ်ကို ပြောပြ၍၊ မိမိတို့က နက်ဖြန် ညနေ ၇ နာရီနှင့် ၈ နာရီအတွင်း စောင့်နေကြရမည့် နေရာကိုပါ ပြောပြပြီး လျှင်၊ ထိုနေရာသို့ ရောက်အောင် ပို့ရေး မြင်းရထားနှင့် ချက်ချင်း သွားကြ ရမည်ဟုဆိုကြလေ၏။ မြင်းရထားကို တစ်နေရာ၌ ထားခဲ့၍ အသင့် ပြင်ဆင်ထား သော မြင်းများနှင့် ဆက်လက် စိုင်းသွားပြီးလျှင် အစိုးရ ဘဏ္ဍာတော်ကို တိုက်ယူ၍ ဇာတ်ပွဲသို့ ရောက်အောင် ညတွင်းချင်း ပြန်လာကြပါမူ မိမိတို့ အကို ဓားပြဟူ၍ စွပ်စွဲရန် မဖြစ်နိုင်ကြောင်းများနှင့် ရယ်မော ပြောဆို ကြလေ၏။ အဘယ်ကြောင့်ဆိုသော် တိုက်ယူရမည့် နေရာနှင့် ဇာတ်ပွဲ ကြည့်ကြမည့် ပါရစ်မြို့တော်မှာ ခရီး အလွန်တရာ ဝေးကွာသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဤအချိန်အတွင်း ရောက်အောင် မည်သည့်နည်းနှင့်မျှ သွားနိုင်ဖို့ မရှိ ဟူ၍
မှတ်ထင်ဖွယ် ရှိပေသောကြောင့်တည်း။

ရင်းနောက် မော်ဂင်သည် နာရီကို ထုတ်ကြည့်လိုက်ရာ တစ်နာရီ
ထိုးနေပြီ ဖြစ်ကြောင်း တွေ့ရသည်နှင့် 'ကိုင်း လာကြ သူငယ်ချင်းတို့
လဂ္ဂနီကို ၃ နာရီမှာ ရောက်အောင် သွားပြီး မြင်းလဲကြရလိမ့်မယ်' ဟု
ပြော၍ ထိုင်ရာမှ ထကြလေရာ၊ ထိုအချိန်မှ စ၍ မော်ဂင်သည် ၎င်းကိစ္စတွင်
ခေါင်းဆောင်အဖြစ်နှင့် ဆောင်ရွက်လေ၏။

## အခန်း ၂၂

မော်ဂင်တို့ လူစုသည် လဂ္ဂနီသို့ ၃ နာရီ အချိန်တွင် ရောက်အောင် သွားကြ၍
ထိုနေရာမှ မြင်းများ ပြောင်းလဲကာ ဆက်လက်၍ ခရီးပြင်း နှင်သွားကြသည်
အခိုက်တွင် ကျွန်ုပ်တို့သည် ဘိုနပတ်က ရိုလင်အား ခေါ်သည့် ကိ
အကြောင်းကို ဖော်ပြရပေအံ့။

ရိုလင်သည် မော်ဂင်နှင့် ခွဲခွာ၍ ဘိုနပတ်၏ အခန်းသို့ ဝင်သွားသေ
အခါ ဘိုနပတ်မှာ မီးဖိုရှေ့၌ ရပ်လျက် စဉ်းစား စိတ်ကူးနေရာမှ ရိုလင်
မော့ကြည့်လိုက်၏။

'မင်းတို့နှစ်ယောက် ဘာတွေ ပြောနေကြသလဲကွယ့်'

'တစ်ယောက်ကိုတစ်ယောက် ချီးကျူးစကား ပြောပြီး မိတ်
အဖြစ်နဲ့ ခွဲခဲ့ကြပါတယ် ဗိုလ်ချုပ်'

'သူ့ကို မင်း ဘယ်လို အကဲခတ်မိသလဲ'

'ပထမတန်း အမှုအရာရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးပေပဲ ဗိုလ်ချုပ်'

'သူ့အသက် ဘယ်လောက် ရှိပြီလဲ'

'အလွန်ဆုံး ကျွန်တော့်လောက် ရှိမှာပဲ'

'ငါလည်း ဒီလို ထင်တာပဲ၊ နေစမ်းပါဦးကွယ့် ရိုလင်၊ ဆွေ
မျိုးတော်ထဲက လူသစ်တွေ ပေါ်ပေါက်နေသလားကွယ့်'





'မဟုတ်ပါ ဗိုလ်ချုပ်၊ လူဟောင်းထဲက အကြွင်းအကျန်တွေ ရှိပါ
ယ်'

'အသစ်ပေါ်အောင် လုပ်ရမယ်ကွယ့်၊ ငါ့မှာ သားရလျှင် ငါ့သားကို
ောက်ခံတဲ့ လူတစ်စု ပေါ်ပေါက်အောင် လုပ်ပေးရမယ်'

'ကျွန်တော့်မှာ ညီလေးတစ်ယောက် ရှိပါတယ် ဗိုလ်ချုပ်'

'သူ့အသက် ဘယ်လောက် ရှိပြီလဲ'

'၁၁ နှစ်၊ ၁၂ နှစ်လောက်ပါ ဗိုလ်ချုပ်'

'ဘာကြောင့် သူ့အကြောင်း ငါ့ကို မပြောသလဲ'

'ဒီလောက် အရွယ်ကလေး အကြောင်းကို ဗိုလ်ချုပ် စိတ်ဝင်စားမယ်
င်လို့ပါ'

'မင်းမှားတာပေါ့ကွယ့်၊ ငါ့မိတ်ဆွေများနဲ့ ပတ်သက်လာလျှင် ငါ
်ဝင်စားတာချည်းပဲ၊ ညီကလေးအတွက် တစ်ခုခု မင်း တောင်းသင့်တယ်'

'ဘာတောင်းရမှာလဲ ဗိုလ်ချုပ်'

'ပါရစ်မြို့မှာ ကောလိပ်ကျောင်း တစ်ကျောင်းကျောင်း ဝင်နိုင်ဖို့
ါကွယ့်'

'ဗိုလ်ချုပ်ဆီမှာ တောင်းချင်တဲ့ လူတွေ များလွန်းလို့ ကျွန်တော်
ခ်ချင်လို့ပါ'

'မှတ်ထားလိုက်၊ သူ့ကို ပါရစ်မြို့မှာ ကောလိပ်တစ်ကျောင်းကျောင်း
ယ်၊ ကြီးလာတော့ စစ်ဗိုလ်ကျောင်းကို ပို့ရမယ်။ ဒီအတောအတွင်းမှာ
ိုလ်ကျောင်း တည်ထောင်ဖို့ ငါ စီစဉ်မယ်'

'သူကလည်း ပါရစ်မြို့တော်ကို ဒီကနေ့ လာမလို့ပဲ ဗိုလ်ချုပ်'

'ဘာလုပ်ဖို့လဲ'

'သူ အရွယ်ရောက်လျှင် ဗိုလ်ချုပ်ကို ပြောဖို့ စိတ်ကူးပြီး ကောလိပ်
ို့ အမေဆီ စာရေးထားတယ်။ ဒီအတောအတွင်းမှာ ကျွန်တော်
လွှင်ပေါ့လေ'



www.burmeseclassic.com

www.burmeseclassic.com



'မတော်လို သေလျှင်ကော'

'သေလျှင်တော့ မိခင်နှင့်တကွ တစ်အိမ်သားလုံးကို ဗိုလ်ချု… လက်ထဲ အပ်ဖို့ သေတမ်းစာ ရေးထားပါတယ်'

'တစ်အိမ်သားလုံးဆိုတော့ ဘယ်သူများလဲ'

'မိခင်နဲ့ ညီကလေးအပြင် နှမတစ်ယောက် ရှိပါတယ်'

'ငါ တာဝန် ယူပါတယ်'

'သင့်လျော်တဲ့ လူနဲ့ ပေးစားဖို့လား၊ မဖြစ်နိုင်ဘူး ဗိုလ်ချုပ်'

'ဘာကြောင့်လဲကွယ့်'

'ကျွန်တော့်နှမ ကြည့်ရတာ တယ် မကြည်ရွှင်ဘူး၊ တစ်ခုခု ရှိတ… ထင်တယ်။ ဒီအကြောင်း တစ်နေ့နေ့တော့ ကျွန်တော် စုံစမ်းပြီး ဗိုလ်ချုပ်… ပြောပြရဦးမယ်'

'အေးလကွယ်၊ ဗင်ဒီက ပြန်လာတော့ ပြောသေးတာပေါ့'

'ကျွန်တော် ဗင်ဒီ သွားရဦးမလား၊ ဘယ်တော့လဲ'

'နက်ဖြန်လောက်ပဲ'

'နိုင်ငံရေးလား ဗိုလ်ချုပ်'

'အေး ဟုတ်တယ်၊ နိုင်ငံရေးသမား မဟုတ်တဲ့ လူထဲက ဆောင်… မှ ဖြစ်မယ်'

'ဒီလိုဆိုရင် စေ့စေ့စုံစုံ မှာမှ ဖြစ်လိမ့်မယ် ဗိုလ်ချုပ်'

'မှာရမှာပေါ့ကွယ့်၊ ဟောဟို မြေပုံကို ကြည့်စမ်း'

'ပီဒမွန်နယ် မြေပုံပါတကား ဗိုလ်ချုပ်'

'အီတလီနဲ့ ပတ်သက်တဲ့ ကိစ္စပေါ့'

'ဗင်ဒီနဲ့ ပတ်သက်တယ် ဆိုသလားလို့'

'ဗင်ဒီက ဒုတိယ အရေးပဲ'

'ဘယ့်နှယ်လဲ၊ ဗင်ဒီကို ကျွန်တော့် လွှတ်ပြီး အီတလီကို ဗိုလ်… ကိုယ်တိုင် သွားမလို့လား'





'မဟုတ်ပါဘူးကွယ့်၊ မလန့်ပါနဲ့'

'ဒီလိုဆိုရင်တော့ ဗင်ဒီကို ပစ်ထားခဲ့ပြီး ဗိုလ်ချုပ်နောက် လိုက်လာမှာ ခင်ဗျနော်'

'လုပ်တာပေါ့ကွယ်၊ သို့သော် မီလတ်စ်အကြောင်း ပြောကြဦးစို့'

'မီလတ်စ်ကိုတော့ မစိုးရိမ်ပါနဲ့၊ တွေ့တဲ့ နေရာမှာ ဗိုလ်ချုပ်က နိုင်မှာပါ'

ဘိုနပတ်လည်း ရယ်မောၡ်။ ၎င်းနောက် ရိုလင်ကို မြေပုံအနီး၌ မိမိနှင့်အတူ ဒူးထောက်စေပြီးလျှင် အလီဇန္ဒရီးယားမြို့ကို လက်ထောက် ပြလျက် 'မီလတ်စ်ကို ဟောဒီနေရာမှာ ငါ နိုင်အောင် တိုက်မယ်။ အက်လ်ပ်စ် တောင်ကြီးကို ဖြတ်ကျော်ပြီး ဒီနေရာမှာ သူ့ကို နိုင်အောင် တိုက်နိုင်မှ ဘစ်ခါတည်း ကိစ္စ ပြီးသွားမယ်ကွယ့်'

'စိတ်ချပါ ဗိုလ်ချုပ်၊ နိုင်မှာပါ'

'သို့သော် ပြင်သစ်ပြည်ကြီးမှ ငါ ထွက်သွားလျှင် ဗင်ဒီနယ်ကိစ္စ မပြီးပြတ်ဘဲနဲ့ မဖြစ်နိုင်ဘူးကွယ့်'

'ဒါကြောင့် ကျွန်တော့်ကို ဗင်ဒီအရေး နှိမ်ဖို့ လွှတ်ချင်တယ် ဆိုပါ တော့'

'ခုနင်က လူတွေ ဗင်ဒီနယ် အကြောင်း ပြောသွားတယ်ကွယ့်။ နယ်သားတွေကလည်း သတ္တိကောင်း၊ ခေါင်းဆောင်မယ့် ကဒေါက်ဒဲလ်က လည်း ဦးနှောက်ကောင်း၊ တော်တော် ကျိတ်ရမယ်။ ကဒေါက်ဒဲလ်ကို အနယ်ရာထူး ငါက ပေးမယ်လို့ ပြောခိုင်းကြည့်တယ်၊ လက်မခံဘူးတဲ့ ကွယ့်'

'တယ် လာပါ တကား'

'သို့သော် ကဒေါက်ဒဲလ် မသိတာ တစ်ချက် ရှိတယ်'

'ဘာလဲ ဗိုလ်ချုပ်'

'ဘာနီယာက ငါ့ကို စကား ကမ်းလှမ်းနေတာ သူ မသိသေးဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဗိုလ်ချုပ်က လက်ခံလိုက်သလား'

'လက်ခံတာပေါ့ကွယ်၊ ဗင်ဒီမှာ ငြိမ်းချမ်းမှု ရလျှင် သာသနာဘက်က လူတွေ လက်ကို ဘုရားရှိခိုးကျောင်းတွေ အပ်ရပေမှာပေါ့'

'သူတို့က ဗိုလ်ချုပ် သဘောမကျတဲ့ ဓမ္မ သီချင်းတွေ သီဆိုလျှင်ကော'

'ဘာမှ မသိဆိုဘဲ နေတာထက် တော်သေးတာပေါ့ကွယ်၊ ဘယ့်နှယ်လဲ၊ ဗင်ဒီကို မင်း သွားမလား'

'ကောင်းပါပြီ၊ သွားပါမယ်'

'ရော့၊ ဒါဖြင့် ဂျင်နရယ် ဟိဒူဗိဖို့ စာတစ်စောင် ယူသွားပေတော့၊ ဘာနီယာကို အနောက်ပိုင်း စစ်ဗိုလ်ချုပ် အဖြစ်နဲ့ အသိအမှတ် ပြုရလိမ့်မယ်။ သို့သော် သူတို့ အစည်းအဝေး တိုင်ပင်တဲ့ အစည်းအဝေး ဟူသမျှ မင်း တက်ရမယ်။ သူက ငါ့ပါးစပ်၊ မင်းက ငါ့ဦးခေါင်း ဆိုပါတော့ ကိုင်း မြန်မြန် သွားပေတော့၊ မင်း မြန်မြန် ပြန်ရောက်လေလေ၊ မီလတ်စ်ကို မြန်မြန် နိုင်လေပဲ'

'ကျွန်တော့် မွေးသမိခင်ထံ စာရေးရုံကလေးလောက် စောင့်ပါတော့ ဗိုလ်ချုပ်'

'သူ ဘယ်မှာ နေမှာလဲ'

'သံတာမန် ဟိုတယ်မှာ'

'ဘယ်တော့လောက် သူ ရောက်မှာလဲ'

'ဒီကနေ့ ဇန်နဝါရီလ ၂၁ ရက်ဆိုတော့ ၂၃ ရက်နေ့ ညနေ သို့မဟုတ် ၂၄ ရက် နံနက်လောက် ရောက်ပါလိမ့်မယ်'

'ဒီလိုဆိုလျှင် ဟိုတယ်မှာ သူ တည်းခိုလို့ မတော်ပေဘူး၊ မိတ်ဆွေ တစ်ယောက်နဲ့ တည်းခိုမှ တော်လိမ့်မယ်'

'ပါရစ်မြို့မှာ သူ့မိတ်ဆွေ မရှိဘူး ဗိုလ်ချုပ်'

'ဘာကြောင့် မရှိသလဲကွယ်၊ ဘိုနပတ်လင်မယား ဘယ်ထားမလဲ'





'လူဇင်ဘတ် နန်းတော်ကြီးမှာ မေမေ တည်းခိုလို့ ဖြစ် မထင်ပေါင် ဗိုလ်ချုပ်'

'ဒီမှာ မဖြစ်လျှင် ရှုဒီလာ ဗီတွိုင်ယာမှာ နေလိမ့်မပေါ့ကွယ်၊ ကိုင်း သွားပေတော့၊ မြန်မြန် ပြန်ခဲ့နော်'

နှစ်နာရီခန့်အတွင်း ရိုလင်သည် ပို့ရှေး တစ်စီးနှင့် ထွက်ခွာသွား၍ ဘက်နေ့ နံနက် ၉ နာရီတွင် နန်းတီမြို့သို့ ဆိုက်ရောက်လေ၏။

## အခန်း ၂၃

း်းတီမြို့သို့ ရိုလင် ဆိုက်ရောက်သော အချိန်တွင် ဝန်စည် အပြည့် တင် သော ဒီလီဂျင် မြင်းရထားကြီး တစ်စီးသည် ကစ္စိုင်ဒေါ် ဟိုတယ်ရှေ့၌ က်ရပ်လေ၏။ ထိုခေတ်အခါက ဒီလီဂျင်မြင်းရထားကြီးများမှာ အပြင် း၊ အတွင်းခန်း ဟူ၍ ကန့် နှစ်ကန့် ပါရှိလေသည်။

ဒီလီဂျင် ဆိုက်ရပ်သည်နှင့် တစ်ပြိုင်နက် ယောကျ်ား၊ မိန်းမ ခရီး ည် ခုနစ်ယောက်တို့ ဆင်းလာကြလေ၏။ အတွင်းခန်း၌ ယောကျ်ား ယောက်၊ မိန်းမ နှစ်ယောက်နှင့် နို့စို့ကလေးတစ်ယောက် ပါလေရာ၊ ပြင်ခန်း၌ သားအမိနှစ်ယောက် လိုက်ပါကြလေသည်။

ယောကျ်ား သုံးယောက်အနက် တစ်ယောက်မှာ ထရိုင်မြို့မှ ဆရာ း်၊ တစ်ယောက်မှာ ဂျိနိဗာမြို့မှ နာရီလုပ်သမား၊ တတိယလူမှာ ဘို့ဂ်မြို့မှ သုကာတစ်ယောက် ဖြစ်၏။ မိန်းမ နှစ် ယောက်အနက် တစ်ယောက်မှာ ရစ်မြို့ရှိ သခင်မထံသို့ သွားသော အစေခံ မိန်းမတစ်ယောက် ဖြစ်၍၊ တစ်ယောက်မှာ နို့ထိန်း ဖြစ်၏။ နို့စို့ကလေးမှာ ထိုမိန်းမက မိဘများ ဆောင်ကြဉ်းလာခြင်း ဖြစ်လေသည်။

အပြင်ခန်း၌ လိုက်ပါလာသော သားအမိ နှစ်ယောက်တို့မှာ လူကုံထံ ဖြစ်၍၊ မိခင်မှာ အသက် ၄၀ အရွယ် မိန်းမချောကြီး တစ်ယောက် ရာ၊ သားကလေးမှာ ၁၁ နှစ်၊ ၁၂ နှစ်သားအရွယ် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ၊ နာရီလုပ်သမား၊ ဗိသုကာနှင့် သားအမိ နှစ်ယောက်တ
သည် ဟိုတယ်တွင်းသို့ ဝင်၍ မီးဖိုကြီး၌ မီးလှုံကြပြီးနောက်၊ စားပွဲခန်းသ
ဝင်၍ မိမိတို့ နေရာ၌ အသီးသီး ထိုင်ကြလေ၏။

သားအမိ နှစ်ယောက်အနက် မိခင်သည် ကော်ဖီတစ်ခွက်မျှသာ
သောက်နေစဉ် သားကလေးမှုကား စားစရာများကို လူကြီးသဖွယ် အား
ပါးရ စားသောက်လေ၏။ အခြား ခရီးသည်များသည် မိမိတို့ ရှေ့၌ တည်ခင်
ပေးသော အစားအစာကို စားသောက်ကြစဉ် ခရီးသည်တို့ဘာဝ ထွေထေ
ရာရာ စကားများ ပြောဆိုရာမှ ဤလမ်းတွင် မကြာခဏ ဓားပြတိုက်သဖြ
သတိ၊ ဝီရိယနှင့် သွားလာဖို့ သင့်သည်ဟု တစ်ယောက်က ပြော၏။

'ဓားပြတိုက်တယ် ဆိုပေမဲ့ အရမ်း တိုက်တာ မဟုတ်ပါဘူး၊ အစိုး
ငွေ ပါလာတဲ့ အခါမှ တိုက်တာပါ'

'ကျုပ်တို့ စီးတဲ့ ဒီလီဂျင်ပေါ်မှာ အစိုးရငွေ ပါတယ်ဗျ'

'ဟုတ် မထင်ပေါင်ဗျာ၊ သွေးလန့်အောင် မပြောစမ်းပါနဲ့'

'ဟုတ်တယ် ထင်တယ်ဗျ၊ ကျုပ် သတင်းကြားမိတယ်'

'ခက်လှပါလားဗျို့၊ ကွန်ဒတ်တာကို ခေါ်မေးကြစမ်းပါဦး'

'ဗျို့ ကွန်ဒတ်တာ၊ ဝိုင်အရက်ကလေးများ သောက်လှည့်ပါဦးလေ

ကွန်ဒတ်တာ ရောက်လာသောအခါ–

'ကျုပ်တို့ ဒီလီဂျင့်ပေါ်မှာ အစိုးရငွေတွေ ပါတယ် ဆိုတာ ဟုတ်
လားဗျို့'

'ဟုတ်တယ်ဗျ၊ ပါလာတယ်'

'ခင်ဗျား ဘယ့်နှယ် သိသလဲ'

'ငွေအိတ်တွေ တင်နေတာကို ကျွန်တော့်မျက်စိနဲ့ မြင်လိုက်တယ

'ဟိုက်၊ ခက်လှပါလား ကွယ်တို့'

'နေပါဦး၊ တိုက်တဲ့ လူတွေက ဘယ်လို လူတွေလဲဗျ'

'ဂျေဟူးရဲဘော် အဖွဲ့တဲ့ဗျ၊ အစိုးရငွေကိုမှ တိုက် ယူတယ်။ ဆင
သား ပစ္စည်းကို လက်ဖျားနဲ့ မထိဘူးလို့ ဆိုတာပဲ'





'ဒုက္ခပဲဗျို့၊ ဘာပြောပြော ကျုပ်တို့တော့ ဓားပြ တိုက်တယ်ဆိုလျှင်
ကြောက်တာပဲ၊ ကြုံလည်း မကြုံချင်ဘူး'

ထိုအခါ ၁၂ နှစ်အရွယ် သူငယ်ကလေးသည် လူကြီးများ၏ သူရဲ
ဘော နည်းခြင်းကို ရှုံ့မဲ့ကာ ကဲ့ရဲ့လျက် 'သိပ်ညံ့တဲ့ လူကြီးတွေဗျာ၊ ကျွန်
တော် တို့များ ဓားပြတိုက် ခံစမ်းချင်တယ်' ဟု ပြောလိုက်၏။

ထိုအခါ မိခင်က 'ဓားပြတိုက်လျှင် မင်းက ဘယ့်နှယ် လုပ်မှာလဲ
အက်ဒွပ်' ဟု မေးလိုက်ရာတွင်၊ အက်ဒွပ်က 'တိုက်တော့ မာမီ သိလိမ့်မယ်'
ဟု ပြန်ပြော၏။

စားသောက်ပြီးကြလတ်သော် ကွန်ဒတ်တာက မြင်းရထားကြီး
ထွက်ဖို့ အချိန်တန်ပြီ ဖြစ်ကြောင်း သတိပေးသည်နှင့် ခရီးသည်များသည်
ဒီလီဂျင့်ပေါ်သို့ တက်ကြ၍ ပါရစ်မြို့တော်သို့ ဆက်လက် မောင်းနှင်လာ
ကြလေ၏။

ဒီလီဂျင့်သည် မြစ်ကမ်းတစ်လျှောက်၌ ရှိသော လမ်းမကြီးအတိုင်း
မောင်းလာ၍ မြစ်ကွေ့သဖြင့် လမ်းကွေ့သော နေရာသို့ ရောက်လာသည်နှင့်
တစ်ပြိုင်နက် မျက်နှာဖုံး တပ်ထားသော မြင်းစီးသမားလေးယောက် ပေါ်
ထွက်လာ၍ ဒရိုင်ဘာအား ရပ်တန့်ရန် အမိန့်ပေးသဖြင့် မြင်းရထားကြီးသည်
ရပ်တန့်လေ၏။ အက်ဒွပ်ကလေးသည် ပြတင်းပေါက်မှ လှမ်းကြည့်၍ မြင်း
ကြီးများ ချောလှခြင်းကို ချီးမွမ်းလျက် ရှိစဉ် မိခင်ကမူ သားကလေးကို
ဖက်ထားလိုက်၏။ အခြား ခရီးသည်များမှုကား ထိတ်လန့်သော အမူအရာ
နှင့် အော်သူ အော်၍၊ ဟာစ်သူ ဟာစ်နေကြလေပြီ။

ထိုခဏ၌ လူလေးယောက်အနက် ခေါင်းဆောင်လုပ်သူက
'မကြောက်ကြနဲ့နော်၊ ခင်ဗျားတို့ကို ဘယ့်နှယ်မှ မလုပ်ဘူး၊ ခင်ဗျားတို့
ပစ္စည်းကိုလည်း မထိဘူး။ ကိုယ့်နေရာမှာ ကိုယ် ထိုင်နေကြ၊ ဟေ့ ကွန်ဒတ်
တာ၊ အစိုးရငွေ တစ်သိန်း ပါတယ် မဟုတ်လားကွ'

'ကျွန်တော်တော့'



www.burmeseclassic.com

www.burmeseclassic.com



'ရှည်မနေပါနဲ့ကွာ၊ ငါတို့ သတင်းရပြီးပါပြီ။ ခုနစ်သောင်းက ရွှေဒင်္ဂါး၊ သုံးသောင်းက ငွေသား၊ ထုတ်လေကွာ'

ဤအတောအတွင်း၌ အက်ဒွပ်ကလေးက အံ့အားသင့်လျက် ကြည့် နေရာမှ 'မာမီ၊ ဒီလူတွေက ဓားပြတွေ ထင်တယ်' ဟု ပြောသဖြင့် မိခင်က 'ဟဲ့ တိတ်တိတ်နေ လူကလေး' ဟု နှုတ်ပိတ်လိုက်လေ၏။

လူလေးယောက်တို့သည် မြင်းရထားပေါ်မှ ငွေအိတ်များကို မိမိတို့၏ မြင်းကုန်းနှီးတွင် အသီးသီး ချိတ်လျက် ရှိစဉ်…

'ဟုတ်ပါတယ် မာမီရဲ့၊ ဓားပြတွေပါ၊ ငွေအိတ်တွေ ချယူကုန်ကြ ပြီဗျ'

'ဓားပြ မဟုတ်ဘူး သားရဲ့၊ ဂျေဟူးရဲဘော် အဖွဲ့သားတွေ လူ ကလေးရဲ့'

'အလို ဒါဖြင့် ဆာဂျန်ကို သတ်တဲ့ လူတွေပါကလား မာမီ'

အက်ဒွပ်မှာ အံ့သွား တကြိတ်ကြိတ် ဖြစ်နေလေ၏။

ထိုခဏ၌ မြင်းစီးသမား တစ်ယောက်သည် သားအမိ နှစ်ယောက်တို့ အနီးသို့ ချဉ်းကပ်၍ 'တစ်ခုတိတ်ကလေးခင်ဗျာ၊ ဒီထိုင်ခုံအောက်မှာ ရွှေအိတ် တွေ ထားလို့ ခဏလောက် ဆင်းပေးပါ ခင်ဗျာ၊ မကြာစေရပါဘူး' ဟု ပြောစဉ် မိခင်တို့၏ ဓမ္မတာအတိုင်း သားကလေးကို ဘေးရန်မှ ကာကွယ် လိုသော စိတ်ဓာတ်ဖြင့် အက်ဒွပ်ကလေးကို မိမိကိုယ်နှင့် ကွယ်ထားလိုက်၏ ယင်းသို့ ပြုသည့် အတွင်း၌ အက်ဒွပ်သည် မြင်းရထားကြီးတွင် တပ်ထား သည့် အိတ်ကြီးထဲမှ ကွန်ဒတ်တာ၏ သေနတ်ကို နှိုက်ယူထားလိုက်လေ၏ ခေါင်းဆောင်သည် မိခင်ကို မြင်းရထားပေါ်မှ တွဲချ၍ နောက်လိုက် တစ် ယောက် လက်၌ အပ်ထားခဲ့ပြီးနောက် မြင်းရထားသို့ တစ်ဖန် ချဉ်းကပ်လာ ရာတွင် ဒိုင်းခနဲ မြည်သော သေနတ်သံတစ်ချက် ထွက်သွားသဖြင့် အလန့် တကြား ဟစ်အော်ကြ၏။

ကျန်သော လူသုံးယောက်တို့သည် မိမိတို့၏ ခေါင်းဆောင်က





သေနတ် မှန်သည် အထင်နှင့် ပြေးလာကြရာ ခေါင်းဆောင်မှုကား ရယ်မော လျက် ရှိ၏။ ကွန်ဒတ်တာကမူ 'ကျည်ဆန် မပါပါဘူး ခင်ဗျာ၊ ယမ်းချည်း သက်သက် ထိုးလာခဲ့တာပါ ခင်ဗျာ' ဟု ပြောပြလေ၏။ ခေါင်းဆောင်က 'ကျုပ် သိပါတယ်' ဟု ပြန်ပြော၍ အက်ဒွပ်ဘက်သို့ လှည့်ပြီးလျှင် 'တော်ပေ တယ်ဟေ့ အက်ဒွပ်၊ အဖေ့သား ပီပါပေကွယ်၊ အစ်ကိုကြီး ညီ ပီပါပေ့ကွယ်' ဟု ပြောလျက် သူငယ်ကလေးကို ပွေ့ဖက် နမ်းရှုပ်လေ၏။

ထိုခဏ၌ မိခင်သည် မိမိ၏ သားကလေးက ဂျေဟူးရဲဘော် အဖွဲ့ သားကို သေနတ်နှင့် ပစ်ချေပြီ ဆို၍ ထိတ်လန့်ကာ မူးမေ့ သွားလေရာ၊ ခေါင်းဆောင်သည် ထိုအခြင်းအရာကို မြင်သည်နှင့် အက်ဒွပ်ကို တပည့် တစ်ယောက်နှင့် ထားခဲ့၍ မိန်းမကြီးထံသို့ ပြေးသွားလေ၏။ ခေါင်းဆောင် သည် ယုယသော အမူအရာနှင့် မိန်းမကြီးကို သတိရလာအောင် ပြုစု၍၊ မိန်းမကြီးလည်း သတိရလာသည်နှင့် တစ်ပြိုင်နက် သားကလေးကို မမြင် သည်နှင့် 'အက်ဒွပ်' ဟု ဟစ်ခေါ်ကာ လက်ဖြင့် ပုတ်မိပုတ်ရာ လှမ်းပုတ် လိုက်သည်တွင် ခေါင်းဆောင်၏ မျက်နှာဖုံးကို ခိုက်မိ၍ မျက်နှာဖုံး ကျွတ်ကျ သွားလေ၏။

မဒမ်မွန်ထရီဘဲလ်သည် မောင်ဂင်၏ မျက်နှာကို မြင်လိုက်ရသည် တွင် ဤကဲ့သို့ ကြည်ရွှင်ပြုံးချိုသော မျက်နှာထားနှင့် ကြည်လင်တောက်ပ သော မျက်လုံးများ ရှိသူ တစ်ယောက်သည် လူဆိုးတစ်ယောက် မဟုတ်နိုင် ဟု၍ ချက်ချင်းပင် ယုံကြည်မိသည်နှင့် မိမိအား ပြုစုသည့်အတွက် ကျေးဇူး တင်စကား ပြောလျက် ရှိ၏။ မောင်ဂင်ကလည်း ဒီအားဆတ်ထဲမှ နှာဘူးကို ယူ၍ မဒမ်မွန်ထရီဘဲလ်၏ လက်သို့ ပေးအပ်ပြီးသည့် အခါမှ ကျွတ်ကျ သော မျက်နှာဖုံးကို ကောက်ယူ၍ မျက်နှာတွင် တစ်ဖန် ပြန်စွပ်လေ၏။

'စိတ်ချပါ၊ မောင့်ကို ဘယ်နေရာမှာ တွေ့ရသည် ဖြစ်စေ၊ ကျုပ်ကို တွေ့ဖူး မှတ်မိတယ်လို့ မပြောပါဘူး၊ စိတ်ချနေပါ'

'ကျေးဇူးတင်ပါတယ် ခင်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ငင်းနောက် ကွန်ဒတ်တာက မြင်းရထား ထွက်ဖို့ အချိန်တန်ပြီဟု ပြောသည်နှင့် မော်ဂင်သည် မိခင်ကို မြင်းရထားပေါ်သို့ လိုက်တင်ပြီးလျှင်၊ အက်ဒွပ်အား မိမိက ရန်ငြိုးမထားကြောင်း ပြောလျက် လက်ကို ဆန့်တန်းပေးရာတွင် အက်ဒွပ်က 'ဓားပြနဲ့ လက်မဆွဲနိုင်ပါဘူး' ဟု ပြောလိုက်၏။ မိခင်က ၎င်းစကားအတွက် ထိတ်လန့်မိရာတွင် မော်ဂင်က 'သတ္တိကောင်းတဲ့ သူငယ်ပါပေ ခင်ဗျာ၊ ထင်မိထင်ရာ ထင်တတ်တဲ့ ဝါသနာကလေး တစ်ခုသာ ပြောစရာ ရှိပေတယ်' ဟု ဆို၍ မြင်းရထား ထွက်ရန် အချက်ပေးလိုက်၏။

မိခင်က 'သြော်၊ နှာဘူး ကျန်ရစ်သေးတယ်' ဟု ပြော၍၊ မော်ဂင်က 'ကိစ္စ မရှိပါ၊ သုံးနိုင်ပါတယ်' ဟု ပြောလိုက်ရာတွင်၊ အက်ဒွပ်က မိခင်လက်မှ နှာဘူးကို ယူ၍ 'ဓားပြ ဆီက ဘာလက်ဆောင်မှ မလိုချင်ပါဘူး' ဆိုလျက် ပစ်ပေးခဲ့လေ၏။ ထိုအပြုအမူကို မြင်သောအခါ မော်ဂင်က အမိလီကို လက်ထပ်ဖို့ ငါ မပြောမိတာ ခပ်ကောင်းကောင်းပဲဟု တီးတိုးပြောမိ၏။

ငင်းနောက် မြင်းရထားကြီး ထွက်သွား၍ မြင်းစီးသမား လေးယောက်တို့လည်း ပါရစ်မြို့သို့ တောလမ်းဖြင့် စိုင်းလာခဲ့ကြလေ၏။

## အခန်း ၂၄

နောက်တစ်နေ့ နံနက် ၁၁ နာရီ အချိန်တွင် မဒမ်မွန်ထရီဘဲလ်သည် သံတမန်ဟိုတယ်သို့ ဆိုက်ရောက်၍ သား ရီလင်က ဆီးကြိုလိမ့်မည်ဟု မျှော်လင့်သည့်အတိုင်း မဟုတ်ဘဲ သူစိမ်းတစ်ယောက်က ဆီးကြိုလျက် ရှိသည်ကို တွေ့ရလေ၏။

'ဂျင်နရယ် မွန်ထရီဘဲလ်ကတော် ဟုတ်ပါစ ခင်ဗျာ'

'ဟုတ်ပါတယ်'

'သားကို ရှာနေတယ် မှတ်တယ်'

(ထိုအချိန်က ဘိုနပတ်သည် ပထမ ကွန်ဆိုလ်တည်းဟူသော ဘွဲ့ကို ခံယူလျက် ရှိ၏။)





'ပထမ ကွန်ဆိုလ်က သား ရီလင်ကို တစ်နေရာ လွှတ်ထားသည့်အတွက် ကျွန်တော့်ကို ကြိုဆိုဖို့ ခိုင်းလိုက်ပါတယ်'

'ရှင်က ဘယ်သူပါလဲ'

'ကျွန်တော်က အတွင်းဝန် ဘိုရီယန် ဖြစ်ပါတယ်'

'ပထမ ကွန်ဆိုလ်ကို ကျေးဇူးတင်ကြောင်း ပြောပြလိုက်ပါရှင်'

'ကျွန်တော့်ကို မှာနေဖို့ မလိုပါ၊ သားအမိ နှစ်ယောက်ကို သူ့ထံ ခေါ်ခဲ့ဖို့ အမိန့်ပေးလိုက်လို့မို မဒမ်ကိုယ်တိုင် ပြောပြနိုင်ပါတယ်'

ထိုအခါ သားကလေး အက်ဒွပ်က 'ကော်တာပဲဟော့၊ ဂျင်နရယ် ဘိုနပတ်ကို တွေ့ရတော့မှာတဲ့ဟော့၊ ကော်တာပဲကွာ' ဟု ဝမ်းမြောက် ဝမ်းသာ ပြောလေ၏။

'ဟဲ့ လူကလေး၊ တိတ်တိတ်နေ၊ ကျွန်မ သားကလေးက တောမှာနေရလို့ ရိုင်းပါတယ်ရှင်၊ ခွင့်လွှတ်ပါ'

ဘိုရီယန်က အက်ဒွပ်၏လက်ကို ဆွဲလျက် 'ငါက မင့်ကိုကိုနဲ့ မိတ်ဆွေပါကွယ်၊ ငါ့ကို ကစ်စ်ပေးမှာလား'

'ပေးမှာပေါ့ ခင်ဗျာ၊ ခင်ဗျားက ဓားပြ မဟုတ်တာ ကျွန်တော် သိပါတယ်'

'ကျွန်မတို့ မြင်းရထားကို လမ်းမှာ ဆီးတိုက်လို့ပါရှင်၊ ဒါကြောင့် သူ ပြောတာပါ'

'ဘယ်သူက တိုက်တာလဲ'

'ဘယ်သူရမှာလဲ ခင်ဗျာ၊ လမ်းမှာ ဆီးတိုက်ဆို ဓားပြပေါ့'

'ငါ့သား တိတ်တိတ်နေကွယ်'

ဘိုရီဟန်သည် မဒမ် မွန်ထရီဘဲလ်၏ မျက်နှာထားကို မြင်ရ၍ ဤအကြောင်းကို ဆက်လက် မပြောလိုကြောင်း ရိပ်မိသည်နှင့် စကား ဖြတ်လိုက်၏။

'မဒမ်ကို လူစင်ဘတ်နန်းတော် ခေါ်သွားပြီး မဒမ်ဘိုနပတ်နဲ့ မိတ်ဆက် ပေးဖို့ ဂျင်နရယ်က အမိန့်ပေးလိုက်ပါတယ် ခင်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မဒမ် မွန်ထရီဘဲလ်က အဝတ်အစားများ လဲလှယ်ရန် အတွက် နာရီဝက်ခန့် အချိန်ပေးဖို့ တောင်းပန်သည်နှင့် ဘိုရီယန်သည် နာရီဝက် ကြာသောအခါတွင် ပြန်လာမည်ဟု ပြောပြီးလျှင် ထွက်သွား လေ၏။

နာရီဝက် စေ့ရောက်သည်နှင့် တစ်ပြိုင်နက် ဘိုရီယန် ပြန်လာ အဆင်သင့် ပြင်ဆင်ပြီး ရှိနေသော သားအမိ နှစ်ယောက်ကို တွေ့ရသည် ခါ၊ ဘိုရီယန်က ဤအကြောင်းကို ဘိုနပတ် သိရလျှင် မဒမ် မွန်ထရီဘဲလ်ကို သူ့အနီးတွင် ထား၍ မဒမ်ဘိုနပတ်အား အချိန်မှန်အောင် ဂရုစိုက်ခြင်းနှင့် ပတ်သက်၍ သင်ပြပေးဖို့ ခိုင်းလိမ့်မည် ထင်သည်ဟု ရယ်မောကာ ပြော လေ၏။

၎င်းနောက် သားအမိ နှစ်ယောက်တို့သည် ဘိုရီယန်နှင့် အတူ လိုက်သွားကြ၍ လူ့ဇင်ဘတ် နန်းတော်ကြီးသို့ ရောက်ကြလေရာ၊ ဘိုနပတ် မှာ အောက်ဆုံးအထပ်၌ နေ၍ မဒမ် ဘိုနပတ်မှာ ဒုတိယအထပ်၌ နေထိုင် ၏။

ဘိုနပတ်၏ အခန်းမှ ဒုတိယအထပ်သို့ တက်သော လှေကားတစ် ရှိလေသည်။ ဂျိုးဇက်ဖိုင်းသည် မဒမ် မွန်ထရီဘဲလ်ကို မြင်သောအခါ မျှော် လင့် စောင့်ဆိုင်းနေသည့် လက္ခဏာနှင့် ခရီးဦးကြို ပြုလေရာ၊ မဒမ် မွန်ထရီ ဘဲလ်မှကား ရှိသေသော အမူအရာနှင့် တံခါးအနီး၌ ရပ်နေလေ၏။

'ကြွပါရှင် ကြွပါ၊ ရှင့်အကြောင်းကို ရိုလင်ဆီက ခဏခဏ ကြား လွန်းလို့ သိဟောင်း ကျွမ်းဟောင်း တစ်ယောက်လို ဖြစ်နေပါပြီ။ ဘိုနပတ် ခရီးထွက်တိုင်း ရိုလင် လိုက်သွားလို့ ကျွန်မဖြင့် သိပ် စိတ်ချတာပဲ၊ သူပါ လျှင် ကျွန်မ လင် ဘာမှ မဖြစ်နိုင်ဘူးလို့ လုံးဝ ယုံကြည် ထားပါတယ် ကျွန်မကို ကစ်စ် ပေးပါလားရှင်'

မဒမ် မွန်ထရီဘဲလ်မှာ ဤမျှလောက် ဖော်ရွေခြင်းကို တွေ့ရသဖြင့် မျက်နှာ မထားတတ်သလို ဖြစ်နေ၏။





'ရှင့်အဖေ ဥယျာဉ်ကို ကျွန်မ ရောက်ဖူးပါတယ်၊ သိပ် သာယာတာ ပဲ၊ ဒီတုန်းက ရှင် ငယ်ငယ်ပဲ ရှိသေးတယ်၊ ဘယ် အရွယ်က လက်ထပ်ကြ သလဲရှင်'

'၁၄ နှစ် သမီးကပါ'

'သြော်... ဒါကြောင့် ရိုလင်လောက် သားကြီးတစ်ယောက် ရှိနေ တာကိုး'

ဂျိုးဇက်ဖိုင်းသည် မဒမ်မွန်ထရီဘဲလ်ကို ဆိုဖာသို့ ခေါ်သွား၍ မိမိနှင့် အတူ ထိုင်စေ၏။

'ဟိုဟာလဲ ရှင့် သားကလေးပဲလား၊ ရှင်တို့တော့ ပေါများ ပါပေ့ရှင်၊ ကျွန်မ အဖို့လည်း သားတစ်ယောက်လောက် ရဖို့ ကူပြီး ဆုတောင်း ပေးပါ သားရှင်'

ဂျိုးဇက်ဖိုင်းသည် အက်ဒွပ်၏ နဖူးကို နမ်းရှုပ်လေ၏။

'ကျွန်မ ယောက်ျားက ပုလိပ်မင်းကြီးနဲ့ ကိစ္စကလေး ရှိနေလို့၊ နို့ မဟုတ်လျှင် သူကိုယ်တိုင် ကြိုရမှာ ကျေနပ်မှာရှင့်။ တစ်ခုတော့ ခွကျတယ်၊ သူ စိတ်ဆိုးနေခိုက်မှာမှ ရောက်လာမိလျက် ကြုံနေတာကိုး'

'ဒီလိုဆို ကျွန်မ စောင့်သေးတာပေါ့'

'စောင့်လို့ မဖြစ်ဘူး၊ ရှင့်ကို မြင်ရမှာ သူ စိတ်ဆိုးပြေသွားမယ်၊ ခက်လိုက်တာက ဒီလီဂျင် ရထားကြီးကို နေ့ခင်းကြောင်တောင်မှာ ဓားပြ တိုက်ပြန် ဆိုကိုးရှင့်'

မဒမ် မွန်ထရီဘဲလ်က ပြန်ပြောမည် ပြုဆဲတွင် အစေခံတစ်ယောက် ဝင်လာ၍ ဂျင်နရယ်က မဒမ် မွန်ထရီဘဲလ်ကို စောင့်မျှော်လျက် ရှိကြောင်း ပြောလေ၏။

မဒမ် မွန်ထရီဘဲလ်သည် အက်ဒွပ်ကိုပါ ခေါ်သွားမည် ပြုစဉ် ဂျိုးဇက် ဖိုင်းက သူငယ်ကို ၎င်းနှင့်အတူ ထားခဲ့ဖို့ ပြောသည်နှင့် တစ်ယောက်တည်း လိုက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျိုးဇက်ဖိုင်းက အက်ဒွပ်အား အပျင်းပြေအောင် မည်သို့ ပြုလုပ်ရမည်နည်းဟု မေး၍၊ အက်ဒွပ်က ဂျင်နရယ်၏ လက်နက်များကို ကြည့်လိုကြောင်း ပြောရာတွင် ဂျိုးဇက်ဖိုင်းသည် သူငယ်ကို ခေါ်သွားလေ၏။

မဒမ် မွန်ထရီဘဲလ်သည် အစေခံနှင့်အတူ လိုက်သွား၍ ဘိုနပတ်၏ အခန်းဝ၌ မျက်နှာညိုးငယ်သော လူကြီးတစ်ယောက်နှင့် ဆုံမိလေရာ အစေခံက 'ပုလိပ်မင်းကြီး ခင်ဗျ' ဟု မဒမ် မွန်ထရီဘဲလ်အား ပြောပြ၏။

ထိုခဏ၌ ဘိုနပတ်၏တံခါး ပွင့်သွား၍ ဘိုနပတ်သည် မဒမ် မွန်ထရီဘဲလ်ကို မြင်လိုက်ရာတွင် 'ဝင်ခဲ့ပါ မဒမ်' ဟု ခေါ်လိုက်သဖြင့် ဝင်သွားလေ၏။

'ထိုင်ပါ ခင်ဗျာ၊ ထိုင်ပါ၊ ပုလိပ်မင်းကြီး ဖိုးချီကို ကြိမ်းမောင်းဖို့ အလုပ်ကလေး ရှိလို့ မဒမ်ကို အစောင့်ခိုင်းရတာ အားနာပါရဲ့၊ သားတော်မောင် ရီလင်ကိုတော့ ကျွန်တော်က သိပ်ကျေနပ်တာပဲ၊ အခွင့် သာသည်နှင့် တစ်ပြိုင်နက် သူ့ကို ဂျင်နရယ် ခန့်ဖို့ စိတ်ကူးထားတယ်။ ဘယ်တုန်းက ရောက်ပါသလဲ'

'ဒီကနေ့ မနက်ပါပဲ ဂျင်နရယ်'

'ချက်တီလုံလမ်းက လာခဲ့တာပေါ့'

'မှန်ပါတယ်'

'ဒါဖြင့် ဒီလီဂျင် ရထားကြီးကို ဓားပြတိုက်တာ ကြားခဲ့မှာပေါ့'

'ကျွန်မ လိုက်ခဲ့တဲ့ မြင်းရထားကြီးပါပဲ ဂျင်နရယ်'

'တိုက်တုန်းက မြင်းရထားပေါ်မှာ မဒမ် ရှိတာပေါ့'

'ရှိပါတယ်'

'နေရာကျလှပြီ၊ သတင်း စေ့စုံအောင် ကြားရပေတော့မယ်။ ကျွန်တော် အုပ်ချုပ်တဲ့ တိုင်းပြည်မှာ နေ့ခင်းကြီး ကြောင်တောင် လမ်းမကြီးပေါ်မှာ ဓားပြတိုက်ယူတာ မခံနိုင်ဘူး ခင်ဗျ'

'ကျွန်မ ကိုယ်တိုင် လိုက်ပါလာပေမဲ့ မျက်နှာဖုံးတွေနဲ့ မြင်းစီးသမား





လေးယောက် တိုက်တဲ့ အကြောင်းက ပိုပြီး ကျွန်မ ဘာမှ မသိရပါဘူး ဂျင်နရယ်'

'ရထားပေါ်မှာ ယောကျ်ား ဘယ်နှယောက် ပါသလဲ ခင်ဗျ'

'ကွန်ဒတ်တာရော လေးယောက်ပါ'

'သူတို့က ဘယ်လိုမှ မခုခံကြဘူးလား'

'မခုခံကြပါ'

'ပုလိပ် အစီရင်ခံစာမှာ သေနတ်ပစ်သေးတယ် ဆိုပါကလား'

'ကျွန်မ သားက ပစ်တာပါ ဂျင်နရယ်'

'ဘယ့်နှယ်လဲ၊ သားက ဗင်ဒီ ရောက်နေတယ် မဟုတ်လား'

'အဲဒါက အကြီးပါ၊ ခု ပစ်တာက အငယ်ပါ'

'ဪ ညီငယ်ကလေး ရှိသေးတယ်လို့ ရီလင်က တစ်ခါ ပြောဖူးပါတယ်'

'မှန်ပါတယ်၊ ၁၂ နှစ် မပြည့်သေးပါဘူး ဂျင်နရယ်'

'ဘာကြောင့် သူ့ကို ခေါ်မလာခဲ့သလဲ'

'ခေါ်ခဲ့ပါတယ် ဂျင်နရယ်၊ မဒမ် ဘိုနပတ်နဲ့ နေရစ်ပါတယ်'

ဤတွင် ဘိုနပတ်သည် အစေခံတစ်ယောက်အား မဒမ် ဘိုနပတ်နှင့် အက်ဒွပ်ကိုခေါ်ခဲ့ရန် စေလွှတ်လိုက်ပြီးနောက်–

'ယောကျ်ားကြီးလေးယောက် ပါလျက်နဲ့ သူငယ်ကလေး တစ်ယောက်တည်းက ခုခံဖော် ရသတဲ့၊ တော်ပါပေ့ကွယ်၊ ဓားပြထဲက ဒဏ်ရာရတဲ့ လူများ ရှိသလား'

'မည်သူမျှ မထိပါ၊ ကွန်ဒတ်တာက သေနတ်ကို ကျည်ဆန် မထိုးဘဲ ယူခဲ့ပါသည်။ ကွန်ဒတ်တာရဲ့ သေနတ်နဲ့ ပစ်ခြင်း ဖြစ်ပါသည်'

'ကောင်းပြီ၊ သူ့နာမည်ကို သိအောင် စုံစမ်းရမယ်'

ထိုခဏ၌ မဒမ်ဘိုနပတ်သည် သူငယ်ကို လက်ဆွဲလျက် အခန်းထဲသို့ ဝင်လာလေ၏။ ဘိုနပတ်သည် 'လာစမ်းဟဲ့ သူငယ်' ဟု ခေါ်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



တွင် အက်ဒွပ်သည် နှောင့်နှေးခြင်း မရှိဘဲ ရှေ့သို့ တိုးလာ၍ စစ်အမှုအရာ အတိုင်း အရိုအသေ ပေးလေ၏။

'စားပြတွေကို မောင်မင်းက သေနတ်နဲ့ ပစ်တယ်ဆို'

'ဟော ကြည့်ပါလား မာမီ၊ စားပြတွေတဲ့၊ ဟုတ်သားပဲ'

'စားပြပေါ့ကွယ့်၊ ဟုတ်တာပေါ့၊ စားပြ မဟုတ်ဘူးလို့ ဘယ်သူက ပြောလို့လဲ၊ လူကြီးတွေက ကြောက်နေကြတော့ မင်းက သေနတ်နဲ့ ပစ်ကရောလား'

'ဟုတ်တယ် ဂျင်နရယ်၊ ဒါပေမဲ့ ကွန်ဒတ်တာက ကျည်ဆန် ထိုးမထား လို့၊ နို့မဟုတ်ရင် ဗိုလ်လုပ်တဲ့လူ သေပြီးသားပဲ ခင်ဗျာ့'

'မင်းက မကြောက်ဘူးပေါ့'

'ကျွန်တော်လား၊ ဘယ်တုန်းကမှ မကြောက်ဘူး'

'ဒီလိုဆိုလျှင် သူ့ကို ကွန်နီလီယာလို့ မှည့်ဖို့ ကောင်းတယ် မဒမ်၊ နေရာကျပြီ၊ ဒီသူငယ်ကို စောင့်ကြည့်ရမယ်။ ဟော့ သူငယ်၊ မင်း ဘာဖြစ်ချင်သလဲဟေ့'

'လက်ဦးဆုံး စစ်သား ဖြစ်ချင်တယ် ခင်ဗျာ့'

'လက်ဦးဆုံး ဆိုတာက ဘာပြောတာလဲကွယ့်'

'အစ ဦးဆုံးတော့ စစ်သား၊ ဒီနောက်တော့ ကိုကိုလို ကာနယ်၊ ဒီနောက်မှ ဖေဖေလို ဂျင်နရယ်ပေါ့ ခင်ဗျ၊ ဒါပြောတာ'

'အေး ဖြစ်စေ့မယ်ဟေ့၊ ငါ ကြိုးစားမယ်'

'ကျွန်တော်ကလည်း ကြိုးစားမှာပေါ့ ဂျင်နရယ်'

'ဟဲ့ အက်ဒွပ်'

'နေပါစေ၊ သူ ပြောတာ လမ်းကျသားပဲ၊ အပြစ် မတင်ပါနဲ့ မဒမ်'

ဘိုနပတ်သည် သူငယ်ကို ပွေ့ချီ၍ နမ်းရှုပ်လေ၏။

'ကျွန်တော်တို့နဲ့ စားကြတာပေါ့၊ ဟိုတယ်မှာ လာကြိုတဲ့ ဘိုရီယန်က ဗစ်တိုင်ယာကို လိုက်ပို့လိမ့်မယ်၊ ရိုလင် ပြန်မလာမချင်း အဲဒီက စောင့်





ဘာပေါ့၊ သူ ရောက်တော့မှ နေရာ ချထားပါလိမ့်မယ်၊ အက်ဒွပ်ကိုတော့ ကျောင်းပို့ရမယ်။ မဒမ်ရဲ့ သမီးကိုလည်း ကြည့်ပြီး နေရာချထား ပေးရတာပေါ့'

'ဂျင်နရယ်'

'ဒီဟာတွေ ရိုလင်နဲ့ တိုင်ပင်ပြီးသားပဲ၊ ကိုင်း ဂျူးဇက်ဖိုင်း၊ မဒမ်ကို ခေါ်သွားပေတော့၊ မပျင်းပါစေနဲ့နော်။ မဒမ်ကလည်း သူ ဈေးသွားဝယ်သွင် ဖျက်လိုက်ပါ ခင်ဗျား၊ ဦးထုပ်တွေ လုံလောက်ပါပြီ၊ တစ်လတည်းမှာ ဦးထုပ် ၃၈ လုံး ဝယ်ပြီးပါပြီ'

၎င်းနောက် မိန်းမနှစ်ယောက်နှင့် အက်ဒွပ်တို့လည်း အခန်းမှ ထွက်လာခဲ့ကြလေ၏။

BURMESE CLASSIC .com

## အခန်း ၂၅

သက္ကရာဇ် ၁၈၀၀ ပြည့်နှစ် ဇန်နဝါရီလ ၂၆ ရက်နေ့၌ ဘုရင့်ဂိုဏ်းဘက်မှ စစ်ဗိုလ်ချုပ်ကြီး အဖြစ်နှင့် ဆောင်ရွက်လျက် ရှိသော ကဒေါက်ဒဲလ်သည် စစ်သား သုံး လေး ထောင်ကို ရှေ့ဆောင်လျက် သမ္မတ အစိုးရ စစ်တပ်ကို တိုက်ခိုက်ရန် ပြင်ဆင်လျက် ရှိ၏။ ဘိုနပတ်ထံသို့ ၁၈ မြောက် လွှဲဘုရင်၏ စာကို ပို့ထားစဉ်က ကဒေါက်ဒဲလ်သည် တိုက်ခိုက်ခြင်း အလုပ်ကို ဆိုင်းငံ့ထားခဲ့ရာ ဘိုနပတ်၏ ပြန်စာကို ရရှိသည်နှင့် တစ်ပြိုင်နက် သမ္မတ အစိုးရ တပ်များနှင့် စစ်ဖက်ရန် ပြင်ဆင်လေ၏။

သမ္မတ အစိုးရဘက်မှလည်း ဟော်လန်ပြည်ကို ကယ်တင်ခဲ့ဖူးသည့် ဂျင်နရယ် ဘရူး(န်)သည် ဗိုလ်ချုပ်အဖြစ်နှင့် ဦးစီးအုပ်ချုပ်လျက် လွန်ခဲ့သော သုံးရက်ခန့်က နန်းတီမြို့သို့ ဆိုက်ရောက်လာ၍ ကဒေါက်ဒဲလ်၏ စစ်တပ်ကို နှိမ်နင်းရန် ပြင်ဆင်လျက် ရှိ၏။ ကဒေါက်ဒဲလ်မှာ သမ္မတ တပ်ကို ခြောက်လှန့်ရုံနှင့် မအောင်မြင်နိုင်ဘဲ မိမိတို့ကိုယ်တိုင် အကြောက်အလန့် မရှိ



www.burmeseclassic.com

www.burmeseclassic.com



ပထမတန်း သတ္တိရှိသူများ ဖြစ်သည်ဟု ထင်ရှားအောင် ပြနိုင်မှ ဖြစ်
တော့မည်။

ထိုနေ့၌ ကဒေါက်ဒဲလ်သည် စစ်စခန်း၌ ရှိစဉ် လူတစ်ယောက်သည်
မြင်းတစ်စီးနှင့် ဆိုက်ရောက်လာ၍ ကဒေါက်ဒဲလ်၏ အခန်းသို့ ဝင်သွာ
သဖြင့်၊ ကဒေါက်ဒဲလ်သည် စစ်သားတို့၏ ဝါသနာအတိုင်း သေနတ်ပေ
တွင် လက်တင်၍ မော့ကြည့်လိုက်၏။

'ဩော် ...ကိုဒီရှိုင်ပါကလား၊ ဘယ်က ရောက်လာသလဲ'

'ပေါင်စီကပါ ဂျင်နရယ်'

'ဘာသတင်းများ ပါသလဲ'

'တစ်ဖိုးကျီးဆီက စာ ပါပါတယ်'

ကဒေါက်ဒဲလ်သည် တစ်ဖိုးကျီး ပေးလိုက်သော စာကို နှစ်ကြိမ်တိုင်
တိုင် ဖတ်ပြီးနောက်–

'ဒီကို လာမယ်ဆိုတဲ့ လူကို မင်း တွေ့ဖူးသလား'

'တွေ့ဖူးပါတယ်'

'ဘယ်လိုလူလဲ'

'အသက် ၂၆ နှစ်လောက် ရှိတဲ့ လူချောကလေး တစ်ယောက်ပဲ'

'သူ့အကြောင်း ဘာသိသလဲ'

'အင်မတန် စိတ်ပြတ်တဲ့ လူပဲ၊ လုပ်မယ်ဆိုလျှင် ဖြစ်အောင် လု
တတ်တဲ့ ဝါသနာ ရှိတယ်'

'ဘယ်တော့ ရောက်မလဲ'

'ဒီကနေ့ည ရောက်လိမ့်မယ်'

'သူ့ကို မင်း စောင့်ရှောက်ရဲ့လား'

'စောင့်ရှောက်ပါတယ်၊ ကောင်းမွန်စွာ ဆိုက်ရောက်ပါလိမ့်မယ်'

'သူ့ကို မော်ဂင်က ကာကွယ်ထားတယ်၊ အန္တရာယ် မဖြစ်ပါ
နဲ့'





'နားလည်ပါတယ် ဂျင်နရယ်'

'ဒီပြင်ကော ဘာသတင်း ပါသေးသလဲ'

'စစ်သား ၁၀၀၀ ပါတဲ့ သမ္မတအစိုးရ တပ်ဦးဟာ လာရှိရှိဘားနဒ်
ကို ရောက်ပါပြီ'

'သေချာရဲ့လားကွယ်'

'ကျွန်တော်ကိုယ်တိုင် တွေ့ခဲ့ရပါတယ်၊ ကော်မရှင်နာ လုပ်တဲ့ လူက
ဘာနယ်နဲ့ အတူ ယှဉ်ပြီး မြင်းစီးလာတာ ကျွန်တော် မြင်ရပါတယ်။ ဒီလူက
ကျွန်တော့် အစ်ကိုကို သတ်ပစ်ဖူးလို့ ကျွန်တော်ကိုယ်တိုင် လက်စားချေဖို့
သစ္စာ ပြုထားပါတယ်'

'မင်းက အသက်စွန့်ပြီး လက်စားချေမှာလား'

'အခွင့် ကြုံကြိုက်သည်နှင့် တစ်ပြိုင်နက် လုပ်ပါမယ်'

'ဒါဖြင့် မကြာတော့ဘူးပေါ့'

ထိုခဏ၌ လမ်းပေါ်တွင် မြင်းစိုင်းလာသော အသံများ ကြားကြရ
သေး၏။

'ဂျင်နရယ် မျှော်နေတဲ့လူ ထင်တယ်'

'မဟုတ်ဘူးကွယ်၊ ခွာသံက ဗင်နီဘက်ဆီက လာတဲ့ ခွာသံနဲ့
တူတယ်'

မြင်းခွာသံများ နီးကပ်လာသောအခါ ကဒေါက်ဒဲလ် တွေးထင်သည့်
အတိုင်း ဟုတ်မှန်သည်ကို တွေ့ရ၏။

မကြာမီအတွင်း ဒုတိယ မြင်းခွာသံများ ပေါ်လာပြန်၍ ကဒေါက်
ဒဲလ် ရှိသော အိမ်ရှေ့၌ ရပ်ပြီးလျှင် အခန်းထဲသို့ ဝင်လာလေ၏။ ဂျင်နရယ်
က–

'ဘယ်နှဲဒီစီလား ဟေ့'

'ဟုတ်ပါတယ် ဂျင်နရယ်'

'ဘယ်ဆီက လာခဲ့သလဲ'



www.burmeseclassic.com

www.burmeseclassic.com



'တပ်ပြာတွေကို စောင့်ကြည့်ဖို့ ဂျင်နရယ် ခိုင်းထားတဲ့ အတိုင်း ဗင်နီက လာခဲ့ပါတယ်'

'တပ်ပြာတွေ ဘာလုပ်နေကြသလဲ ဟေ့'

'ဂျင်နရယ်က မြို့ကို ဝိုင်းထားလျှင် အစာငတ် သေကြရတော့မှာပဲ လို့ ကြောက်နေကြပါတယ်။ ဂျင်နရယ် ဟက်ထရီက ဂရင်ချမ်မှာရှိတဲ့ ရိက္ခာတွေကို ဗင်နီမှာ ရွှေ့ထားဖို့ စီမံနေကြပါတယ်။ ဒီကိစ္စကို လျင်မြန်စွာ ပြီးစီးအောင် လူ ၁၀၀ တည်းနဲ့ ဆောင်ရွက်ကြပါလိမ့်မယ်'

'ကောင်းပြီ၊ မိုးသောက်ချိန်မှာ ဂရင်ချမ်ကို ရောက်အောင်သွား ရွာထဲက လူတွေကို ငါ့အမိန့်နဲ့ ထွက်ကြပစေ။ ဂျင်နရယ် ဟက်ထရီကို ငါ ကိုယ်တိုင် တိုက်မယ်၊ ဒီပြင်ကောဟေ့'

'ဗင်နီမှာ ဂိုဏ်းအုပ်အသစ် တစ်ယောက် ရောက်နေပါတယ်'

'ဘယ်သူလဲဟေ့'

'ဘုရင်ကို သတ်တဲ့ အော်ဒရိန်ပါ'

'သူ ဘယ်တော့ ရောက်မလဲ'

'ဒီကနေ့ည၊ သို့မဟုတ် နက်ဖြန်ပါပဲ'

ထိုခဏ၌ လာရိချိဘားနဒ် မြို့ဆီမှ လာသော မြင်းခွာသံများ ကြား ကြရ ပြန်လေ၏။

'ဒီဟာတော့ သူပဲ ထင်တယ် ဂျင်နရယ်'

'ကိုင်း ဒါဖြင့် မင်းတို့ ဖယ်လိုက်ကြ။ ဘယ်နီဒီစီက ဂရင်ချမ်ကိုသွား ကိုဒီရှိုင်းက အိမ်ဝင်းထဲမှာ လူ ၃၀ စောင့်ဖို့ စီမံထား၊ စေတမန်တွေ လွှတ်ဖို့ လိုလိမ့်မယ်။ ပြီးတော့ အကောင်းဆုံး ရနိုင်သမျှ ညစာကို ပို့လိုက်စမ်း'

'ဘယ်နှယောက် အတွက်လဲ'

'နှစ်ယောက်အတွက် ပို့လိုက်'

'ဂျင်နရယ် အပြင် ထွက်ဦးမလား'

'မထွက်ပါဘူး၊ သူ့ကို ကြိုမလို့ပါ'





ဂျင်နရယ်သည် လမ်းသို့ ထွက်၍ ကြိုဆိုလျက် ရှိစဉ် မြင်းစီးသမား ဘစ်ယောက်သည် ရပ်တန့်၍ တောင်မြောက် လေးပါးကို ကြည့်နေလေ၏။ ဂျင်နရယ်က ထိုလူအား–

'ရှိပါတယ်'

'ဘယ်သူ ရှိတာလဲ'

'မောင် တွေ့ချင်တဲ့ လူလေ'

'ကျွန်တော် ဘယ်သူ့ကို တွေ့ချင်တယ်လို့ ခင်ဗျား သိသလား'

'ဂျင်နရယ် ကဒေါက်ဒဲလ် မဟုတ်လား'

'ဟုတ်ပါတယ်'

'ဆင်းပါ မော်ဇယာ မွန်ထရီဘဲလ်။ ကျွန်ုပ် ကဒေါက်ဒဲလ်ပါပဲ'

ရိုလင်သည် မြင်းပေါ်မှ ဆင်း၍ မြင်းကို မည်သူ့အား အပ်ခဲ့ရပါ မည်နည်းဟု ကြည့်နေစဉ်–

'ဇက်ကို လွှတ်ထားလိုက်ပါ၊ ဒီနယ်မှာ သူခိုး မရှိပါဘူး။ မောင့် မြင်းကို လိုချင်တဲ့ အချိန်မှာ ပြန်ရပါစေ့မယ်'

ရိုလင်လည်း ပြောသည့်အတိုင်း မြင်းကို လွှတ်ထားခဲ့၍ ကဒေါက် ဒဲလ် နောက်မှ အိမ်ထဲသို့ ဝင်လိုက်သွားလေ၏။

## အခန်း ၂၆

ရိုလင်သည် အခန်းထဲတွင် မိမိတို့မှ တစ်ပါး မည်သူမျှ မရှိသည်ကို တွေ့ရ သောအခါ–

'ဂျင်နရယ် ကင်းချုပ်က တစ်မျိုးပါကလား'

'ဘာကြောင့် ပြောတာလဲ၊ လမ်းမှာ လူတစ်ယောက်မှ မတွေ့ခဲ့လို့ သား ကာနယ်'

'ဟုတ်ပါတယ်၊ လူတော့ မတွေ့ခဲ့ဘူး၊ ဓိးကွက်တွေ မြည်တာ သောက် ကြားခဲ့ရတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ညအချိန်မှာ ဇီးကွက်လောက် မြင်နိုင်တာ ဘယ်မှာ ရှိမလဲ၊ လူ
မတွေ့ပေမဲ့ ကာနယ်က ဂျင်နရယ် ကဒေါက်ဒဲလ် ဘယ်မှာ ရှိသလဲ လို့
တောထဲမှာ မေးလိုက်လျှင် ပြန်ဖြေမယ့် လူတွေ တစ်သောင်းငါးထောင်
တောင် ရှိတယ်။ ဒီလူတွေက ပထမ ကွန်ဆိုလ်ဘိုနပတ်ရဲ့ သက်တော်စောင့်
ကာနယ် မွန်ထရီဘဲလ်သည် လီဂွါနီ စက်ပိုင်ရဲ့သား ဂျင်နရယ် ကဒေါက်ဒဲလ်
နဲ့ ဆွေးနွေးဖို့ လာတယ် ဆိုတာကို သိပြီးသားပဲ'

'ကျွန်တော်မှန်း သိလျက်နဲ့ ဘာကြောင့် လာခွင့် ပြုကြသလဲ'

'လာပေစေလို့ အမိန့် ပေးထားလို့ပေါ့'

'ဒါဖြင့် ကျွန်တော် လာမယ်ဆိုတာ သိပြီးလား'

'လာမယ်ဆိုတဲ့ အကြောင်းတွင်မက ဘာကိစ္စ လာလိမ့်မယ် ဆိုတာ
ကိုလည်း သိတယ်'

'ဒီလိုဆိုလျှင် ကျွန်တော့်က ပြောဖို့ မလိုတော့ဘူးပေါ့၊ အဖြေကိုသာ
ပြောပါတော့ ဂျင်နရယ်'

'ကျုပ်ဆီကို ကာနယ် လာတဲ့ ကိစ္စဟာ ရှေးဦးစွာ ဘာနီယာ
စိစဥ်ဖို့ စိတ်ကူးသေးတယ်'မဟုတ်လား။ ဘာနီယာက သူ့မိတ်ဆွေ ဒုဘိုင်
ကို စာရေးတဲ့ အခါမှာ သူ့ကိုယ်သူ အထင်ကြီးပြီး ဘိုနပတ်နဲ့ စေ့စပ်ပေး
မယ်လို့ အကြံပေးဖူးတယ် ဟုတ်လား'

'နေပါဦး ဂျင်နရယ်၊ ဘာနီယာက ဘိုနပတ်ဆီကို စာရေးဖူးသလား'

'ကျွန်ုပ် ပြောတာက ဒုဘိုင်ဆီကို စာရေးတယ်လို့ ပြောပါတယ်
ဒီစာကို ကျွန်ုပ် လူများက လမ်းက ဖြတ်ပြီး ကျွန်ုပ်ဆီကို ယူခဲ့တယ်
ကျွန်ုပ်က ကော်ပီ ကူးယူထားပြီး မူရင်းစာကို သူ့ လိပ်အတိုင်း ပေးပို့လို
တယ်'

'ပထမ ကွန်ဆိုလ်က ငြိမ်းချမ်းရေးကို အလိုရှိပါတယ်။ ဂျင်နရယ်
သတ္တိနဲ့ သစ္စာရှိခြင်းကို သိသည့်အလျောက် သူနဲ့ လူချင်းဆုံကြဖို့ မဖြစ်
သည့်အတွက် ကျွန်တော့်ကို လွှတ်လိုက်ပါတယ်'





'ဘာနီယာဆီကို လွှတ်တာ မဟုတ်လား ကာနယ်'

'ဘယ်သူ့ဆီကို လွှတ်သည် ဖြစ်စေ၊ ဂျင်နရယ်အဖို့ အကြောင်း
ထူးပါဘူး။ ကျွန်တော်နဲ့ ဂျင်နရယ်နဲ့ သဘောတူညီကြတဲ့ အချက်ကို
ပထမ ကွန်ဆိုလ်က အတည်ပြုလျှင် ပြီးရော မဟုတ်ပါလား။ ဒီအတွက်
ကျွန်တော် တာဝန်ယူပါတယ်။ စစ်ပြေငြိမ်းဖို့အတွက် ဂျင်နရယ်က ဘယ်လို
ချက်များ အလိုရှိပါသလဲ'

'ကျွန်ုပ် လိုချင်တာက ရှင်းရှင်းကလေးပဲ၊ ၁၈ မြောက် လွီဘုရင်ကို
နန်းပေါ်တင်၊ သူ ကိုယ်တိုင်က ရေတပ် ကုန်းတပ်မှာ ဗိုလ်ချုပ်လုပ်၊ ကျွန်ုပ်
ကို့ ပထမ လက်ထောက် နေရာပေး၊ ဒါပါပဲ'

'ဒီကိစ္စနဲ့ ပတ်သက်လို့ ပထမ ကွန်ဆိုလ်က စကား ပြန်ပြီးပြီပဲ
ဂျင်နရယ်'

'ဒါကြောင့် ကျွန်ုပ်ကလည်း သူ့စကားကို အဖြေပေးဖို့ ဆုံးဖြတ်
ပြီ'

'ဘယ်တော့လဲ ဂျင်နရယ်'

'တတ်နိုင်လျှင် ဒီကနေ့ညပဲ'

'ဘယ်လို အဖြေမျိုး ပေးမှာလဲ'

'ရပ်ဆိုင်းထားတဲ့ စစ်ကို ပြန်တိုက်မှာပေါ့'

'ချက်တီလုံတို့ စစ်ဗိုလ်ကြီး သုံးယောက်လုံးက လက်နက်ချပြီးပြီ
တာ ဂျင်နရယ် သိရဲ့လား'

'သူတို့က ဗင်ဒီနယ်အတွက် ခေါင်းဆောင်တွေမို့လို ဗင်ဒီနယ်အဖို
ဗေ္ဗချင်ရာ လုပ်ကြပေစေ၊ ကျွန်ုပ်က ချူဝမ်နယ် ခေါင်းဆောင်ဖြစ်လို့မို
ယ်အတွက် ကျွန်ုပ် သဘောအတိုင်း လုပ်ရလိမ့်မယ်'

'ဒီလိုဆိုလျှင် ဒီနယ်ကလေး ပြုတ်ပြုတ်ပြန်းအောင် လုပ်တော့မယ်
ပေါ့လေ'



www.burmeseclassic.com

www.burmeseclassic.com



'ခရစ်ယာန်အားလုံး၊ ဘုရင်ကို ကြည်ညိုတဲ့လူ အားလုံး မြတ်သော သေခြင်းဖြင့် အသေခံကြဖို့ ကျွန်ုပ် သွေးစည်းပြီးပြီ'

ဂျင်နရယ် ဘရူး(န်)က အင်္ဂလိပ်ဆီက ပြန်ပို့လိုက်တဲ့ သံ့ပန်း ၈၀၀၀ တပ်ကို ဦးစီးပြီး နန်းတော်မြို့မှာ ရောက်နေပြီ ဂျင်နရယ်'

'ကိစ္စ မရှိပါဘူး၊ လူ အနည်းအများ ပဓာန မဟုတ်ဘူး'

'ဂျင်နရယ် ဘရူး(န်)ရဲ့ သံ့ပန်းတပ် ၈၀၀၀ နဲ့ ဂျင်နရယ် ဟီဒုဗီရဲ့ ၂၀၀၀၀ တပ်နဲ့ ပေါင်းတိုက်လို့ မလုံလောက်သေးလျှင် ပထမ ကွန်ဆိုလ်က လူတစ်သိန်း တပ်ကြီးနဲ့ သူကိုယ်တိုင် တက်တိုက်ဖို့ ဆုံးဖြတ်ထားတယ် ဂျင်နရယ်'

ဂျင်နရယ် ကဒေါက်ဒဲလ်သည် ပြုံးရယ်ပြီးနောက်–

'ဘိုနပတ်နဲ့ ယှဉ်ပြိုင်ပြီး စစ်ဖက်နိုင်လောက်တဲ့ အရည်အချင်း ရှိသူတွေဖြစ်ကြောင်း ကိုယ့်ကိုယ်ကိုယ် ထင်ရှားအောင် ပြဖို့ ကြိုးစားရမှာ ပေါ့'

'ဂျင်နရယ်တို့ရဲ့ မြို့တွေကို သူက မီးရှို့ ဖျက်ဆီးလိမ့်မယ်'

'မြို့တွေ မီးလောင်ကုန်လျှင် တဲကလေးတွေ ဆောက်ပြီး နေမှာ ပေါ့'

'တဲကလေးတွေကိုလည်း ရှို့လျှင်ကော...'

'တောထဲဝင်ပြီး တောခိုနေကြမယ်'

'စဉ်းစားပါ ဂျင်နရယ်'

'၄၈ နာရီလောက် ဒီမှာ စောင့်ကြည့်လျှင် ကျွန်ုပ် စဉ်းစားပြီး ဖြစ် ကြောင်း ကာနယ် တွေ့ရပါလိမ့်မယ်'

'နေတောင် နေကြည့်ချင်သေးတယ် ဂျင်နရယ်'

'နေချင် နေကြည့်လေ၊ များများကြီးတော့ ကျွန်ုပ် တာဝန် မယူနိုင် ဘူး။ သစ်ပင်အောက်မှာ အကျီကြီး ခြုံအိပ်ပြီး ပြန်ချင်တဲ့ အခါမှာ လုံခြုံစွာ ပြန်နိုင်ဖို့လောက်ပဲ ကျွန်ုပ် တာဝန်ယူနိုင်တယ်'





'ဒီလိုဆိုလျှင် ကျွန်တော် နေကြည့်မယ် ဂျင်နရယ်'

'သို့သော် ကျွန်ုပ် ပေးတဲ့ အမိန့်များကို မနှောင့်ယှက်ပါဘူး၊ ကျွန်ုပ် စီမံချက်များ ပျက်စီးအောင် ဘာမှ မလုပ်ပါဘူးလို့ ကတိ ပေးရလိမ့်မယ်'

'ကတိပေးပါတယ် ဂျင်နရယ်'

'ဘာတွေကို မြင်ရသည် ဖြစ်စေနော်'

'ဘာကိုပဲ မြင်ရ မြင်ရ၊ ကျွန်တော် မနှောင့်ယှက်ပါဘူး။ ကျွန်တော် မြင်ခဲ့ရပါတယ်လို့ ပထမ ကွန်ဆိုလ်ကို ပြောနိုင်လျှင် ကျေနပ်ပါပြီ'

'ကောင်းပြီ၊ နေကြည့်တာပေါ့'

ထိုခဏ၌ အစေခံနှစ်ယောက်တို့သည် လူနှစ်ယောက်တွက် ပြင်ထားသော ညစာကို လင်ပန်းများဖြင့် ထည့်လျက် အခန်းထဲသို့ သွင်းလာခဲ့ကြလေ၏။

## အခန်း ၂၇

ညစာ စားသောက်ကြပြီးနောက် ကဒေါက်ဒဲလ်နှင့် ရိုလင်တို့သည် မီးဖိုကြီး ရှေ့တွင် ခြေထောက်များကို ဆန့်လျက် ဓိမ်ယူနေကြစဉ် ရိုလင်က–

'ကိုင်း ပြစရာ ရှိတာ ပြပါတော့ ဂျင်နရယ်'

'ဘယ်လိုမှ မနှောင့်ယှက်နဲ့နော်'

'မနှောင့်ယှက်ပါဘူး၊ ကျွန်တော် မမြင်ဝံ့၊ မရှုဝံ့တာ ဖြစ်လျှင် ရှောင် နေပါ့မယ်'

ထိုအခါ ကဒေါက်ဒဲလ်သည် အစေခံ တစ်ယောက်ကို ခေါ်၍ မြင်း နှစ်စီးကို ကုန်းနှီးတင်ထားရန် အမိန့်ပေးပြီးနောက် ဆက်လက်၍–

'ကျွန်ုပ်က ဒီမှာ စစ်ဗိုလ် အလုပ်သာမက တရားသူကြီး အလုပ်ပါ ဆောင်ရွက်နေရပါတယ်။ ဒီလိုပါ၊ လာရိုချီဘားနဒ်မှာ စခန်းချနေတဲ့ သမ္မတ အစိုးရစစ်တပ်မှာ စစ်ဗိုလ်နဲ့ အတူ တွဲပြီး မီလီယာဆိုတဲ့ ကော်မရှင်နာ တစ်ယောက် ပါလာပါတယ်။ ဒီလူက ခင်ဗျားတို့ ကျွန်တော်တို့လို တစ်ဘက်

www.burmeseclassic.com



က လူတစ်ယောက် မဟုတ်လေတော့ စစ်တိုက်ရာမှာ အမြောက်တို့၊ သေနတ်တို့ ဆိုတဲ့ လက်နက်တွေ မသုံးဘူး၊ ဂီလော့တင်းဆိုတဲ့ ခေါင်းဖြတ်စက်ကြီးကို သုံးနေတယ်'

'ဟုတ်ပါ့မလား ဂျင်နရယ်၊ ပထမကွန်ဆိုလ် လက်အောက်မှာ ဒီလိုနည်းနဲ့ တိုက်တဲ့လူ ရှိနိုင်ပါ့မလား'

'ပထမကွန်ဆိုလ် ကိုယ်တိုင် မလုပ်ပေမဲ့ သူ့နာမည်ခံတဲ့ လူတွေက လုပ်နေတယ်'

'ဘယ်သူလဲ ဂျင်နရယ်'

ခု ပြောတဲ့ ကော်မရှင်နာ မီလီယာဆိုတဲ့ လူပေါ့။ ဗင်ဒီ တစ်နယ်လုံးမှာ မေးချင်တဲ့လူ မေးကြည့်ပါ။ သူပုန်ထတဲ့ နေ့ကစပြီး ခြောက်နှစ်လုံးလုံး အတောအတွင်းမှာ ဒီလူဟာ ယောကျာ်း၊ မိန်းမ၊ အဘိုးကြီး၊ အဘွားကြီး၊ ကလေးသူငယ် မကျန် သူပုန်နဲ့ ပတ်သက်တယ်ဆိုပြီး ဂီလော့တင်း စက်ကြီးနဲ့ လူတွေကို ဦးခေါင်းဖြတ်ပြီး သတ်ခဲ့ပါတယ်။ ဒီလူကို ကျွန်ုပ်တို့ အပြစ်အတိုင်း စီရင်ရပါလိမ့်မယ်'

'သူ့ကို ဖမ်းမိထားလို့လား'

'မမိသေးပါဘူး၊ သူ့ ကိုယ်ရံတော်တွေ အကြားမှာ ကျွန်ုပ်တို့ စီရင်မယ်'

ကဒေါက်ဒဲလ်သည် အစေခံ တစ်ယောက်အား ကိုဒီရှိုင်းကို ခေါ်ခိုင်း၍ ကိုဒီရှိုင်း ရောက်လာသောအခါ–

'ကိုဒီရှိုင်း၊ လာရိုချီဘားနဒ်မှာ ကော်မရှင်နာ မီလီယာ ရောက်နေတယ်လို့ မောင်မင်း ပြောတယ် မဟုတ်လား'

'စစ်ဗိုလ်ကြီးနဲ့ အတူတွဲပြီး မြင်းစီးဝင်သွားတာ ကျွန်တော် မြင်လိုက်ပါတယ်'

'သူတို့မှာ ဂီလော့တင်း ကိရိယာကြီး ပါတယ်ဆို မဟုတ်လား'

'ပါပါတယ် ဂျင်နရယ်'





'သူ့ အနီးမှာ ဘယ်သူတွေ စောင့်ကြပ်သလဲ'

'အထူး ကိုယ်ရံတော်တပ် စောင့်ကြပ်ပါတယ်၊ သူ့မှာ ပစ္စတိုသေနတ် အမြဲ ဆောင်ထားပါတယ်'

'ကိုယ်ရံတော်တပ် ဝိုင်းထားလျက်နဲ့ သူ့အနား ရောက်အောင် မောင်မင်း ဝင်နိုင်ပါ့မလား'

'ဝင်ပါ့မယ်'

'သူ့ကို ကျွန်ုပ် စီရင်ချက် ချပြီးပြီ၊ သူ သေရမယ်'

'ကောင်းပါပြီ ဂျင်နရယ်'

'မောင်မင်း ဆောင်ရွက်နိုင်ပါ့မလား'

'ဆောင်ရွက်ပါမယ်'

'ကောင်းပြီ၊ လူ လိုသလောက် ခေါ်သွား၊ သင့်တော်သလို စီမံ၊ သူ သေအောင် သတ်ရမယ်'

'သတ်ပါ့မယ်၊ ကျွန်တော် စိတ်ကူးထားတဲ့ အစီအစဉ် ရှိပါတယ်'

'ဘယ်တော့ ထွက်ကြမလဲ'

'ဒီည ထွက်ပါ့မယ်'

'သူ ဘယ်တော့ သေမလဲ'

'နက်ဖြန် သေပါစေ့မယ် ဂျင်နရယ်'

'ကောင်းပြီ သွားတော့၊ ကျွန်ုပ်နောက် လိုက်ဖို့ လူ ၃၀၀ စီစဉ်ထားလိုက်စမ်း'

ကိုဒီရှိုင်း ထွက်သွားသောအခါ–

'ဘယ့်နှယ်လဲ ကာနယ်၊ ကျွန်ုပ် တပည့်တွေ မြင်ပြီလား၊ ပထမကွန်ဆိုလ်မှာ ဒီလို တပည့်မျိုး ရှိရဲ့လား'

'တချို့ ရှိပါတယ်'

'ကျွန်ုပ်မှာ အားလုံး ဒီလို တပည့်မျိုးချည်းပဲ'

'ရှိပေမဲ့ အရေအတွက် နည်းတယ် ဂျင်နရယ်'



www.burmeseclassic.com

www.burmeseclassic.com



'ထင်သလောက် မနည်းပါဘူး၊ ကျွန်ုပ် ပြမယ်'

ကဒေါက်ဒဲလ်က ဘရန်ချီဒေါဟု ခေါ်လိုက်ရာ အရာရှိ တစ်ယောက် ဝင်လာလေ၏။

'ဒီလူက ကျွန်ုပ် လက်အောက်မှာ မေဂျာဂျင်နရယ်ပဲ၊ ကိုင်း ဘရန်ချီဒေါ၊ ဒီနေရာက လာရီချီဘားနဒ်အထိ စစ်သား ဘယ်နှယောက် ချထားသလဲ'

ထိုအခါ အရာရှိသည် ရွာနာမည်များကို ပြောပြ၍ ဤရွာအကြား၌ လူ ၅၀၀၊ ဟိုရွာ အကြား၌ လူ ၁၀၀၀ စသည်ဖြင့် စာရင်းချ၍ တွက်ပြရာ စုစုပေါင်း စစ်သား ၅၀၀၀ ကျော်မျှ ရှိသည်ဟု ကြားရ၏။ ဤတွင် ကဒေါက်ဒဲလ်က–

'စစ်သားတော့ ၅၀၀၀ တည်းပဲ ကာနယ်၊ သို့သော် ကျွန်ုပ် လူတွေက ဒီနယ်သားတွေ ဖြစ်လေတော့ ဘယ်နေရာမှာ ချောင်းရှိတယ်၊ ဘယ်နေရာမှာ တောင်ကုန်းကလေး ရှိတယ်၊ ဘယ်နေရာမှာ ဘာပင် ရှိတယ် ဆိုတာတွေ အားလုံး သိလေတော့ ကာနယ် ပြောတဲ့ လူတစ်သိန်း တပ်ကြီး ချီတက်လာတောင် ကျွန်ုပ်တို့က မကြောက်ပါဘူး'

ရီလင်သည် ပြုံးလေရာ ကဒေါက်ဒဲလ်သည် ထိုအခြင်းအရာကို မြင်သည်နှင့်–

'ကာနယ်က ပြုံးတယ်ပေါ့လေ၊ သို့သော် အခြေအနေကို ကာနယ် ကိုယ်တိုင် မြင်ရအောင် ကျွန်ုပ် လိုက်ပြမယ်။ ဘယ်နှနာရီ ရှိသွားပြီလဲ'

'၁၂ နာရီ ထိုးဖို့ ၁၅ မိနစ် လိုတော့တယ်'

'ကိုင်း ဒါဖြင့် အချိန် တော်လောက်ပြီ၊ ထွက်ကြစို့'

ကဒေါက်ဒဲလ်နှင့် ရီလင်တို့သည် အပြင်သို့ ထွက်လာကြသောအခါ သမ္မတအစိုးရ စစ်တပ်ယူနီဖောင်း ဝတ်ထားသည့် စစ်သား ၅ ယောက်နှင့် ဆာဂျင်တစ်ယောက်ကို တွေ့ရသည်နှင့် ရီလင်က အံ့ဩလျက် ရှိ၏။

'ဘယ့်နှယ်ဟာလဲ ဂျင်နရယ်၊ ဘယ်က လူတွေလဲ'





'ကိုဒီရှိုင်းနဲ့ တပည့် ၅ ယောက်လေ၊ ကော်မရှင်နာ မိလီယာ ကိစ္စအတွက် သွားကြမလို့'

'ဩော် သူတို့က အစိုးရ တပ်သားယောင် ဆောင်ပြီး အလုပ် လုပ်ကြမှာကိုး'

'ဘယ်လို လုပ်လုပ် အောင်မြင်တာ ပဓာနပဲ ကာနယ်၊ ဟော့ ကိုဒီရှိုင်း'

'ဂျင်နရယ်'

'မင့် အစီအစဉ်ကို ပြောစမ်း'

ကိုဒီရှိုင်းသည် သေနတ်ပြောင်းထဲ၌ လိပ်၍ ထည့်ထားသော အစိုးရ စာအိတ် တစ်အိတ်ကို ထုတ်၍ ပြပြီးနောက်–

'သမ္မတစစ်တပ် ဒီဗီဇံ ကွန်မင်းဒါး ဆီက အမိန့်စာ ဆိုပြီး ကင်းစောင့်ကို ဒီစာအိတ် ပြပြီး ကော်မရှင်နာ ရှိရာကို လိုက်ပို့ခိုင်းရော၊ သူ့အိမ်ရောက်တော့လည်း အစောင့်အကြပ်တွေကို ဒီစာအိတ် ပြပြီး ကော်မရှင်နာ အခန်းထဲ ပို့ခိုင်း၊ ဟိုရောက်တော့ ကော်မရှင်နာကို ဒီစာအိတ်ကြီး ထုတ်ပေး၊ သူက စာအိတ်ကို ဖွင့်ဖတ်နေတုန်း အင်္ကျီလက်မောင်းထဲမှာ ဝှက်ထားတဲ့ ဆောဒီ ဓားမြှောင်နဲ့ ထိုးသတ်လိုက်ရုံပဲ ဂျင်နရယ်'

'ပြီးတော့ မင်းတို့လူစု ဘယ့်နှယ်လုပ်ပြီး ပြန်ထွက်ကြမလဲ'

'ဒါကတော့ ဘုရားသခင် အလိုတော်အတိုင်း ဖြစ်ပေစေတော့ ဂျင်နရယ်၊ ကျွန်တော်ကတော့ ဝတ္တရား ဆောင်ရွက်ပြီးလျှင် ကျေနပ်တာပဲ'

'မြင်ပြီလား ကာနယ်၊ ဘယ်လောက် လွယ်သလဲ၊ ကိုင်း ကျွန်ုပ်တို့ ကိစ္စ သွားကြဦးစို့'

ကဒေါက်ဒဲလ်သည် အသင့် ပြင်ထားသော မြင်းနှစ်စီးအနက် တစ်စီးကို ရီလင်အား ပေး၍ တစ်ယောက် တစ်စီးစီ တက်ကြပြီးလျှင် ဗင်နီဘားဇ်သို့ သွားသော လမ်းအတိုင်း လိုက်ကြလေ၏။ တစ်မိုင်ခွဲခန့် လာခဲ့ကြပြီးနောက် ရီလင်က 'ဂျင်နရယ်ရဲ့ စစ်သားတွေ ဘယ်မှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'လက်ဝဲဘက်၊ လက်ယာဘက်၊ ရှေ့ဘက်၊ နောက်ဘက် အနှံ့အပြား ရှိတယ်'

'တကယ်ပဲလား'

'တကယ်ပေါ့ ကာနယ်၊ ဗိုလ်ချုပ် လုပ်ပြီး ကင်းထောက် မပါဘဲ ခရီးသွားပါ့မလား'

ငင်းနောက် ဆက်လက် သွားကြ၍ သုံးမိုင်ခန့် ရောက်ကြသောအခါ အဝေးမှ အနက်ပြောက်ကလေး တစ်ခု တရွေ့ရွေ့ ရွေ့လာသည်ကို မြင်ကြရ၍ ရိုလင်က–

'ရှေ့က လာတာ ဘာလဲ'

'လူပေါ့'

'ဘာလူလဲ'

'စေတမန်နဲ့ တူတယ်'

'ဘာကြောင့် ရပ်နေကြပြန်တာလဲ'

'အချက်ပေးသံ စောင့်နားထောင်နေတာပေါ့၊ ကိုင်း ... ကြည့်'

ကဒေါက်ဒဲလ်သည် ဥဩငှက်သံ့ကဲ့သို့ မြည်လျက် အချက်ပေးလိုက်သည်တွင် ရှေ့ကလူသည် အနီးသို့ တိုး၍ လာ၏။ ချဉ်းကပ်မိကြသောအခါ ကဒေါက်ဒဲလ်က–

'အေလာဆောက်လား ဟေ့' ဟု မေးလိုက်သဖြင့် ထိုသူသည် ကဒေါက်ဒဲလ်၏ နားသို့ ကပ်၍ တီးတိုး ပြောလေ၏။ နောက်ဆုံး၌ ကဒေါက်ဒဲလ်သည် စေတမန်ကို လွှတ်လိုက်၍ ရိုလင်ဘက်သို့ လှည့်လျက် 'ရှေ့က ရွာမှာ တစ်စုံတစ်ခု ဖြစ်လိမ့်မယ်တဲ့၊ ကျွန်ုပ်တို့ မြင်ကြရအောင် မြန်မြန် သွားကြစို့' ဟု ပြော၍ မြင်းစိုင်းသွားကြ၏။

ရွာကလေးသို့ ရောက်ကြသောအခါ မီးရှူးတိုင်များနှင့် လူအမြောက်အမြား ဝိုင်းကြည့်နေကြသည်ကို တွေ့ရ၍ ချဉ်းကပ် လာကြရာတွင် ဒီလီဂျင် မြင်းရထားကြီး တစ်စီးကို စစ်သားများ ဝိုင်းရံလျက် ရွာသားများက ဆူညံစွာ





အားပေးနေကြသည်ကို တွေ့ရလေ၏။ ရွာသားများသည် မြင်းရထားကြီးကို အာရုံစိုက်လျက် ရှိကြသောကြောင့် ကဒေါက်ဒဲလ်တို့ ချဉ်းကပ်လာသည်ကို မသိကြချေ။

ကဒေါက်ဒဲလ်က 'ဘာဖြစ်တာလဲဟေ့' ဟု မေးလိုက်သော အခါမှ–

'ခေါင်းလုံးကြီး လာတယ်ဟေ့' ဟု ဆိုကာ တိတ်ဆိတ်သွားကြ၏။ ထိုအခါ စစ်သားတစ်ယောက်သည် ကဒေါက်ဒဲလ် အနီးသို့ ချဉ်းကပ်၍ 'အေလာဆောက်က အစီရင်ခံပြီး ပါပြီလား' ဟု မေးရာ စစ်သားက 'ပါတယ်လို့ ထင်ပါတယ်' ဟု ပြန်ပြော၏။ ကဒေါက်ဒဲလ်ကမူ 'မင်းတို့ သဘောအတိုင်း ကြည့်လုပ်ကြပေတော့' ဟု ပြော၍ ရိုလင်နှင့်အတူ စောင့်ကြည့်နေလေ၏။ ထိုစစ်သားသည် အခြားလူများ အနီးသို့ ချဉ်းကပ်၍ ကဒေါက်ဒဲလ်၏ စကားကို ပြန်ပြောပြရာတွင် လူအများတို့က 'ခေါင်းလုံးကြီး သက်တော်ရှည်ပါစေ' ဟု ဟစ်အော်ကြ၏။

ငင်းနောက် ပထမစစ်သားသည် မြင်းရထားကြီး အနီးသို့ ချဉ်းကပ်၍ 'အပြစ်မရှိတဲ့ လူများ ဆင်းလိုက်ကြစမ်း၊ ဘာမှ မကြောက်ကြနဲ့၊ ကျွန်ုပ်တို့ ရာဇဝိုဏ်းသား လူကောင်းသားတွေ ဖြစ်သည်' ဟု ဟစ်အော်လိုက်၏။

ထိုအခါ မြင်းရထားပေါ်မှ လူတစ်ယောက်၊ မိန်းမ နှစ်ယောက်၊ သားအမိ နှစ်ယောက်တို့ ဆင်းလာကြ၏။ စစ်သားများသည် ထိုလူများကို သေချာစွာ ကြည့်ရာတွင် ငင်းတို့ အလိုရှိသောလူ မပါသည်ကို တွေ့ရ၍ 'စောင့်နေကြဦး' ဟု ပြောလိုက်၏။ ငင်းနောက် မြင်းရထားထဲသို့ မီးရှူးတိုင်များနှင့် ထိုးကြည့်ရာတွင် ချောင်ထဲ၌ ကုပ်လျက် ပုန်းနေသော လူ တစ်ယောက်ကို တွေ့လေ၏။

ထိုသူမှာ ခင်ကြီး အဝတ်ကို ဝတ်လျက် ရှိ၏။

'ဘယ့်နှယ်လဲ၊ ဘုရားသခင် တပည့်တော်ဆိုပြီး ကြောက်သလား၊ ဘာကြောင့် မဆင်းတာလဲ'

ခင်ကြီးသည် ဆတ်ဆတ်တုန်လျက် ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



'ရာဇဂိုဏ်းသားကို ဘာကြောင့် ဒီလောက် ကြောက်တာလဲ ခင်ကြီး'

'ချမ်းသာပေးပါ မောင်တို့'

'ဘာ ချမ်းသာပေးရမှာလဲ၊ ခင်ကြီးမှာ အပြစ် ရှိလို့လား'

'တောင်းပန်ပါရစေ မောင်တို့'

ထိုအတောအတွင်း၌ ရိုလင်က 'ရာဇဂိုဏ်းသားတွေက ဘုရားသခင် တပည့်တော်များ အပေါ်မှာ ရန်ငြိုးရှိသလား' ဟု မေးရာ၊ ကဒေါက်ဒဲလ်က 'ဒီပုဂ္ဂိုလ်က ဘုရားသခင်တပည့် မဟုတ်ဘူး၊ စေတမန်ရဲ့ တပည့်ပဲ၊ လူတွေ အများကြီး သတ်ခဲ့တဲ့ပုဂ္ဂိုလ် ဖြစ်တယ်' ဟု ပြောပြ၏။ စစ်သားတစ်ယောက် က–

'ခင်ဗျားဟာ ဗင်နီမြို့ ဂိုဏ်းချုပ် အော်ဒရိန် မဟုတ်လား'

'ချမ်းသာပေးပါ မောင်တို့'

'ကိုင်း ဂိုဏ်းချုပ်ပီပီ ဝတ်လုံတွေ စုံလင်အောင် ဝတ်စမ်း'

စစ်သားတစ်ယောက်သည် သေတ္တာတစ်လုံး၌ ထည့်ထားသော ဝတ်လုံကို ထုတ်ပေး၍ အော်ဒရိန်လည်း တုန်လှုပ်စွာနှင့် ဝတ်ဆင်လေ၏။ ထို အတောအတွင်း သေနတ်သမား ၁၂ ယောက်တို့သည် ခင်ကြီးကို သေနတ်များနှင့် ချိန်ထားကြ၏။ မီးရှူးတိုင်များ၏ အလင်းရောင်သည် သေနတ်ပြောင်းများပေါ်သို့ ကျရောက်သည့် အခါတိုင်း လက်ခနဲ ဝင်းခနဲ ဖြစ်သွား၍ တုန်လှုပ်နေသော လူကို တိုး၍ တုန်လှုပ်စေ၏။ ခေါင်းဆောင် စစ်သားက–

'ခင်ဗျားကို ကျွန်တော်တို့ အရမ်း မလုပ်ဘူး၊ စစ်ဆေးပြီးမှ အပြစ်ပေး ရလိမ့်မယ်'

'ချမ်းသာပေးပါ မောင်တို့'

'ခင်ဗျားသည် ရှင်ဘုရင်ကို သေစေဖို့ မှတ်ချက် ချတယ် မဟုတ် လား'

'မဲဆန္ဒ ပေးမိတာတော့ မှန်ပါတယ်၊ သို့သော် ခြွင်းချက် ပါပါသေး တယ်'





'ဘာ ခြွင်းချက်လဲ'

'ချက်ချင်း သတ်ဖို့ မထောက်ခံခဲ့ပါဘူး'

'တစ်နေ့နေ့တော့ သတ်ဖို့ပဲ မဟုတ်လား'

'မှန်ပါတယ်၊ ကြောက်လို့ ပြုမိပါတယ်'

'အပြစ်မရှိတဲ့ ရှင်ဘုရင်ကို သတ်ဖို့ သဘောတူခဲ့ပြီး ကြောက်လို့တဲ့ ပြောသေးတယ်။ ကောင်းပြီ၊ ခင်ဗျားက အပြစ် မရှိသူကို သတ်ဖို့ သဘောတူ ခဲ့တယ်၊ ကျွန်ုပ်တို့က အပြစ်ရှိတဲ့ ဤ ခင်ကြီးကို သတ်ဖို့ သဘောတူကြ သလား'

'သဘောတူပါတယ်၊ တူပါတယ်၊ သတ်ထိုက်တယ်'

'ကိုင်း ကြားပြီလား၊ ကောင်းရာမွန်ရာ ရောက်ဖို့ ဆုတောင်းပေတော့၊ ဆယ်မိနစ် အချိန်ပေးမယ်'

လူတစ်ယောက်သည် ခရစ်ယာန် ထုံးစံအတိုင်း သေခါနီး ဆုတောင်း ကို ချပေး၍ အော်ဒရိန်လည်း တုန်လှုပ်စွာနှင့် လိုက်ဆိုလေ၏။ အချိန်စေ့၍ သတ်တော့မည် ပြုဆဲတွင် ရိုလင်က 'ဘယ့်နှယ်လဲ ဂျင်နရယ်၊ ဒါကို ခင်ဗျား ကြည့်နေတော့မလား'

'သူတို့ သဘောအတိုင်း လုပ်စေဖို့ ခွင့်ပြုပြီးပဲ'

ဤတွင် ရိုလင်သည် မြင်းကုန်းနှီး၌ ချိတ်ထားသော သေနတ်ကို သိမ်းဆွဲလိုက်ရာ၊ ကဒေါက်ဒဲလ်က ၎င်း၏လက်ကို ဖမ်းကိုင်ထားလိုက်၏။

'ပစ်တော့ဟေ့'

'ဒိန်း ဒိုင်း ဒုံး ဘန်း ဝှမ်'

၁၂ လက်သော သေနတ်များသည် တစ်ပြိုင်နက်တည်းကဲ့သို့ မြည်ဟိန်းသွားရာ အော်ဒရိန်၏ ရုပ်အလောင်းမှာ မြေပေါ်တွင် မလှုပ်မရှား သဲနေလေတော့သည်။

ရိုလင်က 'ခင်ဗျား ဘယ့်နှယ် လုပ်တာလဲ'

'ဘယ့်နှယ် လုပ်ရမလဲ ကာနယ်၊ ပေးထားတဲ့ ကတိအတိုင်း တည် အောင်လို့ လက်ကို အတင်း ချုပ်ထားရတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ငင်းနောက် ခရီးသည်များသည် မြင်းရထားပေါ်သို့ တက်ကြ
မြင်းရထားလည်း မောင်းနှင်သွားလေရာ၊ ကဒေါက်ဒဲလ်သည် အလောင်းကို
ခရစ်ယာန် ထုံးစံအတိုင်း သဂြိုဟ်ရန် အမိန့်ပေး၍ 'လာဗျို့ ကာနယ်
ကြည့်စရာတွေ ရှိသေးတယ်' ဟုဆိုကာ မြင်းစိုင်းသွားလေ၏။ ရိုလင်မှာ
လိုက်သင့်၊ မလိုက်သင့် စဉ်းစားဟန်နှင့် ရပ်နေရစ်ပြီးမှ ကဒေါက်ဒဲလ်
နောက်သို့ စိုင်းလိုက်သွားလေ၏။

## အခန်း ၂၈

၅ နာရီခွဲခန့် ဆက်လက် ခရီးသွားကြ၍ မိုးလင်းသောအခါ ရိုလင်နှင့်
ကဒေါက်ဒဲလ်တို့သည် ထရီဖလုံရွာကလေး အနီးသို့ ရောက်လာကြ
စစ်ဗိုလ်သုံးယောက်တို့နှင့် တွေ့ဆုံလေ၏။ ကဒေါက်ဒဲလ်သည် စစ်ဗိုလ်မျ
အား ပေးရန် ရှိသော အမိန့်ပေး၍ ဆက်လက် စိုင်းသွားကြပြန်သည်တွင်
တောအုပ်ကလေး တစ်ခု၏ အစွန်းသို့ ရောက်ကြ၍ ရပ်တန့်ပြီးနော
ဓါးကွက်မြည်သံဖြင့် သုံးကြိမ်တိုင် အချက်ပေးလိုက်၏။ မကြာမီ စစ်သာ
သုံးရာခန့် တို့သည် ဤမှ ထိုမှ ပေါ်လာကြ၍ ဂျင်နရယ်ကို ဝန်းရံလျ
ရှိကြ၏။

ထိုအချိန်၌ မြူနှင်းများ ပိတ်ဖုံးလျက် ရှိသဖြင့် ရှေ့သို့ ပေ ငါးဆ
ထက် ကျော်လွန်အောင် မမြင်နိုင်ဘဲ ရှိရာ၊ ကဒေါက်ဒဲလ်သည် တစ်စုံတစ်
ကို မျှော်လင့်သော အမူအရာနှင့် နားစွင့်လျက် ရှိစဉ် ပေငါးရာခန့် ကွာလှ
သော နေရာမှ ကြက်တွန်သံ တစ်ချက် ပေါ်ထွက်လာလေ၏။ တစ်ခ
ကြာပြန်သော် ပေနှစ်ရာခန့်လောက်မှ တွန်သံ တစ်ချက် ပေါ်ထွက် လာပြ
သည်နှင့် ကဒေါက်ဒဲလ်က 'ဟုတ်တယ်ဟေ့ သူပဲ၊ ပြန်ပြီး အချက်ပေးလို
စမ်းဟေ့' ဟု ပြောလိုက်သည်တွင် ရိုလင်နှင့် သုံးပေခန့် ကွာသော နေရာ
ခွေးဟောင်သံ ပေါ်ထွက်လာ၍ အသင့် ပြင်ဆင်ပြီး ဖြစ်သော ရိုလင်ပင်လျှ
လန့်သွား၏။ နောက် တစ်ခဏ၌ မြူနှင်းများ အထဲမှ လျှောက်လာသေ





လူတစ်ယောက်ကို မြင်ကြရလေရာ ကဒေါက်ဒဲလ်သည် ရှေ့သို့ တိုးသွား၍ တီးတိုးပြောရန် အချက်ပေးသည်နှင့် ထိုလူသည် ကဒေါက်ဒဲလ် အနီးသို့ ချဉ်းကပ်လာလေ၏။

'ဘယ့်နှယ်လဲဟေ့ ဖလိုဒီပိုင်၊ နေရာကျရဲ့လား'

'တောင်ချောက်ထဲ ပိတ်မိတဲ့ ကြွက်လို မိထားပြီ ဂျင်နရယ်'

'ကောင်းတယ်ဟေ့၊ သူတို့ ဘယ်နှယောက်လောက် ရှိသလဲ'

'ဂျင်နရယ် ဟက်ထရီကိုယ်တိုင် စည်းကြပ်လျက် စစ်သား တစ်ရာ ရှိတယ် ဂျင်နရယ်'

'မြင်းလှည်း ဘယ်နှစီးလဲ'

'၁၇ စီး'

'သူတို့ ဘယ်တော့ ထွက်ကြမလဲ'

'ဒီနေရာက နှစ်မိုင်ထက် မဝေးဘူး၊ ရောက်နေကြပြီ ဂျင်နရယ်'

'ကိုင်း ဒါဖြင့် ပိတ်ဖမ်းဖို့ စီစဉ်ကြစို့'

ကဒေါက်ဒဲလ်သည် စစ်ဗိုလ်ကလေး လေးယောက်ကို ခေါ်၍ စစ်သား ငါးဆယ်စီနှင့် တစ်လမ်းစီ ခွဲလျက် ချီတက်စေရာ၊ ငင်းတို့သည် ဓါးကွက် မြည်သံဖြင့် အချက်ပေးလျက် မြူနှင်းထဲတွင် ကွယ်ပျောက်သွားကြလေ၏။ ကဒေါက်ဒဲလ်ထံ၌ ဗိုလ်ကလေး နှစ်ယောက်နှင့် စစ်သား တစ်ရာမှ ကျန်ရစ်၍ ကဒေါက်ဒဲလ်သည် ရိုလင် ရှိရာသို့ ချဉ်းကပ်ပြီးလျှင်–

'နာရီ တစ်ဝက်လောက်အတွင်း နှင်းကွဲပါလိမ့်မယ်၊ ဒီတော့မှ ကျွန်ုပ်တို့ အစီအစဉ်ကို ကာနယ် မြင်ရမယ်ပေါ့' ဟု ပြော၍ စစ်သား တစ်ယောက်အား နှစ်ယောက်အတွက် နံနက်စာ ယူခဲ့ရန် အမိန့်ပေးလိုက်၏။

မကြာမီ စစ်သားသည် တောင်းနှစ်တောင်း တင်ထားသော မြည်းတစ်ကောင်ကို ဆွဲလာ၍ စစ်အင်္ကျီကြီး တစ်ထည်ကို ခင်းပြီးလျှင် နံနက်စာ ပြင်ဆင်လေ၏။ ကြက်ကောင်ကြော်၊ ဝက်သားခြောက်၊ ပေါင်မုန့်၊ ကိတ်မုန့် သော စားစရာများနှင့် ဝိုင်အရက် တစ်ပုလင်း ပါသော်လည်း ဖန်ခွက်မှာ တစ်ခွက်တည်း ပါလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ရိုလင်နှင့် ကဒေါက်ဒဲလ်တို့သည် မြင်းပေါ်မှ ဆင်း၍ နံနက်စာ စားကြစဉ် ကဒေါက်ဒဲလ်က စစ်သားများအားလည်း နံနက်စာ စားဖို့ နာရီဝက် အချိန် ရသည်ဟု ပြောသည်နှင့် စစ်သားများသည် မိမိတို့ အိတ်ထဲ၌ ဆောင်လာသော စားစရာများကို ထုတ်၍ စားသောက်ကြလေ၏။

နံနက်စာ စား၍ ပြီးကြသောအခါ ကဒေါက်ဒဲလ် ပြောသည့်အတိုင်း နှင်းကွဲစ ပြုလာလေ၏။

ရှေ့၌ ရှိသော လမ်းပေါ်၌ မြင်းလှည်းတန်းကြီး ပေါ်လာလေရာ ရှေးဆုံးမှ မောင်းလာသော မြင်းလှည်းများ ရပ်တန့်နေကြသဖြင့် တစ်စုံတစ်ခု ဖြစ်ဟန်တူ၏။ စင်စစ်သော်ကား ရှေ့ဆုံး မြင်းလှည်းများ၏ ရှေ့၌ နှစ်ဖာလုံ ခန့်လောက်တွင် ကဒေါက်ဒဲလ် စေလွှတ်လိုက်သော စစ်သား ၂၀၀ တို့သည် လမ်းကို ပိတ်ဆို့လျက် ရှိကြလေပြီ။

သမ္မတ အစိုးရ စစ်တပ်မှာ လူ ၁၀၀ ခန့်မျှသာ ရှိသဖြင့် ရန်သူ အင်အားကို ခန့်မှန်းနိုင်ရန် နှင်းကွဲအောင် စောင့်လျက် ရှိရာ နှင်းကွဲသော ခါတွင်မှ အင်အား မမျှသော အဖြစ်ကို တွေ့မြင်ကြရလေသည်။ ထိုအခါ၌ ကဒေါက်ဒဲလ်နှင့် စစ်သား ၁၀၀ တို့က တစ်နေရာ၊ လမ်းဆီးမှ စောင့်နေသော စစ်သား ၂၀၀ တို့က တစ်နေရာ၊ အစိုးရ စစ်တပ်က တစ်နေရာ ရှိနေကြ၍ သုံးထောင့်တြိဂံ ပုံသဏ္ဌာန် ဖြစ်နေကြ၏။

ရိုလင်သည် ယူနီဖောင်းများကို မြင်ရခြင်းအားဖြင့် အင်အား မမျှသော အစိုးရ စစ်တပ် အခြေအနေကို တွေ့ရသည်နှင့် မြင်းပေါ်သို့ ရုတ်တရက် ခုန်တက်လိုက်ရာ၊ ကဒေါက်ဒဲလ်မှုကား ဣန္ဒြေမပျက် ထိုင်လျက် ရှိ၏။ စစ်သား ၁၀၀ တို့ကမူ ကဒေါက်ဒဲလ်၏ အရိပ်အကဲကို ကြည့်နေကြ၏။ ကဒေါက်ဒဲလ်သည် ယောက်ယက်ခတ် ဖြစ်နေသော ရိုလင်ကို ကြည့်လျက်–

'ဘယ့်နှယ်လဲ ကာနယ်၊ ကျွန်ုပ်တို့ အစီအစဉ် နေရာ မကျဘူးလား'

ရိုလင်လည်း ဝန်ခံရ၏။





'ကာနယ်ရဲ့ဗိုလ်ကြီး ဘိုနပတ်က သူ နိုင်တဲ့အခါမှာ နိုင်သလို အလုပ်လုပ်တယ် မဟုတ်လား'

ရိုလင်သည် နှုတ်ခမ်းကို ကိုက်နေရ၏။ ထို့နောက်မှ–

'ကျွန်တော် တစ်ခု တောင်းခံပါရစေ ဂျင်နရယ်'

'ဘာလဲ ကာနယ်'

'ကျွန်တော့် လူများဆီ သွားပြီး သူတို့နဲ့အတူ အသေ ခံပါရစေ ဂျင်နရယ်'

'ကျွန်ုပ်လည်း ထင်သားပဲ၊ သို့သော် ကျွန်ုပ်က အလျင် တောင်းခံပါရစေဦး'

'ဘယ်လိုလဲ ဂျင်နရယ်'

'ဂျင်နရယ် ဟက်ထရီဆီ သွားပြီး ပြောပေးပါ'

'ဘယ်လို ပြောရမှာလဲ'

'သူ့ စစ်တပ်ကို လက်နက်ချပြီး ဒီနယ်မှာ ၅ နှစ် စစ်မတိုက်ဖို့ ကတိပြုလျှင် သူတို့အသက်ကို ချမ်းသာ ပေးပါမယ်'

'ဒါတော့ မဖြစ်ဘူး ထင်တယ် ဂျင်နရယ်'

'သို့သော် စမ်းကြည့်ပါဦးလေ'

ရိုလင်သည် ကဒေါက်ဒဲလ်၏ အကြံကို လက်ခံ၍ မြင်းပေါ်သို့ ခုန်တက်ပြီးလျှင် အစိုးရ စစ်တပ်ဆီသို့ စိုင်းသွားလေ၏။

ဂျင်နရယ် ဟက်ထရီသည် သမ္မတ စစ်တပ် ယူနီဖောင်း ဝတ်ထားသော အရာရှိတစ်ယောက် မြင်းစီးလာသည်ကို မြင်သည်နှင့် အံ့သြစွာနှင့် သူ့ထံသို့ တက်လာ၍ ကြိုဆိုလေ၏။

ရိုလင်သည် ဂျင်နရယ်ဟက်ထရီအား သူပုန်စစ်တပ်သို့ မိမိ ရောက်ခဲ့ပုံ အခြင်းအရာကို ပြောပြပြီးနောက်၊ ကဒေါက်ဒဲလ်၏ စကားကို ပြောပြရာ ဟက်ထရီသည် ရိုလင် တွေးထင်သည့်တိုင်း ငြင်းပယ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ရိုလင်လည်း ကဒေါက်ဒဲလ်ထံ ပြန်လာ၍ ဝမ်းမြောက်ဝမ်းသာ ပြောပြလေ၏။

'ကိုင်း ဒါဖြင့် ဒုတိယ အကြံတစ်ခု ရှိသေးတယ်၊ တစ်ခေါက် သွားပေဦးတော့'

'ဘယ်လိုလဲ ဂျင်နရယ်'

'ဒီလိုလေ၊ ဂျင်နရယ်ဟက်ထရီနဲ့ ကျွန်ုပ်နဲ့ တစ်ယောက်ချင်း တိုက်ကြမယ်။ ကျွန်ုပ် သေလို့ သူက နိုင်လျှင် သူ့စစ်သား ၁၀၀ လွတ်လပ်စွာ ပြန်သွားခွင့် ပြုစေမယ်၊ သူရှုံးလို့ ရှိလျှင် သူ့စစ်တပ် လက်နက်ချပစေ'

'သူ့အစား ကျွန်တော် တိုက်ချင်တယ် ဂျင်နရယ်'

'ခင်ဗျားက ဂျင်နရယ်မှ မဟုတ်ဘဲ၊ ဗိုလ်ချုပ်ချင်း တိုက်ကြမှ နည်းလမ်း ကျတော့မပေါ့ ကာနယ်'

ရိုလင်သည် ဟက်ထရီထံသို့ ဒုတိယအကြိမ် သွား၍ ပြောပြ၏။ ဟက်ထရီက–

'ကာနယ်ဟာ ပထမကွန်ဆိုလ်ရဲ့ သက်တော်စောင့် အရာရှိ ဖြစ်လို့မို့ ကာနယ် ဆုံးဖြတ်တဲ့အတိုင်း ကျွန်ုပ် နာယူပါတယ်။ ကိုင်း ဆိုစမ်း ဘယ်လို စကားပြန်ရမလဲ'

ရိုလင်သည် တာဝန်ကြီးလှသော ဤကိစ္စကို အတန်ကြာ စဉ်းစားပြီးနောက်–

'လက်မခံနဲ့ ဂျင်နရယ်'

'ဘာကြောင့်လဲ'

'တစ်ယောက်ချင်း တိုက်တယ်ဆိုတာ မရေရာဘူး ဂျင်နရယ်၊ မတော်တဆ ရှုံးလို့ရှိလျှင် လူ ၁၀၀ အသက် ဆုံးရှုံးသွားလိမ့်မယ်၊ စစ်တပ်ချင်း ယှဉ်တိုက်တာကမှ ကိုယ့်အစွမ်းနဲ့ကိုယ် ကာကွယ်ပြီး သေသူ သေ၊ လွတ်ချင်တဲ့လူ လွတ်နိုင်ပါသေးတယ်။ တစ်ယောက်ချင်း မတိုက်ပါနဲ့ ဂျင်နရယ်'

'ကိုင်း ဒါဖြင့် ဒီအတိုင်း ပြန်ပြောလိုက်ပါတော့'





ရိုလင်သည် ကဒေါက်ဒဲလ်ထံ ပြန်သွား၍ ငြင်းပယ်လိုက်ကြောင်း ပြောပြရာတွင် ကဒေါက်ဒဲလ်က 'ဒါဖြင့် တတိယတစ်ခေါက် သွားပါဦး' ဟု ပြောပြန်၏။

'ဘယ်လို ပြောရမှာလဲ ဂျင်နရယ်'

'ဒီလို ကာနယ်၊ ဟက်ထရီမှာ လူ ၁၀၀ ရှိတယ် မဟုတ်လား၊ ကျွန်ုပ်က လူ ၃၀၀ အနက် နှစ်ရာကို ပြန်လွှတ်ပြီး ၁၀၀ တပ်ချင်း ယှဉ်တိုက်ကြမယ်။ သူတို့ဘက်က နိုင်လျှင် အလိုရှိရာ သွားနိုင်ခွင့် ရှိစေမယ်၊ သူတို့ဘက်က ရှုံးလျှင်တော့ လူနည်းလို့ ရှုံးတယ်လို့ ပြောစရာ မရှိဘူး ဟုတ်လား။ ကာနယ်ကိုလည်း ပြန်လွှတ်ပြီး ဟိုဘက်က တိုက်ခွင့်ပြုပါမယ်'

'တော်ပါပေ့ ဂျင်နရယ်၊ မြင့်မြတ်ပါပေတယ်၊ ချီးကျူးပါတယ် ခင်ဗျ' ဟု ဆို၍ ရိုလင်လည်း ဦးထုပ်ကို မြှောက်ကာ အရိုအသေ ပြုလေ၏။

ကဒေါက်ဒဲလ်သည် ဝိုင်အရက်ပုလင်း တောင်း၍ တစ်ခုတည်းသော အံခွက်၌ ငှဲ့ထည့်ပြီးလျှင် ရိုလင်အား တစ်ဝက် သောက်စေ၍၊ ကျန်တစ်ဝက်ကို မိမိ သောက်ခြင်းအားဖြင့် တစ်ယောက်ကို တစ်ယောက် လေးစားကြောင်း ဆော်ပြကြ၏။ ရိုလင်သည် ကဒေါက်ဒဲလ်၏ စိတ်ထား မြင့်မြတ်ကြောင်းကို ထပ်လောင်း ချီးကျူး၍ ၎င်း၏လက်ကို အကြိမ်ကြိမ် ဆွဲလှုပ်လေ၏။ ၎င်းတို့၏ အပြုအမူကို ကြည့်ရခြင်းမှာ ခင်မင်သော မိတ်ဆွေချင်း ခွဲခါနီးဘွင် နှုတ်ဆက်ခြင်းနှင့် တူလှ၍ အသေအကြေ တိုက်ကြမည့် လူအချင်းချင်း ခွဲခွာပုံနှင့် မတူချေ။ နောက်ဆုံး၌ စစ်ဗိုလ် နှစ်ယောက်တို့သည် ဦးထုပ်ကို မြှောက်ကာ တစ်ယောက်အား တစ်ယောက် အလေးပြုကြပြီးနောက် အသင့်ရှိသောအခါ၌ သေနတ်ဖောက်ခြင်းအားဖြင့် တစ်ဖက်နှင့်တစ်ဖက် အချက်ပေးကြရန် မှာထားပြီးလျှင် ရိုလင်လည်း ထွက်သွားလေ၏။

ထိုအခါ ကဒေါက်ဒဲလ်သည် စစ်သားများကို ခေါ်လျက်–

'ဟိုလူကို မြင်ကြသလား'

'မြင်ပါသည် ဂျင်နရယ်'



www.burmeseclassic.com

www.burmeseclassic.com



'သူ့အသက်ကို ကာကွယ်ပေးဖို့ "ဂျေဟူးရဲဘော်" အဖွဲ့ထံမှ အမိန့် ရထားတယ်။ ဒါကြောင့် ဒီလူကို ဆံတစ်ပင် မကျွတ်စေရအောင် ကာကွယ် ပြီး အရှင်လတ်လတ် မိအောင် ဖမ်းကြရမယ်'

'ကောင်းပါပြီ ဂျင်နရယ်'

၎င်းနောက် ကဒေါက်ဒဲလ်သည် စစ်ဗိုလ်ကလေး တစ်ယောက်ကို စေလွှတ်၍ လမ်းနံဘေး၌ စောင့်လျက်ရှိသော သူပုန် နှစ်ရာတပ်ကို တစ်ရာ စီ ခွဲလျက် ပြန်သွားကြရန် ပြောစေရာ၊ စစ်ဗိုလ်များသည် ကဒေါက်ဒဲလ်၏ အမိန့်အတိုင်း လိုက်နာ၍ ဆုတ်ခွာ သွားကြလေ၏။

ထိုအချိန်ကား ဆီးနှင်းများ ကောင်းစွာ ကွဲသွားပြီ ဖြစ်သောကြောင့် သမ္မတတပ်နှင့် သူပုန်တပ်တို့သည် တစ်ဖက်ကိုတစ်ဖက် ကောင်းစွာ မြင်နိုင် ကြလေပြီ။ ကဒေါက်ဒဲလ်သည် စစ်ဗိုလ်တစ်ယောက်ကို ခေါ်၍ စစ်သား ရှစ်ယောက်နှင့် တသီးတခြား စောင့်ကြပြီးလျှင် ရီလင် မြင်းပေါ်မှ ကျသည်ကို မြင်သည်နှင့် တစ်ပြိုင်နက် ဖမ်းဆီးရန် မှာထားလေ၏။ စစ်ဗိုလ်လည်း ဗိုလ်ချုပ်၏ အမိန့်အတိုင်း ဆောင်ရွက်စေခြင်းငှာ စစ်သား ရှစ်ယောက်တို့ ကို ခေါ်၍ တစ်နေရာမှ စောင့်ကြည့် နေကြလေ၏။

ကဒေါက်ဒဲလ်သည် ရန်သူ စစ်တပ်ဘက်သို့ လှမ်းကြည့်လိုက်ရ အသင့် ပြင်ဆင်ပြီး ရှိကြောင်း တွေ့ရသည်နှင့် သေနတ်တစ်လက် တောင်းပြီး လျှင် လေထဲသို့ ပစ်ဖောက်လိုက်ရာ ရန်သူဘက်မှလည်း တစ်ချက် ပြန်၍ ပစ်ဖောက်လိုက်လေ၏။

ထိုခဏ၌ ရန်သူဘက်မှ ဘင်ခရာ တီးမှုတ်လျက် ချီတက် လာကြရာ တွင် ကဒေါက်ဒဲလ်သည် မိမိ၏ စစ်သားများအား ဆုတောင်းကြရန် အမိ ပေး၍ ဆုတောင်းကြလေ၏။ ထိုအတောအတွင်း ရန်သူစစ်တပ်သည် ချဉ်းကပ်လာကြရာ စစ်သားများသည် လှံစွပ်ကိုယ်စီ ကိုင်လျက် သုံးတန်းခွဲ ချီတက်လာကြ၏။ ရီလင်သည် ရှေ့ဆုံး အတန်းမှ လိုက်လာ၍၊ ဟက်ထ လည်း ပထမနှင့် ဒုတိယတန်း အကြားမှ လိုက်လာ၏။ တစ်တပ်လုံးတွ





ထိုသူနှစ်ယောက်တည်းသာ မြင်းစီးလျက် ချီတက်ကြသဖြင့် ထင်ရှားစွာ မြင်နိုင်ပေ၏။ သူပုန်ဘက်မှမူကား ကဒေါက်ဒဲလ် တစ်ယောက်တည်းသာ မြင်းစီးလျက် ရှိ၏။

'ကိုင်း ... ငါ့လူကလေးများ ပျော်ပျော်ကြီး တိုက်လိုက်ကြစမ်းကွာ' ဟု ကဒေါက်ဒဲလ်က အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် သူပုန်စစ်တပ် လည်း ဦးထုပ်ကို လက်တစ်ဖက်ဖြင့် ယမ်းလျက် အခြား လက်တစ်ဖက်ဖြင့် သေနတ်ကို ယမ်းကာ ချီတက်ကြလေ၏။

သမ္မတ စစ်တပ်သည် အစီအစဉ်နှင့် ချီတက်ကြသော်လည်း၊ သူပုန် တပ်ကမူ လခြမ်းသဏ္ဌာန် ဝိုင်းလျက် ဗဟိုချက်တွင် ကဒေါက်ဒဲလ်က လိုက် ပါလေ၏။

မကြာမီအတွင်း သူပုန်တပ်သည် သမ္မတ တပ်ကို ဝဲယာ ညှပ်မိလျက် ရှိသည်တွင် နှစ်ဖက်လုံးမှ စတင် ပစ်ခတ်ကြလေ၏။ သူပုန် တပ်သားများမှာ မုဆိုးများ ဖြစ်ကြ၍ လက်ဖြောင့်သည့် အလျောက် သမ္မတ တပ်သားများ လည်း တဖုန်းဖုန်း ကျဆုံးကြလေပြီ။

ဟက်ထရီသည် သမ္မတ တပ်သားများအား လျင်မြန်စွာ ချီတက် ကြရန် အမိန့်ပေးသဖြင့် ချဉ်းကပ်လာကြရာတွင် သူပုန် တပ်သားများသည် အကာအကွယ် ယူကာ ရန်သူကို နှစ်ဖက်ညှပ်၍ တိုက်ကြ၏။ သူပုန် သေနတ် ကျည်ဆန်များသည် အစုလိုက် အအုပ်လိုက် ရှိနေသော သမ္မတ တပ်သားများ ကို ထိမှန်သော်လည်း၊ လူစုခွဲ၍ တိုက်သော သူပုန် တပ်သားများကိုမူ အစိုးရတပ်က ထိမှန်အောင် ပစ်ဖို့ ခဲယဉ်းလှ၏။

ရီလင်သည် ဤအခြင်းအရာကို သိမြင်၍ သူပုန်တပ်ကို မျှော်ကြည့် လိုက်သည်တွင် မြင်းပေါ်၌ တစ်ယောက်ထီးတည်း ထိုင်လျက်ရှိသော ကဒေါက်ဒဲလ်ကို မြင်သည်နှင့် မြင်းစိုင်းသွား၏။ ကဒေါက်ဒဲလ်ကလည်း မိမိထံသို့ စိုင်းလာသော ရီလင်ကို မြင်သည်နှင့် တွေ့ဆုံအံ့ဟု စိုင်းထွက်လာ ၏။ သို့ရာတွင် ရီလင်နှင့် ပေ ၁၀၀ ခန့် ကွာသော နေရာသို့ ရောက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



ကဒေါက်ဒဲလ်သည် မြင်းကို ဇက်သတ်၍ စောင့်ကြည့်နေသော လူ ၈ ယောက်နှင့် စစ်ဗိုလ်အား 'သတိထားကြဟေ့နော်' ဟု ပြောလိုက်ပြီးလျှင် သေနတ်ကို ဆွဲထုတ်၍ ချိန်လေ၏။ ရိုလင်မူကား ဓားကို ကိုင်လျက် အတင်း စိုင်းလာလေရာ ၁၅ ပေခန့် ရောက်သည်နှင့် တစ်ပြိုင်နက် ကဒေါက်ဒဲလ်သည် သေနတ်မောင်းကို ဖြုတ်ချလိုက်၏။

ရိုလင်၏ မြင်းမှာ ထိပ်၌ ကြာကလေး ပါရှိရာ ကျည်ဆန်သည် ကြာ အလယ်တည့်တည့်၌ ထိမှန်၍ မြင်းရော လူပါ ထွေးခနဲ ကျသွားလေ၏။ ထိုခဏ၌ စောင့်ကြည့်လျက် ရှိသော စစ်ဗိုလ်နှင့် စစ်သား ၈ ယောက်တို့ ပြေးလာကြ၍ ခြေနင်းကွင်းမှ ခြေထောက်ကို နှုတ်ယူရန် ကြိုးစားလျက်ရှိသော ရိုလင်ကို ဝိုင်းထားကြ၏။

'အရှုံးပေးလိုက်ပါ'

'မပေးဘူး၊ သတ်ပစ်လိုက်'

'မသတ်ချင်ဘူး၊ အဖမ်းခံပါ'

'မခံဘူး၊ လုပ်ချင်တာ လုပ်ကြ'

'ဒါဖြင့် ဆက်မတိုက်ပါဘူးလို့ ကတိပေးပါ၊ လွှတ်လိုက်ပါမယ်'

'မပေးဘူး'

'ဒီလိုဆိုရင် မတရားရာ ရောက်ပါလိမ့်မယ် ကာနယ်'

'ဘာ မတရားတာလဲ၊ ခွေးမသား'

'ကာနယ် ကတိ မပေးလျှင် ကျွန်တော်တို့ လူ ၉ ယောက်ဟာ ကာနယ်ကို ထိန်းထားရလို့ စစ်မတိုက်နိုင်ဘဲ နေကြပါလိမ့်မယ်။ ဒီလိုဆိုရင် ၉၁ ယောက်နဲ့ ၁၀၀ နဲ့ တိုက်နေရပါလိမ့်မယ်။ ကျွန်တော်တို့ ဗိုလ်ချုပ်မှာ လူ ၃၀၀ ရှိလျက်နှင့် ၂၀၀ ကို ပြန်လွှတ်ပြီး ၁၀၀ ချင်း တိုက်စေတယ် မဟုတ်ပါလား။ ကျွန်တော်တို့ ဗိုလ်ချုပ်က ဒီလောက် သဘောထား ကြီးပါလျက်နဲ့ ကာနယ်က ကျွန်တော်တို့ လူ ၉ ယောက်ကို စစ်မတိုက်နိုင်အောင် လုပ်ထားလျှင် ကာနယ် မတရားရာ ကျပါလိမ့်မယ်'





ဤတွင် ရိုလင်သည် မျက်နှာပျက်သွား၍–

'ဟုတ်ပါပေတယ်၊ မှန်ပါပေတယ်၊ ကိုင်း ကျွန်ုပ် အရှုံးပေးပါပြီ။ ား တိုက်ချေကြပါတော့'

'ကတိ ထားတယ်နော်'

'ကတိ ထားပါတယ်၊ စိတ်ချပါ'

စစ်ဗိုလ်နှင့် စစ်သား ၈ ယောက်တို့လည်း ရိုလင်ကို ထားခဲ့၍ စစ် ပြင်သို့ ပြေးသွားပြီးလျှင် အဖော်များကို ကူညီ တိုက်ခိုက်ကြလေ၏။

ရိုလင်မှာမူ သူပုန်များ လွှတ်ထားသဖြင့် ကုန်းမြင့်ကလေး တစ်ခုပေါ် တက်ပြီးလျှင် စစ်ပွဲကို ကြည့်နေလေ၏။

ကဒေါက်ဒဲလ်မူကား သေနတ်ကျည်ဆန်များ တဝီဝီ ပစ်ခတ်နေကြ ည့် အထဲတွင် မြင်းပေါ်၌ မတုန်မလှုပ် ထိုင်လျက် ရှိ၏။

စစ်ပွဲ၌ နှစ်ဖက်လုံး အကျအဆုံး ရှိသော်လည်း အထက်တွင် ဖော်ပြ သာ အကြောင်းကြောင့် အစိုးရ စစ်တပ်ဘက်က နှစ်ဆမျှ ပိုမို ကျဆုံး သည်။ အဝေး၌ သေနတ်နှင့် ပစ်ကြပြီးနောက် အနီးသို့ တွေ့ဆိုင်မိကြ ာ အခါတွင် အစိုးရ စစ်သားများက လှံစွပ်နှင့် ထိုး၍ သူပုန်ဘက်က များကို အသုံးပြုကြ၏။ စစ်ပွဲမှာ ပြည်တွင်းစစ် ဖြစ်၍ တိုင်းပြည်သား င်းချင်း တိုက်ရခြင်း ဖြစ်သော်လည်း တစ်ဖက်နှင့်တစ်ဖက် သနား တာခြင်း မရှိဘဲ ရက်စက်စွာ ခုတ်သတ်ကြ၏။

ကဒေါက်ဒဲလ်သည် မြင်းနှင့် လှည့်ပတ်လျက် ရန်သူများကို အဝေး သေနတ်နှင့် ပစ်ခတ်ရာတွင် တစ်ချက် တစ်ယောက် ထိမှန် သော်လည်း၊ ရယ် ဟက်ထရီ၏ လက်ချက်ကြောင့် မြင်းရော လူပါ ထိုးလဲသွားသည် ရိုလင် မြင်လိုက်ရ၏။ အစိုးရစစ်သား တစ်ကျိပ်ခန့်တို့သည် ကဒေါက် ် လဲကျသော နေရာသို့ ပြေးလာကြသည်တွင် သူပုန် တစ်ကျိပ်ခန့်တို ည်း ပြေးသွားကြ၏။ သူပုန်များနှင့် စစ်သားများသည် ကဒေါက်ဒဲလ် ်ခန်းကျင်း၌ အကြိတ်အနယ် တိုက်ခိုက်နေကြစဉ် ကဒေါက်ဒဲလ်သည်



www.burmeseclassic.com

www.burmeseclassic.com



လဲရာမှ ရုတ်တရက် ထ၍ လက်တစ်ဖက်တွင် သေနတ်တစ်လက်စီ ကို
လျက် ပစ်လိုက်ရာ စစ်သားနှစ်ယောက် လဲကျသွားလေ၏။ ၎င်းနော
ကဒေါက်ဒဲလ်သည် သေနတ်ကြီး တစ်လက်ကို ကိုင်ဆွဲလျက် နောက်
သူပုန် ၃၀ ခန့်တို့ကို ရှေ့ဆောင်ပြီးလျှင် အစိုးရ တပ်ထဲသို့ ပြေးဝင်
စစ်သားများကို သေနတ်နှင့် ရိုက်လှဲရာတွင် တစ်ချက် ရိုက်တိုင်း စစ်သ
တစ်ယောက် တုံးခနဲ တုံးခနဲ လဲသွားလေ၏။

ထိုအချိန်မှစ၍ အစိုးရတပ်ဘက်မှ အရေးနိမ့်စ ပြုလေရာ ဟ
ထရီသည် စစ်သား ၂၀ ခန့်တို့ကို စုရုံး၍ မိမိတို့အား ဝန်းရံထားသေ
သူပုန်များ အလယ်မှ ဖောက်ထွက်ရန် ကြိုးစား၏။ ဟက်ထရီ၏ မြင်း
ကျဆုံးသွားပြီ ဖြစ်သောကြောင့် သူတစ်ပါးနည်းတူ ခြေကျင် တိုက်ခိုက်လျ
ရှိ၏။ ဟက်ထရီသည် ဝိုင်းထားသော သူပုန်များကို ဖောက်ထွက်ရာတွ
စစ်သား ၁၀ ယောက်ခန့် ကျဆုံးသော်လည်း ကျန်လူ ၁၀ ယောက်တို့နှ
အတူ လွတ်ထွက်သွား၏။ ဤတွင် သူပုန်များသည် ဟက်ထရီ နောက်သ
လိုက်ရန် ပြင်ဆင်ကြလေရာ ကဒေါက်ဒဲလ်က 'မင်းတို့ မထွက်နိုင်အော
ဝိုင်းမထားနိုင်လို့ ရှိမှ သွားပါစေတော့' ဟု ပြောလိုက်သဖြင့် သူပုန်မျ
သည် မြေဝယ်မကျ နားထောင်ကြ၏။

ထိုအချိန်မှ စ၍ ကဒေါက်ဒဲလ်က စစ်ရှုံးတပ်အား အသေ မသ
စေဘဲ အရှင်ဖမ်းဖို့ အမိန့်ပေးလိုက်ရာ သူပုန်များသည် မိသမျှသော လူမျာ
ဝိုင်းထားကြ၏။ ပြည်တွင်းစစ်ပွဲ၌ သုံ့ပန်းထားရိုး ထုံးစံ မရှိချေ။ အစိုး
စစ်သားများသည် ဖမ်းမိသမျှသော လူများကို သူပုန်ဆို၍ ပစ်သတ်ကြရ
သူပုန်ဘက်ကလည်း သုံ့ပန်းအဖြစ်နှင့် ကျွေးမွေးထားရန် မတတ်နိုင်သဖြ
ပစ်သတ်ကြလေသည်။

စစ်သားများသည် လက်နက်များကို သူပုန်လက်သို့ မအပ်လိုသဖြ
လွှင့်ပစ်ကြ၍ သူပုန်များ ချဉ်းကပ်လာသော အခါတွင် ကျည်ဆန်ဘူးမျာ
ကျည်ဆန် မရှိတော့ချေ။





ရှိလင်သည် တောင်ကုန်းကလေးပေါ်မှ ထိုင်လျက် စစ်ပွဲကို စောင့်ကြည့်ခဲ့ရာ မိမိတို့ဘက်မှ အရေးမလှသည်ကို တွေ့ရသဖြင့် ဦးခေါင်းငိုက်စိုက်ဖြစ်နေစဉ် ကဒေါက်ဒဲလ်သည် အနီးသို့ ချဉ်းကပ်လာလေ၏။ ကဒေါက်ဒဲလ်က ပခုံးကို လက်နှင့် တို့လိုက်၍ မော့ကြည့်လိုက်သောအခါ ရှိလင်၏ မျက်လုံးများမှာ မျက်ရည်အပြည့် ရှိနေလေ၏။

'ကျွန်တော့်ကို ဂျင်နရယ် သဘောရှိပြုပါတော့၊ လက်တွင်း ရောက်ပါပြီ'

'ပထမ ကွန်ဆိုလ်ရဲ့ စေတမန်ကို ကျွန်ုပ်က ဖမ်းဆီး မထားလိုပါ၊ သို့သော် တစ်ခုတော့ တောင်းခံလိုပါတယ်'

'အမိန့်ရှိပါ'

'အစိုးရဘက်က ဒဏ်ရာရသူများနှင့် သုံ့ပန်းများကို ဗင်နီသို့ ပို့ပေးနိုင်မလား'

'ဘယ်လို ဆိုလိုတာလဲ ဂျင်နရယ်'

'သူတို့လူစုကို ကာနယ်လက်သို့ အပ်လိုက်ပါတယ်။ ကာနယ် မြင်းသေသွားတဲ့အတွက် ကျွန်ုပ်က မြင်းတစ်ကောင် ပေးလိုက်ပါရစေ'

'ဂျင်နရယ်ကို ကျွန်တော် တစ်ဖန် တွေ့ရဦးမလား'

'တွေ့မယ် မထင်ပါဘူး ကာနယ်၊ ကျွန်ုပ်က ကမ်းခြေဘက်ကို သွားရမယ်၊ ကာနယ်က လူဇင်ဘတ်ကို ပြန်ဖို့ ဝတ္တရားရှိတယ် ဟုတ်လား'

'ပထမကွန်ဆိုလ်ကို ကျွန်တော် ဘယ်လို ပြောလိုက်ရမလဲ ဂျင်နရယ်'

'ကာနယ် ပြောတဲ့အတိုင်း ပြောလိုက်တာပေါ့၊ ဘာနီယာနဲ့ ကဒေါက်ဒဲလ်နဲ့ ဘယ်လို ကွာခြားတယ်ဆိုတာ သူကိုယ်တိုင် ဆုံးဖြတ်လိမ့်မပေါ့'

'ကျွန်တော်နဲ့ ဂျင်နရယ်နဲ့ တွေ့ချင်မှ တွေ့ခွင့်ရှိမယ်ပေါ့ ဂျင်နရယ်၊ သို့သော် တစ်ခုတော့ စိတ်ချထားပါတော့။ ပထမကွန်ဆိုလ် အနီးမှာ ဂျင်နရယ်ရဲ့ အကျိုးကို လိုလားတဲ့ ပုဂ္ဂိုလ်တစ်ဦး ရှိတယ်လို့'



www.burmeseclassic.com

www.burmeseclassic.com



၎င်းနောက် ရိုလင်သည် လက်ကို ဆန့်တန်းပေးရာ ကဒေါက်ဒဲလ်နှင့် ရိုလင်တို့သည် အားရပါးရ ဆွဲယမ်း လှုပ်ခါ ကြလေ၏။

ထိုအတောအတွင်း သူပုန်တစ်ယောက်သည် ရိုလင်အတွက် မြင်းတစ်စီးကို ဆွဲလာခဲ့၍ ရိုလင်လည်း မြင်းပေါ်သို့ ခုန်တက်စဉ် ကဒေါက်ဒဲလ်က 'လာရိုချိဘားနဒ်ကို ဖြတ်သွားရင်း မီလီယာအကြောင်း စုံစမ်းသွားပါလား ကာနယ်' ဟု ပြောလိုက်သည်တွင် 'သေပြီ ဂျင်နရယ်' ဟု ပြောလိုက်သော အသံကို ကြားလိုက်ရ၏။ ထိုခဏ၌ ကိုဒီရှိုင်းနှင့် တပည့်လေးယောက်တို့ ပြန်ရောက်လာကြ၏။ ရိုလင်သည် ကိုဒီရှိုင်း၏ အသေးစိတ် အစီရင်ခံချက်ကို နားမထောင်တော့ဘဲ ကဒေါက်ဒဲလ်ကို လက်ယမ်းပြ၍ မြင်းစိုင်းသွားပြီးလျှင် ဗင်နီသို့ ခေါ်သွားရမည့် လူနာများနှင့် သုံ့ပန်းများကို လမ်းပေါ်မှ စောင့်နေလေတော့၏။

## အခန်း ၂၉

ပါရစ်မြို့သို့ ပြန်ရောက်သောအခါ ရိုလင်သည် ဗင်ဒီနယ် ငြိမ်းချမ်းပုံနှင့် ကဒေါက်ဒဲလ် ကြီးမှူးသော ဘာရစ်တာနီနယ်၌ ဆိုးရွားနေပုံ အခြင်းအရာများကို ဘိုနပတ်အား ပြောပြလေ၏။ ဘိုနပတ်မှာ နိုင်ငံခြားအရပ်၌ ဝမ်းမြောက်ဝမ်းသာ တိုက်ခိုက်ခဲ့သော်လည်း တိုင်းပြည်သား အချင်းချင်း တိုက်ခိုက်ရမည့် အရေးကို မြင်၍ မျက်နှာညှိုးငယ်လျက် ရှိ၏။ ဤကိစ္စမျိုး၌ ဘိုနပတ်သည် စေ့စပ်ရေးကို အသုံးပြုလိုသော်လည်း ကဒေါက်ဒဲလ် ကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦးနှင့် စေ့စပ်ရန် ခဲယဉ်းလှ၏။

ဘိုနပတ်သည် ရိုလင်အား မိခင်နှင့် ညီကလေး ဆိုက်ရောက်နေကြောင်းကို ပြောပြ၍ လွှတ်လိုက်သဖြင့် ရိုလင်လည်း မိခင်ရှိသော နေရာသို့ ထွက်လာခဲ့၏။ ညီကလေး အက်ဒွပ်မှာ စစ်ကျောင်းသို့ ရောက်နေ၍၊ မိခင်မှာလည်း အမီလီ မကျန်းမာဟု ကြားသိရသည်နှင့် သမီးထံ ပြန်သွားရန် ပြင်ဆင်လျက် ရှိ၏။





ဆာဂျွန်တင်လေးမှာ မွန်ထရီဘဲလ်တို့၏ နေအိမ်တွင် ဒဏ်ရာများကုသ၍ အမီလီ ပြုစုစောင့်ရှောက်ခြင်းကြောင့် အသက်ချမ်းသာရာ ရရုံမက ကောင်းစွာ ကျန်းမာလုမတတ် ရှိနေလေပြီ။ ထိုအချိန်၌မူ ဆာဂျွန်သည် ပါရစ်မြို့ ဟိုတယ်တစ်ခုသို့ ရောက်နေပြီ ဖြစ်၍ နံနက်စာ စားမည်ဟု ပြင်ဆင်နေခိုက်တွင် ရိုလင် ရောက်လာ၍ မိတ်ဆွေနှစ်ယောက်တို့သည် ခင်မင်စွာ နှုတ်ဆက်ကြ၏။ ရိုလင်မှာ ထိုအချိန်တွင် စိတ်နှလုံး ဖြူစင် ကောင်းမွန်လှသော ဆာဂျွန်အား ညီအစ်ကို အရင်းပမာ ချစ်ခင်မြတ်နိုးလျက် ရှိလေပြီ။

ဆာဂျွန်သည် ရိုလင်အတွက် နံနက်စာ ထပ်လောင်းမှာယူ၍ အတူတကွ စားသောက်ကြစဉ် ဆာဂျွန်၏ စိတ်ထဲ၌ ပြောလိုသော စကားတစ်ခွန်း ရှိပါလျက် ပြောသင့် မပြောသင့် ချိန်ဆနေဟန် တူသည်ဟု ရိုလင် တွေးထင်မိ၏။ နံနက်စာ စားပြီးကြသောအခါ–

'ဘယ့်နှယ်လဲ ဆာဂျွန်၊ ခင်ဗျား ကြည့်ရတာ ကျွန်တော့်ကို ပြောချင်တဲ့ စကား ရှိပုံ ပေါ်တယ်။ ပြောမှာဖြင့် ပြောသာပြောပါ၊ မနှောင့်နှေးပါနဲ့'

ဆာဂျွန်လည်း မျက်နှာ နီမြန်းသွား၏။ သို့ရာတွင် ပြောမည့် စကားမှာကား လည်ချောင်းမှ မထွက်လာချေ။ ရိုလင်သည် ဆာဂျွန်၏ မျက်နှာကို အတန်ကြာ အကဲခတ်ပြီးနောက်–

'ကျွန်တော် တွေးမိထားတာ ထုတ်ပြောရမလား ဆာဂျွန်'

'ပြောပါတော့'

'ကျွန်တော့်နှမကို ချစ်ကြိုက်လို့ ဆာဂျွန် မျက်နှာနီတယ် ဟုတ်ကဲ့လား'

ဆာဂျွန်လည်း ဝမ်းသာသော အမူအရာနှင့် ရိုလင်ကို ပြေးဖက်လေ၏။

'ကျွန်ုပ် မျက်စိထဲမှာတော့ မိုးပေါ်က နတ်သမီးထက် အဆ တစ်ရာလှပါတယ် ရိုလင်'

'ခင်ဗျားမှာ လွတ်လွတ်လပ်လပ်ပဲလား'



www.burmeseclassic.com

www.burmeseclassic.com



'လုံးဝ လွတ်လပ်ပါတယ်၊ ကျုပ်ဝင်ငွေက တစ်နှစ်မှာ ပေါင် ၂၅၀၀၀ ရှိပါတယ်'

'များလွန်းတယ် ဆာဂျွန်၊ ကျွန်တော့်နှမက တစ်နှစ်မှာ ဖရင့်ဒင်္ဂါး ငါးသောင်းတည်းသာ သူ့အတွက် ရဖို့ ရှိတယ်'

'များလွန်းအားကြီးလို့ တချို့တစ်ဝက်ကို စွန့်ပစ်ခဲ့ပါ ဆိုလျှင်လည်း စွန့်ခဲ့ပါမယ် ရီလင်'

'ဒီလိုလုပ်ဖို့လည်း မလိုပါဘူးလေ၊ သို့သော် ကျွန်တော့်နှမကို တကယ်ချစ်တာ ဟုတ်ကဲ့လား'

'ချစ်ရုံ ဘယ်ကမလဲ၊ အသည်းထဲ စွဲနေပါတယ် ရီလင်'

'သူကကော ခင်ဗျားကို ကြိုက်သလား'

'ဒါတော့ ကျုပ်က တစ်ခါမှ မေးမကြည့်ရသေးလို့ မသိရသေးပါဘူး။ ကျုပ်က ခင်ဗျားကို ပြောကြည့်လို့ ခင်ဗျားက သဘောတူလျှင် မဒမ် မွဲနံထရီဘဲလ်ကို ခင်ဗျား ပြော၊ အမေကြီးက သဘောတူပြီ ဆိုတော့မှ ကျုပ်က သူ့ကို ပြောမယ်လို့ ကြံစည်ထားပါတယ်'

'ကျွန်တော့်အဖို့ကတော့ သဘောတူလိုက်ပုံ မပြောနဲ့တော့၊ မေမေကလည်း သဘောတူမှာ ပါပဲ၊ မေမေက သူ့သမီး သဘောကျတဲ့ လူနဲ့ ပေးစားချင်တဲ့ မေမေဗျ။ သို့သော် တစ်ခုတော့ ရှိတယ် ဆာဂျွန်'

'ဘာလဲ ရီလင်'

'ဘိုနပတ်က ကျွန်တော့်နှမကို ယောကျ်ားပေးစားဖို့ တာဝန် ယူထားတယ်ဗျ'

'ဟိုက်… ဒါဖြင့် ခက်ကုတာပဲဗျို့'

'ဘာကြောင့် ခက်ကုတာလဲ'

'ဘိုနပတ်က အင်္ဂလိပ် မုန်းတဲ့ လူပဲဗျ'

'ကိစ္စ မရှိပါဘူး၊ ကျွန်တော် ရှေ့နေ လိုက်ပေးပါ့မယ်'

'ဟန်ပါ့မလားဗျ'





'ဒီလိုလေ ဆာဂျွန်၊ ဘိုနပတ်က အင်္ဂလိပ်ကို မုန်းတာ ထားလိုက်ဦး၊ လိပ်က ပြင်သစ်ကို မုန်းတယ်လို့ သူ အယူရှိတယ်။ သူ့စိတ်ထဲမှာ ဒီလူ မျိုးကို စေ့စပ်ပေးချင်ဟန် တူတယ်၊ ဒီတော့ကာ စေ့စပ်ရေးအတွက် င်ဗျားထက် နေရာကျတဲ့လူ ဘယ်မှာ ရှိနိုင်မလဲ'

'ကျေးဇူးပါပဲ ရီလင်'

'ကိုင်း ကျွန်တော် သွားလိုက်ဦးမယ်၊ အက်ဒွပ်နဲ့ မတွေ့ရသေးဘူး'

'ကျုပ်က သေနတ်တစ်စုံ လက်ဆောင်ပေးလိုက်ဦးမယ်လို့ ပြော လိုက်ပါဗျာ။ ကျုပ်ဆီက သေနတ် ရတော့ ဓားပြကို ကွန်ဒတ်တာရဲ့ သေနတ်နဲ့ မပစ်ရဘဲ ကိုယ်ပိုင်သေနတ်နဲ့ ပစ်နိုင်ပါလိမ့်မယ်လို့ ပြောလိုက်ပါ'

'ဘယ်က ကွန်ဒတ်တာလဲ၊ ဘယ်က ဓားပြလဲ ဆာဂျွန်'

'ခင်ဗျား မကြားသေးဘူးလား'

'မကြားသေးပါကလားဗျ'

ထိုအခါ ဆာဂျွန်သည် မဒမ်မွန်ထရီဘဲလ် လိုက်ပါလာသော ဒီလီဂျင့် ရထားကြီး ဓားပြတိုက်ပုံ အဖြစ်အပျက်ကို ပြောပြလေ၏။ အက်ဒွပ်က "ချူဟူးရဲဘော်" အဖွဲ့ခေါင်းဆောင်အား သေနတ်နှင့် ပစ်ပုံ အခြင်းအရာကို ကြားသိရသော အခါတွင် အမိလီမှာ လန့်၍ တက်မတတ် ဖြစ်သွားကြောင်း ကိုလည်း ပြောပြ၏။

'ဓားပြတိုက်တဲ့ အကြောင်းကို မဒမ်မွန်ထရီဘဲလ်က ပြောမပြ ဘူးလား'

'ပြောမပြဘူး ဆာဂျွန်၊ ကိုင်း… အက်ဒွပ်ကို သွားတွေ့လိုက်ဦးမယ်၊ ကျွန်တော့်မှာ အစီအစဉ်ကလေးတစ်ခု ရှိသေးတယ်'

'ဘယ်လို အစီအစဉ်လဲ ရီလင်'

'မသိချင်ပါနဲ့ဦး ဆာဂျွန်၊ ကျွန်တော့် အကြံထဲ ခင်ဗျား ပါလို့ရှိလျှင် ခင်ဗျားအဖို့ ဒုက္ခဖြစ်တတ်လွန်းလို့ပါ'

'ကျွန်တော့်ကိစ္စတော့ မမေ့လိုက်ပါနဲ့ဗျာ နော်'



www.burmeseclassic.com

www.burmeseclassic.com



'ဇိတ်သာချပါ'

စစ်ကျောင်းသို့ ရောက်၍ ညီအစ်ကိုနှစ်ယောက် တွေ့ဆုံကြရာတွ အက်ဒွပ်သည် "ဟီးရိုး"အဖြစ်နှင့် အားကျခဲ့သော မိမိ၏ အစ်ကိုအား ဝ မြောက် ဝမ်းသာ ဖက်ယမ်း နှုတ်ဆက်လေ၏။

ရိုလင်က ဒီလီဂျင့်ကို ဓားပြတိုက်ပုံ အဖြစ်အပျက်အကြောင် မေးမြန်းသည်နှင့် တစ်ပြိုင်နက် အက်ဒွပ်သည် ဒီလီဂျင့်ကို ဓားပြလေးယော က ရပ်ပုံ၊ အခြားလူများ မခုခံဝံ့သော်လည်း သေနတ်နှင့် ပစ်ပုံ၊ ကွန်ဒ တာက ဓားပြများနှင့် ပူပေါင်းသည့် လက္ခဏာနှင့် ကျည်ဆန် မထိုးဘဲ ထား မီခင် ထိတ်လန့်၍ မူးသွားသောအခါ ဓားပြများက အရေးယူပုံ၊ မီခင် တွဲထူပေးသော ဓားပြခေါင်းဆောင်၏ မျက်နှာဖုံး ကျွတ်ကျပုံ၊ မီခင် ဓားပြ၏ မျက်နှာကို မြင်လိုက်သည် ထင်ပုံ အကြောင်းအရာများကို အကျ တဝင့် အားရပါးရ ပြောပြလေ၏။

ရိုလင်သည် မျက်နှာဖုံး ကျွတ်ကျခြင်းနှင့် မီခင်က မြင်လိုက်သည ဆိုခြင်း အကြောင်းကို ကြားရသောအခါ များစွာ အံ့ဩမိ၏။ ၎င်းနော ရိုလင်သည် ညီကလေးကို နှုတ်ဆက်၍ လူဇင်ဘတ် နန်းတော်သို့ ချက်ချ ပြန်လာခဲ့၏။

## အခန်း ၃၀

ဘိုနပတ်မှာ ဒီလီဂျင့် ရထားများကို ဂျေဟူးရဲဘော်များက မကြာခဏ ဓား တိုက်၍ အစိုးရငွေများ လုယူခြင်း အကြောင်းနှင့် ပတ်သက်၍ ပုလိပ်မင်းကြီ ဖိုးချီနှင့် တိုင်ပင်လျက် ရှိ၏။

ထူးဆန်းသော အခြင်းအရာတစ်ခုမှာ အရပ်သားတစ်ယောက်ပိုင သော ဖရင့်ဒင်္ဂါး လေးထောင်နှင့် ကျောက်သံပတ္တမြားသည် အစိုးရ ငွေထုပ် များနှင့် မှားယွင်း ရောနှောထားမိသဖြင့် ဓားပြတိုက်ရာ၌ ပါသွားရာ ဥစ္စာရှင် များက ဆုံးပြီဟု မှတ်ထင်မိကြ၏။ သို့ရာတွင် တစ်နေ့သ၌ ၎င်း နယ်ဆိုင်ရာ





ပုလိပ်အရာရှိကြီးသည် စာတစ်စောင် ရရှိ၍ ဖွင့်ကြည့်ရာတွင် အထက်ပါ ပစ္စည်းများ မြုပ်နှံထားသော နေရာကို ညွှန်ပြထား၍ ၎င်းတို့ကို ဥစ္စာရှင်များ လက်သို့ တူးဖော်ပြန်ပို့ရန် တောင်းခံထားသည်ကို ဖတ်ရှုရလေသည်။ ၎င်း စာ၌ ဂျေဟူးရဲဘော်များသည် ဆင်းရဲသား ပစ္စည်းများကို မတိုက်လိုဘဲ အစိုးရ၏ ဘဏ္ဍာကိုသာ တိုက်ယူခြင်း ဖြစ်သည်ဟူ၍လည်း ဖော်ပြပါရှိ လေသည်။

တစ်နေ့သ၌လည်း ဂျေဟူးရဲဘော် အဖွဲ့သားများသည် ဒီလီဂျင့် ရထားတစ်စီးကို ရပ်ခိုင်းရာတွင် ဒရိုင်ဘာက မရပ်ဘဲ အတင်း မောင်းနှင်ပြေး သဖြင့် မြင်းတစ်ကောင်ကို သေနတ်နှင့် ပစ်လှဲလိုက်ပြီးမှ အစိုးရ ဘဏ္ဍာများ ကို ယူနိုင်ကြ၏။ နောက်တစ်နေ့တွင် မြင်းရထားပိုင်ရှင်သည် သေဆုံးသော မြင်းအတွက် ဆို၍ ဖရင့်ဒင်္ဂါး ရှစ်ရာမျှ လျော်ကြေးရရှိ၏။ ၎င်းမြင်း၏ တန်ဖိုးမှာလည်း ရှစ်ရာပင် ဖြစ်သောကြောင့် ဂျေဟူးရဲဘော် ဆိုသော လူစု သည် မြင်းအကြောင်းကို နားလည်သောသူများ ဖြစ်ကြောင်း သိနိုင်ပေသည်။

ရိုလင်သည် ဘိုနပတ်၏ အခန်းသို့ ဝင်သွားသောအခါ ပုလိပ်မင်းကြီး လည်း ရှိနေသေး၏။ ဘိုနပတ်မှုကား စော်ကားသော ဓားပြများ ဟူ၍ ဒေါပွလျက် ရှိ၏။ ဘိုနပတ်သည် ရိုလင်အား နောက်ဆုံး ဓားပြတိုက်ခံရသော နယ် မြေပုံကို ယူခဲ့စေ၍ တိုက်သော နေရာကို မြေပုံပေါ်၌ ခဲတံနှင့် ထောက် လျက် 'မင်းတို့ နယ်ပါတကား ကွ' ဟု ရိုလင်အား ပြောရာ ရိုလင်က ဟုတ်ကြောင်း ဝန်ခံ၍ ဤအချက်ကြောင့် မိမိ လာခဲ့ရခြင်း ဖြစ်ကြောင်း ပြောပြ၏။ ၎င်းနောက် ရိုလင်က ပုလိပ်မင်းကြီးအား–

'ဒီကိစ္စမှာ ကျွန်တော် ကူညီပါရစေ'

'မှောင့် အကူအညီကို ကျုပ် မတောင်းပါကလား'

'မင်းကြီးက မတောင်းပေမဲ့ ကျွန်တော်က ပေးပါရစေ၊ ဒီကိစ္စမှာ ကျွန်တော် မသိခင် ဘာမှ မလုပ်ပါနဲ့၊ ကျွန်တော့်ကို တိုင်ပင်ပြီးမှ လုပ်စေချင် ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်မင်းကြီးမှာ ဘိုနပတ်၏ ကြိမ်းမောင်းခြင်း ခံလျက် ရှိရာမှ လူငယ်တစ်ယောက်က ဝင်၍ စွာပြန်သည် ထင်သောကြောင့် ဒေါသနှင့် ငေးကြည့်နေ၏။ ဤတွင် ဘိုနပတ်က 'ရိုလင် ပြောတာ မှန်တယ်၊ သူ့ ခေါ်သွားပြီး တိုင်ပင်ချေကြ' ဟု ပြောလိုက်သည်နှင့် ဖိုးချိုသည် ဘိုနပတ်၏ အခန်းမှ ထွက်သွားလေ၏။

ရိုလင်လည်း ဘိုနပတ်နှင့်အတူ ကျန်နေရစ်သည်တွင် ဘိုနပတ်က 'ကိုင်း ရိုလင်၊ ဒီလူစုကို နှိမ်နင်းနိုင်မှ မင့်အသရေ ဆည်နိုင်တော့မယ်၊ မင့် ဒေသလည်း ဖြစ်တယ်။ မင့်အပေါ်မှာ ရန်ငြိုး ရှိကြပုံလည်း ရတယ်'

'မဟုတ်ဘူး ဗိုလ်ချုပ်၊ ဒီလူစုက ကျွန်တော်တို့ အိမ်သားတစ်စုကို တမင် ညှာတာနေပုံ ရတယ်၊ အဲဒါကြောင့် သာပြီး မခံချင်နေတယ်၊ ဒီကောင်တွေက ညှာတယ်ဆိုတာ ကျွန်တော် မခံနိုင်ဘူး'

'ပြန်ပြီး စစ်ဆေးကြည့်စမ်းပါဦးကွယ်'

'ချာထရ ဘုရားရှိခိုးကျောင်းမှာ တစ္ဆေ ခြောက်တတ်တယ်ဆိုလို့ ကျွန်တော် သွားစောင့် အိပ်တယ်၊ တစ္ဆေလည်း ပေါ်လာတယ်၊ ကျွန်တော်က သေနတ်နဲ့ ပစ်တယ်၊ ကျွန်တော့်ကို ဘယ့်နှယ်မှ ပြန်မလုပ်ဘူး။ ရထားကို ရပ်ပြီး ဘဏ္ဍာကို လုယူစဉ်က ကျွန်တော့်မေမေ မူးသွားတယ်၊ သူတို့က နှာဘူးတွေ ဘာတွေနဲ့ အရေးတယူ ပြုစုတယ်။ အက်ဒွပ်က သေနတ်နဲ့ ပစ်တယ်၊ ဘယ်လိုမှ မလုပ်တဲ့ပြင် ပွဲ့ဖက်နမ်းရှုပ် လုပ်သေးသတဲ့။ ကျွန်တော် လုပ်သလို ဆာဂျန်က လုပ်တယ်၊ သူ့ကျတော့ သူလျှိုဆိုပြီး ဓားနဲ့ ထိုးသတ်ကြတယ်'

'သို့သော် ဒီလူ မသေဘူး ဟုတ်လား'

'မသေရုံ ဘာကမလဲ ဗိုလ်ချုပ်၊ ကျန်းမာလွန်းလို့ ကျွန်တော့်နှမကို တောင် ကြိုက်နေသတဲ့'

'အလို ... သူတို့ချင်း ဖွင့်ပြောပြီးကြပြီလား'

'ကျွန်တော့်ကို ပြောတယ်'





'မင်းက ဘယ့်နှယ် ပြန်ပြောလိုက်သလဲ'

'ဗိုလ်ချုပ်နဲ့ အမိလီ သဘောအတိုင်းလို့ ပြန်ပြောလိုက်တယ်'

'ငါနဲ့ ဘာဆိုင်လို့လဲ'

'ဗိုလ်ချုပ် ပြောဖူးတယ် မဟုတ်လား၊ အမိလီကို လင်ပေးစားမယ် ဆို'

ဘိုနပတ်သည် အခန်းထဲ၌ လမ်းလျှောက်ရင်း စဉ်းစားပြီးနောက်–

'မင့် အင်္ဂလိပ်က ဘယ်လိုလူလဲ'

'သတ္တိ အလွန်ကောင်း၊ အလွန် အေး၊ အလွန်မြင့်မြတ်၊ အလွန် ငိုက်ဆံပေါ်တဲ့ အပြင် အင်္ဂလန် နန်းရင်းဝန်ရဲ့ တူတစ်ယောက်ပါ'

တစ်ဖန် ထပ်၍ စဉ်းစားပြီးနောက်–

'မင့်လူကို ငါ မတွေ့နိုင်ဘူးလား'

'ဗိုလ်ချုပ် တွေ့ချင် ဖြစ်နိုင်တာပေါ့'

'သူ ဘယ်မှာလဲ'

'ပါရစ်မြို့ပေါ်မှာပဲ'

'သွားရှာပြီး ချက်ချင်း ခေါ်ခဲ့စမ်း'

ရိုလင်သည် ချက်ချင်း ထ လာ၍ တံခါးသို့ ရောက်သောအခါ–

'ဘိုရီယန်ကို ငါ့ဆီ လွှတ်လိုက်စမ်း'

ဘိုရီယန် ရောက်လာသောအခါ ဘိုနပတ်သည် အောက်ပါ စာကို နှုတ်ဖြင့် ပြောပေး၍ ဘိုရီယန်က လိုက်၍ ရေးလေ၏။

**သမ္မတနိုင်ငံတော် ပထမ ကွန်ဆိုလ် ဘိုနပတ် ထံမှ**
**ဂရိတ် ဗြိတိန် ကျွန်းကြီးရှင် ဘုရင်မင်းမြတ်ထံသို့ ...**

ပြင်သစ်လူမျိုးတို့၏ အလိုဆန္ဒအလျောက် သမ္မတ နိုင်ငံတော်ကြီး၏ ပထမ ကွန်ဆိုလ် ရာထူးကို လက်ခံရသည်တွင် အောက်ပါ အဖြစ်အပျက်ကို ဘုရင်မင်းမြတ် သိအပ်သည်ဟု ယူဆသည့်အတိုင်း အကြောင်းကြားအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ်တိုင်တိုင် တစ်ကမ္ဘာလုံး အနှံ့အပြား ပြန့်ပွားလျက် ရှိသော သတ္တန္တ ရကပ်ကြီးမှာ ရပ်စဲဖို့နည်းလမ်း မရှိပါသလော။

ဥရောပ တစ်တိုက်လုံးတွင် ခွန်အားအကြီးဆုံး ဖြစ်သည့် လူမျိုးကြီး နှစ်မျိုးက ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းသူပြည်သား တို့၏ ချမ်းသာမှုကို မထောက်ထားဘဲ မာန်မာန ထောင်လွှား၍ တစ်ဖက်ကိုတစ်ဖက် မုန်းတီးကာ အန်တုဇလ ပြုသင့်ကြပါ၏ လော။ ငြိမ်းချမ်းမှုသည် တိုင်းပြည်၏ ပထမ လိုအပ်သော အခြင်း အရာ ဖြစ်၍ ငြိမ်းချမ်းမှု ရရှိမှ ဘုန်းကျက်သရေ တောက်ပ နိုင်သည် ဟု မသိကြပါသလော။

လွတ်လပ်သော လူမျိုးကို အုပ်ချုပ်၍ တိုင်းသူပြည်သား ချမ်းသာစေရန် ရည်ရွယ်ချက် ထားရှိသော ဘုရင်မင်းမြတ်သည် ဤအကြောင်းကို မသိဘဲ ရှိနိုင်မည် မဟုတ်ပါ။

ဤစာကို ရေးသားခြင်းအားဖြင့် အရပ်ရပ် ငြိမ်းချမ်းရေးကို လိုလားသည့်အလျောက် ဒုတိယအကြိမ် လက်ကမ်းလှမ်းခြင်း ဖြစ်သည် ဟူ၍ ဘုရင်မင်းမြတ် သိမြင်တော်မူလိမ့်မည်ဟု မျှော်လင့် ပါသည်။ ခွန်အားနည်းသော တိုင်းပြည်များ အဖို့မှာ ပရိယာယ် ဟန်ဆောင်ရသည့်အတွက် ဤကဲ့သို့ ပွင့်လင်းစွာ ရေးသားရန် မဝံ့သော်လည်း ခွန်အားကြီးသောတိုင်းပြည် ဖြစ်သည့်အလျောက် ရဲဝံ့ ပွင့်လင်းစွာ ငြိမ်းချမ်းရေး လက်ကမ်းလိုက်ပါသည်။

ပြင်သစ်ပြည် လည်းကောင်း၊ အင်္ဂလန်ပြည် လည်းကောင်း တိုင်းပြည်သား အပေါင်းတို့ ဆင်းရဲဒုက္ခ ရောက်ကြရမည့် အရေး မထောက်ထားဘဲ မိမိတို့၏ တန်ခိုးအာဏာကို အလွဲသုံးစား ပြုလု ခြင်းအားဖြင့် နှစ်ပေါင်းများစွာ ဆက်လက်၍ စစ်ဖက်နိုင်ကြမည် မှန်ပါသည်။ သို့ရာတွင် ယဉ်ကျေးသော တိုင်းပြည်အားလုံးတို့





ကံကြမ္မာကို ဖန်တီးမည် ဖြစ်သော ဤစစ်ကြီးကို ရပ်စဲသင့်ကြ ပါပြီ။

ဘိုနပတ်က 'ဒီလောက်ဆိုလျှင် တော်လောက်ပြီ ထင်တယ်' ဟု ပြော၍ ဘိုရီယန်အား ဖတ်ပြခိုင်းသဖြင့် ဘိုရီယန်က ဖတ်ပြ၍ ပြီးဆုံးသည် နှင့် တစ်ပြိုင်နက် ဘိုနပတ်သည် ကလောင်သစ် တစ်ချောင်းနှင့် လက်မှတ် ရေးထိုးလေ၏။ ဘိုနပတ်၏ အကျင့်တစ်ခုမှာ ကလောင်တံတစ်ချောင်းကို ဘယ်အခါမျှ နှစ်ကြိမ်ကိုင်လေ့ မရှိချေ။ မိမိ၏ လက်ချောင်းပေါ်၌ မင် စွန်းထင်းခြင်းကိုလည်း အလွန် ရွံမုန်းတတ်၏။

ဘိုရီယန်သည် စာကို စာအိတ်တွင် ထည့်၍ "လော့ဒ်ဂရင်ဗီလ်၊ အင်္ဂလန် နန်းရင်းဝန်" ဟူ၍ လိပ်တပ်လေသည်။

ထိုခဏ၌ မြင်းရထားတစ်စီး ဆိုက်၍ ရီလင်သည် အခန်းထဲသို့ ဝင်လာ၏။

'ဘယ့်နှယ်လဲ ဟေ့'

'ဗိုလ်ချုပ် ဖြစ်ချင်တာ ဖြစ်နိုင်ပါတယ်လို့ ပြောတယ် မဟုတ်ဘူး လား'

'မင့် အင်္ဂလိပ် ပါခဲ့သလား'

'ပါခဲ့ပါတယ်၊ အဝတ်အစားတော့ နန်းတွင်းဝတ် မဟုတ်ဘူး'

'သွင်းသာ သွင်းခဲ့ပါ'

ရီလင်သည် ဆာဂျွန်ကို ခေါ်သွင်းခဲ့၍ အခန်းဝတွင် ရပ်မိသည်နှင့် တစ်ပြိုင်နက် ဤလူကား အရည်အချင်း ပြည့်စုံသူတစ်ယောက် ဟူ၍ ဘိုနပတ် အကဲခတ်မိလေပြီ။ ဆာဂျွန်သည် အင်္ဂလိပ်တို့ ထုံးစံအတိုင်း မိတ်ဆက်မပေးဘဲ စကားမပြောသင့်ဟန်နှင့် ဦးခေါင်းညွှတ်ကာ ရပ်နေ၏။

'ဆာဂျွန်တင်လေးပါ ဗိုလ်ချုပ်၊ ပြောတော့ဖြင့် ဗိုလ်ချုပ်ကို တွေ့ဖို့ အိုဂျစ်ပြည်တောင် သွားဖို့ အသင့် ရှိပါတယ်ဆိုပြီး ယခု တွေ့ချင်လို့ ခေါ်ခိုင်း တော့ အတော် ဆွဲခေါ်ခဲ့ရပါတယ် ခင်ဗျား'



www.burmeseclassic.com

www.burmeseclassic.com



'ကြွပါ ဆာဂျွန် … ကြွပါ၊ ကျွန်ုပ်တို့ ဆုံစည်းကြခြင်းလည်း ပထမ အကြိမ် မဟုတ်၊ ကျွန်ုပ်က တွေ့ချင်ပါတယ်လို့ ပြောမိခြင်းလည်း ပထမ အကြိမ် မဟုတ်ပါဘဲလျက် ကျွန်ုပ်နှင့် တွေ့ဖို့ ဒီလောက် ငြင်းဆန်ရသလား ဆာဂျွန်'

'ကျွန်တော်လို လူတစ်ယောက်နဲ့ ဗိုလ်ချုပ်က တွေ့ချင်တယ် ဆိုတာ မယုံကြည်နိုင်အောင် ဖြစ်မိလို့ နှောင့်နှေးခြင်း ရှိမိခြင်းပါ ခင်ဗျား'

'ဒီပြင် တစ်ကြောင်းကလည်း အခြား အင်္ဂလိပ်တွေလို ကျွန်ုပ်ကို ရွံမုန်းမိတာကလည်း တစ်ကြောင်း မဟုတ်ဘူးလား'

'အမှန် ပြောရမှာဖြင့် အင်္ဂလိပ်လူမျိုးက ဗိုလ်ချုပ်ရဲ့ သတ္တိကို ချီးကျူး ရုံလောက်မှာ ရပ်ပြီး ချစ်ခင်တဲ့ဆီ ထိအောင် မရောက်တတ်သေးကြောင်းပါ ခင်ဗျား'

'နက်ဖြန်ခါ မိတ်ဆွေ ဖြစ်ချင်ဖြစ်မည့် လူတစ်ယောက်ကို ဒီက… မုန်းတယ်ဆိုတဲ့ လူတွေထဲမှာ ဆာဂျွန်လည်း ပါ ပါသလား'

'ကျွန်တော့်အဖို့မှာ ပြင်သစ်ပြည်ကြီးဟာ အမေ အရင်း မဟုတ်သော် လည်း မိထွေး ဖြစ်နေပါသည်။ ပြင်သစ်ပြည်ကြီးကို ယခုထက် ပိုပြီး ချစ်… နိုင်အောင် ကြိုးစားလျက် ရှိကြောင်းကို မိတ်ဆွေကြီး ရှိလင်က ပြောပြပါလိ… မယ် ဗိုလ်ချုပ် ခင်ဗျား'

'ဒီလိုဆိုလျှင် အင်္ဂလန်နဲ့ ပြင်သစ်နဲ့ မိတ်ဆွေ ဖြစ်ကြတာကို ဆာဂျွ… မြင်ချင်မှာပေါ့'

'အမိန့်ရှိတဲ့အတိုင်း တွေ့ရလျှင်တော့ ကျွန်တော့်အဖို့ ပျော်လို့ မ… ပါဘူး ခင်ဗျား'

'ဒီအတွက် ဆာဂျွန် တတ်နိုင်တယ် ဆိုလျှင် ဆောင်ရွက်မလား'

'အသက် စွန့်ပြီး ဆောင်ရွက်ပါမယ် ဗိုလ်ချုပ်'

'နန်းရင်းဝန်ကြီး လော့ဒ်ဂရင်ဗီလ်နဲ့ ဆွေမျိုးတော်တယ်လို့ … တယ်'





'ကျွန်တော့်ဦးလေး တော်ပါတယ်'

'သင့်မြတ်ကြရဲ့လား'

'ကျွန်တော့်အမေက သူ့အစ်မ အကြီးဆုံး ဖြစ်လို့မို့ အင်မတန် ချစ်ပါတယ်'

'အမေကို ချစ်သလို ခင်ဗျားကို ချစ်ရဲ့လား'

'ချစ်ပါတယ်၊ သို့သော် ကျွန်တော် အင်္ဂလန် ပြန်ရောက်ဖို့ မျှော်နေ ပါတယ်'

'ကျွန်ုပ်ဆီက စာတစ်စောင် ယူသွားနိုင်မလား'

'ဘယ်သူ့ဖို့လဲ'

'တတိယမြောက် ဂျော့ဘုရင် ပေးဖို့ပဲ'

'ဒီလိုဆိုလျှင် ကျွန်တော့်ကို ချီးမြှင့်တယ်လို့ သဘောပိုက်ပါတယ်'

'စာထဲမှာ ထည့်ရေးလို့ မဖြစ်တဲ့ ကိစ္စကို နန်းရင်းဝန် ဦးလေးကို ပြောပြမလား'

'တစ်ခွန်း တစ်ပါဒ မကျန် ပြောပြပါမယ်၊ ဂျင်နရယ် ဘိုနပတ်ရဲ့ စကားဆိုတာ ရာဇဝင် တင်ရမည့် စကား ဖြစ်ပါတယ်'

'ဒါဖြင့် ပြောပြလိုက်ပါ။ ဒါထက် ဘိုရီယန်၊ ရုရှား ဘုရင်ဆီက စာ ယူခဲ့စမ်း' ဘိုရီယန်သည် သေတ္တာထဲမှ စာတစ်စောင်ကို ယူ၍ ဘိုနပတ်အား ပေး၏။

'ရော့… ဒီစာကို ဖတ်ကြည့်ပြီး နန်းရင်းဝန်ကို ပြောပြလိုက်ပါ'

ဘိုနပတ်သည် စာကို ဆာဂျွန်အား ပေးသဖြင့် ဆာဂျွန်သည် အောက် ပါ အတိုင်း ဖတ်ကြည့်ရ၏။

**ပထမ ကွန်ဆိုလ်သို့**

ဟော်လန်ပြည်၌ ဖမ်းမိသော ရုရှားစစ်သည်တော် …ထောင်တို့ကို စည်းကမ်းသတ် မရှိ၊ လျော်ကြေး မတောင်းဘဲ ကျွန်ုပ်ထံသို့ ပြန်ပို့လိုက်သည်ကို ကောင်းမွန်စွာ လက်ခံရရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤရက်ရောသော အပြုအမူအတွက် အခြားနည်းအားဖြင့် တုံ့ပြန်ရန် မတတ်နိုင်သဖြင့် မိတ်ဆွေဖြစ် ပေါင်းသင်းဆက်ဆံရန်မျှသာ တတ်နိုင်ပါသည်။ လက်ခံလိမ့်မည်ဟူ၍ မျှော်လင့်ပါသည်။

ပထမ ကွန်ဆိုလ်အား မိတ်ဆွေအဖြစ်နှင့် ဆက်ဆံလိုကြောင်း ထင်ရှားစေခြင်းငှာ ဗြိတိသျှသံအမတ် လော့ဒ်ဝှစ်ဝေါ(သ်)၏ နယ်ကူးလက်မှတ်ကို စိန်ပီတာစဘတ်မြို့သို့ ပို့လိုက်ပါသည်။ အင်္ဂလိပ်သင်္ဘောများ ဆိုက်ကပ်ခွင့်ပြုသော ဘုရင်များနှင့် အင်္ဂလန်ကို မတိုက်သော ရှင်ဘုရင်များကို ကျွန်ုပ်ကိုယ်တိုင် စစ်ဖက်ပြိုင်ဖို့ "ချဲလင့်" လုပ်လိုက်ပါသည်။

ဤကိစ္စတွင် နယ်ချင်း စပ်လျက်ရှိသော ဒိန်းမတ်ဘုရင်မှ စ၍ ရာဇသံ ပို့လိုက်ပြီး ဖြစ်ကြောင်း ဒီလာကိုးဂေဇက်တွင် တွေ့မြင်နိုင်ပါသည်။

ဤမျှထက် ပိုမို၍ ကျွန်ုပ် မည်သို့ ပြောနိုင်ပါမည်နည်း။ သင်နှင့် ကျွန်ုပ် တွဲဖက်၍ ကမ္ဘာကြီးအတွက် ဥပဒေစည်းကမ်း ရေးဆွဲပေးနိုင်သည် ဟူ၍ပင် ပြောလိုက်ချင်ပါသည်။

အစဉ်အမြဲ ကြည်ညိုလေးစားလျက် ရှိသော
**ပေါလ်**

ဆာဂျွန်သည် စာကို ဖတ်ပြီးနောက် ဘိုနပတ်ဘက်သို့ လှည့်လျက်

'ရုရှားဘုရင်က အရူးတစ်ယောက်ပဲ ဂျင်နရယ်'

'သူ့စာကို ဖတ်ရလို့ ဒီလို ပြောတာလား'

'မဖတ်ရခင် ကတည်းက ထင်မိပါတယ်၊ ဖတ်လိုက်ရတော့ သေချာပါတယ်'

'ဆဋ္ဌမမြောက် ဟင်နရီဘုရင်ဟာ လူရူးတစ်ယောက်ကြောင့် နန်းတက်ရတယ် မဟုတ်ဘူးလား'





ဆာဂျွန်ကလည်း ပြုံးရယ်လျက် ရှိသည်။

ဘိုနပတ်သည် ဇျော့ဘုရင်ထံသို့ ဆက်သရမည့် စာကို ဆာဂျွန်၏ က်သို့ ပေးအပ်၍ နန်းရင်းဝန်၏ တူတစ်ယောက်လုံး လက်သို့ အပ်နှင်း က်ခြင်း ဖြစ်သောကြောင့် ဘုရင်၏လက်သို့ ရောက်ပါမည်လောဟု ယုံမှား သယ ဖြစ်ဖွယ် မရှိကြောင်း ပြော၍ စကားလက်စ သိမ်းလိုက်လေ တည်း။

## အခန်း ၃၁

ရစ်မြို့၌ ဖော်ပြခဲ့သော အခြင်းအရာများ ဖြစ်ပျက်ပြီးသည်နောက် သုံးရက် ာက်သော နေ့တွင် နှင်းဖောင်တိန် အိမ်ကြီး၌ ဖြစ်ပျက်သော အခြင်းအရာ း အကြောင်းကို ဖော်ပြရပေမည်။

နှင်းဖောင်တိန် အိမ်ကြီးမှ ရှေးဦးစွာ ရိုလင်၊ ၎င်းနောက် မဒမ်မွန်ထရီ ယ် သားအမိ၊ ၎င်းနောက် ဆာဂျွန်တို့ အသီးသီး ထွက်သွားကြသည်နောက် လီမှာ ရှားလော့ အမည်ရှိ အစေခံ မိန်းကလေးနှင့် နှစ်ယောက်တည်း ်ရစ်ခဲ့၏။ ဥယျာဉ်မှူး သားအဖ နှစ်ယောက်တို့မှာမူ အိမ်ကြီးပေါ်၌ ကြဘဲ ဝင်းတံခါး အနီးရှိ တဲကလေး၌ နေထိုင်ကြလေသည်။ သို့ဖြစ်၍ အချိန်များတွင် အမီလီ၏ အခန်းပြတင်းပေါက်နှင့် ရှားလော့၏ အခန်း စ်ပါး တစ်အိမ်လုံး မှောင်လျက်ရှိ၏။

ကျွန်ုပ်တို့ ရေးသားဖော်ပြသည့် တတိယညဉ့်မှ ၁၁ နာရီနှင့် ၁၂ ီ အတွင်း အမီလီ၏ ပြတင်းပေါက်သာမက အမီလီ အိပ်သော ဒုတိယ ပ်ရှိ ပြတင်းပေါက် လေးပေါက်လုံး ထိန်လင်းလျက် အမီလီ ကိုယ်တိုင် မှောင်ရိပ်တွင် ရပ်၍ ရွာဘက်သို့လှည့်ကာ တစ်စုံတစ်ခု အချက်ပေးမည် ောင့်ကြည့်လျက် ရှိ၏။

မိနစ်အနည်းငယ် ကြာလတ်သော် အမီလီသည် မျှော်လင့်သော ာမှ မီးရောင်တစ်ခု လက်ခနဲ ထွက်လာသည်ကို မြင်ရ၍ မျက်နှာကြည်



www.burmeseclassic.com

www.burmeseclassic.com



ရှင် လာပြီးလျှင် ပြတင်းပေါက် သုံးပေါက်၌ ထွန်းညှိထားသော ဖယောင်းတိ
များကို ငြိမ်းလိုက်၍ တစ်တိုင်တည်း ချန်ထားလေ၏။ ထိုအခါ၌ကား အမိ
မြင်ရသော မီးရောင်သည် ရုတ်တရက် ကွယ်ပျောက်ကာ ပြန်လည် အချ
ပေးလိုက်၏။

အမိလီသည် ပြတင်းပေါက် အနီးတွင် ထိုင်လျက် အပြင်သို့
ကြည့်နေလေရာ ကြယ်ရောင်၊ လရောင် ကင်းသော ညဉ့်ဖြစ်သည်နှင့်
မည်းလျက် ရှိ၏။ ၁၅ မိနစ်ခန့် ကြာလတ်သော် အိမ်ရှေ့ကွက်လပ်
ဖြတ်သန်းလျှောက်လာသော လူရိပ်ကို မြင်သည်နှင့် အမိလီသည် ပြတ
ပေါက် အနီး၌ ထွန်းထားသော ဖယောင်းတိုင်ကို အခန်းထောင့်သို့ ရွှေ့ ထ
ပြီးလျှင် ပြတင်းပေါက်၌ ပြန်၍ စောင့်လေ၏။ ထိုအခါ၌ကား အမိ
မျှော်နေသော လူသည် ဝရန်တာသို့ ရောက်နေလေပြီ။ ထိုလူသည် အမိလီ
ပွေ့ဖက် နှုတ်ဆက်စဉ် အမိလီသည် ပြတင်းပေါက်ကို ပိတ်ထား၍ အခ
ထောင့်၌ ထွန်းထားသော ဖယောင်းတိုင်ကို တစ်ဖန် ရွှေ့ ထွန်းရာတွင် အလ
ရောင်သည် အမိလီ၏ မျက်နှာပေါ်သို့ ကျရောက်သည်နှင့် မျက်ရည်
ဝိုင်းလျက် ရှိသော မျက်နှာကို ထိုလူ မြင်ရ၏။

'ဘာဖြစ်တာလဲ အမိလီ'

'ဖြစ်ပုံတော့ အကြီးအကျယ်ပဲ မောင်'

'မနေ့က တွေ့ရပြီး ဒီကနေ့ည အချက်ပေးခေါ်ကတည်းက တ
ဖြစ်လို့ဆိုတာ ရိပ်မိပါတယ်။ သို့သော် ဘာမှ မတတ်နိုင်တဲ့ ကိစ္စမျိုး
အမိလီ'

'မတတ်နိုင်ဘူး'

'ဒါဖြင့် မောင့် တစ်ယောက်တည်းနဲ့ ဆိုင်ပါစေဗျာ'

'နှစ်ယောက်လုံးနဲ့ ဆိုင်တယ်'

ထိုသူသည် နဖူးမှ စီးကျလာသော ချွေးများကို လက်နှင့် သုတ်
၏။





'ရော့ ...ဟောဒီစာ ဖတ်ကြည့်စမ်း'

ထိုလူသည် စာကို ဖွင့်၍ လက်မှတ်ကို ရှေးဦးစွာ ကြည့်လိုက်သည်တွင် မဒမ်မွန်ထရီဘဲလ် ထံမှ ဖြစ်ကြောင်း သိရ၍ ရိုလင်၏ မှတ်ချက်ကလေးလည်း ပါရှိလေသည်။ စာမှာမူကား–

**ချစ်သမီး**

ယခု ရေးလိုက်သော သတင်းကို သမီး ကြားရသောအခါ မိခင်နှင့် ရိုလင်တို့ ဝမ်းသာသကဲ့သို့ သမီးကလည်း ဝမ်းသာလိမ့်မည်ဟု မျှော်လင့်သည်။ သမီးက ဆာဗျွန်၌ ချစ်ကြိုက်တတ်သော နှလုံး မရှိသည့် စက်ရုပ် ဖြစ်သည်ဟု အကဲခတ်ခဲ့ဖူးရာ ယခင်က မှန်သည်ဟု ဝန်ခံသော်လည်း၊ သမီးကို မြင်ကတည်းက ပြောင်းလဲသွား၍ သမီးကို ချစ်ကြိုက်ကြောင်း ဖွင့်ဟ ပြောပြ နေလေပြီ။

သူ၏ အမူအရာကို မိခင် အကဲ မခတ်နိုင်ခဲ့သော်လည်း သမီးက အနည်းငယ် ရိပ်မိခဲ့သည် မဟုတ်ပါလား။ ယနေ့ နံနက် ရိုလင်နှင့်အတူ နံနက်စာ စားကြစဉ် ဆာဗျွန်က သမီးကို လက်ထပ်လိုကြောင်း ဖွင့်ဟ ပြောပြသည်။ ရိုလင်က ဝမ်းသာသော်လည်း တစ်စုံတစ်ရာမျှ ကတိ မပေးပါ။ ဘိုနပတ်က သမီး၏ လက်ထပ်ရေး ကိစ္စကို တာဝန်ယူမည်ဟု ပြောဖူး၍ ရိုလင်က ဘိုနပတ်ကို ပြောပြရာတွင်၊ ဆာဗျွန်နှင့် တွေ့လိုသည် ဆို၍ ရိုလင်က ခေါ်ပေးရသည်။ ဘိုနပတ်က ဆာဗျွန်ကို မြင်လျှင်မြင်ချင်း သဘောကျ၍ သူ၏ ဦးလေး လော့ဒ်ဂရင်ဗီလ် ထံသို့ ကိစ္စတစ်ခုနှင့် စေလွှတ်လိုက်သည်။ သို့ဖြစ်၍ အင်္ဂလန်သို့ ဆာဗျွန် ချက်ချင်း ထွက်သွားလေပြီ။

အင်္ဂလန်၌ ရက်ပေါင်း မည်မျှ ကြာမည်ဟု မပြောနိုင်။ သို့သော် ဆာဗျွန် ပြန်ရောက်လျှင်ရောက်ချင်း သမီးထံ ချစ်ကြိုက်ကြောင်း ဖွင့်ဟ ပြောပြဖို့ လာလိမ့်မည်။ ဆာဗျွန် တင်လေးမှာ လူချောတစ်ယောက်လည်း ဖြစ်သည်။ အရွယ်လည်း ကြီးသေး။



www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာလည်း ကြွယ်ဝသည်။ ဆွေကြီးမျိုးကြီးလည်း ဖြစ်သည်။ ရီလင်နှင့်လည်း အလွန် ခင်မင်သည်။ ဤယောကျ်ားထက် မြတ်နိုးထိုက်သော ယောကျ်ားတစ်ယောက်ကို မီခင် ကြည့် မမြင်နိုင်ပါ။

ပထမ ကွန်ဆိုလ်က မီခင်နှင့် သား နှစ်ယောက်လုံးပေါ်တွင် အလွန်ကြင်နာ၍ မဒမ်ဘိုနပတ်ကလည်း သူနှင့် နီးကပ်စွာ နေနိုင်ရန် အတွက် သမီး လက်ထပ်ဖို့ မျှော်လင့်ကြောင်း ပြောပြသည်။

ဘိုနပတ် လင်မယားတို့မှာ လူဇင်ဘတ် နန်းတော်မှ တူလာရီ နန်းတော်ကြီးသို့ ပြောင်းရွှေ့ နေထိုင်ကြမည်ဟု ပြောကြသည်။ ပြောင်းရွှေ့သော အခိုပ္ပာယ်ကို သမီး နားလည်ပါရဲ့လား။

**ကလော်တီလဒီ ဒီမွန်ထရီဘဲလ်**

၎င်းစာ အောက်၌ ရီလင်၏ လက်ရေးဖြင့် အောက်ပါအတိုင်း ဖြည့်စွက်ရေးသား ပါရှိသည်။

မီခင်၏ စာကို ငါ့နှမ ဖတ်ပြီး၍ သဘောပေါက်လောက်သင့်ပြီ။ မည်သည့်နည်းနှင့် ကြည့်သည်ဖြစ်စေ အလွန် လျော်ကန်သင့်မြတ်သော စီမံကိန်း ဖြစ်သည်။ ပထမ ကွန်ဆိုလ်က နှမကို လေဒီတင်လေး ဖြစ်စေလိုသည်၊ ဖြစ်ရမည်ဟု ပြောသည်။

မကြာမီ ပါရစ်မြို့တော်မှ ကိုကို ထွက်ခွာရလိမ့်မည်။ မတွေ့ရသော်လည်း မကြာခဏ ကိုကို့အကြောင်း ကြားရလိမ့်မည်။

**ရီလင်**

'ဘယ့်နှယ်လဲ မောင်'

'နည်းလမ်း သုံးခု ရှိတာပဲ'

'ဘယ်လိုလဲ'

'ပထမ နည်းလမ်းက အတင်း ငြင်းဖို့ပဲ။ အမြန်ဆုံး၊ အသေချာဆုံး နည်းလမ်းပဲ'





အမီလီလည်း မျက်နှာကို အောက်သို့ ချထားလိုက်၏။

'မလုပ်ဝံ့ဘူးလား အမီလီ'

'မဝံ့ပါဘူး မောင်'

'ခင်ကြီးရှေ့မှာ လက်ထပ်ထားတဲ့ လင်ယောကျ်ား ဖြစ်နေပြီဟာတောင် မလုပ်ဝံ့ဘူးလား'

'ခင်ကြီးက လက်ထပ်ပေးခြင်းဟာ ဥပဒေနဲ့ မညီဘူး ဆိုပါကလားမောင်'

'လင်ယောကျ်ား ကိုယ်တိုင်က ဥပဒေ ပြင်ဘက်က လူကပဲ အမီလီ'

'ကျွန်မတို့ လက်ထပ်တုန်းက မေမေ မပါဘူး။ ကောင်းချီးမင်္ဂလာပေးခြင်းလည်း မခံခဲ့ရဘူး။ ပြီးတော့ ဟိုလူကြီးကလည်း ရှိသေးတယ်'

'မောင်တို့ လင်မယား ချစ်ကြရိုးမှန်လျှင် သူ ဘာတတ်နိုင်သလဲ။ ကမ္ဘာကို စစ်မီးရှို့ပြီး ထီးနန်းကို လု၊ ဥပဒေတွေ လုပ်နိုင်ပေမဲ့ မချစ်ပါဘူးဆိုတဲ့ လူကို ချစ်ပါတယ်လို့ ပြောအောင် သူ မတတ်နိုင်ပါဘူး အမီလီ'

'ချစ်ရိုးမှန်လျှင် ဆိုတဲ့စကား သုံးဖို့ မထိုက်ပါဘူး မောင်၊ ဂျင်နရယ်မွန်ထရီဘဲလ်ရဲ့ သမီးတစ်ယောက်လုံး၊ ရီလင်ရဲ့ နှမတစ်ယောက်လုံး ဖြစ်ပါလျက်နဲ့ မောင့်ကို သန်းခေါင်အချိန်ကြီးမှာ ဒီနေရာမှာ လက်သင့်ခံခြင်းဟာ ခုစ်လွန်းလို့ မဟုတ်ဘူးလား မောင်ရယ်။ ယုံမှားသံသယ ရှိတဲ့ စကားမျိုးတော့ မသုံးလိုက်ပါနဲ့၊ နှမ အသည်းနာလှပါတယ်'

'မှားသွားပြီ အမီလီ၊ မောင် မှားသွားပြီ။ ဟုတ်ပေမှာပေါ့၊ အမီလီကတော့ ဒီလူကြီးကို ကြည်ညိုလေးစားဖို့ ငယ်ကတည်းက သင်ကြားခြင်းခံလာရလေတော့ သူ့ကို တော်လှန်ဖို့ ဆိုလျှင် သူပုန်တစ်ယောက်လို့ ထင်မှာပေါ့။ ဟုတ်ပါပေတယ်'

'နည်းလမ်းသုံးခု ရှိတယ်ဆို။ ဒုတိယနည်းလမ်း ဆိုစမ်းပါဦး'

'ဒုတိယနည်းလမ်းက သူတို့စကားကို လက်ခံပြီး လက်ထပ်ဖို့ နေ့ရက်ကိုသာ အချိန်ဆွဲထားပေတော့။ သူလည်း မသေနိုင်တဲ့ လူမှ မဟုတ်ဘဲ'



www.burmeseclassic.com

www.burmeseclassic.com



'သူက ဘိုးကြီးအိမ် မဟုတ်ဘဲ၊ သေအောင် စောင့်နေလို့ အင်မတန် ကြာနေမှာပေါ့။ တတိယနည်းလမ်း ပြောပါဦး'

'တတိယနည်းလမ်းက ထွက်ပြေးကြဖို့ပဲ၊ သို့သော် အခက်အခဲ နှစ်ခု ရှိပြန်တယ်'

'ဆိုပါဦး'

'တစ်ခုက အမိလီ မလိုက်ချင်မှုပေါ့'

'လင်မယား ဖြစ်နေပြီးဟာ ခေါ်လျှင် လိုက်ရမှာပေါ့'

'ဒုတိယ တစ်ခုက မောင့်မှာ ကိစ္စတွေ ရှိသေးတယ်'

'ဘယ်လို ကိစ္စတွေလဲ မောင်'

'မောင်တို့မှာ အဖွဲ့တစ်ခု ဖွဲ့ပြီး တစ်ယောက်ကိုတစ်ယောက် သစ္စာ စောင့်ဖို့ ကတိပေးထားကြတယ်။ ပြီးတော့ မောင်တို့က တစ်သဝေမတိမ်း လိုက်နာပါမယ်လို့ သစ္စာပြုထားတဲ့ ပုဂ္ဂိုလ်တစ်ဦးလည်း ရှိတယ်။ ပြင်သစ် နန်းပေါ်ကို ၎င်းပုဂ္ဂိုလ်ကြီး တက်ရမှာပဲ။ အမိလီရဲ့ ကိုကိုက ဘိုနပတ်ကို ကြည်ညိုတယ်ဆိုတာ လက်ခံလျှင် မောင်တို့က ဒီပုဂ္ဂိုလ်ကြီးကို ကြည်ညို တယ် ဆိုတာကိုလည်း လက်ခံသင့်ပါတယ်'

'ဒီလိုဆိုလျှင်တော့ ကျွန်မတို့အဖို့ မျှော်လင့်ချက် မရှိတော့ဘူးပေါ့'

'ဘာကြောင့် မရှိရမှာလဲ၊ မကျန်းမာဘူးလို့ အကြောင်းပြပြီး တစ်နှစ် လောက်တော့ အချိန်ဆွဲနိုင်တာပေါ့။ ဘိုနပတ်မှာလည်း အီတလီမှာ စစ်ရှုံး လျှင် တန်ခိုး မှိန်သွားနိုင်တယ် မဟုတ်ဘူးလား။ တစ်နှစ်အတွင်း ဖြစ်နိုင်တာ တွေ အများကြီး ရှိပါတယ်'

'ရိုလင် ရေးလိုက်တဲ့စာကို ဖတ်မိရဲ့လား'

'ဖတ်မိပါတယ်၊ သိပ်မထူးလှပါဘူး။ မယ်တော်ကြီးစာ အတိုင်းပါပဲ'

'နောက်ဆုံးအပိုဒ်ကို ပြန်ဖတ်စမ်းပါဦး'

အမိလီသည် စာကို တစ်ဖန် ထုတ်ပြရာ အောက်ပါအတိုင်း ဖတ်ရ ရလေ၏။





မကြာမီ ပါရစ်မြို့တော်မှ ကိုကို ထွက်ခွာရလိမ့်မည်။ မတွေ့ ရသော်လည်း မကြာခဏ ကိုကို့အကြောင်း ကြားရလိမ့်မည်။

'ဒီဟာ ဘယ်လို အဓိပ္ပာယ်လဲ'

'အဓိပ္ပာယ်က မောင်တို့ကို မိအောင် လိုက်ဖမ်းမယ် ဆိုလိုတာပေါ့'

'လိုက်ဖမ်းလျှင်ကော ဘာဖြစ်တတ်သလဲ၊ မောင်တို့က သူ့ကို သတ် မှ မဟုတ်ဘဲ'

'မောင်တို့က မသတ်ပေမဲ့ သူက သတ်လိမ့်မယ်'

'သတ်လျှင်ကော ဘာအရေးလုပ်ရမှာလဲ၊ ဘယ်အကြောင်းကြောင့် င်တို့ကို သူက လိုက်ဖမ်းလိမ့်မယ်လို့ တွေးမိတာလဲ'

'သူ့မိတ်ဆွေ ဆာဗျွန် သေလိမ့်မယ် ထင်တုန်းက လက်စားချေဖို့ ာပြုဖူးတယ်'

'ဒီလူ သေသွားလျှင် အကောင်းသားနော်၊ မောင်တို့ ယခုလို ဒုက္ခ က်ဖို့ မရှိဘူး'

'ရိုလင်က မောင်တို့ကို လိုက်ရှာနေတယ်၊ ဒီအနီးအနားမှာပဲ ရှိတယ်'

'ဘယ့်နှယ် သိသလဲ'

'မနေ့တုန်းက ရှားလော့က အခွင့်တောင်းပြီး သူ့အဖေ ထောင်မှူးဆီ သွားတော့ အကျဉ်းသမားတွေကို ထောင်မှူးက အချုပ်ခန်းထဲ ပို့မယ် င်တုန်း လူတစ်ယောက် ရောက်လာပြီး အကျဉ်းသမားတွေကို ကြည့်ပါ လို့ အခွင့်တောင်းသတဲ့။ ရှားလော့က သူ့အသံကို မှတ်မိတယ်ထင်လို့ က်ပြီး ကြည့်နေတုန်းမှာ မျက်နှာကို ဖုံးထားတဲ့ ဝတ်လုံကြီး လျှောကျ လို့ ရိုလင်ကို မြင်လိုက်ရသတဲ့'

'မတတ်နိုင်ဘူးလေ၊ ဒီအလုပ် လုပ်ကတည်းက အသက်စွန့်ပြီး ကြရတာပဲ'

'ချာထရု ဘုရားရှိခိုးကျောင်းမှာ ယခု မနေကြတော့ဘူး ဟုတ်လား'

'လူတွေတော့ မနေဘူး၊ အလောင်းတွေတော့ ရှိနေရစ်သေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



အမီလီသည် ကြက်သီး ထ မိရာ ရည်းစားက လက်ကိုကိုင်လျ အားပေးရ၏။ ၎င်းနောက်–

'မောင့်ကို တစ်ခု သစ္စာပြုပါ အမီလီ'

'ဘာလဲ မောင်'

'တကယ်၍ မောင်တို့လူစုကို အစိုးရက မတော်တဆ မိသွားခဲ့ ရှိလျှင် ရာဇဝတ်ကောင် သေခြင်းမျိုး မသေပါရစေနဲ့၊ မောင်တို့ အား အဖို့ လက်နက် ပို့ပေးပါမယ်လို့ ကတိ ထားပါ အမီလီ'

'တကယ် အရေးကြုံလျှင် ရိုလင်ကို ဖွင့်ပြောပြီး ဘိုနပတ်ကို တော ပန် ခိုင်းလို့ မတော်ပေဘူးလား မောင်'

'မလုပ်နဲ့ အမီလီ၊ မောင့် အတွက် ချမ်းသာပေးဖို့ မတောင်းပန်ပါ လို့ ကတိပေးရမယ်။ ကျိန်စမ်း ... မတောင်းပန်ပါဘူးလို့၊ ကျိန်စမ်း'

'ကျိန်နေရဦးမှာလား မောင်ရယ်၊ ကတိထားတာယ်ဆိုလျှင် မယုံ ဘူးလား'

'ယုံပါပြီ၊ မောင်တို့ကို မိသွားလျှင် လက်နက်ဖြစ်စေ၊ အဆိပ်ဖြ တစ်ခုခု ပို့လိုက်နော်'

'မောင် ခိုင်းသမျှ လုပ်ပါ့မယ် မောင်၊ အမိန့်ပေးသမျှ လိုက် ပါ့မယ်'

ရည်းစားသည် ကျေးဇူးတင်သော အထိမ်းအမှတ်ဖြင့် အမီလီ မွေ့ဖက် နမ်းရှုပ်မည် ပြုဆဲတွင် အိမ်ပြတင်းပေါက် အနီးမှ ဇီးကွက် သုံး မြည်သံ ကြားကြရလေ၏။

'ဇီးကွက်မြည်တာ နိမိတ်မကောင်းဘူး ဆိုပါကလား မောင်၊ တ ဖြစ်ချင်လို့ ထင်ပါရဲ့'

'ဇီးကွက် မဟုတ်ပါဘူး၊ မောင်တို့ အသင်းသားတွေ အချက်ပေ ပါ။ မီး မှုတ်ထားလိုက်'

အမီလီက ဖယောင်းတိုင်ကို မှုတ်လိုက်ရာ ရည်းစားသည် ပြ ပေါက်သို့ ချဉ်းကပ်လေ၏။





'မွန်ဘား လား ဗျို့'

'ဟုတ်တယ်၊ မော်ဂင်လား'

'ဟုတ်ပါတယ်'

လူတစ်ယောက်သည် မှောင်ရိပ်မှ ထွက်လာ၍–

'ပါရစ်မြို့မှ အရေးကြီးတဲ့ သတင်းတစ်ခု ရောက်လာတယ်။ ကျုပ်တို့ အားလုံးအဖို့ သေရေးရှင်ရေးပဲ၊ ချက်ချင်း အလုပ် လုပ်ကြရလိမ့်မယ်'

'ကြားလား အမီလီ၊ မောင် သွားလိုက်ဦးမယ်နော်'

သမီးရည်းစားတို့ သဘာဝအတိုင်း နှုတ်ဆက်ကြပြီးနောက် ထိုသူ သည် ဝရန်တာမှ ခုန်ချ၍ အောက်၌ရှိသော လူနှင့် တွေ့ဆုံကြရာ အမီလီသည် ပြတင်းပေါက်မှ လှမ်းမျှော်ကြည့်လိုက်ရာတွင် မှောင်ထဲသို့ ဝင်သွားကြသော လူနှစ်ယောက်ကိုသာ မြင်လိုက်လေ၏။

## အခန်း ၃၂

မော်ဂင်သည် အုတ်တံတိုင်းကို မိမိ ကျော်တက်နေကျ ဖြစ်သော နေရာသို့ ဆိုလူကို ခေါ်သွား၍ တံတိုင်းပေါ်သို့ ကျော်တက်ပြီးနောက် ရိုဆူးချောင်း ကမ်းပါးသို့ လျှောက်သွားကြ၏။ တစ်နေရာ၌ လှေကလေးတစ်စင်း ချည် ထားရာ လူနှစ်ယောက်တို့သည် လှေပေါ်သို့ တက်၍ ကမ်းတစ်ဖက်သို့ လှော်ခတ်ကြ၏။ အခြားတစ်ဖက်သို့ ရောက်သောအခါ ချောင်းကမ်းပါး နှင့် မြောင်လျက် ရှိသော လမ်းကလေးအတိုင်း လိုက်သွားကြ၍ တောအုပ် တစ်ခု အစသို့ ရောက်ကြ၏။

မော်ဂင်တို့သည် လမ်းတစ်လျှောက်လုံး စကားမပြောကြဘဲ တော ပ်သို့ ရောက်သောအခါမှ တိုင်ပင်ကြ၏။ မော်ဂင်က–

'ရဲဘော်တွေ ဘယ်မှာလဲ'

'ချာထရကျောင်းထဲက သချိုင်းမှာပေါ့'

'ဒါဖြင့် ဘာကြောင့် တစ်ခါတည်း လိုက်မသွားသလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီအနားမှာ ကင်းစောင့်တစ်ယောက် ချထားတယ်၊ သွားသင့် မသွားသင့် သူက သတင်းပေးလိမ့်မယ်'

'ကင်းစောင့်တာ ဘယ်သူလဲ'

'ဒီအားဆတ်ပေါ့'

'ကျုပ်ပါပဲဗျာ၊ ရောက်ပါပြီ'

ဒီအားဆတ်သည် သစ်ပင်တစ်ပင်ကို ကွယ်လျက် စောင့်ကြည့်နေရာမှ ထွက်လာလေ၏။

'ဘာများ သတင်းထူးသေးသလဲ'

'မထူးပါဘူး၊ ခင်ဗျားတို့ အဆုံးအဖြတ်ကို မျှော်နေကြပါတယ်'

'လာ၊ ဒါဖြင့် မြန်မြန် သွားကြစို့'

လူငယ်သုံးယောက်တို့သည် ဆက်လက် လျှောက်သွားကြ၍ ကိုက်သုံးရာခန့် ရောက်သောအခါ မွန်ဘားက 'အာမန်'ဟု ဟစ်ခေါ်လိုက်၏။

ထိုခဏ၌ သစ်ရွက်ခြောက်များကို ခြေနင်းသံ ကြားရ၍ မှောင်ရိပ်မှ လူတစ်ယောက် ပေါ်ထွက်လာလေ၏။ မွန်ဘားက–

'ဘာများ ထူးသလဲ'

'ကဒေါက်ဒဲလ်ဆီက စေတမန်တစ်ယောက် လွှတ်လိုက်တယ်'

'ဘယ်မှာလဲ'

'သချိုင်းထဲမှာ'

'ကိုင်း... လာကြပေတော့'

မွန်ဘားက ရှေ့ဆောင်လျက် လူငယ်လေးယောက်တို့သည် ကျဉ်းမြောင်းသော လမ်းကလေးတစ်လျှောက် တစ်ယောက်စီ လျှောက်လာကြ၍ လမ်းသည် ကိုက်ငါးရာခန့်တိုင်အောင် တဖြည်းဖြည်း မြင့်တက်လာ၏။ ကုန်းထိပ်သို့ ရောက်ကြသောအခါ မွန်ဘားသည် ဓါးကွက် မြည်သံဖြင့် သုံးကြိမ်မျှ အချက်ပေးလိုက်ရာ အသံတစ်ချက် ပြန်လာ၍ လူတစ်ယောက်သည် သစ်ပင်ပေါ်မှ ဆင်းလာလေ၏။ မွန်ဘားသည် ခေါင်းဆောင်အဖြစ်





နှင့် ဆောင်ရွက်၍ ထိုသူနှင့် တီးတိုး တိုင်ပင်လေရာ မော်ဂင်မှုကား စကားမပြောဘဲ စိတ်ကူးလျက် ရှိ၏။ နောက်ဆုံး၌ သစ်ပင်ပေါ်မှ ဆင်းလာသောကင်းစောင့်သည် မိမိ၏အလှည့် မပြီးဆုံးသေးသည့် လက္ခဏာနှင့် သစ်ပင်ပေါ်သို့ ပြန်တက်သွားလေ၏။

လူငယ်လေးယောက်တို့သည် ဆက်လက် လျှောက်လာကြ၍ ဗူကြီးတစ်ခု၏ အဝသို့ ရောက်ကြသောအခါ မွန်ဘားသည် မီးခတ်ကျောက်ဖြင့် မီးပွင့်အောင် ခတ်၍ မီးရှူးတိုင် တစ်တိုင်ကို ထွန်းညှိလေ၏။ ၎င်းနောက် မွန်ဘားသည် မီးရှူးတိုင်နှင့် ရှေ့ဆုံးမှ လျှောက်သွား၍ ကျန်လူများလည်း နောက်မှ လိုက်ကြလေရာ၊ ဥမင်လိုဏ်ခေါင်း ဖြစ်သည့်အလျှောက် လမ်းသည် တဖြည်းဖြည်း နိမ့်ဆင်းသွားသည့်ပြင် လက်ဝဲ လက်ယာ စသည်တို့ကို တွေ့ချိုးရသော နေရာများလည်း ရှိ၏။ စင်စစ်သော်ကား ဤလိုဏ်ခေါင်းကြီးမှာ နှစ်ပေါင်း နှစ်ထောင်ခန့် အခါက မြို့ကြီးနှစ်မြို့ တည်ရန်အတွက် ကျောက်များ တူးယူခြင်းကြောင့် ဖြစ်ရသော လိုဏ်ခေါင်းကြီး ဖြစ်လေသည်။ အချို့နေရာ၌ လမ်းတွင် နက်လှစွာသော ချောက်ကြီးများ ဆီးလျက်ရှိရာ ချောက်ပေါ်တွင် ပျဉ်ပြားကလေးများ ခင်းထားခြင်း အားဖြင့်သာ ကျော်ဖြတ်နိုင်၏။ အကယ်၍ ပျဉ်ပြားကို ခြေထောက်နှင့် ကန်ချလိုက်ပါမူ အဆုံးကို မမြင်နိုင်သော ချောက်ထဲသို့ ကျသွားမည် ဖြစ်၍ ရုတ်တရက် ဖြတ်ကူးရန် ဖြစ်နိုင်တော့မည် မဟုတ်ချေ။ အချို့သော နေရာများ၌လည်း မြေကတုတ်များ ရှိကြလေရာ ၎င်းတို့နောက်မှ ကွယ်လျက် ပစ်ခတ်ပါမူ ရန်သူ အမြောက်အမြားတို့ကို တွန်းလှန်နိုင်လောက်အောင် ခိုင်လုံလှပေသည်။

ဂူဝနှင့် ကိုက်ပေါင်း ငါးရာခန့် ကွာဝေးသော နေရာသို့ ရောက်ကြသောအခါ လူ တစ်ရပ်ခန့် မြင့်သော မြေကတုတ်ကြီး တစ်ခုကို တွေ့ရလေရာ၊ ၎င်းနောက်၌ ရှိသည့် အခန်းဝိုင်းကြီး အတွင်း၌ တစ်ကျိပ်ခန့်မျှသော လူများသည် စာဖတ်သူ ဖတ်၊ လျှောင်းသူ လျှောင်း၍ ဖဲ ကစားသူများလည်း ကစားလျက် ရှိကြ၏။ ထိုသူတို့သည် မီးရောင်နှင့်တကွ ခြေသံများ ကြားကြ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း မိမိတို့ အသင်းသားမှ တစ်ပါး မည်သူမျှ ဝင်နိုင်မည် မဟုတ်ဟူ၍ စိတ်ချလက်ချ ရှိနေကြသည် ဖြစ်သောကြောင့် မော်ဂင်တို့ ဝင်လာသော်လည်း မော့်၍မျှ မကြည့်ကြချေ။

အခန်းဝိုင်းကြီး အတွင်း၌ ပျားဖယောင်းတိုင်များဖြင့် ထိန်ထိန်လင်းလျက် ရှိရာ တစ်ခုသော နေရာ၌ စား၊ လုံ၊ သေနတ်မှ စ၍ လက်နက်အမျိုးစုံ စုပုံလျက် ရှိ၏။ နံရံ၌လည်း မျက်နှာဖုံးများ တွဲရရွဲ ချိတ်လျက်ရှိရာ တီးမှုတ်သော တူရိယာများနှင့် ရွှေပေါင်တပ်သော မှန်များ အနှံ့အပြားရှိနေသည်ကို တောက်ခြင်းအားဖြင့် ဤလူငယ်စုသည် လုပအောင် ဝတ်ဆင်မှုကို အရေးမလုပ်သော လူများ မဟုတ်ကြောင်း သိနိုင်ပေ၏။

သို့ရာတွင် တစ်ယောက်သော သူက 'ဗိုလ်ကြီး လာတယ်ဟေ့၊ ဗိုလ်ကြီး လာတယ်'ဟု ပြောလိုက်သော အခါ၌မူကား လူငယ်များသည် ထိုင်ရာမှ ထကြ၍ စစ်သားက စစ်ဗိုလ်အား အလေးပြုခြင်းမျိုး မဟုတ်ဘဲ၊ မိမိတို့ထက် အရည်အချင်း ပြည့်စုံသော သူကို ရိုသေကိုင်းရှိုင်းခြင်းမျိုးဖြင့် အလေးပြုကြ၏။

မော်ဂင်သည် မှန်ဘား၏ရှေ့သို့ တက်၍ အခန်းလယ်၌ ရပ်ပြီးလျှင်–

'ဘယ့်နှယ်လဲ မိတ်ဆွေတို့၊ သတင်းထူးတယ် ထင်တယ်'

'ထူးတယ် ဗိုလ်ကြီး၊ ပုလိပ်မင်းကြီး ဖိုးချိက ကျွန်တော်တို့ လူစုနဲ့ ပတ်သက်လို့ စိတ်ဝင်စားနေသတဲ့'

'သတင်းယူလာတဲ့ စေတမန် ဘယ်မှာလဲ'

'ရှိပါတယ် ဗိုလ်ကြီး'

'နှုတ်သတင်းလား၊ စာလား'

'နှုတ်သတင်းပါ'

'ဘယ်က ရသလဲ'

'ပုလိပ်မင်းကြီးရုံးကပါ'

'ယုံကြည်လောက်ရဲ့လား'





'ကျွန်တော် တာဝန်ယူပါတယ်'

'ဆိုစမ်းပါဦး သတင်းကို'

'အများရှေ့မှာ ပြောရမလား ဗိုလ်ကြီး'

'ပြောသာပြောပါ၊ အားလုံးက ကြားချင်ကြမှာပေါ့'

'ပထမကွန်ဆိုလ်က ပုလိပ်မင်းကြီး ခေါ်ပြီး ကျွန်တော်တို့ အတွက်နဲ့ ကြိမ်းပါတယ်'

'နေရာကျသဟေ့၊ ပြီးတော့ကော'

'ပုလိပ်မင်းကြီးက ကျွန်တော်တို့ လူစုဟာ အလွန်တရာ ပါးနပ်လေတော့ ဖမ်းဆီးဖို့ အင်မတန် ခက်ပါတယ် တဲ့'

'ပြီးတော့ကော'

'ပထမ ကွန်ဆိုလ်က ကျွန်တော်တို့ လူစုဟာ ဗင်ဒီက သူပုန်တွေကို စစ်စရိတ် ထောက်ပံ့နေတယ်တဲ့။ ကျွန်တော်တို့က မထောက်ပံ့လျှင် ဗင်ဒီမှာ သူပုန်ကိစ္စ အေးသွားမယ် တဲ့'

'ဟုတ်ပေသားပဲ'

'ဒါကြောင့် ပထမကွန်ဆိုလ်က ကျွန်တော်တို့ကို ဖမ်းဆီးရေးအတွက် ငွေတစ်သန်း ကုန်ကုန်၊ လူ ၅၀၀ သေသေ မိအောင် ဖမ်းရမယ်လို့ ပုလိပ်မင်းကြီးကို အမိန့် ပေးတယ်'

'ဖမ်းနိုင်သလား၊ မဖမ်းနိုင်ဘူးလား ကြည့်ကြရသေးတာပေါ့ကွယ်'

'ပုလိပ်မင်းကြီးက ဒေါပွ ပြန်သွားပြီး ရှစ်ရက်အတွင်း ဂျေဟူးရဲဆော် တစ်ယောက်မှ မကျန်စေရအောင် သူ ဖမ်းပေးပါမယ်လို့ အာမခံသွားတယ်'

'ရက်တိုလှချေကလား၊ ရှစ်ရက်ထဲ'

'အဲဒီနေ့မှာပဲ အမြို့မြို့မှာ ရှိတဲ့ စစ်ဗိုလ်တွေဆီ စာရေးတယ်၊ ကျွန်တော်တို့ လူစုကို ဖမ်းမိအောင် စစ်တပ်နဲ့ အစွမ်းကုန် ကြိုးစားကြရမယ်တဲ့။ ပြီးတော့ ပထမကွန်ဆိုလ်ရဲ့ ကိုယ်ရံတော် ရိုလင်မွန်ထရီဘဲလ်ကိုလည်း ဆောင်းသမျှ စစ်သားအကူအညီ ပေးရမယ် တဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်၊ မွန်ထရီဘဲလ်က ဘိုဂ်မြို့က ထောင်ထဲမှာ မနေ့တုန်း
က စစ်ဗိုလ်ကြီးနဲ့ တိုင်ပင်သတဲ့။ ကျွန်ုပ် သတင်းကြားခဲ့ပါတယ်'

'ဒီလိုဆိုလျှင် ဗိုလ်ကြီးက ရိုလင်ကို ကာကွယ်ပေးဦးမှာလား'

'ဗိုပြီး ကာကွယ်ပေးရလိမ့်မယ်'

တစ်ယောက်သော အသင်းသားက–

'မလွန်လွန်းဘူးလား ဗိုလ်ကြီး'

'ဘာလွန်သလဲ၊ အဖွဲ့သားတိုင်းမှာ ဒီအခွင့်အရေး ရှိတယ် မဟုတ်
ဘူးလား'

'ဒါတော့ မှန်ပါတယ်'

'အဖွဲ့သားတစ်ဦးလည်း ဖြစ်တယ်၊ ခေါင်းဆောင်လည်း ဖြစ်တယ်
ဒါကြောင့် ဒီ အခွင့်အရေးကို ကျွန်ုပ် အသုံးပြုတယ်'

'မတော်တဆ မှန်သွားလျှင်ကော'

'မတော်တဆ မှန်တာတော့ မတတ်နိုင်ပေဘူးပေါ့၊ သို့သော် ရိုလင်
ကို မထိစေရအောင် သတိထားကြဖို့ ကျွန်ုပ် တောင်းပန်ပါတယ် မိတ်ဆွေ
တို့'

'ကျွန်တော်တို့ ကတိပေးပါတယ်'

'ကိုင်း... ကျွန်ုပ်တို့ အခြေအနေကို ပြန်ကြည့်လိုက်ကြဦးစို့။ ပုလိပ်
အဖွဲ့ကြီး တစ်ခုလုံးက ကျွန်ုပ်တို့နောက်ကို လိုက်တယ်ဆိုလျှင် အလိမ္မာ
ဉာဏ်သုံးပြီး ကြည့်ရှောင်ကြမှ ဖြစ်မယ်၊ ပြန်တွယ်လို့တော့ မဖြစ်ပေဘူး
အလိမ္မာဉာဏ် သုံးတာတောင် ကြာရှည် မတတ်နိုင်ပေဘူး၊ တစ်နေ့နေ့တော့
မိသွားလိမ့်မယ် ထင်တယ်။ ဟုတ်ပေဘူးလား မိတ်ဆွေများ'

အဖွဲ့သားများသည် မော်ဂင် ထင်သကဲ့သို့ ထင်ကြသော်လည်း
မည်သို့မျှ ပြန်မပြောဘဲ ငြိမ်ကြ၏။ ထိုနောက် မွန်ဘားက–

'ဒီပြင် ဘာများ ပြောစရာ ရှိသေးသလဲ ဗိုလ်ကြီး'

'ပြောစရာကတော့ မြင်းနဲ့ ၆ နာရီ စိုင်းလျှင် ဆွိဇာလင်ပြည်





ရောက်နိုင်တယ်၊ ခဏလောက် ရှောင်နေကြလျှင် ကောင်းလိမ့်မယ် ထင်
တယ်'

မွန်ဘားက–

'ပြင်သစ်ပြည်ထဲက ထွက်ပြီး ရှောင်နေရမှာ ပျင်းစရာကြီးဗျာ၊ ဖိုးချီ
ကို အရှုံးလုပ်ရလျှင် သိပ်ပျော်မှာပဲ'

'ဒီလိုဆိုလျှင် ကဒေါက်ဒဲလ်ဆီက စေတမန်နဲ့ စကားပြောပြီးမှ
ဒီကိစ္စကို မဲဆန္ဒ ယူကြစို့လား၊ စေတမန် ဘယ်မှာလဲ'

အဖွဲ့သားများသည် စေတမန်ကို ကြည့်ကြရာ ထိုသူမှာ ထောင့်တစ်
ထောင့်တွင် အိပ်ပျော်လျက် ရှိသည်ကို တွေ့ရသည်နှင့် နှိုးကြလေ၏။
စေတမန်သည် အိပ်ရာမှ ထ ၍ မျက်လုံးများကို ပွတ်လျက်–

'ခင်ဗျားတို့ အထဲမှာ ဗိုလ် ဘယ်သူလဲ၊ ဗိုလ်ချုပ်ဆီက သူ့အတွက်
စာတစ်စောင် ပါတယ်'ဟု ပြောသည်နှင့် မော်ဂင်က 'ကျွန်ုပ်ပါပဲ'ဟု ပြောပြ
၏။

'ခင်ဗျား နာမည် ဘယ့်နှယ် ခေါ်သလဲ'

'ကျွန်တော့်မှာ နာမည်နှစ်မျိုး ရှိတယ်'

'တိုက်နေတဲ့ နာမည်ကို ပြောပါ'

'မော်ဂင် ပါ တဲ့'

'ဟုတ်ပြီ၊ ရော့ ... ခင်ဗျားဖို့ စာ'

မော်ဂင်သည် စာရွက်ကို ယူ၍ကြည့်လိုက်ရာ ဗလာစာရွက် ဖြစ်နေ
သည်ကို တွေ့ရ၏။ ဤတွင် ဖယောင်းတိုင်တစ်တိုင် ယူခဲ့စေ၍ မီးကင်
လိုက်သော အခါမှ စာလုံးများ တဖြည်းဖြည်း ပေါ်လာ၍ မော်ဂင်က အောက်
ပါ အတိုင်း ဖတ်ပြလေ၏။

**မိတ်ဆွေမော်ဂင်**

ရာဇဂိုဏ်း ကိစ္စကို ကျွန်ုပ် စွန့်လွှတ်၍ ပထမ ကွန်ဆိုလ်
အစိုးရနှင့် ဈေးစပ်လျက် ရှိသည်ဟု ကြားလျှင် မယုံပါလေနှင့်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကား ဘာရစ်တနီနယ်သား ဘာရီတန်တစ်ယောက် ဖြစ်၍ အလွန် ခေါင်းမာပါသည်။ ပထမ ကွန်ဆိုလ်က ကိုယ်ရံတော် တစ်ယောက် စေလွှတ်၍ ကျွန်ုပ်၏ နောက်လိုက်များကို အပြစ်လွှတ်ပြီးလျှင် ကျွန်ုပ်ကို ကာနယ်ရာထူး၌ ခန့်မည်ဟု ပြောဖူးပါသည်။ ကျွန်ုပ်က ချက်ချင်း ငြင်းပယ်လိုက်ပါသည်။

မင်းညီ မင်းသားများထံမှ ထောက်ပံ့ကြေး တစ်ပြားတစ်ချပ်မှလည်း မရရှိ၊ အားပေးစကားလည်း ပြောဖော် မရပါ။ မိတ်ဆွေသာလျှင် ကျွန်ုပ်တို့၏ ဘဏ္ဍာစိုး ဖြစ်ပါသည်။ မိတ်ဆွေက ထောက်ပံ့ကြေးများ ရပ်စဲလိုက်ပါလျှင် ရာဇဂိုဏ်း ကိစ္စကြီး တစ်ခါတည်း ရပ်လိုက်ဖို့သာ ရှိပါသည်။ ယင်းသို့ဖြစ်လျှင် ကျွန်ုပ်၏အသက် ရှေးဦးစွာ ဆုံးရှုံးရမည်မှာ ပြောဖို့ပင် မလိုပါ။

ကျွန်ုပ်တို့၏ အလုပ်ကား ဘေးအန္တရာယ် များလှ၏။ တစ်နေ့နေ့တွင် ကျွန်ုပ်တို့အသက် ဆုံးကောင်း ဆုံးရှုံးကြပေမည်။ သို့ရာတွင် နောင်လာနောင်သားများက "အခြားသူများ လက်လျှော့သော်လည်း သူတို့ကား လက်မလျှော့ကြပေ" ဟူ၍ ပြောရစ်ကြပါစေ။

ငွေများရှိလျှင် စေတမန်လက်သို့ ပေးအပ်လိုက်နိုင်ပါသည်။

**ကဒေါက်ဒဲလ်**

အဖွဲ့သားများသည် နောက်ဆုံးစာပိုဒ်ကို ကြားကြရသည်တွင် ဩဘာပေးကြ၏။

၎င်းနောက် မော်ဂင်က ရှိသမျှသော ငွေများကို ထုတ်ခဲ့စေရာ စုစုပေါင်း လေးသောင်း ကိုးထောင်မျှ ရှိ၍ စေတမန်၏လက်သို့ အပ်လိုက်လေ၏။

ထိုအခါ အဖွဲ့သား တစ်ယောက်က နောက်စနေနေ့တွင် ပါရစ်မြို့မှ





ချိမ်ဘာရီမြို့သို့ သွားသော ဒီလီဂျင့် ရထားကြီးတွင် **အစိုးရငွေ** ငါးသောင်းပါလိမ့်မည်ဟု သတင်းရသောကြောင့် မေဆင်ဘာလင်ချိ ခေါ်သော နေရာမှ တိုက်ယူ၍ ထပ်သောင်း ပေးပို့နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြော၏။

'ခု ပြောလိုက်တာ ဗလင်းဆိုးလ်လားဗျို့'

'မလုပ်လိုက်ပါနဲ့ ဗိုလ်ကြီး၊ ကျွန်တော့်နာမည် အက်ဒလားပါတဲ့။ အစိုးရက မိသွားလို့ ခေါင်း ဖြတ်ချင်ဖြတ်၊ သေနတ်နဲ့ ပစ်ချင်ပစ်သတ်၊ သဘောရှိ စီစဉ်ပါစေ။ ကျွန်တော့် နာမည်ရင်းကိုတော့ လူသိ မခံနိုင်ပါဘူး ဗိုလ်ကြီး'

'မှန်ပါပေတယ်၊ ကျွန်တော်က သတိလစ်သွားမိပေတယ်။ ကိုင်း... မိတ်ဆွေတို့၊ ပြင်သစ်ပြည်အတွင်းမှာ နေပြီး ဖိုးချီတို့ လူစုကို အရှုံးလုပ်မလား၊ ဆွီဇာလင်ပြည်ဘက်မှာ တိမ်းရှောင်နေကြမလား၊ ဘယ်လိုလဲ'

အားလုံးက 'မတိမ်းဘူး၊ ဒီမှာပဲ နေမယ်'ဟု ပြန်ပြောကြ၏။ ထိုအခါ မော်ဂင်က–

'တော်ကြပါပေ့ဗျာ၊ ဒါဖြင့် စီန်လိုက်ကြပေါ့'ဟု ပြော၍ စေတမန်ဘက်သို့ လှည့်ပြီးလျှင် 'ကဒေါက်ဒဲလ်ကို ပြောလိုက်ပါ။ ရှေ့က သွားလျှင် နောက်က လိုက်ပါ့မယ်၊ စက်တိုင် တက်စရာရှိလျှင် သူ့အလျင် တက်ဖို့ မနှောင့်နှေးပါဘူးလို့ ပြောလိုက်ပါ'ဟု ပြော၍ လွှတ်လိုက်လေ၏။

စေတမန် ထွက်သွားသောအခါ မော်ဂင်သည် အက်ဒလားကို ခေါ်၍ ထိုညဉ့်အတွက် မိမိက ညှော်ခံမည်ဟု ပြောပြီးလျှင်၊ အခြားလူများကို နှုတ်ဆက်၍ အခန်းဝိုင်းကြီးမှ ထွက်လာခဲ့ကြလေ၏။

ဥမင်လိုဏ်ခေါင်းကြီးမှာ မြေအောက်၌ ကျောက်များ တူးဖော်သည့်အခါ၌ ဖြစ်တတ်သော ထုံးစံအတိုင်း မြေအောက်မြို့ တစ်မြို့ကဲ့သို့ လမ်းအသွယ်သွယ် ရှိနေလေရာ၊ မော်ဂင်သည် မီးရှူးတိုင်ကို ကိုင်လျက် ရှေ့မှ လျှောက်သွား၍ အက်ဒလားက နောက်မှ လိုက်လေ၏။ နောက်ဆုံး၌ အလောင်းများကို ခေါင်းသွင်း၍ သံသုံးချောင်းထောက်ပေါ်၌ တင်ထားသော



www.burmeseclassic.com

www.burmeseclassic.com



နေရာသို့ ရောက်ကြသောအခါ မော်ဂင်က မီးရှူးတိုင်ကို ငြိမ်းလိုက်သဖြ
အက်ဒလား လန့်သွား၏။ ထိုနေရာ၌ အထက်သို့ တက်သော လှေကာ
ထစ်များ ရှိလေရာ မော်ဂင်သည် အက်ဒလား၏ လက်ကို ဆွဲလျက် လှေကာ
ထစ်များမှ တက်သွားလေ၏။ မော်ဂင်သည် ကျောက်ဖျာတစ်ခုကို တွန်းဖွ
လိုက်၍ လေကောင်းလေသန့်များ ဝင်လာသည်တွင် အက်ဒလားက 'ယ
မှပဲ အသက်ရှူ ချောင်သွားပေတော့တယ်ဗျာ' ဟု ပြော၏။

အက်ဒလားသည် တောင်မြောက် လေးပါးကို ကြည့်လိုက်သည့်အ
မြက်ခြောက်များ သိုလှောင်ထားသည့် အဆောက်အအုံကြီး ဖြစ်နေသည်
တွေ့ရလေရာ ရောင်စုံမှန် တပ်ထားသော ပြတင်းများမှ အလင်းရော
တိုးဝင်လျက် ရှိသည်ကိုလည်း မြင်ရ၏။ မော်ဂင်သည် မြက်ခြောက်ပုံကြ
ပေါ်သို့ ခေါ်သွား၍ ပြတင်းပေါက်တစ်ခု အနီး ထိုင်ကြပြီးလျှင် ဝိုင်အရ
တစ်ပုလင်းနှင့် စားစရာများ ထုတ်လိုက်သည်တွင် အက်ဒလားမှာ အံ့ဩ
ဝမ်းမြောက် သွားလေတော့သည်။ ပြတင်းပေါက်မှ ချောင်းကြည့်လိုက်သေ
အခါတွင်မူကား အက်ဒလားသည် လမ်းလျှောက်လျက် စောင့်နေသေ
စန္ဒရီတစ်ယောက်ကို မြင်ရလေ၏။

မော်ဂင်နှင့် အက်ဒလားတို့သည် ဝိုင်အရက်နှင့် စားစရာများ
စားသောက်လျက် ရှိကြစဉ်၊ အပေါက်၌ စောင့်လျက်ရှိသော စန္ဒရီက 'သ
ဟူ၍ ဟစ်အော်လိုက်သဖြင့် စားစရာများကို ချထား၍ ပြတင်းပေါက်
ချောင်းကြည့်ကြ၏။

ထိုခဏ၌ စစ်သား ၃၀ ခန့် တို့သည် ပွန်ဒီအိန်မြို့ဘက်မှ လျှော
လာကြ၍ အဆောက်အအုံ ရှေ့၌ နှစ်စု ခွဲလိုက်ကြရာ အရာရှိနှစ်ယော
အုပ်ချုပ်သော တစ်စုသည် မော်ဂင်တို့ ရှိနေသော အဆောက်အအုံနှင့် က
လျက်ရှိသော အဆောက်အအုံထဲသို့ ဝင်သွားကြ၍ ကျန်တစ်စုသည် ရှေ
ဆက်လက် လျှောက်သွားကြလေ၏။

ထိုအခါ မော်ဂင်က 'သတိ'ဟု ပြောလိုက်၍ လူ နှစ်ယောက်





သည် ကြမ်းပေါ်တွင် ဒူးထောက်လျက် ပြတင်းပေါက်ဆီသို့ စူးစိုက်ကာ
ကြည့်ရင်း စောင့်နေကြလေ၏။

## အခန်း ၃၃

ရီလင်သည် "ဂျေဟူးရဲဘော်" အဖွဲ့ကို ထောက်လှမ်းစုံစမ်းရန် ဘိုနပတ်ထံမှ
အခွင့်ရသည် ဖြစ်၍ စစ်အတွင်းဝန်ထံမှ စစ်သည်တော်များနှင့် ပုလိပ်မင်းကြီး
ထံမှ ပုလိပ်များကိုလည်း ရီလင်၏ သဘောအတိုင်း အသုံးပြုရန် ခွင့်ရလေ၏။

ရီလင်သည် ဘိုဂ်မြို့ ပုလိပ်အရာရှိထံ ရှေးဦးစွာ သွား၍ မိမိ၏
ကိစ္စကို ပြောပြ၏။ ပုလိပ်အရာရှိမှာ မိမိနယ် အနီးအပါး၌ "ဂျေဟူးရဲဘော်"
အဖွဲ့သားများက ဒီလီဂျင့် ရထားများကို တိုက်ခိုက် လုယူကြခြင်း ဖြစ်သော
ကြောင့် ဒေါပွလျက် ရှိသည်အတွင်း ရီလင်က ၎င်းအဖွဲ့ကို ဖြိုဖျက်ရန်
အတွက် မိမိ လာရောက်ခြင်းဖြစ်ကြောင်း ပြောပြရာတွင် ရီလင်အား
ဝမ်းမြောက်စွာ အကူအညီပေးရန် အသင့် ရှိလေ၏။ ၎င်းနောက် ရီလင်က
ချာထရ ဘုရားရှိခိုးကျောင်း အတွင်း၌ မိမိကိုယ်တိုင် တစ်ညဉ့် စောင့်အိပ်ခဲ့
ပုံနှင့် ဆာဗျွန်၏ အဖြစ်အပျက်ကို ပြောပြရာတွင် ပုလိပ်အရာရှိမှာ အံ့အား
သင့်လျက် ရှိ၏။

ပုလိပ်အရာရှိ လက်အောက်၌ ပုလိပ်သား ၁၈ ယောက် မျှသာ
ရှိ၍ ချာထရ ဘုရားရှိခိုးကျောင်း အဆောက်အအုံကြီးကို ဥမ္မလောက်
လူဦးရေနှင့် ဝိုင်းဝန်းရှာဖွေရန် မလုံလောက်သောကြောင့် အရာရှိသည် ဘိုဂ်
မြို့ စစ်တပ်မှ စစ်သား ၁၂ ယောက်ကို (ရီလင်၏ အမိန့်နှင့်) တောင်းခံ
သည်တွင် စုစုပေါင်း လူ ၃၀ ရှိနေလေ၏။ စစ်ဗိုလ်သည် ရီလင်၏ကိစ္စကို
သိရ၍ ရီလင်ကိုယ်တိုင် ဆောင်ရွက်မည့် အကြောင်းကို ကြားရသည်တွင်
စစ်သား ၁၂ ယောက် ပေးလိုက်ရုံမျှမက ၎င်းကိုယ်တိုင် လိုက်ပါလာခဲ့လေ
သည်။

ရီလင်၏ အစီအစဉ်မှာ ထိုညဉ့် ၁၁ နာရီ အချိန်တွင် စစ်ဗိုလ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



စစ်သား ၁၂ ယောက်တို့သည် ပုလိပ်ဌာနသို့ ဝင်၍ ရိုလင်၊ ပုလိပ်အရာရှိနှင့် ပုလိပ်သား ၁၈ ယောက်တို့ကို ခေါ်ရန် ဖြစ်လေသည်။ သို့ဖြစ်၍ ၎င်းညနေ ၁၁ နာရီ ထိုးသည်နှင့် တစ်ပြိုင်နက် စစ်ဗိုလ်နှင့် စစ်သားများသည် ပုလိပ်ဌာန သို့ ဝင်၍ ရိုလင်နှင့် ပုလိပ်အဖွဲ့ပါ နှစ်စု ပေါင်းပြီးလျှင် ချာထရ ဘုရားရှိခိုး ကျောင်းသို့ ချီတက်သွားကြ၏။ ရိုလင်ကိုယ်တိုင်မှာ ဆာဂျင်၏ ယူနီဖောင်း ဖြင့် ဝတ်ဆင်ထားလေသည်။ စစ်သားများနှင့် ပုလိပ်သားများသည် ရိုလင် အား ဆာဂျင်တစ်ယောက် ဟူ၍သာ နားလည်ကြလေရာ ဆာဂျင် တစ် ယောက်က ဤကိစ္စကို ဦးစီးအုပ်ချုပ် ရချေသလောဟု အထင်အမြင် မှားကြ မည် စိုးသောကြောင့် ရိုလင်သည် ငယ်ရွယ်စဉ်က ချာထရ ဘုရားရှိခိုးကျောင်း ၌ ခင်ကြီး ဝတ်ခဲ့ဖူး၍ ချာထရ ဘုရားရှိခိုးကျောင်း အကြောင်းကို သိကျွမ်း နားလည်သဖြင့် ၎င်းအား ဤကိစ္စတွင် ဗိုလ် တင်ထားရသည်ဟု လူများအား ပြောထားရလေသည်။

ရိုလင်တို့ လူစုသည် ချာထရ ဘုရားရှိခိုးကျောင်းသို့ ရောက်၍ အနှံ့အပြား ဝင်ရောက် ရှာဖွေကြရာ အရေးကြီးသော အခြင်းအရာ တစ်ခု တစ်ခုမျှ မတွေ့ရသည်နှင့် ဈေးဟူးရဲဘော် အဖွဲ့သည် ဤကျောင်းမှ ပြောင်း ရွှေ့ သွားကြပြီဟု ယူဆကြ၏။ သို့ဖြစ်၍ ထိုလူစုသည် ဘုရားရှိခိုးကျောင်း ထဲတွင် သုံးနာရီတိုင်တိုင် မွှေနှောက် ရှာဖွေကြပြီးနောက် ကျောင်းဝင်း ထဲမှ ထွက်လာကြ၍ ရိုလင်နှင့် ပုလိပ်အဖွဲ့သည် ပုလိပ်ဌာနသို့ ဝင်ရစ်ခဲ့ကြရ စစ်သားများနှင့် စစ်ဗိုလ်သည် စစ်ဌာနသို့ လျှောက်သွားကြ၏။

ပုလိပ်ဌာနသို့ ထိုလူစု ရောက်လာ၍ စန္ဒရီက 'သတိ' ဟု ဟစ်အော် လိုက်ခြင်းကို မော်ဂင်တို့ ကြားကြ၍ စောင့်ကြည့်နေကြခြင်း ဖြစ်လေသည်။

မော်ဂင်တို့ ကြည့်နေစဉ် ပုလိပ်သားများသည် မိမိတို့ အခန်းသို့ မိမိတို့ ဝင်အိပ်ကြသော်လည်း ဒုတိယအထပ်၌ ရှိသည့် ပုလိပ်အရာရှိ အခန်း ပြတင်းပေါက်မှမူ မီးရောင်ကလေး ထွက်လျက် ရှိ၏။ ၎င်းအခန်း မှာ မော်ဂင် တက်နေသော မြက်ခြောက်ပုံပေါ်မှ ကြည့်လိုက်သော် တစ်တန်





ဘည်း ကဲ့သို့ ရှိနေသည့်အပြင် မော်ဂင်တို့ ကြည့်နေသော ပြတင်းပေါက်နှင့် ဘည့်နေသောအခန်း ဖြစ်သောကြောင့် မော်ဂင်နှင့် အဖော်သည် ကောင်းစွာ မြင်နိုင်ပေ၏။

ထိုခဏ၌ မော်ဂင်က 'အလို ဘယ့်နှယ်လဲဟေ့' ဟု ဆိုကာ အဖော်၏ လက်မောင်းကို ကိုင်ဆွဲလိုက်၏။ အကြောင်းမူကား ဦးထုပ်ကို ကုလားထိုင် ပေါ်သို့ ပစ်ချပြီးနောက် စားပွဲရှေ့၌ ရပ်လိုက်သော လူမှာ ရိုလင် ဖြစ်နေ သည်ကို မြင်ရသောကြောင့် ပေတည်း။

'ရိုလင်က ဆာဂျင်ယူနီဖောင်း ဝတ်လို့ပါတကား၊ သူက ကျုပ်တို့ ကို ခြေရာခံ လိုက်နေတုန်း ကျုပ်တို့က သူ့ကို လာတွေ့နေရ... ဟန်ရလိုက် လေ သူငယ်ချင်း'

'ဘယ်သွားမလို့လဲ'

'အဖွဲ့သားတွေကို သွားပြောမလို့ပေါ့၊ ခင်ဗျား ဒီမှာ စောင့်ကြည့် နေရစ်။ သူ့ သေနတ်တွေ၊ ဓားတွေ ချွတ်ချနေပုံ ထောက်တော့ ဒီမှာ သူ အိပ်မလို့ ထင်တယ်။ နက်ဖြန်တော့ ခင်ဗျားလူ လုပ်ချင်တာ လုပ်ပစေ၊ ကျုပ်တို့လူ တစ်ယောက် သူ့နောက်မှာ အမြဲ ပါစေရမယ်'

မော်ဂင်သည် မြက်ခြောက်ပုံပေါ်မှ လျှောဆင်းသွား၍ အက်ဒလား တစ်ယောက်တည်း စောင့်ကြည့်နေရ၏။ ၁၅ မိနစ်ခန့် ကြာ၍ မော်ဂင် ပြန်ရောက်လာသောအခါ ရိုလင် ရှိသော အခန်း ပြတင်းပေါက်မှာ မှောင် သက် ရှိသည်ဖြစ်သောကြောင့် မော်ဂင်တို့လည်း မြက်ခြောက်ပုံပေါ်၌ စိတ်ချ လက်ချ အိပ်ကြလေ၏။

## အခန်း ၃၄

ထိုနေ့နံနက် ၆ နာရီ အချိန်တွင် ဘိုဂ်မြို့မှ မေကွန်မြို့သို့ သွားသော လမ်း ပေါ်တွင် လူတစ်ယောက်သည် မြင်းတစ်စီးကို အတင်းစိုင်းလျက် ထွက်သွား လေ၏။ ၎င်းမြင်းမှာ ဌားရ၍ စီးသောမြင်း ဖြစ်သောကြောင့် ခရီးအဆုံးသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါ၌ ပြန်ယူခဲ့ရန်အတွက် မြင်းပိုင်ရှင်ကုမ္ပဏီက တပည့်တစ်ယောက် ထည့်ပေးလိုက်၏။

လမ်းခွဲတစ်ခုသို့ ရောက်ကြသောအခါ မြင်းလှည်းမှောက်သဖြင့် လှည်းအောက်၌ ပိနေသော လူတစ်ယောက်၏ သနားစဖွယ် အော်သံ ကြားသည်နှင့် မြင်းစီးသမားနှင့် တပည့်တို့သည် မြင်းပေါ်မှ ဆင်း၍ လူပေါ်၌ ပိနေသော လှည်းကို ထူထောင်ပေးကြ၏။ လှည်းအောက်မှ လူမှာ ဒဏ်ရာအနာတရ မရှိဘဲ ထူပေးလိုက်သည်နှင့် တစ်ပြိုင်နက် ကောင်းစွာ လူပ်ရှားသွားလာနိုင်သည် ဖြစ်သောကြောင့် ခရီးသည်များလည်း ဆက်လက်၍ စိုင်းသွားကြ၏။

ခရီးသည်များ ကွယ်ပျောက်သွားသည်နှင့် တစ်ပြိုင်နက် လှည်းသမားသည် မြင်းလှည်းကို ရပ်၍ ခရာကလေး တစ်ခုကို မှုတ်လိုက်သည်တွင် လူတစ်ယောက်သည် မြင်းတစ်စီးကို ဆွဲလျက် တောစပ်မှ ထွက်လာလေ၏။ လှည်းသမားသည် အပေါ်ဝတ်များကို ချွတ်၍ လှည်းပေါ်၌ပါသော အိတ်တစ်လုံးထဲမှ တောကစားထွက်သူတို့ ဝတ်သော အဝတ်များကို လဲလှယ်၍ အပေါ်ဝတ် အင်္ကျီကြီး တစ်ထည်ကို အပေါ်ဆုံးမှ ဖုံးကာ ဝတ်လေ၏။ ၎င်းနောက် မြင်းထိန်း၏လက်မှ ဦးထုပ်ကို ယူဆောင်း၍ တောကစားထွက်သူတို့၏ ထုံးစံအတိုင်း ဘွတ်ဖိနပ်တွင် သံချွန်ကြီး တပ်ပေးစေပြီးလျှင် အလွန်ကျင်လည်သော မြင်းစီးသမား တစ်ယောက်ပိပိ မြင်းပေါ်သို့ လွှားတက်လေ၏။

မြင်းပေါ်သို့ ရောက်သောအခါ မြင်းထိန်းအား 'ဒီည ၇ နာရီမှာ လမ်းဆုံးက စောင့်နေ၊ မော်ဂင်ကို တွေ့လိမ့်မယ်။ သူသိတဲ့လူဟာ မေကွန်ကို သွားပြီလို့ ပြောလိုက်။ သို့သော် သူ မရောက်မီ ကျွန်ုပ် ရောက်လိမ့်မယ်လို့ ပြောလိုက်'ဟု မှာထားပြီးလျှင် မြင်းလှည်းကို မြင်းထိန်းနှင့် လွှဲထားခဲ့၍ မြင်းစိုင်းသွားလေ၏။ ထိုသူမှာ အခြားမဟုတ်၊ ကျွန်ုပ်တို့ တွေ့ခဲ့သည့် မွန်ဘားပင် ဖြစ်လေသည်။





မွန်ဘား၏ မြင်းမှာ ရိုလင် စီးသော မြင်းကဲ့သို့ အငှားစီးသော မြင်းမဟုတ်ရကား မကြာမီ ရိုလင်နှင့် တပည့်တို့ကို မီလာ၍ ကျော်လွန်သွားလေ၏။

မေကွန်သို့ ရောက်သောအခါ မွန်ဘားသည် အကောင်းဆုံးသော ဟိုတယ်၌ တည်းခို၍ ဟိုတယ်ရှင်လည်း သိဟောင်းကျွမ်းဟောင်း တစ်ယောက် ကဲ့သို့ ဧည့်ခံ ဝတ်ပြုလေ၏။ မွန်ဘားသည် နံနက်စာကို သီးသန့်အခန်း၌ မပြင်စေဘဲ ဘုံခန်းကြီးအတွင်း သီးသန့်စားပွဲတစ်ခုတွင် ပြင်ဆင်၍ မီးဖိုကြီးရှေ့၌ ရပ်ကာ မီးလှုံလျက် ရှိ၏။ ဟိုတယ်ရှင်လည်း မွန်ဘားနံး၌ရပ်ကာ လောကဝတ်စကား ပြောလျက် ရှိစဉ် ရိုလင်လည်း ဟိုတယ်သို့ ဆိုက်ရောက်လာလေ၏။ ထိုအခါ ဟိုတယ်ရှင်က–

'အခန်းနံပါတ် (၁) ကို ခင်ဗျား ယူမှာလား'

'ဘာကြောင့် မေးတာလဲ'

'အကောင်းဆုံး အခန်းမို့ပါ၊ ခင်ဗျား မယူလျှင် ဟိုလူကို ပေးလိုက်ရမိမ့်မယ်'

'မပြောနိုင်သေးဘူး၊ သူ လိုချင်လည်း ပေးလိုက်တာပေါ့။ နံပါတ် (၂) ရလျှင် တော်ပါပြီ'

ထိုခဏ၌ စားပွဲထိုးက နံနက်စာ ပြင်ပြီးကြောင်း ပြောသည်နှင့် မွန်ဘားသည် ဘုံခန်းကြီးသို့ ဝင်၍ စားပွဲတစ်ခု၌ နံနက်စာ စားလေရာ ရိုလင်မှာကား ထိုနေရာသို့ မလာရောက်ချေ။ နံနက်စာ ပြီးခါနီးတွင် ဟိုတယ်ရှင်လာ၍ မွန်ဘားက–

'ဘယ့်နှယ်လဲ ... ဟိုလူကော'

'သူ့အခန်းမှာ သူ စားနေတယ်'

'နံပါတ် (၁) အခန်းပေါ့'

'ဟုတ်တယ်၊ ခင်ဗျားကို ကျွန်တော် မေးသားပဲ'

'ရှိပါစေ၊ နံပါတ် (၂) ရလျှင် တော်ပါပြီ'



www.burmeseclassic.com

www.burmeseclassic.com



'နံပါတ် (၁) အခန်းက နံပါတ် (၂) အခန်းနဲ့ သစ်သား ခန်းဆီး တစ်ခုသာ ခြားတယ်။ တစ်ခန်းက စကားပြောလျှင် တစ်ခန်းက ကြားနိုင်တယ်'

'ကြား ဘာဖြစ်သလဲ၊ ကျုပ်က မတော်တရော် စေးချင်းတွေ ဆိုတတ်တဲ့ လူမှ မဟုတ်ဘဲ'

'ဒါကြောင့် မဟုတ်ပါဘူး'

'ဘာကြောင့်လဲ၊ နံပါတ်(၁) အခန်းက လူက လူဆိုးတစ်ယောက်မို့လား'

'ဒီလို မဟုတ်ပါဘူး၊ စစ်အရာရှိ တစ်ယောက်နဲ့ တူလို့ပါ'

'ဘယ့်နှယ်ကြောင့် အကဲခတ်နိုင်သလဲ'

'ဟန်ပန်ကလည်း စစ်ဗိုလ်နဲ့ တူတယ်။ ပြီးတော့လည်း ရောက်ရောက်ချင်း ဒီမြို့မှာ ဘာစစ်တပ် ရှိသလဲတဲ့ မေးလို့ နံပါတ် (၇) မြင်းတပ်ရှိကြောင်း ပြောတော့ သူက ကာနယ်ဆီကို နံနက်စာ အတူစားဖို့ စာတစ်စောင် ရေးလွှတ်လိုက်တယ်'

'ဩော်... ဟုတ်လား'

'စစ်ဘက်က လူတွေဆိုတာ စားပွဲ စားလျှင် အင်မတန် ဆူတတ်လို့ ပြောတာပါ။ ညစာတောင် စားချင် စားကြလိမ့်ဦးမယ်'

'ကိစ္စ မရှိပါဘူး၊ ကျုပ်က ည အိပ်ချင်မှ အိပ်မှာပါ။ ပါရစ်မြို့က စာကို စောင့်နေတယ်။ နံပါတ် (၂)တော့ ပြင်ထားလိုက်လေ၊ ပြီးတော့ စာရွက်နဲ့ ကလောင်တံ ပို့လိုက်စမ်း။ စာရေးစရာ ရှိတယ်'

မွန်ဘားသည် နံပါတ် (၂)၌ ရှိစဉ် ကာနယ်ရောက်လာ၍ ရီလင်နှင့် နှုတ်ဆက်ကြသည်များကို အလုံးစုံ ကြားရလေ၏။

ရီလင်နှင့် ကာနယ် စိန်မောရစ်တို့မှာ အီတလီ၌ စစ်မှုထမ်းကြစဉ်က ဆုံဖူးကြ၍ ထိုအခါတွင် ကာနယ် စိန်မောရစ်သည် ကပ္ပိတန် ရာထူး၌ ရှိစဉ် ရီလင်မှာ လက်ဖတင်နင်မျှသာ ဖြစ်သည်နှင့် တစ်တန်းနိမ့်ကျ၏။ ယခု





မူကား နှစ်ယောက်လုံး ကာနယ် ဖြစ်လာကြ၍ ရာထူးချင်း တန်းတူလျက်ရှိ၏။ သို့ရာတွင် ရီလင်သည် အထူးကိစ္စနှင့် လာရောက်ခြင်း ဖြစ်သောကြောင့် တန်းတူသော အရာရှိများကို သာမက မိမိထက် ရာထူးကြီးမြင့်သော စစ်ဗိုလ်များကိုပင် ဤကိစ္စအတွက် အမိန့်ပေးနိုင်ခွင့် ရှိလေသည်။

အမိလီ၏ အစ်ကို ရီလင်သည် ဂျေဟူးရဲဘော်များနောက်သို့ လိုက်နေသည် ဟူ၍ မော်ဂင် တွေးထင်ချက်မှာ မမှားချေ။ ရီလင်နှင့် ကာနယ် စိန်မောရစ်တို့ တိုင်ပင်ကြသော စကားများကို မွန်ဘား ကြားရခြင်း အားဖြင့် ဘိုနပတ်သည် စိန်ဘားနဒ် ခင်ကြီးများထံသို့ ငွေငါးသောင်း ပို့ပြီးလျှင် ၎င်းငွေကို ဂျေဟူးရဲဘော်များက တိုက်ယူသော အခါတွင် ၎င်းတို့ကို မိအောင် ဖမ်းရန် အစီအစဉ် ပြုလုပ်ထားကြောင်း သိရှိရ၏။ ရီလင်နှင့် ကာနယ် စိန်မောရစ်တို့သည် ရဲဘော်အဖွဲ့ကို ဖမ်းရန် အစီအစဉ်ကိုလည်း နံနက်စာ စားရင်း တိုင်ပင်ကြသည်ကို မွန်ဘား ကြားလိုက်ရ၏။

ထိုနေ့ ညနေ၌ မော်ဂင်သည် အောက်ပါအတိုင်း စာ တစ်စောင် ရရှိ၏။

အက်ဒလား ပြောသည့်အတိုင်း နောက် သောကြာနေ့ ၅ နာရီ အချိန်တွင် စာပို့ မြင်းရထားကြီးသည် စိန်ဘားနဒ် ခင်ကြီးများ အတွက် ငွေငါးသောင်းတင်လျက် ပါရစ်မြို့မှ ထွက်ခွာလိမ့်မည်။

မြင်းရထားပေါ်၌ ခရီးသည် သုံးယောက် လိုက်ပါကြမည် ဖြစ်ရာ တစ်ယောက်က ဆင်းမြို့၌ လည်းကောင်း၊ နှစ်ယောက်က တွန်နာရီမြို့၌ လည်းကောင်း တက်ကြလိမ့်မည်။ အထူးခန်း၌ လိုက်ပါမည့် ဆင်းမြို့မှ ခရီးသည်မှာ ပုလိပ်မင်းကြီး ဖိုးချီ၏ အကောင်းဆုံး တပည့်တစ်ယောက် ဖြစ်၍ အတွင်း၌ လိုက်ကြမည့် တွန်နာရီမြို့မှ ခရီးသည်များမှာ ရီလင် မွန်ထရီဘဲလ်နှင့် ကာနယ် စိန်မောရစ်တို့ ဖြစ်သည်။ ၎င်းတို့သည် အရပ်သားကဲ့သို့ ဝတ်ဆင်ထားသော်လည်း လက်နက်အပြည့်အစုံ ပါကြလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်းတပ်သား ၁၂ ယောက် တို့က နောက်မှ လိုက်လာ၍၊ တိုက်ခိုက်သောအခါတွင် ရောက်လာကြရန် စီစဉ်ထားသည်။ သေနတ်တစ်ချက် ပစ်၍ အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် မြင်းတပ်သားများက အတင်း စိုင်းလာ၍ တိုက်ကြလိမ့်မည်။

၎င်းတို့က ဤကဲ့သို့ စီစဉ်ထားသော်လည်း မဆင်ဘလင်ချီ အရပ်မှ တိုက်ယူဖို့ မူလ စီစဉ်ထားသည့်အတိုင်း တိုက်ကြဖို့ ကျွန်ုပ် အကြံပေးလိုက်သည်။ ဤအကြံကို သဘောတူကြလျှင် သိပါရစေ။ ကျွန်ုပ်ကိုယ်တိုင် ဒရိုင်ဘာ အဖြစ်နှင့် မေကွန်မှ ဘယ်လီဘီလီ အထိ လိုက်ခဲ့မည်။ ကျွန်ုပ်ကိုယ်တိုင် ကာနယ်စိန်မောရစ် အတွက် တာဝန်ယူ၍ အဖွဲ့သားတစ်ယောက်က ဖိုးချီ၏ တပည့်အတွက် တာဝန်ယူရမည်။

ရိုလင် မွန်ထရိုဘဲလ် အတွက်မှာမူ ဘေးအန္တရာယ် မရှိစေရအောင် ကျွန်ုပ် စီစဉ်ထားသည်။ အစီအစဉ်မှာ ကျွန်ုပ်ကိုယ်တိုင် တီထွင်ထားခြင်း ဖြစ်၍ မြင်းရထားပေါ်မှ ထိုသူ မဆင်းရအောင် ဖန်တီးပြီး ဖြစ်သည်။

စာပို့ရထားသည် စနေနေ့ ညနေ ၆ နာရီ အချိန်တွင် မဆင်ဘလင်ချီ အရပ်သို့ ရောက်လိမ့်မည်။ "စနေနေ့ ညနေ ၆ နာရီ" ဟူသော လျှို့ဝှက်သော စကားဖြင့် အဖြေပေးလိုက်လျှင် အားလုံး ချောမောပါလိမ့်မည်။

မွန်ဘား

မွန်ဘားသည် အခန်း နံပါတ်(၂) တွင် နားငြီးလှသည် ဆို၍ အစွန်ကျသော အခန်းတစ်ခန်းသို့ ပြောင်းရွှေ့ အိပ်စက်လေရာ သန်းခေါင်အချိန်တွင် မြင်းထိန်းတစ်ယောက် လာ၍ ပေးသော စာတစ်စောင် ရရှိ၍ ဖွင့်ကြည့်လိုက်သည်တွင် အောက်ပါအတိုင်း တွေ့ရှိလေ၏။

"စနေနေ့ ညနေ ၆ နာရီ"

မော်ဂင်





**အထူးမှာထားချက်**

တိုက်ခိုက်ဆဲတွင် ရိုလင်၏ အသက်ကို ကာကွယ်ဖို့ သတိမမေ့ပါနှင့်။

မွန်ဘားသည် စာကို ဖတ်ရသောအခါ အလွန်ကျေနပ်၍ ဤကိစ္စကား မြင်းရထားပေါ်မှ ငွေကို လုယူရုံလည်း မဟုတ်။ ကျည်ဆန်မပါသော သေနတ်နှင့် ကလေးတစ်ယောက်က ပစ်ရုံလည်း မဟုတ်။ အယူအဆ ကွဲလွဲသော လူ အချင်းချင်း သေနတ်များကိုင်လျက် တိုက်ခိုက်ပြီး ဘုန်းစွမ်းနှင့် လုံ့လ ပြကြရမည့် ကိစ္စ ဖြစ်ချေ၏။

မွန်ဘားသည် စာ လာပေးသော မြင်းထိန်းအား စာပို့ရထားကြီးကို မေကွန်နှင့် ဘယ်လီဘီလီ အကြားတွင် မည်သည့်ဒရိုင်ဘာ မောင်းနှင်လိမ့်မည်ဟု စုံစမ်းရန် စေလွှတ်၍ ကွင်းတပ်သော ဝက်အူလေးချောင်းနှင့် သော့ခလောက်နှစ်ခု ဝယ်ခဲ့ရန်လည်း မှာထားလိုက်၏။

နောက်တစ်နေ့၌ မွန်ဘားသည် နံနက် ၉ နာရီမှ ဟိုတယ် အောက်ထပ်သို့ ဆင်းလာ၍ အခန်း နံပါတ် (၁)မှ ဧည့်သည်အကြောင်းကို စုံစမ်းရာ ၆ နာရီ ကတည်းက ကာနယ်စိန်မောရစ်နှင့်အတူ ထွက်သွားကြပြီ ဖြစ်ကြောင်း သိရှိရ၏။

နံနက်စာ စားပြီးသည်နောက် မွန်ဘားသည် မိမိ၏မြင်းနှင့် ထွက်သွား၍ မြို့ကို ကျော်လွန်သည်နှင့် တစ်ပြိုင်နက် ခွာစုံစိုင်းသွား၏။ လမ်းခရီး၌ ရွာကလေးများကို ဖြတ်ကျော်၍ မဆင်ဘလင်ချီသို့ ရောက်သောအခါမှ ခက်သတ်လေ၏။ ထိုနေရာမှာ ရထားကို တိုက်ရန်အတွက် အလွန် သင့်တော်သော နေရာဖြစ်ကြောင်း တွေ့ရှိရ၏။ မွန်ဘားသည် စက္ကူနှင့် ခဲတံကို ထုတ်၍ ထိုနေရာ၏ အခြေအနေကို ရေးဆွဲပြီးမှ မေကွန်သို့ ပြန်လာခဲ့လေသည်။

ဟိုတယ်သို့ ပြန်ရောက်သောအခါ မွန်ဘားသည် တပည့် မြင်းထိန်းနှင့် တွေ့၍ စာပို့ရထားကြီး မောင်းမည့် ဒရိုင်ဘာမှာ အန်တော်နီ ဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောပြ၍၊ မှာလိုက်သော ပစ္စည်းများကို ပေးအပ်လေ၏။ ၎င်းနောက် မွန်ဘားသည် မိမိ ရေးဆွဲခဲ့သော စာရွက်ကို မော်ဂင်ထံသို့ ပို့ရန် ထိုလူကို စေလွှတ်လိုက်၏။

မွန်ဘားသည် မိမိ၏ အခန်းသို့ဝင်၍ ဝိုင်အရက် တစ်ပုလင်း သောက်ရင်း ဒရိုင်ဘာ အန်ထော်နီကို ခေါ်ခိုင်းလိုက်သဖြင့် ဒရိုင်ဘာ ရောက်လာလေ၏။ ဒရိုင်ဘာမှာ မွန်ဘား၏ အလုံးအရပ်မျိုးပင် ရှိသည်ကို မွန်ဘား တွေ့ရ၍ ကျေနပ်လှ၏။

'အန်ထော်နီဆိုတာ ခင်ဗျားလား'

'မှန်ပါတယ်'

'လာစမ်းပါဦး၊ ကိစ္စလေး တစ်ခု ရှိလို့။ သောက်ပါ၊ ငုံ့သောက်ပါ'

မွန်ဘားကိုယ်တိုင် တစ်ခွက် ငုံ့သောက်၍ အန်ထော်နီ အားလည်း ကိုယ်တိုင် ငုံ့သောက်ရန် လက်ပြလိုက်၏။ ဒရိုင်ဘာလည်း ခွက်ထဲသို့ ငုံ့၍ တစ်ခါတည်း မော့ချလိုက်ပြီးနောက်–

'ကောင်းလိုက်တဲ့အရက် ဆရာရယ်၊ တစ်ချက်တည်း သောက်ချလိုက်မိတာ မှားတာပဲ'

'ဒါဖြင့် တစ်ခွက် ထပ်သောက်ပါဦးလေ'

'တစ်လက်မတည်း တော်ပါပြီ ခင်ဗျာ'

'ထည့်သာ ထည့်ပါ'

တစ်လက်မ ဆိုသော်လည်း အန်ထော်နီသည် လက်မကို ဖန်ခွက်နှုတ်ခမ်း၌ ထား၍ ငုံ့လေသည်။

'နက်ဖြန်ခါ ချန်ဘာရီထိအောင် စာပို့ရထားကြီး မောင်းရမယ် မဟုတ်လား'

'ဟုတ်ကဲ့၊ ဖါ နာရီ မှာပါ'

'အန်ထော်နီ … ဒါတွေ ဘာတွေလဲ'

မွန်ဘားသည် ရွှေဒင်္ဂါး ၁၀ ပြားကို စားပွဲပေါ်သို့ ပစ်ချလိုက်၏။





'ဟာ ရွှေဒင်္ဂါးတွေပါကလား၊ အစစ်တွေပဲနော်'

'အစစ်တွေပေါ့၊ ဒီ့ပြင်တောင် ရှိသေးတယ်'

'ဒီဟာတွေ ကျွန်တော် ရအောင် ဘာလုပ်ပေးရမလဲ'

'ဒရိုင်ဘာ ဝတ်တဲ့ အဝတ်တစ်စုံ ငှားရမယ်'

'အသစ်ချုပ်ထားတာ အသင့် ရှိတယ်၊ တစ်ခါမှ မဝတ်ရသေးဘူး'

'ပြီးတော့ ခင်ဗျားနေရာမှာ ကျုပ် ထိုင်ချင်တယ်'

'ထိုင်တာပေါ့'

'ဒါဖြင့် ရော့ စရန်ငွေ ၅ ပြား ပေးလိုက်မယ်'

'ကျန်တာကော…'

'နက်ဖြန် အဝတ် ဝတ်ပြီးတော့ ပေးမယ်၊ သို့သော် တစ်ခုတော့ သတိထားရလိမ့်မယ်၊ လမ်းမှာ ဓားပြတိုက်တတ်တယ် ပြောတယ်၊ သေနတ်အိတ်တွေကို ကုန်းနှီးပေါ်မှာ တင်ရမယ်'

'ဘာ အတွက်လဲ'

'သေနတ် ထည့်ဖို့ပေါ့'

'မလုပ်ပါနဲ့ဆရာ၊ သွားမပစ်ပါလေနဲ့။ အလွန်တော်တဲ့ လူတွေပါ'

'ဓားပြတိုက်တဲ့ လူစုကို ခင်ဗျားက လူတော်တွေလို့ ခေါ်သလား'

'အစိုးရဘဏ္ဍာကို တိုက်ယူတိုင်း ဓားပြ ခေါ်ရရောလား ဆရာ'

'ဒါလည်း ဟုတ်ပေတာပဲ၊ ကျုပ်ကိုယ်တိုင် တရားသူကြီးတစ်ယောက် ဖြစ်လျှင် ဒီလူတွေကို အပြစ်ပေးမယ် မဟုတ်ဘူး။ ဒီလူစု ကျန်းမာချမ်းသာ ပါစေလို့ ဆုတောင်းပြီး အရက်တစ်ခွက် သောက်မလား'

'အရက် ကောင်းလျှင် သောက်မှာပေါ့ ဆရာ'

'ရော့… ဒါဖြင့်'

မွန်ဘားသည် ဒုတိယပုလင်းမှ အရက်ကျန်ကို အန်ထော်နီ၏ ခွက်ထဲသို့ ငုံ့ထည့်ပေးရာ အန်ထော်နီက 'ဂျေဟူးရဲဘော်များ ကျန်းမာပါစေ' ဟု ဆိုလျက် မော့ချလိုက်၏။ မွန်ဘားကလည်း 'တောင်းတဲ့ အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံစေဗျား’ဟု ဆုပေးလိုက်၏။ ၎င်းနောက် ဒရိုင်ဘာ အန်ထော်နီသည် ကုန်းနှီးပေါ်၌ သေနတ်အိတ် ထည့်ပေးပါမည်ဟု ကတိထား၍၊ ရွှေဒင်္ဂါး ၅ ပြားကို အိတ်ထဲသို့ ထည့်ပြီးလျှင် မွန်ဘား၏ အခန်းမှ ဆင်းလာခဲ့လေ၏။

## အခန်း ၃၅

နောက်တစ်နေ့ ညနေ ၅ နာရီတွင် အန်ထော်နီသည် စာပို့ရထား ဆိုက်လာသော အခါ၌ လဲလှယ် တပ်ဆင်ပေးရမည့် မြင်းသုံးကောင်တို့ကို ကကြိုး တန်ဆာပလာ တပ်လျက် ရှိ၏။

နောက်များ မကြာမီအတွင်း စာပို့ရထားကြီး ရောက်လာလေရာ ဟိုတယ် အပေါ်ထပ်ရှိ ပြတင်းပေါက် အခန်းဆီး အကြားမှ ချောင်းကြည့်လျက် ရှိသော သူသည် မြင်းရထားပေါ်မှ လူသုံးယောက် ဆင်းလာ၍ ဟိုတယ် ခန်းမကြီးထဲသို့ ဝင်သွားသည်ကို မြင်လိုက်ရ၏။ တစ်ခဏမျှ ကြာလတ်သော် ဒရိုင်ဘာ ယူနီဖောင်း ဝတ်ထားသော လူတစ်ယောက်သည် အစေခံများ ဆင်းသော လှေကားမှ ဆင်းလာ၍ အန်ထော်နီထံမှ ဘွတ်ဖိနပ်ကို လှမ်းယူသည်တွင် ရွှေဒင်္ဂါး ၅ ပြားကို လက်ထဲသို့ ထည့်ပေးလိုက်၏။ ထိုနောက် အန်ထော်နီသည် မြင်းဇောင်းထဲသို့ ဝင်၍ ပုန်းနေလေ၏။

စာပို့ရထား မောင်းမည့် ဒရိုင်ဘာကမူ မြင်းရထားဆီသို့ ရဲတင်းစွာ လျှောက်သွား၍ မြင်းကုန်းနှီး၌ ချိတ်ထားသော သေနတ်အိတ်ထဲသို့ ပစ္စတိုသေနတ်များ ထည့်ပြီးလျှင် မြင်းရထား တံခါးနှစ်ခု၌ ဝက်အူကွင်း တစ်ခုစီ တပ်၍ ကျန်ဝက်အူကွင်း နှစ်ခုကို မြင်းရထားကြီး သစ်သားထဲသို့ လှည့်သွင်းလေ၏။

၎င်းနောက် ဒရိုင်ဘာသည် မြင်းသစ်များကို မြင်းရထားကြီးသို့ သွင်း၍ ခရီးသည်များကို စောင့်လျက်ရှိရာ၊ ကွန်ဒတ်တာက ‘ခရီးသည်များ ခင်ဗျား၊ ခရီးထွက်ဖို့ အချိန်တန်ပါပြီ။ ရထားပေါ် တက်ကြပါ’ဟု ပြောလိုက်သည်နှင့် ခရီးသည်များလည်း ဟိုတယ်မှ ဆင်းလာကြ၏။ ဒရိုင်ဘာ မွန်ဘား





သည် မြင်းရထား အနီးမှာ ရပ်လျက် စောင့်နေစဉ် ရိုလင်နှင့် ကာနယ်စိန်မောရစ်တို့လည်း မြင်းရထားပေါ်သို့ တက်ကြ၏။ မွန်ဘားက ထိုလူနှစ်ယောက်ကို မှတ်မိသော်လည်း ရိုလင်တို့ကမူ ဒရိုင်ဘာကို ဂရုမစိုက်ချေ။

ဒရိုင်ဘာသည် ရထားတံခါးကို ပိတ်၍ ဝက်အူကွင်း၌ သော့ခလောက် တပ်ပြီးလျှင် သော့ခတ်လိုက်၏။ ၎င်းနောက် အခြားဘက်၌ ရှိသော တံခါးသို့ သွား၍ ကျာပွတ် လွတ်ကျသဖြင့် ကုန်းကောက်ဟန်နှင့် တံခါး ဝက်အူကွင်း၌ ရှေးနည်းအတူ သော့ခလောက် တပ်ကာ သော့ခတ်လိုက်ပြန်၏။ ထိုနောက်မှ တတိယခရီးသည် ဆင်းလာ၍ မြင်းရထားကြီးပေါ်တွင် အထူးခန်းသို့ ဝင်လေ၏။ ထိုအချိန်တွင် ကွန်ဒတ်တာသည် ဟိုတယ်ပိုင်ရှင်နှင့် စကားကောင်းလျက် ရှိသဖြင့် ဒရိုင်ဘာက ‘ဟေ့ဖရန်ကွိုက်၊ နက်ဖြန်မှ လိုက်တော့မှာလား’ဟူ၍ အန်ထော်နီ အသံကို အတုခိုး၍ ခေါ်လိုက်သေး၏။ ထိုအခါမှ ကွန်ဒတ်တာလည်း ပြေးဆင်းလာ၍ ‘တံခါးများ ပိတ်ပြီးပြီလား’ ဟု ဒရိုင်ဘာအား မေးပြီးလျှင် မိမိနေရာသို့ တက်သွား၏။ ဤတွင် ဒရိုင်ဘာသည် မိမိ စီးသောမြင်းကို ခြေထောက်သံချွန်နှင့် ဆောင့်၍ အခြားမြင်းများကို ကျာပွတ်နှင့်ရိုက်ကာ မြင်းရထားကြီး ထွက်လာလေ၏။

မြင်းရထားသည် မေကွန်မြို့မှ ထွက်လာသည့်အခါ မွန်ဘားသည် မြင်းရထားနောက်မှ လိုက်လာသော မြင်းတပ်သား ၁၂ ယောက် တို့ကို မြင်လိုက်ရ၏။ ကာနယ် စိန်မောရစ်သည် ပြတင်းပေါက်မှ လက်ထုတ်၍ မြင်းတပ်ဆာဂျင်အား အချက်ပေးလိုက်၏။

မွန်ဘားသည် မြင်းများကို ကျာပွတ်နှင့်ရိုက်ကာ အတွင် နှင်သည်တွင် ကွန်ဒတ်တာက ‘ဟေ့ အန်ထော်နီ၊ မူးလာသလားကွ’ဟု အော်လိုက်၏။

ရိုလင်သည် အလွန်လျင်မြန်စွာ မောင်းနှင်လျက်ရှိသော မြင်းရထားကို မြင်၍ ‘ဒီအတိုင်းဆိုလျှင် နောက်က လိုက်တဲ့ တပ်နဲ့ ကွဲသွားတော့မယ်’



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ ကွန်ဒတ်တာက 'ဟေ့ အန်ထော်နီ ... ပြောနေတယ်၊ မကြားဘူးလားကွ'

'မကြားဘူး'

'မင်းက သိပ်မောင်းလျှင် ကင်းတပ်နဲ့ ကွဲသွားလိမ့်မယ်တဲ့ကွ'

'ကင်းတပ် ပါသေးလို့လား ဗျ'

'ပါတာပေါ့ကွ၊ အစိုးရငွေတွေ ပါလာတာကိုးကွ'

'ဩော်... ဒီလိုလား၊ အစက ဘာကြောင့် မပြောသလဲ'

ယင်းသို့ ပြောသော်လည်း မွန်ဘားသည် အရှိန်မလျှော့ဘဲ တိုး၍ လျင်မြန်စွာ မောင်းချေသေး၏။ ထိုအခါ ကွန်ဒတ်တာက 'ဟေ့ အန်ထော်နီ၊ တစ်ခုခု ဖြစ်လျှင် မင်းခေါင်းကို သေနတ်နဲ့ ပစ်ခွဲလိုက်မှာနော်'

'ပစ်ပါလား၊ ကျည်ဆန် မပါတဲ့ သေနတ်တွေဆိုတာ လူတိုင်း သိသားပဲ'

ထိုအခါ ဖိုးချီ၏လူက 'ငါ့ သေနတ်က ကျည်ဆန်ပါတယ် မောင်ရေ့' ဟု ပြောသော်လည်း၊ မွန်ဘားက 'ကြည့်သေးတာပေါ့ဗျာ' ဟု ပြော၍ မောင်းမြဲတိုင်း အတင်း မောင်းလေ၏။

မြင်းရထားကြီးသည် ရွာများကို တစ်ရွာပြီး တစ်ရွာ ဖြတ်ကျော်ခဲ့၍ မေဆင်ဘလင်ချီနှင့် မိုင်ဝက်ခန့်သာ ကွာဝေးသော နေရာသို့ ရောက်သော အခါ မြင်းများမှာ ရေချိုးထားသကဲ့သို့ ချွေးများ ယိုစီးလျက် ကျနေလေပြီ။

မွန်ဘားသည် နောက်သို့ လှည့်ကြည့်လိုက်ရာတွင် ကင်းတပ်နှင့် တစ်မိုင်ခန့် ကွဲလျက် ရှိသည်ကို တွေ့ရ၏။ ရှေ့၌ လမ်းသည် ဓောက်ထိုးကြီး လျှောဆင်းလျက် ရှိရာ မွန်ဘားသည် အရေးကြုံသော အခါ၌ လွယ်ကူစေရန် ဇက်ကြိုးကို တောင့်ထား၏။ ကွန်ဒတ်တာကမူ လက်လျှော့လိုက်ပြီ ဖြစ်၍ တိတ်ဆိတ်စွာ လိုက်လာလေရာ ကာနယ်မူကား ပြတင်းပေါက်မှ ဦးခေါင်း ထုတ်ကာ ကင်းတပ်ကို မျှော်ကြည့်လိုက်၏။

ချောက်သို့ ဆင်းသော လမ်းတစ်ဝက်သို့ ရောက်သောအခါ မွန်ဘား





သည် ရထားကို ရပ်တန့်သည့် အရိပ်နိမိတ် မပေါ်စေဘဲ မြင်းများကို ချုပ်ချ နိုင်သော အခြေသို့ ရောက်ခဲ့လေပြီ။ ထိုအချိန်တွင် မွန်ဘားသည် ... ဂိုဏ်းသား သီဆိုလေ့ရှိသော သီချင်းတစ်ပုဒ်ကို သံကုန်ဟစ်၍ သီဆိုလိုက် ၏။

ထိုအခါ ရိုလင်သည် ပြတင်းပေါက် အပြင်သို့ ဦးခေါင်းထုတ်လျှက် 'ဟိုကောင်တွေ ဘာတွေ လျှောက်ဆိုနေတာလဲ ကွန်ဒတ်တာ၊ တိတ်လျှင် တိတ်ပစေ၊ နို့မဟုတ်လျှင် သူ့ခေါင်းကို သေနတ်နဲ့ ပစ်ချိုးလိုက်မယ်' ဟု ပြောလိုက်၏။

ကွန်ဒတ်တာသည် ရိုလင် ပြောသည့်အတိုင်း ပြောမည် ပြုဆဲတွင် လမ်းပေါ်၌ ဆီးလျက်ရှိသော အရာကို မြင်သည်နှင့် မျက်လုံးပြူးသွား၏။

'ဟေ့ ရပ်လိုက် ကွန်ဒတ်တာ' ဟု တစ်ယောက်က အမိန့်ပေး၍၊ ပုလိပ်မင်းကြီး၏ လူက 'ဟေ့ ဒရိုင်ဘာ၊ ဓားပြတွေ ဗိုက်ပေါ်က အတင်း ကျော်မောင်းလကွာ' ဟု ပြောလိုက်၏။

'ခင်ဗျား လာ မောင်းပါလား၊ ကိုယ့်လူတွေ ဗိုက်ပေါ် ကိုယ်ဖြတ် မောင်းလို့ တော်နိုင်ရိုးလား' ဟု မွန်ဘားက ပြန်ပြော၍ မြင်းရထားကြီးကို ရပ်လိုက်၏။

ရိုလင်နှင့် ကာနယ်တို့ကမူ ကင်းတပ်နှင့် ကွာဝေးလာခဲ့သည်ကို မြင်ကြသဖြင့် 'မောင်းပါကွ၊ မောင်းပါ' ဟု တိုက်တွန်းကြ၏။ ပုလိပ်ကမူကား ရထားထဲမှ ခုန်ချ၍ 'ဟေ့ ဒရိုင်ဘာ ခွေးမသား၊ မင်း သေပေတော့' ဟု ဆိုလျက် မွန်ဘားကို သေနတ်နှင့် ချိန်လေ၏။

မွန်ဘားမူကား အသင့် ပြင်ဆင်ပြီး ဖြစ်သည်နှင့် ပုလိပ် ချဉ်းကပ်လာသည်နှင့် တစ်ပြိုင်နက် ရင်ဘတ်ကို သေနတ်နှင့် ပစ်လိုက်သဖြင့် ပုလိပ်လည်း ရထားအောက်သို့ လိမ့်ဝင်သွား၏။ ပုလိပ်၏ လက်ညှိုးသည် သေနတ်ခလုတ် ပေါ်၌ တင်ထားပြီး ဖြစ်၍ ဆွဲမိဆွဲရာ ဆွဲလိုက်ရာ ကျည်ဆန်သည် လွင့် ထွက်သွား၍ မည်သူ့အားမျှ ထိမှန်ခြင်း မရှိချေ။

www.burmeseclassic.com



ရိုလင်နှင့် ကာနယ်တို့က 'ဟေ့ ကွန်ဒက်တာ၊ တံခါး ဖွင့်စမ်းပါကွ၊ မြန်မြန် လုပ်ပါ' ဟု ဟစ်အော်လျက် ရှိကြ၏။

ထိုခဏ၌ မော်ဂင် တက်လာ၍ 'လူကြီးမင်းများ ခင်ဗျား၊ ဘယ်သူ့ကိုမှ ကျွန်တော်တို့ ဘယ်နှယ်မှ မလုပ်ပါဘူး။ အစိုးရ ငွေကိုသာ ကျွန်တော်တို့ အလိုရှိပါတယ်။ ကိုင်း ကွန်ဒက်တာ၊ ငွေ ငါးသောင်း ထုတ်လိုက်စမ်း၊ မြန်မြန်' ဟု ပြောဆဲတွင် ရထားဆီမှ သေနတ်သံနှစ်ချက် ထွက်လာ၍ ရိုလင်နှင့် ကာနယ်တို့သည် တံခါးကို ဖွင့်မရသည်နှင့် ပြတင်းပေါက်မှ ထွက်ရန် ကြိုးစားလျက် ရှိ၏။ သေနတ်သံ နှစ်ချက်အနက် တစ်ချက်သည် ကာနယ်ကို ထိမှန်၍ ကာနယ်မှာ ရိုလင် အပေါ်သို့ ယိုင်လဲကာ အသက်ထွက်သွား ရှာလေပြီ။ ရိုလင်မှာမူ ရထားထဲမှာ သေနတ်နှင့် ပစ်နေသော်လည်း မည်သူကမျှ တုံ့ပြန်၍ ရန်မမူချေ။ နောက်ဆုံး၌ ရိုလင်မှာ ကျည်ဆန်ကုန်၍ ဓားကိုလည်း မသုံးနိုင်ဘဲ မြင်းရထားထဲ၌ ဒေါပွလျက် ရှိ၏။

ရဲဘော်များသည် ကွန်ဒက်တာထံမှ ငွေအိတ်များကို ထုတ်ယူ၍ မွန်ဘားအတွက် မြင်းထိန်းက အသင့် ယူလာခဲ့သော မြင်း၏ကုန်းနှီး၌ ချိတ်ပေးပြီးသည်တွင် မွန်ဘားသည် မြင်းပေါ်သို့ လွှားတက်လေ၏။

'ပထမ ကွန်ဆိုလ်အား အလေးပြုလိုက်တယ်လို့ ပြောပြလိုက်ပါလော မော်ဇယာ မွန်ထရီဘဲလ်' ဟု မော်ဂင်က ပြောလိုက်၏။ ထိုနောက် အဖော်များ ဘက်သို့ လှည့်၍ 'ကိုင်း၊ လူစု ခွဲလိုက်ကြ။ နက်ဖြန် ချိန်းထားတဲ့ နေရာကို လာဖို့ မမေ့ကြနဲ့နော်' ဟု ပြောလိုက်သဖြင့် တစ်ကျိပ်ခန့်မျှသော လူများက 'ကောင်းပါပြီ' ဟု ပြန်ပြောကြ၏။ နောက် တစ်ခဏ၌ ရဲဘော်များသည် တောင်ကြားလမ်းကလေးများတစ်လျှောက် ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြလေရာ ကင်းတပ်လည်း ကုန်းမြင့်ထိပ်မှ ပေါ်လာ၍ အနိမ့်သို့ အတင်း စိုင်းဆင်းလာကြလေ၏။ သို့ရာတွင် ပုလိပ်နှင့် ကာနယ်တို့၏ အလောင်းများအပြင် လမ်းနံဘေးတွင် မှိုင်နေသော ကွန်ဒက်တာနှင့် ရထားထဲ၌ ဒေါပွလျက်ရှိသော ရိုလင်တို့ကိုသာ တွေ့ကြရလေတော့သည်။





# အခန်း ၃၆

အထက်ပါ အဖြစ်အပျက်များ အကြောင်းကို ပြင်သစ် သတင်းစာများတွင် အကျယ်တဝင့် ထည့်သွင်း ဖော်ပြလျက်ရှိစဉ် တစ်ကမ္ဘာလုံးရှိ သတင်းစာများ အရေးယူ ထည့်သွင်းဖော်ပြရမည့် အဖြစ်အပျက်များသည် ပါရစ်မြို့တွင် သန္ဓေတည်လျက် ရှိလေပြီ။

ဆာဂျွန်တင်လေးသည် ဦးလေး နန်းရင်းဝန် လော့ဒ်ဂရင်ဗီလ်ထံမှ ပြန်စာနှင့် ပြန်ရောက်လာခဲ့လေပြီ။ ၎င်း စာအိတ်တွင် ပထမ ကွန်ဆိုလ်အဖို့ စာတစ်စောင်နှင့် မိမိုရင်ဒမ် တစ်ခု ပါရှိလေသည်။

ပြန်စာမှာ အောက်ပါအတိုင်း ဖြစ်၏။

ဒေါင်းနင်းလမ်း၊

ဖေဖော်ဝါရီလ ၁၄ ရက်၊ ၁၈၀၀ ပြည့်နှစ်။

ဘုရင်မင်းမြတ်အား ဆက်သရန် ကျွန်ုပ်၏တူ ဆာဂျွန်တင်လေး၏ လက်သို့ ပေးပို့လိုက်သော စာကို လက်ခံရရှိ၍ ဆက်သပြီး ဖြစ်ပါကြောင်း။ ဘုရင်မင်းမြတ်သည် နိုင်ငံခြား အစိုးရများနှင့် ဆက်ဆံရာတွင် ထုံးတမ်း အစဉ်အလာကို ဖောက်ဖျက်ရန် အကြောင်း မြင်တော်မမူသည့် အလျောက် ဘုရင်မင်းမြတ်၏ အမည်နာမတော်ဖြင့် အောက်ပါ ပြန်စာကို ပေးပို့ရန် ကျွန်ုပ်အား ညွှန်ကြားတော်မူပါသည်။

ကျိုးနွံ ရိုသေစွာနှင့်

**ဂရင်ဗီလ်**

မိမိုရင်ဒမ်မှာ အတွင်းဝန်တစ်ယောက်၏ ရေးသားချက် ဖြစ်၍ နန်းရင်းဝန်ဂရင်ဗီလ် လက်မှတ်ရေးထိုး ပါရှိလျက် ခပ်ဆတ်ဆတ်နှင့် ပြတ်ပြတ်သားသား ရေးသားထားလေသည်။ ၎င်း မိမိုရင်ဒမ်၌ ပြင်သစ်ပြည်ကို စွပ်စွဲချက် အမြောက်အမြား ပါရှိ၍ ပြင်သစ်လူမျိုးများသောင်း

www.burmeseclassic.com



ကျန်း ပုံများ၊ ၎င်းတို့၏ သောင်းကျန်းမှုသည် အခြားတိုင်းပြည်များသို့ ကူးစက်မည် စိုးရိမ်ရပုံများ၊ အခြားတိုင်းပြည် အစိုးရများက မိမိတို့၏ လုံခြုံရေးအတွက် ပြင်သစ်သောင်းကျန်းမှုများကို နှိမ်နင်းရမည့်အကြောင်း များ ပါရှိလေသည်။ စင်စစ်မှာ အင်္ဂလန်ပြည် အစိုးရက ပြင်သစ်ကို ဆက်လက်၍ စစ်တိုက်ဦးမည်ဟု ဆိုလိုသော အဓိပ္ပာယ်ပင် ဖြစ်လေသည်။

ဘိုနပတ်သည် ၎င်းစာကို ဖတ်ရှုရသည်တွင် မျက်လုံးများ ဝင်းဝင်း တောက်မျှ ဒေါပွလျက် ရှိ၏။ သို့ဖြစ်၍ ဘိုနပတ်သည် စာပေးလာသူ ဆာဂျွန်တင်လေး ဘက်သို့ လှည့်လျက်–

'အင်္ဂလန်ကို ခင်ဗျား သွားခဲ့တာ ဒီစာ ရခဲ့တာပဲလား'

'မှန်ပါတယ်'

'ဒါဖြင့် ကျွန်ုပ် မှာလိုက်တဲ့ စကားတွေ ဦးလေး နန်းရင်းဝန်ကို ပြောမပြဘူးလား'

'တစ်လုံးမကျန် ပြောပြပါတယ်'

'ပြင်သစ်ပြည်မှာ ခင်ဗျား နေလာခဲ့တာ သုံးနှစ် ရှိတဲ့အကြောင်း၊ ဒီပြည်အကြောင်းကို ကောင်းကောင်း စုံစမ်းခဲ့တဲ့အကြောင်း၊ ခွန်အား ရှိတယ်၊ ကြွယ်ဝတယ်၊ ငြိမ်းချမ်းရေးကိုလည်း လိုလားတယ်။ သို့သော် မလွှဲသာလို့ စစ်တိုက်ရမယ် ဆိုလျှင်လည်း တိုက်ဖို့ အသင့်ရှိတယ် ဆိုတဲ့ အကြောင်းတွေကို ပြောပြရဲ့လား'

'ဒါတွေ အားလုံး ကျွန်တော် ပြောပြပါတယ်'

'ပြီးတော့လည်း အင်္ဂလန်က ပြင်သစ်ကို တိုက်နေခြင်းဟာ မိုက်မဲသော တိုက်ခြင်း ဖြစ်ကြောင်း၊ သူတို့ ပြောတဲ့ သောင်းကျန်းမှု ဆိုတာဟာ လွတ်လပ်မှုကို ဖိနှိပ်ထားသည့်အတွက် ဆူပွက် ထ ရခြင်းမျှသာ ဖြစ်တဲ့ အကြောင်း၊ ဒီအရေးမှာ အခြားအစိုးရများ ဝင်မရှုပ်ဘဲ ငြိမ်းချမ်းစွာ နေကြလို့ ရှိလျှင် ပြင်သစ်သောင်းကျန်းမှုသည် ပြင်သစ် နယ်နိမိတ်ကို ကူးကျော်ဖို့ မရှိတဲ့ အကြောင်း၊ ဝင်ရှုပ်ကြသည်နှင့် တစ်ပြိုင်နက် အပြည်ပြည်သို့ ကူးစက်ဖို့





ရှိတဲ့ အကြောင်း ... ဒါတွေကော ပြောမပြဘူးလား။ တယ်လာတဲ့ ဥရောပ ဘုရင်တွေ ပါတကား၊ သူတို့ ထီးနန်းကလေး တည်မြဲစေရအောင် ပြင်သစ် ပြည်ကို တိုက်ချင်ကြတယ်ပေါ့လေ။ ပြောလိုက်စမ်းပါ ဆာဂျွန်၊ ကျွန်ုပ်က သူတို့ ခေါင်းပေါ်မှ သရဖူကလေးတွေ ပြုတ်ကျကုန်အောင် ဥရောပ တစ်တိုက်လုံးကို ကိုင်လှုပ်လိုက်မယ်။ သူတို့က စစ်တိုက်ချင်တယ်ဆို မဟုတ်လား။ ကောင်းပြီ၊ စောင့်ကြည့်ပါဦး။ ဘိုရီယန်၊-ဘိုရီယန်'

အတွင်းဝန် ဘိုရီယန်သည် အခန်းတွင်းသို့ ဝင်လာ၍ ဒေါပွလျက် ရှိသော ဘိုနပတ်နှင့် အနီးတွင် ငြိမ်သက်စွာ ရပ်လျက်ရှိသော ဆာဂျွန်တင်လေးတို့ကို မြင်ရ၍–

'ကျွန်တော့်ကို ခေါ်သလား ဂျင်နရယ်'

'ဟုတ်တယ်၊ လာထိုင်စမ်း ... စာရေးစမ်း'

ဘိုနပတ်သည် စူးရှသော အသံဖြင့် အောက်ပါ ကြေညာချက်ကို နှုတ်မှ ပြောပြ၍ ဘိုရီယန်က လိုက်ရေးလေ၏။

**စစ်သည်တော် အပေါင်းတို့ ...**

ပြင်သစ်လူမျိုးများအား ငြိမ်းချမ်းခြင်း ရပါစေမည်ဟု၍ ကျွန်ုပ် ကတိထားစဉ်က ကျွန်ုပ်သည် သင်တို့၏ ကိုယ်စား ကတိထားခဲ့ခြင်း ဖြစ်သည်။ သင်တို့၏ အစွမ်းသတ္တိကို ကျွန်ုပ် သိသည်။

သင်တို့သည် ရိုင်းလင်းနယ်၊ ဟော်လန်ပြည်နှင့် အီတလီ ပြည်တို့ကို နှိမ်နင်း အောင်မြင်ခဲ့၍ ဗီယင်နာ မြို့တော်ကြီးကို တုန်လှုပ် ချောက်ချားစေခဲ့သည်။

စစ်သည်တော်များ ... သင်တို့သည် ကိုယ့်တိုင်းပြည် နယ်နိမိတ်စွန်းကိုသာ ခုခံ ကာကွယ်ကြရမည် မဟုတ်။ ရန်သူတိုင်းပြည် တွင်းသို့ ဖောက်ထွင်း ချင်းနင်း ဝင်ရောက် ကြရလိမ့်မည်။

စစ်သည်တော်များ ... အချိန်တိုင် ရောက်သောအခါ သင်တို့နဲ့ အတူ ကျွန်ုပ် ရှိလိမ့်မည်။ ဥရောပ တစ်တိုက်လုံးသည် သင်တို့



www.burmeseclassic.com

www.burmeseclassic.com



အား လူစွမ်းကောင်းမျိုး ဖြစ်ကြောင်းကို အံ့သြစွာနှင့် အသိအမှတ်ပြုကြရလိမ့်မည်။

ဘိုရီယန်သည် အထက်ပါ ကြေညာစာတမ်းကို ဖတ်ပြ၍ ဘိုနပတ်လည်း လက်မှတ်ရေးထိုးလေ၏။ ထိုနောက် 'နက်ဖြန်ခါ မော်နီတာ သတင်းစာ ထဲ ပါပစေ'ဟု ဘိုနပတ်က ပြောလိုက်၍ ဘိုရီယန် ထွက်သွားသည်တွင် ဘိုနပတ်သည် ဆာဂျွန်ဘက်သို့ လှည့်လျက်–

'ခင်ဗျား ဦးလေးဆီက ခင်ဗျား ရခဲ့တာ အများဆုံးပဲလား။ အခြားလူတော်တစ်ယောက် သွားရလျှင် ဒီထက်ပိုပြီး မရနိုင်ပေဘူးလား'

'ကျွန်တော် ရခဲ့သလောက် ဘယ်သူမှ မရနိုင်ပါဘူး'

'အလို ... ခင်ဗျားက ဘာများ ရခဲ့လို့လဲ'

'ပထမ ကွန်ဆိုလ်က ဘုရင်မင်းမြတ်ရဲ့ မိမိုရင်ဒမ်ကို သေသေချာချာ ဖတ်မကြည့်မိဘူး မှတ်ပါတယ်'

'ဖတ်ပြီလား၊ ရွတ်တောင် ပြနိုင်သေးရဲ့'

'ဟိုထဲက စာပိုဒ်တစ်ခုကို ကောင်းကောင်း သဘောမပေါက်ဘူးထင်ပါတယ်'

'ဘယ် အပိုဒ်လဲ၊ ရော့ ဖတ်ပြစမ်းပါဦး'

ဘိုနပတ်သည် ဒေါသနှင့် လက်ထဲတွင် ပွတ်ခြေထားသော စာရွက်ကို ဆာဂျွန်သို့ ပေးလိုက်၍ ဆာဂျွန်လည်း ၉ နံပါတ် စာပိုဒ်ကို ဖတ်ပြလေ၏။

'ပြင်သစ်ပြည် ငြိမ်းချမ်းမှု ရ၍ ဆက်လက် တည်မြဲနိုင်စေရန်အတွက် အကောင်းဆုံးသော နည်းလမ်းမှာ ပြင်သစ်လူမျိုး ကြီးပွားချမ်းသာစေ၍ နိုင်ငံခြား တိုင်းပြည်များ၏ ရိုသေလေးစားခြင်း ခံရစေရန် ကာလအစဉ်အဆက် အုပ်ချုပ်စိုးမိုး လာခဲ့သည့် ဘုရင်မျိုးရိုးကို ထီးနန်း ပြန်လည်အပ်နှင်းခြင်းပင် ဖြစ်ပါကြောင်း၊ ဤနည်းအတိုင်း ပြုလုပ်ပါမှ တိုင်းပြည်အချင်းချင်း ပေါင်းသင်းဆက်ဆံရေး၌ အနှောင့်အယှက် ဖြစ်လျက်ရှိသော အခြင်းအရာတို့ ပ ပျောက်ဖွယ်ရာ ရှိပါကြောင်း၊ ၎င်းနည်းဖြင့်သာလျှင်





ပြင်သစ်အစိုးရ ပိုင်ဆိုင်သော နယ်နိမိတ်များ ကျဉ်းမြောင်းသွားသော်လည်း ဆက်ချ အုပ်ချုပ်ရ၍ ဥရောပတိုက်ရှိ အခြားသော တိုင်းပြည်များသည်လည်း အလားတူ ငြိမ်းချမ်းမှု ရရှိနိုင်ကြမည် ဖြစ်ပါကြောင်း'

ဆာဂျွန်သည် အထက်ပါစာပိုဒ်ကို ဖတ်ပြပြီးနောက် ဘိုနပတ်အား–

'ဒီဟာကို ကျွန်ုပ် ဖတ်ရလို့ နားလည်ပါတယ်။ ကိုယ်တိုင် ကြိုးစား၍ အောင်မြင်ထားတာတွေကို သူတစ်ပါးအဖို့ ထားခဲ့ပြီး နာမည်လောက်သာ ခံချေတော့လို့ ဆိုတဲ့ အဓိပ္ပာယ် မဟုတ်လား'

'သို့သော် အောက်ကတစ်ပိုဒ် ရှိပါသေးတယ်'

'ဖတ်ပြစမ်းပါဦး'

ဆာဂျွန်သည် အောက်ပါအတိုင်း ဖတ်ပြလေ၏။

'ပြင်သစ်ပြည်အတွက် လည်းကောင်း၊ တစ်ကမ္ဘာလုံးအတွက်လည်းကောင်း ဤနည်းကို လိုလားအပ်သော်လည်း၊ ဤနည်း တစ်ခုတည်းဖြင့်သာလျှင် ငြိမ်းချမ်းမှု ရရှိနိုင်လိမ့်မည် ဟူ၍ ဘုရင်မင်းမြတ် ဆိုလိုတော်မူသည် မဟုတ်ပါကြောင်း'

'အလို ... ဟုတ်သား ပါကလား'ဆို၍ ဘိုနပတ်လည်း ဆာဂျွန်၏အားသို့ ချဉ်းကပ်ကာ စာရွက်ကို ကြည့်လေရာ ဆာဂျွန်လည်း အောက်ပါအတိုင်း ဆက်၍ ဖတ်ပြလေ၏။

'ပြင်သစ်ပြည်၌ မည်သို့သော အစိုးရမျိုး တည်ရှိရမည်ဟူ၍ လည်းကောင်း၊ တိုင်းပြည်အုပ်ချုပ်ခြင်း တာဝန်ကို မည်သို့သော ပုဂ္ဂိုလ်များ၏ လက်ဝယ်သို့ အပ်နှင်းရမည်ဟူ၍ လည်းကောင်း ဘုရင်မင်းမြတ်က စည်းကမ်း သတ်မှတ်ရန် အလိုရှိတော်မူသည် မဟုတ်ပါကြောင်း'

'တစ်ခေါက် ထပ်ပြီး ဖတ်ပြစမ်းပါဦး'

'ကိုယ်တိုင် ဖတ်ကြည့်ပါတော့ ခင်ဗျား'

ဆာဂျွန်လည်း စာရွက်ကို ဘိုနပတ်၏ လက်သို့ ပြန်အပ်လိုက်၏။ ဘိုနပတ်လည်း ဖတ်ကြည့်ပြီးနောက်–



www.burmeseclassic.com

www.burmeseclassic.com



'ဒီစာပိုဒ်လေးကို ခင်ဗျား ဖြည့်ထည့်လိုက်တာလား'

'ကျွန်တော် တိုက်တွန်းလို့ပါ'

ဘိုနပတ်လည်း စဉ်းစားနေပြီး–

'ဟုတ်ပါပေတယ်၊ အဓိပ္ပာယ် ထူးပါပေတယ်။ မင်းဆက်ဟောင်းကို ထီးနန်းပြန်အပ်မှ ဖြစ်နိုင်လိမ့်မယ်လို့ တစ်ထစ်ချ ဆိုခြင်း မဟုတ်ပါပေဘူး၊ ကျွန်ုပ်ကို စစ်ဘက်၌သာမက နိုင်ငံရေးဘက်မှာလည်း လူတစ်လုံးသူတစ်လုံး အဖြစ်နဲ့ လက်ခံပါတယ် ဆိုတဲ့ သဘောပေါ့'

ဘိုနပတ်သည် ဆာဗျွန်အား လက်ကမ်းလျက်–

'ကျွန်ုပ်ဆီက ခင်ဗျား လိုချင်တာများ ရှိလျှင် တောင်းပါ'

'ကျွန်ုပ် လိုချင်တာကို ကျွန်တော့်မိတ်ဆွေ ရီလင်က တောင်းပြီးပါပြီ'

'ကျွန်ုပ်ကတော့ သူ့နမဲ့ ခင်ဗျား လက်ထပ်လျှင် ဝမ်းသာတာပေါ့။ ကျွန်ုပ်မှာ ပိုက်ဆံရှိလျှင် လက်ဖွဲ့ချင်ပါသေးတယ်။ သို့သော် ခင်ဗျားကိုယ်တိုင်က ငွေပေါတဲ့ လူတစ်ယောက် ဖြစ်လေတော့ လက်ဖွဲ့ဖို့လည်း မလိုဘူးလေ။ ဘိုရီယန်'

ဘိုရီယန် ဝင်လာ၍ 'အမိန့်တော်ပြန်တမ်းကို ကြေညာလိုက်ပါပြီ ဂျင်နရယ်'

'ဟုတ်လား၊ ဒါကြောင့် ခေါ်တာ မဟုတ်ပါဘူး'

'မှန်လှပါ ဂျင်နရယ်'

'ဟောဒီလူ မြင်လား ... ဆာဗျွန် တင်လေးတဲ့၊ ကျွန်ုပ်ဆီကို သူလာလျှင် အချိန်မရွေး ဝင်ခွင့်ပြုလိုက်၊ ကြားလား ဘိုရီယန်။ ဆာဗျွန်ကောမှတ်ထားနော်၊ လာချင်တဲ့အချိန် လာခဲ့'

ဆာဗျွန်လည်း ကျေးဇူးတင်သော အနေဖြင့် ဦးညွှတ်လေ၏။

'ဆာဗျွန်က နွမ်းဖောင်တိန်ကို သွားချင်လှပြီ မှတ်တယ်၊ ကြွပါခင်ဗျား ကြွပါ။ သို့သော် တစ်ခုတော့ စည်းကမ်းထားစေချင်တယ် ဆာဗျွန်'

'အမိန့်ရှိပါ ဂျင်နရယ်'





'ခင်ဗျားကို နောက်တစ်ခေါက် အင်္ဂလန်လွှတ်ဖို့ ကိစ္စရှိလျှင် သွားပေးဖို့ ကတိထားစေချင်တယ်'

'ဒီလိုကိစ္စမျိုး ဆောင်ရွက်ပေးရခြင်းဟာ ကျွန်တော့်အဖို့ ဂုဏ်ထူးကြီး တစ်ခုလို သဘောထားပါတယ်၊ အလိုရှိတဲ့အခါ ခိုင်းနိုင်ပါတယ်'

ဆာဗျွန် ဆင်းသွားသောအခါ ဘိုနပတ်က–

'အောက်မှာ မြင်းရထား ပြင်ပြီး ရှိသလား'

'ရှိပါတယ် ဂျင်နရယ်'

'ကိုင်း ဒါဖြင့် လာ၊ လိုက်ခဲ့စမ်း'

ဘိုနပတ်သည် မြင်းရထားပေါ် ပြေးတက်၍ ဘိုရီယန်လည်း နောက်မှ လိုက်လာရာ ဘိုနပတ်၏ အမိန့်အရ တူလာရီ နန်းတော်ကြီးသို့ မောင်းနှင်ရန် ပြောသည်နှင့် မြင်းရထားသည် တူလာရီ နန်းတော်သို့ မောင်းနှင်သွား၏။ ရောက်ကြသောအခါ ဘိုရီယန်မှာ မည်သည့်ကိစ္စနှင့် လာသည်ဟု မသိသည်နှင့် အံ့ဩလျက်ရှိရာ ဘိုနပတ်က 'ကျွန်ုပ်တို့ ဒီမှာ ရွှေ့နေမယ်၊ ဒုတိယ ကွန်ဆိုလ်က ချန်ဆလာရီမှာနေ၊ တတိယ ကွန်ဆိုလ်က ဖလိုရာ အိမ်ကြီးမှာ နေရမယ်' ဟု ပြော၏။

'ဘယ်တော့လောက် ရွှေ့မလဲ ဂျင်နရယ်'

'ရက်သတ္တ တစ်ပတ်ပေါ့'

## အခန်း ၃၇

ကင်းတပ်သည် ရီလင်ကို ရထားထဲ၌ သော့ခတ်၍ ပိတ်ထားကြောင်း တွေ့သည်နှင့် သော့ခလောက်ကို လိမ်ချိုး၍ ရီလင်ကို ထုတ်လိုက်ရာ ရီလင်သည် လှောင်အိမ်မှ ထုတ်လိုက်သော ကျားကဲ့သို့ ခုန်ပေါက် ထွက်လာလေ၏။ မြေကြီးပေါ်၌ မိုးပွင့်များ ဖုံးအုပ်လျက် ရှိရာ ရီလင်မှာ မဆိုးလှဘူးဖြစ်ပြန်၊ စစ်သားလည်း ဖြစ်သည်နှင့် ချက်ချင်း ခြေရာခံ၍ လိုက်ဖို့ ပြင်ဆင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ရိုလင်သည် မြင်းတပ်သားတစ်ယောက်၏ မြင်းကို ယူ၍ မိမိ၏ ပစ္စတိုသေနတ်များကို တစ်ဖန် ယမ်းထိုးပြီးလျှင် ကုန်းနှီးတွင် ချိတ်၍ မြင်းပေါ်သို့ ခုန်တက်လေ၏။ ၎င်းနောက် မြင်းတပ်သားများနှင့် ကွန်ဒတ်တာ အား မကြာမီ ပြန်လာခဲ့မည်ဟု မှာထားခဲ့ပြီးလျှင် ခြေရာခံ၍ လိုက်လေ၏။ ရဲဘော်များ၏ မြင်းခြေရာများသည် မိုးပွင့်ပေါ်တွင် ထင်ရှားစွာ ပေါ်ထွက် လျက် ရှိ၏။ ရိုလင်သည် ခြေရာနှစ်ခု ခွဲသွားသည်အနက် တစ်စုကို ပစ်ထား ခဲ့၍ လူခြောက်ယောက်ခန့်တို့၏ မြင်းခြေရာများနောက်သို့ လိုက်လေရာ ဘယ်လီဘီလီမြို့နှင့် ကိုက် ၁၀၀ ခန့် ဝေးသော နေရာသို့ ရောက်သောအခါ ခြေရာများသည် ထပ်မံ၍ နှစ်စု ခွဲသွားသည်ကို တွေ့ရပြန်၏။ လူ ခြောက် ယောက် အနက် နှစ်ယောက်သည် လက်ယာဘက်သို့ ချိုးသွား၍၊ လေး ယောက်သည် မြို့ဘက်သို့ ဆက်လက် သွားကြသည်ကို တွေ့ရ၏။ မြို့အစွန် သို့ ရောက်သောအခါ ၎င်းလေးယောက်အနက် သုံးယောက်သည် မြို့ကို ပတ်သွား၍ တစ်ယောက်တည်းသာ မြို့ထဲသို့ ဝင်သည်ကို တွေ့ရပြန်လေ သည်။

ရိုလင်သည် အခြား ခြေရာများကို ထားခဲ့ပြန်၍ တစ်ယောက်တည်း သော လူ၏နောက်သို့ လိုက်သွားလေရာ ၎င်းခြေရာသည် လမ်းမကြီး အတိုင်း သွား၍ ဝင်းကလေးနှင့် ဥယျာဉ်ကလေး ခြံရံလျက် ရှိသော အိမ် နံပါတ် (၆၇) ရှေ့၌ ရပ်တန့်သည်ကို တွေ့ရ၏။

ရိုလင်သည် မြို့တော်ဝန်ဆီသို့ သွား၍ ပုလိပ်များ တောင်းပြီးလျှင် အိမ်နံပါတ် (၆၇)၌ ရှိသော လူကို ဖမ်းနိုင်မည်ကား မှန်၏။ သို့ရာတွင် ရိုလင်၏ အကြံမှာ တစ်ဦးတစ်ယောက်တည်းသော လူကို ဖမ်းလိုခြင်း မဟုတ်၊ အဖွဲ့ တစ်ခုလုံးကို ကွင်းထောင်၍ ဖမ်းရန် ဖြစ်လေသည်။

သို့ဖြစ်၍ ရိုလင်သည် အိမ်နံပါတ် (၆၇)ကို စိတ်ထဲ၌ မှတ်သား၍ ဆက်လက် စီးသွားပြီးလျှင် မြို့ကို ကျော်လွန်သည်တိုင်အောင် အခြေအနေ ကို လိုက်ကြည့်၏။ မြို့၏ အခြားဘက်၌ ရှိသော တံတားတစ်ခုသို့ ရောက်





သောအခါ ရိုလင်သည် တံတားကို ဖြတ်ကျော်သည့် မြင်းသုံးကောင်၏ ခြေရာများကို တွေ့သဖြင့် လိုက်သွားပြန်၏။ မွန်ရှုးမြို့သို့ ရောက်သော အခါ မြင်းခြေရာများသည် မြို့ထဲသို့ မဝင်ဘဲ မြို့နံဘေးမှ ပန်းလျက် သွားကြ သည်ကို တွေ့ရပြန်၏။ ထိုအခါမှ ရိုလင်သည် မြင်းစီးသူများ၏ အကြံကို ရိပ်မိပြီ ဖြစ်၍ ခြေရာအတိုင်း မလိုက်တော့ဘဲ မြို့ထဲမှ ဖြတ်သန်းကာ စီးသွား ပြီးမှ အခြားဘက်သို့ ရောက်သောအခါတွင် မြင်းခြေရာများကို ကောက်ပြန် ရာ ထင်သည့်အတိုင်း တွေ့ရလေ၏။

ချက်တီလုံမြို့သို့ ချဉ်းကပ်လာသောအခါ မြင်းသုံးစီးအနက် တစ်စီး ၏ ခြေရာများသည် လမ်းမကြီးမှ လက်ယာဘက်သို့ ချိုး၍ မနီးမဝေးရှိ တောင်ကုန်းကလေးပေါ်၌ ရှိသော အိမ်ကလေး တစ်လုံးဆီသို့ သွားသည် ကို တွေ့ရ၏။ ကျန်သော မြင်းများကမူ ချက်တီလုံမြို့သို့ ရောက်သောအခါ တွင် နံဘေးသို့ ပန်း၍ မသွားတော့ဘဲ မြို့ထဲမှ တည့်တည့်ဖြတ်ပြီးလျှင် နူဗလီမြို့သို့ သွားသော လမ်းအတိုင်း လိုက်သွားသည်ကို တွေ့ရ၏။

ဤအခြင်းအရာကို တွေ့ရခြင်းအားဖြင့် မြင်းစီးသမားများသည် ဘိုဂ်မြို့သို့ သွားကြလိမ့်မည်ဟု ရိုလင် ရိပ်မိ၏။ ဘိုဂ်မြို့မှာလည်း ရိုလင် မွေးဖွားရာ ဌာနဖြစ်၍ ပတ်ဝန်းကျင်၌ ရှိသော တောတောင် အခြေအနေကို ကောင်းစွာ သိသည့်အလျောက် ၎င်းမြို့၌ ဌာနစိုက်လျက် မိမိ အလုပ် လုပ် မည်ဟု စိတ်ကူးထားပြီး ဖြစ်သဖြင့် အလွန်ကျေနပ်လျက် ရှိ၏။

နူဗလီမြို့ကို ဖြတ်သန်းပြီးနောက် အခြားဘက်၌ မြင်းခြေရာများကို တစ်ဖန် တွေ့ရပြန်လေရာ၊ အနည်းငယ် သွားမိသောအခါ မြင်းတစ်စီး၏ ခြေရာများသည် နံဘေးသို့ ဖဲ့ဆင်းသွားသော်လည်း ရိုလင်သည် ဘိုဂ်မြို့သို့ သွားသော မြင်းခြေရာများ နောက်သို့သာလျှင် ရှုးရှုးစိုက်စိုက် လိုက်သွား လေ၏။ ဘိုဂ်မြို့သို့ ရောက်သောအခါ မြင်းခြေရာများသည် မြို့ထဲသို့ တည့် တည့် ဝင်သွားသည်ကို တွေ့ရလေရာ တစ်နေရာသို့ ရောက်ရာတွင် လူ တစ်ယောက်နှင့် ရပ်တန့်၍ စကားပြောသော အထိမ်းအမှတ်များ တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



၏။ ၎င်းနောက် လူ၏ခြေရာနှင့် မြင်းခြေရာများ ယှဉ်တွဲ သွားကြသည်ကို တွေ့ရ၍ ရီလင်သည် ၎င်း ခြေရာများနောက်သို့ လိုက်သွားသည်တွင် အလိုင်းယင်း ဟိုတယ်သို့ ဆိုက်ရောက်လာလေ၏။

ထိုအခါ၌ အနီးရှိ နာရီစင်ကြီးမှ သုံးနာရီ ထိုးလျက် ရှိလေပြီ။

ဤနေရာတွင် ရီလင်သည် ရပ်တန့် စဉ်းစား၏။ မြင်းစီးသမားသည် ၎င်းဟိုတယ်၌ ရှိရမည် ဖြစ်၏။ မိမိက မည်သည့်နေရာမှ စောင့်ကြည့်ရမည်နည်း။ အကောင်းဆုံး နည်းလမ်းမှာ မိမိ၏ နေအိမ်ဖြစ်သော နွမ်းဖောင်တိန်သို့ သွား၍ အခြားအစေခံများ မသိအောင် မိုက်ခဲနှင့် တိုင်ပင်ပြီးလျှင် ၎င်းထံမှ အကြံဉာဏ်တောင်းမည်ဟု ဆုံးဖြတ်လိုက်၏။ သို့ဖြစ်၍ ဟိုတယ်သို့ ဝင်ရတော့မည်ဟု မျှော်လင့်နေသော မြင်း၏ဦးခေါင်းကို တောဘက်သို့ လှည့်၍ ခပ်ဖြည်းဖြည်း လျှောက်လာစဉ် တောလမ်းပေါ်၌ လူနှစ်ယောက်တို့သည် သမင်တစ်ကောင်ကို ချည်တုပ်၍ ထမ်းလာကြသည်နှင့် တွေ့ရ၏။ လူနှစ်ယောက်တို့သည် ရီလင်ကို မြင်သည်နှင့် တစ်ပြိုင်နက် သမင်ကို ပစ်ချ၍ တောထဲသို့ ဝင်ပြေးကြ၏။

ရီလင်က ထိုလူများ၏ ဟန်ပန် အမူအရာကို သိသည်နှင့် 'ဟေ့ မိုက်ခဲ' ဟု ခေါ်လိုက်ရာ၊ မိုက်ခဲ ရပ်တန့်၍ ကျန်တစ်ယောက်တည်း ထွက်ပြေး၏။ ထိုအခါမှ 'ဟေ့ ဂျက်'ဟု ခေါ်လိုက်ပြန်ရာ၊ ပြေးသွားသော လူလည်း ရပ်တန့်လေ၏။

၎င်းတို့က 'ရီလင် သခင်အသံနဲ့ တူတယ်'ဟု ပြောကြစဉ် ရီလင်က 'ဟုတ်ပါတယ်၊ ကျုပ်ပါပဲ'ဟု ပြောလိုက်သဖြင့် သားအဖနှစ်ယောက်လည်း ရီလင် အနီးသို့ ချဉ်းကပ်လာကြ၏။ ရီလင်က 'သူခိုး သားအဖပါတကား။ ကိုင်း မြန်မြန် လုပ်ကြစမ်း၊ သမင်ကို မြင်းနောက်က တင်လိုက်၊ အိမ်ကို မြန်မြန်ပြေး၊ ကျွန်ုပ် ရောက်နေတာ ဘယ်သူမှ မသိစေနဲ့။ အမိလီတောင် မသိစေနဲ့'ဟု ပြောသဖြင့် သားအဖ နှစ်ယောက်တို့သည် သမင်ကို ရီလင်၏ မြင်းနောက်သို့ တင်ပေး၍ ရီလင်နောက်မှ ပြေးလိုက်လာကြ၏။





အိမ်သို့ ချဉ်းကပ် လာကြသောအခါ ရီလင်က ရပ်တန့်၍ သားအဖနှစ်ယောက်လည်း အိမ်သို့ ကင်းထောက်ရန် ပြေးသွားကြရာ စိုးရိမ်ဖွယ်မရှိသော အခါမှ အချက်ပေးလိုက်၏။

ရီလင်သည် မြင်းပေါ်မှဆင်း၍ ဝင်းတံခါး အနီးရှိ တဲကလေးထဲသို့ ဝင်သွားရာ မိုက်ခဲသည် သမင်ကို မီးဖိုချောင်သို့ ပို့၍ မြင်းကို မြင်းဇောင်းသို့ ဆွဲသွား၏။ ထိုအတောအတွင်း၌ ဂျက်သည် မီးမွေးထား၍ မိုက်ခဲက ရီလင်အတွက် စားစရာများ ကြော်လှော်ပေးစဉ် ဂျက်က အိပ်ရာခင်းပေး၏။

ရီလင်သည် စားစရာများ စားသောက်လျက် ရှိစဉ် သားအဖနှစ်ယောက်တို့သည် အချိန်မဲ့တွင် တိတ်တဆိတ် ရောက်လာသော ရီလင်အား အံ့ဩစွာ ကြည့်နေကြ၏။ စားသောက်ပြီးသောအခါ ရီလင်က–

'မိုက်ခဲ လာစမ်း'

'ဟုတ်ကဲ့ သခင်'

'မြို့ထဲသွား၊ အလိုင်းယင်းဟိုတယ် ဖွင့်တဲ့အချိန်မှာ ဟိုတယ်ရှေ့က အမှတ်တမဲ့ စောင့်ကြည့်နေ။ တံခါးဖွင့်တဲ့ လူနဲ့ တစ်မိနစ်လောက် ရပ်ပြီး စကားပြော'

'တံခါးတော့ ပယ်ရီ ဖွင့်မှာပဲ သခင်'

'ဘယ်သူဖြစ်ဖြစ်၊ မနေ့ညတုန်းက မြင်းနဲ့ ရောက်လာတဲ့ ခရီးသည်ဟာ ဘယ်သူလဲလို့ မေးကြည့်'

'ကောင်းပါပြီ သခင်'

'ပြီးတော့ အဲဒီလူဟာ ဘယ်အချိန် ပြန်ထွက်မှာလဲ၊ တစ်နေ့လုံး ဟိုတယ်မှာ နေမှာလားလို့ မေးကြည့်'

'ဟုတ်ကဲ့ သခင်'

'မေးပြီးတဲ့နောက် ကျွန်ုပ်ဆီ ပြန်ပြောလှည့်၊ ကျွန်ုပ် ဒီမှာ ရှိကြောင်း ဘယ်သူမှ မသိစေနဲ့။ တစ်ယောက်ယောက်က ကျွန်ုပ်အကြောင်းကို မေးလျှင် မနေ့က ကျွန်ုပ်ထံမှ စာရတယ်၊ ပထမ ကွန်ဆိုလ်နဲ့အတူ ပါရီမြို့မှာ ရှိတယ်လို့ ပြောလိုက်'



www.burmeseclassic.com

www.burmeseclassic.com



မိုက်ခဲ ထွက်သွားသောအခါ ဂျက်က ကင်းစောင့်၍ ရိုလင်လည်း အိပ်လေ၏။

မိုက်ခဲ ပြန်ရောက်လာသောအခါ ရိုလင် သိလိုသမျှ အကြောင်းအရာများကို သိခဲ့ရ၏။ ယမန်နေ့ညက ဆိုက်ရောက်သော ခရီးသည်မှာ ဗလင်းဆိုးလ် ဖြစ်၍ ထိုနေ့ နံနက်၌ ခရီးထွက်မည့်အကြောင်း၊ ဟိုတယ် ဧည့်သည်စာရင်းတွင် ညဉ့် ၁၀ နာရီ အချိန်၌ ဆိုက်ရောက်ကြောင်းနှင့်တကွ ဖော်ပြထားကြောင်း ကြားသိရသောအခါ၊ ထိုလူသည် မေဆင်ဗလင်ချီ အရပ်၌ စာပို့ရထားကို ဓားပြတိုက်သည့် ကိစ္စတွင် မိမိ မပါဝင်နိုင်ကြောင်း သက်သေခံရစေရန် စီစဉ်ထားခြင်းဖြစ်သည် ဟူ၍ ရိုလင် ရိပ်မိလေ၏။

ရိုလင် အထူးသဖြင့် အံ့သြမိသော အချက်တစ်ခုမှာ ဖော်ကလူးဖောင်တိန် အနီး၌ ဘာဂျိုးနှင့် တစ်ယောက်ချင်း တိုက်စဉ်က ဘာဂျိုး ဘက်မှ စက္ကင်းအဖြစ်နှင့် လိုက်ပါဆောင်ရွက်သည့် ဗလင်းဆိုးလ်ပင် ဖြစ်နေကြောင်း သိရခြင်းပင် ဖြစ်ပေ၏။ ချာထရ ဘုရားရှိခိုးကျောင်းထဲ၌ မိမိအား တရှော ယောင် ဆောင်၍ ခြောက်လှန့်သော လူမှာလည်း ဗလင်းဆိုးလ်ပင် ဖြစ်နိုင်သည်ဟု ရိုလင် တွေးလေသည်။

ယင်းသို့ဖြစ်လျှင် ဂျေဟူးရဲဘော်များသည် သာမန်ဓားပြများ မဟုတ်၊ လူကုံထံများ ဖြစ်၍ အနောက်ပိုင်း၌ သက်စွန့်ကြိုးပမ်း တိုက်ခိုက်လျက်ရှိသော ဘာရီတန် နယ်သားများထံသို့ အစိုးရငွေများ ပေးပို့နိုင်စေရန် အသက်ကို စွန့်၍ ဆောင်ရွက်နေကြသော အထက်တန်းစားလူများ ပေတကား ဟူ၍လည်း ရိုလင် စဉ်းစားမိလေသည်။

## အခန်း ၃၈

ရိုလင်သည် ဤအဖွဲ့သားများနောက်သို့ စတင်၍ လိုက်သည့်အခါ ကတည်းက တစ်ယောက်တလေမျှကို ဖမ်းမိနိုင်လောက်သော အခြေ ရှိသော်လည်း တစ်ဖွဲ့လုံးကို မိရမှ ကျေနပ်နိုင်မည် ဖြစ်၍ မဖမ်းဆီးဘဲ ထားခဲ့ခြင်းကို





ကျွန်ုပ်တို့ တွေ့ခဲ့ရလေပြီ။ ယခုအခါ ဗလင်းဆိုးလ် တစ်ယောက်တည်းကို ဖမ်းနိုင်သော အခွင့် ပေါ်လာပြန်ရာ ထိုသူကို ဖမ်းဆီးလိုက်ပါက အခြားအဖွဲ့သားများသည် နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ တိမ်းရှောင်ထွက်ပြေးသွားကြမည်ကို သိမြင်သောကြောင့် တစ်ယောက်ချင်း ခြေရာခံ၍ တစ်ဖွဲ့လုံး ဖမ်းနိုင်မှ ဖမ်းဆီးတော့မည်ဟု သန္နိဋ္ဌာန် ချလိုက်၏။

သို့ဖြစ်၍ ဂျီနီဗာ မြို့သို့ ဗလင်းဆိုးလ် သွားလိမ့်မည်ဟု သတင်းရသော်လည်း ရိုလင်သည် ဗလင်းဆိုးလ်ကို မဖမ်းဘဲ ၎င်း၏နောက်မှ လိုက်၍ချောင်းရန် ပြင်ထား၏။ ထိုနေ့အဖို့၌ ရိုလင်သည် မိုက်ခဲ သားအဖတို့ကိုသာ ကြည့်ရှုခိုင်းထား၍ မိမိမှာ အိမ်ထဲ၌ ပုန်းအောင်း နေဖို့ စီစဉ်ထား၏။ အကယ်၍ အပြင်သို့ ထွက်လာခဲ့သော် ဗလင်းဆိုးလ်က ရိုလင်ကို မြင်၍ ၎င်းနောက်သို့ ခြေရာခံလိုက်လျက် ရှိသည်ဟု ရိပ်မိသွားမည်ကို စိုးရိမ်ရ၏။ မည်သည့်နည်းနှင့်မဆို ဗလင်းဆိုးလ်သည် ဂျီနီဗာသို့ တကယ် သွားခဲ့လျှင် ညဉ့်အချိန်တိုင် ရောက်မှ သွားလိမ့်မည် ဟူ၍လည်း တွက်ကိန်းရ၏။ စင်စစ်မှာ တကယ်သွားကောင်းမှ သွားလိမ့်မည် ဟူ၍ပင် ရိုလင် တွေးဆမိလေသည်။

နံနက် ၆ နာရီခွဲ အချိန်တွင် ရိုလင်သည် မိုက်ခဲ သားအဖနှစ်ယောက်အား တောလည်သွားမည့်ဟန်ဖြင့် သေနတ်များနှင့်တကွ ထွက်သွားစေရာ လုပ်ငန်းအစီအစဉ်တို့ကို ပြောပြလိုက်ရာ သားအဖ နှစ်ယောက်သည် ၎င်းအစီအစဉ်အတိုင်း တစ်နေရာ၌ ဆုံမိကြ၏။

၇ နာရီ ထိုးလတ်သော် "ပိုရှေး" မြင်းရထားတစ်စီးသည် နှင်းဖောင်တိန် ရှေ့တွင် ဆိုက်ရပ်၍ အစေခံတစ်ယောက်သည် ရထားပေါ်မှ ဆင်းလာပြီးလျှင် ဝင်းတံခါး၌ တပ်ဆင်ထားသော ခေါင်းလောင်းကြိုးကို ဆွဲလေ၏။ ဝင်းတံခါးကို ဖွင့်ရန်မှာ မိုက်ခဲ၏ အလုပ်ဝတ္တရား ဖြစ်သော်လည်း မိုက်ခဲမရှိသည်နှင့် အစေခံ မိန်းကလေး ရှားလော့သည် အိမ်ပေါ်မှ ဆင်းလာ၍ ဝင်းတံခါးကို ဖွင့်လိုက်သည်တွင် အစေခံကို မှတ်မိ၍ 'မော်ဇယာဂျိမ်လား' ဟု မေးလိုက်၏။ ဂျိမ်းမှာ ဆာဗျူန်၏ တပည့်ကျော် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် သူငယ်မ၊ ဆာဂျွန်လည်း ပါလာတယ်'

ထိုခဏ၌ ဆာဂျွန်သည် ပိုရှေးထဲမှ ဦးခေါင်းပြူလျက် 'မိန်းကလေးရေ၊ ပါရစ်မြို့က ငါ ရောက်လာတယ်လို့ မင့်သခင်မကို ပြောလိုက်ပါကွယ်။ အခုတော့ ငါ မဆင်းသေးဘူး၊ နက်ဖြန်ခါ ဘယ်အချိန်မှာ လာခဲ့ရမလဲလို့ သခင်မကို မေးပေးပါကွယ်'ဟု ပြောလိုက်၏။

ရှားလော့သည် ဆာဂျွန်ကို ကြည်ညိုလေးစားသည်ဖြစ်၍ ချက်ချင်း သွားရောက် မေးမြန်းပြီးလျှင် နက်ဖြန် ၁၂ နာရီနှင့် တစ်ချက်အတွင်း လာနိုင်ပါကြောင်းနှင့် ပြန်ပြောလေ၏။

ရိုလင်မှုကား ဆာဂျွန် လာရောက်သော ကိစ္စကို ရိပ်မိပြီး ဖြစ်၏။ ရိုလင်၏စိတ်၌ ဆာဂျွန်နှင့် အမိလီတို့ လက်ထပ်ဖို့ အရေးမှာ သေချာသလောက် တွက်ထားသဖြင့် ဆာဂျွန်ကို ယောက်ဖ အနေဖြင့် သဘောထားလျက် ရှိ၏။ သို့ဖြစ်၍ ရိုလင်သည် ဆာဂျွန်အား မိမိ ဆိုက်ရောက်နေကြောင်းနှင့်တကွ အကြံအစည်များပါ ပြောပြလျှင် ကောင်းမည်လောဟု စဉ်းစားသေး၏။ သို့ရာတွင် ဆာဂျွန် သိပါက မိမိတစ်ယောက်တည်း ဆောင်ရွက်ခွင့် မရဘဲ အတင်းတွဲ၍ လိုက်ချင်သော ဆာဂျွန်၏ သဘောကို ရိပ်မိသည်နှင့် တိတ်ဆိတ်စွာ နေလိုက်၏။

ထိုနေ့ တစ်နေ့လုံးနှင့် ညဦးပိုင်းတွင် ရိုလင်သည် မိုက်ခဲတို့ထံမှ သတင်းတစ်စုံတစ်ရာ မကြားရသဖြင့် မအိပ်နိုင်ဘဲ ရှိနေ၏။ ချွတ်ခနဲ အသံကြားတိုင်း မိုက်ခဲတို့ ပြန်လာခြင်း ဖြစ်လေသလောဟု ဦးခေါင်းထောင်၍ ကြည့်မိ၏။ နံနက် မိုးသောက်လတ်သော် သားအဖနှစ်ယောက် ပြန်လာကြ၍ အောက်ပါအတိုင်း သတင်းပေးကြ၏။

ရိုလင်၏ အစီအစဉ်အတိုင်း မိုက်ခဲက ဟိုတယ်အနီးမှ စောင့်၍ ဂျက်က လမ်းဆုံမှ စောင့်နေကြောင်း၊ မိုက်ခဲသည် ပယ်ရီကို တွေ့၍ ဗလင်းဆိုးလ်အကြောင်း စုံစမ်းရာ ဗလင်းဆိုးလ်မှာ ဟိုတယ်ထဲ၌ ရှိသေးသည်ဟု သိရကြောင်း၊ မိုက်ခဲက ပယ်ရီကို အရက်တိုက်၍ လောကဝတ် ပြုပြီးလျှင်





ဗလင်းဆိုးလ်အကြောင်းကို သတင်းပေးဖို့ စီမံထားကြောင်း၊ ပယ်ရီမှာ မြင်းဇောင်း၌ အလုပ် လုပ်သော အစေခံဖြစ်၍ ဗလင်းဆိုးလ် ပြောင်းရွှေ့သွားခဲ့လျှင် ပယ်ရီ သိရမည် ဖြစ်ကြောင်း၊ ပယ်ရီကိုယ်တိုင် ထွက်၍ သတင်းပေးနိုင်လျှင် သူငယ်တစ်ယောက်ကို လွှတ်၍ ပြောမည် ဖြစ်ကြောင်း၊ ပယ်ရီနှင့် မိုက်ခဲတို့သည် သန်းခေါင်တိုင်အောင် အတူတကွ အရက်သောက်ကြရာ ဗလင်းဆိုးလ်မှုကား ဟိုတယ်မှ ထိုအချိန်တိုင်အောင် မထွက်ခွာသေးကြောင်း၊ သန်းခေါင်ကျော်လတ်သော် ပယ်ရီက မိုက်ခဲအတွက် မြင်းဇောင်းထဲတွင် ကောက်ရိုးများ ခင်း၍ သိပ်ကြောင်း၊ နံနက် ၃ နာရီ၌ ဟိုတယ် အစေခံသည် ခရီးသည်၏ မြင်းကို မြင်းဇောင်းထဲမှ ထုတ်ရမည် ဖြစ်၍ မိုက်ခဲကို နှိုးလေရာ မိုက်ခဲလည်း အလုပ်ရှိသေးသည် ဆို၍ မြင်းဇောင်းမှ ထွက်လာခဲ့ပြီးလျှင် ပယ်ရီကို နှုတ်ဆက်၍ လမ်းထောင့်မှ ပုန်းလျက် ကြည့်နေကြောင်း၊ တစ်ခဏကြာသော် လူတစ်ယောက်သည် မြင်းစီးလျက် ထွက်လာ၍ ဂျိနီဗာမြို့ဘက်သို့ သွားသော လမ်းအတိုင်း လိုက်သွားကြောင်း၊ မိုက်ခဲသည် လေချွန်လျက် အတန်ငယ် လိုက်သွားပြီးနောက် လမ်းဆုံ၌ ဂျက် စောင့်နေမည်ကို သိသည်နှင့် ခရီးသည်နောက်သို့ တည့်တည့် တန်း၍ မလိုက်တော့ဘဲ လမ်းကြိုလမ်းကြားမှဖြတ်၍ လိုက်ပြေးကြောင်း၊ သို့ရာတွင် ဂျက် စောင့်နေသော လမ်းဆုံသို့ ရောက်သောအခါ မိုက်ခဲသည် ဂျက်ကို မမီလိုက်ဘဲ ရှိနေကြောင်း၊ လမ်းပေါ်၌ ရှိသော နှင်းထဲတွင် မြင်းခြေရာများကို ကြည့်၍ မမြင်နိုင်သဖြင့် မိုက်ခဲသည် ဂျက်ကို မျှော်ကြည့်လိုက်ရာ ဂျက်ကိုလည်း မတွေ့ရကြောင်း။

မိုက်ခဲမှာ တောတိရစ္ဆာန်များကို ခြေရာခံ၍ လိုက်သော အလေ့အကျင့် ရှိခဲ့သည့်အလျောက် ဂျက်ကို ခြေရာခံကြည့်ရာ လမ်းထောင့်ရှိ သစ်ပင်တစ်ပင်အောက်၌ ရပ်၍ စောင့်ဖူးသည့် ဂျက်၏ ခြေရာများကို တွေ့ရကြောင်း၊ ထို့အပြင် ဂျက်သည် လမ်းကို ဖြတ်ကျော်၍ တဲကလေး တစ်ခုသို့ သွားသည့် ခြေရာများကိုလည်း မိုးပွင့်သောအခါ မိုက်ခဲ တွေ့မြင်ရကြောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ဘဲကလေးမှ စောင့်နေစဉ် ဗလင်းဆိုးလ် မြင်စီးလာသည်ကို ဂျက် မြင်၍ မြင်းနောက်မှ ပြေးလိုက်သွားသော ခြေရာများကို မိုက်ခဲ တွေ့ရကြောင်း၊ ဂျက်သည် ဗလင်းဆိုးလ်ကို လမ်းပေါ်မှ ပြေးလိုက်ခဲ့လျှင် မသင်္ကာမည်စိုး၍ လမ်းနံဘေးမှ သစ်ပင်များ ကွယ်ကာ လိုက်ပြေးသွားသော ခြေရာများကို မိုက်ခဲ တွေ့ရကြောင်း၊ ဂျက် ခြေရာများမှာ ခပ်ကျဲကျဲ လှမ်းထားသည်ကို တွေ့ရှိ၍ ပြေးသွားခြင်း ဖြစ်ရမည်ဟု မိုက်ခဲ တွေးမိကြောင်း။

လမ်းနံဘေးရှိ ထမင်းဆိုင်ကလေး တစ်ဆိုင်သို့ ရောက်ရာတွင် ဂျက်၏ ခြေရာများသည် ဝင်းထဲသို့ ဝင်သွား၍ ထမင်းဆိုင် ပြတင်းပေါက်အောက်၌ ရပ်လျက် အခန်းထဲသို့ ချောင်းကြည့်ခြင်း ဖြစ်ရမည်ဟူ၍ မိုက်ခဲ တွေးဆကြောင်း၊ မိုက်ခဲကိုယ်တိုင် ပြတင်းပေါက်မှ ချောင်းကြည့်သောအခါ အခန်းထဲ၌ မီး မရှိသဖြင့် မည်းမှောင်လျက် ရှိသည်ကို တွေ့ရကြောင်း၊ ၎င်းနောက် မိုက်ခဲသည် ဂျက်၏ ခြေရာများကို ဆက်လက်၍ ခံပြန်လေရာ ဂျက်၏ ခြေရာများသည် ဆိုင်ကလေးကို လှည့်ပတ်ထားသည်ကို တွေ့ရကြောင်း၊ ခြေရာများသည် အိမ်ကို တစ်ပတ်လှည့်ပြီးနောက် အိမ်နောက်၌ရှိသော ဝင်းတံခါးပေါက်မှ တောထဲသို့ ထွက်သွားသည်ကို တွေ့ရကြောင်း၊ ဂျက်၏ ခြေရာများနှင့်အတူ အခြား ခြေရာများကိုလည်း မိုက်ခဲ တွေ့ရကြောင်း၊ အခြား ခြေရာမှာ သံချွန်တပ်ထားသော ဘွတ်ဖိနပ်ကို စီးထားသော လူတစ်ယောက်၏ ခြေရာများဖြစ်ရာ ဂျက်သည် မြင်းပေါ်မှ ဆင်း၍ ခြေကျင်လျှောက်သွားသော လူတစ်ယောက်နောက်သို့ လိုက်ထားခြင်း ဖြစ်ရမည်ဟု မိုက်ခဲ တွေးမိကြောင်း။

ထိုအချိန်၌မူ မိုးလင်းနေပြီဖြစ်၍ မိုက်ခဲသည် ခြေရာနောက်သို့ လိုက်ဖို့ မလိုဘဲ ထမင်းဆိုင်ကလေးမှ ထိုင်၍ ဂျက်ကို စောင့်တော့မည်ဟု မိုက်ခဲ ဆုံးဖြတ်ကြောင်း၊ သို့ဖြစ်၍ မိုက်ခဲသည် တောလည်၍ ပြန်ခဲ့သည့်ဟန်ဖြင့် ထမင်းဆိုင် တံခါးကို ခေါက်လိုက်ရာ ဆိုင်ရှင်သည် တံခါးကို ဖွင့်ပေး၍ မိုက်ခဲလည်း အရက်တစ်ပုလင်း မှာယူသောက်နေကြောင်း၊ မကြာမီ





ဂျက် ပြန်လာ၍ သားအဖနှစ်ယောက် ဆုံမိကြကြောင်း၊ ဂျက်ကလည်း မိုက်ခဲကဲ့သို့ပင် တောလည်၍ ပြန်ခဲ့သည့်အနေဖြင့် ဆိုင်ရှင်အား ပြော၍ သားအဖ နှစ်ယောက်တို့သည် မိမိတို့ကိစ္စ အကြောင်းကို အလျှင်း မပြောဘဲ အမောအပန်း ပြေစေရန် နားနေသည့်ဟန်ဖြင့် အတူတကွ စားသောက်ကြပြီးနောက် အပြင်သို့ ရောက်ကြသော အခါမှ သားအဖ နှစ်ယောက် တိုင်ပင်ကြကြောင်း၊ ဂျက်သည် ဗလင်းဆိုးလ်နောက်မှ တောထဲသို့ လိုက်သွားရာတွင် တောလမ်းဆုံ၌ သေနတ်နှင့်စောင့်နေသော လူတစ်ယောက်ကို တွေ့၍ ထိုလူက ကိစ္စကို မေးသဖြင့် ဂျက်က တောလည်ထွက်လာသည်ဟု ပြန်ပြောကြောင်း၊ ဤတွင် ထိုလူက ၎င်းနယ်မှာ မိမိနယ် ဖြစ်၍ အခြား တစ်နေရာသို့ သွားရန် ဂျက်ကို ပြောကြောင်း၊ ဂျက်သည် အခြားနေရာသို့ သွားဟန်ပြုပြီးနောက် ထိုလူ ကွယ်သောအခါတွင် ယခင်လမ်းအတိုင်း ဗလင်းဆိုးလ်နောက်သို့ လိုက်ပြန်ကြောင်း၊ အနည်းငယ် သွားပြန်သောအခါ ရှေ့နည်းအတူ သေနတ် တစ်လက်နှင့် စောင့်နေသော ဒုတိယ လူတစ်ယောက်ကို တွေ့၍ ဂျက်က 'တောလည် ထွက်လာပါသည်' ဟု ပြောသော်လည်း ထိုလူက 'ဒီလမ်းကို လိုက်လျှင် မင်း သေလိမ့်မယ်၊ မသေချင်လျှင် ဟိုဘက် ပြန်သွား' ဟု ပြောကြောင်း၊ ဂျက်သည် ကွေ့၍ အနည်းငယ် သွားမိသောအခါတွင် ယခင်လမ်းအတိုင်း လိုက်ပါသော်လည်း ဗလင်းဆိုးလ်၏ ခြေရာများ အစပျောက်သွားသည်နှင့် လှည့်ပြန်လာခဲ့၍ ထမင်းဆိုင်ကလေးတွင် ဖခင်နှင့် ဆုံမိကြောင်း၊ နောက်ဆုံး၌ သားအဖ နှစ်ယောက်တို့သည် နှင်းဖောင်တိန်သို့ အတူတကွ ပြန်လာကြကြောင်း စသည်ဖြင့် ရိုလင်အား တစ်လှည့်စီ ပြောပြကြလေ၏။

ရိုလင်သည် အထက်ပါ အဖြစ်အပျက်များကို ကြားသိရသည့်အခါ တောထဲ၌ သေနတ်နှင့် စောင့်နေသည်ဆိုသော လူများသည်ကား မုဆိုးများ မဟုတ်၊ ဂျေဟူးရဲဘော် အဖွဲ့သားများ ဖြစ်သည်ဟူ၍ ရိပ်မိလေ၏။ ထို့ရာတွင် ၎င်းနေရာ အနီးအပါး၌ အဖွဲ့သားများ စခန်းချရန် အဆောက်အအုံပျက်



www.burmeseclassic.com

www.burmeseclassic.com



မရှိသည်နှင့် စဉ်းစားလျက်ရှိရာ နောက်ဆုံးတွင်မှ တစ်စုံတစ်ခုကို သတိရသည်နှင့် 'ဟုတ်ပြီ၊ ဟုတ်ပြီ၊ ငါ နားလည်ပြီ။ ကိုင်း ငါ့လူများ မောလာကြပြီ၊ စိတ်ချလက်ချ အိပ်ချေကြပေဦးတော့' ဆို၍ သားအဖ နှစ်ယောက်ကို လွှတ်လိုက်လေ၏။

ရိုလင် သတိရသည်ကား အဖွဲ့သားများသည် ချာထရ ဘုရားရှိခိုးကျောင်း အဆောက်အအုံကို စွန့်ပစ်ကြ၍ ဆိဗာရီယတ်ဂူကြီးများသို့ ပြောင်းရွှေ့လာကြသည့်ပြင် ၎င်းဂူကြီးများနှင့် ဥမင်လိုဏ်ခေါင်းဖြင့် ဆက်သွယ်ထားသည့် ဘရောင်း ဘုရားရှိခိုးကျောင်းကိုလည်း သတိရမိလေ၏။

## အခန်း ၃၉

ထိုနေ့၌ ဆာဂျွန်တင်လေးသည် အမီလီ၏ အခွင့်ရသည့်အလျောက် နှမ်းဖောင်တိန်သို့ ၁၂ နာရီနှင့် ၁ နာရီ အကြားတွင် လာရောက် လည်ပတ်လေ၏။

ဆာဂျွန်သည် မိမိ၏ကိစ္စကို ဖွင့်ဟ ပြောပြရာတွင် အမီလီသည် ငြင်းပယ်ခြင်း မပြုဘဲ လက်ခံသည့် အဓိပ္ပာယ်မျိုးနှင့် ပြန်ပြော၏။ သို့ရာတွင် မိမိ မကျန်းမာသည့် အခိုက်ဖြစ်၍ လက်ထပ်ဖို့ အချိန်ကိုသာလျှင် ရွှေ့ဆိုင်းထားဖို့ တောင်းပန်လေ၏။

ဆာဂျွန်အဖို့မှာ ဤမျှလောက်ဆိုလျှင် ကျေနပ်ခဲ့လေပြီ။ ငြင်းပယ်လိမ့်မည်လောဟု စိုးရိမ် ပူပန်ခဲ့မိသော ဆာဂျွန်မှာ လက်ခံသမျှ ကာလပတ်လုံး အချိန်သည် အရေးမကြီး၊ တစ်နေ့နေ့၌ အမီလီကို ရဖို့ မလွဲပြီဟု စိတ်ချရလျှင်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့လေပြီ။

အမီလီ မကျန်းမာခိုက် ဖြစ်၍ မိခင်နှင့်ခွဲလျက် နှမ်းဖောင်တိန် အိမ်ကြီး၌ တစ်ကိုယ်တည်း နေထိုင်ရသည့်အတွင်း ဆာဂျွန်က ၎င်းအိမ်သို့ မကြာခဏ လာရောက်လည်ပတ်လျှင် သင့်တော်မည် မဟုတ်ဟူ၍ ဆာဂျွန် နားလည်သည် ဖြစ်သောကြောင့် ဘိုဂ်မြို့တွင် ကြာရှည်စွာ မနေဘဲ နောက်





တစ်နေ့ တစ်ခေါက်တည်း လာရောက် လည်ပတ်ပြီးသည်နှင့် တစ်ပြိုင်နက် ပြန်တော့မည်ဟု ဆုံးဖြတ်၏။ အကယ်၍ နောက်ထပ် လည်ပတ်လိုလျှင်လည်း မိခင် ပြန်ရောက်လာသော အခါမှပင် လည်ပတ်ပါတော့မည်ဟု ဆာဂျွန် အကြံပြု၏။

မိုက်ခဲသည် အကြောင်းအရာကို ရှားလော့ထံမှ ကြားသိရ၍ ရိုလင်အား ပြောပြရာ ရိုလင်သည် ဆာဂျွန် ပြန်သွားသော အခါမှ ဂျေဟူးရဲဘော်များအား ဖမ်းဆီးရန် ကိစ္စကို ဆက်လက် ဆောင်ရွက်ပါတော့မည်ဟု ပြဋ္ဌာန်းလိုက်၏။ ဤအတောအတွင်း၌ မိမိ၏ စိတ်ထဲတွင် ယုံမှားသံသယ ဖြစ်နေသေးသည့် အချက်အလက်များကို ရှင်းလင်းအောင် ကြိုးစားဦးမည် ဟူ၍လည်း စိတ်ကူးမိ၏။

ထိုညဉ့်၌ ရိုလင်သည် အမဲလိုက်သော ဝတ်စုံကို ဝတ်၍ ၎င်းအပေါ်မှ မိုက်ခဲ၏ အကျႌကြီးကို ထပ်၍ ဝတ်ပြီးလျှင် မျက်နှာကို ဖုံးမိသည်ဘိုင်အောင် ပြန့်ကျယ်သော ဦးထုပ်ကြီးကို ဆောင်းလျက် လက်နက် အပြည့်အစုံနှင့် နှမ်းဖောင်တိန် အိမ်မှ ဘိုဂ်မြို့သို့ သွားသော လမ်းအတိုင်း လိုက်လေ၏။ ပုလိပ်ဌာနသို့ ရောက်သောအခါ အရာရှိနှင့် တွေ့လိုကြောင်း ပြော၍ ဘရောင်း ဘုရားရှိခိုးကျောင်း သော့နှင့် သံတူးရွင်း တစ်ချောင်းကို ဆောင်းလေ၏။

၎င်းနောက် ရိုလင်သည် သော့ကို လက်ယာဘက်၊ သံတူးရွင်းကို လက်ဝဲဘက်တွင် ကိုင်လျက် ဘုရားရှိခိုးကျောင်းသို့ လျှောက်လာပြီးလျှင် နံဘေး၌ ရှိသော တံခါးကလေးကို ဖွင့်၍ အတွင်းသို့ ဝင်လေ၏။ ၎င်းနောက် တံခါးကို တစ်ဖန် ပြန်ပိတ်၍ လှည့်ကြည့်လိုက်သောအခါ မြက်ခြောက်ပုံကြီးနှင့် မျက်နှာချင်းဆိုင်လျက် ရှိသဖြင့် နားထောင်ကြည့်ရာ ဘာသံမျှ မကြားရဘဲ တိတ်ဆိတ်လျက် ရှိ၏။

ရိုလင်သည် ၁၅ ပေခန့် မြင့်သော မြက်ခြောက်ပုံကြီးပေါ်သို့ တက်၍ အခြားဘက်သို့ လျှောဆင်းလိုက်ရာတွင် ကျောက်ပြားများ ခင်းထားသည့်



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပေါ်သို့ ရောက်သွား၏။ အစည်းအဝေး ပြုလုပ်သောနေရာ၌ ကန့်လန့်ကာကြီး ကာဆီးထားရာ ရိုလင်သည် ၎င်းအခန်းသို့ ဝင်သွားသောအခါ လီတိုး၏ သချိုင်းနှင့် မျက်နှာချင်း ဆိုင်မိ၏။ သချိုင်း၏ ခေါင်းရင်းဘက်၌ ကျောက်ဖျာကြီးတစ်ခု ရှိ၍ ၎င်းကျောက်ဖျာမှာ မြေအောက်ရှိ အရိုးဂူများသို့ သွားသည့် လှေကားကို ဖုံးအုပ်ထားခြင်း ဖြစ်လေသည်။

ရိုလင်သည် ကျောက်ဖျာနံဘေးတွင် ဒူးထောက်လျက် အစွန်းကို လက်ဖြင့် စမ်းသပ်ပြီးမှ သံတူးရွှင်းနှင့် ကလော်လိုက်သည်တွင် ကျောက်ဖျာကြီး ကြွလာလေ၏။ ၎င်းနောက် လက်တစ်ဖက်ဖြင့် ကျောက်ဖျာကို ကိုင်ထား၍ လှေကားမှ ဆင်းပြီးလျှင် ကျောက်ဖျာကို ဖြည်းညင်းစွာ ချလိုက်ရာ ရိုလင်မှာ လူရှင်များနေသော လောကမှ လူသေ(အလောင်း)များ မြှုပ်နှံထားသော လောကသို့ ရောက်သွားလေ၏။

ရိုလင်သည် သချိုင်းဂူများကို လက်နှင့်စမ်းလျက် တဖြည်းဖြည်း လျှောက်လာခဲ့ရာတွင် ဥမင်လိုဏ်ခေါင်းသို့ သွားသော သံတံခါးကြီးသို့ ရောက်လာ၏။ သံတံခါးကြီးမှာ သော့မခတ်ဘဲ မင်းတုပ် ချရုံမျှဖြင့် ပိတ်ထားလေရာ ရိုလင်သည် မင်းတုပ်ကို သံတူးရွှင်းနှင့် ကလော်၍ ကြွလိုက်သဖြင့် တံခါးကြီး ပွင့်သွားလေ၏။ ၎င်းနောက် ရိုလင်သည် သံတူးရွှင်းကို ထားခဲ့၍ အတွင်းသို့ ဝင်သွားလေ၏။

လက်တစ်ဖက်ဖြင့် နံရံကို စမ်းလျက် အခြားလက်တစ်ဖက်၌ သေနတ်ကို ကိုင်ကာ မှောင်မိုက်ကြီးထဲ၌ တဖြည်းဖြည်း လျှောက်သွားလေရာ တစ်ခါတစ်ရံ ဦးခေါင်းနှင့် ပခုံးပေါ်သို့ အလွန်အေးမြသော ရေစက်များ ကျသည်ကို တွေ့ရသဖြင့် မြစ်အောက်မှ ဖြတ်သန်းသွားရခြင်း ဖြစ်သည်ဟု သိရ၏။ နောက်ဆုံး၌ ရိုလင်သည် ကျောက်တွင်းသို့ သွားသော တံခါးကို တွေ့၍ ခေတ္တ ရပ်နားရင်း မျှော်ကြည့်လိုက်၏။ ထိုအခါ အရှေ့မှ အရောင်တလက်လက် မြင်ရ၍ အသံများ ကြားရသလိုလို ထင်သည်နှင့် တဖြည်းဖြည်း ဆက်လက် လျှောက်လာခဲ့ရာ အသံများသည် ကျယ်သည်ထက် ကျယ်လာ၍





အလင်းရောင်မှာလည်း လင်းသည်ထက် လင်းလာသည်ဟု ထင်မှတ်မိ၏။ ဤတွင် ကျောက်တွင်းထဲ၌ လူသူ ရှိသည်ဟု ယူဆ၍ မည်သူမည်ဝါ ဖြစ်သည်ဟု စုံစမ်းရန် ပြင်ဆင်လေ၏။

ရိုလင်သည် ကျွန်ုပ်တို့ ယခင်က ဖော်ပြခဲ့သည့် အခန်းဝိုင်းကြီးနှင့် ဆယ်ပေခန့် ကွာလှမ်းသော နေရာသို့ ရောက်လာသောအခါ နံရံသို့ ကပ်နိုင်သမျှ ကပ်လျက် ရှေ့သို့ တရွေ့ရွေ့ လျှောက်လာခဲ့၍ နံရံထောင့်စွန်းကို ကျော်လွန်သည်နှင့် တစ်ပြိုင်နက် ဂျေဟူးရဲဘော် အဖွဲ့သားများ၏ စခန်းကို မျက်ဝါးထင်ထင် မြင်ရလေတော့သည်။

တစ်ကျိပ်ကျော်မျှသော အဖွဲ့သားများသည် ညလယ်စာ စားသောက်လျက် ရှိရာ ရိုလင်သည် ၎င်းတို့ အလယ်သို့ အတင်းဝင်၍ မိမိ၏ အသက်ဘစ်ချောင်း ထွက်သွားသည်တိုင်အောင် အများနှင့်တစ်ယောက် တိုက်ခိုက်လိုက်ချင်သောစိတ် ဖြစ်ပေါ်လာ၏။ သို့ရာတွင် လူရူးတစ်ယောက်၏ စိတ်မျိုးကို နှိပ်ကွပ်၍ ရိုလင်သည် ဝင်ခဲ့သည့် လမ်းအတိုင်း ခြေသံ မကြားစေဘဲ ဖြည်းညင်းစွာ ပြန်ထွက်လာ၏။ ရိုလင်သည် ချာထရ ဘုရားရှိခိုးကျောင်းထဲ၌ လူမရှိတော့ခြင်း အကြောင်း၊ ဗလင်းဆိုးလ် ကွယ်ပျောက်သွားပုံ အကြောင်းနှင့် တောထဲတွင် သေနတ်ကိုင် ကင်းသမားနှစ်ယောက် တွေ့ခဲ့ရပုံ အကြောင်းတို့ကို နားလည်ခဲ့လေပြီ။

ရိုလင်သည် ပုလိပ်ဌာနသို့ သွား၍ အကြီးအကဲ အရာရှိနှင့် တွေ့ဆုံတိုင်ပင်ပြီးလျှင် ရိုလင်က တစ်နေရာ၌ ပုန်းနေရစ်၍ ပုလိပ်အရာရှိ တစ်ယောက်တည်း ထွက်သွားလေ၏။ ဘိုဂ်မြို့ စစ်တပ်ကို အုပ်ချုပ်သည့် စစ်ဗိုလ်ထံသို့ ရောက်သောအခါ အရာရှိသည် ရိုလင် ပြောပြသော အခြင်းအရာများကို ပြောပြသည်တွင် စစ်ဗိုလ်လည်း ချက်ချင်း ထ ၍ အဝတ် လဲလှယ်လေ၏။

စစ်ဗိုလ်နှင့် ပုလိပ်အရာရှိတို့သည် မြို့ကွက်လပ်ကြီးထဲသို့ ရောက်ကြသောအခါ ရိုလင်သည် ပု ်းအောင်းရာမှ ထွက်လာ၍ သုံးယောက်သား



www.burmeseclassic.com

တိုင်ပင်ကြ၏။ စင်စစ်အားဖြင့် ရိုလင်က တာဝန်ယူ၍ အစီအစဉ် ရေးဆွဲ ပြသည်ကို အရာရှိနှစ်ယောက်က သဘောတူရုံမျှ ဖြစ်လေသည်။ နောက်ဆုံး ၌ သုံးဦးသား ခွဲခွာသွားကြ၏။

နှင်းဖောင်တိန်သို့ ရောက်သောအခါ ရိုလင်သည် အသက်ကို စွန့် စား ဆောင်ရွက်ရန်ရှိသော အခါများ၌ ဖြစ်တတ်သော ဝါသနာအတိုင်း မိုက်ခဲက တံခါးဖွင့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် တဲကလေးထဲသို့ အပြေး အလွှား ဝင်သွား၏။

ထိုအချိန်၌ အမိလီသည် အိမ်ကြီးပေါ်တွင် စာတစ်စောင်ကို ဖတ် လျက် ရှိ၏။ ၎င်းစာမှာ မော်ဂင်ထံသို့ ရှားလော့ သွားရောက် ပေးပို့ရသော အမိလီ၏ စာကို ပြန်ကြားလိုက်သောစာ ဖြစ်၍ အဓိပ္ပာယ်မှာ အောက်ပါ အတိုင်း ဖြစ်လေသည်။

ချစ်နှမဘက်၌ အစစ အရာရာ ချောမောသည် ဆိုသော် လည်း မောင့်ဘက်၌ အားလုံး မညီမညွတ် ဖြစ်လိမ့်မည် ထင်မိသည်။

မောင့်မှာ အကြောင်းရှာ မတွေ့ဘဲ စိတ်လေးလှ၍ ချစ်နှမ ကို တွေ့လိုလှသည်။

နက်ဖြန် ဆာဂျွန် ပြန်သွားလျှင် အချက်ပေးနေကျ အတိုင်း အချက်ပေးလိုက်ပါလေ။ ဤတစ်ကြိမ်တွင် နှမထံသို့ မောင် မလာ ဘဲ၊ မောင့်ထံသို့ နှမ လာစေလိုသည်။ အနွေးဆုံး အဝတ်များ ဝတ်ခဲ့ပါ။ လှေကလေးထဲမှာ မောင်နှင့်နှမ အတူတကွ တစ်နာရီ လောက် နေကြမည်။ အခါတိုင်းမှာ မောင်က မျှော်လင့်စရာများ အကြောင်းကို ပြောခဲ့ကြသည်။ ဤတစ်ကြိမ်မှာ နှမက မျှော်လင့် စရာများ ပြောပြ၍ မောင်က စိုးရိမ်စရာများ အကြောင်းကို ပြော ပါရစေ။

အချက်ပေးပြီးသည့်နောက် ချက်ချင်း ဆင်းလာခဲ့ပါ။





မောင်နှင့် မတွေ့ရလျှင် ချမ်းသာလောက်ပါလျက် ကံဆိုး ရှာသည့်အတွက် မောင်နှင့် ဆုံစည်းရရှာသည့် ကံဆိုးမကလေး။

တစ်စုံတစ်ခု မဖြစ်လျှင် နက်ဖြန် လာဖြစ်အောင် လာပါ မည်။

ချားလ်စ်

## အခန်း ၄၀

မွန်းတည့် အချိန်တွင် ဆာဂျွန်တင်လေးသည် အမိလီကို နှုတ်ဆက်ရန် ရောက်လာ၏။ ဆာဂျွန်မှာ အမိလီထံမှ လက်ထပ်ဖို့ ရက်ချိန်းနှင့် ပတ်သက် ၍ စကားအသေအချာ မရရှိသော်လည်း ကတိပေးပြီးပြီ ဟူ၍ ယူဆသည် ဖြစ်သောကြောင့် ကျေနပ်လျက် ရှိ၏။ ဘိုနပတ်နှင့် ရိုလင်တို့ကလည်း မိမိဘက်မှ ကူညီလိမ့်မည် ဟူ၍လည်း ယုံကြည်စိတ်ချ၏။ သို့ဖြစ်၍ ဆာဂျွန် သည် ဘိုဂ်မြို့၌ နေ၍ အမိလီကို လူပျိုလှည့်ခွင့် မရသော်လည်း ပါရစ်မြို့သို့ ပြန်၍ မိခင် မဒမ်မွန်ထရီဘဲလ်ကို သမီးကိုယ်စား လူပျိုလှည့်ရန် ပြင်ဆင် လေ၏။

နှင်းဖောင်တိန်မှ ဆာဂျွန် ပြန်သွားပြီးသည်နောက် ၁၅ မိနစ်ခန့် ကြာသောအခါ အမိလီ၏ "အပါးတော်မြဲ" ရှားလော့သည် ဘိုဂ်မြို့သို့ သွား၍ ညနေ ၄ နာရီ အချိန်၌ ပြန်လာပြီးလျှင် ဆာဂျွန်တင်လေး ပြန်သွားသည် ကို မိမိ၏ မျက်စိနှင့် မြင်ခဲ့ရကြောင်း၊ ၎င်း စီးနင်းလိုက်ပါသော မြင်းရထား သည် မေကွန်မြို့သို့ သွားသော လမ်းအတိုင်း မောင်းနှင်သွားကြောင်းနှင့် အမိလီအား ပြောပြလေ၏။

အမိလီမှာ ၎င်း စကားကို ကြားရသောအခါတွင် အတော်အတန် အသက်ရှူ ချောင်သွား၏။ အမိလီသည် မိမိကိုယ်တိုင် စိတ်တနွေးနွေး ရှိနေ သော်လည်း မော်ဂင် စိတ်မပူစေရအောင် တတ်နိုင်သမျှ အားပေးစကား ပြောခဲ့၏။ ဘိုဂ်မြို့သို့ ရိုလင် ရောက်နေသည်ကို တွေ့ခဲ့ရသည်ဟု ရှားလော့

www.burmeseclassic.com



က ပြောကတည်းက အမိလီမှာ မော်ဂင်နည်းတူ တစ်စုံတစ်ခု ဖြစ်လိမ့်မည် ထင်၍ စိတ်လေးလျက် ရှိ၏။ ချာထရ ဘုရားရှိခိုးကျောင်းအတွင်း၌ ဖြစ်ပျက်ခဲ့သော အကြောင်းအရာ အားလုံးကိုလည်း အမိလီ သိပြီး ဖြစ်၏။ အစ်ကိုဖြစ်သူ ရိုလင်နှင့် ရည်းစားသည် မော်ဂင်တို့သည် တစ်နေရာရာတွင် တစ်နေ့နေ့၌ တွေ့ကြလိမ့်မည်ဟု အမိလီ ယုံကြည်လျက် ရှိရာ၊ ရိုလင်အတွက်မှာမူ မော်ဂင်၏ ကာကွယ်မှုကြောင့် စိုးရိမ်ဖွယ် မရှိသော်လည်း ရိုလင်၏ သဘောထားကို သိသည်ဖြစ်၍ ရည်းစားသည် မော်ဂင်အတွက် စိုးရိမ်ပူပန်မိ၏။

ထိုပြင် အမိလီသည် မကြာသေးမီက စာပို့ရထားကြီးကို တိုက်ယူ၍ ကာနယ်စိန်မောရစ် သေဆုံးသည့် သတင်းကိုလည်း ကြားရ၏။ အစ်ကို ရိုလင်မှာ ထိုကိစ္စ၌ ထိခိုက်နာကျင်ခြင်း မရှိဘဲ လွတ်သွားသော်လည်း ထိုနေ့မှစ၍ ပျောက်ကွယ်သွားသည် ဟူ၍လည်း ကြားသိရ၏။ ရိုလင် ပျောက်ကွယ်သွားသည် ဆိုကတည်းက မော်ဂင်တို့ လူစုကို ဖမ်းဆီးရေးအတွက် လျှို့ဝှက်စွာ ဆောင်ရွက်နေခြင်း ဖြစ်ရမည်ဟု အမိလီ ရိပ်မိလေရာ၊ ရိုလင်၏ အစွမ်းကို သိပြီး ဖြစ်သောကြောင့် ပြောင်ပြောင်ကြီး ဆောင်ရွက်ခြင်းထက်ပင် စိုးရိမ်ပူပန်မိလေတော့သည်။

မော်ဂင်ကိုမူ အရေးရှိက လက်နက်များ ပို့လိုက်ဖို့ မှာထားသည်နေ့နောက်၌ အမိလီ မတွေ့ရသေးချေ။ သို့ဖြစ်၍ အမိလီသည် မော်ဂင်နှင့် တွေ့ဖို့ အရေးကို ဝမ်းမြောက်ဝမ်းသာ မျှော်လင့်လျက် ရှိ၏။ မိုက်ခဲ သားအစ အိပ်ကြပြီဟု ထင်ရသည်နှင့် တစ်ပြိုင်နက် အမိလီသည် ထုံးစံအတိုင်း ဖယောင်းတိုင်လေးတိုင် ထွန်းညှိကာ အချက်ပေးလိုက်၏။

၎င်းနောက် အမိလီသည် မော်ဂင် မှာထားသည့်အတိုင်း နွေးသော အဝတ်များကို ဝတ်ဆင်၍ အရေးရှိလျှင် သတင်းပို့ရန် ရှားလော့အား မှာခဲ့ပြီးလျှင် အိမ်ပေါ်မှ ဆင်း၍ ပြင်ဘက်သို့ လျှောက်လာလေ၏။ ကမ်းပါးသို့ ရောက်သောအခါ လှေကလေးတစ်စင်းနှင့် စောင့်နေသော လူတစ်ယောက်ကို မြင်၍–





'ချားလ်စ်'

'အမိလီ'

မော်ဂင်လည်း အမိလီ တက်နိုင်သော နေရာသို့ ချဉ်းကပ်လာ၍ အမိလီလည်း ခုန်ချလိုက်ရာ မော်ဂင်၏ ရင်ခွင်ထဲသို့ ရောက်သွား၏။

အမိလီသည် မော်ဂင်၏ မျက်နှာကို ကြည့်လိုက်ရာတွင် အလွန်တရာ ရွှင်ပျသော မျက်နှာထားကို မြင်ရသဖြင့်–

'နှမအဖို့ သတင်းကောင်း ပြောစရာ ပါလာတယ် မှတ်တယ် မောင်၊ ဟုတ်ရဲ့လား'

'ဟုတ်တယ် နှမရေ့၊ နှမ တွေးတာ မှန်တယ်။ လူများဟာ ဘာမှ မမြင်တတ် မသိတတ်ဘူးနော်၊ ပျော်စရာကြီးတွေ ဖြစ်တော့မည့်ဆဲဆဲ တွင်မှ မောင်တို့က စိတ်ညစ်နေမိကြတယ် မဟုတ်လား။ ဝမ်းသာစရာ သတင်းစကားကြီး ပါလာတယ် နှမရေ့။ ဘုရင်ကရော၊ ဂျင်နရယ် ကဒေါက်ဒဲလ်ကရော မောင်တို့လူစုကို လွတ်လပ်ခွင့် ပေးလိုက်ပြီ အမိလီရေ့'

'ဒါဖြင့် ဒီပြင် လူများလို နေချင်သလို မောင်တို့ နေနိုင်ပြီပေါ့လေ'

'ဒီလိုတော့ မဟုတ်သေးဘူး၊ မောင်တို့က သူပုန်တွေ စာရင်းထဲမှာ မပါလေတော့ တစ်ပြည် တစ်နိုင်ငံမှာ ရောင်တိမ်း နေရလိမ့်မယ် အမိလီ'

'ဘာကြောင့်လဲ'

'မောင်တို့က စစ်သားလည်း မဟုတ်၊ သူပုန်လည်း မဟုတ်၊ ဂျေဟူးရဲဘော် အဖွဲ့သားတွေကိုး နှမရဲ့'

အမိလီလည်း သက်ပင့် ရှူလေ၏။

'မောင်တို့လူစုက ဓားပြတဲ့ နှမရဲ့'

'ဒီဟာ အသာထားပြီး ဘုရင်မင်းမြတ်နဲ့ ဂျင်နရယ်တို့က လွတ်လပ်ခွင့် ပေးပုံ ပြောပြစမ်းပါဦး မောင်'

'ဘိုနပတ်က ကဒေါက်ဒဲလ်ကို တွေ့ချင်လို့ ရိုလင်ကို ရှေးဦးစွာ လွှတ်ကြည့်တယ် မဟုတ်လား၊ သို့သော် ကဒေါက်ဒဲလ်က လက်မခံဘူး။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ဘုရင်မင်းမြတ် ကိုယ်တော်တိုင်က တိုက်ခိုက်ခြင်းကို ရပ်စဲကြဖို့ အမိန့်တော် ပြန်လိုက်တယ်။ ဒီအတောအတွင်းမှာ ဘိုနပတ်ဆီက ကဒေါက်ဒဲလ်ဆီကို စကား ကမ်းလှမ်းလိုက်တယ်၊ ဘယ်လိုလဲဆိုတော့ ပါရစ်မြို့တော်သို့ ကဒေါက်ဒဲလ် လာလျှင် ဘေးအန္တရာယ် တစ်စုံတစ်ရာ မရှိစေဖို့ တာဝန်ခံပါတယ် တဲ့။ ၎င်းစကားကို ကဒေါက်ဒဲလ်က လက်ခံပြီး ပါရစ်မြို့ သွားလေရဲ့။ ဒါကြောင့် တစ်ခါတည်း အပြီးအပြတ် မဟုတ်တောင် ခေတ္တတော့ စစ်ပြီးသွားပြီ နှမရဲ့'

'ကောင်းပါလေရဲ့ ချားလ်စ်'

'သို့သော် သိပ်ပြီး ဝမ်းမမြောက်နဲ့ဦး နှမရေ့'

'ဘာကြောင့်လဲ မောင်'

'စစ်ရပ်စဲဖို့ အမိန့်ထုတ်တာ ဘာကြောင့်လဲ … သိရဲ့လား'

'မသိဘူး'

'ပုလိပ်မင်းကြီး ဖိုးချီက အင်မတန် ဉာဏ်များတဲ့ လူကြီးပဲ၊ မောင်တို့ကို မိအောင် မဖမ်းနိုင်လေတော့ နာမည်ပျက်အောင် လုပ်နေတယ်၊ "ဂျေဟူးရဲဲ့ဆော်အဖွဲ့"နာမည်နဲ့ လူမိုက်တွေဖွဲ့ပြီး မောင်တို့လို အစိုးရဘဏ္ဍာတော် လောက်သာ မဟုတ်ဘဲ ဆင်းရဲသားတွေရဲ့ ငွေတွေကို လိုက်တိုက်စေတယ်။ ရွာတွေ ဝင်စီးပြီး ပိုက်ဆံတောင်းလို့ မရလျှင် ခြေထောက်ကို မီးမြိုက်၊ လူတွေကို ဟိုလိုလုပ်၊ ဒီလိုလုပ်နဲ့ အနည်းနည်း နှိပ်စက်စေသတဲ့။ ဒီတော့ကာ မောင်တို့ နာမည်ပျက်ပြီး မတော်တဆ ဖမ်းလို့မိလျှင် ရာဇဝတ်ကောင် အဖြစ်နဲ့ ခေါင်းဖြတ်ဖို့ ကိန်းဆင်နေတာပေါ့'

'ဩော် … ဖြစ်ရလေ မောင်ရယ်'

'မောင်နဲ့ ထွက်ပြေးကြဖို့ မခေါ်မီ ဒီအကြောင်းတွေကို နှမ သိထားနှင့်ဖို့ ပြောပြတာပဲ။ ပြင်သစ် ပြည်သူပြည်သားတွေရဲ့ မျက်စိ၊ နိုင်ငံခြားသားတွေရဲ့ မျက်စိနဲ့ မောင်တို့ အမှုထမ်းတဲ့ ဘုရင်ကိုယ်တိုင်ရဲ့ မျက်စိမှာ မောင်





တို့ဟာ သေဒဏ် အပြစ်ပေး စီရင်ခြင်း ခံထိုက်တဲ့ ရာဇဝတ်ကောင် လူယုတ်မာတွေ ဖြစ်နေတော့တာပေါ့'

'ဘယ်သူ့မျက်စိမှာ ဘယ်လိုပဲ မြင်ကြ မြင်ကြ၊ နှမ မျက်စိမှာတော့ မောင်ဟာ ကိုယ်ယုံကြည်တဲ့အတိုင်း ရဲဝံ့စွာ ဆောင်ရွက်တဲ့လူ၊ ဘုရင်မင်းမြတ် အပေါ်မှာ သစ္စာရှိတဲ့လူ၊ သူတစ်ပါးတွေ စွန့်သွားသော်လည်း ဘုရင့်ကိစ္စကို ဆက်လက်ပြီး ဆောင်ရွက်တဲ့ လူရယ်လို့သာ မြင်မိပါတယ် မောင်။ နှမ မျက်စိထဲမှာ မောင်ဟာ နာမည်ရင်းအတိုင်း စိန်ဟာမိုင် ခေါ်ခေါ်၊ ရဲရင့်မြင့်မြတ်ပြီး ဘယ်သူမှ မနိုင်နိုင်တဲ့ မော်ဂင် ခေါ်ခေါ်၊ ပြိုင်ဘက် မရှိတဲ့ ယောကျ်ားမြတ် တစ်ယောက်ပါပဲ မောင်ရယ်'

'အဲဒါမျိုးကလေးတွေ မောင်က ကြားချင်နေတာပဲ ချစ်နှမလေးရယ်။ နက်ဖြန်တော့ မောင်တို့ ပြင်သစ်နယ်နိမိတ် ဟိုဘက် ရောက်ကြရောပေါ့နော်'

'ဘယ်ကို သွားကြမလဲ မောင်'

'မွန်တနက်ရွာမှာ မြင်းနှစ်ကောင် အသင့် ပြင်ထားတယ်။ လန်ဒန်မြို့မှာ ထုတ်ထုတ်၊ ဗီယင်နာမြို့မှာ ထုတ်ထုတ်၊ ငွေနှစ်သိန်းလက်မှတ် မောင့်မှာ ရှိပါတယ်။ ဒီနှစ်မြို့အနက် ဘယ်မြို့ သွားချင်သလဲ အမီလီ'

'ဘယ်မြို့သွားသွား နှမအဖို့ မထူးပါဘူး၊ မောင် ပါလျှင် ပြီးတာပဲ'

'ကိုင်း … ဒါဖြင့် လာ၊ သွားကြစို့'

'နှမကို ငါးမိနစ်လောက် ခွင့်ပြုပါ မောင်'

'ဘယ်လဲ'

'မောင့်ဆီက စာတွေရယ်၊ ငယ်ငယ်တုန်း ကတည်းက သုံးလာခဲ့တဲ့ ပစ္စည်းကလေးတွေရယ်၊ အားလုံး ယူလာခဲ့ချင်လို့ပါ။ ဒါမှ မေမေတို့နဲ့ ကိုယ့်တိုင်းပြည် ကိုယ် လွမ်းတဲ့ အခါကျတော့ အလွမ်းပြေ ထုတ်ကြည့်ရအောင် လို့ပေါ့'

'အမီလီရေ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ မောင်'

'မောင့်ကို ခွဲမထားခဲ့ပါနဲ့ အမိလီ၊ ခဏကလေး ခွဲလိုက်လျှင် အပြီး ကွဲသွားကြရလိမ့်မယ်လို့ စိတ်ထဲမှာ ထင်နေလို့ပါ နှမရယ်'

'ဒါဖြင့် မောင်ပါ လိုက်ခဲ့လေ၊ ခါတိုင်းလို ခြေရာဖျောက်နေဖို့ မလိုတော့ပါဘူး။ နက်ဖြန်ကျလျှင် ဟို အဝေးကြီး ရောက်နေကြတော့မှာကပဲ၊ လာလေ'

သမီးရည်းစား နှစ်ယောက်တို့သည် လှေပေါ်မှ ဆင်း၍ အိမ်ဘက်သို့ လက်တွဲကာ လျှောက်လာခဲ့ကြလေရာ၊ ဆင်ဝင်သို့ ရောက်သောအခါ မော်ဂင်က 'ကိုင်း ... မောင် ဒီက စောင့်ကြည့်နေရစ်တော့မယ်၊ မောင်နဲ့ သိပ်မဝေးလျှင် ကွဲရမှာ မစိုးရိမ်တော့ပါဘူး။ မြန်မြန်သာ ဆင်းခဲ့နော် အမိလီ' ဆို၍ စောင့်နေရစ်လေ၏။

အမိလီသည် အိမ်ပေါ်သို့ တက်သွား၍ မော်ဂင်၏စာများ တစ်စောင်မကျန် ထည့်ထားသော သေတ္တာကလေးကို လည်းကောင်း၊ ဖခင် ပေးဖူးသည့် နာရီတစ်လုံးကို လည်းကောင်း ထည့်ယူခဲ့ပြီးလျှင် မိခင်၏ အခန်းသို့ဝင်၍ မိခင် အုံးဖူးသော ခေါင်းအုံးကို ကစ်(စ်)ပေးလေ၏။ ၎င်းနောက် ခရစ်တော်၏ ရုပ်ပုံကား အနီးတွင် ဒူးထောက်လျက် ဆုတောင်းနေစဉ် မိမိ၏ နာမည်ကို ခေါ်လိုက်သံ ကြားလိုက်သည် ထင်၍ အမိလီသည် လှေကားမှ ပြေးဆင်းလာခဲ့၏။

'ဘာလဲ ချားလ်စ်'

'နားထောင်စမ်း'

အမိလီလည်း နားစွင့်၍ ထောင်လိုက်သည်တွင် ဝေးလံသော အရပ်မှ သေနတ်ပစ်သံများ ကြားရလေ၏။ ထိုအခါ မော်ဂင်က–

'ဒါကြောင့် မောင် စိတ်လေးပါတယ်လို့ ပြောသားပဲကိုး။ မောင့်သူငယ်ချင်းတွေကို ဝိုင်းတိုက်ကုန်ကြပြီ၊ ကိုင်း မောင် သွားဦးမယ် အမိလီ ... ဗွဒ်ဘိုင်'





'သွားဦးမယ် တဲ့၊ နှမကို ပစ်ထားခဲ့တော့မယ်လား'

သေနတ်သံများသည် ကျယ်သည်ထက် ကျယ်ထွက်လာလေ၏။

'ဟိုမှာ မကြားဘူးလား အမိလီ၊ တိုက်ကုန်ကြပြီ နှမရဲ့၊ သူငယ်ချင်းတွေကို ဝိုင်းတိုက်နေခိုက်မှာ မောင်က ဒီရောက်နေလို့ ဘယ်ဖြစ်မလဲ အမိလီ'

စစ်ဘုရင်ကြီးတစ်ယောက်၏ သမီး၊ စစ်ဗိုလ်တစ်ယောက်၏ နှမဖြစ်သော အမိလီသည် မော်ဂင် ပြောသောစကားကို နားလည်၍ တားဆီးခြင်း မပြုချေ။ သို့ဖြစ်၍ 'သွားပေတော့ မောင်၊ မောင် ပြောတာ မှန်တယ်၊ နှမတို့ ကွဲရတော့မယ် ကောင်းပါပဲ'

မော်ဂင်သည် အမိလီကို ကိုင်ဖမ်း၍ ညှစ်သတ်တော့မည့်ကဲ့သို့ ပွေ့ဖက် နှုတ်ဆက်ပြီးလျှင် မုဆိုးလိုက်သော သမင်၏ အဟုန်ဖြင့် သေနတ်သံ ကြားရာ အရပ်သို့ ပြေးသွားလေ၏။

'လာပြီဟေ့ သူငယ်ချင်းတို့ရေ၊ လာပြီဟေ့ ငါ့လူများ' ဟု အော်ဟစ်ကာ ပြေးသွားလေရာ၊ အမိလီမှာ ကြမ်းပေါ်၌ ဒူးထောက်ကာ မော်ဂင်ဘက်သို့ လက်နှစ်ဖက်ကို ဆန့်တန်းလျက် တ သ နေရစ်ရှာတော့သတည်း။

## အခန်း ၄၁

ရိုလင်သည် ဂျေဟူး အဖွဲ့သားများ အပေါ်၌ လက်စားချေရန် အချက်များစွာ ရှိသည့်အလျောက် ပုလိပ်အရာရှိနှင့် စစ်ဗိုလ်တို့ကို တိုင်ပင်ပြီးသည့်နောက် အချိန်ဆွဲ မနေဘဲ ချက်ချင်းပင် စီမံလေ၏။ ရိုလင်က ဘရောင်း ဘုရားရှိခိုးကျောင်းကြီးမှ ဆီဇာရီယက် အရိုးဂူများသို့ သွားသော ဥမင်လိုဏ်ခေါင်းကြီး ရှိနေကြောင်းကို အရာရှိများအား ပြောပြလေ၏။ ထိုညဉ့် ၉ နာရီအချိန်တွင် ပုလိပ်သား ၁၈ ယောက်နှင့် ပုလိပ်အရာရှိတို့ကို ဘုရားရှိခိုးကျောင်းသို့ သွား၍ ဥမင်လိုဏ်ခေါင်းထဲသို့ ဆင်းပြီးလျှင် အရိုးဂူများနှင့် အဆက်အသွယ် ဖြတ်ရန် ဖြစ်၏။

ရိုလင်နှင့် စစ်သား ၂၀ တို့က တောကလေးကို လခြမ်းပုံသဏ္ဍာန်



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းထား၍ လခြမ်းကို တဖြည်းဖြည်း ကျဉ်းလာပြီးလျှင် ဆိဓာရီအရှိုးဂူဝတွင် အရှုန်းနှစ်ဖက် ဆုံကြရန် ဖြစ်လေသည်။ ၎င်းတို့ကလည်း ပုလိပ်များနည်းတူ ညဦး ၉ နာရီတွင် စတင် ဆောင်ရွက်ကြရန် ဖြစ်၏။

ဂျေဟူးအဖွဲ့သားများကမူ မော်ဂင်က အမီလီအား ပြောပြသည့်အတိုင်း တာဝန်ဝတ္တရားမှ လွတ်လပ်ခြင်း ရကြပြီ ဖြစ်၍ နိုင်ငံခြားသို့ အသီးသီး သွားခါနီးတွင် နောက်ဆုံးအကြိမ် ပျော်ရွှင်စွာ တွေ့ဆုံကြ၍ သောက်ပွဲကြီး ကျင်းပကာ နှုတ်ဆက်ကြဖို့ စီစဉ်ထားကြ၏။ ၁၂ နာရီထိုးသည်နှင့် တစ်ပြိုင်နက် လူစုခွဲ၍ နိုင်ငံခြားသို့ မိမိတို့ အစီအစဉ်နှင့် မိမိတို့ သွားကြရန်ဖြစ် လေသည်။

မော်ဂင်သည် အထက်ပါနည်းအတိုင်း အမီလီနှင့် တွေ့ဆုံတိုင်ပင်လျက် ရှိစဉ် အခြားသော အဖွဲ့သားများသည် ဥမင်လိုဏ်ခေါင်းထဲ၌ ရှိသော အခန်းဝိုင်းကြီးတွင် ဖယောင်းတိုင်များ ထိန်လှအောင် ထွန်းလျက် ပျော်ပွဲကြီး ကျင်းပနေကြ၏။

ထိုခဏ၌ သေနတ်သံတစ်ချက် ပေါ်ထွက်လာသည်နှင့် ရဲဘော်များသည် ထိုင်ရာမှ ခုန်ထ လိုက်ကြရာ နောက်တစ်ချက် ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ရဲဘော်များသည် လက်နက်များ အသီးသီး ကိုင်စွဲကြလေ၏။

ဥမင်လိုဏ်ခေါင်းကြီးထဲ၌ တိုက်ခိုက်ကြရသော တိုက်ပွဲကြီးအကြောင်းကို စေ့စုံအောင် ဖော်ပြရန် ဖြစ်နိုင်မည် မဟုတ်ပေ။ လိုဏ်ခေါင်းတစ်ခုလုံး မီးခိုးများ ပြည့်လျက် မှောင်နှင့်မည်းမည်း ရှိနေသည့်အတွင်း တစ်ယောက်ယောက်က ပစ်လိုက်သော သေနတ်၏ မီးပွင့်မှကြောင့် တစ်ချက် တစ်ချက်တွင် ဝင်းခနဲ လက်ခနဲ ဖြစ်သွား၏။ ရိုလင် ဦးစီးသော စစ်သားအဖွဲ့နှင့် ရဲဘော်များသည် တစ်ဖက်နှင့်တစ်ဖက် နီးကပ်လာကြ၍ သေနတ်တစ်လှည့်၊ ဓားမြှောင်တစ်လှည့်ဖြင့် သင့်တော်သလို တိုက်ခိုက်လျက် ရှိရာတွင် ရဲဘော်များ၏နောက်မှ ပုလိပ်များ ရောက်လာ၍ ရဲဘော်များမှာ နှစ်ဖက်ညှပ်ခံကြရလေသည်။ သို့ရာတွင် ပုလိပ်ဘက်က သော်လည်းကောင်း၊





စစ်သားဘက်က သော်လည်းကောင်း **ရဲဘော်ကို** သေနတ်နှင့်ပစ်ခဲ့လျှင် အခြားဘက်၌ရှိသော မိမိတို့လူကို ထိမှန်မည် **စိုးရသောကြောင့်** သေနတ်များကို အရမ်း မပစ်ဝံ့ကြချေ။ အလယ်၌ အဝိုင်းခံရသော **ရဲဘော်များသာ** မိမိတို့၏ သေနတ်များကို ၎င်းတို့ထက် လွတ်လပ်စွာ အသုံးပြုနိုင်ခွင့် **ရှိကြသော**သည်။ တိုက်ခိုက်သူများသည် ဖယောင်းတိုင်များ၏ **အလင်းရောင်ကို** အားကိုး တိုက်ခိုက်ကြရ၍ အတော်အတန် ဒဏ်ရာမှုဖြင့် လဲကျသော်**လည်း** ကြိုးစား၍ တစ်ဖန် ထ ကြပြန်၏။ ဤတစ်နေရာ၌ ဒေါသဖြင့် ကြိမ်းမောင်းသံ ပေါ်ထွက်လာ၍၊ ထိုတစ်နေရာ၌ ပြင်းပြသော ဝေဒနာနှင့် ညည်းတွားသံ ကြားလိုက်ရ၏။ တခြား တစ်နေရာ၌လည်း အသက်ထွက်ခါနီး မချိမဆံ့ ညည်းညူသော အသံများ ဖြစ်ပေါ်လျက် ရှိ၏။ တစ်ယောက်ချင်း ယှဉ်ပြိုင်တိုက်ခိုက်၍ ရန်သူကို သေအောင် သတ်ပြီးသော လူကလည်း အခြားရန်သူ တစ်ယောက်ကို ရှာ၍ ဆက်လက် တိုက်ခိုက်ရပြန်လေတော့သည်။

တိုက်ပွဲသည် ၁၅ မိနစ်၊ မိနစ် ၂၀ ခန့် ကြာလတ်သော် ကြမ်းပေါ်၌ လဲကျလျက် ရှိသော အလောင်းများမှာ ၂၀ ထက် မနည်း ရှိနေခဲ့လေပြီ။

၁၃ ယောက်သော အလောင်းတို့မှာ ပုလိပ်နှင့် စစ်သားများဘက်မှ ဖြစ်၍၊ ရဲဘော်များဘက်မှလည်း ၉ ယောက်ထက် မနည်း လဲကျခဲ့လေပြီ။ လဲကျသော ရဲဘော် ၉ ယောက်အနက် ၅ ယောက်တို့မှာ ဒဏ်ရာ အပြင်းအထန် ရရှိ၍ ၄ ယောက်တို့သာလျှင် စင်းစင်းသေလျက် ရှိ၏။ ကြွင်းကျန်သော ရဲဘော်များမှာ ၂၅ ယောက်မျှသော အစိုးရ ဘက်တော်သားများကို ဆက်လက် ခုခံ တိုက်ခိုက်ကြပါသော်လည်း ပုလိပ်နှင့် စစ်သားများက အတင်းဝိုင်း၍ လက်ရ ဖမ်းဆီးသဖြင့် မိသွားကြလေပြီ။

ပုလိပ်အရာရှိမှာ လက်မောင်းတွင် ဒဏ်ရာရ၍ ၊စစ်ဗိုလ်မှာလည်း ဆံပင်၌ ထိမှန်ထားလေရာ ရိုလင်သာလျှင် သွေးရဲရဲနီလျက် ရှိသော်လည်း ဒဏ်ရာဒဏ်ချက် တစ်စုံတစ်ရာမျှ မရရှိဘဲ လုံးဝ လွတ်ကင်းလျက် ရှိ၏။ ၎င်း၏ကိုယ်၌ စွန်းပေသော သွေးများမှာ ၎င်း၏လက်ချက်ဖြင့် ကျဆုံးသော



www.burmeseclassic.com

www.burmeseclassic.com



ရန်သူများ၏ ကိုယ်များမှ ပန်းထွက်၍ ပေကျံသော သွေးများ ဖြစ်လေသည်။ လက်ရ ဖမ်းမိသော ရဲဘော်များအနက် နှစ်ယောက်တို့မှာ ဒဏ်ရာပြင်းထန်စွာ ရရှိထား၍ လမ်းလျှောက်ရန် မတတ်နိုင်သဖြင့် စစ်သားများက ထမ်းစင်ဖြင့် တင်၍ ထမ်းကြရ၏။ နောက်ဆုံး၌ အစိုးရဘက်သားများသည် မီးရှူးတိုင်များ ထွန်းညှိ၍ လက်ရဖမ်းမိသော ရဲဘော်များကို မြို့သို့ ခေါ်ဆောင်သွားကြ၏။

စစ်သားများနှင့် ပုလိပ်များသည် အကျဉ်းသမားများကို ဝိုင်းရံလျက် တောကလေးထဲမှ ထွက်၍ လမ်းမကြီးပေါ်သို့ ရောက်ကြသည်နှင့် တစ်ပြိုင်နက် မြင်းခွာသံများ ကြားကြရ၏။ ခွာသံများမှာ မြင်းတစ်ကောင်တည်း လျင်မြန်စွာ စိုင်းလာသော ခွာသံများ ဖြစ်လေသည်။

ထိုအခါ ရိုလင်က 'သွားနှင့်ကြပေတော့၊ ကျွန်ုပ် ဒီမှာ စောင့်ကြည့်ရစ်မယ်'ဟု ပြောသည်နှင့် အခြားလူများသည် လမ်းမကြီးအတိုင်း လိုက်သွားကြ၏။

မြင်းစိုင်းလာသော လူသည် ကိုက် ၂၀ ခန့်သို့ ရောက်လာသောအခါ ရိုလင်က သေနတ်နှင့်ချိန်လျက် 'ဘယ်သူလဲ'ဟု မေးလိုက်ရာတွင် 'အကျဉ်းသမား တစ်ယောက် နောက်ထပ် ရောက်လာခြင်း ဖြစ်ပါတယ်၊ သူငယ်ချင်းတွေ တိုက်တဲ့ အထဲမှာ အတူ မပါလိုက်ရပေမဲ့ စက်တိုင် တက်တဲ့ နေရာမှာ အတူ တက်ဖို့ လာခဲ့ပါတယ်။ ကျွန်ုပ်လူတွေ ဘယ်မှာလဲ'ဟု မော်ဂင်က ပြောလိုက်၏။

ရိုလင်သည် မော်ဂင်၏အသံကို တတိယအကြိမ် ကြားရဖူးခြင်းဖြစ်၍ အသံကို မှတ်မိသည်နှင့် 'ဟောဟိုမှာပါ ခင်ဗျာ'ဟု ပြော၍၊ စစ်သားများ ဝိုင်းရံကာ လမ်းပေါ်၌ လျှောက်သွားနေကြသော လူတစ်စုကို လက်ညှိုးညွှန်လိုက်၏။

ထိုအခါ မော်ဂင်က 'ခင်ဗျားမှာ ဒဏ်ရာဒဏ်ချက် အထိအခိုက် မရှိတဲ့အတွက် ကျွန်ုပ် ဝမ်းသာပါတယ် မော်ဇယာမွန်ထရီဘဲလ်'ဟု ပြော၍





အကျဉ်းသမားများ ရှိရာသို့ သွားပြီးလျှင် မြင်းပေါ်မှ ခုန်ဆင်း၍ 'ခွင့်ပြုပါ ခင်ဗျာ၊ ကျွန်ုပ် သူငယ်ချင်းသုံးယောက်နဲ့ ကျွန်ုပ် အတူတွဲ ခံပါရစေ'ဟု ဆိုကာ ၎င်းတို့နှင့်အတူ လိုက်လေ၏။

အကျဉ်းသမား သူငယ်ချင်း သုံးယောက်တို့လည်း မော်ဂင်၏ သစ္စာရှိခြင်းကို အံ့သြချီးကျူးသော အနေဖြင့် လက်ကိုကိုင်ဆွဲ ကြလေ၏။ ထမ်းစင်ပေါ်၌ လိုက်ပါလာသော ရဲဘော်နှစ်ယောက်တို့ကလည်း ဦးခေါင်း ထောင်ကြည့်ကြလျက် 'တော်ပါပေ့ စိန့်ဟာမိုင်၊ တော်ပါပေတယ်'ဟု ပြောကြ၏။

ရိုလင်သည် ထိုအခြင်းအရာကို မြင်ရသောအခါ 'ဘယ့်နှယ်လဲ ကွယ်တို့၊ ဒီကိစ္စမှာ မားပြတွေက ငါတို့ထက် မြင့်မြတ်ပုံ ပေါ်နေပါပြီကော'ဟု ပြောလိုက်မိသေး၏။

## အခန်း ၄၂

ဘိုနပတ်မှာ လိုအပ်သော အရာကို ရခဲ့လေပြီ။ ဂျေဟူးရဲဘော် အဖွဲ့ကြီး ပြိုပျက်၍ ဗင်ဒီနယ်မှာလည်း ငြိမ်းချမ်းခြင်း ရခဲ့လေပြီ။

ဘိုနပတ်သည် အင်္ဂလန်ပြည် အစိုးရနှင့် ငြိမ်းချမ်းရေးစကား ပြောခဲ့သော်လည်း စင်စစ်အားဖြင့် စစ်ဖြစ်ဖို့သာ မျှော်လင့်ခဲ့၏။ မိမိမှာ စစ် ဇာတာ ပါခဲ့သူ ဖြစ်၍ စစ်တိုက်ခြင်းသာလျှင် ကြီးပွားဖို့ ရှိသည်ဟု နားလည်၏။ လက်ဘ်ဆရာကြီး တစ်ယောက်က ဘိုနပတ်အား "စစ်ဘီလူး"ဟူ၍ မှည့်ခေါ်ထားလေသည်။

ဘိုနပတ်သည် မေလ ၆ ရက် နေ့တွင် ပြင်သစ်ပြည်မှ စစ်ချီတက်ခဲ့၍ ၂၆ ရက်နေ့တွင် အီတလီပြည် ကဆေးနှင့် တူရင်မြို့ အကြား၌ စခန်းချလျက် ရှိ၏။ ထိုနေ့ တစ်နေ့လုံး မိုးရွာသွန်းပြီးနောက် ညဦးယံတွင် တစ်ကောင်းကင်လုံး ကြည်လင်၍ ကြယ်များ ပေါ်ထွက်လျက် ရှိ၏။

ဘိုနပတ်သည် ရိုလင်ကိုခေါ်၍ လမ်းလျှောက်ထွက်လာကြပြီးနောက် မြစ်ကမ်းပါး၌ လဲနေသော သစ်ပင်တစ်ပင်ပေါ်၌ ထိုင်ကြမည်ပြုဆဲတွင်



www.burmeseclassic.com

www.burmeseclassic.com



အတွင်းဝန်ဘိုရီယန် ရောက်လာ၍ မဒမ်ဘိုနပတ်ထံမှ ပေးပို့လိုက်သော စာတစ်စောင်ကို ပေးလေ၏။ ရိုလင်က မိမိအတွက် စာများ မပါသလောဟု မေး၍ ဘိုရီယန်က မပါကြောင်း ပြောပြရာတွင် 'ဆန်းလှပါကလား' ဟု ရိုလင် အောက်မေ့မိ၏။

ဘိုနပတ်သည် မဒမ်ဘိုနပတ်ထံမှ စာကို ဖတ်ဆဲတွင် ရိုလင်သည် ဘိုနပတ်၏ မျက်နှာကို အကဲခတ်လျက်ရှိရာ စာဆုံးခါနီးတွင် မျက်နှာညိုး သွားသည်ကို မြင်လိုက်ရ၏။ စာဖတ်ပြီးသည့်နောက် ဘိုနပတ်သည် စာကို ခေါက်၍ အိတ်ထဲသို့ထည့်ရင်း ဘိုရီယန်ဘက်သို့ လှည့်လျက်–

'ကောင်းပြီ ... ကျွန်ုပ်တို့ လာခဲ့မယ်၊ ပါရစ်မြို့ကို စာပို့တစ်ယောက် လွှတ်ရလိမ့်မယ်။ ကျွန်ုပ် စာရေးဖို့ ဇာလောင်တံများ ပြင်ထားလိုက်'

ဘိုရီယန် ထွက်သွားသောအခါ ဘိုနပတ်သည် ရိုလင်၏ ပခုံးပေါ်သို့ လက်တင်လျက်–

'လက်ထပ်ရေးဆိုလျှင် ကျွန်ုပ် စိစဉ်လိုက်တိုင်း ပျက်တာချည်း တွေ့နေရပြီကော ရိုလင်'

'ဘယ်သူ့ လက်ထပ်ရေးလဲ ဂျင်နရယ်'

'မင့်နှမရဲ့ လက်ထပ်ရေးပေါ့၊ ပျက်သွားပြီကွယ့်'

'အမီလီက ငြင်းလိုက်သလား'

'အမီလီက မဟုတ်ဘူးကွယ့်၊ ဆာဂျွန်တင်လေးက ဖျက်လိုက်တယ်'

'အလို ... ဘယ့်နှယ် လုပ်ပါလိမ့်။ ကျွန်တော့်ရော၊ မေမေရော၊ ဂျင်နရယ်ရော၊ အမီလီ ကိုယ်တိုင်ရော တစ်ယောက်စီ ပြောပြီးတဲ့နောက်မှ စကားကို သူ ဖျက်သတဲ့လား ခင်ဗျာ'

'ဟေ့လူ စိတ်ဆိုးမနေနဲ့ဦးကွယ့်၊ ဒီကိစ္စ တော်တော် ဆန်းတယ်။ ငါတို့ မသိတာ တစ်ခုခု ရှိလိမ့်မယ် ထင်တယ်'

'ဘာ မသိတာလဲ ဂျင်နရယ်၊ သက်သက် စော်ကားတာကပဲ'

'ဟော... လုပ်ပြီ၊ ဒါကြောင့် မင့်မေမေနဲ့ မင့်နှမက မင့်ဆီကို





စာမရေးကြတာပဲ။ ဂျိုးဇက်ဖိုင်းရဲ့ စာထဲမှာ မင့်ကို ဒီအကြောင်း ပြောပြဖို့ ပါလာတယ်'

'နေစမ်းပါဦး ဂျင်နရယ်၊ ဆာဂျွန်တင်လေးက သူ့စကားကို သူ ဖျက်ရာမှာ ဘယ်လိုများ အကြောင်းပြပါသတဲ့လဲ'

'အကြောင်းတော့ ပြတယ်၊ သို့သော် လုံလောက်တဲ့ အကြောင်းပြချက် မဟုတ်ပါဘူးကွယ်'

'ဘာတဲ့လဲ ဂျင်နရယ်'

'မင့်နှမဟာ သူ ထင်သလောက် ပိုက်ဆံ မရှိလို့တဲ့ကွယ့်'

'အစကတည်းက ပိုက်ဆံများများ မရှိပါဘူးလို့ ကျွန်တော် ပြောထားသားပဲ ဂျင်နရယ်'

'ဒီတော့ သူက ဘာပြောသလဲ'

'သူ့မှာ ပိုက်ဆံ ရှိပါတယ်တဲ့၊ နှစ်ယောက်အတွက် လုံလောက်ပါတယ် တဲ့'

'ဟုတ်ပါတယ်၊ သူ ပြတဲ့အကြောင်းဟာ အကြောင်းမှန် မဟုတ်နိုင်ပါဘူး'

'ဒါဖြင့်လဲ ဂျင်နရယ်ရဲ့ ကိုယ်ရံတော် တစ်ယောက်ဟာ သူတစ်ပါး စော်ကားတာကို ဒီအတိုင်း ခံနေရတော့မလား ဂျင်နရယ်'

'ဒီလိုကိစ္စမျိုးမှာ ကာယကံရှင်ကိုယ်တိုင် ဆုံးဖြတ်ရမှာပေါ့'

'ကျွန်တော်တို့ စစ်တိုက်ကြဖို့ ဘယ်နှရက်လောက် လိုသေးသလဲ ဂျင်နရယ်'

'၁၅ ရက်လောက် လိုမှာပေါ့'

'ဒါဖြင့် ကျွန်တော်ကို ခွင့် ၁၅ ရက်လောက် ပေးပါ ဂျင်နရယ်'

'ခွင့်ပေးလျှင် မင်း တစ်ခုတော့ လုပ်ရလိမ့်မယ်'

'ဘာလဲ ဂျင်နရယ်'

'ဘိုဂ်မြို့ကို ရှေးဦးစွာ သွားပြီး ဘယ်သူက ငြင်းတာလဲလို့ မင်းမေ့ကို မေးရမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်လည်း ဒီလိုပဲ စိတ်ကူးပါတယ်'

'ကိုင်း ဒါဖြင့် သွားပေတော့၊ သို့သော် ပါရစ်မြို့တော်ကို ငါ့ စာတွေ ယူသွားစမ်းဟေ့'

'ကောင်းပါပြီ ဂျင်နရယ်'

'ဒါထက် နေစမ်းဦးဟေ့၊ မင်း ဖမ်းခဲ့တဲ့ လူငယ်ကလေးတွေဟာ'

'ရျေဟူးရဲဘော် အဖွဲ့သားတွေလား'

'အေး… ဟုတ်တယ်၊ ဒီလူငယ်စုက မိကောင်းဖခင် သားသမီး အထက်တန်းစားကလေးတွေ ဆိုပါကလား၊ လူဆိုးတွေ မဟုတ်။ အယူ သီးပြီး ထင်မိထင်ရာ လုပ်ကြတာနဲ့ တူတယ်။ သူတို့အမှုကို စစ်ဆေးတုန်းက မင့်အမေကို တရားသူကြီးက တစ်ပတ်ရိုက်ပြီး သက်သေ ထွက်ခိုင်းဆို ထင်ပါရဲ့'

'ဟုတ်ပါလိမ့်မယ်၊ ကျွန်တော့် မေမေက ခေါင်းဆောင်လုပ်တဲ့ လူရဲ့ မျက်နှာကို မြင်လိုက်ရတယ် ဆိုကာပဲ'

'မင့် မေမေက ဒီလူရွယ်လေးတွေကို ချမ်းသာပေးဖို့ ဂျိုးဇက်ဖိုင်းကို တောင်းပန်ခိုင်းတယ်။ သူတို့က အယူခံလွှာ တင်ထားသတဲ့၊ သူတို့ အယူခံ ကို စီရင်ချက် မချမီ မင်း ရောက်သွားမှာပဲ။ မင်းက သင့်တော်တယ် ထင်ရင် တရားဝန်ကြီးချုပ်ကို ငါ့ဆီက အမိန့် စောင့်ဖို့ ပြောထားလိုက်ကွာ။ မင်း ပြန်ရောက်လာမှ မင်းနဲ့ငါနဲ့ ကြည့်လုပ်ကြတာပေါ့'

'ကောင်းပါပြီ ဂျင်နရယ်'

ရိုလင်လည်း ဘိုနပတ်နှင့် ခွဲခွာခဲ့လေ၏။

## အခန်း ၄၃

ရိုလင်သည် ပိုရှေး မြင်းရထား တစ်စီးနှင့် ခရီးပြင်း နှင်လျက်ရှိစဉ် ပါရစ်မြို့၌ ဖြစ်ပျက်ခဲ့ပြီးသော အကြောင်းအရာများကို ရေးသားဖော်ပြ ရပေအံ့။

ရိုလင် ဖမ်းမိသော ရျေဟူးရဲဘော်များအနက် နှစ်ယောက်တို့မှာ





ဒဏ်ရာ အပြင်းအထန် ရရှိထားကြောင်း ဖော်ပြခဲ့ပြီးဖြစ်ရာ၊ တစ်ယောက်မှာ ထိုညဉ့်၌ပင် သေဆုံး၍၊ အခြားတစ်ယောက်မှာ သုံး ရက်မြောက်သော နေ့တွင် ဘီဆန်ကွန် ထောင်ကြီး၌ အနိစ္စ ရောက်ခဲ့၏။ သို့ဖြစ်၍ အကျဉ်းသမား လေးယောက်မျှသာ ကျန်ရှိတော့ပေရာ ၎င်းတို့မှာ မော်ဂင်၊ မွန်ဘား၊ အက် ဒလားနှင့် ဒီအားဆတ်တို့ ဖြစ်လေသည်။ မော်ဂင်မှတစ်ပါး ကျန်သုံးယောက် တို့မှာ သချိုင်းတိုက်ပွဲတွင် ဒဏ်ရာ အနည်းငယ်မျှစီ ရရှိထားကြလေသည်။ ၎င်းတို့ အမည်များမှာ ရျေဟူးရဲဘော် အဖြစ်နှင့် မှည့်ခေါ်ထားခြင်း ဖြစ်ပေရာ ၎င်းတို့ အမည်မှန်မှာ စိန်ဟာမိုင်၊ ဒီဂျယတ်၊ ဗလင်းဆိုးလ်နှင့် ဒီရစ်ဘီယာ ဖြစ်လေသည်။ ထိုသူတို့၏ နာမည်များတွင် မော်ဓယာ(မစ္စတာ) တည်း ဟူသော သာမန် အရပ်သားတို့ ခေါ်ရိုးအတိုင်း တပ်ခေါ်ရသည် မဟုတ်။ ဘာရွန်၊ ဗိုင်ကွန်မတီ၊ ကွန်မတီ၊ မားကွစ်(စ်) စသည်ဖြင့် တပ်ခေါ်ရသည့် မြို့စားများ ဖြစ်ကြလေသည်။ သို့ဖြစ်၍ ၎င်းတို့ နာမည်များကို ဘွဲ့နှင့်တကွ အပြည့်အစုံ ဖော်ပြရသော် ဘာရွန် စိန်ဟာမိုင်၊ ကွန်မတီ ဒီဂျယတ်၊ ဗိုင်ကွန် မတီ ဗလင်းဆိုးလ်၊ မားကွစ်(စ်) ဒီရစ်ဘီယာတို့ ဖြစ်လေသည်။

အကျဉ်းသမားများကို စစ်ရုံးသို့ တင်ရန်အတွက် သက်သေများ စုဆောင်းလျက်ရှိစဉ် အချိန် စည်းကမ်းသတ် လွန်သွားသည် ဖြစ်သော ကြောင့် ၎င်းတို့ကို စစ်ရုံး၌ မစစ်ဆေးဘဲ သာမန် တရားရုံးတွင် စစ်ဆေးရမည့် ဥပဒေ ရှိနေ၏။ စစ်ရုံးနှင့် တရားရုံးတို့မှာ ကြီးစွာသော ခြားနားခြင်း ရှိလေ သည်။ စစ်ရုံး [ကို့(တ်)မာရှယ်] ၌ အပြစ် ထင်ရှားခဲ့လျှင် သေနတ်နှင့် ပစ်သတ်ခြင်းအားဖြင့် အပြစ်ပေးရသော ထုံးစံရှိလေရာ၊ တရားရုံး၌ စစ်ဆေး ၍ ပြစ်မှုထင်ရှားပါမှ "ဂီလော့တင်" ခေါ် ဦးခေါင်းဖြတ်သော စက်ကြီးဖြင့် ဦးခေါင်းဖြတ်၍ အပြစ်ပေးရလေသည်။ ဥရောပတိုက်သားများ၏ မျက်စိ၌ သေနတ်ဖြင့် ပစ်သတ်ခံရခြင်းသည် ရှက်ဖွယ်ရာ မဟုတ်၊ ဦးခေါင်းဖြတ်၍ အသတ်ခံရခြင်းမှုကား အလွန် ယုတ်နိမ့်သည်ဟု ထင်မြင်ယူဆကြလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



မော်ဂင်တို့ လူစုကို တရားရုံး၌ စစ်ဆေးမည်ဆိုလျှင် ဘိုဂ်မြို့ တရားရုံး၌ စစ်ဆေးရမည် ဖြစ်၏။ သို့ဖြစ်၍ မတ်လကုန်လောက်တွင် တရားခံများကို ဘီဆန်ကွန်ထောင်ကြီးမှ ဘိုဂ်ထောင်ကြီးသို့ ရွှေ့ပြောင်းပြီးလျှင် စစ်ဆေးရန် ပြင်ဆင်ကြ၏။

တရားရုံးတော်သို့ ရောက်သောအခါ တရားခံများက မိမိတို့သည် ဘောရွှန်စိန်ဟာမိုင်၊ ကွန်မတီ ဒီဂျယတ်၊ ဗိုင်ကွန်မတီ ဗလင်းဆိုးလ်၊ မားကွစ်(စ်) ဒီရစ်ဘီယာတို့ ဖြစ်၍ ဒီလီဂျင့် မြင်းရထားကြီးများကို တိုက်ခိုက်လုယက်သည် ဆိုသော မော်ဂင်၊ မွန်ဘား၊ အက်ဒလား၊ ဒီအားဆတ်တို့နှင့် တစ်စုံတစ်ရာ မသက်ဆိုင်ကြောင်း ထွက်ဆိုကြရာတွင် တရားရုံးတော်မှာ အကျပ်ရိုက်သွားတော့၏။

၎င်းတို့က လက်နက်စွဲကိုင် တိုက်ခိုက်ခဲ့ဖူးခြင်းကို ဝန်ခံသော်လည်း မိမိတို့မှာ ယခုအခါ၌ စစ်ပြေငြိမ်းပြီဖြစ်သော ဘရစ်တနီနယ်၌ တော်လှန်ကြခြင်း ဖြစ်၍ ကဒေါက်ဒဲလ်ထံမှ လက်နက်ချဖို့ အမိန့်ကို စောင့်မျှော်လျက် ရှိကြသည့်အတွင်း အစိုးရတပ်များက အတင်းဝင်ရောက် တိုက်ခိုက်ဖမ်းဆီးကြခြင်း ဖြစ်ကြောင်းနှင့် ထုချေကြ၏။

မော်ဂင်တို့၏ ထုချေချက်တို့ကို ငြင်းပယ်ရန် ခဲယဉ်း၏။ အဘယ်ကြောင့် ဆိုသော် အစိုးရငွေ ပါရှိသော မြင်းရထားများကို တိုက်ခိုက် လုယက်ကြသော လူများမှာ မျက်နှာဖုံး စွပ်ထားသောလူများ ဖြစ်လေရာ ၎င်းတို့၏ မျက်နှာကို မဒမ်မွန်ထရီဘဲလ်နှင့် ဆာဂျွန်တင်လေးတို့မှတစ်ပါး တစ်ဦး တစ်ယောက်သော သူကမျှ မြင်ဖူးသည် မရှိသောကြောင့် ပေတည်း။

ချာထရ ဘုရားရှိခိုးကျောင်းထဲ၌ ဆာဂျွန်တင်လေးအား တရားစီရင်၍ အပြစ်ပေးသော ညဉ့်၌ ဆာဂျွန်တင်လေးသည် ဂျေဟူးရဲဘော်များ၏ မျက်နှာကို မြင်လိုက်ရပုံ အခြင်းအရာနှင့် မဒမ်မွန်ထရီဘဲလ်က မော်ဂင်၏ မျက်နှာဖုံး ပြုတ်ကျသဖြင့် မျက်နှာကို မြင်လိုက်ရပုံ အခြင်းအရာကို စာဖတ်သူတို့ သတိရကြပေလိမ့်မည်။





ဆာဂျွန်တင်လေးနှင့် မဒ်မွန်ထရီဘဲလ်တို့ကို ရုံးတော်က ဆင့်ခေါ်၍ အကျဉ်းသမားများကို ပြသသော်လည်း ၎င်းတို့ နှစ်ယောက်စလုံးကပင် တရားခံ တစ်ဦးတစ်ယောက်ကိုမျှ မမြင်ရဖူးပါဟု ထွက်ဆိုကြ၏။ ၎င်းတို့သည် အဘယ်ကြောင့် ဤကဲ့သို့ လိမ်လည် ထွက်ဆိုကြလေသနည်း။ မဒမ်မွန်ထရီဘဲလ်၏ လိမ်လည် ထွက်ဆိုခြင်းမှာ နားလည်နိုင်၏။ ထိုမိန်းမကြီးသည် မိမိ မူးမေ့နေခိုက်တွင် မော်ဂင်က ယုယကြင်နာစွာ ပြုစုစောင့်ရှောက်သည့်ပြင် သားကလေး အက်ဒွပ်က မော်ဂင်အား သေနတ်နှင့် ပစ်ပါလျက် လက်တုံ့မပြန်ဘဲ လူကလေး၏ ရဲစွမ်းသတ္တိကို ချီးကျူးသည့်အတွက် ကျေးဇူးတင်လျက် ရှိသောကြောင့် ဖြစ်ပေ၏။ ဆာဂျွန်တင်လေး၏ လိမ်လည်ခြင်းကား နားလည်ဖို့ ခဲယဉ်းလှ၏။ ဆာဂျွန်သည် ထိုညဉ့်၌ ယုတ်စွအဆုံး အားဖြင့် တရားခံ နှစ်ယောက်မျှလောက်ကိုဖြစ်စေ မှတ်မိဖို့ ကောင်းပေသည်။

တရားခံများကမူ ရုံးတော်၌ ဆာဂျွန်နှင့် မျက်နှာချင်း ဆိုင်မိကြသောအခါတွင် ဆာဂျွန်ကို မှတ်မိသည့် လက္ခဏာ ရှိ၏။ ၎င်းတို့သည် ဆာဂျွန်ကို မြင်သောအခါ၌ ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်သွားကြ၏။ သို့ရာတွင် သတ္တိကောင်းသူများ ဖြစ်ကြသည့်အလျောက် တည်ငြိမ်သော မျက်လုံးများနှင့် ဆာဂျွန်ကို ပြန်၍ကြည့်နိုင်ကြ၏။ ဆာဂျွန်သည် တရားခံများကို တစ်ယောက်စီ ကြည့်ပြီးနောက် ‘ဒီလူတွေကို ကျွန်တော် မသိရပါဘူး ခင်ဗျား’ဟု ဖြေဆိုလိုက်သော အခါတွင် တရားခံများမှာ များစွာ အံ့သြကြ၏။

အမီလီမှာ မော်ဂင်နှင့် ထွက်ပြေးမည်ပြုပြီးမှ မိမိအား ပစ်ထားခဲ့၍ စစ်သားများ ဖမ်းဆီးသွားသည်ဟု ကြားသိရသော အချိန်မှ စ၍ ရင်ထဲတွင် ကမ္ဘာမီး တောက်လောင်လျက် တရားရုံးတော်မှ မိခင်နှင့် ဆာဂျွန်တို့ ပြန်လာကြဖို့သာ စောင့်မျှော်လျက် ရှိ၏။ မဒမ်မွန်ထရီဘဲလ်မှာ မိုက်ခဲအား စကားပြောရန် ရှိသည်နှင့် ဝင်းပေါက်၌ ချန်နေရစ်၍ ဆာဂျွန် တစ်ယောက်တည်း တက်လာလေရာ၊ အမီလီသည် ဆာဂျွန်ကိုမြင်သည်နှင့် တစ်ပြိုင်နက် အူယားဖားယား အမူအရာနှင့် ‘ဘယ့်နှယ်လဲ ဆာဂျွန်’ဟု မေးမြန်း၏။



www.burmeseclassic.com

www.burmeseclassic.com



ဆာဂျွန်သည် နောက်သို့ လှည့်ကြည့်၍ မဒမ်မွန်ထရီဘဲလ် မပါလာကြောင်း မြင်သည်နှင့်–

'မဒမ်ကရော၊ ကျွန်ုပ်ကရော ဘယ်သူမှ မမှတ်မိပါဘူး'

'ကောင်းပါပေ့ရှင်၊ သဘောထား ကြီးရှင့်ပါပေရဲ့၊ မြင့်မြတ်ပါပေရဲ့ သူတော်ကောင်းကြီးရှင့်' ဟုပြော၍ ဆာဂျွန်၏ လက်ကို ကစ်စ် ပေးလေ၏။

'ကျွန်ုပ်က အမီလီကို ကတိထားပြီးအတိုင်း လုပ်ရုံ ရှိတာပဲ၊ ဟော ... မဒမ် တက်လာပြီ'

'အို ... မာမီ၊ မာမီက ဟိုလူစု အပေါ်မှာ အမှုပတ်အောင် တစ်ခွန်းမှ မပြောခဲ့ဘူး ဟုတ်လား မာမီ'

'ပြောပါ့မလား သမီးရယ်၊ မာမီကို ပြုစုစောင့်ရှောက်ပြီး အက်ဒွပ်လုပ်တာ ဗွေမယူတဲ့ လူတစ်ယောက်ကို မာမီက ခေါင်းဖြတ်ခံရအောင် လုပ်ပါ့မလား သမီးရဲ့'

'မာမီက သူ့ကို မှတ်တော့ မှတ်မိတယ် ဟုတ်လား'

'မှတ်မိတာပေါ့ သမီးရဲ့၊ အသားဖြူဖြူ မျက်ခုံးမွေးနက်နက်နဲ့ ဘောရွန်စိန့်ဟာမိုင် ခေါ်တဲ့ လူဟာပေါ့'

'မာမီနဲ့ ဆာဂျွန်ကို နောက်တစ်ခါ ခေါ်စစ်ဖို့ ရှိသေးသလား မာမီ'

'ခေါ်မယ် မထင်ပေါင် သမီးရယ်'ဟု ပြောရာတွင် ဆာဂျွန်က–

'ခေါ်လျှင်လည်း မထူးပါဘူး၊ မှတ်မှ မမှတ်မိကြပဲဟာ၊ ဒီအတိုင်း ထွက်ကြရုံ ရှိမှာပေါ့'

'ဟုတ်တာပေါ့ ဆာဂျွန်၊ ရိုလင်က သူတို့လူစုကို ဖမ်းပေးတာဆောင် လွန်လှပြီ။ ဒီအထဲမှာ အမေ လုပ်တဲ့လူက အပြစ်ရအောင် သက်သေခံမယ် ဆိုလို့ တော်နိုင်ပါရိုးလား'

အမီလီသည် မိခင်နှင့် ဆာဂျွန်တို့၏ စကားကို ကြားရ၍ စိတ်သက်သာရာ ရသော်လည်း သက်ပင့် ရှူမိသေး၏။ နောက်ဆုံး၌ အမီလီသည်





ကျေးဇူးတင်သော မျက်နှာနှင့် ဆာဂျွန်ကို လှမ်းကြည့်ပြီးနောက် မိမိ၏ အခန်းသို့ ဝင်၍ ရှားလော့နှင့် တိုင်ပင်လေ၏။ ရှားလော့မှာ အစေခံမကလေးမှ မိတ်ဆွေအဖြစ်သို့ ရောက်နေ၍ ဘို့ဂ်ထောင်ထဲသို့ မော်ဂင်တို့လူစုကို ရွှေ့ပြောင်းထားကတည်းက မိမိ၏ဖခင် ထောင်မှူးထံ နေ့တိုင်း သွားရောက်လေ၏။ ထောင်မှူးကြီးမှာလည်း တရားခံများ အပေါ်၌ ကရုဏာသက်သည်နှင့် ၎င်းတို့အကြောင်းကို သမီး ရှားလော့အား ပြောပြလေရာ၊ ရှားလော့ကလည်း ကြားရသမျှ စကားတို့ကို အမီလီအား ပြန်ပြောင်း ပြောပြလေ၏။

မဒမ်မွန်ထရီဘဲလ်နှင့် ဆာဂျွန်တင်လေးတို့သည် နွှင်းဖောင်တိန်သို့ ရောက်လာကြသော အချိန်တွင် မော်ဂင်တို့၏ အမှုမှာ ဖော်ပြခဲ့ပြီးသော အခြေအနေ၌ ရှိနေ၏။ ပါရစ်မြို့မှ မထွက်ခွာမီ ဘိုနပတ်သည် အမီလီတို့၏ လက်ထပ်ရေး ကိစ္စကို သဘောတူညီ၍ တတ်နိုင်သမျှ လျှင်မြန်စွာ ပြီးစီးအောင် စီမံကြစေရန် မှာထားခဲ့လေသည်။ ဆာဂျွန်ကလည်း အမီလီ ကျန်းမာလာသည်နှင့် တစ်ပြိုင်နက် လက်ထပ်ကြဖို့ မျှော်လင့်လျက် ရှိ၏။

မော်ဂင်တို့ အမှုတွင် မဒမ်မွန်ထရီဘဲလ်နှင့် ဆာဂျွန်တို့ သက်သေခံကြရမည့်နေ့ နံနက်၌ မဒမ်မွန်ထရီဘဲလ်သည် အမီလီနှင့် ဆာဂျွန်တို့ တစ်ယောက်ချင်း တွေ့ဆုံတိုင်ပင်ကြဖို့ စီစဉ်ပေးခဲ့ရာ၊ ဆာဂျွန်သည် အမီလီနှင့် တစ်နာရီခန့် စကားပြောရ၍ ရုံးသို့ သွားခါနီးတွင် အမီလီနှင့် ခွဲခွာခဲ့၏။ ဆာဂျွန်၏ ထွက်ဆိုချက်နှင့် ရုံးမှအပြန်တွင် အမီလီနှင့် ဆာဂျွန်တို့ တွေ့ကြပုံကို ဖော်ပြခဲ့ပြီးလေပြီ။

ထိုညနေ၌ မဒမ်သည် သမီး အမီလီနှင့် စကားပြောကြ၍ အမီလီက မိမိ ကျန်းမာသည်နှင့် တစ်ပြိုင်နက် ဆာဂျွန်နှင့် လက်ထပ်ပါမည်ဟု ကတိထား၏။

နောက်တစ်နေ့ ပါရစ်မြို့တော်သို့ မဒမ် ပြန်သွားရာတွင် အမီလီအား အတူလိုက်ခဲ့ဖို့ တိုက်တွန်းသော်လည်း၊ အမီလီက အလွန်သာယာ၍ငြိမ်သက်သပ္ပာယဖြစ်သော ဤရာသီတွင် တောအရပ်၌ နေထိုင်ရပါမှ မိမိ၏ ရောဂါ



www.burmeseclassic.com

www.burmeseclassic.com



မှာ လျင်မြန်စွာ သက်သာခွင့် ရပါလိမ့်မည်ဆို၍ မိခင်နှင့် အတူ မလိုက်ဘဲ ငြင်းပယ်လိုက်၏။

မဒမ်မွန်ထရီဘဲလ်နှင့် ဆာဂျွန်တို့သည် ပါရစ်မြို့သို့ အတူတကွ ပြန်လာကြရာတွင် လမ်းခရီး၌ လက်ထပ်ရေး ကိစ္စနှင့် ပတ်သက်၍ ဆာဂျွန်က တစ်ခွန်းမျှ မပြောဘဲ နှုတ်ဆိတ်လျက် ရှိသောကြောင့် မဒမ် အံ့သြမိ၏။ ဂျိုးဇက်ဖိုင်းက လက်ထပ်ရေးကိစ္စအကြောင်း မေးမြန်းရာ မဒမ်က ဆာဂျွန်၏ သဘောတစ်ခုပါပဲ ဟူ၍ ပြန်ပြောလိုက်၏။ ဂျိုးဇက်ဖိုင်းသည် ဤစကားကြားရသောအခါ အလွန် ချစ်ကြိုက်လှပါသည် ဆိုသော ဆာဂျွန်က ရုတ်တရက် အေးစက်စက် ဖြစ်သွားသည် ထင်၍ အံ့သြမိ၏။

အမှုစစ်ဆေးသော အခါတွင် ဓားပြတိုက်သော အချိန်၌ မြင်းရထားပေါ်တွင် လိုက်ပါသော ခရီးသည်များကို ခေါ်ယူ၍ တရားခံများကို ပြသသော်လည်း မျက်နှာဖုံး စွပ်ထားသည့်အတွက်ကြောင့် မျက်နှာကို မြင်ရဖူးသော ခရီးသည် ဟူ၍ တစ်ယောက်မျှ မပေါ်ပေါက်ချေ။ ယင်းကဲ့သို့ ခရီးသည်များကို ခေါ်ယူ စစ်ဆေးရသည်မှာ အချိန် နှစ်လခန့်မျှ ကုန်လွန်သွားခဲ့လေပြီ။

တရားခံများကလည်း သူပုန်အဖြစ်နှင့် လက်နက်စွဲကိုင် တိုက်ခိုက်ခဲ့ဖူးခြင်းကို ဝန်ခံကြသော်လည်း၊ ဓားပြတိုက်မှုနှင့် ပတ်သက်၍ လုံးဝငြင်းကွယ်လျက် ရှိကြလေသည်။

တရားသူကြီးများသည် ထင်ရှားအောင် ထွက်နိုင်သော သက်သေများ ပေါ်ပေါက်ကောင်းပါ၏ဟု မျှော်လင့်ကြလျက် အမှုကို တတ်နိုင်သမျှ အချိန်ဆွဲ၍ စစ်ဆေးကြ၏။ သို့ရာတွင် အစိုးရ ဘဏ္ဍာကို တိုက်ယူခြင်းမှု တစ်ပါး ခရီးသည်များ၏ ပစ္စည်းကို လုယူသည်ဟူ၍ ထွက်ဆိုနိုင်သူပင် မပေါ်ပေါက်ဘဲ ရှိနေရကား၊ တရားသူကြီးများသည် အမှုကို ရက်ဆွဲ၍ မဖြစ်နိုင်သော အခြေအနေသို့ ရောက်လာခဲ့၏။

တရားခံများသည် တစ်ခါတစ်ရံ နာမည်ချင်း လဲလှယ်၍ ခရီးသွား





ခဲ့ကြသည် ဖြစ်သောကြောင့် ဟိုတယ်ပိုင်ရှင်များ၏ သက်သေထွက်ချက်များမှာ ရှုပ်ထွေးလျက် ရှိ၏။ စိန်ဒီဟာမိုင်က ဒီရစ်ဘီယာ အမည်နှင့် လည်းကောင်း၊ ဒီဂျယတ်က ဗလင်းဆိုးလ် အမည်နှင့်လည်းကောင်း လွဲပြောင်းသွားလာ တည်းခိုခဲ့ကြသည် ဖြစ်သောကြောင့် ဟိုတယ် ဧည့်သည်စာအုပ်များမှာလည်း ရှုပ်ထွေးလျက် ရှိ၏။ တစ်ခါတစ်ရံတွင် တစ်ယောက်တည်း၊ တစ်ချိန်တည်း၌ နေရာ နှစ်နေရာတွင် ရှိနေသကဲ့သို့ ဖြစ်နေလေတော့သည်။ ဟိုတယ်သို့ ဆိုက်ရောက်သော အချိန်များကို တစ်နာရီခန့် စော၍ ဖြစ်စေ၊ နောက်ကျ၍ ဖြစ်စေ ဟိုတယ်စာအုပ်တွင် ရေးသားဖော်ပြကြခြင်းအားဖြင့်လည်း တိုက်ခိုက်သော နေရာ၌ ထိုအချိန်တွင် ထိုသူတို့ မရှိနိုင်သကဲ့သို့ ဖြစ်နေလေတော့သည်။ ထို့ပြင် တိုင်းသူပြည်သား လူအများတို့ကလည်း တရားခံများဘက်မှ မေတ္တာထားလျက် ရှိကြ၏။ အရွယ်ကောင်း၊ အမျိုးကောင်း လူချောလူလှကလေးတွေချည်း ဖြစ်၍ အပြစ်မရှိ ဟူသော စီရင်ချက်မျိုး ချမည်ကိုသာ မျှော်လင့်နေကြလေတော့သည်။

ဘို့ဂ်မြို့၌ တရားခံများကို စစ်ဆေးရာတွင် “ဂျေဟူးရဲဘော်အဖွဲ့” အမှုမှာ အလွန်တရာ နာမည်ကြီး၍ စိတ်ဝင်စားလျက် ရှိကြသောကြောင့်၊ အနီးအပါးရှိ မြို့များမှ လာရောက်နားထောင်ကြသဖြင့် ရုံးခန်းမှာ ပြည့်ကျပ်လျက် ရှိ၏။ တရားရုံးသည် အကျဉ်းထောင်နှင့် ဆက်စပ်လျက် ရှိ၍ တရားခံများကို ထောင်မှ ရုံးခန်းသို့ အတွင်းလမ်းမှ ယူဆောင်နိုင်၏။

အကျဉ်းသမားများသည် ခေတ်ဆန်သော အဝတ်များဖြင့် ရုံးခန်းသို့ ပြုံးပြုံးရယ်ရယ် ဝင်လာကြ၍ တရားသူကြီးများ၏ မေးခွန်းများကို ပမာမခန့် အမှုအရာမျိုး မရှိဘဲ တည်တံ့ သွက်လက်စွာ ဖြေဆိုကြရာတွင်၊ နားထောင်သော ပရိသတ်သည် ၎င်းတို့အပေါ်၌ မေတ္တာ သက်ရောက်သည်ထက် သက်ရောက်လျက် ရှိ၏။ ၎င်းတို့၏ အသက်ကို စစ်ဆေးသည့်အခါ ၂၄ နှစ်မှ ၂၉ နှစ် အထိမျှသာ ရှိကြ၍ အကြီးဆုံးသော တရားခံပင်လျှင် အသက် ၃၀ မပြည့်သေး ဆို၍ ကရုဏာ ဖြစ်မိကြလေသည်။ ၎င်းတို့၏ နာမည်များ



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း သာမန် “မော်ဇယာ”မဟုတ်ဘဲ မားကွစ်(စ်)နှင့် ဗိုင်းကောင့်ခေါ မြို့စား၊ နယ်စားတွေချည်း ဖြစ်နေသဖြင့် သာ၍ပင် စိတ်ဝင်စားစရာ ဖြစ်နေ လေတော့သည်။ ထိုသူတို့၏ သတ္တိကောင်းခြင်းမှာလည်း မျက်နှာနှင့် အမှုအရာတို့တွင် ထင်ရှားလျက် ရှိသောကြောင့် ပရိသတ်တို့ အကြိုက်ပင် ဖြစ်နေလေတော့၏။

တရားသူကြီးများက ဤလူစုကို သူပုန်မှုနှင့် စွဲချက်တင်လိုက်လျှင် အပြစ်လွတ်ကြတော့မည့်ပြင် အကယ်၍ အပြစ်ရှိသည် ဆိုစေကာမူလည်း သေနတ်နှင့် ပစ်သတ်ခြင်းအားဖြင့် အပြစ်ပေးရလိမ့်မည်။ ပုလိပ်မင်းကြီး ဖိုးချီသည် ထိုလူစုကို အသက်သေစေရုံမက အရှက်တကွဲ သေစေဖို့ ရည်ရွယ် ချက် ရှိသည် ဖြစ်ရကား၊ လူဆိုးဓားပြ အဖြစ်နှင့် အပြစ်ရပါမှ ကျေနပ်မည် ဖြစ်ကြောင်းကို သိမြင်ကြ၏။

တရားစစ်ဆေးသော နေ့များတွင် ရှားလော့သည် ရုံးခန်းသို့ သွား၍ နားထောင်ပြီးနောက် သခင်မ အမိလီအား အမှုအကြောင်းကို ပြောပြ၏။ စတုတ္ထနေ့၌မူ အမိလီသည် တစ်ဆင့်စကားဖြင့် နားထောင်ရခြင်းကို အား မရနိုင်သည် ဖြစ်၍ ရှားလော့ ဝတ်ဆင်သည့် အဝတ်မျိုး ဝတ်ဆင်ပြီးလျှင် ရှားလော့နှင့်အတူ လိုက်သွားလေ၏။ ရှားလော့သည် ဖခင်ထောင်မှူးအား မိမိ၏ သူငယ်ချင်းတစ်ယောက် ခေါ်လာပါသည်ဟု ပြော၍ ထောင်မှူးသည် မိန်းကလေးနှစ်ယောက်အား ထောင်မှ ရုံးခန်းသို့ ကူးသွားသော ဆောင်ကူး လမ်းတွင် နေရာပေးထား၏။ ၎င်းလမ်းမှာ အလွန်ကျဉ်းမြောင်းလှသည် ဖြစ်၍ တရားခံများကို လိုက်ပို့ရသော ပုလိပ်အမှုထမ်း လေးယောက်တို့ သည် အစီအစဉ်တစ်မျိုး ပြုလုပ်၍ လိုက်ပို့ကြရ၏။ ရှေ့ဆုံးမှ ပုလိပ် နှစ်ယောက် လျှောက်သွား၍ ၎င်းတို့နောက်မှ တရားခံများက တစ်ယောက်စီ လျှောက်သွားရလေရာ နောက်ဆုံးမှ ပုလိပ်နှစ်ယောက်က ပိတ်၍ လိုက်ပါ လာကြလေသည်။ မိန်းကလေး နှစ်ယောက်မှကား ၎င်းတံခါး အနီး၌ ရှိနေ ကြ၏။ ထောင်တံခါး ပွင့်သည်နှင့် တစ်ပြိုင်နက် ရှေ့ဦးစွာ ပုလိပ်နှစ်ယောက်





ထွက်လာ၍ ၎င်းတို့နောက်မှ **မော်ဂင် လိုက်ပါလာလေရာ** မိန်းကလေး နှစ်ယောက် အနီးသို့ ရောက်သောအခါတွင် **အမိလီက** “ခွား‌လ်စ်”ဟု တိုးတိုးခေါ်၍ စက္ကူတစ်ရွက် လှမ်းပေးလိုက်သဖြင့် **မော်ဂင်လည်း** အံ့ဩစွာ နှင့် ယူလာခဲ့၏။

အလင်းရောင် ရနိုင်သော နေရာသို့ **ရောက်သောအခါ မော်ဂင်** သည် စာရွက်ကို ဖြန့်ကြည့်၍ အောက်ပါ စာကို ဖတ်ရှုရလေ**၏**။

> စိတ်မပူပါနှင့်။ သေသည်အထိ သစ္စာရှိသော **အမိလီ ဖြစ်** ပါသည်။ ဆာဂျွန်တင်လေးကို အားလုံး ဖွင့်ပြောပြီးပါပြီ။ ဤ လူကြီးကား လောကတွင် သဘောထား အကြီးဆုံးသောလူကြီး ဖြစ်ပါသည်။ လက်ထပ်ရေးကိစ္စကို သူကိုယ်တိုင် တာဝန်ယူ၍ ဖျက်လိုက်ပါပြီ။

မော်ဂင်သည် စာကလေးကို နမ်းရှုပ်၍ မိမိအား တွေ့မြင်ရန်အတွက် အလုံးစုံ စွန့်စားဝင်ရောက် လာခဲ့သော အမိလီအတွက် အားရ၍ မဆုံးအောင် ရှိတော့၏။ မိမိတို့၏ အမှုမှာ ခိုင်လုံသောသက်သေ မရှိသဖြင့် လွတ်ရမည် ဟူ၍လည်း ယုံကြည်စိတ်ချလျက် ရှိ၏။

ထိုအမှု၌ တရားခံများသည် အကောင်းဆုံးသော ရှေ့နေကြီးများ ကို ငှားရမ်းထားကြသည်ဖြစ်ရာ ရှေ့နေကြီးများက ပုလိပ်၏ မခိုင်လုံသော စွပ်စွဲချက်များကို တစ်ခုစီ ဆွဲဆုတ်လိုက်သကဲ့သို့ ထုချေ ဖြေရှင်းပြလိုက် ရာတွင် ပရိသတ်သည် ဩဘာမပေးဘဲ မနေနိုင်အောင် ရှိကြလေတော့သည်။ အမိလီမှာလည်း လျှောက်လဲချက်များနှင့် ဩဘာသံများကို ကြား၍ လွန်စွာ အားတက်လျက် ရှိ၏။ လွတ်ဖို့မှတစ်ပါး အခြားနည်းလမ်း မရှိဟု ထင်မိ လေတော့သည်။

နှစ်ဖက်သော ရှေ့နေများ၏ လျှောက်လဲချက် ပြီးဆုံး၍ အမှုပိတ် တော့မည် ပြုဆဲတွင် အမှုထမ်းတစ်ယောက်သည် တရားသူကြီး အနီးသို့



www.burmeseclassic.com

www.burmeseclassic.com



ခုဉ်းကပ်၍ တီးတိုးစကား ပြောလိုက်သည်နှင့် တရားသူကြီးက 'အမှုကို ခေတ္တ ရပ်ဆိုင်းလိုက်သည်၊ တရားခံများကို အပြင်သို့ ထုတ်သွားစေ'ဟု အမိန့်ပေးလိုက်၏။

ပရိသတ်တို့သည် မည်သို့သော အကြောင်းထူး ပေါ်ပေါက်လေသနည်းဟု ငေးမောကာ ကြည့်နေကြလေရာ၊ အမိလီမှာမူ ဝမ်းသာလျက်ရှိရာမှ ရင်ထဲတွင် နွေးခနဲ ဖြစ်သွား၏။

ပုလိပ်များသည် တရားခံများကို ရုံးခန်းမှ အကျဉ်းထောင်သို့ ခေါ်ဆောင် သွားကြရာ မိန်းကလေးနှစ်ယောက် ရှေ့သို့ ရောက်ကြသောအခါ အမိလီသည် လက်ကိုဆန့်၍ မော်ဂင်နှင့် လက်ချင်းထိဖို့ ကြိုးစားရှာ၏။ မော်ဂင်ကမူ မည်သို့ ဖြစ်ရစေကာမူ အမိလီကို ကျေနပ်အားရကြောင်း မျက်နှာထားဖြင့် ပြသွားလေတော့သည်။

ထိုအတောအတွင်း၌ တရားသူကြီးသည် တရားခွင်မှ ထ လာ၍ စဉ်းစားခန်းသို့ ဝင်မိသည်တွင် မျက်နှာဖုံးထားသော မိန်းမတစ်ယောက်နှင့် တွေ့၍ တရားသူကြီးက–

'ပါရစ်မြို့ကတောင် ခေါ်ယူရတဲ့အတွက် အင်မတန် အားနာပါတယ် ခင်ဗျား။ သို့သော် လူတစ်ယောက်ရဲ့ သေရေးရှင်ရေးကိစ္စ ဖြစ်တဲ့အတွက် အားမနာနိုင်ဘဲ ခေါ်ယူရပါတော့တယ်'

'အားနာဖို့ မရှိပါဘူးရှင်၊ တရားရုံးတော်ဆိုတာ ခေါ်ယူနိုင်ခွင့်ရှိတယ်လို့ ကျွန်မ နားလည်ပါတယ်'

'မျက်နှာဖုံး ကျွတ်ကျတဲ့ တရားခံရဲ့ မျက်နှာကို မဒမ် မြင်လိုက်ရသော်လည်း ဘယ်လိုအကြောင်းကြောင့် မမှတ်မိပါဘူးလို့ ပြောတယ်ဆိုတာကို ကျွန်တော် ရိပ်မိပါတယ်။ မဒမ်ရဲ့ ကရုဏာသဘောကိုလည်း ကျွန်တော် ချီးကျူးပါတယ်။ သို့သော် ယခုတော့ တရားခံ အားလုံးက သူတို့အပြစ်ကို သူတို့ ဖော်ထုတ်ပြီး ဖြောင့်ချက်ပေးကုန်ကြပါပြီ။ တရားခံ လေးယောက်





အနက် မဒမ် မူးမေ့နေတဲ့ အခိုက်မှာ ပြုစုစောင့်ရှောက်ပေးတယ် ဆိုတဲ့ တရားခံကို ကျွန်တော် သိပါရစေ။ သို့မှ သူ့အတွက် ပထမ ကွန်ဆိုလ်ထံမှာ အထူးအသနားခံလွှာ တင်သွင်းပြီး အသက်ချမ်းသာရာ ရအောင် ကျွန်တော် စီမံပေးနိုင်ပါလိမ့်မယ် မဒမ်'

'ဘယ့်နှယ်လဲရှင်၊ သူတို့က ဖြောင့်ချက် ပေးကုန်ကြသတဲ့လား'

'အားလုံး ဖြောင့်ချက်ပေးကြပါတယ်။ သို့သော် မဒမ်ကို ပြုစုစောင့်ရှောက်တာ ဘယ်သူလဲလို့တော့ မေးမရဘူး။ မဒမ် ပြောတာနဲ့ မတော်တဆ ကွဲလွဲကုန်မှာ စိုးရိမ်လို့ ထင်ပါရဲ့'

'ဒီတော့ ကျွန်မကို ဘယ်လို လုပ်စေချင်ပါသလဲ'

'မဒမ်ကို ကျေးဇူးပြုခဲ့ဖူးတဲ့ တရားခံကို ကျေးဇူးတုံ့ပြန်စေလိုပါတယ်'

'ဘယ်လို ကျေးဇူးဆပ်နိုင်ပါသလဲ ရှင်၊ ဆပ်လိုပါတယ်'

'ကျွန်တော် မေးတဲ့ မေးခွန်းကို ဖြေလျှင် သူ့ကို ကျေးဇူးဆပ်ရာ ရောက်ပါလိမ့်မယ်'

'ဖြေပါ့မယ်ရှင်'

'ဒါဖြင့် ဒီမှာ ခဏ စောင့်နေပါဦး၊ တော်တော်ကြာတော့ ခေါ်လိုက်ပါ့မယ်'

ထိုနောက် တရားသူကြီးသည် ၎င်းအခန်းထဲသို့ အခြားသူ တစ်စုံတစ်ယောက် မဝင်နိုင်စေရန် ပုလိပ်များ အစောင့်ထားခဲ့ပြီးလျှင် တရားခွင်သို့ ဝင်သွားလေ၏။ တရားခွင်သို့ ရောက်သောအခါ တရားသူကြီးက 'အမှုကို ဆက်လက်ပြီး စစ်ဆေးတော့မည်'ဟု ပြောလိုက်သဖြင့် ပရိသတ်အားလုံး တိတ်ဆိတ်စွာ စောင့်မျှော်နေကြစဉ် အမှုထမ်းတစ်ယောက်အား 'သက်သေ သွင်းခဲ့'ဟု အမိန့်ပေးလိုက်၏။ မကြာမီအတွင်း အမှုထမ်းသည် မျက်နှာကို အဝတ်ခြုံလျက်ရှိသော မဒမ်မွန်ထရီဘဲလ်ကို တရားခွင်သို့သွင်းလာခဲ့ရာ ပရိသတ်များလည်း အံ့သြစွာနှင့် ငေးကြည့်နေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အမိလီသည် မိခင်ဖြစ်ကြောင်း သိရသည့်အခါ ပြင်းထန်စွာ တုန်လှုပ် ထိတ်လန့်မိ၏။ တရားသူကြီးက–

'မဒမ်ခင်ဗျား… တရားခံကို သွင်းခဲ့ပါတော့မည်၊ မဒမ်ကို အကူအညီ ပေးဖူးသော တရားခံကို ညွှန်ပြပါ ခင်ဗျား'

ပရိသတ်များအနက် အချို့က တစ်စုံတစ်ခု ဖြစ်တော့မည်ဟု ရိပ်မိသည့် လက္ခဏာနှင့် 'မပြန့်ဖို့'ဟု အော်ဟစ်ကြရာ၊ အမှုထမ်းများက 'တိတ်တိတ် နေကြ'ဟု အော်ငေါက်လိုက်သဖြင့် တိတ်သွားကြ၏။ အမိလီမှာကား နဖူးမှ ချွေးပြန်၍ ဒူးတုန်လျက် ရှိလေပြီ။ တရားသူကြီးက–

'တရားခံများကို သွင်းခဲ့'ဟု အမှုထမ်းများအား အမိန့်ပေး၍ မဒမ်အားလည်း 'မျက်နှာကို တစ်ဆိတ်လောက် လှပ်ထားနှင့်ပါ မဒမ်'ဟု ပြောသဖြင့် မဒမ်လည်း မျက်နှာ၌ ခြုံထားသော အဝတ်ကို လှပ်လိုက်လေ၏။ အမိလီက 'အို … မာမီ'ဟု ဟစ်ခေါ်လိုက်သော်လည်း တုန်လှုပ်လွန်းသည့်အတွက်ကြောင့် အသံသည် လည်ချောင်းမှ မထွက်လာချေ။ ပရိသတ်လည်း 'မဒမ်မွန်ထရီဘဲလ် ပါတကား'ဟု ပြောလိုက်မိကြ၏။

ထိုခဏ၌ ပုလိပ်အမှုထမ်းများသည် တရားခံများကို တရားခွင်သို့ သွင်းလာကြရာ မော်ဂင်မှာ ယခင်ကကဲ့သို့ ရှေ့ဆုံးမှ မလိုက်လာဘဲ တတိယမှ လိုက်ပါလေ၏။ ၎င်းအကြံမှာ အမိလီ၏လက်ကို ကိုင်၍ နှုတ်ဆက်နိုင်စေရန် အဖော်များ ကွယ်၍ အလယ်မှ လိုက်ခဲ့ခြင်း ဖြစ်လေသည်။

ရှေးဦးစွာ မွန်ဘား ဝင်လာ၍ မဒမ်မွန်ထရီဘဲလ်က ဦးခေါင်း ယမ်းပြ၏။ ၎င်းနောက် အက်ဒလား ဝင်လာ၍ ထိုနည်းအတူ ယမ်းပြ၏။

ထိုအချိန်တွင် မော်ဂင်မှာ အမိလီ ရှေ့သို့ ရောက်နေ၍ အမိလီက 'ကိုယ်ကျိုးနည်းကုန်ပါပြီ မောင်ရေ့'ဟု ပြောလိုက်သည်ကို မော်ဂင်က နားမလည်သဖြင့် အံ့အားသင့်နေ၏။ ထိုနောက် မော်ဂင်သည် တရားခွင်သို့ ဝင်လာရာ မဒမ်က 'သူပါပဲ' ဟု ပြောလိုက်လေ၏။





ထိုအခါ ပရိသတ်တို့သည် မကျေမနပ်သော အမူအရာနှင့် ညည်းတွား ရေရွတ်ကြလေရာ မွန်ဘားက 'ကိုင်း ဘယ့်နှယ်ရှိစ သူငယ်ချင်း၊ မိန်းမသား ရယ်လို့ အရေးပေးချင်တဲ့လူကြီး မှတ်ကြရောဗျား'ဟု ရယ်မောကာ ပြောလိုက်၏။ ထိုနောက်မှ မဒမ်မွန်ထရီဘဲလ်ဘက်သို့ လှည့်လျက် 'တော်ပါပေ့ ခင်ဗျာ၊ စကားလေး သုံးခွန်းတည်းနဲ့ ဦးခေါင်းလေးလုံး ပြတ်အောင် ပြောနိုင်တဲ့ အဒေါ်ကြီး ပါပေပဲ'ဟု ပြောလိုက်၏။

ထိုအချိန်၌ တစ်ရုံးလုံး တိတ်ဆိတ်စွာ ရှိနေလေရာ အမိလီ၏ စူးရှသော ဟစ်အော်သံ တစ်ခုတည်းသာလျှင် ပေါ်ထွက်လာလေတော့သည်။ အခြားသော တရားခံ သုံးယောက်တို့ကမူ မိမိတို့နှင့်အတူ အသေခံရန် တမင်လာသော သူငယ်ချင်းမော်ဂင် ဖြစ်သောကြောင့် မိမိတို့ကလည်း သူနှင့်အတူ အသေခံပါတော့မည်ဟု ဆုံးဖြတ်ကြပြီးလျှင် ငြင်းကွယ်ခြင်း မပြုကြတော့ဘဲ ဖြောင့်ချက်ပေးလိုက်ကြလေတော့၏။

တရားခံများအတွက် ရှေ့နေများသည် အယူခံ ဝင်ခွင့်ရဖို့ ကြိုးစား၍ အယူခံနိုင်ကြသော်လည်း အာမခံ ရဖို့မှုကား မတတ်နိုင်ဘဲ ရှိကြလေသတည်း။

## အခန်း ၄၄

မဒမ်မွန်ထရီဘဲလ်မှာ မိမိ၏ အမှားကြောင့် တရားခံများ အပြစ်ခံရတော့မည်ဟု ယူကျုံးမရ ဖြစ်သည်နှင့် အမိလီထံသို့ အဖြစ်အပျက်ကို စာတစ်စောင် ရေး၍ ရှင်းလင်း ဖော်ပြပြီးလျှင်၊ ပထမကွန်ဆိုလ် ရှိနေသော ပါရစ်မြို့တော်သို့ တရားခံများအတွက် မိမိကိုယ်တိုင် အသနားခံရန် ချက်ချင်းသွားဖို့ ဆုံးဖြတ်လေ၏။ ပထမ ကွန်ဆိုလ်မှာ မေလ ပထမပတ်တွင် ပါရစ်မြို့တော်မှ ထွက်ခွာမည်ဟု မဒမ် သိရှိရလေရာ၊ ထိုနေ့မှာ မေလ ၆ ရက်ရှိပြီ ဖြစ်၍ အချိန်များစွာ မကျန်ရှိတော့ချေ။

မဒမ်မွန်ထရီဘဲလ်သည် အမြန် မြင်းရထားနှင့် ပါရစ်မြို့တော်သို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့သော်လည်း မေလ ၈ ရက်နေ့တွင်မှ ဆိုက်ရောက်ခဲ့ရာ၊ ဘိုနပတ်မှာ မေလ ၆ ရက်နေ့က ထွက်ခွာသွားခဲ့လေပြီ။ သို့ဖြစ်၍ မဒမ်သည် ဂျိုးဇက်ဖိုင်းအား အကြောင်းခြင်းရာကို ပြောပြ၍ ဘိုနပတ်ထံ အမြန် စာရေးပေးရန် တောင်းပန် တိုက်တွန်းလေရာ၊ ဂျိုးဇက်ဖိုင်းက ဘိုနပတ်ထံသို့ စာရေးလိုက်သည့် အကြောင်းကို ကျွန်ုပ်တို့ သိရှိခဲ့ပြီးလေပြီ။

ဂျေဟူး ရဲဘော်များ အမှုမှာ လူအများ စိတ်ဝင်စားကြသော အမှုကြီးဖြစ်၍ အယူခံရုံးသည် အမှုကို အချိန်မဆွဲဘဲ တနင်္ဂနွေ ငါးပတ်အတွင်း အယူခံလွှာကို ပယ်ချလိုက်လေ၏။ ထိုနောက် စီရင်ချက်ကို ဘို့ဂ်ထောင်ကြီးသို့ ချက်ချင်းပို့၍ ၂၄ နာရီ အတွင်း တရားခံများကို ဥပဒေအတိုင်း ဂီလော့တင် စက်ဖြင့် ဦးခေါင်းဖြတ်၍ သတ်ရမည်ဟု ညွှန်ကြားလိုက်လေသည်။

မော်ဂင်သည် ထောင်ဝင်းကြီးအတွင်း စကြႍလျှောက်လျက် ရှိစဉ် ကျောက်ခဲတစ်လုံးကို စက္ကူဖြင့် ပတ်၍ ပစ်သွင်းလိုက်သော စာတစ်စောင်ကို ရရှိ၍ အောက်ပါအတိုင်း ဖတ်ရှုရလေ၏။

"အယူခံလွှာကို ပယ်လိုက်ပြီဖြစ်၍ နက်ဖြန်တွင် စီရင်လိမ့်မည်။"

မော်ဂင်သည် ၎င်းစာကို ဖဲကစားလျက်ရှိသော ဗလင်းဆိုးလ်နှင့် ဒီရစ်ဘီယာတို့အား ပြလေရာ ထိုသူနှစ်ယောက်တို့သည် ဖဲများကို ချထား၍ စာကို ဖတ်ကြည့်ကြပြီးနောက် ဆက်လက်၍ ကစားမြဲတိုင်း ကစားနေကြ၏။ စာတစ်အုပ်ကို ဖတ်လျက်ရှိသော ဒီဂျယတ်ကမူ ၎င်းစာကို ဖတ်ကြည့်ပြီးနောက် 'ဒီလိုဆိုလျှင် ဒီစာအုပ်ကလေး ဆုံးအောင်ဖတ်ဖို့ အချိန်မရတော့ ပါပဲလား ကရို့'ဟူ၍ ပြောလိုက်၏။

မော်ဂင် ခေါ် စိန်ဟာမိုင်မှုကား စာကိုဖတ်ပြီးနောက် 'အမီလီကလေး သနားပါတယ်ကွယ်'ဟု ညည်းညူ၍ ထောင်တံတိုင်းပေါ်မှ စောင့်နေသော





ရှားလော့အား 'သူ့ ကတိအတိုင်း ဒီကနေ့ည ဆောင်ရွက်ဖို့ သတိပေးလိုက်ပါကွယ်'ဟု မှာထားလိုက်၏။

အမီလီမှာ စီရင်ချက်ချသော နေ့မှစ၍ မျက်ရည်လည်း မကျ၊ ငိုကြွေး တမ်းတခြင်းလည်း မပြု၊ ကြောင်တောင်ငေးကာ အဆွေးကြီး ဆွေးလျက် ရှိ၏။ ရှားလော့သည် မော်ဂင် မှာထားလိုက်သော စကားကို အမီလီအား ပြောပြသောအခါ အမီလီ၏ အသံမထွက်သော အတွင်းဆွေး-ဆွေးနည်းမျိုးကို နားမလည်နိုင်သဖြင့် အံ့အားသင့်လျက် ရှိ၏။ မိမိ ထင်မိ သူ့လောက် ပူဆွေးခြင်း မရှိ ဟူ၍ပင် မှတ်ထင်ဟန် တူလေသည်။

ထိုညဉ့်၌ အမီလီသည် ရှိလင်၏ အခန်းသို့ဝင်၍ ဓားမြှောင်လေးစင်းနှင့် ပစ္စတိုသေနတ် ရှစ်လက်တို့ကို ရွေးယူလေ၏။ ရှိလင်မှာ စစ်သား မှုဆိုးတစ်ယောက်ဖြစ်၍ လက်နက်မျိုးစုံ စုဆောင်းသိမ်းသော အလေ့အကျင့် ရှိလေသည်။ အမီလီသည် လက်နက်များနှင့် ကျည်ဆန်များ၊ ယမ်းများကို အထုပ်တစ်ခု ပြုလုပ်၍ ထိုညဉ့်တွင် ရှားလော့နှင့်အတူ အိမ်မှ ထွက်လာခဲ့၏။

ထောင်ကြီးသို့ ရောက်ကြသောအခါ ရှားလော့၏ဖခင် ထောင်မှူးသည် ရာဇဂိုဏ်းသားတစ်ယောက် ဖြစ်သည့်ပြင် သမီးရှားလော့၏ သခင်မကို ကရုဏာ ဖြစ်သည်နှင့် အကူအညီပေးရန် အသင့်ရှိ၏။ သမီးရှားလော့က ယခင်ကတည်းက နှုးနပ်ထားပြီး ဖြစ်သဖြင့်လည်း အလွယ်တကူ လိုက်နာလေ၏။ သို့ဖြစ်၍ ထောင်မှူးက အကျဉ်းသမားများ ထားသော အခန်းတံခါးကို ဖွင့်ပြလိုက်သောအခါ အခြားလူများသည် အမီလီမှန်း သိသည်နှင့် ထိုင်ရာမှ ထ ကြသော်လည်း မော်ဂင်မူကား မျက်စိကို စုံမှိတ်ကာ ထိုင်မြဲတိုင်း ထိုင်လျက်ရှိ၏။ အမီလီက—

'နိုးပါတော့လား ချားလ်စ်၊ အမီလီ ရောက်လာပြီလေ၊ ကတိအတိုင်း ယူလာခဲ့ပါတယ်'ဟု ပြောလိုက်သော အခါမှ မော်ဂင်ကလည်း ဝမ်းမြောက်စွာ ခုန်ထ၍ အမီလီကို ပွေ့ဖက်လေတော့သည်။

မွန်ဘား၏ အကြံပေးချက်အရ ထောင်မှူးသည် အမီလီနှင့်မော်ဂင်



www.burmeseclassic.com

www.burmeseclassic.com



တို့အား အခန်းလွတ် တစ်ခု၌ နှစ်ယောက်တည်း နှုတ်ဆက် စကားပြောနိုင်ရန် စီမံပေးလေရာ သမီးရည်းစား နှစ်ယောက်တို့ နောက်ဆုံးအကြိမ် နှုတ်ဆက်ရခြင်း၏ ကြေကွဲဝမ်းနည်းဖွယ် ကောင်းသော အခြင်းအရာကို လူ၏မျက်စိဖြင့် မမြင်နိုင်၊ ဘုရားသခင်၏ ဉာဏ်တော်ဖြင့်သာလျှင် သိမြင်နိုင်ခွင့် ရှိပေတော့သည်။

အချိန်စေ့ရောက်သဖြင့် ထောင်မှူးက တံခါးကို ဖွင့်လိုက်သောအခါတွင် သမီးရည်းစား နှစ်ယောက်တို့၏ မျက်နှာထားကို ကြည့်ရသည်မှာ မိမိတို့ ကွေကွင်းရမည့် အရေးသည် တစ်ခဏတာမျှသာ ဖြစ်၍ မကြာမီ ပြန်လည်ဆုံစည်း ရလိမ့်မည်ဟု ယုံကြည်စိတ်ချထားကြသည့် လက္ခဏာကို တွေ့ရလေ၏။

အမိလီသည် အခြားအကျဉ်းသမား သုံးယောက်တို့အား လက်လှမ်းပေး၍ ၎င်းတို့က အမိလီ၏လက်ကို အသီးအသီး နှုတ်ခမ်းဖြင့် ထိကြလေ၏။ နောက်ဆုံး၌ အမိလီသည် မော်ဂင်၏ လည်ပင်းကို ဖက်၍ နှုတ်ဆက်ရင်း မော်ဂင်က 'ခဏပေါ့ နှမလေးရယ်'ဟု ပြောလိုက်ရာ၊ အမိလီကလည်း 'ခဏပေါ့ မောင်ရယ်'ဟု ပြန်ပြောလိုက်၏။ မော်ဂင်သည် အမိလီအား နောက်ဆုံးဖြစ်သော ကစ်(စ်) ပေးလိုက်ရာတွင် အသည်းကြား၊ နှလုံးကြားမှ ညည်းတွားလိုက်သော အသံမျိုး ထွက်ပေါ်လာလေတော့သည်။

တံခါးပိတ်၍ ထောင်မှူးနှင့် အမိလီတို့လူစု ထွက်သွားကြသည့်နောက် မော်ဂင်သည် အထုပ်ကို စားပွဲပေါ်၌ ဖြေချလိုက်ရာ သူငယ်ချင်းများသည် လက်နက်များကို မြင်ကြ၍ ဝမ်းသာရွှင်လန်းခြင်း ဖြစ်ကြလေ၏။ ထိုသူတို့ အဖို့မှာ လုံးဝ လွတ်မြောက်ခြင်းမှ လွဲလျှင် မိမိတို့ ဝိညာဉ်ကို မိမိတို့ ဖြုတ်ခြေခွင့် ရရှိခြင်းသည် အကောင်းဆုံးပေတည်းဟု မှတ်ယူကြပေသောကြောင့်တည်း။

နောက်တစ်နေ့ ကိုးနာရီ၌ ထောင်မှူးသည် တံခါးကိုဖွင့်၍ အကျဉ်းသမားများ၏ အခန်းသို့ ဝင်လာပြီးလျှင် အယူခံလွှာကို ပယ်လိုက်ပြီ ဖြစ်၍





အပြစ်ဒဏ် ခံကြဖို့ ပြင်ဆင်ရန် ပြောသည်နှင့် တစ်ပြိုင်နက် မော်ဂင်တို့က လက်နက်များ ထုတ်ပြ၍ ထောင်မှူး၏ခါးမှ သော့တွဲကို ဖြုတ်ယူကြလေ၏။ ၎င်းနောက် ထောင်မှူးကို အခန်းထဲ၌ သော့ခတ်၍ ပိတ်ထားခဲ့ပြီးလျှင် မော်ဂင်တို့လူစုသည် ထောင်ဝင်းထဲသို့ ထွက်လာ၍ သံတံခါးကြီးကို မျှော်ကြည့်လိုက်ကြ၏။ အကယ်၍ တံခါးပွင့်လျက်ရှိပါမူ ဖြစ်လိုရာဖြစ်စေ၊ ၎င်းတို့သည် လက်နက်အားကိုးဖြင့် တံခါးမှထွက်၍ လွတ်ရာလွတ်ကြောင်း ကြိုးစားကြမည် ဖြစ်၏။ ယခုမှာမူ သံတံခါးကြီး ပိတ်လျက် ရှိသည့်ပြင် ၈၀ ခန့်မျှသော စစ်သားများနှင့် ပုလိပ်သားများသည် တံခါးကြီးအနီးတွင် စီတန်းလျက်ရှိသည်ကို တွေ့ကြရ၏။ ထောင်ပြင်၌ စုဝေးလျက်ရှိသော ပရိသတ်တို့ကမူ လက်နက်စွဲကိုင်ကာ အနှောင်အဖွဲ့မှ လွတ်လျက်ရှိသော အကျဉ်းသမားလေးယောက်တို့ကို မြင်သည့်အခါ ထိတ်လန့်အံ့သြခြင်း ဖြစ်ကြ၏။

အကျဉ်းသမားများသည် အင်္ကျီ တုံးလုံးချွတ်၍ လက်နက်များကို လက်ကိုင်ပဝါဖြင့် ခါးတွင် ချည်လျက်ရှိကြရာ ၎င်းတို့သည် ဆင်ဝင်ပေါ်၌ ခေတ္တ တိုင်ပင်ကြပြီးနောက် မွန်ဘားသည် အထစ်ပေါင်း ၁၅ ထစ် ရှိသော လှေကားမှ ဆင်း၍ သံတံခါးဆီသို့ လျှောက်လာလေ၏။ စစ်သားများ၊ ပုလိပ်များနှင့် ပရိသတ်တို့သည် မွန်ဘား၏ အပြုအမူကို ထောင်ပြင်ဘက်မှ စောင့်ကြည့်လျက် ရှိကြ၏။

မွန်ဘားသည် သံတံခါးကြီးနှင့် လေးကိုက်ခန့် ကွာသော နေရာသို့ ရောက်သောအခါ ရုတ်တရက် ရပ်တန့်၍ အဖော်များဘက်သို့ တစ်ချက်လှည့်ကာ နှုတ်ဆက်ပြီးမှ စစ်သားနှင့် ပုလိပ်များဘက်သို့ တစ်ဖန် လှည့်လျက် 'ကောင်းလှပါပြီ မိတ်ဆွေများ' ဟု ဆိုကာ သေနတ်ပြောင်းဝကို ပါးစပ်နှင့်ငုံလျက် မောင်းကို ဖြုတ်လိုက်လေ၏။

ဒိုင်းခနဲ မြည်သော သေနတ်သံကြောင့် ပရိသတ်များ အုတ်အုတ်ကျက်ကျက် ဖြစ်သွားစဉ်၊ ဗလင်းဆိုးလ်သည် လှေကားထစ်များတစ်လျှောက် ဆင်းလာလေ၏။ ထိုလူမှာ ပဉ္စတိုသေနတ်များကို ခါးတွင် ချိတ်လျက်



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲတွင် ဓားမြှောင်တစ်လက်ကို ကိုင်ကာ လျှောက်လာလေ၏။ တိုင်တစ်တိုင်သို့ ရောက်သောအခါ ဗလင်းဆိုးလ်သည် ဓားမြှောင်ရိုးကို တိုင်တွင် ထောက်လျက် မိတ်ဆွေများအား နှုတ်ဆက်သော အနေဖြင့် ဆလံ ပေးပြီးမှ ရင်ဝ၌ ဓားဦး စိုက်ထား၍ တိုင်ကို လက်နှစ်ဖက်ဖြင့် ညှစ်ဖက်လိုက်ရာ ဓားမြှောင်ဦးသည် ရင်ထဲသို့ ရှူးရှူးစိုက်စိုက် ဝင်သွားလေတော့သည်။ လက်လွှတ်လိုက်သော အခါတွင်မှ နေရာတွင် ဗိုင်းခနဲ လဲ၍ အသက်ထွက်သွား ရှာလေတော့သည်။

ပရိသတ်တို့မှာ တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်လျက် ငေးနေကြ၏။ ၎င်းနောက် ဒီရစ်ဘီယာသည် သေနတ်ကို ကိုင်လျက် လှေကားမှ ဆင်းလာလေရာ သံတံခါးအနီးသို့ ရောက်လာကာ စစ်သားများဘက်သို့ လှည့်၍ သေနတ်နှင့် ချိန်လိုက်၏။ ဒီရစ်ဘီယာက တကယ် မပစ်သော်လည်း စစ်သားများက ပစ်လိုက်ရာ ဒီရစ်ဘီယာ၏ကိုယ်တွင် ကျည်ဆန် သုံးလေးချက် ဖောက်ထွက်သွား၍ အသက်ပါသွားလေ၏။

ထောင်ပြင်ဘက်မှ စောင့်ကြည့်လျက်ရှိသော ပရိသတ်သည် ရဲဘော်တစ်ယောက်ပြီးတစ်ယောက် ကြောက်မက်ဖွယ် စီရင်ကြပုံကို အံ့သြချီးကျူးကာ ငေးမောလျက် ရှိကြ၏။ နောက်ဆုံး၌ မော်ဂင်တစ်ယောက်တည်း ကျန်ရှိပေရာ မော်ဂင်သည် ဆင်ဝင်လှေကားတစ်လျှောက် ဆင်းလာ၍ စကား ပြောလိုကြောင်း ဖော်ပြဟန်ဖြင့် ပါးစပ်ကို လက်နှင့်ထောက်၍ ပြလေ၏။ လူထုသည် ရဲဘော်လေးယောက် ဦးခေါင်းဖြတ်၍ သတ်ခြင်းကို ကြည့်လိုသဖြင့် လာခဲ့ကြပေရာ၊ ယခုမှာ ၎င်းတို့ မျှော်လင့်သောက်မျှမက သေပုံအနည်းနည်း သေပြကြသည်ကို မြင်ရသဖြင့် အံ့သြကျေနပ်လျက် ရှိကြ၏။ သို့ဖြစ်၍ မော်ဂင်သည် လှေကားမှ ဆင်း၍ လျှောက်လာသောအခါ ပရိသတ်သည် ကျေနပ်စွာ စောင့်မျှော်နေကြ၏။

မော်ဂင်သည် ဓားမြှောင်နှင့် သေနတ်များကို ခါးပတ်တွင် ချိတ်ထား၍၊ လက်ထဲ၌ လက်နက်တစ်စုံတစ်ရာ မပါဘဲ လျှောက်လာပြီးလျှင် ဗလင်း





ဆိုးလ်၏ အလောင်းကို ကျော်ခဲ့၍၊ ဒီဂျယတ်နှင့် ဒီရစ်ဘီယာတို့၏ အလောင်းများ အကြားတွင် ရပ်နေလေ၏။ ပရိသတ်တို့က စောင့်ကြည့်နေစဉ် မော်ဂင်က–

'ကျွန်ုပ် စကားအနည်းငယ် ပြောပါရစေ မိတ်ဆွေတို့၊ ဦးခေါင်းကို သေနတ်နဲ့ ပစ်ခဲ့တာကို ခင်ဗျားတို့ မြင်ရပြီ၊ ရင်ဘတ်ကို ဓားနဲ့ ထိုးသတ်တာကိုလည်း မြင်ရပြီ၊ ကိုယ်ကို သေနတ်နဲ့ ပစ်သတ်တာကိုလည်း မြင်ရပြီ။ ဦးခေါင်းကို ဂီလော့တင်နဲ့ ဖြတ်တာ ကြည့်ချင်ကြသေးတယ် မဟုတ်လား'

ပရိသတ်သည် ကြက်သီးထလျက် ရှိကြ၏။

'ကောင်းပါပြီ၊ မြင်ရပါစေ့မယ်။ သို့သော် စက်ပေါ်ကို ကျွန်ုပ် နည်းနဲ့ ကျွန်ုပ် တက်ပြချင်ပါတယ်၊ ကျွန်ုပ် အနားကို ဟောဟို အာဏာသားမှ တစ်ပါး ဘယ်သူမှ မကပ်ကြပါနဲ့။ ကပ်လာလျှင် ဦးခေါင်းကို ပစ်ခွဲရပါလိမ့်မယ်'

လူထုက 'ကောင်းပါပြီ ... ဟုတ်ပါပြီ'ဟူ၍ ဟစ်အော်ကြ၏။

ထိုအခါ အာဏာသားက ခြေလက်ကို ကြိုးနဲ့ မချည်တုပ်ဘဲ ထားလျှင် ထွက်မပြေးပါဘူးလို့ ကတိထားမလား'

'ကျွန်ုပ် ကတိထားပါတယ်'

'ဒါဖြင့် အလောင်းတွေကို ရှေးဦးစွာ ဖယ်လိုက်ပါရစေဦး'

'ကောင်းပါပြီ၊ ဖယ်ပါတော့'

မော်ဂင်သည် အုတ်နံရံကို သွား၍ မှီလျက် စောင့်နေလေ၏။ ဤတွင် အဝတ်နက် ဝတ်ထားသော လူသုံးယောက် ဝင်လာကြ၍ အလောင်းများကို ဖယ်ရှားလေ၏။

နောက်ဆုံး၌ အာဏာသားက မော်ဂင်အား–

'အသင့် ပြင်ပြီးပါပြီလား'

'ပြီးပါပြီ'

'ဒါဖြင့် လာပါတော့'



www.burmeseclassic.com

www.burmeseclassic.com



'လာပါပြီဗျာ'

မော်ဂင်သည် စစ်သားများနှင့် ပုလိပ်များအကြား ဝင်၍ ရပ်လေ၏။

'စက်ကြီးဆီကို လှည်းစီးသွားမလား၊ ခြေကျင်လျှောက်သွားမလား'

'ခြေကျင် လျှောက်ပါမယ်၊ ပျော်ပျော်ကြီး ခေါင်းဖြတ်ခံတယ်ဆိုတာ လူအများ မြင်ရအောင် ကျွန်ုပ် ပြပါမယ်'

ဤတွင် အလောင်းများ တင်ဆောင်သော လှည်းသည် ရှေ့ဆုံးမှ မောင်းနှင်၍ ၎င်းနောက်မှ စစ်သားများ၊ ၎င်းနောက် မော်ဂင်၊ နောက်ဆုံးမှ ပုလိပ်များ အစဉ်တစိုက် စီတန်းလျက် ဂီလော့တင်စက်ကြီး ရှိသော နေရာသို့ လျှောက်လာကြ၏။ လမ်းကွေ့သို့ ရောက်သောအခါ မော်ဂင်သည် ဂီလော့တင် စက်ကြီးကို အဝေးမှ မြင်လိုက်ရသည်တွင် 'အလဲ ဂီလော့တင် စက်ကို တစ်ခါမှ မမြင်ဖူးသေးဘူး၊ လက်စသတ်တော့ သိပ်အရုပ်ဆိုးပါ တကား ဟော့'ဟု ဆိုကာ ဓားမြှောင်ကို ဆွဲထုတ်ပြီးလျှင် မိမိ၏ ရင်ဘတ်သို့ ထိုးနှစ်လိုက်လေ၏။ စစ်တပ်ကို အုပ်ချုပ်သော စစ်ဗိုလ်သည် ထိုအပြုအမူကို မြင်၍ မော်ဂင်အနီးသို့ မြင်းစိုင်းသွားရာ မော်ဂင်မှာ လူအများ ထင်ကြသည့်အတိုင်း လဲမသွားဘဲ သေနတ်ကို ဆွဲထုတ်လျက် 'အနား မကပ်နဲ့နော်၊ ကျုပ်ကို မထိပါဘူးလို့ သဘောတူပြီးသား မဟုတ်လား၊ ကျုပ်ဘာသာကျုပ် သေပါရစေ။ နို့မဟုတ်လျှင် ခင်ဗျားတို့ အထဲက နှစ်ယောက် လိုက်နေကြရ လိမ့်မယ်'ဟု ပြောလိုက်သည်နှင့် စစ်ဗိုလ်လည်း တန့်ရပ်နေလေ၏။

၎င်းနောက် ဆက်လက် လျှောက်လာကြ၍ ဂီလော့တင် စက်ကြီးသို့ ရောက်ကြသောအခါ မော်ဂင်သည် ရင်ဘတ်၌ စိုက်ထားသော ဓားမြှောင်ကို ဆွဲနုတ်၍ ရှေးနည်းအတူ ရင်ဘတ်သို့ ဒုတိယတစ်ချက် ထိုးနှစ်ပြန်၏။ ယင်းသို့ နှစ်ကြိမ်တိုင်တိုင် လက်ကိုင်ရောက်အောင် ထိုးနှစ်ပါလျက်နှင့်ပင် မော်ဂင်မှာ မြေပေါ်သို့ မလဲမကျဘဲ မတ်မတ်ကြီး ရပ်လျက်ရှိသည်ကို တွေ့မြင်ကြရသော ပရိသတ်များမှာ ပါးစပ်များ ဟလျက် ငေးကြည့်နေမိ





ကြလေ၏။ မော်ဂင်ကမူ 'ငါ့အသက်က ငါ့ကိုယ်ထဲမှာ သပ် ရိုက်သွင်းထားသလို မြဲခိုင်လှချည့်ကလားဟေ့' ဟူ၍ ပြောလိုက်သေး၏။

အာဏာသားသည် ဂီလော့တင်ပေါ်သို့ **မော်ဂင်ကို တွဲ၍** တင်မည်ပြုသောအခါ မော်ဂင်က 'နေပါစေ၊ ကျွန်ုပ်ကို မထိပါနဲ့။ **ကျွန်ုပ်ဘာသာ** တက်ပါမယ်' ဆို၍ လှေကားပေါ်သို့ မယိမ်းမယိုင် တက်သွား**လေ၏။**

စင်ပေါ်သို့ ရောက်သောအခါ မော်ဂင်သည် ရင်ဘတ်၌ **စိုက်လျက်** ရှိသော ဓားမြှောင်ကို ဆွဲနုတ်၍ တတိယအကြိမ် ထိုးစိုက်ပြန်**လေ၏။** ထိုနောက် မော်ဂင်သည် ကြောက်မက်ဖွယ် ရယ်မောလျက် ဓားမြှောင်ကို လွှင့်ပစ်လိုက်ပြီးလျှင် 'ငါ့ဟာငါ သတ်လို့တော့ မသေနိုင်တော့ပါဘူးကွယ်။ ကိုင်း ကိုင်း၊ မောင်မင်းပဲ စီရင်ပါတော့'ဆို၍ ဦးခေါင်းကို စင်းပေးလေ၏။

## အခန်း ၄၅

အထက်ပါ အခြင်းအရာတို့ ဖြစ်ပျက်ပြီးသည့်နောက် သုံးရက်မြောက်သော နေ့ ညနေခင်း အချိန်တွင် နှင်းဖောင်တိန် အိမ်ကြီးရှေ့သို့ အမြုပ်များ ထွက်သည့်တိုင်အောင် တရကြမ်း မောင်းနှင်လာသည့် မြင်းနှစ်ကောင်တပ် ရထားတစ်စီး ဆိုက်ရပ်၍ ခရီးသည်တစ်ယောက် ဆင်းလာပြီးလျှင် အိမ်ပေါ်သို့ အပြေးအလွှား တက်သွားလေ၏။ အပေါ်ထပ် ဆင်ဝင်ခန်း၌ မိုက်ခဲ သားအဖနှင့် ရှားလော့တို့ ရှိကြရာ၊ တစ်ခုသော အခန်း၌ကား မဒမ်မွန်ထရီဘဲလ်နှင့် အက်ဒွပ်တို့သည် ခုတင်ပေါ်တွင် အသာစောင်းလျက် ရှိသော အမီလီအနီး၌ ဒူးထောက်လျက် ရှိကြ၏။ ဘုရင်ဂျီ ခင်ကြီးတစ်ပါးသည်လည်း ဝိညာဉ် ချုပ်မည့်ဆဲဆဲ ရှိသော လူနာအနီးတွင် ထုံးစံအတိုင်း စောင့်၍ ဘုရားဝတ်ပြုလျက် ရှိ၏။ ခရီးသည် ရှိလင်သည် အခန်းထဲသို့ ဝင်လာ၍ မိခင်အနီးတွင် ဒူးထောက်လေ၏။

အမီလီသည် ခုတင်ပေါ်၌ လက်နှစ်ဖက်ကို ယှက်ကာ ပက်လက်လှန်လျက် မျက်လုံးများသည် အထက်သို့ စိုက်နေတော့သည်ဖြစ်၍ ရှိလင် ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်ကို သိတော့သည့် လက္ခဏာ မရှိဘဲ သွားရန် လမ်းကိုသာ မျှော်ကြည့်နေဟန် တူပေ၏။ မဒမ်မွန်ထရီဘဲလ်သည် ရိုလင်၏လက်ကို လှမ်းဆုပ်၍ ရိုလင်၏ ပခုံးပေါ်သို့ ဦးခေါင်းတင်ကာ ရှိုက်ကြီးတငင် ငိုကြွေးလေရာ အမီလီမှုကား မိခင်၏ ရှိုက်သံကိုမျှ မကြားတော့ချေ။

တစ်ခဏကြာသော် ရိုလင်သည် မိခင်အား စကားပြောရန် ရှိသည်ဆို၍ အခန်းပြင်သို့ ထွက်ကြမည်ပြုရာ ထွက်ခါနီးတွင် ရိုလင်က အမီလီ၏ နဖူးကို နှုတ်ခမ်းဖြင့် ထိလိုက်၏။ ဤတွင် အမီလီက 'ကိုကိုလား' ဟု မေးလိုက်၍ ဟုတ်ကြောင်း ပြောရာတွင် 'တစ်ယောက်တည်းလား' ဟု မေးပြန်၏။ ရိုလင်က ဟုတ်သည်ဆို၍ မိမိနှင့် တစ်ယောက်ချင်း တွေ့လိုကြောင်း ရိပ်မိသည်နှင့် မိခင်ကို အပြင်သို့ထွက်ရန် လက်ပြလိုက်ပြီးလျှင် ခုတင်အနီး၌ ဒူးထောက်လေ၏။

'ကိုကို လာမှာ သိလို့ ကျွန်မ စောင့်နေတယ်'
'ဘာကြောင့် ကိုကို လာသလဲ ... သိသလား'
'ကျွန်မ သိပါတယ်၊ ကိုကို့ဖို့ စာတစ်စောင် ရေးထားတယ်'
'ဘယ်မှာလဲ'
'ခေါင်းအုံးအောက်မှာ ယူဖတ်ပါ'
'သြော် ... ငါ့နှမလေး ဖြစ်ရလေကွယ်'
'ကျွန်မကို မသနားပါနဲ့၊ သူနဲ့ တွေ့ရတော့မှာပါ'
'ဘယ်သူနဲ့လဲ'
'ကိုကို သတ်တဲ့လူ ပေါ့'
ရိုလင်ကမူ ကယောင်ကတမ်း ပြောလိုက်ခြင်းဖြစ်သည်ဟု ထင်မိ၏။
'ကိုကို ဘာကြောင့်လာသလဲ၊ သိတယ် ဆို'
'သိပါတယ်၊ ဆာဗျူန်အကြောင်း မေးချင်လို့ ဟုတ်လား'
'ဟုတ်ပါတယ် နှမလေး'
'သိချင်လျှင် ကျွန်မ စာကို ဖတ်ကြည့်ပါတော့ ကိုကို'





ရိုလင်သည် ခေါင်းအုံးအောက်မှ **စာကို** ယူ၍ မီးရောင်အနီးသို့ သွားဖတ်ရာ အောက်ပါအတိုင်း တွေ့ရလေ၏။

ကျွန်မတို့ မောင်နှမ တစ်ယောက်ကိုတစ်ယောက် အပြစ်လွှတ်စရာတွေ ရှိပါသည်။ စိန်ဟာမိုင်နှင့် ကျွန်မ ချစ်ကြိုက်ခဲ့ကြပါသည်။

ဤတွင် ရိုလင်က 'ဒီကောင် သေစေရမယ်' ဟု လွှတ်ခနဲ ပြောလိုက်ရာ၊ အမီလီက 'သေပြီးပါပြီ ကိုကို' ဟု ပြောလိုက်၏။

၎င်းနောက် ရိုလင်သည် အံ့သြစွာနှင့် စာကို ဆက်လက် ဖတ်ရှုလေ၏။

ကာနယ်မွန်ထရီဘဲလ် နှမနှင့် ဂျေဟူးရဲဘော်အဖွဲ့ ခေါင်းဆောင် စိန်ဟာမိုင်တို့ ထိမ်းမြားလက်ထပ်ရန် မဖြစ်နိုင်ကြောင်း ကျွန်မ သိ၍ ဖုံးကွယ်ထားခဲ့ပါသည်။ ဤအကြောင်းကို ဆာဗျူန်တင်လေး တစ်ယောက်တည်း ကျွန်မ ပြောပြ၍ သိပါသည်။ အလွန်မြင့်မြတ်သော စိတ်သဘောရှိသည့် ဆာဗျူန်က တာဝန်ယူ၍ ကျွန်မတို့ လက်ထပ်ရေးကို ဖျက်လိုက်ပါသည်။ ဆာဗျူန်တင်လေးကို လေးစားရစ်ပါလေ ကိုကို။ ကျွန်မအတွက် နာမည်ပျက် ခံသောလူကြီး ဖြစ်ပါသည်။ စိန်ဟာမိုင်နှင့် ချစ်ကြိုက်မိသည့်အတွက် ကျွန်မကို အပြစ်လွှတ်ပါ ကိုကို။ သူ့ကို ကိုကိုက သတ်သည့်အတွက်လည်း ကျွန်မက ကိုကို့ကို အပြစ်လွှတ်ပါသည်။

စာကို နှစ်ခေါက် ဖတ်ပြီးနောက် ရိုလင်သည် ပထမ၌ ဒေါသထွက်သော်လည်း နောက်ဆုံးတွင် ဒေါသကို ကရုဏာ လွှမ်းသွား၍ အမီလီ အနီးသို့ ချဉ်းကပ်ပြီးလျှင်–

'ကိုကို အပြစ်လွှတ်ပါတယ် နှမလေး အမီလီ'
'ကောင်းပါတယ်လေ ကိုကို၊ ကိုင်း ... မာမီတို့ ခေါ်လိုက်ပါတော့၊ မာမီ ရင်ခွင်ထဲမှာ အသက်ထွက်ချင်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



မဒမ်မွန်ထရီဘဲလ် ရောက်လာသောအခါ အမီလီသည် ရင်ဘတ်ပေါ်၌ ယှက်ထားသော လက်များကို ဖြေ၍ မိခင်၏လက်ကို လှမ်းကိုင်ရင်း–

'မာမီ'

'သမီးရေ'

'ကျွန်မ လူဖြစ်ရတာလည်း မာမီကြောင့်၊ လူ့ပြည်က ကျွန်မ ထွက်သွားရတာလည်း မာမီကြောင့်၊ လူ့ပြည်မှာ သမီး နေမဖြစ်တော့ပါဘူး မာမီ'

အမီလီသည် ခုတင် အခြားဘက်၌ ဒူးထောက်လျက် ရှိသော ရီလင်သို့ လက်တစ်ဖက် လှမ်းပေးလျက်–

'ကျွန်မတို့ တစ်ယောက်ကိုတစ်ယောက် အပြစ် လွှတ်ပြီးပြီနော် ကိုကို'

'ဟုတ်ပါတယ် နှမလေးရယ်'

'ကျွန်မ တစ်ခုတော့ မှာခဲ့ပါရစေ ... ကိုကို'

'မှာခဲ့ပါ နှမလေး'

'ဆာဂျွန်တင်လေးဟာ သိပ်တော်တဲ့ လူကြီးပေါ့၊ မမေ့ရစ်ပါနဲ့နော် ကိုကို'

'စိတ်ချပါ နှမလေး၊ ဆာဂျွန်အသက်ဟာ ကိုကို့အသက်ပါပဲ'

ရင်းနောက် အမီလီသည် အိမ်သားများကို နှုတ်ဆက်၍ ချားလ်စ်ဟူသော အမည်ကို တ သ လျက် အသက်ဝိညာဉ် ချုပ်သွားရှာလေတော့သတည်း။

## အခန်း ၄၆

ထိုအတောအတွင်း၌ ဘိုနပတ်ကိုယ်တိုင် ဦးစီးအုပ်ချုပ် လိုက်ပါလာသော ပြင်သစ်စစ်တပ်ကြီးသည် ဆက်လက်ချီတက်၍ ဇွန်လ ၅ ရက်နေ့တွင် မိုင်လင်မြို့ကို အောင်မြင်စွာ ဝင်ရောက် သိမ်းပိုက်နိုင်ခဲ့လေပြီ။





ရင်းနောက် မိုင်လင်မြို့ကို ခိုင်လုံအောင် စီမံထား၍ ဘိုနပတ်၏ စစ်ဗိုလ်များသည် ဝဲယာ ဖြန့်လျက် ဆက်လက်ချီတက် တိုက်ခိုက်ကြပြန်ရာ မကြာမီအတွင်း ဩစတေးလီးယန် စစ်တပ်ကြီး၏ နောက်ပိုင်းသို့ပင် ရောက်သွားကြလေပြီ။

ဇွန်လ ၁၃ ရက်နေ့၌ ဩစတေးလီးယန် စစ်ဗိုလ်ချုပ် ကွင်နရယ်မီလတ်(စ်)သည် ကစဥ့်ကရဲ လွင့်ကျဲလျက်ရှိသော မိမိ၏စစ်တပ်ကို စုပေါင်းဖွဲ့စည်း၍ အလီဇန္ဒြီယားမြို့ကြီးရှေ့၌ ခြေလျင်စစ်သား ၃၆၀၀၀၊ မြင်းတပ်စစ်သား ၇၀၀၀ တို့ အပြင် မြောက်မြားစွာသော အမြောက်ကြီး၊ စိန်ပြောင်းကြီးများနှင့် တကွ တပ်စွဲလျက် ရှိကြ၏။

နံနက် လေးနာရီ ထိုးသည်နှင့် တစ်ပြိုင်နက် ဩစတေးလီးယန်စစ်တပ်သည် ပြင်သစ်စစ်တပ်ကို စတင် ပစ်ခတ်လေရာ ၅ နာရီအချိန်တွင် ဘိုနပတ်သည် အမြောက်သံကြောင့် အိပ်ရာမှ နိုးလာ၍၊ သက်တော်စောင့်တစ်ယောက်က ရန်သူစစ်တပ်သည် ဘော်မီဒါချောင်းကို ကူးကျော်ပြီး၍ မိမိတို့၏ စစ်မျက်နှာ တစ်ခုလုံးကို ဖြန့်တိုက်လျက်ရှိကြောင်း အစီရင်ခံလေ၏။

ဘိုနပတ်သည် မြင်းဇက်ကွင်းကို လက်မောင်းတွင် ချိတ်လျက် ချောင်းကလေးတစ်ခု၏ ကမ်းပါး၌ ထိုင်ကာ စစ်ပွဲအခြေအနေကို ရှုမျှော်လိုက်ရာ အမြောက်ကျည်ဆန်များကြောင့် ဘိုနပတ်၏ ပတ်ဝန်းကျင်ရှိ မြေကြီးမှာ ထယ်ထိုးထားဘိသကဲ့သို့ ဗရပွ ကြဲနေခဲ့လေပြီ။ ဘိုနပတ်သည် ကျည်ဆန်များကို ဂရုမစိုက်ဘဲ ကျောက်ခဲများကို ကြိမ်လုံးနှင့်ရိုက်ကာ စဉ်းစားစိတ်ကူးလျက် ရှိစဉ် မြင်းခွာသံ ကြားသည်နှင့် မော့ကြည့်လိုက်သည်တွင် မိမိထံ အတင်းစိုင်းလာသော ရီလင်ကို တွေ့မြင်ရ၏။ ရီလင်လည်း 'ဒီဆိုင်း ... ဒီဆိုင်း'ဟု ဟစ်အော်ရင်း မြင်းပေါ်မှ ခုန်ဆင်း၍ ဘိုနပတ်ကို မေ့ခက်နှုတ်ဆက်လေ၏။

'ဝမ်းသာလိုက်တာကွယ်၊ မင်း ပြန်ရောက်တာကြောင့် တစ်ကြောင်း၊

www.burmeseclassic.com



ဒီဆိုင်း စစ်တပ်ကြီးက စစ်ကူရောက်လာတာကြောင့် တစ်ကြောင်း ဝမ်းသာလိုက်တာကွယ်။ ဒီဆိုင်းတို့ ဘယ်လောက် ရောက်နေပြီလဲဟေ့'

'သုံးမိုင်လောက် လိုတော့တယ် ဂျင်နရယ်၊ ကျွန်တော် မြင်ခဲ့ရတယ်'

'ဒါဖြင့် အချိန်မီ ရောက်လာကြကောင်းပါရဲ့ကွယ်'

'ဘာကြောင့် အချိန်မီလဲ ... ဂျင်နရယ်'

'မင်း ကြည့်စမ်းတော့လေ'

ရီလင်သည် ပြောသည့်အတိုင်း စစ်ပွဲအခြေအနေကို မျှော်ကြည့်လိုက်ရာ ရန်သူစစ်တပ်က ပြင်သစ်စစ်တပ်ကို ဖိတိုက်နေသဖြင့် ပြင်သစ်စစ်တပ်မှာ ကစဉ့်ကရဲ လွင့်ကျဲမကုန်စေဘဲ အစီအစဉ်မပျက် နောက်သို့ ဆုတ်နိုင်ဖို့ကိုပင် ခဲယဉ်းစွာ ကြိုးစားနေရသည်ကို တွေ့ရလေ၏။

'ဘယ့်နှယ် လုပ်စေချင်သလဲ ဂျင်နရယ်'

'လိုလိုမည်မည် ချန်ထားတဲ့ ရီဂျီမင်တပ် နှစ်တပ်ကို ခေါ်။ လက်ယာဘက် အစွန်းသွားပြီး ကျောက်တိုင်လို မရွေ့မရှား ခုခံချေစမ်းဟေ့'

ရီလင်သည် မြင်းပေါ်သို့ တစ်ဖန် ခုန်တက်၍ သီးသန့်ဖယ်ထားသော ရီဂျီမင်စစ်တပ် နှစ်တပ်၊ လူ ၉၀၀ ကို ခေါ်သွားပြီးလျှင် လက်ယာဘက် အစွန်းတွင် စတုရန်းပမာဏကဲ့သို့ ဖွဲ့စည်း၍ ခုခံတိုက်ခိုက်ဖို့ ပြင်လေ၏။ ရီလင်က စစ်သားများအား 'ဘိုနပတ်ကိုယ်တိုင် ကြည့်နေတယ်ကွယ့်နော်၊ ကျောက်တိုင်လို ခုခံရမတဲ့ ငါ့လူများ'ဟု ပြောလိုက်ရာ စစ်သားများလည်း မြေကြီးပေါ်တွင် စိုက်ထားသော သစ်ပင်များသဖွယ် အမြစ်တွယ်သကဲ့သို့ ရပ်တည်လျက် ရှိကြ၏။

ဩစတေးလီယန်စစ်ဗိုလ် အဲလ်နစ်သည် ထိုအခြင်းအရာကို မြင်သောအခါ ရှေ့သို့ ချီတက်နေရာမှ မိမိ၏စစ်တပ်ကို ရီလင်၏ စတုရန်းဘက်သို့ လှည့်ကာ တိုက်ခိုက်ဖြိုဖျက်ဖို့ ပြင်ဆင်လေ၏။

အဲလ်နစ်၏ စစ်သားများသည် ရီလင်၏ စတုရန်းတပ်ကို အမြောက်များ၊ သေနတ်များ၊ လှံစွပ်များနှင့် ပစ်ခတ် တိုက်ခိုက်ပါသော်လည်း ရီလင်၏



BURMESE CLASSIC .com



စတုရန်းကို ဖြိုဖျက်ရန် မတတ်နိုင်ဘဲ၊ စစ်သားများသည် တကယ့် ကျောက်တိုင်များကဲ့သို့ မရွေ့မရှား ရပ်တည် ခုခံကြလေ၏။

ထိုအခြင်းအရာကို ကုန်းမြင့်ကလေးပေါ်မှ ရပ်ကြည့်ကာ ချီးကျူးလျက် ရှိသော ဘိုနပတ်သည် ထိုခဏအတွင်း စစ်ကူရောက်လာသော ဒီဆိုင်း၏ စစ်တပ်ကြီးကို မြင်လိုက်ရသဖြင့် အားတက်လျက် ရှိ၏။ ရန်သူများမှု ထူထပ်သောချုံများ အကြားမှ ချီတက်လာသော ဒီဆိုင်း၏ စစ်တပ်ကို မမြင်ကြသေးချေ။

ဘိုနပတ်သည် အနီး၌ စောင့်လျက်ရှိသော စစ်ဗိုလ်ကလေးများကို ခေါ်ယူ၍ 'သွားကြစမ်း၊ ဒီဆိုင်း စစ်တပ်ကို မြန်မြန်ချီတက်ခဲ့ဖို့ ပြောချေစမ်း၊ ဒီဆိုင်းကိုတော့ ကျွန်ုပ် ဒီမှာ စောင့်နေတယ်လို့ ပြောလိုက်စမ်း'ဟု အမိန့်ပေးလိုက်၏။

ကိုယ်ရံတော် စစ်ဗိုလ်ကလေးများသည် မြင်းစိုင်းသွားကြစဉ် ဘိုနပတ်သည် စစ်ပွဲအခြေအနေကို ကြည့်လိုက်ပြန်ရာ ရီလင်၏ စတုရန်းမှ တစ်ပါး ကျန်သော ပြင်သစ်စစ်တပ်ကြီးသည် တရွေ့ရွေ့ နောက်ဆုတ်လျက် ရှိသည်ကို တွေ့မြင်ရ၏။ စတုရန်းတပ်ကလေးမှုကား ရန်သူ၏ ပစ်ခတ်ခြင်းများကို ပြန်လှန်ခုခံ၍ မူလနေရာမှ တစ်လက်မမျှ ဆုတ်ခွာခြင်း မရှိချေ။

ဘိုနပတ်သည် ကိုယ်ရံတော် သုံးယောက်ကို ခေါ်ယူပြန်၍ 'တစ်ယောက်က လက်ဝဲ၊ တစ်ယောက်က လက်ယာ၊ တစ်ယောက်က ဗဟို တည့်တည့် သွားပြီး အားမလျှော့ကြနဲ့၊ မဆုတ်ဘဲ ခုခံတိုက်ကြဖို့ ပြောချေကြစမ်း' ဟု အမိန့်ပေးလိုက်ရာ ကိုယ်ရံတော် သုံးယောက်တို့လည်း မြင်းစိုင်းသွားကြလေ၏။

ဘိုနပတ်သည် အတန်ငယ် ဆက်လက် ကြည့်နေဆဲတွင် ဂျင်နရယ် ယူနီဖောင်းဝတ်ထားသော စစ်ဗိုလ်တစ်ယောက် ချဉ်းကပ်လာသည်ကို မြင်သည်နှင့် ဝမ်းမြောက်ဝမ်းသာ ဆီးကြိုလေ၏။ ထိုသူသည်ကား အီဂျစ်ပြည်၌ ဘိုနပတ် ထားခဲ့သော ဂျင်နရယ် ဒီဆိုင်းပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျင်နရယ် ဒီဆိုင်းနှင့် ဘိုနပတ်တို့သည် အလွန် ခင်မင်ရင်းနှီးသူများ ဖြစ်သည့်အလျောက် တစ်ယောက်နှင့်တစ်ယောက် အားရပါးရ လက်ဆွဲလှုပ်ကာ နှုတ်ဆက်ကြပြီးနောက် ဘိုနပတ်က တိုက်ခိုက်လျက် ရှိသော စစ်ပွဲကို လက်ညှိုးညွှန်ပြ၍ ဒီဆိုင်းက တစ်ချက်မျှ လှမ်းကြည့်လိုက်သည်တွင် အခြေအနေကို ရိပ်မိလေ၏။

ထိုနေ့ နံနက်က စစ်သားနှစ်သောင်း တိုက်ခိုက်ကြသည့်အနက် တစ်ဝက်မျှသာ စစ်တိုက်လျက် ကျန်လေတော့သည်။ ငါးထောင်တို့မှာ ကျသူကျ၊ ဒဏ်ရာရသူ ရ၍ အခြား ငါးထောင်တို့သည် ဒဏ်ရာရသူများကို သယ်ပိုး ပြောင်းရွှေ့ရသော အလုပ်ကို ဆောင်ရွက်လျက် ရှိကြ၏။ ရိုလင်၏ စတုရန်းတပ် လူ ၉၀၀ မှ တစ်ပါး အားလုံးသည် နောက်သို့ ဆုတ်လျက် ရှိကြသည်။

ဘော်မီဒါမြစ်နှင့် ယခု စစ်တပ်ကြီး ဆုတ်ခွာလျက်ရှိသော နေရာအကြားရှိ ကွက်လပ်ကြီးတွင် လူသေကောင်များ၊ မြင်းသေကောင်များ၊ အမြောက်ပျက်များ၊ လှည်းပျက်များဖြင့် ပြည့်နှက်လျက် ရှိတော့၏။

ဤနေရာ၊ ထိုနေရာတို့၌လည်း ဂျုံခင်းများကို လောင်ကျွမ်းသည့် မီးတောက်များ၊ မီးခိုးများ တလူလူ ရှိနေလေ၏။

ဒီဆိုင်းသည် ထိုအခြင်းအရာများကို တစ်ချက်တည်း ကြည့်လိုက်ရုံနှင့် သိမြင်ရလေပြီ။

ဘိုနပတ်က 'ဘယ့်နှယ်ထင်သလဲ ဂျင်နရယ်' မေးရာ–

ဒီဆိုင်းက 'ဒီပွဲတော့ ကျွန်ုပ်တို့ ရှုံးတာပေါ့။ သို့သော် ယခု ညနေ ၃ နာရီ ရှိသေးတာကပဲ။ နောက်တစ်ပွဲ နိုင်ဖို့ အချိန် ရှိပါသေးတယ်'ဟု ပြန်ပြော၏။

ထိုအခါ အမြောက်တပ် စစ်ဗိုလ်တစ်ယောက် ရောက်လာ၍ 'အမြောက် လုံလောက်အောင် ရလျှင် နိုင်နိုင်ပါသေးတယ်'ဟု ပြောလိုက်ရာ အမြောက် စုစုပေါင်းကို တွက်ချက်ကြလေ၏။ ထိုအခါ၌ အမြောက် လက်ကျန် ငါးလက်၊ နောက်မှ လိုက်လာမည့် အမြောက်ငါးလက်၊ ဒီဆိုင်းနှင့်





အတူပါလာသော အမြောက်ရှစ်လက်၊ စုစုပေါင်း ၁၈ လက် ရနိုင်ကြောင်း တွေ့ရှိရ၏။ ဤတွင် အမြောက်တပ်ဗိုလ်က 'အမြောက် ၁၈ လက် ရလျှင် နိုင်နိုင်ပါတယ်'ဟု ပြောသည်နှင့် ကိုယ်ရံတော်တစ်ယောက်ကို လွှတ်၍ ဒီဆိုင်း၏ အမြောက်များကို အမြန်ရောက်အောင် နှင်ခဲ့ရန် ပြောစေ၏။

ထိုအချိန်၌ ဒီဆိုင်း၏ စစ်ကူတပ်သည် မိုင်ဝက်ခန့်သို့ ရောက်လာကြပြီ ဖြစ်ရာ ၎င်းတို့သည် ချုံတန်းများ အကြားမှ တက်လာကြသည် ဖြစ်၍ ရန်သူများကပင် မမြင်နိုင်ချေ။ ထိုအတောအတွင်း အမြောက်တပ်ဗိုလ်သည် လက်ကျန် အမြောက်များကို ရန်သူ၏ရှေ့ လက်ယာဘက်တွင် စုထား၍ တစ်ပြိုင်နက်တည်း ပစ်ခတ်လိုက်သည်တွင် ရန်သူ့စစ်တပ်မှာ အတော်အတန် အခြေပျက်၍ တန့်သွားလေ၏။

ဘိုနပတ်သည် ဤအခြင်းအရာကို မြင်ရ၍ ပြင်သစ်စစ်တပ်ကြီး တစ်တပ်လုံး တုံ့ပြန် ချီတက်ရန် စီမံလေ၏။

'ငါ့လူများတို့၊ ငါတို့ နောက်ဆုတ်ခဲ့ကြတာ တော်တော် များနေပြီ ကွယ်နော်။ စစ်တိုက်တဲ့ နေရာမှာ ည အိပ်တတ်တဲ့ ဝါသနာ ရှိတယ်ဆိုတာကို မင်းတို့ သိကြတယ် ဟုတ်လား'

ထိုခဏ၌ ဒီဆိုင်း၏ စစ်တပ်သည် ရန်သူ၏ လက်ဝဲဘက်သို့ ရောက်လာ၍ အမြောက် ၈ လက်တို့မှ အမြောက်ဆန်များ သွန်ထုတ်လိုက်ရာ ပြင်သစ်တပ်သားများက ဤသည်ကား စစ်ကူရောက်လာခြင်း ပေတည်းဟု သိကြ၍ အားတက်လာကြ၏။ ဤတွင် 'ရှေ့သို့ တက်လိုက်ကြ ...မောင်တို့' ဟူ၍ အမိန့်ပေးသော အသံများ ထွက်လာသည်နှင့်အတူ ဘင်ခရာများကလည်း ဆူညံစွာ တီးမှုတ်ကြလေရာ စစ်ရေးပြသကဲ့သို့ ဖောနတ်ကို ပခုံးပေါ်၌ ထမ်းကာ အေးအေးဆေးဆေး ချီတက်နေကြသော ဩစတေးလီယန် စစ်သားများသည် ထိုအသံများကို ရုတ်တရက် ကြားကြရသည်နှင့် ပြင်သစ် စစ်တပ်၌ တစ်စုံတစ်ခု ဖြစ်ဟန်တူသည်ဟု အကဲခတ်ကြ၏။

ပြင်သစ်စစ်တပ်ကြီးသည် နောက်သို့ ဆုတ်ခွာလျက် ရှိရာမှ ရှေ့သို့

www.burmeseclassic.com



တစ်ဖန် တုံ့ပြန် ချီတက်ရင်း စစ်အောင်မြင်သော တေးချင်းများကိုပင် သီဆိုကြသေး၏။ ဒီဆိုင်း၏ အမြောက် ၈ လက်က လက်ဝဲဘက်မှ တခြိမ့်ခြိမ့် ပစ်၍၊ အမြောက်တပ်ဗိုလ်၏ အမြောက် ၅ လက်တို့ကလည်း လက်ယာဘက်မှ တဒိန်းဒိန်း ပစ်လျက် ရှိ၏။

ဒီဆိုင်းသည် ချောင်းများ၊ ချုံများကို လွှားခနဲ မြင်းနှင့် ခုန်ကျော်၍ ကုန်းမြင့်ကလေး တစ်ခုပေါ်သို့ ရောက်သောအခါ မိမိ စစ်တပ် အခြေအနေကို မျှော်ကြည့်လိုက်စဉ်တွင် သေနတ်ကျည်ဆန် ထိမှန်၍ ကျဆုံးလေတော့၏။ သို့ရာတွင် ၎င်း၏စစ်တပ်သည် ဗိုလ်ကျသည့်အတွက် စိတ်မပျက်သည့်ပြင် ဒေါမာန်နှင့် ချီတက်လျက်ပင် ရှိကြလေသည်။

ဘိုနပတ်၏စစ်ဗိုလ် ကဲလာမင်သည် စစ်ကူရောက်လာသည်ကို မြင်၍ အားတက်လျက် ရန်သူစစ်တန်းကြီး နှစ်တန်းကို မိမိ၏လူများနှင့် အတင်း ထိုးဖောက်ကာ ဝင်သွား၍ ဒီဆိုင်း၏ တပ်ရှေ့မှ ခုခံလျက်ရှိသော ဩစတေးလီးယန်း စစ်တပ်ကြီးကို နံဘေးမှ ဝင်၍ အတင်း တိုက်ခိုက်လေရာ ရန်သူတပ်ကြီးမှာ ဖရိုဖရဲ ဖြစ်သွား၏။ ကဲလာမင်သည် ရန်သူစစ်တပ်အား တစ်ဖန်ပြန်၍ စီစဉ်ဖို့ အချိန်မပေးဘဲ တရကြမ်းဖိ၍ တိုက်လေရကား ဩစတေးလီးယန် ၅၀၀၀ ရှိသော ခြေလျင်တပ်ကြီးမှာ ကစဉ့်ကရဲ ထွက်ပြေးကြလေတော့သည်။

ဤတွင် အလွန် အင်အားတောင့်တင်းလျက် ရှိသေးသော ဩစတေးလီယန် မြင်းတပ်ကြီးသည် တစ်ဖန်ပြန်၍ ကြိုးစားသေး၏။ သို့ရာတွင် တညီတညာတည်း ပစ်လွှတ်သော သေနတ်ကျည်ဆန်များ၊ အမြောက်ဆန်များနှင့် လှံစွပ်များ၏ ဒဏ်ကို မခံမရပ်နိုင်ကြသည် ဖြစ်၍ ရှေ့သို့ တုံ့ပြန် ချီတက်မည်ပြုရာမှ နောက်သို့ ဆုတ်ကြရလေတော့သည်။

ထိုခဏ၌ ဂျင်နရယ် မျူရက်သည် ကျောက်တိုင်ကဲ့သို့ ရပ်လျက်ခံတိုက်နေသော ရီလင်၏ ၉၀၀ တပ်ကလေးကို ကူညီရန် ကြိုးစား၏။ ၎င်းစစ်တပ်မှ ပစ်လိုက်သော ရှဲလ်ကျည်ဆန်တစ်ခုသည် ဩစတေးလီယန်





စစ်တပ်၏ အလယ်၌ ကျရောက် ပေါက်ကွဲသဖြင့် မီးတောက်ကြီး ထတောက်ကာ ကွက်လပ်ကြီး ဖြစ်သွားလေရာ၊ ရီလင်သည် လက်တစ်ဖက်တွင် ပစ္စတိုသေနတ်ကို ကိုင်လျက်၊ အခြားလက်တွင် ဓားတစ်ချောင်းနှင့် ကွက်လပ်ထဲသို့ အတင်း ဝင်ပြေး၏။ နောက်လိုက် စစ်သားများသည် ရီလင်၏ နောက်မှ အတင်း လိုက်ပြေးကြရာတွင် ဩစတေးလီယန် စစ်တပ်မှ စစ်သားများကို သပ်ရိုက် ခွဲလိုက်သကဲ့သို့ နှစ်ခြမ်းကွဲသွား လေတော့သည်။

ရီလင်သည် ရပ်ဆိုင်းခြင်း မရှိဘဲ ဩစတေးလီယန်တပ်ကြီး အလယ်သို့ အတင်း ဆက်လက်ပြေးဝင်၍ ခဲယမ်းမီးကျောက် တင်ထားသော လှည်းကြီးတစ်စီးထဲသို့ လက်သွင်းပြီးလျှင် ပစ္စတိုသေနတ်မောင်းကို ဖြုတ်ချလိုက်ရာ ကြောက်မက်ဖွယ် ပေါက်ကွဲသော အသံကြီး ပေါ်ထွက်လာလေ၏။ ရီလင်နှင့်တကွ ပတ်ဝန်းကျင်တစ်ဝိုက်၌ ရှိသော ရန်သူများမှာ အခိုးအငွေ့ဖြစ်၍ ပျောက်ကွယ်သွားကြလေကုန်ပြီ။

ထိုအချိန်၌ ရန်သူစစ်တပ်သည် အရပ်ရပ် စစ်မျက်နှာတို့၌ တစ်ပြိုင်တည်း ဆုတ်ခွာ ထွက်ပြေးကုန်ကြပြီ ဖြစ်ရာ စစ်ဗိုလ်များက ရပ်တန့်၍ အစီအစဉ် ပြုလုပ်ဖို့ ကြိုးစားကြပါသော်လည်း ကြောက်အား ကြီးကုန်ပြီဖြစ်၍ မတတ်နိုင်ကြတော့ပေ။

နာရီတစ်ဝက်အတွင်း ပြင်သစ်စစ်တပ်သည် ရှစ်နာရီတိုင်တိုင် တရွေ့ရွေ့ ဆုတ်ခွာခဲ့ကြသော မြေကြီးကို ပြန်လည် သိမ်းပိုက်နိုင်ခဲ့လေပြီ။

စစ်သားများသည် ရှေ့သို့ ဆက်လက်ချီတက်ကြ၍ ထိုနေ့မကုန်မီအတွင်း မြို့နှစ်မြို့ကို ပြန်လည် သိမ်းယူနိုင်ကြသေး၏။ မြို့များအတွင်းလမ်းများပေါ်တွင် တိုက်ပွဲများ ဖြစ်သော်လည်း ဩစတေးလီယန်တို့ ဆုတ်ခွာ ထွက်ပြေးကြရသည်သာ ဖြစ်လေသည်။

ထိုည၌ ဩစတေးလီယန် စစ်တပ်သည် အလီဇန္ဒြီးယားမြို့ အတွင်း၌ စခန်းချ၍ ပြင်သစ်စစ်တပ်သည် မြို့အပြင် တံတားအနီး၌ တပ်စွဲကြလေ၏။ ၎င်းနေ့ နာရီပြန် ၂ ချက် အချိန်၌ နပိုလီယန် ဘိုနပတ်သည် စစ်ရှုံးနိမ့်သဖြင့်

www.burmeseclassic.com



ပြင်သစ်ထီးနန်းကို လက်လျှော့ရတော့မလောက် အခြေသို့ ရောက်ခဲ့ရရာ၊ နေမဝင်မီ အတွင်းတွင် တစ်ဖန် ဆယ်မိပြန်သဖြင့် ဥရောပ တစ်တိုက်လုံးကို ကိုင်၍ လှုပ်နိုင်သော အခြေသို့ ရောက်ခဲ့ပြန်လေပြီ။

ထိုည၌ပင် ဘိုနပတ်သည် မဒမ်မွန်ထရီဘဲလ် ထံသို့ အောက်ပါ စာတစ်စောင်ကို ရေးသားပေးပို့ လိုက်လေသည်။

မဒမ်ခင်ဗျား—

ကျွန်တော့်မှာ အကြီးဆုံးသော စစ်ပွဲကို ယနေ့ အောင်မြင်ရပါသည်။ သို့ရာတွင် ဤကဲ့သို့ အောင်မြင်ရာ၌ ကျွန်တော်၏ နှလုံးသား နှစ်ဖို့ ပြုတ်ကြွေကျသွား ရပါတော့သည်။ တစ်ဖို့မှာ ဒီဆိုင်း ဖြစ်၍ တစ်ဖို့မှာ ရီလင် ဖြစ်ပါသည်။ သို့သော် ရီလင်အတွက် ကြေကွဲဝမ်းနည်းခြင်း မဖြစ်ပါနှင့်တော့။ မဒမ်၏သား ကိုယ်တိုင်က လူ့ပြည်၌ နေလိုသောဆန္ဒ မရှိတော့သည့် အတူတူ အမြတ်ဆုံး၊ ကျက်သရေ အရှိဆုံးသော သေခြင်းဖြင့် သေဆုံးခြင်း ဖြစ်၍ အကောင်းဆုံး ဖြစ်ပါတော့သည်။

ဘိုနပတ်

ကိုယ်ရံတော် ရီလင်၏ ရုပ်အလောင်းကို ကြိုးစား ရှာဖွေကြပါသော်လည်း ရာဇဝင်ပုဂ္ဂိုလ်ကြီး ရှုမှုလတ်စ် နည်းတူ လေဖြစ်၍ ကွယ်ပျောက်သွားခြင်း ဖြစ်သဖြင့် အစအနမျှပင် ရှာမတွေ့ဘဲ ရှိကြလေတော့သည်။

## ဆက်လက်ထုတ်ဝေမည့် စာအုပ်များ


၁။ ပါရဂူ — ထေရကထာ
၂။ ပါရဂူ — မဟာခရီးသည်
၃။ ကျော်အောင် — မြစ်ကမ်းပေါ်က စက်ရုံကလေး
၄။ ကျော်အောင် — ပုဂံမိုး၊ ပုဂံမြေ၊ ပုဂံဘုရားနှင့် ပုဂံသားတွေ
၅။ ကျော်အောင် — အားနက်(စ်)ဟဲမင်းဝေး၏ ပါရီရုပ်ပုံလွှာ
၆။ ကျော်အောင် — အာ(ရ်)၊ ကေ၊ နာရာယန်း၏ ဝတ္ထုတိုများ
၇။ ကျော်အောင် — အာ(ရ်)၊ ကေ၊ နာရာယန်း၏ ရာဇာမည်သော ကျား
၈။ မောင်ထင် — မြို့အုပ်ပုံပြင်
၉။ ခင်မောင်ညို(ဘောဂဗေဒ) — အရှုပ်ထဲက မန်နေဂျာ
၁၀။ ရွှေဥဒေါင်း — သုံးပေါက်ရွှန်းနှင့် အခြားဝတ္ထုတိုများ
၁၁။ ရွှေဥဒေါင်း — မြတ် သက် ဆော်
၁၂။ ရွှေဥဒေါင်း — စွန့်စားသူ
၁၃။ မင်းသုဝဏ် — ဝတ္ထုတိုများ
၁၄။ ဇော်ဂျီ၊ မင်းသုဝဏ် — ခရီးသည်
၁၅။ မြင့်သန်း — ဖရန့်(ဇ)ကာ(ဖ)ကာ၏ ကျေးလက်က ဆရာဝန်နှင့် အခြားဝတ္ထုတိုများ
၁၆။ မြင့်သန်း — ဟော့ဟဲ လီးဝစ် ဘော့(ရ)ဂဲ (Jorge Luis Borges)၏ ဝတ္ထုတိုများ
၁၇။ ဒဂုန်တာရာ — ဒဂုန်တာရာ ကဗျာပေါင်းချုပ်
၁၈။ ဒဂုန်တာရာ — မှုးယစ်ဝေသော နွေဦးညများ
၁၉။ တက်တိုး — ဤတွင်ယခေါ် မိန်းမတို့သည်–
၂၀။ တက်တိုး — ကျွန်တော့်အတွေးအခေါ် မှတ်စုများ
၂၁။ ဇော်ဦး — ဝတ္ထုတိုပေါင်းချုပ်
၂၂။ ကြည်အေး — ကြွေလုနှင်းဆီ ဝတ္ထုတိုစု
၂၃။ ကျော်လှိုင်ဦး — ရေပေါ်က လနှင့် နိဗ္ဗဲဆုရ ဝတ္ထုတိုများ
၂၄။ မောင်ပေါ်ထွန်း — လုပ်ငန်း တိုးတက်အောင်မြင်ရေး သေချာပေါက် ရွှေဈေးပြား
၂၅။ မောင်ပေါ်ထွန်း — မိန်းမတစ်ယောက်၏ဘဝ
၂၆။ ကိုကို — ဟဲမင်းဝေး၏ ခေါင်းလောင်းသံ
၂၇။ နုနု — သံနှင့် သွေး
၂၈။ မောင်ရဲနိုင် — မဟာ ပရဟိတလူသား အဲလ်ဘတ်ရှိုက်ဇာ
၂၉။ မွေဝံ — ဓွမ်းပုံ
၃၀။ မောင်ခင်မင်(ဓနုဖြူ) — နှစ်လေးဆယ် ဘဝမှတ်တိုင်များ
၃၁။ ဦးတင်မောင်ရင် — သိပေါမင်းနှင့် အင်းဝမြို့စား ဒပ်ဖရင်


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

လက်တင်အမေရိကတိုက် ကိုလံဘီယာနိုင်ငံသား ကမ္ဘာ့စာပေဆုရှင်

ဂေဘရီယယ် ဂါစီယာ မားကွက်စ် ၏

# လက်ရွေးစင် ဝတ္ထုတိုများ

## Selected Short Stories

by Gabriel Garcia Marquez

(အိပ်မောကျ မိန်းမလှလေးနှင့် ဝေဟင်ခရီး၊ အိပ်မက် ရောင်းရန် ရှိသည်၊ ကမ္ဘာကြီးထဲက ကိုလူချော၊ တစ္ဆေသင်္ဘော၏ နောက်ဆုံး ခရီးစဉ်၊ သူ့ခေတ် သူ့အခါ၊ လှေကလေးကို လှော်မည်၊ စက္ကူနှင်းဆီ၊ တယ်လီဖုန်း၊ တစ္ဆေများ၊ စနေနေ့ နောက်တစ်နေ့၊ မက်ကွန်ဒိုမှာ မိုးရွာတာကို စောင့်ကြည့်နေတဲ့ အဖွားဘယ်လ်ရဲ့ တစ်ကိုယ်တော် ပြောစကား၊ ဘော်သာစာ၏ အံ့သြဖွယ်ရာ နေ့လယ်ခင်း၊ ခြောက်နာရီမှာ လာတဲ့ အမျိုးသမီး... စသည့် ဝတ္ထုတို ၁၃ ပုဒ်ကို မြသန်းတင့်၊ ကောင်းသာ၊ မောင်သစ်ဆင်း၊ မောင်ရဲခိုင်၊ မောင်သာမညာ ကျော်လှိုင်ဦးနှင့် ညီသစ် တို့ မြန်မာပြန်သည်။)

[ စာမူခွင့်ပြုချက်အမှတ်– ၄၉၂/၂၀၀၁(၅) ]

---

ဆရာဇော်ဂျီ မြန်မာပြန်သည့် "အိဇု အငြိမ့်သမကလေး" ကြောင့် လည်းကောင်း၊

ဆရာနန္ဒသူ မြန်မာပြန်သည့် "နှင်းပွင့်တိုင်းပြည်" ကြောင့် လည်းကောင်း

မြန်မာစာဖတ်သူတို့ အကျွမ်းတဝင် ရှိပြီးဖြစ်သည့်

ကမ္ဘာ့စာပေဆုရ ဂျပန်အမျိုးသားစာရေးဆရာကြီး

ယာဆုနာရီ ကဝဗတ ၏

# ကြိုးကြာတစ်ထောင်

## THOUSAND CRANES

by Yasunari Kawabata

ရဲမြလွင်

ဂျပန်ဘာသာမှ တိုက်ရိုက်ပြန်ဆိုသည်။

(အလွန် လှပဆန်းကြယ်သော ပန်းချီကားလေးများကို တစ်ချပ်ပြီးတစ်ချပ် လှပ်ကြည့်ရ သလို၊ အလွန် အရသာရှိလှသည့် ဟိုက္ကူကဗျာလေးများကို ရွတ်ဆိုနေရသလို... ခံစားရသည့် ဂျပန်ရိုးရာ လက်ဖက်ရည်ပွဲသို့ လာရောက်ကြသော မိန်းကလေးများ၏ အချစ် ဂန္ထဝင်ဝတ္ထု။) [ စာမူခွင့်ပြုချက်အမှတ်– ၇၂၆/၂၀၀၀(၉) ]

www.burmeseclassic.com